# သဘာဝသိပ္ပံနှင့်ဗုဒ္ဓအဘိဓမ္မာ

(ဦးကံချွန်)

ခေတ်သဘောဟောပြ ဗုဒ္ဓအဘိဓမ္မာနည်းနယနှင့်
လက်တွေ့ညွှန်ပြ သဘာဝသိပ္ပံနည်းနယကို
အံဝင်ဂွင်ကျ ဆက်စပ်ပြဆိုအပ်သော

ဆရာဦးကံချွန်၏

# သဘာဝသိပ္ပံနှင့် ဗုဒ္ဓအဘိဓမ္မာ

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ရန်ကုန်

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၄၇၉-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

၁၃၃၉-ခု (သာသနာ ၂၅၂၁) ၁၉၇၇-ခု
H 661—A [ဟံသာဝတီ]

၂၉၄.၃၁၃
ကာ၁.
၁၇၄၈၆.
၈၉.၃/ကာ့.၁၃.

# သဘာဝသိပ္ပံနှင့်ဗုဒ္ဓအဘိဓမ္မာ

ပထမအကြိမ် ပုံနှိပ်ခြင်း

(၁၉၇၇-ခု)

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၉၀၃၆)

အုပ်ရေ ၂၀၀၀

**(ဓမ္မဒါန)**

ထုတ်ဝေသူ ဦးကံချွန်၊ ကင်းလွတ်ခွင့် မှတ်ပုံတင်အမှတ် (၀၃၉၂၂)၊ အောင်သုခဆေးပညာကျောင်း၊ ကျောင်းလမ်း၊ ဥတ္တလစ်ဈေးအနီး၊ ရန်ကုန်မြို့။

စာတည်းစာပြင် ဆရာဦးခင်စိုး၊ ဦးသိန်းဟန်၊ ဦးထွန်းအောင်။

ပုံနှိပ်သူ ဦးဇော်ဝင်း (၀၁၄၀၅) ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ အမှတ် ၃၄၉-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံး (ကာလာမောင်ဝင်းမှာရိုက်သည်။)

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| * | နိဒါန်း | | |
| | ပဏာမပဒ္ဒိသာဉ် | .... | ၁ |
| | မြဲခြင်းဓာတ်နှစ်မျိုး | .... | ၁ |
| | ဥတုနှင့်ဓာတ်ကြီးလေးပါး | .... | ၃ |
| | အပေါ့ဓာတ်နှင့်အလေးဓာတ်အကြောင်း | .... | ၃ |
| | အတိုဓာတ်နှင့်အရှည်ဓာတ် | .... | ၄ |
| | အပိန်ဓာတ်နှင့်အဝဓာတ် | .... | ၄ |
| | ဆူဖြိုးခြင်းအသားတိုးခြင်း | .... | ၄ |
| | အပူဓာတ်အားကြီးသောဒေသနှင့်အအေးဓာတ်အားကြီးသောဒေသ | .... | ၄ |
| | အနိမ့်ဓာတ်နှင့်အမြင့်ဓာတ်အကြောင်း | .... | ၄ |
| | အပုပ်ဓာတ်နှင့်အလင်းဓာတ်အကြောင်း | .... | ၆ |
| | အဖြူဓာတ်နှင့်အမည်းဓာတ်၊ သို့မဟုတ်ရောင်စုံဓာတ်အကြောင်း | .... | ၇ |
| | ရောင်ခြည်တထောင်အလင်းဆောင်သောတနင်္ဂနွေဂြိုဟ်မင်းအကြောင်း | .... | ၉ |
| | သိပ္ပံ၏အဆုံး | .... | ၁၁ |
| | နေမင်း၏အပူရှိန်ကိုသိပ္ပံဆရာတို့အလေးချိန်ပြခြင်း | .... | ၁၃ |
| | ဘယ်အတွက်အလင်းရောင်ပေါ်ထွက်ခဲ့ရပါသနည်း | .... | ၁၅ |
| | အလင်းရောင်သည်အဘယ်အရာမှပေါ်ထွက်လာရပါသနည်း | .... | ၁၇ |
| | အဖြူရောင်၏သတ္တိထူးများ | .... | ၂၁ |
| | အဘယ်အရာကိုပဋ္ဌဘုတ်ခေါ်ပါသနည်း | .... | ၂၆ |
| | ပဋ္ဌဘုတ်သဘာဝအခြေခံအကြောင်း | .... | ၂၇ |
| | မြူမှုန်နှင့်မှုန်ပြောင်း၊မြူမှုန်နှင့်ဝိပဿနာဉာဏ် | .... | ၃၀ |
| | ဥပ္ပါဒသဓ္ဓါနှင့်ဘူတသဒ္ဓါတို့၏ခြားနားချက် | .... | ၃၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အပြုတေဇောနှင့်အဖျက်တေဇောအကြောင်း .... | ၃၆ |
| | အဖျက်တေဇောအကြောင်း .... | ၃၇ |
| | ရေမှမြေဖြစ်ပေါ်လာ၍ ကမ္ဘာဖြစ်ပေါ်လာပုံ .... | ၄၁ |
| | ရေဓာတ်မှမြေဓာတ် အဘယ်ကစ၍ ပေါ်ပေါက်၊ လာခဲ့ပါသနည်း .... | ၄၃ |
| | မြေဓာတ်တိုးပွားလာခဲ့ပုံ အာဂမနှင့် သာဓကကို ပြဆိုခြင်း .... | ၄၆ |
| | မဇ္ဈိမဒေသ၏ နေရာနှင့်ဥပစာ အကျယ်အဝန်းကို စာပေအရ ဖော်ပြခြင်း .... | ၄၇ |
| | မြေတိုးနှုန်းမည်မျှရှိနိုင်ခြင်းနှင့် ဘူမိဗေဒပညာရှင် တမျိုးလိုနေသေးခြင်းအကြောင်း .... | ၄၇ |
| | သဏ္ဌေတည်စ ကြယ် .... | ၄၉ |
| | ကြည့်ခြင်းကြီးငါးပါး .... | ၅၁ |
| | ဗေဒင်ကျမ်းများအရ ဖို-မဓာတ်ခွဲခန်း .... | ၅၂ |
| | ကမ္ဘာပြုမိုးရေဆစဖိုဓာတ်က ရေချိုရေငန်အစ ဖိုဓာတ်က .... | ၅၄ |
| | ဘယ်အတွက်ရေငန်ဓာတ် ပေါ်ပေါက်လာရပါသနည်း .... | ၅၄ |
| | အာပေါသည် ဝါယော၏သင်းချိုင်း ဝါယောသည် အာပေါ်၏သင်းချိုင်းဆိုသောအကြောင်းကိုပြဆိုခြင်း.... | ၅၇ |
| | ရေချိုမှရေငန်၊ ရေငန်မှရေချို ဖြစ်ပေါ်လာပုံ အကြောင်း .... | ၆၀ |
| | မိုးဖြူမစဲ မိုးမဲမရွာဆိုသောအကြောင်း .... | ၆၁ |
| | အအေးဓာတ် အုပ်စိုးထားသည့် မြေဓာတ်နှင့် ရေဓာတ်အကြောင်း .... | ၆၃ |
| | ဝါယောလေဓာတ်၏သဘာဝအမှုန်နှင့် အအေးဓာတ်ဝင် သည့်အခါပြောင်းလွဲမှု ဖြစ်ပေါ်လာရပုံအကြောင်း.... | ၆၅ |
| | အပူဓာတ်နှစ်မျိုးတို့၏ခြားနားချက်အကြောင်း .... | ၆၉ |
| | လေကြောင့်ရေလှိုင်းထလာပုံ .... | ၇၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | လေဓာတ်၏ဆွဲအား .... | ၇၁ |
| | မြေဓာတ်၌ဖို–မစုံသည့်အခါဖြာဘယ်ပုံပေါက်ဖွားမှုပေါ်ခဲ့ရပါသနည်း .... | ၇၁ |
| | နေဓာတ်၌တိုးပွါးခြင်းသဘာဝရှိနိုင်ပါသလော .... | ၇၄ |
| | ဝါယောလေဓာတ်၌ဖို–မစုံလျှင်အဘယ်ပုံပေါက်ဖွားမှုပေါ်ပေါက်ခဲ့ပါသနည်း .... | ၇၇ |
| | ထွက်သက်ဝင်သက်လေ .... | ၈၁ |
| | ထွက်သက်ဝင်သက်နှင့်ဆေးပညာ .... | ၈၃ |
| | ကမ္ဘာမြေထု၏ဥပစာလေနှင့်လဟာပြင်လေတို့၏ခြားနားချက် | ၈၆ |
| | သက်ရှိထွက်လေဝင်လေနှင့် သက်မဲ့ထွက်လေဝင်လေတို့၏ခြားနားချက် အကြောင်း .... | ၉၂ |
| | ဝါယောလေဓာတ်မဖြစ်ခြင်းနှင့်မရှိခြင်းခြားနားချက်များ | ၉၃ |
| | ဖိုဓာတ်မဓာတ်တို့ခြားနားချက်နှင့်ဝါယောဓာတ်၏စွမ်းအင်အကြောင်း .... | ၉၆ |
| | သစ်ပင်၏အငုံနှင့်အပွင့်တို့သဘာဝပွင့်ကြငုံကြပုံအကြောင်း | ၁၀၂ |
| | ပဋိသန္ဓေခန်း၌ဝါယောအစွမ်းပြပုံအကြောင်း .... | ၁၀၃ |
| | ၁၂–ရာသီကွက်၌ရာဟုဂြိုဟ်ကြီး၏အံ့သာနှင့်လိတ္တာကိုကြည့်ရမည့် စနေအကြောင်း .... | ၁၁၄ |
| | ဥတုကြောင့်ခြားနားလာရပုံအကြောင်း .... | ၁၂၀ |
| | အာဟာရကြောင့်ခြားနားလာရပုံအကြောင်း .... | ၁၂၀ |
| | လူ၏အသွေးအရောင်များအကြောင်း .... | ၁၂၂ |
| | သက်ရှိသတ္တဝါတိုင်း၌ရှိအပ်သည့်သဘာဝနှစ်မျိုးအကြောင်း .... | ၁၂၃ |
| | နှစ်ရှည်လများကာလရှည်လျားလာသည့်အခါဥတုနှင့်အာဟာရသတ္တိများ ထင်ရှားလာပုံအကြောင်း .... | ၁၂၅ |
| | စိတ်–ဥတု–အာဟာရတို့နှင့် ကံတရားတို့၏ ဘီလူးစည်းလူ့စည်းခွဲခြားခန်းကိုပြဆိုခြင်းအကြောင်း .... | ၁၂၇ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | သက်မဲ့ဥတုနှင့် ခုတ်လေးပါးတို့တာဝန်ဝတ္တရားကို ဆောင်ရွက်နေကြပုံအကြောင်း | .... | ၁၂၀ |
| | ဗီဇနိယာမအကြောင်းပြဆိုခြင်း | .... | ၁၃၁ |
| | အညမညနှင့် သဟဇာတသဘာဝနှစ်မျိုး | .... | ၁၃၃ |
| | သတ္တလောကတွင်မနုဿဗေဒသည်အထူးခြားဆုံးသော သတ္တဝါတမျိုးဖြစ်သည်ကိုပြဆိုခြင်းအကြောင်း | .... | ၁၄၁ |
| | လူလူချင်း, တိရစ္ဆာန်တိရစ္ဆာန်ချင်း အားပြိုင်၍ အနိုင်ယူကြပုံအကြောင်း | .... | ၁၄၃ |
| | လူနှင့်ရုက္ခဗေဒတို့တူမျှပုံအကြောင်း | .... | ၁၄၄ |
| | ဇီဝသည် ဂရုသော,လဟုလော၊ ဘယ်အရာနည်း | .... | ၁၄၆ |
| | ဇီဝဗေဒစသည့်အမျိုးမျိုးတွင်မိုးထိုးအောင်ထူးချွန်သော မနုဿဗေဒအကြောင်းကိုပြဆိုခြင်း | .... | ၁၅၂ |
| | ဥတု-သိတခုတ်နှစ်မျိုးနှင့် ဓမ္မအကြောင်း | .... | ၁၅၉ |
| | ဥတုနိယာမ | .... | ၁၆၀ |
| | တက်ကပ်နှင့် ဆုတ်ကပ် | .... | ၁၆၂ |
| | နာမ်ခုတ်နှစ်မျိုးပေါ်လာပုံ | .... | ၁၆၄ |
| | စိတ်နှင့် စေတသိက်တို့ပေါ်လာရပုံအကြောင်း | .... | ၁၆၆ |
| | စိတ်နှင့်နာမ်တို့ ခြားနားပုံကိုဖော်ပြခြင်းအကြောင်း | .... | ၁၇၂ |
| | ကမ္မနိယာမအကြောင်း | .... | ၁၈၀ |
| | ရုပ်သဘာဝဗီဇအကြောင်းကိုဖော်ပြခြင်း | .... | ၁၈၂ |
| | ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်ဟိတ်နှစ်မျိုးပေါ်လာစေနိုင်သည့် မနသိကာရ စေတသိက်၏အစွမ်း | .... | ၁၈၆ |
| | ရုပ်မျိုးစေ့နှင့်နာမ်မျိုးစေ့အကြောင်းကို ဖော်ပြခြင်း | .... | ၁၈၈ |
| | ရုပ်မှရုပ်သစ်ဖြစ်၍ နာမ်မှရုပ်သစ်ဖြစ်ပေါ်လာပုံကို ဖော်ပြခြင်းအကြောင်း | .... | ၁၈၉ |
| | ကုသိုလ်ကံအကုသိုလ်ကံအကြောင်းအကျိုးတရား ပေါ်ပေါက်လာပုံကိုပြဆိုခန်း | .... | ၁၈၉ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စိတ်မှရုပ်ဖြစ်ပေါ်လာပုံနှင့် ကံမှရုပ်သစ်ဖြစ်ပေါ်လာပုံကို ပြဆိုခြင်းအကြောင်း .... | ၁၉၀ |
| | ရုပ်ဇီဝနှင့်နာမ်ဇီဝတို့ အကျိုးဆက် ပေါ်ထွက်ပုံ မတူသည်ကိုပြဆိုခြင်း .... | ၁၉၅ |
| | စိတ္တဇရုပ်နှင့် ကမ္မဇရုပ်တို့၏ ခြားနားချက်ကို ဖော်ပြခြင်းအကြောင်း — | ၁၉၇ |
| | ရုပ်မျိုးစေ့ချုပ်ဆုံးပုံနှင့်နာမ်မျိုးစေ့ချုပ်ဆုံးပုံ အကြောင်း .... | ၂၀၀ |
| | ဓမ္မနိယာမ အကြောင်းကိုပြဆိုခြင်း .... | ၂၀၁ |
| | နိဗ္ဗာန်ကို နဂိုဓလေ့အလိုမပြည့်၍ငြီးငွေ့သူများ အကြောင်း .... | ၂၁၀ |
| | နိဗ္ဗာန်အာရုံသတ္တိထူးကိုဖော်ပြခြင်းအကြောင်း .... | ၂၁၃ |
| | နိဗ္ဗာန်အာရုံသည် ဘယ်အတွက်ဆွဲအားပြင်းထန်၍ အားကောင်းမောင်းသန်ဖြစ်နေရပါသနည်း .... | ၂၁၄ |
| | နိဂုံးနှင့်တိုက်တွန်းချက် .... | ၂၁၉ |

# နိဒါန်း

"ပိဋကတ်ကိုနှစ်၍ရှာ၊ ဗေဒင်ကြောင်းနှင့် ပေါင်းလိုက်ပါ- ဟူ၍၎င်း, ပိဋကတ်ကို နှောက်၍ရှာ၊ ဗေဒင်ကြောင်းနှင့်ပေါင်းလိုက်ပါ" ဟူ၍၎င်း လောကီသိပ္ပံဆရာမြတ်တို့ မိန့်ဆိုခဲ့ကြ၏။

လောကီသိပ္ပံဆရာတို့ကား ထွက်ရပ်ဆရာများ ဖြစ်ကြ၏၊ ဘယ်အတွက် သံသရာမှ ထွက်ပေါက်ဖြစ်သည့် ဘုရားဟောဖော် ပါဠိတော်ပိဋကတ်နှင့် ဆက်စပ်ချင်ဘိသနည်း၊ ဘုန်းကြီးနှင့်ဘီးလောက် ကွာလှမ်းနေကြ၏ဟု သဘောပေါက်နေကြမည်သာဖြစ်ပေသည်။

ဤ စကြာဝဠာတွင်ဖြစ်စေ, စကြာဝဠာအနန္တတွင် ဖြစ်စေ လောက ကြောင်း, ဓမ္မကြောင်းနှစ်မျိုးစလုံးသည် သဘာဝလမ်းကြောင်းကြီးတခု၌သာ စုစည်းမိကြမြဲဖြစ်၏၊ သဘာဝနှင့်လမ်းခွဲပြီး ဖဲကြည့်၍မရ၊ သဘာဝ သည် လောကဓမ္မနှစ်ဌာနစလုံးကို ထိန်းထားနိုင်၏၊စင်စစ်လောကဓမ္မသည် သဘာဝမှ မွေးဖွားပေးခဲ့သည့် သားသမီး များသာ ဖြစ်ချေ၏။

သဘာဝမိခင်ကို မတိုင်ပင်ဘဲ လောကကြောင်းကိုပင်ဖြစ်ဖြစ်, ဓမ္မ ကြောင်းကိုပင်ဖြစ်ဖြစ် ဇစ်ဇစ်မြစ်မြစ် တည်တွင်လုပ်ကိုင်၍မဖြစ်၊ သဘာဝ သည် ပေါ်ပေါက်ပြီးခေတ်အဆက်ဆက်နှင့် ပေါ်ပေါက်ဆဲခေတ်, နောင် အဆက်မပြတ် ပေါ်ထွက်လာသတ့်သော အနာဂတ်ခေတ်မျိုးသို့ပင် ရောက်ရောက် စိုးကြောက်၍ ဖောက်ပြန်သွားရိုးမရှိ၊ ပကတိအတိုင်း ငြိမ်သက်လျက်တည်ကြည်လျက်ပင် ဖြစ်၏၊ စာပေသည် သဘာဝမှပင် ပေါ်ထွက်လာရပေသည်။

၁။ သဘာဝသည် စာပေကြောင့် ပေါ်ပေါက်လာရသည်မဟုတ်။

၂။ စာပေ၏အမှား,အမှန်ကို သိလိုလျှင် သဘာဝနှင့် မှတ်ကျောက် တင်ကြည့်ရှုရပါသည်၊ သဘာဝမှန်, မမှန်ကို စာပေနှင့်မှတ် ကျောက်တင်၍ မရနိုင်ပါ။

၃။ စာပေကျမ်းဂန်သည် အာဂမယုတ္တိဖြစ်၏၊ ၎င်းသည် သဘာဝ ယုတ္တိ, သာဓကယုတ္တိတို့မှ ပေါ်ထွက်လာသည့် အကျိုးဆက်သာ ဖြစ်ပေသည်။

၄။ ကမ္ဘာပေါ်ရှိ လူမျိုးမရွေး, တိုင်းပြည်နိုင်ငံမရွေး မမိုက်မသုံ တည်ငြိမ်တည်တည်း ကြေကြေချမ်းချမ်းဖြင့် လက်ခံယုံကြည်နေကြသည်မှာ သဘာဝပင်ဖြစ်၏။

လူလူချင်း အလိမ်ကောင်းလျှင် လိမ်၍ရနိုင်သည်၊သဘာဝကို လိမ်၍မရ သဘာဝသည် မည်သူ့အလိမ်ကိုမျှမခံ၊ သူကိုယ်ဘိုင်လည်း မည်သူ့ကိုမျှ မလိမ်၊ တည်ငြိမ်၏၊ ရဲရင့်၏၊ သူနှင့်သာဆက်ဆံလျှင် ကြေချမ်းခြင်း,နှစ်သက်ခြင်း, သုံသယကင်းကင်းဘဝင်ရှင်းအောင် တခုမကျန် စွမ်းဆောင်နိုင်၏။

ထို့ကြောင့် သဘာဝသည် ပျိုတိုင်းကြိုက်သည့်နှင်းဆီခိုင်ကဲ့သို့ လူသားအဆက်ဆက်တို့ သက်ဆုံးတိုင် မြတ်နိုးရမည့်အရာ, အားကိုးရမည့်အရာ,မြတ်နိုးအားကိုးလောက်သည့်အရာ၌တည်တည်ငြိမ်ငြိမ်လွန်ရှေ့ရရ ရပ်တည်နေနိုင်ခြင်းဖြစ်၏၊ ဤစာအုပ်သည် "သဘာဝသိပ္ပံနှင့်ဗုဒ္ဓအဘိဓမ္မာကျမ်းစာ" ဖြစ်သည့်အလျောက် ဗုဒ္ဓစကားတော်မှန်သမျှ အာဂမအာရ အခိုင်အမာရှိပြီးဖြစ်၏၊ သဘာဝယုတ္တိနှင့် သာဓကယုတ္တိ ရှိပြီးသားဖြစ်နေခဲ့လျှင် ထိုအာဂမမှာ မှတ်ကျောက်အတင်ခံ ယုတ္တိသုံးတန် ပြည့်စုံပြီဟုဆိုရပါမည်။

[ဗုဒ္ဓ၏အာဂမများသည် ဒဿနိကဗေဒမှ ပေါ်ထွက်လာခဲ့သည်မဟုတ်၊ အတွေးအခေါ်စာပေမဟုတ်၊ အငိုသမား, အငေးသမား, အတွေးသမား, အရေးသမားဘဝမှ ရအပ်သည့်စာပေလည်း မဟုတ်။]

ဗုဒ္ဓဘာသာဝင်တို့မှတပါး အခြားအခြားသော အနောက်ဘိုင်းစာပေပညာရှင်တို့၏အမြင်မှာ ဗုဒ္ဓ၏အတွေးအခေါ်ဟုပင် ထင်နေကြသည်ကို ဘာသာပြန်စာပေနှင့် သတင်းစာ, မဂ္ဂဇင်း,ဆောင်းပါးများစွာတွင် မကြာမကြာသုံးနှုန်းထားသည်ကို တွေ့ရ၏။

စင်စစ် ဗုဒ္ဓ၏အဘိဓမ္မာသည် အတွေးအခေါ်မဟုတ်၊ သဘာဝဖြစ်စဉ်ကို မှန်ပြင်၌အရိပ်ထင်နေသကဲ့သို့ ဗုဒ္ဓ၏အသိဉာဏ်,အကြည်ဓာတ်တွင် ပြတ်သားစွာထင်လာသည့် သဘာဝတရားများကို ညွှန်ကြားထားခြင်းဖြစ်၏။

သဘာဝတရားများကို တန်ဘိုးဖြတ်ထားခြင်းမျှသာ ဖြစ်၏၊ ထိုအခါ သဘာဝအဘိဓမ္မာသည် ဗုဒ္ဓအဘိဓမ္မာဖြစ်လာရပေသည်၊ သဘာဝအဘိဓမ္မာတခြား ဗုဒ္ဓအဘိဓမ္မာတခြား မဟုတ်။

ဗုဒ္ဓအဘိဓမ္မာကို သဘာဝမှတ်ကျောက်နှင့် အမှန်ရှာလိုလျှင် ပထမ စကြာဝဠာအနန္တ၌ အဆုံးအဆမရှိသည့် သဘာဝအကြောင်းကို ကောင်းစွာသိထားရပေမည်၊ ဒုတိယ သဘာဝမိခင်မှ မွေးထုတ်ထားခဲ့သည့် ဂြိုဟ်နက္ခတ်တို့ကို အခြေခံထားသော ဗေဒင်ပညာနှင့် ဂြိုဟ်နက္ခတ်မပါ သဘာဝသက်သက်ကိုသာ အခြေခံထားသည့် ဆေးပညာတို့ကို ကောင်းစွာ လေ့လာထားရပါမည်။

ဘယ်အတွက် ဤသို့ဆိုသနည်း၊ ဗုဒ္ဓအဘိဓမ္မာသည် ကျယ်ဝန်းနက်ရှိုင်းလှသော သဘာဝအဘိဓမ္မာကြီးတွင် မဂ်ရကြောင်း, ဖိုလ်ရကြောင်း သံသရာမှ လွတ်မြောက်ကြောင်းဖြစ်မည့် သဘာဝများကိုသာ ကောက်ယူသုံးသပ် ဆုံးဖြတ်ထားသော သဘာဝအစိတ်အပိုင်းများလောက်သာ ရှိသေး၏၊ သဘာဝအားလုံးကို မငုံမိ၊ ကျန်ရှိနေသေးသည့် ရုပ်သဘာဝတို့ကို သိပ္ပံဆရာတို့ကစမ်းသပ်၍ အမြက်တနိုး အားကိုးတခုကဲ့သို့ ထင်မှတ်နေကြ၏။

ဤအကျိုးဆက်များသည် သံသရာမှလွတ်မြောက်ကြောင်း မဟုတ်သည့်ပြင် အကျိုးထက် အပြစ်ကိုသာ မြင်တော်မူသောကြောင့် ဤလုပ်ရပ်များကို "အစိန္တေယျ" ဟုပင် ဘွဲ့တံဆိပ်တပ်ထားခဲ့၏။

အစိန္တေယျဆိုသည်မှာ ကြံလျှင်မဖြစ်ဟုဆိုခြင်း မဟုတ်၊ မကြံသင့်သည်များကို ကြံခြင်းကြောင့် အကျိုးထက်အပြစ်ဖက်ကပိုပြီး အကျိုးနည်းသွားမည်ကို မြင်တော်မူ၍ဖြစ်၏။

စာရေးသူ ဖော်ပြလိုသည်မှာ ဤအရာမဟုတ်သေးပါ၊ ဗုဒ္ဓအဘိဓမ္မာသည် နယ်ကျဉ်း၏၊ ၎င်းကိုဆန်းစစ်လိုလျှင် ၎င်းနှင့်မွေးဘက်ဖြစ်သည့် ဗေဒင်ပညာ, ဆေးပညာတို့ဖြင့် ထောက်လှမ်းစူးစမ်းမှသာ လောက,ဓမ္မ နှစ်ဌာနကိုလုံ၍ သဘာဝပြည့်စုံမည်, သဘာဝဒေါင့်စေ့နိုင်မည်ဟု ဆိုလိုရင်းဖြစ်ပေသည်၊ ဥပမာ—ဗုဒ္ဓအဘိဓမ္မာတွင် သက်မဲ့ရုပ်ဓာတ်တို့ကို အဖို့, အမ ခွဲခြားထားမှုများမရှိ၊ ဗေဒင်ပညာတွင်ရှိနေသည်၊ သက်ရှိသတ္တဝါတို့၌

အသိဉာဏ်တိုးတက်မှုတွင် နာမ်ခန္ဓာအစဉ်တွင် ပြထားသော်လည်း ရုပ်နှင့် ဆိုင်ရာတွင် အဘယ်ရုပ်ကြောင့်ဟု တိတိကျကျထောက်ပြထားခြင်းမရှိ၊ထို့ ကြောင့်"ပိဋကတ်ကို နှောက်၍ရှာ၊ ဗေဒင်ကြောင်းနှင့် ပေါင်းလိုက်ပါ" ဟု မှာထားခြင်းဖြစ်၏။

သဘာဝအကျိုးကို ရှာဖွေလိုလျှင် လောက ဓမ္မ သဘာဝဒေါင့်စေ့ ပါစေဟု ဆိုလိုရင်းအာဘော်ပင် ဖြစ်ပေသည်၊ ဘယ်အတွယ် သဘာဝ ကို ဤမျှအရေးထား၍ ရေးသားနေခဲ့သနည်း။

စာပေအပေါင်း ဝါဒအပေါင်း ထောင်သောင်းမက များပြားလှ သော ဤလောကကြီးတွင် ရှေးကလည်း ၆၂-ပါးသော အတွေးအခေါ် များ ပေါ်ပေါက်ခဲ့ဘူး၏၊ ယခုလည်း ပေါ်ပေါက်ဆဲ၊ နောင်လည်း ပေါ်ပေါက်လာဦးမည်ဖြစ်၏။

ရင်းတို့ကို သဘာဝမိခင်နှင့်တိုင်ပင်၍ မှတ်ကျောက်တင်ရမည်သာဖြစ် ၏၊ သဘာဝမိခင်သည် ကမ္ဘာမဆုံး စကြာဝဠာမဆုံး အားလုံးသော ၃၁-ဘုံနှင့်တကွ အသင်္ခတနယ်အထိ အမြဲအသက်ရှိလျက်ရှိ၏။

ယခုရေးသားမည့် စာအုပ်သည် "သဘာဝသိပ္ပံနှင့် ဗုဒ္ဓအဘိဓမ္မာ" ကျမ်းစာတစ်စောင် ဖြစ်သည့်အလျောက် ဗုဒ္ဓအဘိဓမ္မာကို သဘာဝသိပ္ပံ အရ ဖော်ပြလိုလျှင် ပထမမူလဘူတဖြစ်သည့် ရေသောက်မြစ်မှာ ပရိယတ္တိ ပင်ဖြစ်သည်။

ပရိယတ္တိမခိုင်လျှင် ပဋိပတ္တိနှင့်ပဋိဝေဓမှာ ခိုင်မာတည်တံ့နိုင်ရန် အကြောင်းမရှိ၊ မှတ်ကျောက်နှင့် ငွေမီးမဆောင်ဘဲ အပေါင်အနှံ လာ တိုင်း ငွေထုတ်ပေး နေရမည်ဆိုလျှင် အနှေးနှင့်အမြန် အမှန်မွဲတော့မည် သာ ဖြစ်၏။

ပရိယတ္တိသည် ပဋိပတ္တိထက်အရေးကြီး၏၊ ပရိယတ္တိကိုသာ ပို၍ချနေ သည့် အရှင်ပေါဋ္ဌိလမထေရ်အား အချည်းနှီးပေါဋ္ဌိလဟု ဘုရားရှင်သတိ ပေးစကား ဟောကြားသည်မှာ ပေါဋ္ဌိလမထေရ်ကဲ့သို့ ပစ္ဆိမဘဝိကပုဂ္ဂိုလ် တယောက် မဂ်ပေါက်ဖိုလ်ပေါက် နှောင့်နှေးသွားမည်ကို သတိပေးခြင်း မျှသာဖြစ်၏၊ သာသနာတွင် ပရိယတ္တိသည် ပဋိပတ္တိထက် အသုံးမဝင် အရာမရောက် ရေသောက်မြစ်မကျ၍ မဟုတ်။

နွားထီး၊ နွားမအပေါင်းကိုသာ ထိန်းကျောင်းနေသူတယောက်သည် နွားနို့၏အရသာကို မစားရသကဲ့သို့ ပရိယတ္တိကိုသာ ထိန်းသိမ်းနေ၍ ပဋိပတ္တိကို အားမထုတ်သူတယောက်မှာလည်း ဤနည်းအတိုင်းပင်ဟု ဥပမာတင်သွားသည်ကို အကောက်မမှားမိရန် အလွန်အရေးကြီးပေသည်။

အရသာရှိသော နွားနို့ကောင်းကောင်းကို ကျန်းမာဝဖြိုးသည့်နွားမတို့မှရရှိခဲ့သည့် အဖိုးတန်နွားနို့များကိုသုံးဆောင်နေရသည်မှာ နွားများကို ဝလင်အောင် နေ့စဉ်အစာရှာပေးသည့် အစာပေါသည့်ဘောသို့သာ မောင်း၍ထိန်းကျောင်းသည့် အပျောက်အပျက် အထိအခိုက် အသေမရှိနိုင်ရန် အပင်ပန်းခံ၍ ထိန်းကျောင်းသူရှိ၍သာ သုံးဆောင်နေရသည်ကို သတိပြုသင့်ပေသည်၊ ပရိယတ္တိ အောက်ခြေလွတ်ပြီး ဝါဒီဝါဒမမှန် ယောက်ယက်ဆန်လာသည့်အချိန်တွင် ပရိယတ္တိမှတ်ကျောက်ကို အရောင်မမှိန်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်သာ ဖြစ်ပေသည်။

ပရိယတ္တိသာသနာအားရှိအောင် ပြုစုလုပ်ရမည့်အချိန်ဖြစ်သည့်ပဋိပတ်တို့ကို ပရိယတ်နှင့်မှတ်ကျောက်သင်ယူသကဲ့သို့ ပရိယတ်ကိုလည်း သဘာဝနှင့်မှတ်ကျောက်တင်ရမည်သာ ဖြစ်သည့်ပြင် မည်သည့်စာပေ၊ မည်သည့်ဝါဒကိုမဆို မိမိတို့၏ အလိုအလျောက် သဘောပေါက်၍ မှတ်ကျောက်တင်လိုလျှင် သဘာဝမိခင်နှင့်သာ တိုင်ပင်ရမည်မဟုတ်ပါလော။

အကြောင်းကား ဤသို့တည်း၊ မိရိုးဖလာစာပေ၊ မိရိုးဖလာသဘောထား၊ မိရိုးဖလာချဉ်းကပ်မှုများသည် အမေခံသဘာဝနှင့် ထိပ်ထိုက်ရင်ဆိုင်မိကြသည့်အခါ ရေရှည်သက်လုံကောင်းနိုင်မည်မထင် အမှန်အခက်ကြုံလာမည်ဟုသာ သဘောရခဲ့၏။

ယင်းသို့ဖြစ်လျှင် နှောင်းအဆက်ဆက်လူသားတို့အတွက် အခိုင်အမာတည်ဆောက်ပေးရမည့်အရာသည် နှလုံးသားပင်ဖြစ်ပါသလား၊သို့တည်းမဟုတ် ငွေကြေးအမြောက်အမြား စုဆောင်း၍ ကြီးကျယ်ခိုင်မာသည့် အဆောက်အဦ ထုထယ်ကြီးများပင် ဖြစ်ပါသလား၊ ဤနှစ်ချက်ကို အလေးအနက်စဉ်းစားလိုက၊ သို့မဟုတ် စဉ်းစားလိုသူများ စဉ်းစားကြရမည့်အချိန်သာ ဖြစ်ပေသည်။

( ၁ )　　　　　　　　　နိဒါန်း

မိရိုးဖလာအရ ချဉ်းကပ်မှုအဆင့်မျှသာ ရှိနေသေးသည့် မခိုင်မာသည့် နှလုံးသားတို့မှာ သဘာဝထိပ်တိုက် ဝင်လာသည့်အခါ သိန်းပေါင်းသန်းပေါင်း များစွာစုံဆောင်း၍ အခိုင်အမာ တည်ဆောက်ထားသော်လည်း အနေးနှင့်အမြန် အမှန်ကွယ်ပျောက်သွားနိုင်ပေသည်။

သဘာဝအခြေခံ မှန်ကန်မှုကြောင့် ပေါ်ပေါက်လာရသည့် နှလုံးသားတွေသာ ဖြစ်နေပါမူ မည်သို့သောအကျိုးတရားများ အနာဂတ်မှာတွက် ပေါ်ထွက်လာနိုင်သည်ကို မှန်းဆရန်သာ ရှိပေသည်။

မှန်ကန်သော သာသနာပြုအလုပ်မှာ အဘယ်အရာသာ ဖြစ်သည်ကိုလည်း သဘောပေါက်နိုင်ရန် ဤစာကျမ်းကို ကြိုးပမ်းရခြင်း ဖြစ်ပါသတည်း။

ဦးကံချွန်

# ဖြန့်ချိ-နိဒါန်း

ဤသဘာဝသိပ္ပံနှင့် ဗုဒ္ဓအဘိဓမ္မာ၌ ဥတုနိယာမ, ဗီဇနိယာမ, စိတ္တနိယာမ, ကမ္မနိယာမ, ဓမ္မနိယာမဟူသော နိယာမငါးပါးတို့၏ သဘာဝကျကျအဓိပ္ပာယ်များ ဖြစ်ထွန်းပေါ်ပေါက်လာပုံ များကိုရင်း၊ နိယာမတို့ခြယ်လှယ်ပြုပြင်ခြင်းမှ ကင်းလွတ်ရာ အသင်္ခတဓမ္မ၏ မဟူထူးခြားမှုကိုရင်း သိရှိရန်ခက်ခဲလှသည်။

ကမ္မ, ဥတု, အာယု, ဇီဝိတိန္ဒြေ အသက်-ဝိညာဉ်တို့၏ အနက်, အဓိပ္ပါယ်, သဘောသဘာဝ, ဝေါဟာရများနှင့် ၎င်းပြောင်းမျိုးတို့ ဘယ်နည်း ဘယ်လို ဖြစ်ပေါ်လာကြပုံ အကြောင်းမျိုးစုံတို့ကိုရင်း၊ စိတ်ဖြစ်ပေါ်ပုံ, စေတသိက်ဖြစ်ပေါ်လာပုံ တို့ကိုရင်း ပိဋကတ်ပေါင်း ဆေးကျမ်းတို့ကိုပါ ရောနှောမွှေနှောက်ကာ ၃၀-နှစ်တိုင်တိုင် အာဂမ, သဘာဝ, သာဓကတည်းဟူသော ယုတ္တိသုံးတန်ဖြင့် ဝေဖန်လျက် တွေးတောကြံစည်ရာမှ ရရှိသိရှိရသော သဘောအဓိပ္ပါယ်တို့ကို အကျဉ်းချုပ်ပြီး အများနားလည်နိုင်မည့် အသုံးအနှုန်းတို့ဖြင့် ရေးသားရန်တိုက်တွန်းချက်အရ ရေးသားပေးသည့်ပြင်—

စာအုပ်ပါအကြောင်းအရာတို့ကို သေချာစွာဖတ်ရှုပြီး ယုတ္တိသုံးတန်လက်ကိုင်ထားလျက် ဆွေးနွေးလိုသူ, အခြေအတင်ပြောဆိုမေးမြန်းလိုသူ, မှန်ရာကိုပြုလျက် ပယ်ဖျက်လိုသူတို့အား ဝမ်းမြောက်ဝမ်းသာ ဖိတ်ခေါ်ကြိုဆိုလက်ခံကြောင်းကို စာရေးသူက တာဝန်ခံပြောကြားသဖြင့်လည်း ဤစာအုပ်ဖြစ်အောင် ဆောင်ရွက်နေသော ကျွန်ုပ်သည် မိမိအနေနှင့် မနိုင်တာဝန်ကို ထမ်းဆောင်ကာ အသိဉာဏ်ရှာဖွေလျက် စာပေလိုက်စားသူ လူသားအားလုံးတို့အတွက် ဤစာအုပ်ကို ထုတ်ဝေတင်ဆက်လိုက်ရသည်ကို ဘာမျှမဟုတ်သည့်“ဤမရေမရာဘဝ”အတွက် နှစ်သက်ခြင်းဖြစ်မိပါသည်။

ဦးတိဿ
တာဝန်ခံဖြန့်ချိသူ

# သဘာဝသိပ္ပံနှင့်ဗုဒ္ဓအဘိဓမ္မာ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမ-ပဋိညာဉ်

* ဗုဒ္ဓ-ဘုရားရှင်အား ရှိခိုးပါ၏။
* ဓမ္မ-တရားတော်မြတ်အား ရှိခိုးပါ၏။
* သံဃ-သံဃာတော်မြတ်များအား ရှိခိုးပါ၏။
* မာတာပိတု-အမိအဖနှစ်ပါးတို့အား ရှိခိုးပါ၏။
* အာစရိယ- ပထမ ကလေးဘဝ လေးတန်း ကျောင်းဆရာကြီး ဦးအုံးကိုယ်တိုင် လက်ကို ဆုပ်ကိုင်၍ က-ခ-ဂ-ဃ-င အထိ ရေးပြခဲ့သည့် ပထမဆုံး ကျေးဇူးရှင်ဆရာကြီးနှင့်တကွ မိမိ၏ တသက်တာတွင် သင်ဆရာ, မြင်ဆရာ, ကြားဆရာအပေါင်း တို့အား လက်အုပ်ချီမိုး ရှိခိုးဦးခိုက်ပါ၏။

ထိုသို့ ကာယ, ဝစီ, မနောချီ သုံးလီပဏာမဖြင့် ဦးချပြီး၍ "သဘာဝ သိပ္ပံနှင့်ဗုဒ္ဓအဘိဓမ္မာ"ကျမ်းကို ဆုံးခန်းတိုင် ရေးသားပါတော့အံ့။

## မြဲခြင်းခေတ်နှစ်မျိုး

နိယာမ-မြဲခြင်း၊ နိစ္စ-မြဲခြင်း—ဤနှစ်ခု ခြားနားမှုမှာ နိယာမ သဒ္ဒါ အရ မြဲခြင်းဟူသည် ဥပါဒ်-ဌီ-ဘင် ဖြစ်ခြင်း, ပျက်ခြင်းသဘောရှိနေ လျက်နှင့်မြဲနေခြင်းမျိုးကို ဆိုသည်၊ နိစ္စသဒ္ဒါ-မြဲခြင်းဟူသည်မှာ ဥပါဒ်-ဌီ- ဘင် လုံးဝမရှိတော့ဘဲ မြဲနေခြင်းမျိုးကို ဆိုသည်။

နိယာမ-မြဲပုံမှာ ခိုင်မြဲခြင်းမရှိ ဓာတ်အရှင်ဖြစ်သည်၊ နိစ္စ—မြဲပုံမှာ ခိုင်မြဲခြင်းရှိ၍ ဓာတ်သေဖြစ်သည်၊ ဖြစ်ခြင်း, ပျက်ခြင်း မကင်းပါဘဲနှင့် နိယာမသဒ္ဒါအရ အဘယ်ပုံမြဲနေပါသနည်း။

အမှောင်ထု အတွင်းမှနေ၍ ရဲရဲတောက်နေသည့် အရာဝတ္ထုတခုကို၊ သို့မဟုတ် မီးစတခုကို အဆက်မပြတ်ဝိုင်းနေအောင် ဝေ့ရမ်းထားလျှင် မီးအနိုဝိုင်းကြီး ဖြစ်နေမည်ကို တွေ့ရမည်။

ရှေ့နောက်အစဉ်မပြတ်၍ စက်ဝိုင်းကြီးတခု တည်မြဲဖြစ်ပေါ်နေခြင်း ဖြစ်၏၊ ရုပ်ဝတ္ထုတခု အဖြစ်နှင့်အပျက်, အပျက်နှင့်အဖြစ် ပပြတ်ဒသစပ် ပေါ်ပေါက်လျှင်မြန်မှုကြောင့် မျက်မြင်ရုပ်ဝတ္ထုကြီးမှာ မြဲနေသည်ဟု ထင်နေရခြင်းဖြစ်သည်၊ အဖြစ်နှင့်အပျက် ကြားနှစ်ခုကို တခုစီမမြင်နိုင် လောက်အောင် လျှင်မြန်မှု၏ အစွမ်းသတ္တိပင် ဖြစ်သည်။

[ဘယ်အရာမဆို အစဉ်မပြတ်အောင် စွမ်းဆောင်နိုင်လျှင် မျက်မြင်မှာမြဲနေသည်ဟု ထင်ရပေမည်၊ ဤကား နိယာမမြဲပုံ အကျဉ်းဖြစ်၏။]

နိစ္စ—မြဲပုံမှာ အစဉ်မပြတ် ဆက်စပ်မှု၏ အစွမ်းကြောင့် မြဲနေသည် မဟုတ်၊ နိစ္စသဒ္ဒါအရ နိဗ္ဗာန်နှင့်ပညတ်ကို ကောက်ယူရပါသည်၊ ဤနိဗ္ဗာန် နှင့်ပညတ်သည် မမြဲခြင်းသဘော တရားများ လုံးဝမရှိ ဥပါဒ်-ဌီ-ဘင် မရှိ၊ ထိုနှစ်မျိုးတွင် နိဗ္ဗာန်သည် ဥပါဒ်-ဌီ-ဘင်လည်းမရှိ၊ ပရမတ္ထ အား ဖြင့်လည်း ထင်ရှားရှိနေသည်၊ ပညတ်၌ ဥပါဒ်-ဌီ-ဘင်မရှိသော်လည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ နိဗ္ဗာန်နှင့်ပညတ်မှတပါး လောကဓာတ် တခုလုံးရှိ ရုပ်ဟူသမျှ, နာမ်ဟူသမျှသည် အနိစ္စသာဖြစ်၏၊ ပရမတ္ထအား ဖြင့်ကား ထင်ရှားရှိနေကြ၏၊ ၎င်းတို့မှာ နိစ္စနယ်အတွင်း မဟုတ် နိယာမ နယ်အတွင်း၌သာဖြစ်သည်၊ နိယာမနယ်အတွင်း ထင်ရှား ရှိနေကြသည်။

ရုပ်ဓာတ်,နာမ်ဓာတ်ဟူသမျှကို သေတ္တာချ၍တရားကိုရှာလျှင် ပူမှု,အေးမှု ဤနှစ်ခုကိုသာ တွေ့ရမည်၊ ဤနှစ်ခုကို ဥတုခေါ်သည်၊ ဥတုသည် အလွန်ထင်ရှားသည့် ဒြပ်ကြီးတခုမဟုတ်သေး၊ အရှိန်အစော်မျှလောက်သာ ရှိသေးသည်၊ ၎င်းဥတုသဒ္ဒါ၏အဆင့်မှာ ဤမျှသာရှိသေးသည်။

ဆိုလိုရင်းမှာ–ရေ, မြေ, လေ, မီး ဓာတ်ကြီးလေးပါးသည် ဥတုမဟုတ်၊ ရင်းလေးပါးသည် ဥတုကပေါက်ဖွားလာသည့် သားသမီးများသာ ဖြစ်သည်။

ဥတုသည် ရေ,မြေ,လေ,မီး ဓာတ်ကြီးလေးပါးနှင့်ရင်း၊ နာမ်ဓာတ် စိတ်ဓာတ်ဟူသမျှနှင့်ရင်း ကင်းကွာ၍သီးခြား၍ ရပ်တည်ပြနိုင်သော်လည်း ဓာတ်ကြီးလေးပါးနှင့် နာမ်ဓာတ်စိတ်ဓာတ်များ အထင်အရှား ပေါ် ပေါက်လာသည့်အခါ ဥကုနှင့်ကင်းကွာ၍မရ၊ ဥတုအမြဲရှိနေသည်။ (ဤကား ဓာတ်ကြီးလေးပါးနှင့်ဥတုခြားနားမှုပင်တည်း။)

## ဥတုနှင့်ဓာတ်ကြီးလေးပါး

ပူမှုသည် မီးမဟုတ်သေး၊ မီးဆိုသည်မှာ ထင်ရှားသောရုပ်ဝတ္ထုတခုကို သောင်ကျွမ်းလာသည့် အဆင့်ရောက်မှ မီးဟုခေါ်သည်၊ လောင်စာမပေါ်သေးလျှင် မီးမဖြစ်နိုင်သေး၊ ပူမှုတခုမျှသာ ရှိသေးသည်၊ ပူမှုမှ မီးဓာတ်နှင့်လေဓာတ်ကို ပေါက်ဖွားပေးခဲ့သည်၊ အေးမှုမှ ရေဓာတ်နှင့်မြေဓာတ်ကို ပေါက်ဖွားပေးခဲ့သည်၊ မီးဓာတ်ဖြစ်ပြီးမှ လေဓာတ်ဖြစ်လာရသည်၊ ရေဓာတ်ဖြစ်ပြီးမှ မြေဓာတ်ဖြစ်လာရသည်၊ မီးနှင့်လေသည် အပူမျိုး၊ ရေနှင့်မြေသည် အအေးမျိုးဖြစ်၏။

## အပေါ့ဓာတ်နှင့်အလေးဓာတ်အကြောင်း

မီးနှင့်လေသည် အပေါ့ဓာတ်,ရေနှင့်မြေသည် အလေးဓာတ်ဖြစ်သည်၊ ပါဠိဘာသာအားဖြင့် အပေါ့ဓာတ်သဘောမှန်သမျှကိုလဟုဓာတ်ဟုခေါ်၏၊အလေးဓာတ် သဘောမှန်သမျှကို ဂရုဓာတ်ဟုခေါ်သည်၊ ရုပ်ဓာတ်နှင့် နာမ်ဓာတ်အားလုံး တက်ကြွခြင်း, လှုပ်ရှားခြင်း, ထောင်လွှားခြင်း, ပျံ့သန်းခြင်း, အလေးချိန်ပေါ့ခြင်း, လျင်မြန်ခြင်းသဘောမှန်သမျှ မီးဓာတ်နှင့် လေဓာတ် ဦးစီးထားသောကြောင့်ဖြစ်သည်ဟုသိထားရမည်၊ပါဠိဘာသာအားဖြင့် မီးဓာတ်ကို တေဇောဓာတ်ဟုခေါ်သည်၊ လေဓာတ်ကို ဝါယောဓာတ်ဟုခေါ်သည်။

လေးကန်ခြင်း, အောက်သို့သာ လျှောသက်ခြင်း, အလေးချိန်စီးခြင်း သဘောမှန်သမျှ ရေဓာတ်နှင့်မြေဓာတ် ဦးစီးထားသောကြောင့် ဖြစ်သည်ဟု သိထားရမည်၊ ပါဠိဘာသာအားဖြင့် ရေကို အာပေါဓာတ်ဟု ခေါ်

သည်၊မြေကို ပထဝီဓာတ်ဟုခေါ်သည်၊ လောကဓာတ်တခုလုံး အပေါ့နှင့်အလေး ဖြစ်ပေါ်လာရသည်မှာ ဤဓာတ်ကြီးလေးပါးကြောင့်သာ ဖြစ်သည်ဟု သိထားပါလေ။

## အတိုဓာတ်နှင့်အရှည်ဓာတ်

မီးဓာတ်, လေဓာတ်သည် အတိုဓာတ်၊၎င်းကို ပါဠိဘာသာအားဖြင့် ရဿဟု ခေါ်သည်၊ ရေနှင့်မြေဓာတ်မှာ အရှည်ဓာတ်၊ ၎င်းကို ပါဠိဘာသာအားဖြင့် ဒီဃဟုခေါ်သည်၊လောကဓာတ်တခုလုံး အတိုဓာတ်နှင့်အရှည်ဓာတ် ဖြစ်ပေါ်လာရသည်မှာ ဤဓာတ်ကြီး လေးပါးကြောင့်သာ ပေါ်ပေါက်လာရသည်ဟု သိထားရမည်။

## အပိန်ဓာတ်နှင့်အဝဓာတ်

သက်ရှိ,သက်မဲ့ ရုပ်ဝတ္ထု နှစ်မျိုးစလုံး ပိန်ခြင်း, ချုံးခြင်း, ကွေးကောက်ခြင်း, တွန့်လိမ်ခြင်း, ခြောက်သွေ့ခြင်း မှန်သမျှ မီးဓာတ်နှင့်လေဓာတ် လွန်ကဲနေမှုကြောင့် ဖြစ်သည်။

## ဆူဖြိုးခြင်း၊ အသားတိုးခြင်း

ရုပ်ဝတ္ထုတခု ဖြောင့်မတ်နေခြင်း, သွယ်တန်းနေခြင်း, စိုပြေနေခြင်းတို့မှာ ရေဓာတ်နှင့်မြေဓာတ် လွန်ကဲနေမှုကြောင့် ဖြစ်သည်၊ ဤအခန်းကို အကျယ်မရေးလိုပြီ။

## အပူဓာတ်အားကြီးသောဒေသနှင့်အအေးဓာတ်အားကြီးသောဒေသ

သက်ရှိသတ္တဝါ-လူနှင့် တိရစ္ဆာန်တို့ကို အကဲခပ်လျှင် ရိပ်မိလောက်ပါပြီ။

## အနိမ့်ဓာတ်နှင့်အမြင့်ဓာတ်အကြောင်း

အပူဓာတ်မှ ပေါက်ဖွားလာသည့် မီးဓာတ်,လေဓာတ်တို့ လွန်ကဲသော ရုပ်ဝတ္ထုမှန်သမျှ အနိမ့်ဓာတ်ဖြစ်၍ အအေးဓာတ်မှ ပေါက်ဖွားလာသည့် ရေဓာတ်, မြေဓာတ်လွန်ကဲသော ရုပ်ဝတ္ထုမှန်သမျှ အမြင့်ဓာတ်ဖြစ်သည်၊ ဒီပူကို ပါဠိဘာသာအားဖြင့် ဥဏှဟုခေါ်၏၊အအေးကို သီတဟု ခေါ်သည်၊ လောကဓာတ်တခုလုံး အနိမ့်, အမြင့် အရာဝတ္ထုမျိုးဖြစ်ပေါ်နေရသည်

မှာ အပူအအေး အကြောင်းကြောင့် ပေါ်ပေါက်လာရသည်၊ ဓာတ်ကြီး လေးပါးကြောင့် ဖြစ်ပေါ်လာရသည်ဟု သိယားရပေသည်။

ဟိမဝန္တာ ဆိုသည်မှာ ပါဠိစကားဖြစ်ပေသည်၊ ဟိမ—ဆီးနှင်း၊ ဝန္တ—ပျို့ အန်ထွက်နေသည်၊ဆီးနှင်းအလွန်အမင်း ထူထဲသောတောဟု အဓိပ္ပါယ် ရပေသည်၊အအေးဓာတ် လွန်ကဲနေသောကြောင့် ရေဓာတ်, မြေဓာတ် တို့မှာလည်း အားကြီးနေကြသည်၊ ထို့ကြောင့် ဝေရက်တောင်ကဲ့သို့ အလွန်မြင့်မားသော တောင်ကြီးများမှာ ဟိမဝန္တာ၌သာ ရှိပါသည်။

စိမ့်ကြီး မြိုင်ကြီး သစ်ကြီး ဝါးကြီးများမှာလည်း အေးမြသည့်တော တောင်တို့၌သာ ပေါက်ရောက်နေကြသည်၊ အပြင် ပဟိဒ္ဓလူ့လောကကို လေ့လာလျှင်လည်း နေသွားလမ်းကြောင်းနှင့် နီးကပ်နေသည့်တိုင်းပြည်ရှိ လူသားတို့မှာ ကြူလိုသည်၊ အရပ်နိမ့်သည်၊ အသားညိုသည်၊ အပူဓာတ် မီးဓာတ် လေဓာတ် များနေ၍ဖြစ်ပါသည်။

နေသွားလမ်းကြောင်းနှင့် ဝေးသောတိုင်းပြည်ရှိ လူသားတို့မှာ ထွား ကြိုင်းသည်၊ အရပ်မြင့်သည်၊ အသားဖြူသည်၊ အတွင်းမှ သွေးရောင်လျှမ်း၍ နီကြင်ကြင်ရှိသည်၊ သစ်ပင်တပင်သည် အပူအအေးမျှလျှင် ရှင်သန် ကြီးထွားသည်၊ အလွန်အမင်းပူလျှင် ခြောက်သွေ့၍ သေသည်၊ အပူ လောင်၍ သေခြင်းဖြစ်သည်၊ အအေးများ၍ လောင်းရိပ်မိပြန်လည်း အအေးလောင်၍ ကြူလိုနေမည်ဖြစ်၏။

ကမ္ဘာ့ နေသွား လမ်းကြောင်းနှင့် အလွန်ဝေးပြီး ခြောက်လ ကြာမှ နေကိုမြင်တွေ့ကြရသည့် အက်စကီမိုးလူမျိုးများ ကြူလိုပုကွ သေး ကွေးနေရသည်မှာ အအေးဓာတ် လိုသည်ထက် ပိုလွန်းနေသောကြောင့် ဖြစ်၏၊ ဤနေရာ၌ သဘာဝတရား၏ သိမ်မွေ့နက်နဲသော အရာများကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာအပ်၏။

ရေဓာတ်နှင့် မြေဓာတ်သည် အအေးဓာတ်ဖြစ်၏၊ ၎င်းမှာ ကမ္ဘာ့ မြေဓာတ်မှ ဖြစ်ပေါ်လာသည့် အအေးဓာတ်ဖြစ်ရာ ကမ္ဘာနှင့် နေသွား လမ်းကြောင်း ဝေးကွာ၍ ရာသီဥတုအေးမြခြင်းတို့၏ ခြားနားချက်ကို တကဏ္ဍစီ သုံးသပ်ရပေမည်။

အကြင်တိုင်းပြည်တပြည်သည် နေသွားလမ်းကြောင်းနှင့်နီးကပ် အပူ များသော တိုင်းပြည်တပြည် ဖြစ်နေ၏၊ ထိုပြည်၏ မြေမှာလည်း ပံသု

ပထဝီဓါတ်ကြီးသည့် မြေနုဓာတ်, သိလာပထဝီဓါတ်ကြီးသည့် ကျောက်ဓာတ် နှစ်ပါးစုံ အားနည်း၍နေသည့်မြေမျိုးဖြစ်နေပါက ထိုဒေသရှိလူမျိုးတို့မှာ ပုကွခြင်း, အရပ်အမောင်းနိမ့်ခြင်း, အသားညိုခြင်း, မည်းခြင်းများ ဖြစ်နေမည့်အပြင် မြေဓာတ်ကိုအားပြု၍ ပေါ်ထွက်လာရသည့် သစ်ပင်, ဝါးပင် တို့မှာလည်း မြင့်မားထွားကြိုင်းနိုင်မည် မဟုတ်ပေ။

နေသွား လမ်းနှင့် နီးကပ်၍ အပူများနေသော်လည်း မြေဓာတ်တွင် သိလာ, ပံသု နှစ်ခုပြည့်စုံ အားကောင်းနေပါမူ မြေဓာတ်ကို အားယူ၍ ပေါက်ရောက်လာရသည့် သစ်ပင်, ဝါးပင်တို့မှာ မြင့်မား ထွားကြိုင်း၍ ရှေစသော ဓာတ်ပစ္စည်းများ၊ သို့မဟုတ် ဟန်ဖိုးရှိ၍ အရေးပါ အရာရောက်သော ဓာတ်ပစ္စည်းများ ပေါ်ထွက်သော တိုင်းပြည်များ ဖြစ်ပေမည်။

ပံသုမြေနုထက် သိလာကျောက်ဓာတ်က ပို၍ အေးမြသည်၊ သို့ရာတွင် မြေပေါ်ရှိလူသတ္တဝါတို့ကား နေသွားနီးကပ်မှု အပူဓာတ်ကြောင့် အရပ်နိမ့်သူ, အသားမည်းသူတို့လည်း ရှိနိုင်ပေသည်။

အောက်ခံမြေဓာတ်တွင် သိတဓာတ်နှစ်ပါးပြည့်စုံလျှင် မြင့်မား ထွားကြိုင်းသူတွေလည်း ရှိနိုင်ပေသည်၊ မြေဓာတ်နှင့်ရေဓာတ် နှစ်မျိုးတွင် မြေဓာတ်ကို ရေဓာတ်က လွှမ်းမိုးနေလျှင်လည်း၊ သို့မဟုတ် ရေခဲလွှမ်းဖုံးနေလျှင်လည်း သစ်ပင်, ဝါးပင်တို့ ရှင်သန်မည်လည်း မဟုတ်၊ ပေါက်ရောက်မည်လည်း မဟုတ်၊ ကြီးထွားတိုးတက်ခြင်းနှင့် မြင့်မားခြင်းဟူသမျှတို့မှာ အေးမြသောမြေဓာတ်နှင့် ရေဓာတ်တို့ အပေးအယူမျှ၍ သဟဇာတ ဖြစ်နေမှု ်င် ဖြစ်သည်။

## အပုပ်ဓာတ်နှင့် အသင်းဓာတ်အကြောင်း

အပူအေးအေးနှစ်မျိုးတွင် အပူဓာတ်မှ အပုပ်အစပ် ဖြစ်လာရသည်၊ အေးအေး ဓာတ်မှ အသင်းဓာတ်, အ မွှးဓာတ် ဖြစ်လာရသည်၊ အပူဓာတ် အပုပ်ဓာတ်ကို အေးအေးဓာတ်က ဆန့်ကျင်ဟန့်တားနိုင်ခဲ့သည်၊ လူတို့ သေဆုံးသည့်အခါ ရေခဲတိုက်၌ ကားခြင်း သားငါးများကို ရေခဲရိုက်ခြင်း, အစာအာဟာရများကို ရေခဲသေတ္တာဖြင့် ထည့်သွင်းထားခြင်းတို့မှာ

လှုယ်လှယ်နှင့် မပုပ်မသိုးနိုင်ရန် လုပ်ကိုင်ရခြင်းပင် ဖြစ်သည်၊ အဘယ် အတွက် အပူအပုပ်ကို အအေးဓာတ်က ဟန့်တားနိုင်သနည်း၊ရုပ်ဝတ္ထုတခု ပုပ်သိုးလာလျှင် အပူဓာတ်ကြောင့်ဖြစ်၏၊ အပူပျားလာလျှင် အပူဓာတ်မှ မွေးထုတ်ပေးခဲ့သည့် လေဓာတ်မှာလည်း တပါတည်းရှိလာပြီးဖြစ်သည်၊ အပူဓာတ်ကြောင့် ပုပ်ပြီးသည့်အခါ ၎င်းအပုပ်ဓာတ်တို့အတွင်း၌ ရှိသော လေသည် တွန်းကန်ထုတ်လိုက်၏၊ ဗဟိဒ္ဓအပြင်လေနှင့် ပေါင်းစပ်၍ ပတ်ဝန်းကျင်သို့ ပျံ့နှံ့အောင်သယ်ဆောင်သောကြောင့် အနံ့ထွက်လာ ရသည်။

ထိုသို့ လေဓာတ် သယ်ဆောင်လာသည်ကို ဆွဲငင်ယူလှောင်ထားနိုင်သည်မှာ အအေးဓာတ်ပင်ဖြစ်၏၊ ပျံ့နှံ့ပျံ့တက်နိုင်စွမ်းရှိသည့် လေဓာတ်ကို အအေးဓာတ်ရေဓာတ်က အလေးဓာတ် သဘာဝအတိုင်း ဆန့်ကျင်ထားသောကြောင့် ဖြစ်သည်၊ မီးနှင့် လေသည် အပေါ့ဓာတ်၊ ရေနှင့်မြေသည် အလေးဓာတ်ဖြစ်၍ ဆန့်ကျင်ဖက်ဓာတ် ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်၊ လူသေလျှင် သေသူ၏ အောက်မှ ကျောက်ဖရုံသီး တလုံး, ခြေရင်း၌တလုံး ထားလေ့ရှိကြသည်၊ ကျောက်ဖရုံသီးသည် အအေးစာသက်သက် ဖြစ်သည်၊ သီဘာဓာတ်ဖြစ်သည့်ပြင် လေဓာတ်ကို ဆွဲငင်သည့် အခြားသစ်သီးများထက် အစွမ်းသတ္တိရှိသည်၊ သေသူကို ချုပြီး၍ ၎င်းအသီးကိုခွဲလိုက်သည့်အခါ နံစော်နေ၏၊ ယခုဖော်ပြခဲ့သည် များမှာ အတွင်းက အပူဓာတ်ကြောင့် ပုပ်သိုးပုံကို ဖော်ပြခြင်းသာ ဖြစ်၏။

အပြင်အပူဓာတ်ကြောင့် ပုပ်သိုးပုံများမှာ မိုးတွင်း, ဆောင်းတွင်း အအေးဓာတ်လွှမ်းမိုးနေသည့် ရာသီများ၌ သေဆုံးသူတို့ ရက်ကြာမှအပုပ် နံ့ထွက်သည်၊ နွေရာသီတွင် သေဆုံးသူတို့ အလွန်အပုပ်မြန်သည်၊ ယမင်း ဟင်းများလည်း သိုးလွယ်လှ၏။

## အဖြူဓာတ်နှင့်အမည်းဓာတ်၊ သို့မဟုတ် ရောင်စုံဓာတ်အကြောင်း

အအေးသီတဓာတ်သည် ကြည်လင်ခြင်း, ဖြူစင်ခြင်း သဘာဝသတ္တိထူး ရှိ၍ အပူဥဏှဓာတ်သည် ညစ်နွမ်းခြင်း, မည်းနက်ခြင်းနှင့်အရောင်အဆင်း အမျိုးမျိုးကို ဖြစ်ပေါ်စေသည့် စွမ်းအားသတ္တိအပြည့်ရှိ၏၊ သို့ရာတွင်

နောက်ဆုံးအချိန်တွင် အချို့သော ရောင်စုံအဆင်းများကို ညစ်နွမ်းခြင်း, ညိုမဲခြင်း အဖြစ်သို့ ရောက်စေခဲ့သည်၊ ဤလောကဓာတ်ကြီးတခုလုံး ဖြူဖွေး ကြည်လင်နေသည့် ရုပ်ဝတ္ထုမှုန်သမျှ အအေးဓာတ်ဦးစီးထားသည့် ရေဓာတ်,မြေဓာတ်တို့၏ အစွမ်းသတ္တိကြောင့်ပင်ဖြစ်၏၊ မည်းနက်သောရုပ် ဝတ္ထုများနှင့် ရောင်စုံရုပ်ဝတ္ထုမှုန်သမျှတို့မှာ အပူဓာတ်ဦးစီးထားသည့်မီး ဓာတ်,လေဓာတ်တို့၏ အစွမ်းသတ္တိကြောင့်ပင်ဖြစ်သည်။

စိုပြေခြင်းသည် အအေးဓာတ်, ခြောက်သွေ့ခြင်းသည် အပူဓာတ် ကြောင့် ဖြစ်သည်၊ အပူဓာတ်မှာ ရောင်စုံသတ္တိ ရှိနေသည်ကို သိလိုလျှင် ဖယောင်းတိုင်ကိုမီးထွန်း၍ နှစ်မိနစ်, သုံးမိနစ်ခန့် စိုက်၍ကြည့်ပါ၊ရောင်စုံ စက်ဝိုင်း ပေါ်ထွက်လာသည်ကို တွေ့မြင်ရပါမည်၊ နေလုံးပြူစအချိန်တွင် ဤနည်းအတိုင်းကြည့်က ရောင်စုံစက်ဝိုင်းကို တွေ့ရပါမည်၊ နေမြင့်သည့် အချိန်တွင်မူ မျက်လုံးအပူဒဏ်ကို မခံနိုင်၊ တဖန် ရေကို ဤနည်းအတိုင်း မည်မျှအချိန်ကြာအောင်ကြည့်ကြည့် အဖြူရောင်မှတပါး အခြားအရောင် များကို တွေ့နိုင်မည်မဟုတ်။

တဖန် လကိုကြည့်ပါဦး–လပြည့်ဝန်းနေသည့်အခါ ပိုကောင်းပါသည်၊ အဖြူရောင်မှတပါး တွေ့ရမည်မဟုတ်၊ စာရေးသူငယ်စဉ်က ဆပ်ပြာ မျက် နှာကိုတိုက်ပြီး ရေငုပ်သည်၊ မျက်လုံးကိုဖွင့်ကြည့်လိုက်သည့်အခါ စိမ်းစိမ်း ဝါဝါ ပြာပြာ အရောင်များကို မြင်လိုက်ရသည်မှာ ဆပ်ပြာတွင်ပါသည့် အက်ဆစ်ဓာတ်၏ အစွမ်းကြောင့်ဖြစ်သည်ကို နောင်ကြီးလာမှ စဉ်းစား မိခဲ့၏၊ အက်ဆစ်ဓာတ်သည် သီတဓာတ်မဟုတ်၊ အပူဥဏှ ဒဟနတေဇော ဓာတ်ဖြစ်သည်၊ ကမ္ဘာ့လောကဓာတ်တခုလုံးတွင် အပူဓာတ်သည် တန်ခိုး အကြီးဆုံး ဩဇာအရှိဆုံး အင်အားအကြီးဆုံး အဆန်းကြယ်ဆုံး အရာအ ကျယ်ဆုံး ဓာတ်ကြီးဖြစ်၏။

အအေးဓာတ်သည် {,အပူဓာတ်၏ လက်အောက်ခံသာဖြစ်သည်၊ မီး ဓာတ်မှရေဓာတ် ပေါ်ထွက်နိုင်သော်လည်း ရေဓာတ်မှမီးဓာတ် မည်သည့် အခါမှ မပေါ်ထွက်သာနိုင်ပါ၊ ထင်းပုံဘခုကိုမီးတိုက်လျှင် အခိုးအငွေ့ များမှာ အာပေါရေဓာတ်၏ သတ္တိပင်ဖြစ်၏။

## ရောင်ခြည်တထောင် အလင်းဆောင်သော
## တနင်္ဂနွေဂြိုဟ်မင်း အကြောင်း

ဇေယျတု–အချင်း ယူဇနာ ၅၀၊ လုံးဝန်း ယူဇနာ ၁၅၀၊ အတွင်းကား ရွှေ၊ အပကား ဖလ်အတိပြီးသော ရောင်ခြည်တထောင်ဆောင်သော တနင်္ဂနွေဂြိုဟ်မင်းသည်ဟု အစချီထားသည့် သင်္ကြန်စာများမှာ "သဟဿ သူရိယော" ဟူသော ပါဠိကို ထောက်၍ အပူဓာတ်တနင်္ဂနွေဂြိုဟ်နေမင်း၏ဂုဏ်ကို ချီးကျူးထားခြင်းပင် ဖြစ်သည်။

မျက်မြင် အပူဓာတ်နေမင်းကို လက်ညှိုးထိုးပြထားသည်၊ အင်္ဂဝိဇ္ဇာကျမ်းများတွင်လည်း "ရဝိဒိဗ္ဗာ ဂိကသျာ"ဟု မိန့်ဆိုထားခဲ့ကြသည့်မှာလည်း တနင်္ဂနွေဂြိုဟ်ကိုအထူးကြံပါ၊ တနင်္ဂနွေဂြိုဟ်မှာ တန်ခိုးသတ္တိပေါင်း မြောက်မြားစွာရှိသည်၊ လောကဓာတ် တခုလုံး စကြဝဠာတခုလုံးရှိ ရုပ်ဝတ္ထုတွေနှင့် သမျှ အရောင်အဆင်း အမျိုးမျိုး, တန်ခိုးသတ္တိထူးသော အမျိုးမျိုး ဖြစ်ပေါ်နေရသည်မှာ အပူဓာတ်အရှိန်အဝါရှိသည့် ရောင်ခြည်ဓာတ်အမျိုးမျိုးရှိသည့် တနင်္ဂနွေဂြိုဟ်၏ အစွမ်းသတ္တိများကို သိစေလို၍ဖြစ်သည်။

ကမ္ဘာ့မြေအတွင်းမှ ဖြစ်ပေါ်လာကြသည့် ရုပ်ဝတ္ထု ဓာတ်သတ္တု သယံဇာတ ပစ္စည်းများနှင့် ကမ္ဘာ့မြေပြင်မှ ပေါက်ရောက်လာကြသည့် သစ်ပင်, ဝါးပင်မှန်သမျှတို့၏ သတ္တိထူးများကို ယနေ့အထိ ရှာဖွေနေကြဆဲပင် ဖြစ်သည်၊ နောင်လည်း ရှာကြဦးမည်သာဖြစ်သည်၊ သို့ရာတွင် လောကဓာတ်သိပ္ပံဆရာတို့က မြေမှထွက်သည့် သယံဇာတ ရုပ်ဝတ္ထုများ၌သာ မျက်စေ့ကျ အထူး ရှာဖွေနေကြပေသည်၊ သို့အတွက် "သိပ္ပံအစ တနင်္ဂနွေဂြိုဟ်ကစ"ဟု ရှေးပညာရှိတို့ အဆိုရှိခဲ့ကြသလို ဂြိုဟ်ကြီးရှစ်လုံး အစမှာလည်း တနင်္ဂနွေဂြိုဟ်ကပင် စ၍ ပေါ်ပေါက်လာခဲ့သည်ကို တွေ့မြင်နိုင်ပေသည်။

ဤသည်တို့မှာ မျက်မြင်လွယ်လွယ်နှင့် သိနိုင်ရန်ညွှန်ပြသော စကားမျှသာဖြစ်ပါသည်၊ အမှန်မှာအပူဓာတ် ဥတုတေဇောဓာတ်ကြီးသည် နေမင်းကြီး ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ဤစကြဝဠာ ကမ္ဘာလောကကြီး ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ အပူဥတုတေဇောဓာတ်ကြီးကား နိယာမ

သဘာဝဖြင့် အမြဲရှိနေခဲ့သည်၊ ဉဏ္ဏတေဇောဓာတ်ကြီးမှဘဆင့် ဖြစ်ပေါ်လာရသည့် အအေးသိတတေဇောဓာတ်မှာလည်း အပူဖြစ်ပေါ်လာပါက အအေးလည်း တပါတည်း တွဲလျက်ဖြစ်ပေါ်ရမြဲဖြစ်သည်။

အပူရှိလျှင် အအေးလည်း ရှိလာရသည်၊ အအေးရှိလျှင်လည်း အအေးဓာတ်၏ အခြားမဲ့၌ အပူဓာတ် ကပ်လျက် တွဲလျက် ရှိပြီး ဖြစ်နေသည်၊ အပူရှိက အအေးလည်းရှိ၊ အအေးရှိက အပူလည်းရှိ၊ "အပူသာရှိ၍ အအေးမရှိရ၊ အအေးသာရှိ၍ အပူမရှိရ" ဟူသော တရားမြစ်ချက်ကို နိယာမသဘာဝနယ်က လုံးဝလက်မခံ၊ ခါးခါးသီးသီး ငြင်းဆန်တော်လှန်ထားသည်၊ နှစ်ပါးစုံ ပျောက်ကွယ်သွားသည်ကိုလည်း နိယာမနယ်က ပြတ်ပြတ်သားသား ပယ်ချထားသည်၊ (အပူ-အအေး) နှစ်ပါးစုံမရှိခြင်းကို နိစ္စနယ်ကသာ အတားအဆီးမရှိ အကြွင်းမဲ့လက်ခံထားလေသည်။

ထို့ကြောင့် နိယာမနယ်တွင် ပူမှု, အေးမှု ဥတုရှိသည်၊ နိစ္စနယ်တွင် ပူမှု, အေးမှု ဥတုမရှိ၊ နိယာမနယ်တွင် ပူမှု, အေးမှုခေါ်သည့် သိတတေဇော, ဉဏ္ဏတေဇောရှိသည်၊ သိတတေဇောကား အပြုတေဇော၊ ဉဏ္ဏတေဇောကား အဖျက်တေဇော၊ နိယာမနယ်တွင် အပြုရှိသလို အဖျက်လည်းရှိနေသည်၊ သက်မဲ့ကိုလည်း အပြု, အဖျက်နှစ်မျိုး ဝိုင်းရံထားသည်၊ အရှေးဘိုး ဆေးပညာရှင်တို့ကား "တေဇောမပိုင် ဆေးမကိုင်နှင့်၊ တေဇောမသိ ဆေးမရှိ" ဟု မိန့်ဆိုခဲ့ကြပေ၏၊ "ဖြစ်မှု,ပျက်မှု တေဇောပြု" ဟူ၍လည်း ဆိုခဲ့ကြပေသည်။

နိစ္စနယ်တွင် ပူမှု, အေးမှု နှစ်ခုစလုံး မရှိသည့်အတွက် အဖြစ်သဘော, အပြုသဘောလည်း မရှိ၊ အပျက်သဘော, အဖျက်သဘောလည်းမရှိသဖြင့် ဖြစ်မှု, ပျက်မှု နှစ်ခုစလုံး လွတ်ကင်းနေသည်ဟု သိထားရပါမည်၊ သိပ္ပံပညာဆိုသည်မှာ လက်တွေ့ရုပ်လုံးပေါ်လာအောင် လုပ်ကိုင်သည့် ပညာရပ် ဟူသမျှကိုခေါ်သည်၊ အထူးသဖြင့် နေရောင်ခြည် အပူဓာတ်၏ အစွမ်းသတ္တိထူးများကို ဦးစားပေး၍ ခေါ်ကြသည်။

အချို့သော လောကဓာတ်ဆရာတို့သည် ရုပ်ဝတ္ထုဒြပ်များတွင် ရှိနေကြသည့် သတ္တိများကို ရှာဖွေနေကြရာမှ နေမှတိုက်ရိုက် ပေါ်ထွက်လာသည့် ဝ ခုချင်းရောင်ခြည်တို့၏ အစွမ်းသတ္တိများကိုပါ စူးစမ်းဖမ်းယူလာသည်၊ "သိပ္ပံအစ တနင်္ဂနွေဂြိုဟ်က" အပူဉဏ္ဏတေဇော ဓာတ်က

စလာပုံကို ရိပ်မိလောက်ပါပြီ၊ သိပ္ပံဒဿနကိုဖြင့်သိပြီ၊ သိပ္ပံ၏အဆုံးကား အဘယ်နည်း၊ နိစ္စနယ်–အသင်္ခတနယ်ကား ပေတည်း၊ ရုပ်နာမ် အားလုံး ချုပ်ဆုံးရာနယ်သာဖြစ်၏၊ သိပ္ပံတခု၏အဆုံးကား အဘယ်အရာပါနည်း။

## သိပ္ပံ၏အဆုံး

လောကဓာတ်သိပ္ပံ ဆရာတို့သည် ရုပ်ဝတ္ထုတိုင်း၌ တမျိုးတဖုံစီ ရှိနေကြသည့် အငွမ်းသတ္တိများကို ရှာဖွေကြရာ၌ ရုပ်ဝတ္ထုကို ဓာတ်ခွဲ၍ ရှာကြသည့် ရုပ်အမာခံကြီး တခုကို အသေးစိတ်၍ စစ်ဆေးကြရာ၌ အနုမြူ – ပရမာနုမြူအထိ စိတ်ကာမျှသာမဟုတ်၊ အနုမြူ–ပရမာနုမြူ မျှသော သိမ်မွေ့သည့်အမာခံ ရုပ်သေး ရုပ်မွှားကလေးများကိုပင် ထပ်ကာ ထပ်ကာစိတ်၍ စူးစမ်းရှာဖွေကြသည်ဟု အဆိုရှိခဲ့လေသည်၊ ၎င်း ပရမာနုမြူမျှလောက်အမာခံရုပ်ကလေးကို စွမ်းနိုင်လျှင်ပင် အစိတ်တသန်း စိတ်ပြီး ၎င်းမှ တစိတ်ကိုယူ၍ အစိတ်ပေါင်းတသန်း ထပ်၍ စိတ်ပါ၊ ၎င်းတခုမှ တစိတ်ယူ၍ အစိတ်တသန်း ထပ်၍စိတ်ပါ၊ ဖြစ်နိုင်သေးလျှင် ၎င်းကဲ့သို့စိတ်ပြီး တသန်းမှ တစိတ်ကိုယူ၍ အစိတ်တသန်း–တသန်း–တသန်း–တသန်း–တသန်း ထပ်၍ စိတ်သွားလျှင် နောက်ဆုံး၌ ပညာသည် သိပ္ပံကရိယာပစ္စည်းမျိုး တခုနှင့်မျှကြည့်၍ မမြင်နိုင် မဖြစ်နိုင်၊ မြင်နိုင်စွမ်းလည်း မရှိတော့။

အလွန်အလွန် သိမ်မွေ့သည့် အမာခံ ရုပ်ကလေးတွင် မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါး ရှိမြဲပင်၊ အပူဓာတ်၏အစွမ်းသတ္တိ, နေရောင်ခြည်၏ အစွမ်းသတ္တိမှာလည်း ရှိမြဲပင်။

သိပ္ပံကိရိယာဖြင့်လည်း မမြင်နိုင်၊ အသိဉာဏ်ဖြင့်လည်း မမြင်နိုင်၊ နောက်ဆုံး အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်ဖြင့်သာမြင်နိုင်စွမ်းတော့သည့် အမာခံရုပ်ကလေးမှာ မြေဓာတ်၏သဘာဝ, ရေဓာတ်၏သဘာဝ, မီးဓာတ်၏ သဘာဝ, လေဓာတ်၏သဘာဝများ ရှိပင်ရှိနေသော်လည်း, နေရောင်ခြည်၏အစွမ်းသတ္တိများ ရှိပင်ရှိနေလျက်လည်း သာမန်ပုထုဇဉ်လူသားတို့ ကျေချမ်းလောက်အောင် ဓာတ်ကြီးလေးပါးတို့၏ သဘာဝသတ္တိအရှိကို အရှိအတိုင်း, နေရောင်ခြည်၏ အစွမ်းသတ္တိအရှိကိုလည်း အရှိအတိုင်း ပီပြင်အောင် မစွမ်းဆောင်နိုင်မပြနိုင်။

သိပ္ပံဆရာတို့ကလည်း ၎င်းအမာခံ ရုပ်သေးရုပ်မွှားလေးနှင့် အံဝင်ခွင်ကျဖြစ်လာကြသည့် ကရိယာတခုကိုလည်း မြင်နိုင်စွမ်းရှိအောင် မတီထွင်နိုင်၊ ဤအဆင့်သို့ရောက်သည်အထိ အသေးစိတ်သိမ်မွေ့နူးညံ့သာသည့်အခါ ဤအမာခံရုပ်ကလေးပေါင်း များစွာတို့မှာ အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်တွင်သာ မျက်စိတမှိတ်လျှပ်တပြက်အတွင်း ကုဋေနှင့်ချီ၍ ဖြစ်ချုပ်နေကြသည်ကို မြင်ကြရပေမည်။

၎င်းအမာခံရုပ်ကလေးများစွာတို့တွင် တခုစီတခုစီ၌ မြေသတ္တိ၊ရေသတ္တိ၊ မီးသတ္တိ၊ လေသတ္တိ၊ နေရောင်ခြည်သတ္တိကလေးများကိုလည်း ထိုအရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်၌ မြင်လာသိလာကြပေသည်၊ လူသာမန်တို့၏ ပကတိမျက်စိနှင့် လေ့ကခေတ် သိပ္ပံဆရာတို့၏ အမြင်တွင်ကား ခေတ်ကြီးလေးပါးတို့၏သတ္တိ၊ နေရောင်ခြည်သတ္တိများကို မြင်နိုင်သည့်အဆင့် မရှိစေကာမူ ထိုအမာခံရုပ်ကလေးပေါင်း များစွာတို့၌ ရှိနေကြသည့် ပူမှု၏ သိမ်မွေ့သည့်အရှိန်အဝါ၊ အေးမှု၏ အရှိန်အဝါ ကလေးများကိုကား မိမိတို့၏သိပ္ပံကိရိယာမှာ အမှတ်မထင် တွေ့မြင်လာကြပေမည်။

ပူမှုနှင့်အေးမှုသာ နောက်ဆုံးရှိချေ၏တကား၊ ဤသဘာဝနှစ်ပါး၏ ရှေ့နားကို တိုး၍ဆက်ကြိုးစားသော်လည်း မဖြစ်နိုင်တော့ပါတကား၊ ပူမှု၊ အေးမှု ဤနှစ်ခုအပေါ် ခြေတဖက်စီချပ်၍ ဆန်းကြယ်သည့်သိပ္ပံကရိယာကို ခိုင်မြဲစွာဆုပ်ကိုင်ထားသည့် မိမိတို့၏ နှစ်ဖက်သောလက်တို့မှာလည်း ငြိမ်သက်သွားကြရတို့သာ ရှိပါတော့သတည်း။

[သိပ္ပံ၏အစသည် အပူဥတုဖြစ်၍ သိပ္ပံ၏အဆုံးကား ပူမှု၊အေးမှု ဤနှစ်ခု၌သာ အဆုံးသတ်ရမည်သာ မဟုတ်ပါလော။]

ဤသိပ္ပံပညာ၏ အဆုံးကို ပို၍နားရှင်းလိုသေးလျှင် ပြဆိုခဲ့ပြီးသည့် ဥတု၏ အဓိပ္ပါယ်ကိုပင် ထပ်၍လေ့လာသင့်ပါသည်၊ ကျေညက်သည်အထိ နှလုံးသွင်းသင့်ပါသည်၊ ဥတုဆိုသည်မှာ ပူမှု၊ အေးမှုမျှသာဖြစ်သည့် အမျိုးအစားခံအဆင့်ကလေးမျှသာ ရှိနေသေးသည့် အဆင့်ကိုဆိုသည်၊ ၎င်း ဥတုကို လောကခေတ်သိပ္ပံဆရာတို့ ခေတ်ခွဲ၍မရ၊ ပူကာမျှ အေးကာမျှ အဆင့်သာရှိသေးသည်။

၎င်း ပူမှု၊အေးမှုသည် မီးခေတ်၊လေခေတ်၊ရေခေတ်၊ မြေခေတ်တို့ ရှိနေကြသော်လည်း ပေါ်ပြင်မကင်ရှား အလွန်သိမ်မွေ့သောအဆင့်တွင်သာ

ရှိနေသေးသည်၊ အအေးဓာတ်မှစတင်စိုက်လာခြင်း, လေးဟွဲ့လာခြင်း, သီး နှင်းဖြစ်လာခြင်း, ရေဓာတ်အဆင့်သို့ ရောက်လာရသည်၊ ရေဓာတ်မှမြေ ဓာတ်အဖြစ်သို့ ရောက်လာရသည်၊ အအေးဥတုဘဝမှ အစပျိုးလာရသည့် အအေးဓာတ်မှာ ရင့်ကျက်လာပြီဖြစ်၍ ထင်ရှားသော ရေဓာတ်, မြေ ဓာတ် အစိုင်အခဲဖြစ်လာကြပြီး ပူမှုဓာတ်ဥတုဘဝမှကဆင့် ရင့်ကျက်လာ သည့်အခါ ထင်ရှားသောအပူဓာတ်, လေဓာတ်အဖြစ်သို့ ပြောင်းလဲလာ ကြရ၏၊ဘုတ်ကြီးလေးပါး ဓာတ်ကြီးလေးပါးစုံ၍ ဒြပ်ဂုဏ်ထင်ရှားလာ သည်။

ရုပ်ဝတ္ထုကြီးကို လောကဓာတ်သိပ္ပံဆရာတို့ ဝတ်ခွဲကြပြန်သောအခါ အနုမြူ, ပရမာနုမြူမှ သန်းပေါင်းအလယ်ထပ် စိတ်ကြပြန်သည့်အခါ ထို ရုပ်ကလာပ်, ရုပ်မှုန့်, ရုပ်မွှားလေးများမှာ ပူကာလျှ,အေးကာလျှ ဥတုဘဝ သို့ ပြန်ရောက်သွားရခြင်းကို ဆိုလိုရင်းဖြစ်ပါသည်။

## နေမင်း၏အပူရှိန်ကိုသိပ္ပံဆရာတို့ အလေးချိန်ပြခြင်း

မီးဓာတ်,လေဓာတ်မှာ အပေါ့ဓာတ်ဖြစ်၍ ရေဓာတ်နှင့်မြေဓာတ်မှာ အလေးဓာတ်ဖြစ်ကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်သည်၊ မီးနှင့်လေကို အလေး ချိန်အားဖြင့် အပေါ့ဆိုသည့်မှာ ရေဓာတ်, မြေဓာတ်လောက်မလေး၍ အပေါ့ဓာတ်ဟုဆိုခြင်းဖြစ်သည်၊ စင်စစ် မီးနှင့်လေမှာ အချိန်မစီး၍ မဟုတ်၊ သူနှင့်တန်သည့် အလေးချိန်ကား ရှိနေသည်၊ ယနေ့ဖွားကာစ ကလေးတဦး၏အပေါ်၌ နေမင်းမှအပူဓာတ် မဲတော်တဆမိ၍ သေဆုံး သွားသည်ဟူ၍ကား ကမ္ဘာပေါ်တွင် မကြားမိ၊ ရှိလည်းမရှိကောင်းပေ၊ အပူဓာတ်တွေ့ထိမှုအပူမိမှုကြောင့် အပူဝင်မှုကြောင့်ရောဂါရခြင်း,သေဆုံး ခြင်းမျိုးကား ရှေးကလည်း ရှိသည်၊ ယခုလည်းရှိသည်၊နောင်လည်း သေ ဆုံးဦးမည်သာဖြစ်သည်။

သို့ရာတွင် အပူဓာတ်၏ အလေးချိန်ဖိအားကိုကား သက်ရှိသက်မဲ့တို့ ၏အပေါ်တွင် အမြဲတစေကျရောက်နေသည်မှာ သတိသာမိသူတိုင်း ရိပ် မိကြသည်၊ အပူဓာတ်၏အလေးချိန်မှာ စာဖွဲ့လောက်အောင် အချိန်မစီး ခဲ့၊လေမှာလည်း အပေါ့ဓာတ်တပါးဖြစ်သည်၊ လျှင်မြန်သည့် ရှိန်ပြင်း သည်။

တနာရီလျှင် မိုင် ၁၅၀-နှုန်း၊ ၂၀၀-နှုန်း တိုက်ခတ်နိုင်သည်၊ ထို ထက်လျင်မြန်အောင်လည်း တိုက်ခတ်နိုင်သည်၊ အိန္ဒိယပြည် ဩရိသာပြည် နယ်ကို တိုက်ခတ်သွားသောလေ၊ ရခိုင်ကမ်းရိုးတန်း မြို့ရွာများကို တိုက် ခတ်သွားသောလေတို့မှာ မည်မျှဆိုးဝါးလှသည်ကို တိုင်းသိပြည်သိဖြစ်၍ ဖော်ပြစရာမလိုပေ။

ဤလေ တိုလေ အကြောင်းလေသည် ယခုခေတ်မှ ဆိုးလာသည်မဟုတ်၊ လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀-ခန့် ဗုဒ္ဓဘုရား သက်တော်ထင်ရှားရှိတော် မူစဉ် သာဝတ္ထိပြည်ကြီးကို ဝင်မွှေသွားသည့်လေမှာ ဤဘဒ္ဒ အာသဝေါ ကုန်ခန်း၍ ရဟန္တာမ အဖြစ်သို့ ရောက်ရတော့မည့် ပစ္ဆိမဘဝိကအစစ် ဖြစ်ကြီးဖြစ်နေသည့် ပဋာစာရီလို အမျိုးသမီးတဦးကိုပင် အရူးမကြီး ဘဝသို့ အရောက်ပို့ခဲ့သည်မှာ လေပင်ဖြစ်၏၊ ပဋာစာရီ၏ သားနှစ် ယောက်တွင် တယောက်က စွန်ချီသည်၊ တယောက်ကား ရေနစ်သည်၊ လေဓာတ်၏ အလေးချိန်ပိ၍မဟုတ်၊ သာဝတ္ထိပြည်ရှိ မိဘနှစ်ပါးနှင့် မောင် ဘွားကလေးတို့ မရှုမလှသေဆုံးကြရသည်မှာ လေဓာတ်ပိ၍မဟုတ်၊ တိုက် ပိ၍သာသေကြရရှာသည်။

လေဓာတ်သည် ပင့်မြှောက်, ကော်တင်, မွှေ့ရမ်းခြင်း သဘာဝရှိသည်၊ အပိဓာတ် ဒ-ဖိဓာတ်မဟုတ်၊ သူ့အပေါ် အအေးဓာတ် စီးမိသွားသည့် အခါ အပင့်သဘောမှ အပိသဘောသို့ ခေတ္တပြောင်းလွှဲသွားရသော်လည်း သူ့အချိန်စီးသည့် အလေးချိန်မရှိ၊ သို့ရာတွင် အချိန်မစီးသည့် အလေး ချိန်ကား ရှိနေသည်၊ ရုပ်ဝတ္ထုမှန်သမျှ အမာခံရုပ် အမြဲရှိနေသည်။

မီးဓာတ်, လေဓာတ်တို့မှ ပည်း အမာခံရုပ်ကိုသာ အမှီပြု၍ နေကြရသည်၊ သို့ရာတွင် သူတို့မှီနေကြသည့် အမာခံရုပ်မှာ အလွန် သေး ငယ်သိမ်မွေ့နေသောကြောင့် ရုပ်ပေါ့ဘာရုံးထဲသို့ သွင်းထားခဲ့သည်။

ချိန်ခွင်တခုတွင်ပစ္စည်း နှစ်ခုကို တဖက်စီတင်လိုက်လျှင်များသည့်ဘက်က အလေးချိန်စီးနေရမည်သာ ဖြစ်၏၊ တဖက်တွင် ပေါ့နေရသည်မှာ အလေး ချိန်မရှိ၍မဟုတ်၊ သူ့၌လည်း အလေးချိန်ရှိနေသည်။

ဟုတ်,မဟုတ်သိလိုလျှင် များနေသည့်ဘက်က ပစ္စည်းများကို အားလုံး လျှော့ချလိုက်လျှင် လျှော့ချသည့်ဘက်က ထောင်တက် သွားသည်ကို တွေ့ရမည်၊ ထိုသို့ဖြစ်ရသည်မှာ ပေါ့သည့်ဘက်ကလည်း အလေးချိန်ရှိနေ

၍ဖြစ်၏၊ မီးနှင့်လေသည် မည်မျှလောက်ပေါ့ပါး၍ လျင်မြန်နေသည်ကို လူတိုင်းသိရှိပြီး ဖြစ်ကြသော်လည်း ၎င်းတို့ထက်အဆပေါင်း ထောင်သောင်းမက လျင်မြန်ပေါ့ပါးလှသည့် ရုပ်တခုရှိသေးသည်၊ ထိုအရာကား တခြားမဟုတ် အပူဓာတ်မှပေါ်ပေါက်လာရသည့် အလင်းရောင်ဓာတ်ပင် ဖြစ်သည်။

အလင်းရောင် မည်ရွေ့မည်မျှပေါ့ပါး၍ မည်မျှလောက် လျင်မြန်ပါသနည်း၊ နံနက်အာရုဏ်တက်၍ ကမ္ဘာမြေပြင်သို့ နေလုံးပေါ်ပေါင်းပြူ၍ မေးတင်လိုက်သည်နှင့်တပြိုင်နက်အလင်းရောင်သည် မိမိနှင့်တပြေးညီရှိနေသည့် ကမ္ဘာမြေပြင်သို့ တမဟုတ်ချင်း တစက္ကန့်၊ နှစ်စက္ကန့်အတွင်း ချင်းနင်းထိုးဖောက်၍ အရောက်သွားခဲ့သည်၊ စကြာဝဠာ မြေပြင်အနှံ့ အလင်းရောင် လွှမ်းခြုံသွားလေပြီ၊ ဤမျှပေါ့ပါးလျင်မြန်သည့် အလင်းရောင် အရှိန်အခါတွင်လည်း အလွန်သိမ်မွေ့သည့်အမာခံရုပ်ဓာတ်ကားရှိနေသည်၊ ပေါ့ပါးသည့်အလင်းရောင် အရှိန်အဝါသည် ၎င်းအမာခံရုပ်ကလေးများကိုသာ အမှီပြုနေရပေသည်၊ ဤမျှသိမ်မွေ့၍ မပိပြင်လှသေးသည့် အမာခံရုပ်ကလေးများ၌လည်း သူနှင့်တန်သည့် အလေးချိန်ကား ရှိနေ၏၊ထို့ကြောင့် သိပ္ပံဆရာတို့ နေပူရှိန်ကို အလေးချိန်ရှာ၍ တွေ့ရှိကြခြင်းဖြစ်သည်။

## ဘယ်အတွက်အလင်းရောင်ပေါ်ထွက်ခဲ့ရပါသနည်း

အပူဓာတ်သည် မီးမဟုတ်၊ မီးအဲဖြစ်သို့ရောက်ရှိလာသည့်အခါ အပူဓာတ်လည်းဟုတ်သည်၊ မီးဓာတ်လည်း ဟုတ်သည်၊အပူဓာတ်သည် လောင်စာတခုကိုရမှသာ မီးအဖြစ်သို့ ကူးပြောင်းလာခဲ့သည်၊ အပူသည် ဥတုမျှသာဖြစ်၍ ထင်ရှားသော ဘုံကြီးဓာတ်ကြီး အဖြစ်သို့မရောက်သေး။

အပြင်ဗဟိဒ္ဓ လောင်စာတခုကို ရသည့်အခါ၌ဖြစ်စေ, ပူမှုအတွင်းမှ ရင့်ကျက်သည့်အမာခံရုပ်တခုကို ရသည့်အခါမျိုး၌ဖြစ်စေ လောင်စာကို ရပြီဖြစ်၍ ၎င်းကိုစွဲလောင်ရာမှ မီးဖြစ်ပေါ်လာခဲ့သည်။

ဥပမာ–ဝါးအခြောက်နှစ်ခုကို ပွတ်တိုက်၍ ပေါ်ထွက်လာရသည့်မီးမှာ ပူမှု၏ တည်ရာ မှီရာ၊ ဝါ-ဥတုခေါ်သည့် အပူဓာတ်၏မှီရာ ဝါးခြောက်ဒြပ်လောင်စာ ရှိပြီးဖြစ်နေ၍ လောင်ကျွမ်း၍ မီးဖြစ်လာရခြင်းမျိုး

မှာ ပူမှုအတွင်းမှ ရင့်ကျက်သည့်အမာခံဖြစ်သည့် ရုပ်ဝတ္ထု လောင်စာ တခုကို ရသောကြောင့်ဖြစ်သည်။

နေပူပြင်းလွန်း၍ ခြောက်သွေ့လာရသည့် သစ်ရွက်, ဝါးရွက်တို့ လောင်ကျွမ်းပြီးမီးဖြစ်လာရသည်မှာ နေမင်းမှအပူဓာတ်သည် ခြောက်သွေ့နေသော တောအတွင်းမှ သစ်ရွက်ခြောက် လောင်စာများကိုရ၍ မီးဖြစ်သွားရပေသည်၊ ဝါးကိုဝါးချင်း, သစ်ကိုသစ်ချင်း ပွတ်တိုက်၍မီး ဖြစ်ပေါ်လာရာ၌ ရုပ်ဝတ္ထုနှစ်ခုစလုံးသည် အညမည-သဟဇာတ နှစ်မျိုး စလုံးညီမျှ၍ ဖြစ်ကြသော်လည်း လိပ်သဲကျောက်နှင့်သံမဏိအတုံးနှစ်ခုကို အတင်းရိုက်ခတ်ပွတ်တိုက်ရာ၌ မီးပေါ်ပေါက်လာရသည်မှာ သစ်ဝါးချင်း တိုက်ခတ်၍ မီးပေါ်လာပုံမျိုးနှင့်မတူဘဲခြားနားချက်ရှိလေသည်ကို သတိ ပြုရပေမည်။

ဆိုလိုရင်းမှာ-လိပ်သဲကျောက်သည် အအေးဓာတ်သိတ, သံမဏိတုံး သည်အအေးဓာတ်-သိတ၊နှစ်မျိုးစလုံ အအေးဓာတ်ဖြစ်နေပါလျက် ဘယ် အတွက်မီးထွက်လာရပါသနည်း၊ မာကျောသော အမာခံရုပ်ဒြဗ်ကြီးချင်း အပြင်းအတန်ရိုက်ခတ်မိ၍ဖြစ်သည်၊ သို့ရာတွင် အအေးဓာတ်ကြီးများဖြစ် ၍ လောင်စ မဟုတ်သော ကြောင့် လောင်စာအဖြစ် ရုက္ခဗေဒပစ္စည်းဖြစ် သည့် ဝါဂွမ်း,မှို့လောင်စာတခုခုကို ခံပ်ထားပြီးမှ ရိုက်ခတ်ရသည်၊သို့ မှသာ ထွက်လာသည်နှင့်တပြိုင်နက် လောင်စာသို့ကူးသွားမည်၊ လောင် စာမရှိက ရုတ်ခြည်းငြိမ်းသွားတော့၏၊ လောင်စာရှိမှ မီးပေါ်သည်၊ ရုက္ခဗေဒမှသာ လောင်စာကိုရနိုင်သည်၊ ဓာတုဗေဒ, ဘူမိဗေဒများမှ လောင်စာမပေါ်နိုင်။

ရေနံမှမီးထလောင်ခြင်းမျိုးမှာ အာပေါဓာတ်နှင့် ပထဝီမြေဓာတ် နှစ်ခု ပေါင်းရာ၌ အပူဥတုဒဟ ဟဇ ဓာတ် ဝင်နေသောကြောင့် ဖြစ်သည်၊ မီးဓာတ်ပေါ်ပေါက်ရခြင်း မှန်သမျှ အပူဓာတ် ကြောင့်သာ ဖြစ်သည်ကို သဘာဝအသိဖြင့် အမှန်အတိုင်း သဘောပေါက်ထား ရန် သာဖြစ်၏၊ လိပ်သဲကျောက်နှင့် သံမဏိမှာ ဘူမိဗေဒသက်သက်ဖြစ်သည်၊ အအေးဓာတ် သက်သက်ဖြစ်သည်၊ သို့ဖြစ်လျက် ဘယ်အတွက် မီးဓာတ် ပေါ်လာရသနည်း။

ထိုဓာတ်နှစ်မျိုးတို့ ဥဏှောဇောအပူဓာတ် အုပ်စိုးနေ၍လော၊ မဟုတ် ပါ၊ ရိုက်ခတ်ခြင်း၏ ပြင်းပြသောအရှိန်၌ အပူဓာတ်ပါသည်၊ အေး

သည် ဖြစ်စေ, ပူသည်ဖြစ်စေ အလွန်မာကျောသည့် အရာဝတ္ထုပေါ်သို့ မာကျောသည့် အရာဝတ္ထုတခု၊ သို့မဟုတ် အရှိန်ပြင်းသည့် အမာခံတခု ကျရောက်ခဲ့လျှင်၊ သို့မဟုတ် အကြိမ်များစွာ ရိုက်ခတ်မိလျှင်ပူလာသည့် ဥဏှတေဇောဝင်လာမြဲဖြစ်သည်။

အအေးဓာတ်မှ ပေါ်ထွက်လာသည့် ဆီးနှင်းဓာတ်, ရေဓာတ်မှတပါး အခြားမည်သည့် အမာခံရုပ်ဝတ္ထုအပေါ်သို့ ရိုက်ခတ်မိလျှင် ဥဏှတေဇော ဝင်မြဲဖြစ်၏၊ ရေဓာတ်၌ အပူဥဏှတေဇောမရှိ၊ သီတတေဇောဓာတ် အအေးအရှိန်အဝါသာရှိသည်၊ ထို့ကြောင့် ရေပေါ်သို့အထက်ကောင်းကင်မှ အမာခံအလေးဓာတ်ကြီးတခုကို ပစ်ချလိုက်လျှင် ဖြူဖွေးသည့် ရေလှိုင်းရေပန်းကြီးတခုသာ ပေါ်ထွက်လာမည်၊ မည်သည့်အခါမှ မီးပွင့်လာမည်မဟုတ်၊ ရေပြင်ကိုကြိမ်ဖြင့် ပြင်းထန်စွာရိုက်ခတ် လျှင်လည်း မီးပွင့်လာမည် မဟုတ်ပေ။

လူတို့၏ကိုယ်ခန္ဓာ အစိတ်အပိုင်းတခုခုကို ပြင်းထန်စွာ ထိခိုက်မိလျှင် ထိခိုက်သည့်နေရာ၌ မီးပွင့်သွားသည်ကို မသိလိုက်ကြပါ၊ ထိုနေရာများ၌ ကာယပသာဒအကြည် ရုပ်ဓာတ်တခုသာ ရှိသည့်အတွက် နာကျင်မှုကိုသာ သိလိုက်သည်၊ မျက်လုံးအိမ်ကို အရှိန်ပြင်းစွာ ထိခိုက်မိလျှင် ထိုစက္ခုနေရာ၌ ကာယပသာဒရှိနေ၍ နာကျင်မှုကိုလည်း သိလိုက်သည်။

စက္ခုပသာဒရှိနေ၍ ဝင်းကနဲ လက်ကနဲ မီးပွင့်သွားသည် ကိုလည်း မြင်လိုက်ရ၏၊ စက္ခုပသာဒရုပ်၌ ကာယပသာဒရုပ် ပါရှိနေသည်၊ ပသာဒရုပ် နှစ်ထပ်ကွမ်း ဖြစ်နေသည်ကို သတိလည်းရှိမှ ဗုဒ္ဓအဘိဓမ္မာကိုလည်းသိမှသာ ဘဝင်ကျနိုင်ပါသည်။

ဤနေရာ၌ စက္ခုပသာဒရုပ်, ကာယပသာဒရုပ် နှစ်ထပ်ကွမ်း ဖြစ်ပေါ်နေသည်ဟုဆိုခြင်းမှာ တခုစီ နှစ်ထပ်ဖြစ်နေသည်မဟုတ်၊ ကာယပသာဒသည် တကိုယ်လုံး ပြန့်နှံ့တည်ရှိပြီးဖြစ်၍ စက္ခုပသာဒ၌လည်း ရှိပြီးဖြစ်နေသည်ဟု မှတ်ပါလေ။

## အလင်းရောင်သည်အဘယ်အရာမှပေါ်ထွက်လာရပါသနည်း

အလင်းရောင်သည် အပူဓာတ်ဥတုမှတဆင့် မီးဓာတ်အဖြစ်ရောက်မှ ဖြစ်ပေါ်လာရသည့်အရာ ဖြစ်လေသည်၊ သစ်ချင်း–ဝါးချင်းပွတ်တိုက်ရာမှ မီးဖြစ်လာသည်၊ သံနှင့်ကျောက်ပွတ်တိုက်ရာမှ မီးဖြစ်လာသည်။

အမာခံရုပ်ဝတ္ထုချင်း ပြင်းထန်စွာထိခိုက်ရာမှ မီးဖြစ်လာသည်၊ ရက္ခ ဗေဒပစ္စည်းနှင့် တွေ့ထိမှ စွဲလောင်လာသည်၊ ၎င်းပစ္စည်းမရှိလျှင် မီးပွင့်ပြီး မှုရုတ်ခြည်းငြိမ်းသွား၏၊ ထို့ပြင် အပူဓာတ်, အအေးဓာတ်တို့ ရိုက်ခတ်မှု ကြောင့်လည်း မီးဓာတ်အလင်းရောင် ပေါ်ပေါက်လာရသည်၊ အပူ ဓာတ်နှစ်ခု အမြဲတစေ ထိခိုက်မှုကြောင့်လည်း အလင်းရောင်ပေါ်ထွက် နေရသည်။

အပူဓာတ်နှင့်အအေးဓာတ်တို့ ဆန့်ကျင်ဖက်နှစ်ခု ရိုက်ခတ်မှုကြောင့် မီးဓာတ်အလင်းရောင် အဘယ်သို့ပေါ်ထွက်ခဲ့ပါသနည်း၊ မီးနှင့်လေသည် အပူဓာတ်မှ ပေါက်ဖွားခဲ့သည့် အပေါ့ဓာတ်ဖြစ်သည်၊ မီးဓာတ်အထင် အရှား မရှိသေးသော်လည်း အပူဓာတ်ကြောင့် ဖြစ်ပေါ်လာရသည်၊ အပူလေဓာတ်မှာ အာကာသတခွင် ကောင်းကင်ယံနန္တ၌ အမြဲရှိနေခဲ့သည့် ရေဓာတ် သမုဒ္ဒရာရှိသည့် ကမ္ဘာ့နှင့်ဝေးကွာသည့် နေရာတွင် ရှိသည့်လေ မှာအပူဓာတ်ဝင်နေသည့် လေပူသက်သက်သာဖြစ်သည်။

၎င်းလေဓာတ်တွင်လည်း ပထဝီဓာတ်ခေါ်သည့် အမာခံရုပ်ဝတ္ထုရှိနေ သည့် ၎င်းအမာခံရုပ်ကိုသာ လေဓာတ်ကမှီနေရသည်၊ ဟုဘ်မဟုတ် ကြိမ် လုံးနှင်တံတခုဖြင့် လေဟာပြင်ကိုအရှိန်ပြင်းစွာမွှေ့ရမ်းကြည့်ပါ၊ ကြိမ်လုံး ၌ရှိနေသည့် အမာခံရုပ်နှင့် လေ၌ရှိနေသည့် အမာခံရုပ်တို့ပြင်းထန်စွာထိ ခိုက်မှုကြောင့် အသံဓာတ် ပေါ်လာပါလိမ့်မည်၊ ၎င်းကိုရှေးဦးစွာမှတ် ထားပါဦး။

ဥတုသုံးပါးတို့တွင် နွေဥတုသည်အပူရှိန်အပြင်းထန်ဆုံး ဥတုဖြစ်၍အပူ ရှိန်ဒဏ်နှင့်မလေဓာတ်တို့သမုဒ္ဒရာရေ အပြင် ၌ နေ့စဉ်တွေ့ထိမှုကြောင့် အလွန် သိမ်မွေ့သည့် ရေခိုးရေငွေ့ကလေးများမှာ လေဓာတ်၏သယ်ဆောင်ပင့် မြှောက်မှုကြောင့် အာကာသတခွင်တွင်လွင့်တက်လျက် မိမိတို့၏ အအေး ဓာတ်ချင်း သဘာဝဟူရာ စုပေါင်းမိကြသောအခါ တိမ်တောင်တိမ်လိပ် တိမ်အစုအဝေးလေးများ ဖြစ်ပေါ်နေကြ၏။

ထိုတိမ်စုဝေးများမှာ အောက်မှမော်ကြည့်လိုက်လျှင် ဝါဂွမ်းဖတ် ကလေးများလွင့်ပါးနေသကဲ့သို့ပင် ထင်ရလေသည်၊ ၎င်းအရာကလေးများ မှာ ရေဓာတ်စုကလေးများသာဖြစ်သည်၊ ရှရှားပြည် တက္ကဆက်ပြည်နယ်မှ သိပ္ပံဆရာတို့ ထိုတိမ်စုကလေးများကို စမ်းသပ်သည့်အခါ တိမ်စုကလေး

တစုတွင် မိုးခရာဘန်ချိန် ၃၀၀– ခန့်ရှိသည်ဟု ကြေးမုံ သဘင်းစာတွင် ပါသည့် ကြေးနန်းသတင်းအရ မှတ်သားခဲ့ဘူးသည်၊ ဤရေစုရေအေး များမှာ အအေးဓာတ်ပင်ဖြစ်သည်၊ လေဓာတ်၏ တိုက်ခတ်ပင့်မြှောက် ထားမှုကြောင့် ကောင်းကင်လေဟာပြင်တွင် ချောပါနေရ၏။

လေဟာ ပြင်တွင် အပူဓာတ်ရှိနေသည့်လေကို အံမတုနိုင်၊ နွေရာသီ ကုန်ဆုံး၍ ကမ္ဘာမှနေသွားလမ်းကြောင်း ဤကမ္ဘာနှင့်ဝေးကွာလာသည် နှင့်အမျှ တစတစ အအေးဓာတ်ဝင်လာပြီး အအေးဓာတ်ကြီး အင်အား ကောင်းလာသည့်အခါ သဘာဝတူအအေးဓာတ်ချင်းဖြစ်သည့် တိမ်တိုက် တိမ်စုနှင့် ပေါင်းမိကြသောအခါ ကောင်းကင် လေထုအပူဓာတ်နှင့် တိမ် တိုက် ပဋိပက္ခဖြစ်လာကြသည်။

အပူဓာတ်သည် နွေရာသီတလျှောက်လုံး အင်အားရှိရှိနှင့် မင်းမူလာခဲ့ ရာမှ ရုတ်ခြည်းအအေးဓာတ်ကြီးနှင့် ရိုက်ခတ်မိသည့်အခါ မီးပွင့်လာခဲ့၏၊ လျှပ်ပန်း လျှပ်နွယ် လျှပ်စီးများ, အလင်းရောင်များ ပေါ်ထွက်လာသည်၊ သို့ရာတွင် ရက္ခဗေဒပစ္စည်းနှင့် ကင်းကွာနေမှုကြောင့် စွဲလောင်စရာမရှိ၍ တခဏသာ မီးပွင့်သွားသည်။

ထိုသဘာဝကို တာရှည်တည်မြဲရန် ကြိုးစားလာသောလူတို့၏ သိပ္ပံ ပယောဂကြောင့် လိုသည့်အခါလိုသလို သုံးစွဲနိုင်စွမ်းရှိလာကြသည်၊ အမြဲ တစေ သဘာဝအတိုင်း ပေါ်ထွက်နေသည်မဟုတ်၊ ယင်းသို့ဖြစ်လျှင် ဤကမ္ဘာနှင့် အခြားသောဂြိုဟ်တာရာတို့အပေါ် အမြဲဘမ်းပေးနေသည့် အလင်းရောင်ကား အဘယ်အရာပါနည်း။

ဤကမ္ဘာနှင့် ဂြိုဟ်နက္ခတ်တာရာတို့ကို အချိန်မပြတ် အလင်းရောင် ပေးနေသည့်အရာကား အဘယ်ပါနည်း၊ တနင်္ဂနွေဂြိုဟ်ခေါ်သည့်နေမင်း "သဘာဿူရိယော" ရောင်ခြည်ဘထောင်ဆောင်သည့် နေမင်းမှ ဖြစ် ပေါ်လာသည့် အရောင်အလင်းပင် ဖြစ်သည်။

ၡင်းနေမင်းမှာ အပူဓာတ်ပင် ဖြစ်သည်၊ ၎င်းအပူဓာတ်မှာ အလင်း ရောင် မည်သို့ပေါ်ပေါက်ခဲ့သနည်း၊ အပူဓာတ်မှ အလင်းရောင်ပေါ်ခဲ့ပုံ များကို ပြဆိုခဲ့ပြီးဖြစ်သည်၊ အပူမှလောင်စာကိုစွဲငြိ၍ မီးအဖြစ်ရောက်ခဲ့ သည်၊ မီးမှအလင်းရောင်ပေါ်လာသည်။

ဤနေမင်းမှ အလင်းရောင်သည် အဘယ်လောင်စာကို အဘယ်ရက္ခ ဗေဒပစ္စည်းကို၍ မီးဖြစ်နေပါသနည်း၊ သို့တည်းမဟုတ် တနင်္ဂနွေဂြိုဟ်မှပင် ရင့်ကျက်သည့်အမာခံ ရုပ်ဝတ္ထုလောင်စာများ ပေါက်ကွဲပေါ်ထွက်ပေး နေသောကြောင့် ထိုလောင်စာများမှ မီးဖြစ်လာ၍ အလင်းရောင်ဖြစ်နေ ခြင်းလော၊ ထိုသို့မဟုတ်ပါ- တနင်္ဂနွေဂြိုဟ်မှ အပူဓာတ်သည် အပြင် လောင်စာကိုလည်း မရ၊ အတွင်းမှလောင်စာတို့ကိုလည်း မရ၊ ကမ္ဘာဦးမှ ယခုအချိန်အတိုင်းရ ရှေးဆရာမြတ်တို့ စီရင်အပ်သည့် ဗေဒင်ကျမ်းကြီး များအရ ဤတနင်္ဂနွေဂြိုဟ်မင်းအပူဓာတ်ကြီးမှာ အတွင်းမှရှအဆင်း— အပမှာ ဖလ်ရောင်အတိုင်းပြီးသည်။

အပူဓာတ်ကိုဖမ်းယူနိုင်သည်၊ အပူဖမ်း ဓာတ်လုံးကြီးတခုသာဖြစ်သည်၊ တနင်္ဂနွေဂြိုဟ်သည် အပူတုံး အပူခဲကြီးမဟုတ်၊ ကမ္ဘာမြေမှ ဖြစ်ပေါ် လာသည့် သံလိုက်ဓာတ်တုံးဓာတ်ခဲကြီးများသည် အအေးဓာတ်ကြီးများ စုဝေးရာဖြစ်၍ စုတ်ယူဆွဲငင်နိုင်သော သတ္တိပြည့်နေသကဲ့သို့ ကမ္ဘာ့တန်ဆာ တနင်္ဂနွေဂြိုဟ်မှာလည်း အပူဓာတ်တို့၏ စုဝေးရာ ဓာတ်အိမ်ကြီးတခုသာ ဖြစ်ပေသည်။

သံလိုက်ဓာတ်သည် အအေးသိတဓာတ်တို့၏ စုဝေးရာ ဖြစ်သကဲ့သို့ တနင်္ဂနွေဂြိုဟ်သည်လည်း အပူဓာတ်တို့၏ စုဝေးရာတခုဖြစ်သည်၊ သံလိုက် တုံးမှ အအေးဓာတ်တွေဖြစ်ပေါ်နေသည်မဟုတ်၊ တနင်္ဂနွေဂြိုဟ်မှ အပူ ဓာတ်တွေဖြစ်ပေါ်နေသည်မဟုတ်၊ အဘယ်အတွက်ဤသို့ဆိုရသနည်း၊ ကမ္ဘာ ကြီး အကြွင်းမဲ့ပျက်စီးသွားသည့်အခါ၌လည်း ဥဏှ သိတ-ပူမှုနှင့်အေး မှုကား ငုတ်တုတ်ရှိနေသောကြောင့်ဖြစ်သည်၊ ကမ္ဘာကြီး ပျက်စီးသည့် အချိန်မှာလည်း ဥဏှနှင့်သိတမပျက်စီး၊ ကမ္ဘာကြီး တည်ရှိနေသည့်အချိန် မှာလည်း ဥဏှနှင့်သိတမပျက်စီး၊ နေလ—နက္ခတ်တာရာတို့ ရှိနေချိန်မှာ လည်း သူတို့နှစ်ဦး ငုတ်တုတ်ရှိနေသည်၊ မရှိသည့်အချိန်မှာလည်း သူတို့ နှစ်ဦး ငုတ်တုတ်ရှိနေသည်။

ထို့ကြောင့် ဥဏှနှင့်သိတတို့ကိုဥတုနိယာမဟု ခေါ်သည်၊ မြန်မာလို ပြန်လျှင် ဥတု-ပူမှု, အေးမှုနိယာမ-အမြဲရှိနေသည်ဟု အဓိပ္ပာယ် ရပါ သည်၊ ဥဏှနှင့်သိတကို ဦးသက်ပြင်းနှင့် ဒေါ်သက်ပြင်းဟု ခေါ်ဆိုထိုက် ပါသည်။

ပေဒင်ကျမ်းကြီးများအရ အတွင်းဘက်ကရွှေရောင်, အပြင်ဘက်က ဖလ်ရောင်အတိပြီးသော အပူဓာတ်ဖမ်း ကမ္ဘာ့တန်ဆာဒြပ်ကြီးအတွင်းမှ အပူဓာတ်အရှိန်များကို အချိန်မရွေး အမြဲရိုက်ခတ်နေသည့် ဥတုဝါယော အပူလေဓာတ်သည်လည်း ဤကမ္ဘာနှင့်တကွ ဂြိုဟ်နက္ခတ်တာရာ များသို့ အမြဲမပြတ် သယ်ဆောင်ဖြန့်ဝေမှုကြောင့် အလင်းရောင်ဓာတ် သည် တမုဟုတ်ချင်း အရှိန်ပြင်းစွာ ပျံ့နှံ့ခဲ့ခြင်းဖြစ်၏။

အပူဓာတ် သိုလှောင်ပေးသည်မှာ တနင်္ဂနွေဂြိုဟ်ဖြစ်၍ အရောင်ထွက် နေသည်မှာ တနင်္ဂနွေဂြိုဟ်၏အတွင်းရွှေရောင်နှင့်အပြင်ဖလ်ရောင်၏ အစွမ်း ဖြစ်၍ ၎င်းအရောင်ရုပ်ဓာတ်ကို သယ်ယူပို့ဆောင်နေသူမှာ ဥတုဝါယော ဓာတ်ပင်ဖြစ်သည်။

အပူဓာတ်ရှိလျှင် အအေးဓာတ်မှာ နိယာမအားဖြင့် အမြဲတွဲလျက်ရှိ နေရမြဲဖြစ်၍ ထိုအအေးဓာတ်သည် အပူဓာတ်ကြီးကို အင်အားချင်းမ ပြိုင်နိုင်သော်လည်း ထိုအပူဓာတ်ကြီး ထင်သလောက်အစွမ်းပြမင်းမှုနိုင်ပါ က လောကဓာတ်ကြီးတခုလုံးနှင့် သက်ရှိ,သက်မဲ့အားလုံး ပျက်စီးမသွား နိုင်ရန် အမြဲတွဲလျက်ထိန်းချုပ်ထားခဲ့သည်၊ ထို့ကြောင့် တနင်္ဂနွေဂြိုဟ်မှ တပါး အခြားဂြိုဟ်နက္ခတ်တာရာတို့မှာလည်း အပူ,အအေးတွဲလျက် ရှိနေ ကြသည်ကို လက်တွေ့စမ်းသပ်လာသည့်အခါ တွေ့ရှိလာကြပေလိမ့်မည်။

**မှတ်ချက်။** ။နေဗိမာန်မှ ပေါ်ပေါက်လာသည့် အလင်းရောင်များကို ဥတုဝါယောဓာတ်က သယ်ဆောင်သွားသည်ဆိုရာ၌ ဓာတ် အဆင့်ဆင့် ကျေးဇူးပြုသွားခြင်းမျိုးကို ဆိုလိုရင်းဖြစ်ပါ သည်။

## အဖြူရောင်၏သတ္တိထူးများ

အဖြူရောင်သည် အအေးသီတဓာတ်မှ ပေါ်ထွက်လာသည့် သဘာဝ သာဖြစ်၏၊အမည်းရောင်သည်အပူဥတုဓာတ်မှ ပေါ်ထွက်လာသည့် သဘာ ဝဖြစ်သည်၊ အရှေ့တိုင်းသားများ မင်္ဂလာယူကြသည့်အခါ အဖြူရောင်နှင့် အနီရောင်ကို ဂုဏ္ဍာရုံရောင်အဖြစ် ရွေးချယ်ကြသည်၊ အထူးသဖြင့် မြန် မာလူမျိုးတို့မှာအဖြူရောင်ကို မင်္ဂလာအဖြစ် ရွေးချယ်၍ တရုပ်လူမျိုးတို့မှာ


သာသနာရေးဦးစီး

အနီရောင်ကိုရွေးချယ်ကြသည်၊ အရှေ့တိုင်း, အနောက်တိုင်းသား အားလုံးတို့က အနက်ရောင်ကို အနိဋ္ဌာရုံအဖြစ် သတ်မှတ်ကြရာ၌ ထပ်တူထပ်မျှ ဖြစ်နေကြသည်။

စိုးရိမ်ခြင်း, ပူဆွေးခြင်း,နှလုံးမသာယာခြင်းများ ဖြစ်ပေါ်လာသည့်အခါ အနက်ရောင်ကို အထိမ်းအမှတ် သုံးစွဲလာကြသည်၊ စိတ်နှလုံးအေးမြခြင်း, ကြည်ဖြူခြင်း, ချမ်းမြေ့ခြင်း, ငြိမ်းချမ်းခြင်း စသောကိစ္စများမှာ အထိမ်းအမှတ်အဖြစ် အဖြူရောင်ကိုသာ သုံးစွဲကြပါသည်၊ အဖြူရောင်ကို မည်းညစ်သွားရန် ဘာမျှလုံ့လထုတ်စရာမလိုသော်လည်း အမည်းရောင်ဖြစ်ပြီးမှ အဖြူရောင်ပြန်ဖြစ်ရန် ခဲခဲယဉ်းယဉ်းပင် ကြိုးစားယူရပါသည်။

အဖြူရောင်၏ အစွမ်းသတ္တိမှာ ဖြူဆွတ်နေသည့်အရာဝတ္ထုတခု၊ အစိမ်းရောင်,အပြာရောင်,အဝါရောင်, အနီရောင်စသည်ဖြင့် ဘယ်အရောင်ကိုဘဲ လိုလို လိုချင်သည့်အရောင်ကို ပီပီပြင်ပြင် တောက်တောက်ပြောင်ပြောင် ဖြစ်အောင် ဖန်တီး၍ရပါသည်၊ မည်းနက်သည့် အရာဝတ္ထုတခုအပေါ် ရောင်စုံကိုဖြစ်စေ, စိတ်ကြိုက်အရောင် တခုခုကိုဖြစ်စေ ဖန်တီးလိုလျှင် မည်းနက်ညစ်နွမ်းနေသည့် အရောင်က ခံထားသောကြောင့် လိုချင်သည့် အရောင်ကို တောက်ပြောင်ပြတ်သားစွာရရှိရန် အလွန်ခဲယဉ်းလှပါ၏။

ထို့ကြောင့် ရောင်စုံကိုဖန်တီးလိုလျှင် မည်းနက်သည့်အရာဝတ္ထုကြီးကို ပထမဖြူစင်အောင် ပြန်လုပ်ယူရပါသည်၊ ဤသည်ကား သက်မဲ့-အဖြူရောင်နှင့် အမည်းရောင်တို့ ခြားနားချက်ပင်ဖြစ်၏။

ကိလေသာဟုသည်မှာ ပါဠိစကားဖြစ်သည်၊ မြန်မာလိုပြန်လျှင် ညစ်နွမ်းခြင်း, ပူလောင်ခြင်း, နှိပ်စက်ခြင်း အဓိပ္ပါယ်ရပါသည်၊ ဤသဘာဝဖြစ်ပေါ်လာလျှင် ဖြူစင်ကြည်လင်အေးမြသည့် ကုသိုလ်စိတ်မှာ ညစ်နွမ်းခြင်း, ပူလောင်ခြင်း အကုသိုလ်သဘာဝသို့ ပြောင်းလဲသွားရပါသည်၊ ကုသိုလ်စိတ်မှာ အအေးသီဘာဝတဲဖြူစင်ကြည်လင်သည်၊အကုသိုလ်စိတ်မှာ အပူဥဏှာဓာတ် ညစ်နွမ်းသည် မဲမှောင်သည်။

ဖြူစင်–အေးမြသည့်ကုသိုလ်စိတ်ညစ်နွမ်းမည်းနက်သွားရန်ဘာမျှခက်ခဲမည် မဟုတ်သော်လည်း ညစ်နွမ်းပြီးသော အကုသိုလ်စိတ်ကို တဖန် ဖြူစင်လာရန် လွယ်သည့်အလုပ်မဟုတ်၊ ခက်ခက်ခဲခဲပင် ပြန်၍ကြိုးစားယူရပါသည်။

ဖြူစင်သည့် အရာဝတ္ထုတခုကို လိုချင်သည့်အရောင်ကို တင်ယူ၍ရသည်၊ သက်ရှိသတ္တဝါတို့၏ သဏ္ဌာန်၌ရှိသည့် ကုသိုလ်အအေးဖြူရောင်ကို ခံစားလျှင်အလိုရှိသည့်တောင့်တမှုအမျိုးကိုရင်းတမျိုးမျိုးကိုသော်ရင်းဖြစ်ပေါ်စေနိုင်သည့်သဘာဝသတ္တိထူးတော့ အမှန်ရှိပေသည်၊ထို့ကြောင့်ပင် "သီလဝတော ဘိက္ခဝေ စေတော ပဏိဓိ ဝိသုဒ္ဓတ္တာ" ဟူ၍ ဗုဒ္ဓညွှန်ပြတော်မူခဲ့၏၊ သဘာဝ အရှိကို အရှိအတိုင်း ဖော်ထုတ်ပေးခဲ့၏၊ ထိုသဘာဝကုသလနှင့် အကုသလတို့သည် ဗုဒ္ဓ၏အာဏာကြောင့် ပေါ်ပေါက်လာရသည်မဟုတ်၊ ဗုဒ္ဓဖန်ဆင်းမှု၊သို့မဟုတ်တစုံတယောက်သောတန်ခိုးရှင်၏ဖန်ဆင်းမှုကြောင့် ပေါ်ပေါက်လာရသည်မဟုတ်၊ သဘာဝတရားသာ ဖြစ်သည်၊ ဗုဒ္ဓ အဘိဓမ္မာဟူသည် သဘာဝအဘိဓမ္မာပင်တည်း။

သက်မဲ့ရုပ်ဝတ္ထုများမှ အဖြူရောင်မှန်သမျှ အအေးဓာတ်, ဆိးနှင်းဓာတ်, ရေဓာတ်များမှသာ ပေါ်ပေါက်ခဲ့ရသည်၊ ဥပမာ — ထင်းအခြောက်များကို မီးရှို့ကြည့်ပါ၊ ထင်းအစိုများကိုလည်း ပုံ၍မီးရှို့ကြည့်ပါ၊ အခိုးထွက်လာပါလိမ့်မည်၊ ထိုအခိုးများမှာ နှင်းရေငွေ့များသာ ဖြစ်သည်၊ အဖြူရောင်ရှိသည်၊ ထင်းအစိုမီးမှ ထွက်ပေါ်လာသည့် အခိုးများမှာ ရေဓာတ်များ၍ အခြောက်ထင်းမီးထက် ပို၍ဖြူနေသည်ကို တွေ့ရမည်ဟု အထက်တွင် ဖော်ပြခဲ့သည်၊ ပါဠိကိုအနက်မြန်မာပြန်ဆိုလျှင်၊ ဘိက္ခဝေ-ရဟန်းတို့၊သီလဝတော-သီလရှိသော ပုဂ္ဂိုလ်အား၊ ဝိသုဒ္ဓတ္တာ-စိတ်ဓာတ်ဖြူစင်နေသည်၏ အဖြစ်ကြောင့်၊ စေတောပဏိဓိ-စိတ်အလိုရှိတိုင်း တောင့်တတိုင်း ပြည့်စုံသည်သာလျှင်တည်း။

အညစ်အကြေးတင်နေသည့် စိတ်ဓာတ်ကို ဖြူစင်အောင် ဆေးကြောရာ၌ ကာယကံ ၃-ပါး, ဝစီကံ ၄-ပါးကို စောင့်စည်းသည့်သီလမှာ ပထမဆပ်ပြာကြမ်း အဆင့်မျှလောက်သာ ရှိပါသေးသည်၊ ဝိသုဒ္ဓိ ၇-ပါးတွင် ပထမဆုံး သီလဝိသုဒ္ဓိကို အခြေခံပြီးမှ အခြားဝိသုဒ္ဓိ များကို တဆင့်ပြီးတဆင့် တက်ယူရပါသည်။

အဖြူရောင်၏အစွမ်းသတ္တိများ၌မျှသာမဟုတ် အလွန်ကျယ်ဝန်းလှပါသည်၊ ဗဟုသုတရှိသမျှလက်လှမ်းမှီသမျှဖော်ပြရလျှင် သတင်းစာများအရ ဂျပန်ပြည် အနုမြူဗုံးကျစဉ်အချိန်ကရောင်စုံပါသည့်ဂျပန် (ကီမိုနို) အဝတ်ကို ဝတ်ဆင်ထားကြသူများ၏ ကိုယ်၌ အဖြူရောင်ရှိသည့် အစိတ်အပိုင်းသည်

အခြားရောက်စုံရှိသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများထက် ဒဏ်ရာ ဒဏ်ချက် မပြင်းထန်ဟုဆိုသည်၊ အနုမြူအပူဓာတ်ရောင်ခြည်ကို အဖြူရောင် အအေးဓာတ်က သူ့၌ရှိသမျှ အင်အားကလေးဖြင့် ဆန့်ကျင်တွန်းလှန် ခုခံထားမှုကြောင့်ဖြစ်သည်။

နွားနို့နှစ်ရောင်ရှိသည့် အရာဝတ္ထုတခုသည် အရာကျယ်၍ ကြီးလျှင် ကြီးမားသလောက် ဆန့်ကျင်ခုခံနိုင်သည့် စွမ်းအားရှိလိမ့်မည်ဟု ယုံကြည် ယူဆထားသောကြောင့် ဖြစ်ပါသည်၊ အဖြူရောင်သည် အခြားရောင်စုံ များကို လွှမ်းမိုးသွားနိုင်သည့် စွမ်းအားလည်းရှိသည်။

မှတ်ချက်။ ။ဤသို့ သက်ရှိ,သက်မဲ့တို့ရရှိသည့် အဖြူရောင်၏အစွမ်း သတ္တိများကို ဖော်ပြနေခြင်းမှာ နေဗိမာန်နှင့်ပတ်သက်၍ ဆက်စပ်စရာ အကြောင်းများ ရှိနေသေး၍ဖြစ်ပါသည်။

ဗေဒင်ကျမ်းအရ တနင်္ဂနွေဂြိုဟ်-နေမင်းသည် အတွင်းဘက်မှ ရွှေ ရောင်,အပဖက်မှာမူ ဖလ်ရောင်ရှိသည်ဟု ဆိုသားပါသည်၊ ဤကျမ်းဂန် များအရ အပြင်အပမှ အဖြူရောင်လွှမ်းမိုးထားခြင်းသာ မှန်ကန်ပါမူ အပူဓာတ်ကို ဖမ်းယူထားသည့် နေမင်း၌ အပူဓာတ်၏သဘာဝအတိုင်း တွန်းကန်မှုအင်အား ရှိနေရမည်၊ အပြင်မှဖလ်ရောင် အဖြူဓာတ်၏ သတ္တိ မှာ အအေးသီတဓာတ်သဘာဝအတိုင်း ဆွဲငင်စုတ်ယူနိုင်သည့် အင်အား လည်းရှိနေရမည်သာဖြစ်သည်၊ နေဗိမာန်၏အပေါ်မှာ အဖြူရောင်အအေး ဓာတ်သည် နေမင်း၏အပူရှိန်တန်ခိုးကို လွှမ်းမိုး၍ ချုပ်ကိုင်ထိန်းသိမ်း ထားနိုင်သည့် စွမ်းအားလည်းရှိနေရပါသည်၊ ရှိပြီးဖြစ်စေပါသည်။

တဖန် အတွင်းဘက်မှ ရွှေရောင်ခံ၍ အပဘက်မှ အဖြူရောင်ကြောင့် အဖြူဓာတ်၏ တောက်ပြောင်မှုမှာ အလင်းရောင်တကာ့ အရောင်ဘွင် အတောက်ပြောင်ဆုံး တခုအဖြစ်ဖြင့် ဘယ်အရာဝတ္ထုဖြင့်နှင့်မျှ မတူ အောင် ကမ္ဘာနှင့်တကွ ဂြိုဟ်,နက္ခတ်တို့ကို ပျံ့နှံ့အောင် ထွန်းလင်း စေနိုင်သည့် အစွမ်းသတ္တိအပြည့်ရှိသည်ဟု ယူဆထားပါသည်။

နေ၏အလင်းရောင်မှာ အင်အားအပြည့်ဆုံးဖြစ်၍ လျှပ်ပန်းလျှပ်နွယ် တို့မှ ပေါ်ပေါက်လာသည့် အလင်းရောင်မှာ မည်မျှအစွမ်းသတ္တိရှိပါ

သနည်း၊ မည်သည့်အတိုင်းအရှည် ပမာဏအထိ ရောက်နိုင်ပါသနည်း၊ ရှေးပညာရှိတို့ သိကုံးဖွဲ့ဆိုထားသည့် လင်္ကာတခုမှာ အောက်ပါအတိုင်း ဖြစ်၏။

လင်္ကာ။ ။* တိမ်-တေ, လေ-ကော်၊ လျှပ်စစ် ပဋ္ဌော၊ သံ-တယော။

အဓိပ္ပါယ်မှာ-တိမ်တောင်ကိမ့်လိပ်များကို သုံးယူဇနာဝေးသည်အထိ လှမ်းမြင်နိုင်သည်၊လေကို တယူဇနာဝေးသည်အထိ လှမ်းမြင်နိုင်သည်၊ လျှပ်စစ်အလင်းရောင်ကို ငါးယူဇနာအထိ လှမ်းမြင်နိုင်သည်၊ မိုးချိန်း သံကို သုံးယူဇနာမှ လှမ်းရှုကြားနိုင်သည်၊ ဤအကြောင်း ဇာတ်နိပါတ် တော်များမှ လာသည်ကို ပညာရှိတို့မှတ်သားလွယ်ရန် လင်္ကာစပ်ထား သည်ဟု"လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး"ရေးသားထားသည်ကို ဖတ်ရှု ဘူးမှတ်ဖူးသည်၊ဘယ်ဇာတ်နိပါတ်မှလာသည်ကို ကိုယ်တိုင် မရှာမိသေး ပါ၊ လျှပ်စစ် လျှပ်ပန်းတို့၏ အလင်းရောင်မှာ အဝေးဆုံး ငါးယူဇနာ ကသာလျှင် မြင်နိုင်သည်၊ ဤ၌ ယူဇနာ၏ ခရီးအကွာအဝေး အတိုင်း အတာကို သိထားထိုက်သည်ဟု သဘောရသဖြင့် အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

၁၂-လက်မ ၁-ပေ ၂-မိုက်၊ ၁၈-လက်မ ၁-တောင်။
၃-ပေ ၂-တောင်၊ ၁၁-တောင် ၁-ပိုလ်။
၄၀-ပိုလ် တဖာလုံ၊ ၈-ဖာလုံ ပိုလ်-၃၂၀၊ တမိုင်။
၁၀-ဆံခြည် တနှမ်း၊ ၆-နှမ်း ၁-မုယော။
၄-မုယော ၁-လက်သစ်၊ ၈-လက်သစ် ၁-မိုက်။
၃-မိုက် ၁-တောင်၊ ၄-တောင် ၁-လံ။
၇-တောင် ၁-တာ၊ တာ-၂၀ ၁-ဥသဘ။
၂၀-ဥသဘ ၁-ကောသ၊ =၄-ကောသ ၁-ဂါဝုတ်။
၄-ဂါဝုတ် ၁-ယူဇနာ။

မြန်မာလို ၆-တိုင်နှင့် တာ ၄၀၀-ကို တယူဇနာဆို၏၊ ထိုကြောင့် ၆-တိုင်နှင့်တာ ၄၀၀-ကို ယူဇနာဖွဲ့လျှင်တယူဇနာမှာ ၁၂-မိုင်၊၆-ဖာလုံ၊ ၁၄-ပိုလ် ၆/၁၁-ရ၏။

မြန်မာတိုင်နှင့် ၆-တိုင် တာ ၄၀၀-ကို ယူဇနာဖွဲ့ထားသည်မှာ မှန် ကန်ပါသည်၊ အိန္ဒိယပြည်သို့ ဘုရားဖူးသွားရောက်ကြသည့် ပုဂ္ဂိုလ်များကို

လက်တွေ့မေးမြန်း တီးခေါက်ကြည့်သည့်အခါ ပါဝါပြည်နှင့်ကုသိနာရုံ ပြည်မှာ မိုင်တိုင်ကိုကြည့်လျှင် ၉-မိုင်သာသာရှိသည်ဟု ဆိုပါသည်၊ ဘုရားရှင်ဝမ်းတော်လား၍ ပရိနိဗ္ဗာန်စံယူတော်မူမှုန် ကုသိနာရုံပြည်သို့ နေ့ချင်းပေါက် ကြွရောက်တော်မူရာ၌ ပါဝါနှင့်ကုသိနာရုံမှာ သုံးဂါဝုတ်သာဝေးသည်ဟုဆိုသည်၊ ၄-ဂါဝုတ် တယူဇနာဖြစ်၍ ၁၂-မိုင် ၆-ဖာလုံသာ ရှိနေလျှင် ၃-ဂါဝုတ်မှာ ၉-မိုင်သာသာ ရှိနေရပေမည်၊ အလင်းရောင်အကြောင်းနှင့်ပတ်သက်၍ တခန်းရပ်သင့်ပြီ။

နေဗိမာန်နှင့်ပတ်သက်၍ သိပ္ပံဆရာတို့ ယူဆချက်တခု ရှိနေသေးသည်၊ ၎င်းမှာ အခြားမဟုတ် နေဗိမာန်၌ တခါတရံ မီးတောက်မီးလျှံများ ထွက်၍လောင်ကျွမ်းပြီး ပေါက်ကွဲကျသည်ကို လူတို့သိပ္ပံကရိယာဖြင့် မြင်တွေ့ရသည်ဟုဆိုသည်။

အစိုင်လိုက်အခဲလိုက် မကြာမကြာ ပြိုကျနေရှိးမှုန်လျှင် နေဗိမာန်၏ အလင်းရောင်မှာ နေမှထွက်သည့်လောင်စာကြောင့်ပေါ်ပေါက်နေရပြီး ကာလကြာမြင့်လာသည့်အခါ နေ၏ပမာဏမှာလည်း တဖြည်းဖြည်း သေးငယ်သွားကိုသာရှိသည်။

ဤယူဆချက် ဟုတ်နိုင်မဟုတ်နိုင် သဘာဝကို ခုံဘင်၍ ရှေကမ္ဘာသစ် တည်ဆောက်သည့် အခန်းရောက်လျှင် အထောက်အထားခိုင်ခိုင်လုံလုံဖြင့် တင်ပြသွားပါအံ့သတည်း။

## အဘယ်အရာကို ပဥ္စဘုတ်ခေါ်ပါသနည်း

ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ-မြန်မာလိုမြေ, ရေ, မီး, လေ-ဤငါးလေးမျိုးနှင့် အပေါက်အပွင့် အပိုင်းအခြားဟု ခေါ်သည့် အာကာသဓာတ်-ပေါင်းငါးရပ်ကို ပဥ္စဘုတ်ဟုခေါ်၏၊ ဤကား အရပ်သား ဝေါဟာရ, သမားဝေါဟာရ အလွယ်သုံးစကား ဖြစ်သည်၊ သဘာဝနှင့်သတ္တိကိုကြည့်လျှင်-

၁။ ကြမ်းတမ်းသော အတွေ့အထိ, သိမ်မွေ့နူးညံ့သော အတွေ့ အထိရှိသော သက်ရှိ,သက်မဲ့ အရာဝတ္ထုမှန်သမျှတွင် ပထဝီ ဓာတ်ရှိနေသည်ဟု သိရမည်၊ အကြမ်း-အနု အတွေ့အထိ ဟူသမျှ ပထဝီ သဘာဝဓာတ်ဖြစ်၏။

၂။ ဖွဲ့စည်းခြင်းနှင့် ယိုစီးခြင်းဟူသမျှ အာပေါ သဘာဝဖြစ်၏။

၃။ ပူမှု, အေးမှု ဤနှစ်ခုရှိနေသော အရာဝတ္ထုမှန်သမျှ တေဇော ဓာတ်ရှိနေသည်ဟု သိရမည်၊ ပူခြင်း, အေးခြင်း ဟူသမျှ တေဇောသဘာဝဖြစ်၏။

၄။ ထောက်ခံခြင်း, ဖောင်းပွခြင်း, လှုပ်ရှားခြင်း တခုခုရှိသော သက်ရှိ, သက်မဲ့ အရာဝတ္ထုမှန်သမျှတွင် ဝါယောဓာတ် ရှိနေသည်ဟု သိရမည်၊ ထောက်ခံခြင်း၊ သို့မဟုတ် ဖောင်း ပွခြင်း၊ သို့မဟုတ် လှုပ်ရှားခြင်းဟူသမျှ ဝါယောသဘာဝ ဖြစ်၏။

၅။ အပေါက်, အပွင့်, အပိုင်းအခြား လက္ခဏာ ပါရှိသော၊ သို့မဟုတ် ထိုလက္ခဏာများ တခုခုဖြစ်နေသော သက်ရှိ, သက်မဲ့ အရာဝတ္ထုမှန်သမျှတွင် အာကာသဓာတ်ရှိနေသည်ဟု သိရမည်၊ အပေါက်, အပွင့်, အပိုင်းအခြားဟူသမျှ အာကာသ ဓာတ် သဘာဝဖြစ်၏၊ ယခုပြဆိုခဲ့သည့် သဘာဝငါးမျိုးကို ပဋ္ဌာတုတ်ဟု ခေါ်၏။

## ပဋ္ဌာတုတ်သဘာဝအခြေခံအကြောင်း

လုံခြုံစွာပိတ်ဆို့ထားသည့် အခန်းတခုတွင် အပေါက်ငယ်တခုမှ ဝင်ရောက်လာသည့် နေရောင်မှာ အတန်းအရှည်တခု ဖြစ်နေပေလိမ့်မည်၊ ထိုနေရောင်တန်းတွင် အလွန်အလွန် သိမ်မွေ့သေးငယ်သည့် မြူမှုန်ကလေးများကို သေချာစွာကြည့်ရှုသောအခါ တွေ့မြင်သာလိမ့်မည်။

ထိုမြူမှုန်ကလေးများ တခုစီတခုစီ ဖြစ်ပေါ်နေရသည်မှာ၊ သို့မဟုတ် တခုစီတခုစီဟု သိလိုက်ရသည်မှာ ဘယ်အတွက်ကြောင့်နည်း၊ မည်သူ၏ ကျေးဇူးကြောင့်နည်း၊ ဘယ်အရာက ကျေးဇူးပြုထားပါသနည်း၊ ပိုင်းခြား ခြင်းသဘာဝလက္ခဏာ၏ သတ္တိရှိနေ၍ဖြစ်၏၊ တခုနှင့်တခု အကြား အကြား ရှိနေ၍ဖြစ်၏၊ ၎င်းကို ပါဠိဘာသာအားဖြင့် အာကာသဟု ခေါ်၏၊ အာကာသဓာတ်လည်းခေါ်၏။

ထိုမြူမှုန်ကလေးများ တခုစီသူ့ဟာနှင့်သူ စည်းစည်းလုံးလုံး ဖြစ်နေ ရသည်မှာ အဘယ်သဘာဝကြောင့်ပါနည်း၊ ဖွဲ့စည်းခြင်းသဘာဝရှိနေ

၍ဖြစ်၏၊ ၎င်းဖွဲ့စည်းထားနိုင်သည့် သဘာဝကို ပါဠိဘာသာအားဖြင့် အာပေါဓာတ်ဟုခေါ်၏၊ ၎င်းဖွဲ့စည်းခြင်းအလုပ်ကို ပြုလုပ်နိုင်သည်မှာ ၎င်းစည်းစရာ အရာဝတ္ထုရှိ၍ဖြစ်၏၊ ထိုအရာဝတ္ထုမှာ မည်သူနည်း၊ အလွန်သိမ်မွေ့သည့် အတွေ့အထိသဘာဝ အမာခံရုပ်ဝတ္ထု ကလေးများပင်တည်း။

ထိုသို့ သဘာဝအားဖြင့် ဖြစ်ပေါ်တည်ရှိနေသည့် အတွေ့အထိကို ပထဝီဓာတ်ဟုခေါ်၏၊ ကြမ်းတမ်းသောအတွေ့အထိ အမာခံများကို ဖွဲ့စည်းထားသည့်အခါ ကြမ်းတမ်းသော ပထဝီဓာတ်များကို အထင်အရှားမြင်လာနိုင်၏၊ ထိုကြမ်းတမ်းသည့် အစိုင်အခဲကြီးများတွင် ပူမှု၊ အေးမှု တခုခုရှိနေသကဲ့သို့ အလွန်သိမ်မွေ့သည့် သေးငယ်သည့်မှုန်မွှားတခု၌လည်း ပူမှုနှင့်အေးမှု တခုခုရှိနေသည်။

ထိုပူမှု၊ အေးမှုဘခုခုကို တေဇောဟုခေါ်သည်၊ ဝါယောဓာတ်တွင် ထောက်ခံခြင်း၊ ဖောင်းပွခြင်း၊ လှုပ်ရှားခြင်းဆိုသည့် သဘာဝသတ္တိများ ရှိကြသည်၊ ဖောင်းပွခြင်းနှင့် လှုပ်ရှားခြင်းတို့မှာ သိလွယ်မြင်လွယ် နားလည်လွယ်ကြ၏။

အလွန်သိမ်မွေ့သည့် သေးငယ်သည့် ရုပ်ကလာပ်တခု၌ဖြစ်စေ၊ ကြမ်းတမ်းသည့် ကျောက်တုံးကျောက်ခဲ တခုခု၌ဖြစ်စေ ဝါယောဓာတ်ထောက်ခံမှုရှိနေပါသည်ဟုဆိုလာလျှင် ကြေနပ်လောက်သည့် လက်တွေ့အဖြေတခုကိုပေး၍ ပြသရန်မှာ လွယ်ကူသောအလုပ်တခု မဟုတ်တော့ပြီ။

သို့ရာတွင် စွမ်းအားသတ္တိရှိသမျှဖော်ပြရန်မှာ စာရေးသူ၌ တာဝန်ရှိနေခဲ့၏၊ငယ်ရွယ်စဉ်အခါ စာရေးသူတို့ရွာတွင် ဆန်အခြင်ကောင်းသည့် အမျိုးသမီးနှစ်ယောက် ရှိပါသည်၊ မြစ်တဖက်ကမ်းတွင်လည်း စပါးအခြင်ကောင်းသည့် အမျိုးသားကြီးတယောက် ရှိပါသည်၊လူရွှေသူရွှေတွင် ဝယ်ခြမ်းသူကြေနပ်လောက်အောင် ခြင်ပေးလိုက်၏၊ အိမ်ရောက်သည့်အခါ ဆန်တပြည်ဘွင် တလက်ဆွမ်းလောက် လျော့နည်းနေခဲ့၏၊ စပါးတတင်းတွင်လည်း တစလယ်မျှလောက်, တခါတရံ တခွက်လောက် လျော့နည်းနေခဲ့၏၊ ဤလည်း ပညာတမျိုးပင်။

ခြင်တွယ်သည့်အခါ ဆန်စပါးကို လက်နှစ်ဖက်ဖြင့် တရှိန်ထိုးကျုံး၍ လက်ဖဝါး, လက်ဖနောင့်တို့ဖြင့် လေကိုရိုက်သွင်းလိုက်သည်မှာ ကျွမ်းကျင်ပါပေသည်၊ ရိုးရိုးခြင်လျှင် ပြည်တောင်းပြည့်သည်မဟုတ်၊ ယခု

မှုကား ဆန်လုံး၊ စပါးလုံးတို့၏ အကြားတွင် ဝါယောဓာတ် ထောက်ခံထားလိုက်သဖြင့် ကြွားရှုံမား၍ မောက်နေ၏။

ရုပ်ကလာပ်တိုင်းတွင် ဝါယောဓာတ်သောက်ခံမှု ရှိနေသည်၊ ယခု မျက်စိဖြင့် မြင်တွေ့နေရသည်၊ ရုပ်ဝတ္ထုမှန်သမျှတွင် ဝါယောဓာတ် ရှိနေသည်၊ ပြဆိုခဲ့သည့် မုန့်မှုန်ကလေးတခုအတွင်းတွင်လည်း ဝါယောဓာတ် ဖြည့်တင်းထောက်ခံမှု ရှိနေသောကြောင့် လက်ရှိအရွယ်အစား ပမာဏအတိုင်း မြင်နေရခြင်းဖြစ်သည်၊ အကယ်၍သာ မုန့်မှုန်ကလေးတခု အတွင်း ဖြည့်တင်းထောက်ခံထားသည့် ဝါယောဓာတ်ကို နုတ်ယူနိုင်စွမ်း ရှိ၍ ထုတ်ပစ်လိုက်ပါမူ ထိုမုန့်မှုန်ကလေးမှာ လက်ရှိပမာဏထက် သေး ငယ်ကြုံ့ရုံ့ သွားမည်ဖြစ်၏။

ရုပ်ဝတ္ထုမှန်သမျှတွင် ဥဏှဝါယော၊ သို့မဟုတ် သီတဝါယောတခုခု ထောက်ခံမှု ရှိနေခဲ့၏၊ အပြင်ဗဟိဒ္ဓဝါယော တိုက်ခတ်လိုက်သည့် အခါ တွင် ရုပ်ဝတ္ထုတိုင်း လှုပ်ရှားသွားခဲ့၏၊ အပူ၊ အအေး ရွေးနေသည် မဟုတ်။

အခံဓာတ်ရုပ် ဝတ္ထုတွင် ဥဏှဝါယော ထောက်ခံထားလျက် ဖြစ်နေ ခဲ့လျှင် အပြင်မှဝင်ရောက်လာသည့် ဝါယောမှာလည်း ဥဏှဝါယော ဖြစ်နေပါမူ အချင်းချင်း သဘာဝတူသဖြင့် လက်ခံဝင်ဆန့် သွားကြ၏၊ ထိုအခါ ဖောင်းပွမှုသဘာဝ ပေါ်လာရ၏၊ အခံရုပ် ဥဏှဝါယော ထောက်ခံထား၏၊ အပြင်မှ ဝင်ရောက်လာသည့် ဝါယောမှာ သီတ— ဝါယောဖြစ်နေလေသော် ရုပ်-ရုပ်ချင်းကား အညာညည်ဖြစ်ပါ၏၊ သဘော တား သဘာဝ မတူကြသဖြင့် လက်ခံခြင်း၊ ဝင်ဆန့်ခြင်း မရှိနိုင်၊ ထိုအခါ သီတဝါယောမှာ မဝင်နိုင်သည့်အဆုံးတွင် ရုပ်ဝတ္ထုတခုလုံးတွင် ပတ်ဖွဲ့သွားတော့၏။

ဤနေရာတွင် ဝါယောဓာတ်သည် ပတ်ဖွဲ့တတ်သော သဘာဝမရှိ၊ သီတဓာတ်၏ သဘာဝကသာ ပတ်ဖွဲ့သွား၏၊ အမှာခံရုပ်ဝတ္ထု တခုတွင် သီတဝါယော ထောက်ခံထား၏၊ အပြင်ဗဟိဒ္ဓမှ ဝင်ရောက်လာသည့် ဝါယောမှာလည်း သီတဝါယောဖြစ်နေပြန်သည်၊ ထိုအခါ အတွင်းနှင့် အပြင် သီတချင်း-ဝါယောချင်း တူနေကြသဖြင့် ဘာမျှမငြင်းဆန်၊ အကြွင်းမဲ့ လက်ခံလိုက်၏။

ထိုအခါ ယိုစီးခြင်းသဘာဝပေါ်လာရ၏၊ ဝါယောဓာတ်၌ ထိုသဘာဝ မရှိ၊ သို့ရာတွင် ဓာတ်ဟူသမျှကို ပူမှုအေးမှုက ချုပ်ကိုင်ထားသည်ဖြစ်၍ သိတသဘာဝကို မလွန်ဆန်နိုင်သဖြင့် ယိုစီးရာနောက်သို့ ကောက်ကောက် ပါအောင် လိုက်သွားရပေသည်၊ ဝါယောဓာတ်၏သဘာဝကို ဤမျှ ဖော်ပြလျှင် ရိပ်မိလောက်ပါပြီ၊ နံရံပေါက်မှ ဝင်ရောက်လာသည့် နေရောင် တွင်ပါရှိသော မှုန်မှုန်ကလေးများကို—

၁။ ပထမ-ပိုင်းခြားခြင်းလက္ခဏာ အာကာသဓာတ်၏ သဘာဝကို သဘောပေါက်အောင် လေ့လာရမည်။ (တခုနှင့်တခု အပိုင်း အခြား အကြားအလပ် ဖြစ်နေသည့်သဘောတရားကို ဆိုလို သည်။)

၂။ ဒုတိယ မှုန်မှုန်ကလေးများတွင် ဖွဲ့စည်းမှုအာပေါဓာတ် ရှိနေ သည်ကို သဘောပေါက်အောင် လေ့လာရမည်။

၃။ တတိယ-ဖွဲ့စည်းစရာရှိ၍သာ ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်၍ ထိုဖွဲ့ စည်းစရာ အမာခံအတွေ့အထိရှိသည့် အရာမှုန်သမျှတွင် ပထဝီ ဓာတ်ရှိနေသည်ကို သိရှိသဘောပေါက်အောင် လေ့လာရမည်။

၄။ စတုတ္ထ-ထိုအတွေ့အထိရှိသည့် ရုပ်ဓာတ်တိုင်းတွင် ပူမှုအေးမှု တခုခုရှိ၍ တေဇောဓာတ်ပါရှိနေသည်ကို သဘောပေါက် အောင် လေ့လာရမည်။

၅။ ပဥ္စမ-ထိုပူမှုအေးမှုတခုခု၏ အရှိန်အစော်ကြောင့် ဖြစ်ပေါ် လာရသည့် ဝါယောဓာတ်သဘာဝကို သဘောပေါက်အောင် လေ့လာရမည်။

ထိုသို့လေ့လာလျှင် ပဥ္စဘူတ်သဘာဝကို နားလည်သဘောပေါက် လာနိုင်ပါသည်။

### မှုန်မှုန်နှင့်မှန်ပြောင်း၊ မှုန်မှုန်နှင့်ဝိပဿနာဉာဏ်

ထိုမှုန်မှုန်ကလေးတခုကို အလွန်အားကောင်းသည့် မှန်ပြောင်းတခုနှင့် ကြည့်လျှင် ပဥ္စဘူတ်ငါးမျိုးစလုံး ဝင်နေသည်ကို မြင်ရလိမ့်မည်ဟု ယုံ ကြည်ပါသည်၊ ထိုအခါ အာကာသဓာတ်မှာ ဓာတ်တခုနှင့်တခုကို အကြား အလပ်အပြစ်နှင့် မြင်ရမည်မဟုတ်ဘဲ ဓာတ်တခုနှင့်တခု ခြားနားနေကြပုံ, ဓာတ်တခု၏ ပမာဏနှင့် အစွန်အဖျား ကလနားရှိလျက်ပင် ဆက်စပ်နေ ကြပုံကို တွေ့မြင်နိုင်လိမ့်မည်။

အခြား အာပေါဓာတ်, တေဇောဓာတ်, ပထဝီဓာတ်, ဝါယောဓာတ်တို့ကိုလည်း အထက်တွင်ဖော်ပြခဲ့သည့် သဘောလက္ခဏာအတိုင်း ဆင်ခြင်လျှင် ပဋ္ဌာတ်ငါးမျိုး၏ သဘာဝကိုမြင်ရမည်သာဖြစ်၏၊ ထိုမြူမှုန်တခု၌ပင် အလွန့်အလွန် သိမ်မွေ့သေးငယ်သည့် မြူမှုန်ကလေးတွေ အမြောက်အမြားစုဝေးထားသော အရာတခုသာ ဖြစ်နေသောကြောင့်တည်း။

အပူဉာဏ်ဓာတ်ကြောင့် အပူဓာတ်တွင်ပါသည့် အတွေ့အထိ သဘာဝတခုသည် ဉာဏ်ပထဝီဖြစ်၏၊အပူတေဇော,ဖွဲ့စည်းခြင်းအာပေါ, ထောက်ခံခြင်းဝါယော– ဤဓာတ်ကြီးသုံးခုတို့ကား အမာခံအတွေ့အထိ ပထဝီကို အမှီပြုနေကြရ၏။

ပထဝီကိုအမှီမပြုရဘဲ ထိုဓာတ်ကြီးသုံးခုတို့ ဖြစ်ပေါ်၍မရ၊ သီတပထဝီတွင်လည်း အမာခံအတွေ့အထိ ပထဝီဓာတ်ကို သီတတေဇောအခိုးအရှိန်, ဖွဲ့စည်းခြင်းအာပေါ, ထောက်ခံခြင်းဝါယော– ဤဓာတ်ကြီးသုံးခုမှာ ပထဝီ တခုကိုသာ အမှီပြုနေကြရ၏၊ ပထဝီဓာတ်ကို အမှီမပြုဘဲ ဖြစ်ပေါ်၍မရ၊ ရေ၌လည်း အတွေ့အထိဓာတ်ရှိ၏၊၎င်းမှာပထဝီဖြစ်၏။

အမာခံပထဝီရှိ၏၊ရေ၌ ပထဝီအမာခံရုပ်ရှိမရှိသိလိုလျှင် ရုပ်ဝတ္ထုတခုဖြင့်၊ သို့မဟုတ် ကြိမ်လုံးတခုနှင့်ပင် တအားရိုက်ခတ်သည့်အခါ အသံပေါ်လာလိမ့်မည်၊ ထိုသို့ဖြစ်ရသည်မှာ ကြိမ်လုံး၌ရှိသည့် အမာခံပထဝီနှင့် ရေ၌ရှိသော အမာခံပထဝီတို့ ထိခိုက်မှုကြောင့်ဖြစ်၏။

ယိုစီးခြင်းသဘာဝ လွန်ကဲနေမှုကြောင့် ရေဟုခေါ်နေရ၏၊ ထိုရေ၌ ထောက်ခံမှုဝါယောဓာတ်ကြောင့် ကြွားကြွားမားမား ဖြစ်နေရ၏၊ ထိုရေ၌ အေးမြခြင်းအရှိန်အဝါမှာ သီတတေဇောသာတည်း၊ ရေ၌ရှိသည့် အမာခံအတွေ့အထိပထဝီတခုကို ယိုစီးခြင်း,ထောက်ခံခြင်း,အေးမြခြင်း သဘာဝဘုတ်သုံးခု အမှီပြုနေသည်ကို သိထားပါလေ။

မီး၌ အမာခံ အတွေ့အထိပထဝီဓာတ်ရှိ၏၊ ကိုယ်အင်္ဂါတခုခုကို မီးဟပ်သည့်အခါ တွေ့ထိမှုမှာပထဝီ၊ ပူလောင်မှုမှာတေဇော၊ မီး၏အတိုင်းအရှည်ပမာဏ စည်းလုံးခြင်းပေါ်နေသည်မှာ ဖွဲ့စည်းမှုအာပေါ။

အတိုင်းအရှည်ပမာဏအတိုင်း ကြွားကြွားမားမား တက်ကြွထောက်ခံမှုမှာ ဝါယော၊ ပေါင်း–ဉာဏ်တေဇော,အာပေါ, ဝါယော–ဤဘုတ်

သုံးခုမှာ မီးတွင်ပါရှိနေသည့် တွေ့ထိမှုပထဝီဓာတ်ကိုသာ အမှီပြုနေကြရသည်၊ မီးဟုခေါ်ဆိုနေသည်မှာ ဥဏှတေဇောလွန်ကဲနေသောကြောင့်ပင်ဖြစ်၏။

လေ၌ အတွေ့အထိအမာခံ ပထဝီဓာတ်ရှိ၏၊ လူတို့၏ကိုယ်ခန္ဓာကို အမြဲတိုးဝှေ့တွေ့ထိနေကြသည်၊ လေသည် ထိုအရာဝတ္ထုတခုဖြင့်၊ သို့မဟုတ် ကြိမ်လုံးဖြင့် တအားဝှေ့ရမ်းလိုက်သည့်အခါ အသံထွက်ပေါ်လာလိမ့်မည်၊ ဖြေးညှင်းစွာဝှေ့ရမ်းလျှင် အသံမထင်ရှားသည်မှာ ကြိမ်လုံး၌သာ အမာခံ ပထဝီဓာတ်များ အပြည့်ရှိ၍ လေ၌ရှိသည့် အမာခံ ပထဝီဓာတ်မှာ အားနည်းနေမှုကြောင့်ဖြစ်၏။

အမာကိုအမာနှင့် ရိုက်ခတ်သည့်အခါ တအားရိုက်စရာမလိုတော့ပြီ၊ အသံပေါ်လာမည်သာဖြစ်၏၊ လှုပ်ရှားနေခြင်းသဘာဝသည် ဝါယော လေ၏အတိုင်းအရှည်ပမာဏနှင့် တစည်းတလုံးတည်း အထပ်လိုက်အလွှာလိုက် ဖြစ်ပေါ်နေရသည်မှာ ဖွဲ့စည်းခြင်းအားပေါ၊ လေပူ, လေအေးဖြစ်ပေါ်နေရသည်မှာ တေဇော၊ ဤဝါယော, အာပေါ,တေဇော ဘုတ်သုံးခုမှာလည်း လေတွင်ရှိနေသည့် အမာခံပထဝီဓာတ်တခုကိုသာ အမှီပြုနေကြရ၏၊ လေဟုခေါ်ဆိုနေသည်မှာ လှုပ်ရှားမှုမြောက်မြားစွာ လွန်ကဲနေသောကြောင့်ပင်တည်း။

ထို့ကြောင့် ဘုတ်ကြီးလေးပါးတွင် ပထဝီဓာတ်သည် အရေးပါအရာရောက်ဆုံး ဓာတ်တခုဖြစ်သည်၊ အခြားဓာတ်တွေမှာ သူ့ကိုသာ အမှီပြုနေကြရသည်၊ ပထဝီဓာတ်ပျက်လျှင် ဓာတ်အားလုံး ပြိုပြီဟု မှတ်ပါလေ၊ ထို့ကြောင့် မိန္ဒောဆရာတို့ လူမမာတယောက်၌ ပထဝီဓာတ် ပျက်မပျက်ကို ဂရုစိုက်ကြည့်ရှုကြသည်။

[အထူးသဖြင့် ကမ္ဘာပထဝီပျက်လျှင် ကုရ၍မရနိုင်တော့ပြီ။]

## ဥပ္ပါဒသဒ္ဒါနှင့် ဘူတသဒ္ဒါတို့၏ ခြားနားချက်

ဥပ္ပါဒသဒ္ဒါသည် ဖြစ်ခြင်း အဓိပ္ပါယ်ရှိသကဲ့သို့ ဘူတသဒ္ဒါသည်လည်း ဖြစ်ခြင်းအဓိပ္ပါယ်ရှိသည်၊ ဥပါဒ်-ဌီ-ဘင် ဟူသောစကား၌ ဥပါဒ်သည် ဖြစ်ပေါ်စ, ဌီသည် ဖြစ်ပေါ်ပြီး, ပျက်စီးမည့်အချိန်သို့ မရောက်မီ တည်တံ့နေခြင်းကို ဆိုသည်၊ နောက်ဆုံးပျက်စီးသည့်အချိန်ကို ဘင်-ဟု ခေါ်သည်၊ ဥပ္ပါဒသဒ္ဒါမှ ဥပါဒ်ဖြစ်လာသည်။

ဥပ္ပါဒသဒ္ဒါသည် သေးသည်ဖြစ်စေ, ကြီးသည်ဖြစ်စေ ဥပါဒ်-၌ အထိ သက်ဆိုင်သည်၊ ဘူတသဒ္ဒါဖြစ်မြင်းမှာ ရုပ်ဝတ္ထုဒြပ် အစိုင်အခဲသို့ရောက်၍ လူသိနတ်ကြား သူမြင်ငါတွေ့ ထင်ရှားသောရုပ်ဝတ္ထုများကို ဆိုသည်။

ရုပ်ဝတ္ထုမှန်သမျှ အနုမြူ, ပရမာနုမြူနှင့် ၎င်းပရမာနုမြူကို ကုဋေတသိန်း မကအောင် ခွဲစိတ်ထားသည့် အမာခံရုပ်မှုန့် ရုပ်မွှားကလေးများ၌လည်း မီး, လေ, ရေ, မြေ ဓာတ်လေးထွေရှိနေကြ၏၊ သို့ရာတွင် ၎င်းတို့မှာ ဥပ္ပါဒ-ဥပါဒ်အဆင့်မျှသာ ရှိသေး၏၊ ဘူတ-မဟုတ်သေး၊ ဘူတဟု မခေါ်နိုင်သေး။

သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၌ ဘူတသဒ္ဒါသည် ကိုယ်ကောင် အထင်အရှားနှင့် ရှိသောသတ္တဝါများကို ဆိုထား၏၊ ရုပ် ၂၈-ပါးတွင် ဘူတရုပ် ဆိုသည်မှာလည်း ထင်ရှားသောရုပ်များကိုသာ ညွှန်ပြထားပေသည်၊ ထို့ကြောင့် မဟာဘူတ-မဟာဘုတ်၊ ပဉ္စဘူတ-ပဉ္စဘုတ် ဆိုသော စကားတို့၌ မဟာ-ကြီးသော၊ ဘူတ-ထင်ရှားသော ရုပ်ဟု အဓိပ္ပါယ်ထွက်လာခဲ့၏။

ရေ, မြေ, လေ, မီး ဤလေးမျိုးကို မဟာဘုတ်၊ ရေ, မြေ, လေ, မီးနှင့် ပိုင်းခြားကန့်သတ်ထားသည့် အာကာသကို ပဉ္စဘုတ်ဟု ခေါ်ဆိုထားခဲ့သည်၊ ရုပ်တိုင်း ဓာတ်လေးပါးရှိနေသော်လည်း မဟာဘုတ်မခေါ်နိုင်သေးသော်လည်း မဟာဘုတ်အဆင့်ရောက်လာလျှင် ဓာတ်လေးပါးဟုလည်း ခေါ်နိုင်သည်၊ မဟာဘုတ်ဟူ၍လည်း ခေါ်နိုင်သည်၊ ပဉ္စဘုတ်မှာလည်း ဤသဘောအတိုင်းပင် ဖြစ်၏၊ ထို့ကြောင့် ဥတုသည် ရုပ်ဖြစ်၏၊ နာမ်မဟုတ်၊ စိတ်မဟုတ်။

ဥတု၌ မီး,လေ,ရေ,မြေ ဤဓာတ်လေးထွေ ရှိပေသည်၊ ၎င်းဓာတ်လေးထွေမှာ ပီပီပြင်ပြင် မရှိသေး၊ ဗီဇအဆင့်၌သာ ရှိနေသေး၍ ၎င်းကို မဟာဘုတ်လို့လည်း မခေါ်နိုင်၊ ပဉ္စဘုတ်ဟူ၍လည်း မခေါ်နိုင်ပေ၊ ရုပ်သာမညသာ ဖြစ်သေး၏၊ မဟာဘူတ, ပဉ္စဘူတ ရုပ်ဒြပ်တခုကို ပထမအနုမြူ, ပရမာနုမြူအဆင့်၎င်း၊ ပရမာနုမြူကို အစိတ်ပေါင်း ကုဋေဆယ်သိန်းမက ခွဲထုတ်၍ ဘာမျှမမြင်နိုင်,စမ်းသပ်၍ မရနိုင်သော အလွန့်အလွန် သိမ်မွေ့သည့် အဆင့်သို့ရောက်လျှင် ပူမှု,အေးမှု ဤနှစ်ခုသာ ကျန်တော့သည်၊ ဤအချိန်မှာဥတုအဆင့်သို့ ပြန်ရောက်သွားပြီဟု မှတ်ပါလေ။

ဤမဟာဘူတရုပ်ဒြပ်, ပဋ္ဌဘူတရုပ်ဒြပ်တို့မှာ အမှုန်ရုပ်သေး ရုပ်မွှားကလေးများ ပေါင်းစပ်စုဝေးမှုကြောင့် ဖြစ်ပေါ်လာရပေ၏၊ ၎င်းအမှုန်ရုပ်ကလေးများကို ပါဠိဘာသာအားဖြင့် ပထဝီဟု ခေါ်သည်၊ မြန်မာလို မြေဓာတ်ဟု ခေါ်သည်၊ သဘာဝအခေါ် အမှုန်ပစ္စည်းကလေးများဟု ခေါ်သည်၊ ၎င်းအမှုန် ပစ္စည်းကလေးများကို စုပေါင်း ခိုင်မြဲအောင် အစိုင်အခဲအဖြစ် ဖွဲ့စည်းပေးသည့် ဓာတ်ကို ပါဠိဘာသာ အားဖြင့် အာပေါဟု ခေါ်သည်၊ မြန်မာလို ရေဟု ခေါ်သည်၊ သဘာဝအခေါ် ပေါင်းစပ်ပေးသည့်ဓာတ်ဟု ခေါ်သည်။

ထိုအမှုန်ရုပ်သေး ရုပ်မွှားကလေးများ ဘယ်ဒေသ ဘယ်အရပ် ဘယ်စကြာဝဠာမှ ရောက်ရှိစုဝေးလာကြပါသနည်း၊ သို့မဟုတ် အဘယ် သဘာဝတရားမှ ပင်တိုင်မွေးထုတ်ပေးနေပါသနည်း၊ တပါးသောအရပ်, တပါးသောစကြာဝဠာမှ စုဝေးရောက်ရှိလာသည်ဆိုလျှင်လည်း တပါးသော စကြာဝဠာတွင် ထိုရုပ်ကလေးများကို ထုတ်လုပ်ပေးနေသည့် ဌာန တခု ရှိနေပါသလား၊ ဤအတောမသတ်သည့် မေးခွန်းများ ဆက်ကာ ဆက်ကာ ပေါ်ထွက်လာစရာ ရှိနေပါသည်။

ထိုသို့မဟုတ် ပူမှုနှင့်အေးမှု ဤနှစ်ခု သမဖြစ်နေကြသည့် အခါတွင် အအေးသီတဓာတ်မှ ပေါ်ထွက်လာရမြဲ ဖြစ်ပါသည်၊ ထင်ရှားအောင် ပြပါဦးမည်၊ အပူဥဏှသဘာဝသည် သက်မဲ့အဖိုဓာတ်, အအေးသီတ သဘာဝသည်သက်မဲ့အမဓာတ်ဖြစ်၏၊ အဖိုနှင့်အမသဘာဝချင်း အပေး အယူမျှ၍ သမဖြစ်လာကြသည့်အခါ သီတအမဓာတ်က ပေါက်ဖွားပေးခဲ့ သည်၊ လက်ရှိသတ္တဝါတို့တွင်သည်း အဖိုဓာတ်သက်သက်မှ ပေါက်ဖွားမှု မဖြစ်နိုင်၊ အမဓာတ်သက်သက်မှ ပေါက်ဖွားမှုမဖြစ်နိုင်၊ ၎င်းတို့နှစ်ဦး သမဖြစ်လာကြသည့်အခါ အမဓာတ်မှ ပေါက်ဖွားပေးခဲ့ရပေသည်။

သက်ရှိ အဖိုနှင့်အမများ ပေါင်းစပ်မှု အမြဲရှိနေကြသော်လည်း ပေါက်ဖွားမှု အမြဲမရှိနေကြသည်မှာ ဖိုဓာတ်တွင်၎င်း, မဓာတ်တွင်၎င်း တဦးဦးက မိမိတို့၌ ရှိထိုက်ရှိသင့်သည့် သဘာဝချို့ယွင်းနေခဲ့သော် ပေါက်ဖွားမှု မဖြစ်နိုင်သကဲ့သို့ သက်မဲ့ဖိုဓာတ်,မဓာတ်တို့၌လည်း တဖက်ဖက်က ရှိသင့် သောသဘာဝ ချို့ယွင်းနေပါမူ အမှုန်ရုပ်သေး ရုပ်မှုန်ရုပ်မွှန်ကလေးများ

ပေါက်ဖွားပေးနိုင်စွမ်း ရှိမည်မဟုတ်၊ ဥတုနိယာမတွင် ပူကာ မျှအေးကာမျှ အရှိန်အဝါမျှသာ ရှိနေသည်၊ ပီပြင်သည့်ခ တ်ခြင်း မရှိသေး၊ ဗီဇမျှသာ ရှိနေသည်။

ဥပမာ—ကြက်ဥတလုံးကို ယှဉ်ခွဲကြည့်လျှင် အဖြူရောင်အကာနှင့်အဝါ ရောင်အနှစ်ကိုသာ တွေ့ရပေမည်၊ ပြေးလွှားနေကြသည့် ကြက်တို့ကို ကြည့်လျှင် အဖို့, အမ, အဖြူ, အနက်, အပြောက်, အစိမ်း, အပြာစသော ရောင်စုံကြက်များကို တွေ့နေရသည်မှာ ကြက်ဥတွင်ရှိသည့် အဝါနှောင် အနှစ်တွင် အထက်တွင်ဖော်ပြခဲ့သည့် အဖိုအမနှင့်ရောင်စုံဖြစ်ပေါ် စေနိုင် သည့်သဘာဝဗီဇရှိနေကြသော်လည်း မပီပြင်သေး၍ အသင်အရှားမမြင် ကြရသေးဘဲ ဖြစ်နေရပေသည်။

ထိုရောင်စုံနှင့် ဖိုမသဘာဝတို့ ဥတုနိယာမတွင် ရှိနေကြသည့်အခိုက် ဘယ်အတွက်မပီပြင်ဘဲ ရှိနေကြရပါသနည်း၊ မှီခိုဘတ်သည့် ရုပ်ဓာတ်တို့ သည် အမှီခိုခံရသည့် ရုပ်ဓာတ်တို့အပေါ်တွင် အားထားနေကြရသည်၊ အခံဓာတ် ခိုင်မာတောင့်တင်းလာမှအမှီဓာတ်တို့သည် ထင်ရှားတောက် ပြောင်လာရမြဲဖြစ်၏၊ ယင်းသို့ဖြစ်လျှင် ဥတုနိယာမ၌ အဘယ်ရုပ်သည် အမာခံဓာတ် မှီရာတည်ရာဓာတ်ဖြစ်၍ အဘယ်ရုပ်များမှာ မှီဘတ်ခိုတတ် သောဓာတ်များဖြစ်ပါသနည်း၊ အမာခံ ရုပ်မှုန့်ရုပ်မွှားကလေးများမှာ အခံဓာတ် မှီရာတည်ရာဓာတ်ဖြစ်သည်၊ ဖိုဓာတ်,မဓာတ်, ရောင်စုံဓာတ်တို့ မှာ မှီတတ်ခိုတတ်သည့် သဘာဝများဖြစ်ကြသည်။

ကြက်၏အဖိုဓာတ်မှာ အပူဥဏှတေဇော, ကြက်၏အမ ဓာတ်မှာ အအေးသီတတေဇောဖြစ်သည်၊ ကြက်၏အဖြူရောင်သွေးမှာ အအေးသီတ ဓာတ်ဖြစ်၍ ကြက်၏ရောင်စုံဓာတ်တို့မှာ အပူဥဏှဓာတ်များဖြစ်ကြသည်၊ အမာခံရုပ်ကလေးများမှာ ပထဝီဓာတ်ဖြစ်သည်၊ ပထဝီဓာတ်ကို ဥဏှ တေဇော,သီတတေဇောတို့က မှီခိုနေကြသည်၊ဥဏှတေဇောကြောင့် ပေါ် ပေါက်လာရသည့် ဝါယောလေဓာတ်မှာလည်း ထိုအမာခံရုပ်ဓာတ်ပထဝီ ဓာတ်ကို အမှီပြုရမှ သူ့ပိုင်အစွမ်းသတ္တိခေါ်သည့် ဖောင်းပွမှု,လှုပ်ရှားမှု, ထောက်ခံမှုများကို ဆောင်ရွက်နိုင်ပေသည်။

မြန်မာလိုရှင်းရှင်းဖော်ပြရလျှင် မြေဓာတ်ကို မီးဓာတ်, ရေဓာတ်, လေဓာတ်တို့ကသာ မှီခိုနေကြရ၍ မြေဓာတ်အမှီခံဓာတ်ပြုသမျှ နှံနေကြ ရသည်ဟု ဆိုလိုရင်းဖြစ်၏၊ ပါဠိဘာသာ အားဖြင့် ပြောလျှင်

ပထဝီဓာတ်ကိုသာ တေဇောဓာတ်, ဝါယောဓာတ်, အာပေါဓာတ်တို့က မှီခိုနေကြရပေသည်၊ ဥတုနိယာမ အဆင့်တွင်ရှိနေသည့် အမာခံပထဝီဓာတ် ကလေးမှာ သန္တေတည်စ ဗီဇသဘာဝကလေးမျှသာ ရှိနေ သေး၍ အလွန်နုနယ်လှ၏၊ အားပြော့သည့် သိမ်မွေ့သည့်အခြေသာ ရှိနေသော ကြောင့် တေဇော, ဝါယော, အာပေါဓာတ်တို့မှာလည်း ပြော့ညံ့ပြီး မိမိတို့၏ အစွမ်းသတ္တိကို ထင်ရှားအောင် မပြုနိုင်ဘဲ ရှိနေကြသည်။

ထို့ကြောင့် ကြက်ဥနှစ်အဝါရောင်ကို ပသာဒမျက်စိနှင့်ဘဲ ကြည့် ကြည့်, သိပ္ပံပညာဖြင့် အစွမ်းထက်အောင် လုပ်ကိုင်ထားသည့် မှန်ပြောင်း နှင့်ဘဲ ကြည့်ကြည့် ဖိုကောင်, မ-ကောင်နှင့် ရောက်စုံအသွေးအရောင် တို့ဖြင့် တောက်ပြောင်နေသည့် ကြက်တကောင်ကို မြင်ရလိမ့်မည်မဟုတ် ပေ၊ ကြက်ဥနှစ်တွင်ရှိသည့် အမာခံပထဝီဓာတ်ကို ရင့်ကျက်လာသည့် အခါ ထင်ရှားလာသည့်အခါ ခိုင်မာလာသည့်အခါ သူတို့မှီခိုနေကြသည့် ဓာတ်သုံးမျိုးတို့မှာလည်း တန်ဘိုးထွား၍ ထင်ရှားလာရမြဲ ဖြစ်ပေသည်။

အမာခံရုပ်မှုန်ကလေး များကား အဘယ်အရာမှ ပေါ်ထွက်လာခဲ့ပါ သနည်း၊ သူတို့ကို အမြဲမွေးထုတ်ပေးနေသည့် မိခင်ကား မည်သူပါနည်း။

## အပူတေဇောနှင့်အဖျက် တေဇောအကြောင်း

အအေးသီတတေဇောသည် အပူတေဇောဖြစ်၏၊ ၎င်းတေဇော ဓာတ်မှာ တိုးပွားခြင်း, ကြီးထွားခြင်း, မြင့်မားခြင်း ကိစ္စတို့ကို သူ့ သဘောအတိုင်း အမြဲဆောင်ရွက်လျက်ရှိ၏၊ အသစ်အသစ်ဖြစ်ပေါ် လာ သည့် ရုပ်ဝတ္ထုမှုန်သမျှ အအေးသီတဓာတ်ကသာ မပြတ်မွေးထုတ်ခဲ့၍ ၎င်းကို အမဓာတ်ဟုခေါ်သည်၊ အအေးသီတဓာတ်မှ စိုစွတ်ခြင်းနှင့် ဆီးနှင်းများကို ဖြစ်ပေါ်စေခဲ့သည်၊ ၎င်းမှ အာပေါရေဓာတ်ကို ဖြစ် ပေါ်စေခဲ့သည်။

၎င်းမှ အမာခံဓာတ်-မြေဓာတ်ကို ဖြစ်ပေါ်စေခဲ့သည်၊ ထို့ကြောင့် ဆီးနှင်းရေမြေတို့မှာ အအေးသီဘမျိုးဖြစ်ကြ၏၊ ဥဘုနိယာမ ပထမ အဆင့်တွင် ထိုရေမြေတို့မှာ မည်သည့်အခါမှ ပယောဂမပါဘဲ ဥဏှ- သဘာဝသို့ ပြောင်းလဲသွားရိုး မရှိခဲ့ပေ၊ ဥပမာ-ရေကိုရင်း, မြေကိုရင်း အကြောင်း တစုံတခုကြောင့် မီးနှင့်တွေ့လျှင်၊ သို့မဟုတ် လူတို့၏လို့လ

ပယောဂဖြင့် မီးနှင့်မြှိုက်လျှင် အပူဓာတ်ဝင်၍ ၎င်းကို ရေပူ-မြပူ၊ ပါဠိဘာသာအားဖြင့် ဥဏှအာပေါ - ဥဏှပထဝီဟု မခေါ်နိုင် မဖြစ်နိုင်ပေ၊ အခိုက်အတန့်အားဖြင့် အပူဓာတ်ဝင်နေသည့် ရေဓာတ်,မြေဓာတ်ဟူ၍သာ ခေါ်ဆိုနိုင်ပါသည်။

ဘာကြောင့်နည်း၊ ထိုအပူဓာတ်အရှိန် ကုန်သွားသည့်အခါ ရေနှင့်မြေတို့မှာ မူလဓာတ်သို့ ပြန်ရောက်သွား၍ ဖြစ်ပါသည်၊ အအေးသီတဓာတ်မှ စိုစွတ်ခြင်း, ဆီးနှင်းပေါ်ပေါက်ခြင်း, ရေဖြစ်ခြင်း, မြေဖြစ်လာခြင်းတို့မှာ တိုးပွါးခြင်း၏ သတ္တိပင်ဖြစ်၏၊ ကြီးထွားခြင်းမှာ သီတဓာတ်မှ အမာခံရုပ်မှုန်ကလေးများ မပြတ်ပေါ်ပေါက်လာခဲ့၍ ဖြစ်သည်၊မြင့်မားလာရခြင်းမှာလည်း ဤနည်းအတိုင်းပင် ဖြစ်၏။

## အဖျက်တေဇောအကြောင်း

အဖျက်တေဇော ဆိုသည်မှာ ဥဏှတေဇောအပူဓာတ်ပင် ဖြစ်သည်၊ အပူဓာတ်သည် ပူလောင်ခြင်း, ကျက်ခြင်း, တူးခြင်း, ပြာကျခြင်း, ဟောင်းနွမ်းခြင်း, ယိုယွင်းခြင်းနှင့် ရင့်ရော်ပုပ်ပွခြင်း, နံစော်ခြင်း, ပျက်စီးခြင်း, ဆုတ်ယုတ်ခြင်း စသောကိစ္စတို့ကို သူ့သဘာဝအတိုင်း အမြဲဆောင်ရွက်လေ့ရှိသည်။

သက်ရှိသတ္တဝါ-သတ္တလောကနှင့် ၎င်းတို့၏တည်ရာမှီရာ ဩကာသလောကကြီးကို အပြုသဘော ဆောင်ရွက်သည်မှာ သီတဓာတ်ဖြစ်၍၊ ဖျက်ဆီးနေသည်မှာ ဥဏှဓာတ်ပင်ဖြစ်ခဲ့ရာ အမြဲမပြတ်အပြုခံရုပ်ဝတ္ထု, အဖျက်ခံရုပ်ဝတ္ထုကား အဘယ်အရာပါနည်း၊ ၎င်းကား အခြားမဟုတ် သီတဓာတ်မှ အမြဲမပြတ် မွေးထုတ်ပေးခဲ့သည့် အမာခံရုပ်ဝတ္ထု ပထဝီဓာတ်ပင်ဖြစ်သည်၊ ထို့ကြောင့် အမာခံရုပ်ပထဝီကို သီတနှင့် ဥဏှဓာတ်နှစ်ပါးနှင့် ဥဏှဓာတ်မှ ပေါ်ပေါက်လာခဲ့သည့် ဝါယောလေဓာတ်-ဤသုံးမျိုးတို့က အပြုသဘောနှင့် အဖျက်သဘောကို သူ့အခန်းနှင့်သူ လုပ်ကိုင်နေကြသည်၊ ဝါယောလေဓာတ်သည် မူလဘူတ အစပထမတွင် အပူဓာတ်ကမွေး ထုတ်ထားသောကြောင့် လေသည် အပူဓာတ် အစင်ဟု ဥတုနိယာမအဆင့်တွင် ပြတ်ပြတ်သားသား မှတ်ထားပါလေ။

ဝါယောလေဓာတ်မှာ လေပူ၊ လေအေးနှစ်မျိုးမရှိ၊ဥဏှဝါယော၊ သီတဝါယောဟူ၍နှစ်မျိုးမရှိ၊ ဝါယောလေဓာတ်နှစ်မျိုးဖြစ်ပေါ်လာရသည်မှာ ကာလ ဒေသနှင့် ဗီဇနိယာမ အဆင့်သို့ရောက်မှ ပေါ်ပေါက်လာရခြင်းဖြစ်ပေသည်၊နံပါတ် ၁-ပထမဆင့်ပုံကိုကြည့်ပါ။




ဥတုနိယာမ အဆင့် အရင်းခံပင်မ
သင်္ခါတနယ်

၎င်းပုံ၏ အောက်ဆုံးအဆင့်ကို ကြည့်ပါ၊ ပူမှုနှင့်အေးမှု ဖိုဓာတ် မဓာတ် အရင်းခံထားသည့် ဥတုနိယာမကို မြင်ရပါမည်၊ ၎င်းပြင် ပူမှုမှ အပေါ့ဓာတ်လဟု ပေါ်ပေါက်လာပုံ မီးဓာတ်၊ လေဓာတ်ကို မြင်ရမည်။

အေးမှုမှ အလေးဓာတ်ဂရု ပေါ်ပေါက်လာပုံ ရေဓာတ်၊ မြေဓာတ်ကို မြင်ရမည်၊ ကမ္ဘာသစ်နှင့် သတ္တဝါအသစ်အသစ် ပေါ်ပေါက်လာရသည်မှာ အပူ တေဇော-သီတဓာတ်၏ သတ္တိပင် ဖြစ်သည်။

အပူဓာတ်၏သတ္တိဖြင့် မီးဓာတ်များ ဖြစ်ပေါ်၍ ကမ္ဘာဟောင်းကြီး အကြွင်းမဲ့ ပျက်စီးလေသည့်အခါ အပူဓာတ်အရှိန်ကုန်ပြီဖြစ်၍ သီတဓာတ် အလှည့်ရောက်လာခဲ့သည်။

ဖော်ပြထားသည့်(ဇယားကွက်)ပုံစံကို အောက်ခြေကစ၍ ကြည့်ပါ၊ ဥဏှ, သီတ ဥတုနိယာမ အခြေခံထားသည်ကို ပထမတွေ့ရပါမည်၊ ဤသဘာဝကိုအဦးအစ ပြုဆိုထားရသည်မှာ ဥတုနိယာမသည်အနာဒိကအစမထင် အစရှာမရသည့် အချိန်ကာလက ဖြစ်ပေါ်နေခဲ့၏။

မရေတွက်နိုင်သော ကမ္ဘာဟောင်းများကို ရှေးကလည်းဖျက်ခဲ့သည်၊ ယခုကမ္ဘာကိုလည်း ဖျက်ဆီးဦးမည်၊ နောင်ကိုလည်း အဆုံးမရှိနိုင်အောင် ဖြစ်ဦးမည့် ကမ္ဘာတို့ကိုလည်း ဖျက်ဆီးဦးမည်။

ထို့အတူ အစမထင်သော အချိန်ကာလက အသစ်အသစ်ကမ္ဘာတို့ကို မွေးထုတ်ခဲ့သည်၊ ဤကမ္ဘာကိုလည်း သူကပင်မွေးထုတ်ခဲ့သည်၊ နောင်ကိုလည်း မြော်မှန်းရေတွက်၍မရ၊ အဆုံးမသတ် အတောမသတ် ကမ္ဘာသစ်များကို မွေးထုတ်ပေဦးမည်ဖြစ်သည်။

သူသည် ကမ္ဘာဟောင်းကိုဖျက်၍ ကမ္ဘာသစ်ကိုသာ မွေးထုတ်ပေးခဲ့သည်မဟုတ်၊ သူ၏အရှိန်အဝါ တန်ခိုးသတ္တိကြောင့် အဆုံးအဆမရှိသည့် လောဟာပြင်အပြည့် ဝါယောလေထုကြီးကိုလည်း ဖြစ်ပေါ်စေခဲ့ပါသည်၊ တေဇောကြောင့် ဝါယောဖြစ်ပေါ်လာရသည်၊ တေဇော ဘယ်တော့မှ မပျောက်၍ ဝါယောပေါ်ပေါက်နေရသည်ဟု ဆိုလိုပါသည်။

ကမ္ဘာပျက်ပြီး ကောင်းကင်စကြာဝဠာ လောဟာပြင်အတွင်းသို့ ကမ္ဘာပြုမိုး ရွာသွန်းလိုက်သည့်အခါ လေထုကြီးအပေါ်တွင်ရေပြင်ကြီးဖြစ်ပေါ်လာခဲ့၏၊ ကမ္ဘာပြုမိုးဘယ်အတွက် ရွာလာရသနည်း၊ မည်သူ့ကြောင့် ဖြစ်ပေါ်လာရသနည်း ၊ ပဇ္ဇုန်နတ်သားရွာချပေးသည်မဟုတ်။

ထိုအချိန်တွင် နတ်ပြည် ၆-ထပ်နှင့် ဗြဟ္မာဘုံအချို့ပင် ကမ္ဘာပျက်ရာတွင် ပါကုန်ကြပြီး တေဇောကြောင့်ရေခန်း၍ တေဇောကြောင့် ရေပေါ်လာရသည်ကို သဘောပေါက်အောင်လေ့လာထားရပါမည်၊အပူဥဏှ တေဇောကြောင့် ရေပေါ်လာရပုံမှာ မြေအိုးသစ်တလုံးတွင် ရေတစ်ရွေးမျှ မထည့်ဘဲ စလောင်းလုံအောင်ပိတ်၍ နေပူထဲမှာခေတ္တထားပါလျှင် ချွေး ဖြစ်လာပါမည်။

ကြာကြာထားလျှင် ပြန်ခန်းသွားမည်၊ အပူနှင့် အင်အားမမျှ၍ဖြစ်သည်၊ရေတစ်ရွေးမျှမပါဘဲလျက် အပူအတွင်းမှ ဘယ်အတွက်ချွေးထွက်

ရေပါဖြစ်လာရပါသနည်း၊ ကံ, စိတ်, ဥတု, အာဟာရ-ဤလေးခုပြုပြင်ခြင်းခံနေရသည့် သခ်တနယ်တွင် အပူရှိလျှင်အအေးအမြဲရှိနေသည်။

အပူကြီးနေသည့်အချိန်တွင် အအေးကိုမမြင်ရ၊ စမ်းရှာမရ၍ မရှိဟုထင်နေကြခြင်းသာဖြစ်သည်၊ သခ်တနယ်တွင် အပူဖို-ဓာတ်နှင့် အအေးမ-ဓာတ်ကို ဘယ်လိုမှခွဲထုတ်၍မရ၊ တခုရှိနေလျှင် တခုလည်းရှိနေသည်၊ တခုမရှိလျှင် တခုလည်း မရှိတော့ပြီ။

ယခုမီမာန်အရောက် ဒုံးပျံလွှတ်နိုင်သည့် သိပ္ပံပညာရှင်ကြီးတို့လည်း သခ်တနယ်အတွင်း အနုမြူ,ပရမာနုမြူ ရုပ်ကလာပ်တိုင်းတွင် သိပ္ပံပညာဖြင့် ထိုဓာတ်နှစ်မျိုးတွင်တမျိုးကိုအကြွင်းမဲ့ပျောက်၍ တခုတည်းကိုသာဖြစ်ပေါ်ထားနေချင်၍မဖြစ်၊ တခုအကြွင်းမဲ့ပျောက်လျှင် တခုလည်းပျောက်၍နှစ်မျိုးစုံအကြွင်းမဲ့ ကွယ်ပျောက်ရသည့်နယ်ကို အသခ်တနယ်ဟုခေါ်သည်။

သင်္ခတနယ်တွင် ဖိုဓာတ်, မဓာတ်အစုံရှိနေ၍ ပေါက်ဖွားမှုဇာတိဖြစ်သည်၊ ဇာတိဖြစ်လျှင် ဇရာ, ဗျာဓိ, မရဏဖြစ်တော့၏၊ နှစ်မျိုးစလုံးမရှိသည့် အသခ်တနယ်တွင် ပေါက်ဖွားမှုမဖြစ်၍ (ဇာတိမဖြစ်၍)ဇရာ, ဗျာဓိ, မရဏလည်းမရှိ၊ ၎င်းနယ်ကို ဗုဒ္ဓဘာသာတို့က အသခ်တဓာတ်မြတ်သောနိဗ္ဗာန်ဟု ခေါ်သည်။

ထိုသို့ ခွဲခွာ၍မရစကောင်းသည့် ဥဏှတေဇောနှင့် သီတတေဇောတို့မှ အအေး, အပူမမျှ တခုခုလွန်ကဲလာက ကမ္ဘာပျက်၍ အအေးအပူ မျှလာသည့်အခါ သီတတေဇော အခွင့်အရေး ရလာသဖြင့် ကမ္ဘာပြုမိုး ရွာချရတော့သည်၊အပြုသီတတေဇောကြောင့် မိုးရေမိုးပေါက်ပေါ်လာရသည်၊ ဘယ်လူ ဘယ်နတ် ဘယ်ပြဟ္မာကမှ လုပ်သည်မဟုတ်၊ နတ်ကမလုပ် ဓာတ်ကသာလုပ်သည်ဟု မှတ်ပါလေ၊ ပုံစံကိုပြန်ကြည့်ပါ၊ အောက်ခြေ ဥဏှ, သီတ ဥတုနိယာမခံထားသည်၊ ၎င်းအထက်တွင် လေထုကြီးမြင်ရမည်၊ ၎င်းအထက်တွင် ရေပြင်ရေထုကြီးကို မြင်ရပါမည်။

တေဇောကြောင့် ဝါယောဖြစ်လာရ၍ တေဇောနှင့် ဝါယော အောက်နှင့်အထက် တဆက်တည်းဖြစ်ပေါ်နေသည်မှာ သဘာဝကျ၏၊ သီတတေဇောကြောင့် အာပေါ-ရေဓာတ် ဖြစ်ပေါ်လာလျက် ဘယ်

အတွက် တစပ်ထည်း ဖြစ်မနေပါသနည်း၊ သီတကိုဥဏ္ဍက သဘာဝက အင်အားဖြင့် အမြဲအနိုင်ယူထားပါသည်၊ သို့အတွက် သီတတေဇော ဓာတ်၏ အခိုးများ မိုးရေအဖြစ် ကျရောက်လာသည့်အခါ ပထမနေရာ ယူထားသည့် လေထုကြီးအပေါ်တွင် ရေပြင်ကြီးဖြစ်နေရပါသည်။

## ရေမှမြေဖြစ်ပေါ်လာ၍ ကမ္ဘာဖြစ်ပေါ်လာပုံ

မြစ်ဝကျွန်းပေါ်ဒေသဆိုသည်မှာ ချောင်းမှကျွန်းပေါ်လာရ သည်ကို ဆိုသည်၊ ရေမှမြေဖြစ်လာသည်ကို ပြသည့်သာဓကဖြစ်၏၊ ရေနည်း၍ ချောင်းကောသည်၊ ချောင်းကော၍ သောင်ထွန်းသည်၊ ကျွန်းပေါ် လာရသည်၊ ထိုသို့ဖြစ်ရသည်မှာ ရေ၌တည်ရှိနေသည့် ပရမာနုမြူ-ပထဝီ ရုပ်ကလာပ်ကလေးများ နှစ်ပရိဠွေဒကြာသည်နှင့်အမျှ စုစည်းမိ၍ နုံးဖြစ် ပေါ်လာခဲ့သည်၊ နုံးမှမြေဓာတ်အဖြစ် ကြီးထွားလာရသည်နှင့် အမျှ ရေဓာတ်အားနည်း၍ သောင်ထွန်းကျွန်းများ ဖြစ်လာရသည်ကို သိပြီး ဖြစ်ကြသည်။

သီတတေဇော တန်ခိုးကြောင့် ပေါ်လာရသည့် ကမ္ဘာပြုမိုးရေတို့ လေထုအပြင်တွင် တင်၍နေရာမှ နှစ်ပရိဠွေဒသချေင်္ကြာမြင့် လာသည့် အခါ ရေတွင်ရှိသည့်ပထဝီရုပ်ကလာပ်တို့ စုစည်းရင့်ကျက်ပြီး စုံ့စုံ့ ပုံ့ပုံ့မြေနုမြေဆိုင်တခု ရေမှပေါ်ထွက်လာသည်၊ ၎င်းသည် မြေဦးခေါင်း မြေမဏ္ဍိုင်ပင် ဖြစ်၏။

နောက်တွင် ကမ္ဘာမြေမည်မျှပင် တိုးတက်ကျယ်ပြန့် လာစေကာမူ ၎င်းသည် မြေ၏အလယ်မဇ္ဈိမပင် ဖြစ်လာရသည်၊ ကမ္ဘာသစ်တခုပေါ်၍ ဘုရားပွင့်နိုင်သည့် ကမ္ဘာတိုင်း၏ မဇ္ဈိမမြေပေါ်တွင်သာ အလောင်း တော်တိုင်း သစ္စာလေးပါးတရားကိုသိ၍ ဘုရားအဖြစ်သို့ ရောက်တော် မူကြရသည်။

ကမ္ဘာ၏ ဗဟိုအလည်တည့်တည့်ကို ညွှန်ပြပါဆိုလျှင် ထိုနေရာမှ မှန် ပါသည်၊ ယခုခေတ် ကမ္ဘာ့ဘူမိဗေဒဆရာတို့အနေဖြင့် မျက်မြင်တိုင်းတာ ၍ ရသောနေရာမှာ ထိုဗောဓိပင် နေရာဌာန ဟုတ်ချင်မှ ဟုတ်ပေမည်၊ သို့ရာတွင် လက်ငင်းမျက်မြင်အရ သူတို့ကိုမှားသည်ဟုမဆိုနိုင်၊ ကမ္ဘာမြေကို အရှေ့အနောက်တောင်မြောက် မည်ရွေ့မည်မျှ မှန်မှန်တိုးတက်ကျယ်ပြန့် ရမည်ဟု အမိန့်ပေး၍ မရသောကြောင့် ဖြစ်သည်။

တို့ကြောင့် တိုင်းပြည်တပြည်၏ နယ်ခြားကိုသတ်မှတ်ကြသည့်အခါ အသွန်မလွဲမရှောင်သာမှ မြစ်ငယ်ချောင်းများကို အမှတ်အသား ထား ကြသည်။

ကမ္ဘာပြုမိုးကြောင့် ပေါ်ပေါက်လာရသည့် ရေအပြင်မှ တစတစ ကြီးထွားလာရသည့်မြေထုသည် နှစ်ပရိစ္ဆေဒ အသင်္ချေနှင့်အမျှ ကြာမြင့် လာသည့်အခါ မြေထုကြီးကျယ်ပြန့်လာရသည်နှင့်အမျှ ရေပြင်မှာလည်း တစတစကျဉ်းမြောင်းလာခဲ့ရ၏၊ နောက်ဆုံးတွင် မြေနေက ရေနေကိုနိုင် လိုက်သဖြင့် မြေထုကြီး ကွက်ကြား ထင်လာရသည့် ရေအပြင်ကို သမုဒ္ဒရာ ဟု ခေါ်လာပါသည်၊ နောင်နှစ် သန်းပေါင်းများစွာ ကြာလာသည့် အခါ ထိုသမုဒ္ဒရာများမှာ ပို၍ပင်ကျဉ်းမြောင်းလာစရာရှိပါသည်။

ဘယ်အတွက် ဤသို့ဆိုရသနည်း၊ အာပေါရေဓာတ်တို့ သဘာဝမှာ ဖွဲ့စည်းပေးရုံမျှသာ သတ္တိရှိ၍ ပထဝီမြေဓာတ်မှာ အချိန်ကာလကြာမြင့် လာသည်နှင့်အမျှ ကြီးထွားနေကျဖြစ်သောသတ္တိရှိနေသည်၊ နောက်ဆုံး အချိန်တွင်ရေကုန်အောင် မြေငုံသွားမည်သာ ဖြစ်၏၊ ဖွဲ့စည်းပေးနိုင်သည့် ရေဓာတ်လုံးလုံး ကုန်ခန်းလာသည့်အခါ ကမ္ဘာမြေထုမှာ ဆက်လက် မတိုးပွားနိုင်သည့်အပြင် အပူဥတု တေဇောဒဏ်ကို အပြင်းအထန် ခံရ၍ ကမ္ဘာကို အပူဥတုတေဇော မင်းမူမှုကြောင့် သစ်ပင်သစ်ရွက် သစ်သီး တို့ဘွင် တိုးပွားကြီးထွားနိုင်သည့် ပထဝီဓာတ်တို့ နည်းပါးလာရ၏။

ထိုအာဟာရတို့ကို အားထားမှီဝဲနေရသည့် သတ္တလောက သက်ရှိ သတ္တဝါဟူသမျှ အားနည်းကြုံလှီ သေးကွေးလာကြမည်သာ ဖြစ်သည်၊ သက်ရှိသတ္တဝါချင်း သတ်ဖြတ်စားသောက်ကြသည့် သတ္တဝါတို့ မှာ လည်း ပထဝီဓာတ်အားနည်းသည်၊ ပထဝီဓာတ် အားနည်း နေသည့် သတ္တဝါ၏ အသားကို စားသောက်ရသဖြင့် အကြောင်းထူးမည်မဟုတ်၊ ကိုအချိန် ထိုအခါကာလအချိန်အထိ ယခုသိပ္ပံဆရာတို့ ရှိနေဦးမည် ဆိုလျှင် သက်ရှိသက်မဲ့ ရုပ်ဝတ္ထုတိုင်း၌ ပရိတင်းဓာတ်, ဗီဘာမင်ဓာတ် တွေ အားနည်းကုန်ပြီဟု ညည်းညူကြလေမည်လားမသိ။

သဘာဝအဘိဓမ္မာ, ဗုဒ္ဓအဘိဓမ္မာကို ပယ်ပယ်နယ်နယ် ခရာစေ့ တွင်းကျ မလေ့လာသူ၌ ဥတုတေဇော မင်းမူလာသည်ဟူသော အကြောင်း ဇာစ်မြစ်ကို တစ်တစ်ခွခွ သိချင်မှလည်း သိပေမည်။

ကမ္ဘာမြေထုကြီးထွားလာခဲ့သလောက် ပင်လယ်တိမ်ဖြစ်လာရမည့် ရေနေကျဉ်း၍ အားနည်းလာရမည်၊ပင်လယ်သမုဒ္ဒရာ ရေနည်းလာသည့်အခါ ဝသန္တမိုးဥတုတွင် ရွာသွန်းနေကျမိုးရေမိုးပေါက်တို့ အားနည်းလာရမည်၊ မိုးပါးလာရမည်၊ မိုးခေါင်လာရမည်၊ မိုးရေကိုအားပြုနေရသည့် ကောက်ပဲသီးနှံသစ်ပင် သစ်သီးတို့မှာ ပထဝီခေတ်, ရသခေတ် ဩဇာခေတ်တို့ သိမ်ဖျင်းလာရမည်၊၎င်းတို့ကိုအားထားစားသောက်နေရသည့် သက်ရှိသတ္တဝါတို့ အားနည်းကြုံလှီလာကြမည်၊ ၎င်းကိုဆုတ်ကပ်ဟုခေါ်သည်။

အပူကို အန္တပြိုင်ဆိုင်နေသည့် ရေခဲခေတ်အအေးခေတ် အားနည်းခြောက်ခန်းလာသည့်အခါ ဣပူဉဏှတေဇောတခုတည်း ကမ္ဘာမြေထုကို လွှမ်းမိုး၍ နှစ်ပရိစ္ဆေဒ ကာလကြာသည့်အခါ- ခြောက်လေ မြစ်ကြီး၊ အိုင်ကြီးသမုဒ္ဒရာ၊ ဧက္ကဝါဠိုးဖ၊ မီးလျှံကြွ၍၊ သခါရခပင်း၊ ပြာမကြွင်းခဲ့၊ ဟင်းလင်းထက်အောက်၊ မိုးမှောင်ရောက်၍- ဉဏှတေဇော အပူမီးကြောင့် ကမ္ဘာပျက်ရတော့သည်။

## ရေခဲခေတ်မှမြေခေတ် အဘယ်ကစ၍ ပေါ်ပေါက်လာခဲ့ပါသနည်း

ကမ္ဘာပျက်ပြီးသည့်နောက် အပူခေတ်အရှိန်ကုန်လာသည့်အခါ အအေးခေတ်အလှည့်သို့ ရောက်လာခဲ့ရပြန်သည်၊ ထိုအခါ အအေးခေတ်၏ သဘာဝအတိုင်း စိုစွတ်ခြင်းမှ တစတစ ဆီးနှင်းများကျလာသည်၊ ဆီးနှင်းပေါက် ကြီးထွား၍ မိုးသားတိမ်ဘိုက်ကြီးများ အင်တိုက်အားတိုက် ဖြစ်ပေါ်လာသည်ကစ၍ ကမ္ဘာပြုမိုးကြီး ဖြစ်ပေါ်ရွာချလာသည့်အခါ အဆုံးအစမရှိသည့် လေထုကြီးအပေါ်တွင် ရေပြင်ဖြစ်လာရသည်၊ ရေ၌ အသွန်သိမ်မွေ့သည့် အမာခံရုပ်ကလေးများမှာ နှစ်ပေါင်းသန်းနှင့်ချီ၍ ကုဋေနှင့်ချီ၍ ကြာမြင့်လာသောအခါ တစတစ စုဝေး ပေါင်းစပ်မိကြပြီး ရေအပြင်မှ စုံ့စုံ့ကလေး ခေါင်းပြူလာခဲ့၏၊ အနှစ် သိန်းသန်းမက ကာလကြာမြင့်လာသည့်အခါတွင် အမာခံမြေငူတခု အဖြစ်သို့ ပြောင်းလဲလာခဲ့ပြန်သည်။

ထိုမြေကို မြေဦးခေါင်း ဟု ခေါ်သည်၊ ထိုမြေမှ ကမ္ဘာ့တန်ဆာ ကြာပင် ပေါက်လာခဲ့၏၊ ကမ္ဘာသစ် မြေသစ် စတင် ဖြစ်ပေါ်တိုင်း ကြာပင်ပေါ်မြဲဖြစ်သည်၊ အချို့ကမ္ဘာသစ်တွင် ကြာပင်သာ ပေါက်၍

အပွင့်မပါခဲ့၊ အချို့ကမ္ဘာတွင် ကြာပင်လည်းပေါက်သည့်, အပွင့်လည်း ပါလာသည်၊ လုံးဝကြာပွင့် မပါသည့် ကမ္ဘာကို သုညကမ္ဘာဟု ခေါ်သည်။

ကြာတပွင့်ပါသည့်ကမ္ဘာကို ဘုရားတဆူသာပွင့်နိုင်သည့် သာရကမ္ဘာ, ကြာပွင့်နှစ်ပွင့်ပါသည့်ကမ္ဘာကို ဘုရားနှစ်ဆူ ပွင့်မည့် မဏ္ဍကမ္ဘာ, ကြာသုံးပွင့်ပါသည့် ကမ္ဘာကို ဘုရားသုံးဆူပွင့်နိုင်သည့် သာရမဏ္ဍကမ္ဘာ, ကြာလေးပွင့်ပါသည့် ကမ္ဘာကို ဘုရားလေးဆူအထိ ပွင့်နိုင်သည့် ဝရကမ္ဘာ, ကြာငါးပွင့်ပါသည့်ကမ္ဘာကို ဘုရားငါးဆူအထိ ပွင့်နိုင်သည့် ဘဒ္ဒကမ္ဘာဟု ခေါ်သည်။

ဘုရားလုံးလုံး မပွင့်သည့်ကမ္ဘာကို သုညကမ္ဘာခေါ်၍ ငါးဆူ အထိ ပွင့်နိုင်သည့် ဘဒ္ဒကမ္ဘာကို အမြတ်ဆုံးကမ္ဘာဟု ခေါ်သည်၊ ငါးဆူထက် ပိုမပွင့်နိုင်၊ ယခုကမ္ဘာကား ဘဒ္ဒကမ္ဘာပင်တည်း၊ လေးဆူပွင့်ပြီး နောက်ဆုံး တဆူသာ ကျန်တော့၏၊ ကြာပွင့်သည် ကမ္ဘာ့တံဆိပ် နိမိတ်သင်္ကေတပင် ဖြစ်သည်။

[ထိုကြာပင်အပွင့်တို့၌ တပွင့်လျှင် သယံဇာတ ကမ္ဘာ့တန်ဆာ ကြာသင်္ကန်းများ ပွင့်တော်မူကြမည့် ဘုရားရှင်တို့၏အရေအတွက် အတိုင်း ပါရှိပြီး ဖြစ်သည်။]

သုဒ္ဓါဝါသဘုံတွင် ရှိကြသည့်ဗြဟ္မာကြီးများသည် သင်္ကန်းထိန်း ဗြဟ္မာကြီးများ ဖြစ်ကြ၏၊ ထိုဗြဟ္မာကြီးများသည် ဤကမ္ဘာသစ်သို့ လာရောက်၍ ဘုရားပွင့်မည့်ကမ္ဘာ ဟုတ်မဟုတ် စူးစမ်းကြသည်၊ ကြာပင်၌ ကြာပွင့်များကို မြင်ရသည့်အခါ ဝမ်းသာ ဝမ်းမြောက် ဖြစ်ကြသည်၊ ဤကမ္ဘာကား အမိုက်မှောင် ပယ်ဖျောက် အလင်းရောက်မည့် ကမ္ဘာတည်းဟု ကြာသင်္ကန်းများကို သိမ်း၍ သုဒ္ဓါဝါသဘုံသို့ ပြန်ကြ၏။

ကြာပင်ကိုသာမြင်၍ ကြာပွင့်ကို မမြင်ကြရသောအခါ သြော်-ဤကမ္ဘာသည်ကား အမိုက်တိုက်လွှမ်း၍ မှုန်ကန်သည့် အသိဉာဏ် ကန်းကြတော့မည်တကားဟု ညည်းတွား၍ပြန်ကြသည်၊ ဤကြာပင်ပေါက်ရောက်လာသည့် ပထမမြေဦးကလေးသည် ကမ္ဘာသစ် ဖြစ်ပေါ်လာသည့်အခါ ဦးဦးဖျားဖျား ပေါ်၍ ကမ္ဘာပျက်သည့်အခါ နောက်ဆုံးမှ ပျက်စီးရသည်၊ ဤမြေကို "နက်လေးနှစ်ထောင် မြေဦးခေါင်း"ဟုလည်း ခေါ်သည်၊ "အပ္ပရာဇိတ ကမ္ဘာ့မဏ္ဍိုင် မြေဦးကိုင်" ဟူ၍လည်း ခေါ်သည်။

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြပြီးနှင့် နောင်ဖြစ်ပေါ်လာမည့် ကမ္ဘာသစ်များ၌လည်း ဤကမ္ဘာ့ထွန်းကား မြေမျိုးမှာသာ ပွင့်တော်မူကြသည်၊ ယခုဘဒ္ဒကမ္ဘာတွင်လည်း တဆူ တနေရာမပွတ်၊ ဤနေရာ၌သာ သစ္စာလေးပါးကို သိမြင်တော်မူကြသည့် ဘုရားအဖြစ်သို့ ရောက်ကြသည်။

ကမ္ဘာမြေ၏အလယ်ဗဟိုကို ပါဠိဘာသာအားဖြင့် မဇ္ဈိမဟုခေါ်၏၊ မဇ္ဈိမမြေနေရာ၌ ပွင့်တော်မူကြသည့် ဘုရားရှင်တို့၏ အဆုံးအမ စကားတော်များ, ဒေသနာတော်များမှာလည်း မဇ္ဈိမပဋိပဒါ လမ်းစဉ်သာ ဖြစ်နေရသည်မှာ ပွင့်တော်မူရာဌာနနှင့် ဝါဒလမ်းစဉ်မှာ တဖက်စွန်းသို့ ရောက်သွားသည်မရှိ၊ မဇ္ဈိမပင်ဖြစ်နေ၍ ဌာနနှင့် ဌာနီညီမျှ၍ သဘာဝကျလှပါတကား။

ဌာနနှင့်ဌာနီ သဘာဝပီပြင်သည်ဟူ၍ပင် ဆိုရပါမည်၊ ဤကမ္ဘာသစ်တည်ဆောက်ပုံအကြောင်းကိုလောကဝိဒူမော်ကွန်းတွင် အောက်ပါအတိုင်း ရေးစပ်ခဲ့ပေသည်။

* ပေါ်ဦးကမ္ဘာ၊ လက်မွန်စွာသား၊ မင်္ဂလာဖြစ်၊ အာဘာခေတ်ကို၊ ထစ်ထစ်ရိုက်ကြူး၊ မိုးလုံးမြူးသော်၊ ငုံဖူးညွတ်ကိုင်း၊ မဇ္ဈေတိုက်ထက်၊ သမိုက်အပြင်၊ ပလ္လင်ရတနာ၊ တည်ရာတော်ချက်၊ ဘုမ္မိနက်ကား၊ အမျက်နောက်သေး၊ အဖြစ်ရှေးတည့်၊ နက်လေးနှစ်ထောင်း၊ မြေဦးခေါင်းနှင့်၊ ပွင့်ညောင်းမုံအာ၊ ပဒုမ္မာကို၊ သုညာသုည၊ ကမ္ဘာ့နိမိတ်၊ ဘုရားဟိတ်လျှင်၊ ဆိတ်အံ့ပွင့်လော၊ သဘောသိဌာ၊ ကြည့်အံ့လာသည်၊ သုဒ္ဓါဝါသား၊ ဗြဟ္မာများတို့၊ ပဏ္ဍမြားပွင့်ချပ်၊ မမြင်လတ်မူ၊ ဤကပ်အလို၊ ဗိုလ်ဖလဌာန်၊ နိမ္မာန်ဟောကြား၊ တရားသတင်း၊ နတ်ကြောင်းကင်းလျက်၊ မလင်းအတိ၊ ဝိစိမြေထဲ၊ ငရဲပြည်ရွာ၊ စည်ပြောသာလိမ့်၊ ခက်ကြာငုံဖူး၊ ပန်းဦးခိုင်ဆင့်၊ လှိုင်ပေတင့်ကား၊ တပွင့်တဆူ၊ ဆွတ်ယူခန့်ကြိုး၊ နှစ်–သုံး–လေးငါး၊ ဘုရားနှင့်ကြာ၊ ကမ္ဘာဆတ်ဆတ်၊ ဗြဟ္မာဘတ်၍၊ သတ်ပတ်သဘင်၊ မော်ကွန်းတင်သည်။ ။သို့စဉ်မဖြစ်တော့ာင်းဆဲတည့်။

ဟုစပ်ဆိုခဲ့လေသည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသား အနော်မာသောင်စွယ်တွင် ဆံတော်ကို ပယ်ရှင်းပြီးသည့်အခါ ဃဋိကာရဗြဟ္မာ ကြာသင်္ကန်းပိုက်၍ ဘွားကနဲ ဆိုက်ရောက်လာသည်မှာ ထိုပဒုမ္မာကြာပွင့်မှ သိမ်းထားသည့်ကြာသင်္ကန်း ပင် ဖြစ်၏။

## မြေခေတ်တိုးပွားလာခဲ့ပုံအာဂမနှင့် သာဓကကို ပြဆိုခြင်း

ကကုသန်ဘုရားရှင် လက်ထက်တော်၌ သံဃပစ္စည်းကို ခိုးဝှက်စား သောက်မိ၍ ပြိတ္တာကြီးများဖြစ်နေကြသည့် ဆွေမျိုးတစုတို့မှာ အလွန် ပင်ပန်းဆင်းရဲ ဘေးဒုက္ခဖြင့်သာ အချိန်ကြာမြင့်စွာ နေကြရသဖြင့် ကောဏာဂုံဘုရား ပွင့်တော်မူသည့်အခါ သွားရောက်လျှောက်ထားကြသည်မှာ-

မေး။ ။အရှင်ဘုရား....ဤသို့ ဝဋ်ဒုက္ခမှ တပည့်တော် တို့သည် မည်သည့်အချိန်အခါတွင် လွတ်ကင်းရပါမည်နည်း။

ဖြေ။ ။ဤကမ္ဘာမြေကြီးသည် အထက်သို့တယူဇနာ မြင့်မား လာသည့်အချိန်တွင် ကဿပဘုရား အထင်အရှား ပွင့် တော်မူလာလိမ့်မည်၊ ထိုအခါ မေးလျှောက်ကြဟု မိန့် တော်မူလိုက်၏။

ကဿပဘုရားပွင့်တော်မူသည့် အခါတွင် ထိုပြိတ္တာကြီးတို့ ရှေးနည်း အတိုင်း လျှောက်ထားကြပြန်သည့်အခါ ဤကမ္ဘာမြေကြီးသည် အထက် သို့ တယူဇနာ မြင့်မားလာသည့်အခါ ဂေါတမဘုရား ပွင့်တော်မူ လိမ့် မည်၊ ထိုအခါ မေးလျှောက်ကြဟုပင် ညွှန်ကြားတော်မူခဲ့၏၊ ထိုဘုရား ရှင်တို့၏ စကားတော်များမှာ မှန်ကန်ပါသည်။

ဤကမ္ဘာမြေသည် တဖြည်းဖြည်း အထက်သို့မြင့်တက်လာခဲ့၏၊ နှစ် ပေါင်း ၂၅၀၀-ခန့်အတွင်းမှာပင် ဗုဒ္ဓနှင့်ဆိုင်ရာ ရှေးဟောင်းအဆောက် အဦးများမှာ မြေတွင်နစ်မြုပ်နေ၍ တူးဖော်နေကြရပြီ၊ ပါကစ္စတန် တိုင်းပြည် ပထန်ပြည်နယ်နှင့် အနီးကပ်ဆုံး တနေရာတွင် ရှေးဟောင်း တက္ကသိုလ် ကျောင်းတော်ကြီးများ တူးဖော်နေကြရသည်ဟု သိရ၏၊ ဤတက္ကသိုလ်မှ ဓာတ်နိပါတ်တော်များတွင် မကြာမကြာ တွေ့ရသည်။

ဒိသာပါမောက္ခ ဆရာကြီးများ ဦးစီးသည့်တက္ကသိုလ်ကြီးပင်ဖြစ်၏၊ ရာဇဂြိုဟ်ပြည်ကား ဆရာဇီဝကတို့ကဲ့သို့ တကယ့်ဆေးဆရာ ပညာရှင်များ ကို မွေးထုတ်ပေးခဲ့သည့် တက္ကသိုလ်ကြီးပင်တည်း။

အအေးသီတခေတ်မှ အမာခံရုပ်မှုန်ကလေးများကို အမြဲမပြတ် မွေး ထုတ်ပေးခဲ့သည်ဟု ဖော်ပြခဲ့ခြင်းမှာ သဘာဝပိုင်းဖြစ်သည်။

ယခု ပြဆိုခဲ့သည့် ဗုဒ္ဓ၏စကားတော်များမှာ အာဂမပိုင်းဖြစ်သည်၊ ပြယုဂ်-ဥဒါဟရဏ် ထုတ်ဆောင်သည့် ရှေးဟောင်း အဆောက်အဦကြီးများမှာ (သာဓကပိုင်း) ဖြစ်ပါသည်။

**မဇ္ဈိမဒေသ၏ နေရာနှင့်ဥပစာအကျယ်အဝန်းကို စာပေအရဖော်ပြခြင်း**

၁။ လောကီကျမ်းဂန်အလိုအားဖြင့် အနောက်တောင်ကိုအလား- ဂင်္ဂါမြစ်နှင့် ယမုနာမြစ်ဆုံရာ နေသာဒပုဏ္ဏား ရေချိုးသည့် ပယာဂမည်သော ရေချိုးဆိပ်။

၂။ မြောက်ကိုအလား-ဟိမဝန္တာမည်သော တောစအရောက်။

၃။ တောင်ကိုအလား- ဝိဥ္ဈမည်သောတောင်။

၄။ အရှေ့ကိုအလား-ဝိနသနမည်သောဆိပ်။

ဤနယ်ရပ်အတွင်း မဇ္ဈိမဒေသမည်၏၊ ၎င်းမဇ္ဈိမဒေသအတွင်း၌ပါသည့် နိုင်ငံမြို့ရွာတို့ကား—

မြောက်ပိုင်း၌ ကုရုတိုင်း, တောင်ပိုင်း၌ မဂဓတိုင်း, အလယ်ပိုင်း၌ ကောသလတိုင်း, ပဉ္စာလတိုင်း, ဝိဒေဟတိုင်း, ကာသိတိုင်း, သက္ကတိုင်း အစရှိသော တိုင်းကြီးတို့တည်း။

ယခုအခါ ကာသိတိုင်း ဗာရာဏသီမြို့ကို သိုးဆောင်းတို့ကဗာဏာရပ်ခေါ်သည်၊ မာဂဓတိုင်းကို ဗိဟာခေါ်သည်၊သက္ကတိုင်းကို က တွက်ခေါ်သည်၊ကမ္ဘာဦး အစ ပထမဆုံးပေါ်ပေါက်လာသည့် မြေသည် မုချမဇ္ဈိမ ဖြစ်၏၊ အထက်တွင် ဖော်ပြခဲ့သည့် အကျယ်အဝန်းမှာ ဥပစာအားဖြင့် မဇ္ဈိမဒေသဖြစ်၏။

**မြေတိုးနှုန်း မည်မျှရှိနိုင်ခြင်းနှင့် ဘူမိဗေဒပညာရှင်တမျိုး လိုနေသေးခြင်းအကြောင်း**

မြေခတ်တိုးပွားခြင်းမှာ သီဘခတ်မှအမာခံ ရုပ်ကလာပ်တို့ တိုးပွားခြင်း၊နှင့် ရက္ခဗေဒပစ္စည်းများ ဖြစ်ပွား၍ မြေခတ် မိုးမောက်လာရပုံများဟူ၍ နှစ်မျိုးရှိသည်၊ သဲကန္တာရအရပ်ဒေသနှင့် သစ်ကြီးဝါးကြီးထူထပ်ပေါများသည့် ဒေသနှစ်မျိုးတွင် ဒုတိယဒေသမျိုးမှာ မြေခတ် တိုးပွါးမှုနှုန်း လျင်မြန်သည်၊ သစ်ဝါးများမှ ပင်စည် အကိုင်း အခက် အရွက်တို့ ဆွေးမြေ့၍ မြေသြဇာအဖြစ်သို့ ရောက်ရှိလာကြရသည်။

သတ္တလောကရှိ တကမ္ဘာလုံး တိရစ္ဆာန်နှင့် လူသတ္တဝါတို့ နေ့စဉ်အမြဲ သုံးစွဲနေကြသည့် အစာအာဟာရနှင့် အသုံးအဆောင်ပစ္စည်း ဟူသမျှတို့မှာ ၉၀-ရာခိုင်နှုန်း ရူပဗေဒပစ္စည်းတွေသာဖြစ်၏၊ ၎င်းတို့မှ ဟောင်းနွမ်း၍ မြေဩဇာ ဖြစ်ကြသည်၊ ဘူမိဗေဒပစ္စည်း, ဓာတုဗေဒ ပစ္စည်းများမှာ ရုက္ခဗေဒလောက် မများချေ၊ လူတကိုယ်လုံးတွင် ရှိသည့် ပစ္စည်း, အိမ်တဆောင်လုံးတွင် ရှိသည့် ပစ္စည်း, သက်ရှိသတ္တဝါတို့ နေ့စဉ်သုံးနေသည့် အစာ—ဤသုံးမျိုးသောက်ကိုသာ ပထမ စစ်ဆေးကြည့်လျှင် ရုက္ခဗေဒ ပစ္စည်း မည်မျှ များပြားသည်ကို တွေ့သွားနိုင်ပါသည်၊ ၎င်းတို့ ဟောင်းနွမ်းဆွေးမြေ့သည့်အခါ မြေဩဇာဖြစ်လာကြပြန်သည်၊ တကမ္ဘာလုံးတွင် ဗုဒ္ဓ၏ပွင့်တော်မူရာ မဇ္ဈိမဒေသ တိုးပွါး မိုမောက်လာပုံနှင့် အခြားတိုင်းပြည်မြို့ရွာဒေသတို့ တိုးပွါးပုံမှာ ခြားနားနေရမည်သာ ဖြစ်သည်။

ရှေးခေတ် ဘူမိဗေဒ ပညာရှင်တို့မှာ မြေ၏ ကြွန်အင်နှင့် အကျိုး, အပြစ်များကိုသာ လေ့လာကြသည်ကို အကဲခပ်မိပေသည်၊ ယခုခေတ် ဘူမိဗေဒပညာရှင်တို့မှာ မြေမှဖြစ်ပေါ်လာနိုင်သည့် သယံဇာတ ပစ္စည်း မျိုးများကိုသာ လေ့လာရှာဖွေကြသည်ကိုသာ အကဲခပ်မိပေသည်၊ မြေ အထက် အောက်အဘိုးနှုန်းကို ကာလဒေသ လိုက်၍ စူးစမ်းရှာဖွေသည့် ဘူမိဗေဒပညာရှင်များကိုကား မတွေ့မိသေးပါ။

ဤပညာရှင်မျိုး နောင်ဘခေတ်တွင် ပေါ်ပေါက်မလာဟု မည်သူမျှ ပြောနိုင်မည်မဟုတ်၊ ဤမျှတိုးတက်နေသော ခေတ်တွင် တနေ့အမှန်ပေါ် လာဘို့ ရှိပါသည်၊ ပေါ်လာလျှင် မည်သို့သော အကျိုး,အပြစ်များကို တင်ကြို၍ သိရှိနိုင်ပါမည်နည်း၊ ကမ္ဘာမြေထုကြီး တစတစ တိုးပွါး ကြီးထွားလာခဲ့သည်နှင့်အမျှ နေ၏ အပူဓာတ်နှင့် အနှစ်သန်းချိ၍ ကြာလေ အပူရှိန်ပြင်းလေ ရေဓာတ် မြေဓာတ်တို့ ဩဇာဓာတ် ခန်းခြောက်လေ အစာအာဟာရနှင့် သက်ရှိသတ္တဝါတို့ ထိခိုက်လေဖြစ်လာနိုင်သည်။

ဗုဒ္ဓဘာသာ စာပေတွင် နေ ၇-စင်း ထွက်လာသည့်အခါ မီးဓာတ်ကြောင့် ကမ္ဘာကြီး ပျက်စီးရမည် ဆိုခဲ့၏၊ ဤစကားသည် တကယ်ပင် နေ ၇-စင်းထွက်လာမည်လော၊ သို့တည်းမဟုတ် ယခုပူနေသည့် နေအပူရှိန်ထက် ၇-ဆ သာလွန် ပူကဲလာမည်ကို ဥပစာ စကားဖြင့် တင်စား၍ ပင် ပြောသွားသော စကားပေလောဟု မည်သူမျှ အတပ်မပြောနိုင်ပါပေ။

## သန္ဓေတည်စကြယ်

ကြယ်, နက္ခတ်, တာရာများအကြားရှိ ဖုန်မှုန့်နှင့် ဓာတ်ငွေ့တိမ်တိုက်တို့ ပေါင်းစည်းရာမှ ဖြစ်ပေါ်လာသော သန္ဓေတည်စ အမြုတေကြယ် နက္ခတ်တလုံးကို အမေရိကန်နက္ခတ်ပညာရှင်များက တွေ့ရှိထားပြီ ဖြစ်သည်၊ ၎င်းကို အမည်ပေးထားပြီး ယင်းအမြုတေကြယ်သည် ဤကမ္ဘာမှ အလင်းနှစ် ၁၀၀၀၀၀-ဝေးပြီး နဂါးငွေ့တန်းအတွင်း၌ တည်ရှိသည်ဟု ဆို၏။

ယင်းကြယ်သည် နေ၏စွမ်းအင်ထက် အဆ ၁၀၀၀၀-ရှိသော စွမ်းအင်ထုတ်လျက်ရှိပြီး အရွယ်မှာ နေစကြာဝဠာထက် ပို၍ကြီးပြီး အပူရှိန်မှာ ဖာရင်ဟိုက်ဒီဂရီ ၁၇၀-သာ ရှိသေးသည်ဟုဆို၏၊ သိပ္ပံပညာရှင်တို့ သန္ဓေတည်စ နေအသစ်တခုကို တွေ့ရှိထားသည့်အတိုင်း အကယ်ပင် နေပိမာန် ဖြစ်နေခဲ့လျှင် နောင်လည်း နေအသစ်အသစ်များ နှစ်သန်းပေါင်းလေးထောင်နှင့် ငါးထောင်ကြား ပေါ်လာနိုင်သည့် အလားအလာများ ရှိနေပြန်သည်၊ နေ ၇-စင်း ဖြစ်ပေါ်လာသည့်အခါ ကမ္ဘာသည် အပူမီးဓာတ်ကြောင့် အမှုန်ပျက်မည့် အကြောင်း ရှိနေပေသည်။

မြေတိုးမြေမြင့်သိသော ဘူမိဗေဒပညာရှင်များ ပေါ်ထွက်လာလျှင် အနှစ်တထောင် ကြာသည့်အခါ မြေသည်အထက်သို့ အဘယ်နှစ်ပေ မြင့်လာနိုင်သည်၊ အနှစ်တသောင်းကြာသည့်အခါ, တသိန်းကြာသည့်အခါ, အနှစ်ဘသန်းကြာလာသည့်အခါ အတောင်ပေါင်း–အတာပေါင်း မည်မျှ တက်လာနိုင်သည်ဘိုကို ခန့်မှန်းနိုင်ပြီ၊ ၎င်းနောက် ဥသဘ, ကောသ, ဂါဝုတ်, ယူဇနာအထိဖွံ့ရန် ခန့်မှန်းနိုင်ပြီ၊ ယင်းသို့ဖြစ်လျှင် ဤမြေကြီးသည် အထက်သို့ ရှင်ဂေါတမဗုဒ္ဓပွင့်သည်ကာစ၍ တယူဇနာ၊ မိုင်အားဖြင့် ၁၂-မိုင်, ၆-ဖာလုံ, ၁၄-ပိုလ်နှံ့မြင့်တတ်လာသည့် အခါ နှစ်ပေါင်းဘယ်နှစ်သိန်း ဘယ်နှစ်သန်းမျှ ကြာသည့်အခါမှာ အရိမေတ္တယျဘုရား ပွင့်တော်မူလာနိုင်သည်ဟူသော ခန့်မှန်းချက်မှာ အဘယ်မှာလျှင် အဖြေမထွက်လာနိုင်ဘဲ ရှိမည်နည်း။

အထက်တွင် ဖော်ပြခဲ့သည့် ဘူမိဗေဒပညာရှင်မျိုးသာ ရှိလာခဲ့လျှင် အရိမေတ္တယျ ပွင့်တော်မူလာမည့်ခေတ်ကို စိတ်ကူးယဉ်မဟုတ် တကယ်ပင် တွက်ချက်နိုင်စရာ ရှိပါသည်၊ အရိမေတ္တယျ ဘုရားအလောင်းတော်

မှာလည်း ယခုအခါ တုသိတာနတ် ပြည်တွင်ရှိ၍ လူ့ပြည်သို့ ဆင်းကာ ဤဘဒ္ဒကမ္ဘာမှာပင် ပွင့်တော်မူလာမည်ကား မှန်၏၊ သို့ရာတွင် ဘုရားဖြစ်ရန် အချိန်ကာလ အလွန်ဝေးသေး၏။

ယခုတရာတန်းမှာ လူပြည်သို့ဆင်း၍ ဘုရားဖြစ်မည်မဟုတ်၊ ဤအချိန်ကား မည်မျှပင်တရားတွေသိသိ စာရိတ္တခေတ်မဟုတ်၊ ဗဟုသုတတွေများများရှိပြီး ထင်ရာလုပ်သောခေတ်၊ ဆရာလုပ်လိုသောခေတ်၊ သုတခေတ်သာ ဖြစ်ချေ၏ တကား၊ ဘုရားအလောင်းတော်တိုင်း ရှောင်ရှားကြမည်သာဖြစ်မည်၊ ယခုတရာတန်းမှ ၁၀-နှစ်တန်းအထိ ဆုတ်ပြီး နောက် တစတစ တက်ခေတ်ပြန်ရောက်၍ အသင်္ချေယျတန်း ရောက်သော်လည်း လူ့ပြည်သို့ ဆင်း၍ ဘုရားဖြစ်ဦးမည်မဟုတ်။

အသင်္ချေယျတန်းမှ ဆုတ်၍ ဆုတ်ကပ် တသိန်းတန်းနှင့် တရာတန်း အကြားရောက်မှသာ ပွင့်တော်မူမည်ဖြစ်၏၊ ယခုမူကား ဆုတ်ကပ်ပင် ကုန်သေးပေ၊ဆုတ်ကပ်ကုန်၍ အသင်္ချေယျရောက် နောက်တကြိမ် ပြန်အဆုတ်ကို စောင့်ရပေဦးမည်၊ ဂေါတမဘုရားရှင် ပွင့်တော်မူသည်မှ မဇ္ဈိမဒေသ၏ မြေအထက်သို့ တယူဇနာမြင့်လာသည်အထိ နှစ်ပေါင်းမှာ လည်း သန်းနှင့်ချီ၍ ကြာပေဦးမည်။

"ပတ္တမြားပလ္လင်နှင့် ကန့်ကော်ပင်တွင် အရိမေတ္တေယျရှင်ပင် ပွင့်တော်မူလာသည့်အခါ ဆီမီးငါးတိုင် ကြာငါးခိုင်ဖြင့်လက်ဦးစွာဖူးတွေ့၍ တရားဦး နာရပါစေသား၊ ကျွတ်တန်းဝင်ရပါစေသား" ဟု တဖွဖွ ဆုတောင်းပတ္ထနာပြုနေကြသည်၊ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့မှာလည်း ထင်သလောက်မလွယ်ဘည်ကို အမှန်သိမြင်လာကြသည့်အခါ မျှော်တော်ဇောဖြင့် အတော်ပင် မောသွားရှာကြပေလိမ့်မည်၊ ဗုဒ္ဓဘာသာ စာပေအရကို လက်တွေ့သိပ္ပံနည်းကျကျ တွက်ချက်ခဲ့သော် မလွယ်မလွယ် တကယ်ပင်မလွယ် အဟုတ်မလွယ်လှပါ။

ထို့ကြောင့် "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော" ဟု အစချီ၍ ဒုလ္လဘတရားငါးပါးရှိကြောင်းကို နေ့စဉ်ဟောတော်မူခဲ့၏၊ ၎င်းပါဠိကိုမြန်မာပြန်လိုလျှင် "ရဟန်းတို့....ဘုရား တဆူတဆူ ဖြစ်ပေါ်ပွင့်ထွန်းလာရန် ခဲယဉ်း၏၊ ရခဲ၏၊ မမေ့မလျော့သော သတိ အသိတရားဖြင့် ပြည့်စုံကြကုန်လော့" ဟု ဆိုလိုရင်းဖြစ်သည်၊ဘုရားတဆူ

တဆူ ပွင့်တော်မူလာရန် ရခဲသော ဒုလ္လဘတခုဟုသာ ဟောတော်မူခဲ့၏၊ လွယ်သည်ဟု အဘယ်ဘုရားရှင်ကမှ မဟောခဲ့ကြကား၊ ကျန်နေသည့် ဒုလ္လဘလေးမျိုးမှာ ဤအကြောင်းနှင့်မပတ်သက်၍ မဖော်ပြတော့ပါ။

နောက်ထပ်ခဲယဉ်းသည့် အကြောင်းတရပ်ရှိသေး၏၊ အရှင်ဂေါတမ ဗုဒ္ဓအလောင်းတော် သေတကေတုနတ်သား တုသိတာ နတ်ပြည်၌ ဖြစ်တော်မူနေချိန်မှာ တသောင်းသောစကြာဝဠာတိုက်မှနတ်ပြဟ္မာအပေါင်းတို့ သောင်းသောင်းဖြဖြ စည်းဝေး ရောက်လာကြကန်လှုက် တညီတညွတ်တည်း လျှောက်ထားကြသည်မှာ "အလောင်းမင်း ဘုရားဖြစ်အံ့သောငှာ အချိန်တန်ပါပြီ၊ လူ့ပြည်သို့ ဆင်း၍ ဘုရားဖြစ်တော်မူပါလော့" ဟု တောင်းပန်ကြ၏။

ထိုအခါတွင် အလောင်းတော်နတ်သားသည် ရှေးရှေးဘုရားအလောင်းတော်တို့၏ တုံးတမ်းစဉ်လာအတိုင်း ကြည့်ခြင်းငါးပါးဖြင့် ကြည့်တော်မူ၏။

## ကြည့်ခြင်းကြီးငါးပါး

၁။ ကာလ-ဘုရားဖြစ်ရန် အချိန်ကာလ-ဟုတ်မဟုတ် ကြည့်တော်မူခြင်း၊
၂။ ဒီပ-ဘုရားဖြစ်ရမည့်ကျွန်းကို ကြည့်ခြင်း၊
၃။ ဒေသ-ဘုရားဖြစ်ရမည့် အရပ်ဒေသကိုကြည့်ခြင်း၊
၄။ ကုလ-လူ့ပြည်သို့ဆင်း၍ သန္ဓေယူရမည့် အမျိုးအနွယ်ကို ကြည့်ခြင်း၊
၅။ မာတု အာယု ပရိစ္ဆေဒ-မယ်တော်၏ အသက်အပိုင်းခြားကို ကြည့်ခြင်း၊

ဤငါးမျိုးတွင် ကာလမှတပါး အခြားအကြောင်းများမှာ ဤကမ္ဘာကြီး အတိုးအဆုတ် တက်ကပ်ဆုတ်ကပ်နှင့် မဆိုင်သောကြောင့် ဖော်ပြခြင်း မပြုတော့ပါ၊ ကာလမှာမူကား တက်ကပ်ကာလ, ဆုတ်ကပ်ကာလ, ဥတုနိယာမ, ဥတုသိတနှင့် စပ်ဆိုင်နေသဖြင့် ဖော်ပြရသော်—

ဘုရားအလောင်းတော်တိုင်း တသိန်းတန်းအထက်တက်ကပ် တက်ကပ်အချိန်မျိုးတွင် ဘုရားအဖြစ်ကို ယူတော်မူလေ့မရှိ၊ အဘယ်ကြောင့်နည်း၊

လူတို့အနာကင်း၍ အလွန်အသက်ရှည်ကြသဖြင့် မမြဲခြင်းအနိစ္စသဘောကို ဟောလျှင် ထင်လွယ်မြင်လွယ်ကြမည် မဟုတ်ဟု သိတော်မူသည်။

တရာတန်းအောက် ဆုတ်ကပ်ခေတ်သို့ရောက်သော် အနာရောဂါများ၍ အသက်တိုကြသဖြင့် သင်္ခါရသဘော, အနိစ္စသဘော ထင်မြင်လွယ်မည်ဖြစ်သော်လည်း ရုပ်ဝတ္ထု-ကာမ များပြားသလောက် ကိလေသာကာမတို့ များပြားသည့်အချိန်ဖြစ်၍ဘုရားတရားတော်ကိုနာကြားသူတွေ, သိသူတွေ များလည်း သိလျက်နှင့် လက်တွေ့လိုက်နာကျင့်ကြံသူ အလွန်နည်းပါးလျက် တရားဘော်ကို ချိုးဖောက်သူတွေကသာ များမည်ကို သိတော်မူသဖြင့် အလောင်းတော်တိုင်း ထိုတရာတန်းအောက်ကို ရှောင်ကြသည်၊ (လက်မြှောက်သည်ဟူလို) နတ်ပြဟ္မာအပေါင်းတို့ တောင်းပန်ကြသည့်အချိန်မှာ တရာတန်းနှင့် တသိန်းတန်းအတွင်း အလွန်သင့်လျော်သည့် ကာလဖြစ်၍တောင်းပန်ချက်ကို အလောင်းတော် လက်ခံတော်မူလိုက်၏။

### ပေဒင်ကျမ်းများအရ ဖို-မ ခေတ်ခွဲခန်း

"အန္တော၊ ဂဗ္ဘော၊ စ ရေ၊ ဝံ သေ" ခေတ်ကြီးလေးထွေရှိကြသည်တွင်—
**အန်**— တနင်္ဂနွေဂြိုဟ်—မီးတောက်ခေတ်ဖို။
**တော** – စနေဂြိုဟ်—မီးခဲခေတ်မ။
ဂဗ်–တနင်းလာဂြိုဟ်—ပံသုပထဝီမြေနုရွှံ့မြေခေတ်ဖို။
ဘော—ကြာသပတေးဂြိုဟ်—သိလာပထဝီကျောက်မြေခေတ်မ။
**စ**—အင်္ဂါဂြိုဟ်—လေပြေလေညှင်း လေသင်းခေတ်ဖို။
ရေ—ရာဟုဂြိုဟ်—လေပြင်းမုန်တိုင်းလေဆင်နှာမောင်းခေတ်မ။
ဝံ—ဗုဒ္ဓဟူးဂြိုဟ်—ရေကြည်ရေချိုခေတ်ဖို။
**သေ**—သောကြာဂြိုဟ်—ရေနောက်ရေငန်ခေတ်မ။

ဤသို့ခေတ်ကြီးလေးပါးကို ဂြိုဟ်ကြီး ၈–လုံး အမှတ်အသားဖြင့် သိထားရန် ရှေးဦးစွာလေ့လာပါ။ ဤနေရာ၌အထက်ပါ လက်ာအရအဓိပ္ပါယ်ကို ဖော်ပြရသော် မီးခေတ်ကစ၍ အစဉ်အတိုင်း ဖော်ပြသင့်ပေသည်။

သို့ရာတွင် ယခု ကမ္ဘာသစ်အထိ ပေါ်ပေါက်လာပုံကို အသေးစိတ်ဖော်ပြခဲ့ပါပြီ၊ တည်ဆောက်ထားပုံမှာ လေထု, ရေထု, မြေထု–သုံးလွှာ ပေါ်ထွက်လာပုံဖြစ်သည်၊ အောက်ဆုံးက ပူမှု, အေးမှု နှစ်ခုဖြစ်သည်။

မီးဓာတ်ကို အခြေခံ ထားပါသည်၊ သဘာဝဖြစ်စဉ်အတိုင်း ပြမည်ဆိုလျှင် ပုံအတိုင်း မီး၊ လေ၊ ရေ၊ မြေ ဓာတ်လေးတွေဟု ရေတွက်ရပါမည်၊ သို့ရာတွင် ဗုဒ္ဓဘာသာစာပေ ဗုဒ္ဓအဘိဓမ္မာ၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟု သဘာဝဖြစ်စဉ်ကို ဆန့်ကျင်၍ ဒေသနက္ကမအစဉ်ဖြင့် ပြဆိုခဲ့ပေသည်။

ရုပ်၊နာမ် နှစ်ပါး ပေါင်းထားသည့် သင်္ခါရသတ္တဝါများနှင့် သက်မဲ့ ရုပ်ဝတ္ထုတို့မှာ ဥပါဒ်-ဌီ-ဘင် မကင်း၍ အမှန်ပင် ပျက်စီးကြရသော ကြောင့် အစိုးမရ-အနတ္တ၊ အစိုးမရ ပျက်စီးကြရသောကြောင့်-အနိစ္စ၊ ထာဝရခိုင်မြဲနေစေလိုသော်လည်း လိုသလို မမြဲရသည်ကို သည်းမခံနိုင်ကြ၍ ဒုက္ခဖြစ်လာကြရ၏၊ ဆင်းရဲခြင်းသဘောတရား နှလုံးသား၌ ပေါ်လာ၍-ဒုက္ခ။

မှတ်ချက်။ ။ဤဖြစ်စဉ်မှာ သဘာဝဖြစ်စဉ်ပင်ဖြစ်သော်လည်း ဗုဒ္ဓဘုရားရှင်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဒေသနက္ကမအစဉ်ဖြင့် ပြခဲ့ပေသည်။

သင်္ခါရသတ္တဝါတို့ မည်သည် တည်ရာမှီရာနှင့် ကင်း၍ ရပ်တည်နိုင်စွမ်း မရှိကြကုန်၊တည်ရာ မှီရာ ဩကာသလောက ပဌမရှိပြီးမှ သင်္ခါရ သတ္တဝါ လောက ပေါ်လာရမြဲဖြစ်၏၊ သင်္ခါရလောကဆိုသည်မှာ သတ္တလောက နှင့် ဩကာသလောက၊ ဤနှစ်ခုတို့ မမြဲကြသည့် သင်္ခါရသဘောကို ကြည့်၍ ဆိုထားခြင်းဖြစ်သည်၊ သင်္ခါရလောက သီးခြားမရှိ။

သဘာဝဖြစ်စဉ်အတိုင်း ဩကာသလောက၊ သတ္တလောက၊ သင်္ခါရ လောက ဖြစ်သင့်သော်လည်း ဗုဒ္ဓဘုရားရှင်သည် ဒေသနက္ကမ အစဉ်ဖြင့် သတ္တလောက၊သင်္ခါရလောက၊ဩကာသလောကဟု ပြဆိုခဲ့ပေသည်။

ဗုဒ္ဓသည် သဘာဝ တရားအစစ်များကို အရှိအတိုင်း ထုတ်ဖော်ပေခဲ့ သည်၊ သို့ရာတွင် ဒေသနာအစဉ်ဖြင့် သတ္တဝါတို့ကို တရားမြင်ရန် ဟော တော်မူသည့်အခါ အမြန်ဆုံး မြင်နိုင် ထင်နိုင် သိလွယ် နိုင်သည့် ဒေသနက္ကမ အစဉ်ကိုသာ ပဓာန ထားတော်မူသည်၊ သဘာဝပဝတ္တိက္ကမကို ပဓာန မထားခဲ့ပေ၊ စာရေးသူအနေဖြင့် ရေမှမြေဖြစ်လာပုံကိုသာ ဒြပ်အနေဖြင့် ထင်လွယ် မြင်လွယ်မည် ဖြစ်သောကြောင့် မီး၊ လေ၊ ရေ၊ မြေ လေးတွေ သဘာဝအစဉ်ကို ပဓာန မထားကော့ဘဲ ရေဓာတ်ကစ၍ ပြပါသော့အံ့။

### ကမ္ဘာပြုမိုးရေအစ-ဖိုဓာတ်က၊ ရေချိုရေငန်အစ-ဖိုဓာတ်က

ကမ္ဘာပြုမိုးရွာချ၍ လေထုကြီးအပေါ်တွင် ရေပြင်အစုဖြစ်ပေါ်လာစဉ်က ရေကြည် ဓာတ်သက်သက် ရေချိုဓာတ် သက်သက်ဖြစ်သည်၊ ရေငန်မပေါ်သေး၊ ၎င်းရေကြည်ရေချိုမှာ ဖိုဓာတ်သက်သက်ဖြစ်သည်၊ ထိုအချိန်တွင် ဇလဗေဒဟု ခေါ်နေကြသည့် ရေဓာတ်မှာ သက်ရှိသတ္တဝါ မပေါ်ပေါက်သေး၊ ရေငန်ရေနောက်လည်း မဖြစ်သေး။

### ဘယ်အတွက် ရေငန်ဓာတ်ပေါ်ပေါက်လာရပါသနည်း

အာယုဗ္ဗေဒဆေးကျမ်းများတွင် အောက်ပါအတိုင်း ပြဆိုထားခဲ့သည်၊ ရသာယနဖြစ်ပေါ်လာပုံ—

၁။ ပထဝီဓာတ်, အာပေါဓာတ်နှစ်ပါးကြောင့် ဆိမ့်ချိုသော ရသာပေါ်လာရသည်။

၂။ တေဇောဓာတ်, ပထဝီဓာတ်နှစ်ပါးကြောင့် ချဉ်သောရသာ ပေါ်လာရသည်။

၃။ တေဇောဓာတ်, အာပေါဓာတ်နှစ်ပါးကြောင့် ငန်သောရသာ ပေါ်လာရသည်။

၄။ တေဇောဓာတ်, ဝါယောဓာတ်နှစ်ပါးကြောင့် စပ်သောရသာ ပေါ်လာရသည်။

၅။ အာကာသဓာတ်, ဝါယောဓာတ်နှစ်ပါးကြောင့် ခါးသော ရသာပေါ်လာရသည်။

၆။ ပထဝီဓာတ်, ဝါယောဓာတ်နှစ်ပါးကြောင့် ဖန်သောရသာ ပေါ်လာရသည်။

ဤကား အာဂမအထောက်အထားပင်ဖြစ်သည်။

ထို ရသာခြောက်ပါးတွင် အာပေါရေဓာတ်နှင့် တေဇောအပူဓာတ်နှစ်ပါးပေါင်းစပ်မိ၍ အငန်ဓာတ်ပေါ်လာပုံကို ပြဆိုပါမည်၊ ၎င်းမှာ ယခုကမ္ဘာတည်ဆောက်ရာ၌ လောလောဆယ်းရချိုရေငန် ပေါ်ပေါက်ပုံနှင့် ပတ်သက်နေ၍ ဖြစ်သည့် အခြားရသာငါးပါး ပေါ်ပေါက်လာပုံကို အာဂမ, သဘာဝ, သခင်္ဂ, ယုတ္တိသုံးတန် အထောက်အထားများနှင့် ဖော်ပြရန်မှာ ဆေးကျမ်းမဟုတ်ဘဲ "သဘာဝသိပ္ပံနှင့်ဗုဒ္ဓအဘိဓမ္မာ" စာပေဖြစ်နေသောကြောင့် ချန်လှပ်ထားခဲ့ရပါသည်၊ ရေဓာတ်သည် အပူ

ဓာတ်နှင့်တွေ့လျှင် အငန်ဓာတ်ပေါ်လာသည်ဟု ဆိုရာ၌ ရေအေးကို မီးနှင့် တနေကုန် လက်တွေ့ကျိုကြည့်လျှင် ငန်လာမည်မဟုတ် ခန်းခြောက်သွားဘို့ သာရှိသည်။

အငန်ဓာတ် ပေါ်လာရသည်မှာ ဤတွေ့ထိပုံမျိုးကား မဟုတ်ပါ၊ ကမ္ဘာပူမိုးကြောင့် ပေါ်ပေါက်လာရသည့် ရေအပြင်ကို နေ၏အပူဓာတ် သည် အမြဲမပြတ် နှစ်ပေါင်းသန်းနှင့် ကုဋေနှင့်ချီ၍ တွေ့ထိလာသောအ ခါ ရေ၌အပူဓာတ်ဝင်လာသည်၊ ရေသည် တငွေ့ငွေ့ ခန်းလေသည်နှင့် အမျှ ရေ၌ရှိသည့် ပထဝီအမာခံ ရုပ်ကလာပ်ကလေးများမှာ တဖြည်း ဖြည်း ရင့်ကျက်၍ အနှစ်အနယ်ထိုင်လာခဲ့၏၊ ရေမှမြေနုဓာတ် အဖြစ်သို့ ကူးပြောင်း လာခဲ့သည့်အခါ ရေဓာတ်, မြေဓာတ်စုံ၍ သိတဓာတ် နှစ်ပါးတို့၏ အားအစွမ်းကြောင့် အမာခံရုပ်ကလာပ် ပထဝီဓာတ်နု ကလေးများ ထပ်၍တိုးပွားလာသည်။

မြေဓာတ်ကျယ်ပြန့်လာသလောက် ရေဓာတ်အရာ ကျဉ်းလာခဲ့သည်၊ ကမ္ဘာမြေထုကြီးအပေါ် ကွက်ကျားထင်နေသည့် ရေအပြင်ကို သမုဒ္ဒရာ ဟု ခေါ်လာကြသည်၊ ထိုအချိန်တွင် ကမ္ဘာပူမိုးရေချိုများ အပူဓာတ် ပြင်းပြမှုဒဏ်ကို ကြာမြင့်စွာခံလာရပြီဖြစ်၍ အပူဓာတ် ရင့်ကျက်ပြီး တစတစ အငန်ဓာတ်ဝင်လာပြီ။

အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် မတူကြ၊ တမူထူးခြား နေခဲ့သည်၊ (သောက်လေသောက်လေ-တော်မပြေသည်၊ ရေငန်ဆား ကျင်း- နွား တသင်းတို့) ဆိုသည်မှာ အောက်မြန်မာပြည်တွင် ရေငန်ဆားကျင်း (ဆပ်ပြာကျင်း)မရှိ၊ အထက်မြန်မာပြည်တွင် အပူဓာတ် များလို့ မိုး ခေါင်ရေရှားခဲ့၏၊ အနှစ်သန်းနှင့်ချီ၍ ပူလာခဲ့သဖြင့် ရေငန်ဆား ကျင်း နှင့် ဆပ်ပြာများဖြစ်လာကြသည်၊ မိုးခေါင်ရေရှားသော်လည်း တင်နေ သည့် ရေကလေးများမှာ အပူဓာတ် အလွန်ရင့်ကျက်နေသည့် မြေဓာတ် အရှိန်အဝါကြောင့် ရေဓာတ်အရသာမှာငန်မြဲမြဲဖြစ်နေခဲ့သည်၊ သမုဒ္ဒရာ ရေငန်နေသည်မှာ ဘယ်နတ်ဘယ်ဗြဟ္မာကမှ ဆားခပ်ထား၍ မဟုတ်၊ သဘာဝကြောင့်ဖြစ်သည်။

[နတ်ကမလုပ် ဓာတ်က လုပ်၍ဖြစ်နေရပေသည်၊အဘယ်ဘန်ခိုး ရှင်ကမှ ဖန်ဆင်းထား၍ ငန်နေရသည်မဟုတ်ပါ၊ ဤကား သဘာဝအထောက်အထား ဖြစ်သည်။]

ရေနှင့်မြေသည် (ဂရု)အလေးဓာတ်၊ အောက်သို့လျှောသက် စီးဆင်းသည့် သဘာဝရှိသည်၊ မီးနှင့်လေသည်(လဟု) အပေါ့ဓာတ်၊ အထက်သို့တက်ကြွလှုပ်ရှားခြင်း, ခုန်ပျံခြင်း သဘာဝရှိသည်၊ ရေနှင့်မြေသည် မိတ်ဓာတ်၊ သူတို့နှစ်မျိုးပေါင်းစပ်မိလျှင် တိုးပွားခြင်း,ခိုင်မြဲခြင်း, လေးကန်ခြင်း သဘာဝကို ဆောင်ရွက်လာကြသည်။

မီးနှင့်လေသည် မိတ်ဓာတ်-သူတို့နှစ်ဦး ပေါင်းစပ်မိသည့်အခါ အားကောင်းခြင်း, လျင်မြန်ခြင်း, ခုန်ပျံခြင်း, သတ္တိထူးများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်၊ ယနေ့မီးသဘော်, မီးရထား, မော်တော်ကား, လေယာဉ်ပျံနှင့် အသံထက်မြန်သည့် လေယာဉ်, လဝိမာန်အထိ သောကြာဂြိုဟ် အင်္ဂါဂြိုဟ်အထိ သွားရောက်နိုင်ကြသည်မှာ လဟု-ခေါ်သည့် မီးဓာတ်, အပူဓာတ်, လေဓာတ်တို့၏ သတ္တိများသာ ဖြစ်ချေသည်။

ရေသည်အောက်သို့ လျှောသက်၏၊ မီးဓာတ်နှင့် လေဓာတ်တို့မှာ အထက်သို့ဆွဲငင်ပင့်မြှောက် ခုန်ပျံခြင်းသတ္တိရှိသည်၊ သို့အတွက် လူတယောက်ကို ရေချိုး ရေအေးတခွက် အဝတိုက်လိုက်လျှင် မကြာမီ ဆီးဓာတ်အဖြစ်နှင့် အောက်သို့ လျှောသက်သွားပေလိမ့်မည်၊ သမုဒ္ဒရာရေကို တခွက်အဝတိုက်ကြည့်ပါ၊ အထက်သို့လှန်၍ အန်ထွက်လာလိမ့်မည်၊ သို့မဟုတ် အထက်လှန် အောက်လျှော ဖြစ်လာလိမ့်မည်။

ထိုသို့ ဖြစ်ရသည်မှာ ရေ၌ အပူဓာတ် နှစ်ပေါင်း သန်းနှင့် ကုဋေနှင့်ချီ၍ ဝင်ရောက်ထားပြီး ဖြစ်၍ သူနှင့် သဟဇာတ်ဖြစ်သည့် ဝါယောလေဓာတ်မှာလည်း အပူနှင့် မကွေမကွာ ရှိနေသောကြောင့် ရေဓာတ်အတွင်းမှာ ကာလကြာညောင်း အောင်းနေသည့် အပူဓာတ်က ရေဓာတ်ကို ကိုင်မြှောက်လိုက်၏၊ သူ့မိတ်ဆွေကြီး ဝါယောဓာတ်က ခြေမြန်လက်မြန်နှင့် ဆွဲထုတ်လိုက်သောကြောင့် အပြင်သို့ အန်ထွက်လာရခြင်း ဖြစ်ပါသည်။

တခါတရံ ၎င်းရေနံကို သောက်သူ၌ အအေးဓာတ်ခံ အားကြီးနေခိုက် ဖြစ်နေခဲ့လျှင် အဲန်ဓာတ်ပါသောရေသည် သူ့ကို အားပေးမည့် အအေးဓာတ်ခံနှင့် ပေါင်းစပ်မိသွားသည့်အခါ အင်အားချင်းတူ, ခြေရာချင်းတူလာပြီဖြစ်၍ အပူဓာတ်ကို အံတုပြီး သူ့သဘာဝအတိုင်း လျှောသက်အောင် အားပြိုင်၍ အနိုင်ယူလိုက်သည့်အခါ ဝမ်းလျှောသွားသည်။

အင်အားချင်းပြိုင်၍ သူမနိုင်ကိုယ်မနိုင် ဖြစ်နေသည့်အခါ အသက်လှန် အောက်လျှော ဖြစ်နေတတ်ပါသည်၊ ဆေးမှား အစာမှား ဖြစ်သည့်အခါ ရုတ်တရက်အန်ထွက်လာရန် အန်ဆေးအဖြစ် ဆားကို ရေဖျော်၍ တိုက် လေ့ရှိကြ၏၊ ရေ၌ အပူဓာတ်ဝင်နေ၍ အငန်ဓာတ် ပေါ်လာပုံမှာ ထင် ရှားလောက်ပါပြီ။

ဤကား သာဓက အထောက်အထားကို ပြဆိုခဲ့ခြင်းဖြစ်သည်။

## အာပေါသည် ဝါယော၏သင်းချိုင်း၊ ဝါယောသည် အာပေါ၏ သင်းချိုင်းဆိုသော အကြောင်းကို ပြဆိုခြင်း

အာပေါ-ရေဓာတ် သင်းချိုင်းကား ဝါယော လေဓာတ်ပင် ဖြစ်သကဲ့ သို့· ဝါယောလေဓာတ်၏သင်းချိုင်းမှာလည်း အာပေါ ရေဓာတ်ပင်ဖြစ် သည်၊ဆေးပညာတွင် စကားစံတခုရှိခဲ့သည်၊ ရေဓာတ်သည် လေဓာတ်ကို မထိုးဖောက်နိုင်၊ လေဓာတ်သည်လည်း ရေဓာတ်တွင်းသို့ မထိုးဖောက်နိုင်၊ လေဓာတ်အင်နှင့်အားနှင့်ဝင်လာလျှင်ရေဓာတ် ဆုတ်ပေးရှားပေးရသည်။

ထို့အတူ ရေဓာတ် အင်နှင့်အားနှင့် ဝင်လာလျှင် လေဓာတ် ဆုတ်ပေး ရှားပေးရသည်၊ ရေဓာတ်တွင်း အဋ္ဌကလာပ်ရုပ် ရှိနေသည်၊ အတွင်း ဝါယောလေရှိပြီး ဖြစ်နေခဲ့သည်၊ ဗဟိဒ္ဓ အပြင်လေကို အဝင်မခံ၊ ထိုး ဖောက်မခံ၊ ထို့ကြောင့် ကြာဖက်ပေါ်တွင် ဆောင့်ကြောင့်ထိုင်နေသော ဖားသူငယ်သည် ကေသရာဇာခြင်္သေ့မင်း ဟောက်သံကို လုံးဝမကြောက် ဘဲ အံတုခဲ့သည်၊ ခြင်္သေ့ဟောက်သည့်အခါ ဖားသူငယ်သည် ရေသို့ဆင်း ၍ ငုပ်နေလိုက်၏၊ ခြင်္သေ့လည်း အကြိမ်ကြိမ်ဟောက်မြဲဟောက်၏၊ ဖားသူ ငယ်လည်း ရေသို့ဆင်း၍ ငုပ်မြဲငုပ်နေခဲ့၏၊ ဟောက်ဖန်များ၍ ခြင်္သေ့ရင် ကွဲနာကျ၍ သေလေ၏။

ခြင်္သေ့ဟောက်သံ တော ၃၀၀၀-သို့ပျံ့နှံ့သွားရသည်မှာလေဓာတ် ၏ သယ်ဆောင်မှုကြောင့်ဖြစ်သည်၊ ခြင်္သေ့ဟောက်သံကို ဝါယောဓာတ် သည် ရေထုအတွင်းသို့ ထိုးဖောက်နိုင်စွမ်းမရှိ၍ ဖားသူငယ်က အနိုင်ရသွား ခြင်းဖြစ်သည်။

ရေနစ်သူတယောက် တကြိမ်နှစ်ကြိမ် ပြန်ပေါ်တတ်သည်မှာ ခန္ဓာ ကိုယ်အတွင်း အစာဟောင်းအိမ်, တင်ပါး, ပေါင်,ကြောမြောင်, အရိုးအ ရေ၊ ဤနေရာများတွင် မူလလေအပြည့်ရှိနေကြသည်။

ဤနေရာများသို့ ရေဓာတ်အကုန်မဝင်နိုင်သေး၍ ရုတ်တရက် လေဓာတ်က တွန်းကန်ပင့်မြှောက်လိုက် သောကြောင့်ပင် ဖြစ်သည်၊ တကြိမ် သို့မဟုတ်နှစ်ကြိမ်ခန့် အထက်သို့ပျံတက်ပြီးသည့်အခါ နေရာအနှံ့ ရေဓာတ်ကနေရာယူလိုက်သောကြောင့် ဂရုဓာတ်အလေးဓာတ်၏ သဘာဝအတိုင်း အသုံးစွန်နစ်မြုပ်သွားရပေသည်။

နှစ်ဖက်ပိတ်အဆစ်ရှိသည့်ဝါးကျည်တောက်တလုံးကို ထိပ်မှာကျပ်ပြားခန့် အဝိုင်းတခုကို ဖောက်ထားပါ၊ ၎င်းကိုလက်နှစ်ဖက်ဖြင့် ခိုင်မြဲစွာကိုင်ပြီး ရေပြင်တွင်နှစ်တောင်ခလောက် နစ်မြုပ်အောင်ထိုးနှစ်ပြီး လက်လွှတ်လိုက်လျှင်ရုတ်ခြည်းရေပေါ်သို့ ထိုးတက်လာလိမ့်မည်၊ အတွင်းမှာရှိနေသည့် လေဓာတ်၏သတ္တိပင်ဖြစ်သည်၊ နှင်ကြိမ်သုံးကြိမ်ခန့် ထိုးနှစ်လျှင် ၄ ကြိမ် ယက်တကြိမ် ရေဝင်လာပြီဖြစ်၍ လေဓာတ် ထွက်သွားသောကြောင့် အပြီးသတ်နစ်မြုပ်သွားပေမည်။

သတင်းစာတွင် ဆောင်းပါးတခုကို ဖတ်မိလိုက်သည်၊ ရေးသူကိုတော့ မမှတ်မိတော့ပါ၊ လှေသင်္ဘောများ နစ်မြုပ်သည့်အခါ ရေပြင်၌ကြာရှည်နေနိုင်ရန် လေ့ကျင့်လျှင် အတော်ကြာကြာနေနိုင်ကြောင်း၊ သူတို့ကိုယ်တိုင်လေ့ကျင့်၍ အောင်မြင်နေကြောင်း ဖော်ပြထားသည်၊ လေ့ကျင့်နည်းမှာ ဝင်သက်ကိုဝအောင်ရှူသွင်း ပါးစပ်ကိုရေမဝင်အောင် ဂရုစိုက်ရမည်။

ပြီးတော့မှ မိမိကိုယ်ကိုဖော့၍ တကိုယ်လုံးကိုဆန့်တန်းလိုက်ပါ၊ ဤအလုပ်ကို လေ့ကျင့်ပေးလျှင် ဖြစ်သည်ဟုဆိုပါသည်၊ ကိုယ်ခန္ဓာအတွင်းရှိလေများမှာ အထက်ပိုင်း၊ အောက်ပိုင်းညီမျှသွားသည့်အခါ ၎င်းလေဓာတ်၏ ထမ်းဆောင် ပင့်မြှောက်ထားမှုကြောင့် စုန်းစုန်းနစ်မြုပ်မသွားဘဲ အချိန်ကြာမြင့်စွာ နေနိုင်သည်ဟု ဆိုထားပါသည်။

ခန္ဓာကိုယ်တွင်းရှိ လေများတည်ရာဌာနသို့ ရုတ်တရက်ရေများမဝင်နိုင်သောကြောင့် ဤအလုပ်မှာ သဘာဝယုတ္တိရှိသည်ဟု ဆိုရပါမည်။

သာမန်အကျဉ်းအားဖြင့် ဥတုနိယာမအဆင့်တွင် ဥဏှအပူဓာတ်သည်- ဖိုဓာတ်၊ သီတအအေးဓာတ်သည် မ-ဓာတ်ဟု ပြဆိုခဲ့သည်။

ဗီဇ-နိယာမအဆင့်သို့ ရောက်လာသည့်အခါ အအေးဓာတ် တခုထည်း၌ပင် ဖိုဓာတ်၊ မဓာတ်ရှိနေပြန်သည်ကို ကမ္ဘာ့ဦးဆရာရသေ့မြတ်တို့က ထပ်ဆင့်၍ ဖော်ပြကြပြန်သည်၊ သို့အတွက် အာပေါရေဓာတ်

တခုထည်း၌ပင် ပထမရေကြည် ရေချိုသည်-ခေတ်ဖို၊ ဒုတိယရေငန် ရေနောက်သည်-ခေတ်မဟု သိသားရပါမည်။

သဘာဝတရားတွင် ဖိုခေတ်ကသာ ပထမဦးစွာ ပေါ်ပေါက်ပြီးမှ ဒုတိယ–မခေတ်ပေါ်လာရမြဲဖြစ်သည်၊ ကမ္ဘာ့ဘန်ဆာ နေလနှစ်ပါး တွင်လည်း အဖိုနေခေတ်–ပထမ ပေါ်ပြီးမှ အမလေခေတ် ပေါ်လာခဲ့ရသည်၊ အဖိုခေတ်သည် ပခေနပြဋ္ဌာန်းသော ခေတ်ဖြစ်သည်၊ အမခေတ်သည် မပြဋ္ဌာန်းသော အပခေန ဖြစ်သည်။

အဖိုခေတ်သည် လွတ်လွတ်ကျွတ်ကျွတ်နှင့် မိမိ၏သဘာဝ အစွမ်းသတ္တိကို ဆောင်ရွက်နိုင်သော်လည်း မ-ခေတ်သည် ဖိုခေတ်၏အကူအညီကို မရဘဲ မိမိ၏သဘာဝ အစွမ်းသတ္တိကို ဆောင်ရွက်နိုင်စွမ်းမရှိပုံကို ဝါယောလေခေတ် အခန်းရောက်မှ သာဓကပုံစံနှင့်တကွ ရေးဆွဲပြပါမည်။

ယခု အာပေါခေတ် အကြောင်းကိုသာ ရေးပါအံ့၊ ရေးသားပါဦးအံ့၊ သက်မဲ့ရုပ်ဝတ္ထု အသစ်အသစ် ပေါ်လာရသည်မှာ သက်မဲ့ ဖိုခေတ်, မ-ခေတ်နှစ်မျိုး စုံလာသည့်အချိန်မျိုး၌သာ ပေါက်ဖွားပေးနိုင်ပါသည်၊ ထို့အတူ သက်ရှိသတ္တဝါ အသစ်အသစ်ဖြစ်ပေါ်လာသည် မှာလည်း သက်ရှိဖိုခေတ်, မခေတ်တို့ စုံလာသည့် အချိန်မှသာ ပေါက်ဖွားမြဲဖြစ်ပါသည်။

သက်ရှိ, သက်မဲ့ နှစ်မျိုးစလုံးမစုံလျှင် မြုံနေရမည်၊ ဆိတ်သုဉ်းနေရမည်၊ အညွန့်တုံးနေရမည်သာဖြစ်၏၊ ထို့ကြောင့် သုဒ္ဓေါဒန မင်းကြီးသည် သားတော် သိဒ္ဓတ္ထမင်းသား ထီးနန်းစွန့်ခွာထွက်သွားမည်ကို အလွန်စိုးရိမ်တော် မူရှာခဲ့သည်။

နောက် သိဒ္ဓတ္ထမင်းသား မရှိလျှင်လည်း ညီတော်နန္ဒ မင်းသားကို ထီးနန်းမွေလွှဲ၍ သာကီဝင်တွေကို ကွပ်ကဲစေမည်၊ အမျိုးအနွယ်မပြတ်အောင် စောင့်ရှောက်စေမည်ဟု အားခဲထားသော်လည်း နန္ဒမင်းသားကိုရဟန်းပြုပေးလိုက်ပြန်ပါသည်၊ နောက်ဆုံး မြေးတော်ရာဟုလာမင်းသားကိုပင် ရှင်သာမဏေပြုပေးလိုက်သည့်အခါ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးမှာ ဝမ်းနည်းပက်လက် မသက်မသာဖြင့် ယခုအခါ သာကီဝင်တွေမျိုးညွန့် တုံး၍ ငုံးငုံးကိုခဲ့ပါပြီ ဘုရားဟု လျှောက်တင်ခဲ့၏၊ တကယ်ပင်ယခု သာသနာတော် သက္ကရာဇ် ၂၅၂၀-မျှသာရှိသေးသော်လည်း ယခုသာကီဝင်မျိုး စစ်စစ်ကား ရှာမရတော့ပြီ။

အာပေါရေခေတ်၌ ဖို့မ စုံလျှင် အဘယ်ပုံ ပေါက်ဖွားမှု ဖြစ်လာပါသနည်း၊ ပထမရေချိုသက်သက် ဖြစ်ပေါ်နေခိုက်၌ ရေ၌ သက်ရှိသတ္တဝါ တို့ မပေါ်သေး၊ ဒုတိယ ရေငန်ခေတ် ပေါ်လာသည့်အချိန်တွင် ရေမှ ဇီဝဗေဒ, ပါဏဗေဒ, သတ္တဗေဒများ ပေါက်ဖွားလာခဲ့သည်၊ အသက်ရှိ သတ္တဝါ ဖြစ်ပေါ်လာရသည်မှာ ဇလဗေဒနှင့်ရုက္ခဗေဒ ဤနှစ်မျိုးမှသာ ပေါ်ထွက်လာနိုင်ပါသည်၊ ခြားနားချက်မှာ ဇလဗေဒ၌ မနုဿဗေဒနှင့် ဝေနေယျမရှိ၊ ဗောဓိသတ္တမရှိ။

ရုက္ခဗေဒတွင်မူကား ဇီဝဗေဒ,ပါဏဗေဒ, သတ္တဗေဒဟု မနုဿဗေဒ ဝေနေယျများနှင့် ဗောဓိသတ္တ အထိ အားလုံး ရှိခဲ့သည်၊ ဇလဗေဒ၌ အမာခံ သယံဇာတ ပစ္စည်းများ မပေါ်ပေါက်နိုင်၊ ဤပစ္စည်းများမှာ ဘူမိဗေဒကသာ ပေါ်ပေါက်ပေးနိုင်ပါသည်။

### ရေချိုမှရေငန် ရေငန်မှရေချို ဖြစ်ပေါ်လာပုံ အကြောင်း

နေပူရှိန်သည် ပင်လယ်သမုဒ္ဒရာရေအပြင်ကို နေ့စဉ် မပြတ် ကျရောက် သောအခါ ရေခိုးရေငွေ့များ ထွက်ပေါ်လာခဲ့သည်၊ ဤရေခိုးရေငွေ့ များမှာ အပူလေခေတ် ပင့်မြှောက် သယ်ဆောင်မှုကြောင့် အထက် ကောင်းကင်တွင် တိမ်တိုက်မိုးသားအဖြစ် လေဟာပြင်ပေါ်တွင် ပေါလော မျောနေကြ၏။

ရေခိုးရေငွေ့ အအေးခေတ်တို့မှာ ဂရုခေတ် အလေးခေတ်ပင် ဖြစ် သော်လည်း ပင့်မြှောက်ထားသည့် လေမှာ လဟုခေတ်-အပေါ့ခေတ် ဖြစ်သည်၊ လေ၏အင်အားကို အံမတုနိုင်သဖြင့် လေခေတ် ပြုသမျှ နုနေရ ရှာသည်။

ရေခေတ်သည် ဂိမ္ဟန္တဥတု နွေရာသီ တခုလုံးကိုပင် လေပြုသမျှ နုနေရ သောအချိန်တွင် သက်ရှိသတ္တဝါများသာဖြစ်ခဲ့လျှင် နေနှင့်သေးတာပေါ့၊ ဝါယောကိုက တန်ခိုးကြွပြီး စန်းထနေသည့် အချိန်ပေကိုး၊ (နေသေး သပ ခြုံထဲက—ချိုသွေး၍ တမြမြ၊ ပျံလေတဲ့ ငှက်ခါး—နားခါမှ သိခစ့် မယ်နော်)ဟု ကြိမ်းမျှားကြိမ်းနေမလားမသိ။

ဂိမ္ဟန္တဥတုကုန်ဆုံး၍ ဝဿန္တ မိုးလအခါသို့ ရောက်လာချေပြီ၊ တနင်္ဂနွေ ဂြိုဟ်မင်းသည်လည်း အပြင်လမ်းပြောင်း၍ အပူရှိန်ကား တစတစ လျော့ ပါး၍ အအေးခေတ် ပိုလာသောအခါ မိမိတို့နှင့်မျိုးတူသဘာဝ အအေး

ချင်းတူသည့် စစ်ကူကို ရရှိလာသည့် ရေခိုးရေငွေ့တို့မှာ အပူလေထုကို မမှုတော့ပြီ၊ ဂရုမထားတော့ပြီ၊ယိုစီးခြင်း သဘာဝတရားအတိုင်း အောက်သို့လျှောသက်၍ မိုးရေ မိုးပေါက်အဖြစ်သို့ ရောက်လာကြပြန်သည်။

ရေခိုးရေငွေ့တို့မှာ မိမိတို့ ဗီဇနှင့်မျိုးလည်းမတူ၊ အနိုင်ယူ၍ အဘင်းပူးကပ်ဝင်ရောက်လာသည့် အပူခေတ်တွေကို အအေးခေတ်ကို စစ်ကူရလာသောအခါ အတင်းခါထုတ်၍ တော်လှန်ပစ်ကြ၏၊ ထိုအခါ အပူခေတ်ကင်းစင်ပြီးဖြစ်သော ရေခိုး ရေငွေ့တို့မှာ မိုးရေအဖြစ်သို့ ပြန်ရောက်လာသည့်အခါ မူလခေတ်ပြန်၍ ချိုမြဲချိုလာကြပြန်၏။

ထိုရေချိုမိုးပေါက်များသည် သမုဒ္ဒရာအတွင်းသို့လည်း ပြန်၍စီးဝင်ကြသည်၊ အချို့မှာ မြစ်ချောင်း များတွင် တင်နေကြသည်၊ ထို့ကြောင့် ရေချို့ရေငန် ခြားနား၍ သီးခြားဖြစ်ပေါ်နေကြ၏၊ ရေငန်ကို ရေချိုပြန်ဖြစ်ရန် လူတို့ကြံဆလျှင် မိုးရေမိုးပေါက်မှ ရေချို ပြန်ဖြစ်လာရသည့် အခြေခံကို အမှန်အတိုင်း သိထားပါက မဖြစ်နိုင်စရာ အကြောင်းမရှိဟု ထင်ပါသည်။

ဥတုဝါယောလေခေတ်သည် ဝသန္တဥတုသို့ ရောက်လာသည့်အခါ သူ့ခေတ်ကုန်ပြီဖြစ်၍ရေခိုးရေငွေ့များအပေါ် သြဇာမရှိ တန်ခိုးမရှိတော့ပြီ၊ သို့သော်လည်း မိုးရေမိုးပေါက်အဖြစ် ကျရောက်သည့်အခါ ဟိုနေရာတော့ နည်းနည်းကျပါ၊ ဒီနေရာတော့ များများကျပေးပါ၊ မိုးကြီးသဲ ပေးပါ၊ ဤနေရာမှာတော့ လုံးဝ မကျပါနှင့်ဟု ဆရာလုပ်၍ နှမ်းဖြူး တတ်သောကြောင့် မိုးလေဝသဆရာတို့က လေ၏ လှုပ်ရှားပုံကို အကဲခပ်တွက်ချက်ရသည့် အလုပ်မျိုးကို အလေးထား၍ လုပ်ကိုင်လာကြရပေသည်။

## မိုးဖြူမစဲ မိုးမဲမရွာ ဆိုသော အကြောင်း

ဂိမှန္တဥတု နွေရာသီဥ္ဖြစ်စေ, ဝသန္တဥတု မိုးရာသီဥ္ဖြစ်စေ လူတို့ပြောစမှတ်ပြုကြသည်မှာ "ဟော–မိုးတွေ မှောင်လာပြီ၊ဟိုထောင့်ကညို့တက်လာပြီ၊ မိုးတွေ မဲတက်လာပြီ၊ ရွာတော့မည်၊ လွတ်မှ လွတ်ပါ့မလား" ဟုဆိုကြ၏။

မိုးရေကား အမဲရောင် အမှောင်ရောင် မဟုတ်၊ အဖြူရောင်သာ ဖြစ်သည်၊ သို့ရာတွင် အအေးခေတ်ဖြင့် ရေငွေ့တို့ပေါင်းစပ်ရာမှ အင်အား

ကောင်း၍ မိုးရေမိုးပေါက်အဖြစ် ရွာချယိုစီးတော့မည့်ဆဲဆဲ ရုတ်တရက် အပူဓာတ်ဝင်လာသည်၊ အပူဓာတ်ကြောင့် ညှိမဲနေရခြင်း ဖြစ်သည်။

ရွာမည်ဟု အားခဲ အားပြုနေသည့် မိုးသားအစိုင်အခဲကြီးမှာ အားရပါးရ လွတ်လွတ်ကျွတ်ကျွတ် ရွာချရန် အပူဓာတ်၏နှောင့်ယှက်မှုကြောင့် တွန့်ဆုတ်သွားခဲ့၏၊ ဝင်လာသည့်အပူဓာတ်သည် အားကောင်းနေသည်။

မိုးသားကြီးကိုလည်း တကယ် တန့်မထားနိုင်၊ နှောင့်ယှက်ရုံမျှသာ တတ်နိုင်သဖြင့် မိုးကား တချက်တည်း တရှိန်တည်း သဲချလိုက်၏၊ တစိမ့်စိမ့် ရွာသွန်းချရန် မဖြစ်နိုင်တော့ပေ၊ နေ၏အပူရှိန်နှင့် လေဓာတ်ကပါ ကြားဖြတ်လိုက်၍ မိုးမဲကြီး ဆက်၍ မရွာနိုင်ဘဲ ရှိခဲ့၏။

မိုးဖွဲကြီးဘာကြောင့်ရွာ-မိုးသားတိမ်လိပ်တို့တွင် အအေးဓာတ်ဝင်ပြီး အားသွန်ရွာချရန် တာစူနေချိန်နှင့် အပူဓာတ်ကင်းစင်နေသဖြင့် ကောင်းကင်တခုလုံး ဖွေးနေခဲ့၏၊ မိုးမဲကြီးကဲ့သို့ ဟန်ရေးပြ၍ ခြိမ်းချောက်မှုမရှိ အရိပ်အရောင် မတွေ့ရသောကြောင့်-

> "ဟိုတောင်ပေါ် ရှီးဆီက မှူခိုးတွေလွင်။ မိုးရွာမယ် မထင်မိတာကြောင့်၊ ပါလာတဲ့ ရုံတဖက်ကလေး ခေါင်းပေါ်တင်မိယင်ဘဲ၊ သဲသဲမဲမဲရွာပြန်တော့၊ ခမြာလေးမှာ၊ ကင်ပွန်းခြုံကွယ်-နံဘေးမှာ၊ ပြေးတဲ့လို့ ဝင်သွားရှာပြီ"-

ဟူသော ဤတေးဂီတအရ အဖြူရောင်မိုးသားကို ထင်မိမှား၍ အထင်သေး မိ၍ကင်ပွန်းခြုံနဘေးမှာ စိုရွဲသွားရခြင်းဖြစ်၏။

မိုးသားတိမ်လိပ်တပြင်လုံး အဖြူရောင်ကြီးသည် တလျှောက်လုံး အပူဓာတ်နှင့်လေဓာတ်တို့၏ အနှောင့်အယှက်မှ လွတ်ကင်းသဖြင့် လွတ်လွတ်ကျွတ်ကျွတ် အားရပါးရ တစိမ့်စိမ့်အအေးဓာတ် သဘာဝအတိုင်း ယိုစီးကျနေခဲ့သည်၊ ထို့ကြောင့် မြန်မာစကားပုံတွင် "မိုးဖွဲမစဲ-မိုးမဲမရွာ" ဟု ဆိုစမှတ်တွင်ခဲ့ကြပေသည်။

ဖိုဓာတ်, မဓာတ် အပေးအယူတူတူချင်း ဖြစ်ကြပါလျက် ဘယ်အတွက် မဓာတ်၌တာဝန်တခု ပိုနေရပါသနည်း၊ ဖိုဓာတ်ရှိလျှင် မဓာတ်လည်းရှိစမြဲ၊ မဓာတ်ရှိလျှင်ဖိုလ်ဓာတ်ရှိရမြဲ၊ရှိလျှင်လည်း နှစ်မျိုးစုံရှိ၊ ပျောက်လျှင်လည်း နှစ်မျိုးစုံ ပျောက်ရမြဲဖြစ်ကြ၏၊ သူ့ဘက်ကိုယ့်ဘက်တာဝန်မပျက် ဆောင်ရွက်ကြရသည်။

ဝတ္တရားချင်းတူနေပါလျက် သက်မဲ့ မ-ခေတ်နှင့် သက်ရှိမခေတ်တို့မှာ ပေါက်ဖွားပေးရခြင်းဟာဝန်တခုကို အပိုဝတ္တရားတခုအဖြစ်ဖြင့် တာဝန် တခုပိုနေရသည်မှာ တိုးပွားသောခေတ်နှင့် ဆုတ်ယုတ်သောခေတ်နှစ်မျိုး တွင် သီတအအေးခေတ်သည် သဘာဝအားဖြင့် အမြဲမပြတ် ရုပ်သစ်တို့ကို တိုးပွားစေနိုင်သည့် သတ္တိအထူးရှိနေပြီး ဥဏှ-အပူ ဖိုခေတ်တွင် ဤစွမ်း အင်မျိုး လုံးဝမရှိသောကြောင့်ပင် ဖြစ်၏၊ ထို့ကြောင့် ကမ္ဘာပျက် ပြီးသည်နောက် ကမ္ဘာသစ်တခု တည်ဆောက်လာသည့်အခါ ကမ္ဘာပြု မိုးမှပေါ်ပေါက်လာရသည့် အာပေါရေခေတ်သီတခေတ်သည် အဦးအစ မရှိလျှင် မဖြစ်သည့်ခေတ်တပါးပင် မဟုတ်တုံလော။

သက်ရှိဖိုခေတ်,မခေတ်ဘို့ဆက်ဆံ ကြရာ၌လည်း သက်ရှိသတ္တဝါ အသစ် အသစ်ပေါ်ပေါက်လာရန်ကာလ လရေကြည်ခေါ်သည့်အာပေါခေတ်သည် အဦးအစ၌ အဓိကဇာတ်ကောင်ပင် ဖြစ်ခဲ့သည့်အပြင် မခေတ်ဒြဗ်တခုမှပင် သတ္တဝါအသစ်ကို ဖွားသန္ဓေစ်ခဲ့သည်။

သက်မဲ့တွင် မ-ခေတ်သက်မဲ့မှ တိုက်ရိုက်ပေါက်ဖွား ပေးခဲ့သည့် ဩကာသ လောကတည်ရာ ဌာနကြီး သဘာဝအတိုင်း ၎င်းဩကာသ လောကကြီးအပေါ် အမှီပြုပြီးမှ ပေါ်ပေါက်လာနိုင်ကြသည့် သတ္တ လောက သက်ရှိသတ္တဝါများမှာလည်း အောက်ခံဌာန သဘာဝကြီး အတိုင်းပင် မခေတ်ကပင် တာဝန်ယူလိုက်သည်မှာ ဌာနနှင့်ဌာနီ တူညီမှု ရှိလှသဖြင့် သဘာဝကျသည်ဟူ၍ပင် ဆိုရပါမည်။

## အအေးခေတ်အုပ်စိုးထားသည့် မြေခေတ်နှင့် ရေခေတ် အကြောင်း

မြေခေတ်နှင့် ရေခေတ်သည် သီတခေတ်မှ ပေါက်ဖွားလာခဲ့၏၊ ထို့ ကြောင့် မြေခေတ်၌၎င်း, ရေခေတ်၌၎င်း စုတ်ယူဆွဲငင်သည့် အင်အား အပြည့် ရှိနေခဲ့သည်၊ ထိုအင်အား၏ အတိုင်းအရှည်ပမာဏကို လက်တွေ့ သိပွံဆရာတို့ သတ်မှတ်ပြီးဖြစ်သည်၊ ရေခေတ်ဆွဲအားရှိ၏။

ရေကာက်ရေကျရှိသော မြစ်ချောင်းများတွင် ရှိနေသည့် ဆွဲအားမှာ အတက်အကျ၏ အရှိန်ကြောင့် အောက်သို့ဆွဲဆောင်သည့် သရုပ်မှာ ကောင်းစွာမပေါ်လွင်သော်လည်း ရေကန်၌ရှိသည့် ရေခေတ်၏ ဆွဲငင် သည့် အင်အားမှာ အလွန်ထင်ရှားနေပေသည်၊ ထို့ကြောင့် မြစ်ချောင်း

တို့၌ ရေကူးသူတို့မှာ ကန်တွင်း၌ကူးကြသည့်အခါ ကြာကြာမကူ နိုင်ကြတော့ဘဲ တဖြည်းဖြည်းအောက်သို့ဆွဲယူသောကြောင့် ကန်ထဲတွင် နစ်မြုပ်သေဆုံးသွားသူတွေကို မကြာမကြာ ကြားခဲ့ကြရသည်။

ရေ၌စုတ်အားရှိသလို ရေမှတဆင့် ဖြစ်ပေါ်ရသည့် မြေမှာလည်း စုတ်အား ရှိလာရသည်၊ မြေ၌သံလိုက်ဓာတ်တွေ ရှိနေ၍ အဆွဲဓာတ်လည်း ရှိနေရသည်ဟူသော အယူအဆများမှာ တဆင့်ခံမှန်သင့်သလောက် မှန်ပါလိမ့်မည်။

သို့ရာတွင် ရေနှင့်မြေကပင် အဆွဲဓာတ်ရှိပြီး ဖြစ်နေသည်ကို သတိပြုသင့်ပေသည်၊ ရေဓာတ်သက်သက်ဆွဲခြင်း, မြေဓာတ်သက်သက်ဆွဲခြင်းထက် ရေ,မြေအစုံ ပေါ်ပေါက်ဖြစ်ပေါ်လာပြီးမှ အညမည-သဟဇာတမိတ်ဓာတ်ကြောင့် ပေါ်ပေါက်လာသည့်ဆွဲအားမှာ ပို၍အားကောင်းလာခဲ့၏။

၎င်းအားနှစ်ဆင့်နှင့် ထိကပ်နီးစပ်လာသည့် ရုပ်ဝတ္ထုမှန်သမျှ သူတို့နှစ်ဦး(ရေနှင့်မြေ)၏ အရှိန်အဝါ ဥပစာအတွင်းသို့ ရောက်လာသည့်အခါ အအေးဓာတ် အရှိန်ဟပ်မှုကြောင့် ရုပ်အေးတွေ ဖြစ်လာရ ပြန်သည်။

ထို့ကြောင့် ကမ္ဘာလောက—စကြာဝဠာအသီးသီးရှိ ရုပ်ဝတ္ထု မှန်သမျှ အေးလျှင်အေး၊ မအေးလျှင်ပူ၊ မပူလျှင်အေး—ဤသဘာဝနှစ်ခုအတွင်းသို့ သက်ဆင်းရမြဲ ဖြစ်ပေသည်၊ မူလဗီဇက အပူဓာတ်အစစ်ဖြစ်နေသော်လည်း ရေမြေအရှိန်အဝါစသော အတွင်းသို့ ချဉ်းကပ်တွေ့ထိလာလျှင် အအေးဓာတ် ပေါ်လာရသည်၊ အအေးဓာတ်ဖြစ်လာရသည်မဟုတ်၊ ပရမတ္ထ တရားတို့ မည်သည် ဘယ်အခါမှဖောက်ပြန် ပြောင်းလွဲရိုးမရှိ၊ ဥပမာ—ရေကို မီးနှင့်ကျိုလျှင် အပူဓာတ်ဝင်၍ ရေပူ ပေါ်လာရသည်၊ ရေပူ ဖြစ်လာရသည် မဟုတ်၊ ၎င်းရေနွေးအိုးကို မီးနုတ်လိုက်လျှင် မူလဗီဇဓာတ်ပြန်၍ အေးမြဲ အေးသွားပေလိမ့်မည်။

မူလဗီဇက အအေးဓာတ်အစစ် ဖြစ်နေလျှင်လည်း အပူဓာတ်တွေ့ထိသောအခါ ခေတ္တပူပြီး မူလဓာတ် ပြန်သွားမည်သာ ဖြစ်၏၊ အပူဓာတ်အစစ်က အအေးဓာတ်နှင့် နီးကပ်ထိစပ်ရာ၌လည်း ထိစပ်သွားရာ၌လည်း ဤသဘောအတိုင်းပင် ဖြစ်သည်။

## ဝါယောလေဓာတ်၏ သဘာဝအမှုန်နှင့် အအေးဓာတ် ဝင်သည့် အခါ ပြောင်းလဲမှု ပေါ်လာရပုံအကြောင်း

အပူကြောင့် မီးဓာတ် ဖြစ်လာရသည်၊ သေဓာတ် ဖြစ်လာရသည်၊ ၎င်းနှစ်မျိုးမှာ အပူဗီဇ (လဟု) ဓာတ်သက်သက်ဖြစ်သည်၊ လေသည် ဥတုနိယာမအဆင့်တွင် ဥဏှဓာတ်သက်သက် ဖြစ်သည်။

ဗီဇအဆင့်သို့ရောက်လာမှ ဥဏှဝါယော၊ သီတဝါယောနှစ်မျိုးကွဲပြားလာရခြင်း ဖြစ်၏၊ ဥတုနိယာမ-ဝါယောအဆင့်တွင် အပူစစ်စစ် ဖြစ်နေသော်လည်း အာယုဗ္ဗေဒဆေးကျမ်းအရ ဝါယောလေကို အအေးဓာတ်ဟု ကောက်ယူထားသည်၊ ပြည်တွင်း တိုင်းရင်းဆေးပညာရှင် အချို့က—အပူ၊ အချို့က—အအေး၊ အချို့က အပူ,အအေး နှစ်မျိုးစလုံး ကောက်ယူကြ၏၊ အာကာသတွင် ကောင်းကင်အပြည့် လှုပ်ရှားနေသည့် လေဟူသမျှ ဥဏှဓာတ်ဟု သိထားရမည်၊ ၎င်းမှာ အပူဓာတ် စစ်စစ်ပင် ဖြစ်၏။

ကာလ, ဒေသနှင့် တွေ့ထိမှုတို့ကြောင့် အပူမှအအေး, တဖန် အအေးမှ အပူ စသည်ဖြင့် ယာယီ ပြောင်းလဲမှုကား ရှိနေ၏၊ ဤကမ္ဘာ မြေထုကြီးကို ယူဇနာပေါင်းများစွာကနေ၍ ကြည့်မည်ဆိုပါက လေထုကြီးဖြင့် ရစ်ပတ်ထားသော ဘောလုံးသေးသေး တခုကဲ့သို့ အရပ် လေးမျက်နှာ, အရပ်ရှစ်မျက်နှာ, အထက်, အောက်နှင့် တကွ အရပ် ဆယ်မျက်နှာတို့၌ အမြဲမပြတ် လေဓာတ်ရှိနေသောကြောင့် လေထုကြီးပေါ်တွင် ပေါ်လော မျောနေသည့် ဘောလုံးသေးသေးကလေး တလုံးကဲ့သို့ပင် တွေ့မြင်ရလိမ့်မည်ဟု ထင်ပါသည်။

ကမ္ဘာမြေတွင် သမုဒ္ဒရာရေပြင်ကြီးမှာလည်း ယခုအချိန်အထိ မြေနေထက် ရေနေကပင် ကျယ်ဝန်းနေသေးသဖြင့် ရေထုကြီး ရစ်ပတ်ထားသည့် ကမ္ဘာမြေသာ မြင်နေရမည်၊ ပထမ-မြေထု၊ ဒုတိယ ရစ်ပတ်ထားသည်မှာ ရေထု၊ တတိယ-ရစ်ပတ်ထားသည်မှာ အပြောကျယ်သည့် လေထု (အဆုံးအဆ ခန့်မှန်း၍မရသော လေထုကြီး) ဖြစ်နေခဲ့၏။

ပထမမြေနှင့် ရေမှာ သီတ-အအေးဓာတ်၊ တတိယ-လေထုမှာ ဥဏှ ဝါယောအပူဓာတ်-ဤလေ၊ ဓာတ်မှာ မြေ,ရေ အအေးဓာတ်နှင့်ထိစပ်နေရသည်၊ လေဓာတ်အလွှာမှာ အအေးဓာတ်ဝင်လာခဲ့၏၊ အမြဲမပြတ် ထိစပ်နေရ၍ အမြဲပင်လေအေးအဖြစ်သို့ ရောက်နေရသည်။

တဖန် ကမ္ဘာမြေထုတွင် ပေါက်ရောက်နေကြသည့် သစ်ကြီး ဝါးကြီး တောတောင်ကြီးများကို ဖြတ်ကျော်၍ လှုပ်ရှားတိုးဝှေ့ လာရပြန်သဖြင့် ကမ္ဘာပေါ်ရှိ သတ္တလောကခေါ် သက်ရှိသတ္တဝါတို့အပေါ် တွေ့ထိလာသည့်အခါ အေးမြ နေမည်သာ ဖြစ်မည်၊ အပူပိုင်းဒေသသို့ ရောက်လာသည့်အခါ ပူလာမည်သာဖြစ်၏၊ ညဥ့်နက်သန်းခေါင် ရောက်လာပြန်လျှင်လည်း အေးလာမည်သာဖြစ်၏၊ ထို့ကြောင့်—

"ညဥ့်နက်ကလေးရယ်တဲ့ ချိန်သန်းခေါင်၊ ဖိုးရွှေလမှောင်။ သန်းခေါင်ယံ လေချိုသွေးတော့၊ အေးရှာလိမ့်မယ်"—

ဟု တေးဂီတဆရာတို့စပ်ဆိုခဲ့ကြ၏။

အာယုဗ္ဗေဒ ဆေးကျမ်းဆရာသည် ဝါယောလေဓာတ်ကို အအေးဟု ကောက်ယူခဲ့သည်မှာ မြေဓာတ်, ရေဓာတ်, စိမ့်ကြီးမြိုင်ကြီးဂနိုင်ကြီး, တောတောင်တို့ကို တွေ့ထိဖြတ်သန်းလာရ၍ လက်တွေ့အေးမြနေခြင်းကို ပြဆိုခြင်းဖြစ်သည်၊ ဥတုနိယာမ ပထမ မူလဘူဘ ဗီဇကား ဥဏှဓာတ်မှ မွေးထုတ်ပေးခဲ့သည့် လေပူသဘာဝပင် ဖြစ်ချေသည်။

ဤအပူလေထုကြီးမှာ မြေဓာတ်, ရေဓာတ်တို့နှင့် ထိစပ်သည့်အလွှာမှာ အအေးဓာတ်ဝင်လာသောအခါ ခုန်ပျံလှုပ်ရှားခြင်း သဘာဝမှ ဖိအား နှိပ်အားအဖြစ်သို့ ကူးပြောင်းလာခဲ့သည်၊ ဘယ်အတွက် ဤသဘော ဖြစ်ပေါ်လာခဲ့ပါသနည်း၊လေထုဥ္စရှိသည့် အမာခံရုပ်ကလာပ်ကလေးများ လေဓာတ်အပူဝင်နေသည့်အခါ အပူဓာတ်သဘောအတိုင်း လေဓာတ်၏လှုပ်ရှားခုန်ပျံမှုကို ဆန့်ကျင်နိုင်စွမ်းမရှိသဖြင့် လွင့်ပါးပင့်မြောက် အထက်ရောက်နေရသော်လည်း မြေဓာတ်,ရေဓာတ်တို့နှင့်တွေ့ထိ၍ အအေးဝင်လာသည့်အခါ ၎င်းအမာ ခံရုပ်ဝတ္ထု ပထဝီ ဓာတ်ကလေး များမှာ ထိုင်းမှိုင်းလာသည် စိုစွတ်လာသည်၊ ထိုအချိန်တွင် ဂရုဓာတ် (အလေးဓာတ်) သဘာဝများ ဝင်လာပြီးဖြစ်၍ ဖိအားနှိပ်အားများ ပေါ်ထွက်လာခဲ့ရပေသည်၊ အားလုံးခြုံ၍ သဘာဝကို ငုံလိုက်သည့်အခါ ရေသည် အဆွဲဓာတ်၊ ၎င်းနောက်ပေါ်လာသည့် မြေဓာတ်မှာ အဆွဲဓာတ်။

၎င်းမိတ်နှစ်ပါးပေါင်းမိလာသည့်အခါ ဆွဲငင်သည့်အား အသင့်ထပ်၍ ပေါ်ပေါက်ရပြန်သည်၊ ရေဓာတ် အပြင်ဘက်တွင် တည်ရှိနေသည့် လေထုကြီးတွင် ရေမြေနှင့်ထိစပ်နေသည့် အလွှာများမှာ အအေးဓာတ်

ဝင်သောကြောင့် ၎င်းအအေးဓာတ်တွင်ရှိနေသည့် အမာခံရုပ်ကလာပ်တို့ အေးမြစိုစွတ်မှုကြောင့် လေထုဖိအားကြီး ဖြစ်ပေါ်နေသဖြင့် လေနှင့်မြေ အကြား တည်ရှိနေသည့် သမုဒ္ဒရာရေမှာ သဘာဝအားဖြင့် နိမ့်ရာသို့ယိုစီး သင့်ပါလျက် အကာအရံ ကင်းမဲ့နေလျှင် ဖိတ်ကျသင့်ပါလျက် မယိုမဖိတ် ထူးဆန်းအံ့သြစွာ တည်တံ့နေနိုင် သည်မှာ ဘယ်နတ် ဘယ်ဗြဟ္မာ အဘယ် တန်ခိုးရှင်တို့ကြောင့်မှ မဟုတ်ဘဲ သဘာဝကြောင့်သာ ဖြစ်ချေ သည်။

သမုဒ္ဒရာ ရေထုကြီး လေဟာပြင်ကြီးထဲသို့ ဖိတ်မကျသည်မှာ နတ်က မလုပ် ဓာတ်ကလုပ်သောကြောင့်-ဟူလို။

အောက်ပုံကိုကြည့်ပါ




အထက်ပါပုံကိုကြည့်လျှင် ရေနှင့်ထိစပ်နေသည့် လေထု၏ သဘာဝကို သိရှိကြမည်ဖြစ်သည်၊ ဤကဏ္ဍသို့မရောက်မီကပင် ပဋ္ဌဘုတ်အကြောင်းကို ဖော်ပြခဲ့သည်၊ ရေ, မြေ, လေ, မီး ဓာတ်ကြီး လေးပါးစလုံး၌ ပထဝီ ခေါ်သည့် အမာခံရုပ်မှုန့်ကလေးများ ရှိနေကြောင်း၊ မီး,ရေ, လေတို့မှာ ၎င်းအမာခံရုပ်ကိုသာ မှီနေကြရကြောင်းကို ထင်ရှားစေလို၍ ဖြစ်သည်၊

လေဘ္ဘိလှိုင့်ပါးနေသည့် ဝါဂွမ်းစကလေးတွင် ပထဝီ ရုပ်စုကလေးများ (နူးညံ့သည့်ရုပ်ကလေးများ) ရှိနေကြသည်။

အပြင် ဗဟိဒ္ဓလေတွင် ပြောက်လိုက်သည့်အခါ အမာခံ ပထဝီနှင့် အာပေါရေဓာတ်တို့မှာ သဘာဝအားဖြင့် ဂရုဓာတ် (အလေးဓာတ်) ဖြစ်သော်လည်း လဟုဓာတ်လေ၏အားကို မယှဉ်နိုင်၍ လွင့်နေရပေသည်၊ ၎င်းကို ရေမှုန်ရေခိုးကလေးများတွေ့ထိလာသည့်အခါ သဘောချင်းတူကြသည့် ရေဓာတ်ချင်း ပေါင်းမိ အားရှိသွားသောကြောင့် အလေးဓာတ် ဖိအားသော်ပါလာ၍ အောက်သို့တဖြည်းဖြည်း ကျလာသည်ကို တွေ့ရမည်။

ဤဥပမာမှာ သိမြင်လွယ်ရန် အကျဉ်းပြဆိုခြင်းသာ ဖြစ်ပါသည်၊ လေသည်သဟု (အာပေါဓာတ်)ဖြစ်၍ ခုန်ပျံလှုပ်ရှားနေလိုသော်လည်း ၎င်းတွင်ရှိနေသည့် အမာခံပထဝီမှာ မျိုးတူ သဘောတူ ရေဓာတ်နှင့် ထိစပ်သွားသည့်အခါ အလေးဓာတ် သဘောသို့ ပြောင်းလဲသွားခဲ့ရ၏၊ ဘာကြောင့်နည်း၊ လေသည် အမာခံရုပ်ကလေးကိုသာ မှီနေရသောကြောင့် ဖြစ်ပေသည်၊ ဤမျှ ဖော်ပြလျှင် သဘောပေါက်လောက်ပါပြီ။

ကမ္ဘာမြေကို ရစ်ပတ်နေသည့် ရေဓာတ်သည် မြေဓာတ်၏ အတွင်းဘက်မှ ဆွဲငင်မှုကို ခံနေရသော်လည်း သူတို့ နှစ်မျိုးမှာ အညမည-သဟဇာတ နှစ်မျိုးစလုံး ဖြစ်နေကြ၍ မြေဓာတ်၏ဆွဲအားကို မငြိုငြင်ဘဲ ကြည်ဖြူလက်ခံသော်လည်း အပြင်မှာရှိနေသည့် လေဓာတ်၏ ဖိနှိပ်မှုကိုကား နှစ်သက်၍ လက်ခံထားခြင်း မဟုတ်၊ ရေနှင့်လေမှာ မိတ်လည်း မဟုတ်၊ ရန်လည်း မဟုတ်သော်လည်း ၎င်းတို့ နှစ်မျိုးမှာ အညမညသာ ဖြစ်၍ သဟဇာတ မဖြစ်ကြသောကြောင့်ပင် ဖြစ်၏။

ရေဓာတ်ကို လေဓာတ်က ဖိအားဖြင့် ဟွန်းထားသကဲ့သို့ ဝါယောလေဓာတ်ကဲ့သို့ပင် ရေဓာတ်နှင့်အညမညသာဖြစ်၍ သဟဇာတ မဖြစ်ကြသော နေဓာတ်မှ ပေါ်လာသည့် အပူရှိန်မှာလည်းသမုဒ္ဒရာရေပြင်ပေါ်သို့ ကျရောက်၍ ဖိနှိပ်ထားခြင်း ခံနေရပြန်သည်။

ဤနေရာ၌ နေဓာတ်၏ အပူရှိန်ကို သိပ္ပံ ပညာရှင်တို့ ဘယ်အတွက် အလေးချိန်နိုင်ပါသနည်း၊ နေပူရှိန်၌ အလွန် နူးညံ့သိမ်မွေ့သည့် မုဒုပထဝီခေါ် အမာခံ ရုပ်ကလေးများ ရှိနေ၍ ဖြစ်ကြောင်းကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်၊ နေ၏အပူရှိန်တွင် ရှိနေသည့် အမာခံ ပထဝီရုပ်တို့ ရေဓာတ်

နှင့် ပေါင်းစပ် တွေ့ထိသွားသောအခါ ရေနှင့်မြေမှာ အညမည,သဟဇာတ သဘာဝနှစ်မျိုးစလုံး သက်ဝင်သွားကြပြီးဖြစ်၍ နေ၏ အပူရှိန်သည် ငြင်းဆန်ခေါင်းခါနေ၍ မဖြစ်တော့ပြီ၊ သူမှီနေရသည့် ပထဝီမှာ ရေခေတ်နှင့် ပေါင်းမိသွားသောကြောင့် ဖြစ်သည်။

သို့အတွက် နေမှအပူရှိန် အင်အားကြီးသည် မျိုးသာတူ၍ သဘာဝ မတူကြသည့် ရေခေတ်ကို ဖိအားကြီး အဖြစ်ဖြင့် စိတ်မပါဘဲ ဆောင်ရွက် နေရရှာ၏။

ဆိုလိုရင်းမှာ-ကမ္ဘာ့မြေထုကြီးကို ရစ်ပတ်နေသည့် သမုဒ္ဒရာရေထုကြီး မှာ အတွင်းဘက်မှ မိမိနှင့် အညမည, သဟဇာတ တူမျှကြသည့်မြေခေတ် က ဆွဲ၍ အပြင်ဘက်မှာ မိမိနှင့် အညမညသာဖြစ်၍ သဟဇာတ မဖြစ်ကြ သည့် လေထုနှင့် နေ၏ အပူရှိန်ထု နှစ်မျိုးတို့က ညှပ်ပူးညှပ်ပိတ် ဖိနှိပ် ထားသည်ဟု ဆိုလိုပါသည်။

ဤနေရာ၌ အညမညနှင့်သဟဇာတ သဘာဝ နှစ်ခု၏ အကျဉ်းချုပ် အဓိပ္ပါယ်မှာ မျိုးတူလျှင် အညမညဖြစ်သည်၊ မျိုးတူ၍ သဘောထားချင်း ပေါင်းစပ်၍နေရလျှင် သဟဇာတမဖြစ်၊ မျိုးသည်းတူ, သဘောထားချင်း တူနေလျှင်လည်း အညမညလည်းဖြစ်,သဟဇာတလည်းဖြစ်သည်။

သဘောထားချင်းသာတူ၍ မျိုးမတူလျှင် သဟဇာတသာဖြစ်၍ အည မညမဖြစ်,နှစ်မျိုးစလုံး မတူကြလျှင် အညမညလည်းမဖြစ်, သဟဇာတ လည်းမဖြစ်ဟု မှတ်ပါလေ၊ (၎င်းအကျယ်ကိုရှေ့ဘဗဒခန်းတွင်ထပ်၍ဖော်ပြ ပါဦးမည်)။

## အပူခေတ်နှစ်မျိုးတို့၏ ခြားနားချက်အကြောင်း

နေ၏ အပူခေတ်နှင့်မီး၏အပူခေတ်တို့မှာ အပူသဘာဝချင်း တူနေကြ သော်သည်းတောင်နှင့် မြောက်ကဲ့သို့ ခြားနားချက်များရှိနေကြပေသည်၊ နေ၏ အပူခေတ်သည် ဖိအားနှိပ်အား သဘောကိုသာ ဆောင်တတ်၍ သူ့၌တွန်းကန်အား ထင်ရှားမရှိပေ။

မီး၏အပူခေတ်သည် လှုပ်ရှားတွန်းကန်အားသာရှိ၍ ဖိနှိပ်အားမရှိ၊ နေ၏အပူခေတ်သည် ဝါယောလေခေတ်ကို လက်ယပ်ခေါ်၍ မျက်နှာချို သွေးလေ့မရှိ၊ ဖာသိဖာသာနေ တတ်သည်၊ ထို့ကြောင့် နေအလွန် ပူပြင်းလာသည့်အခါ လေငြိမ်နေတတ်၏၊ သို့မဟုတ် အခြားတပါး တရပ်တကျေးသို့ ဆုတ်ပြေးကြ၏။

ထို့ကြောင့် နေမင်းမြောက်ဖက်ရောက်လာသည့်အခါ ထိုနေရာရှိလေတို့ နေမင်း၏ အပူဓာတ်ကြောင့် အထက်သို့ လွင့်တက်သွားကြ၍ ထိုနေရာသို့ တောင်ဘက်မှလေတို့ စီးဝင်လာသည်၊ နေမင်းတောင်ဘက်သို့ ရောက်သောအခါ၌ လေပူတို့ အထက်လွင့်ပျံတက်သွားကြရာ ထိုနေရာသို့ မြောက်ဖက်မှလေတို့ စီးဝင်တိုက်ခတ်လာသည်၊ ထို့ကြောင့်"သည်ဆောင်း ဟေမန်၊ မြောက်ပြန်လေသွေး" ဟူသော တေးဂီတကို ကဗျာဆရာတို့ စပ်ဆိုထားလေသတည်း။

မီး၏အပူဓာတ်မှာ လေဓာတ်နှင့် ကင်း၍မရ၊ လေဓာတ်အနည်းအများကို အကူအညီရမှသာ အသက်ရှင်နိုင်ပေသည်၊ ဥပမာ-ဖယောင်းတိုင်မီးကို ဖလား၊ သို့မဟုတ် တခုခုကိုမှောက်၍ လေလုံအောင် ထားလိုက်လျှင် ငြိမ်းသွားမည်သာဖြစ်၏၊ နေမင်းအပူရှိန်မှာ လေဓာတ်နှင့်ကင်း၍ ရပ်ဘည်နိုင်စွမ်းရှိသည်၊ ထင်ရှားပြီဖြစ်၍ အကျယ်ရေးစရာ မလိုတော့ပေ။

## လေကြောင့် ရေလှိုင်းထလာပုံ

လေဓာတ်ပြင်းထန်စွာ တိုက်ခိုက်မှုကို ခံရသည့်အခါ ရေ၌လှိုင်းပေါ်လာသည်၊ နေ၏အပူရှိန်သည် သမုဒ္ဒရာရေအပြင်ကို တည်ငြိမ်စွာဖိနှိပ်ထားသည့် လေဓာတ်မှာ လှုပ်ရှားမှုသဘော ရှိနေသေး၍ ဖိနှိပ်မှုသဘာဝလည်း ၄င်းသည်။

တခါတရံ လှုပ်ရှားမှုကြောင့် လှိုင်းဖြစ်ပေါ်လာရသည်၊ တန်ဆောင်မုန်းလ သရဒရတုတွင် မိုးသားတွေ အဘော်စင်၍ အာကာတခွင် ကောင်းကင်တပြင်လုံး သာယာနေသည့်အချိန်တွင် လေဓာတ်လည်း အလွန်ငြိမ်သက်သဖြင့် မြစ်ချောင်းသမုဒ္ဒရာ ရေအပြင်တို့ အလွန်ညင်သာငြိမ်သက်သောလဖြစ်သည်၊ ထို့ကြောင့် မြန်မာတို့က—

> "ဆီမီးရယ်တဲ့တထိန်ထိန်၊ အိုဘ်မင်းရေကြည်က၊ ကြာငါးမည်ငုံ အာစွင့်တယ်၊ ဖူးပွင့်ခါချိန်။ ကြတ္တိကာရောင်ခြည်ချဉ်းပါသို့၊ လင်းလာတဲ့ငွေတာရိန်ငယ်၊ ပြာမှိန်လျက်မြူခြေဆိုင်း။ ။ဂါရဝေ သက္ကစ္စပဏာမေဖြင့်၊ သဒ္ဓါချောကုသိုလ်နှီးကြတယ်၊ အိုကွယ်-မျိုး မြန်မာ့တိုင်း"—

ဟု သီကျူးခဲ့ကြပေသည်။

## လခေါင်တ်၏ဆွဲအား

ရေခေါတ်ကို မြေကဆွဲ လေကဖိ နေကဖိ နေကြသော်လည်း လခေါင်တ်မှာမူကား ရေပြင်ကိုဆွဲငင်စုတ်ယူနိုင်သည့် သဘာဝရှိနေခဲ့၏၊ လေနှင့်နေကဖိ၏၊ လကဆွဲ၏၊ ရေပြင်မှာဖိအားဆွဲအားတို့၏ အားပြိုင်ရာတိုက်ခိုက်ရာ စစ်တလင်းကဲ့သို့ပင်ဖြစ်နေခဲ့သည်။

သို့ရာတွင် သုံးအားနှင့်တအားဖြစ်၍ ရေအပြင်သည် လေဟာပြင်အတွင်းသို့ ဖိတ်စဉ်မကျဘဲ မြင့်ရာမှနိမ့်ရာသို့ မယိုစီးဘဲ လခေါင်တ်၏ဆွဲအားမှာ ဒီရေနှင့်တက်ရေအဖြစ် လောက်နှင့်သာ တင်းတိမ်နေရပါလေသတည်း။

## မြေခေါတ်၌ဖိုမစုံသည့်အခါ အဘယ်ပုံပေါက်ဖွားမှု ပေါ်ခဲ့ပါသနည်း

ဂဗ္ဘ—မြေခေါတ်ဆိုရာ၌ ဂဗ်—တနင်းလာဂြိုဟ် အမှတ်အသားရှိသည့် မြေခေါတ်အဖို၊ဘေ—ကြာသပတေးဂြိုဟ်ဖြင့် အမှတ်အသားပြုထားသည့် မြေခေါတ်အမ၊ ၎င်းနှစ်မျိုးတွင် မြေခေါတ်အဖို-ပဌမပေါ်ပြီးမှ ဒုတိယမြေခေါတ် အမ—ပေါ်လာရပေသည်။

မြေခေါတ်အဖိုကို ပံသုပထဝီဟုခေါ်သည်၊ မြေနုမြေစေး ရွှံ့မြေ ဖြစ်သည်၊ မြေခေါတ်အမကို သိလာပထဝီဟုခေါ်သည်၊ ကျောက်မြေ ဖြစ်သည်၊ ၎င်းခေါတ်ဖို့ ခေါတ်မ စုံလာသည့်အခါရောက်မှ ပေါက်ဖွားမှုပေါ်လာရသည်။

၎င်းဖိုခေါတ်၊ မခေါတ်နှင့် ပေါက်ဖွားမှုအားလုံးကို ဥဏှနှင့် သီတ-ပူမှုအေးမှု ဥတုနိယာမ အကြောင်းရင်းကသာ ကျေးဇူးပြုထား ပေသည်၊ ပဌမဥတုနိယာမဖြစ်ပေါ်ပြီးမှ ဒုတိယဗီဇနိယာမ ပေါ်ပေါက်လာခဲ့ရ၏၊ ကမ္ဘာမြေသည် ဥတုနိယာမအဆင့်တွင် သီတခေါတ်သက်သက် ဖြစ်သည်၊ မြေကမ္ဘာဦးကာလ၌ မြေနုဖိုခေါတ် သက်သက်သာ ဖြစ်နေသေး၍ ပေါက်ဖွားမှု မရှိသေးပေ၊ ထိုအချိန်တွင် မြေ၌သယံဇာတပစ္စည်းတို့ ၎င်းမှ မပေါ်သေး၊ မ-ခေါတ် ကျောက်မြေဖြစ်ပေါ်လာပြီးမှ သယံဇာတပစ္စည်းများကို မွေးထုတ်ပေးခဲ့သည်၊ ထိုသယံဇာတ ပစ္စည်းများကို မြေခေါတ်တွင် ဝင်ရောက် ကိန်းအောင်းပြီး ဖြစ်သည့် အပူခေါတ်နှင့် အအေးခေါတ်တို့က ချယ်လှယ်ထားကြပေသည်။

ထို့ကြောင့် မြေဓာတ်သည် သီတ ပထဝီဓာတ်သက်သက် ဖြစ်သော်လည်း ၎င်းမှ ပေါက်ဖွားလာသည့် သယံဇာတ ပစ္စည်းနှင့် ကမ္ဘာမြေ၏ လက္ခဏာများမှာ အပူဓာတ်၏အကျိုးသက်သက်နှင့် အမဓာတ်၏ အကျိုးသက်သက်တို့ ပေါ်ထွက်ထင်ရှားနေခဲ့ရပေသည်၊ တဘက်ပုံကိုကြည့်။

အောက်ပါပုံကို ကြည့်ပါလေ။




(၁) ရေပူတွင်း, ချော်တွင်း, မီးတောင်, ရေနံ, ကန့်, စိန်, ကျောက်မီးသွေး, ဆေးဒန်း အစရှိသည့် ပစ္စည်းများ ဖြစ်လာရ၏။

(၂) ဇဝက်သာ, ဟင်းရိုင်း,လက်ချား, ဒုဋ္ဌာ, မြင်းသီလာ, သံလိုက်ဓာတ်, သံသတ္တု, ရွှေ,ငွေ, မြ, ပြဒါး, ကျောက် သံ ပတ္တမြား အစရှိသည့် ပစ္စည်းများ ဖြစ်လာရ၏။

ဇလဗေဒရေမှ ဖိုဓာတ်,မဓာတ်စုံလာသည့်အခါ ဇီဝဗေဒ, ပါဏဗေဒ အစရှိသည့် သက်ရှိ သတ္တဝါတို့ ပေါက်ဖွားလာသကဲ့သို့ ဘူမိဗေဒတွင် ဖိုဓာတ်,မဓာတ် စုံလာသည့်အခါ သက်ရှိသတ္တဝါတို့ ပေါက်ဖွားခြင်း မရှိ

နိုင်၊ အထက်တွင် ဖော်ပြခဲ့သည့် မြောက်မြားစွာသော အမျိုးအစား သယံဇာတ စသော ပစ္စည်းများသာ ဖြစ်ပေါ်နိုင်ပေသည်။

သီတပထဝီသက်သက်ဖြစ်သည့် ကမ္ဘာမြေထုကြီးမှာလည်း အကြောင်းရင်း ဥတု တေဇော အပူခေတ်၏ ပယောဂကြောင့် ရေပူတွင်း၊ မီးတောင် စသော ဒဏ်ရာ ဒဏ်ချက်များကြောင့် ရုပ်ပျက် ဆင်းပျက် ဖြစ်နေရပေသည်။

ယင်းသို့ ဖြစ်လျှင် မြေမှ ဖား တီ ကျွတ် မျှော့ ပိုးရွ ခြပုန်း စသော သတ္တဝါများ ဘယ်အတွက် ပေါ်ထွက်ခဲ့ရပါသနည်း၊ ထိုသတ္တဝါများမှာ ပံသုပထဝီမြေနုနှင့် သိလာပထဝီကျောက်မြေ နှစ်မျိုးတွင် မြေနုခေတ် ဖို ဒြပ်များမှသာ ပေါ်ထွက်ခဲ့ရသော်လည်း ထိုမြေနုမှာ စင်စစ် ရုက္ခဗေဒမှ ဆွေးမြေ့ဆင်းလာခဲ့သည့် ပစ္စည်းဟောင်းများသာ ဖြစ်ချေသည်။

ဤအကြောင်းကို ထပ်၍ ရှင်းပြပါဦးမည်၊ ပထမ ကမ္ဘာမြေနု ဘယ်ပုံ ပေါ်ပေါက်လာခဲ့ရသည်၊ နောက်မှ ရုက္ခဗေဒပစ္စည်းများ ဟောင်းနွမ်း ဆွေးမြေ့ရာမှ မြေခေတ်တို့ကျယ်ပြန့်လာပုံ၊ လူတို့သုံးစွဲနေကြသည့် ပစ္စည်းများမှာ သေချာစွာ စစ်ဆေးကြည့်လျှင် ၎င်းပစ္စည်းများမှ ဆွေးမြေ့၍ မြေဩဇာဖြစ်ခဲ့ရပုံ၊ တိုးပွားလာခဲ့ရပုံတို့ကို ဖော်ပြခဲ့ပြီးဖြစ်သည်။

မြေနုအဖြစ်မှ ကျောက်မြေအဖြစ်သို့ မကူးပြောင်းသေးသရွေ့ မြေနု မြေသစ်များမှာ ရုက္ခဗေဒ၏ အရှိန်အဝါ တန်ခိုးသတ္တိများ မပျောက်ပျက်သေး၍ ထိုရုက္ခဗေဒ၏ အစွမ်းသတ္တိကြောင့် ဇီဝဗေဒ၊ ပါဏဗေဒတို့ ပေါ်ပေါက်နေခဲ့ရခြင်းဖြစ်သည်။

၎င်းမြေနုမြေခေတ်တို့ ကျောက်မြေအဖြစ်သို့ ကူးပြောင်း၍ မြေ၌ ဖိုခေတ်၊ မခေတ်စုံလာသည့်အခါ အသက်ပါသယံဇာတတို့ ပေါ်လာခဲ့ရသည်၊ ကျောက်မြေ ဖြစ်လာသည့်အခါ ရုက္ခဗေဒတို့၏ အရှိန်အဝါ တန်ခိုးသတ္တိများလည်း အကြွင်းမဲ့ကုန်ခန်းပြီဖြစ်၍ ၎င်းကျောက်မြေသည် သက်ရှိသတ္တဝါတို့ကို ဖြစ်ထွန်းစေနိုင်သည့် အစွမ်းသတ္တိမရှိတော့ပေ။

ဤအကြောင်းကို ရုက္ခဗေဒခန်းရောက်လျှင် ထပ်၍ ဖော်ပြပါဦးမည်။ မြေနုနှင့်ကျောက်မြေနှစ်မျိုးတို့ ဖြစ်ထွန်းသည့် နေရာများတွင် အဖိုးတန်သည့် သယံဇာတအမာခံပစ္စည်းများ ဖြစ်ပေါ်စေနိုင်ပါသည်။

ကျောက်မြေနည်း၍ မြေနုံများသည့် နေရာဒေသမျိုးတွင် အဖိုးတန် အမာခံ သယံဇာတများမပေါ်ထွက်နိုင်ပါ၊ မြေနုနည်း၍ ကျောက်မြေ အားကောင်းသည့် နေရာဒေသမျိုးတွင် အလွန်အေးမြသည့် စိမ့်ရေ စမ်းရေ ပေါများရသည်မှာ ကျောက်မြေဓာတ်၏ အစွမ်းသတ္တိကြောင့်ပင် ဖြစ်သည်။

ကျောက်မြေမှာ ဗဓေ-တ်ဖြင့်၍လည်းတကြောင်း, လေးလေးတစ်တစ် အချိန် စီး၍လည်းတကြောင်း, အအေးဓာတ်လည်း များသောကြောင့် တကြောင်း မဓာတ်တို့၏ သဘာဝအတိုင်း ပေါက်ဖွားမှု, မွေးဖွားမှု အလွန်ကောင်းသောကြောင့် အေးမြ၍ အဖိုးတန်အချိန်စီးသည့် သယံ ဇာတ ပစ္စည်းမျိုးကိုသာ မွေးထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်၏။

မြေဓာတ်၌ ဖို့မဓာတ်အစုံ ပေါ်လာသည့်အခါ သက်မဲ့သယံဇာတ ရုပ်သစ်များကိုသာ မွေးထုတ် ပေးနိုင်ခဲ့သော်လည်း ၎င်းသယံဇာတ ပစ္စည်းအမျိုးမျိုးတို့တွင် တခုနှင့်တခု မတူအောင် ကွာခြားလျက် သတ္တိ အမျိုးမျိုး,တန်ဖိုးအမျိုးမျိုး,အသွေးအရောင်အမျိုးမျိုးတို့ကို ဖန်တီးပေး နေသည်မှာ နေဓာတ်သာဖြစ်သည်၊ မြေဓာတ်မဟုတ်သည်ကို သတိပြု ထားပါ။

ယခုဖော်ပြခဲ့ပြီးသည်မှာ ရေဓာတ်ဇလဗေဒနှင့် မြေဓာတ်ဘူမိဗေဒ အကြောင်းများ ဖြစ်သည်၊ ၎င်းဓာတ်နှစ်ပါးကို ကြီးထွား တိုးပွားခြင်း သဘာဝဓာတ်ဖြစ်ကြောင်း၊ မီးဓာတ်နှင့် လေဓာတ်နှစ်ပါးကို ပူလောင် ခြင်း, ခြောက်ခန်းခြင်း, ဆုတ်ယုတ်ခြင်း, ပုပ်ပျက်ခြင်း သဘာဝဓာတ် ဖြစ်ကြောင်းကိုလည်း ဖော်ပြခဲ့ပြီး ဖြစ်၏။

## နေဓာတ်၌ တိုးပွားခြင်းသဘာဝရှိနိုင်ပါသလော

သိပ္ပံဆရာတို့ မျက်မြင် အယူအဆမှာ နေဗိမာန်၌ တခါတရံ လောင် ကျွမ်း ပြိုကွဲ၍ အစိုင်လိုက်အခဲလိုက် ထွက်ကျသွားသည်ဟု ဆိုသည်၊ တကယ်သာ ဆိုသည့်အတိုင်း ဟုတ်မှန်နေခဲ့လျှင် နောင်အနာဂတ်တချိန် တွင် နေဗိမာန်ကြီးမှာ လုံးပါးပါး၍ ပျောက်ကွယ်သွားဘို့သာ ရှိချေ သည်။

ဥဂ္ဂတေဇော အယူခဘ်ဆိုသည်မှာ တိုးပွားမှုကို မဆောင်ရွက်နိုင်၊ ပျက်စီးပြိုကွဲသွားသော အရာများကိုလည်း ဖြည့်စွက်ခြင်း, အစားထိုးခြင်း

ပြုနိုင်သော အစွမ်းသတ္တိ မရှိ ဖြစ်သောကြောင့် နေပိမာန်ကြီး၏ အဆုံးစွန် ပျက်စီးသွားမည့်အချိန်မှာ ဝေးနေသေးသည်၊ လက်ဂေတ္တသိရန် မှာလည်း မလွယ်ကူသည့်အတွက် ဤအရေးမှာ အနှစ်သန်းနှင့်ချီ၍ ရှည်ဝေးစွာ လူ့အနာဂတ်သမိုင်းကို ကြည့်၍ ဆုံးဖြတ်ရန်မှာလည်း အလွန်စောသေးသည်ဟူ၍ပင် ဆိုရမည် ဖြစ်ပေသတည်း။

မီးခေါတ်၌ ဖို့မစုံလျှင် အဘယ်ပုံပေါက်ပွားမှု ပေါ်လာရပါသနည်း၊ အခွေ့ာ–မီးခေါတ်ဆိုရာ၌ အန်–တနဂ်နွေဂြိုဟ်ဖြင့် အမှတ်အသား ထားသည့် မီးတောက် ဖိုခေါတ်၊ တော–စနေဂြိုဟ်ဖြင့်သာ အမှတ်အသားထားသည့် မီးကျီးခဲ မခေါတ် နှစ်မျိုးတွင် မီးတောက်ဖိုခေါတ် ပထမပေါ်ပြီးမှ မီးကျီးခဲမခေါတ် ဒုတိယဖြစ်ပေါ်လာရသည်။

၎င်းနှစ်မျိုးစုံလာသည့်အခါ ဇလဗေဒရေခေါတ်၌ကဲ့သို့ သက်ရှိ ဗိဇနိယာမ ဗီဝ, ပါဏ,သတ္တာအစရှိသည့်တို့ ပေါက်ပွား ရိုးမရှိ၊ ရင့်ကျက်၍ အနှစ်သာရရှိသည့်အရှိန်အဝါအားသစ်တခု ပေါ်ထွက်လာရသည်၊ ဥပမာ–မီးတောက်ဖိုခေါတ်သာရှိ၍ မီးကျီးခဲ မ–ခေါတ်မဖြစ်ပေါ်နိုင်သော ဝါးခြမ်း, ကောက်ရိုးနှင့် ရေနံမီးတောက်မျိုးဖြင့် ထမင်းချက်ခြင်း,ရေနွေးတည်ခြင်း ပြုလုပ်လျှင် မီးကျီးခဲကို ဖြစ်စေနိုင်သည့် အနှစ်သာရရှိသည့် သစ်သားများဖြင့် ချက်ပြုတ်သည့် ထမင်း, ဟင်းလျာများလောက် နူးနပ်သားကောင်း၍ အရသာထွက်လာလိမ့်မည် မဟုတ်။

မီး၌ ဖို့မ ခေါတ်မစုံသဖြင့် ကျက်ပုံချင်း,နူးနပ်၍ ရသပေါ်ပုံချင်းမှာ ခြားနားနေမည်သာဖြစ်သည်၊ တဖန် မီးတောက်လုံးဝမပါဘဲ မီးကျီးခဲဖြင့်သာချက်ပြုတ်လျှင်လည်း ကြေကျက်ပုံကြံ့ကြာ၍ လိုရာကိစ္စ တော်ရုံနှင့်ပြီးမြောက်ကြမည် မဟုတ်သည့်အပြင် ၎င်းမီးကျီးခဲမှာလည်း မီးတောက် ဖြစ်ပြီးမှ ပေါ်ပေါက်လာရသဖြင့် ပထမမီးတောက်အားမှာ အသုံးပြုခြင်းမခံရသဖြင့် အင်အားကိုဖြုန်းတီးရာ အချည်းနှီးဖြစ်အောင် ပြုလုပ်ရာရောက်ပေသည်။

မီးခေါတ်၌ ဖို့မ စုံသော်လည်း သက်ရှိဗိဇမဖြစ်သည့်အပြင် ဗီဝဗေဒများကို အကြွင်းမဲ့ဖျက်ဆီးရာ၌ ဘယ်ခေါတ်နှင့်မှ မတူအောင် အစွမ်းသတ္တိရှိပေသည်၊ ဗီဝဗေဒ, ပါဏဗေဒတို့ကို ပေါ်ပေါက်စေနိုင်သည့်အရာမှာ ဇလဗေဒရေခေါတ်နှင့် ရုက္ခဗေဒဤနှစ်မျိုးသာရှိပေသည်၊ ၎င်းနှစ်မျိုးမှ လွဲ၍ ပေါ်ပေါက်စေနိုင်သည့် အရာမရှိ၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့်

မလိုလားအပ်သည့် ခြင်များကိုနှိမ်နင်းရာတွင် အဆိပ်ဆေးကို ပက်ဖျန်းခြင်းထက် မိးနှင့်ရှို့၍ ဖျက်ဆီးခြင်းများသာလျှင် တားဆီးရာ၌ အချိန်ကြာမြင့်စွာခရီးရောက်နိုင်ပေသည်။

သာဓကကိုပြဆိုရလျှင် အမှိုက်သရိုက်နှင့် ရုက္ခဗေဒအဟောင်းအဆွေးပစ္စည်းများကို မီးရှို့ကြည့်ပါ၊ ၎င်းပြာများ၌ ဇီဝဗေဒနောက် ပေါ်မလာတော့ပါ၊ ရုက္ခဗေဒမှ အဟောင်းအဆွေးများနှင့်နောက်ထပ်နောက်ထပ် ရောနှောလာမှသာ ပြန်ဖြစ်လာနိုင်ပါသည်၊ ၎င်းပြာကို ရေပုပ်ရေဆွေးများနှင့် ပေါင်းစပ်ထားလိုက်သော်လည်း ဇီဝဗေဒပြန်မဖြစ်နိုင်တော့ပါ။

အချိန်ကြာမြင့်လာမှ ရေဓာတ်မှာ ဇီဝဗေဒကို ဖြစ်ပေါ်စေနိုင်သည့် အစွမ်းသတ္တိကြောင့် ဇီဝဗေဒပြန်ပေါ်လာသော်လည်း ပြာကြောင့်မဟုတ်တော့ပေ၊ ကျောက်မီးသွေး ရုက္ခဗေဒမှ ပေါ်လာသော်လည်း မီးလောင်ကျွမ်းထားသောပစ္စည်းဖြစ်၍ ၎င်း၌ဇီဝဗေဒမဖြစ်။

ရုက္ခဗေဒအမှိုက်သရိုက်တို့ ရေပုပ်များဖြင့် ရောစပ်သွားသည့် အခါ အမြန်ဆုံး ဇီဝဗေဒတွေ ပေါ်ပေါက် ပွားများလာသည်ကို တွေ့ရပေလိမ့်မည်၊ အဆိပ်ဆေးကို ပက်ဖျန်းလျှင် ပြင်းထန်သော အဆိပ်ငွေ့ဒဏ်ကို မခံနိုင်၍သေကြရှောင်တိမ်းကြမည်ဖြစ်သော်လည်း နောင်တွင်အဆိပ်ယဉ်သော ခြင်တွေသာဖြစ်လာနိုင်သဖြင့် နွားသိုးကို ချိုချွန်ပေးသကဲ့သို့ပင်ဖြစ်လာနိုင်ပေသည်။

ဤစကားကို ထင်ရှားအောင်ပြပါဦးမည်၊ ပကတိမီးဓာတ်သည် ဇီဝဗေဒကို ဖြစ်ပေါ်စေနိုင်သည့် အာပေါရေကို ကျိုက်ကျိုက်ဆူအောင် ကျက်စေနိုင်၏၊ ရုက္ခဗေဒပစ္စည်းများကိုလည်း ၎င်း၌ရှိသည့်အရှိန်အဝါနှင့် သတ္တိများကိုလည်း အကြွင်းမဲ့ ကုန်ခန်းစေနိုင်၏။

ထို့ကြောင့် ဇီဝဗေဒနောက်ထပ်ပေါ်လာရန် မလွယ်တော့ပေ၊အဆိပ်ဆေးများ၌ရှိသည့် ဥဏှတေဇော အပူဓာတ်မှာ ရုက္ခဗေဒ ပစ္စည်းများကို ပူလောင်ရုံမျှသာ တတ်နိုင်ပေသည်၊ ၎င်းပစ္စည်းများ၌ ရှိသည့်သတ္တိများကိုကား မီးကဲ့သို့ အကြွင်းမဲ့ ဖျက်ဆီးနိုင်စွမ်းမရှိ၊ ရေဓာတ်နှင့် ပေါင်းမိပြန်သည့်အခါ အချိန်ကြာလာသည့်အခါ ဇီဝဗေဒဝင်မြဲ ပြန်ဝင်လာမည်သာ ဖြစ်၏၊ ထိုရုက္ခဗေဒပစ္စည်း၌ ဇီဝဓာတ်လည်း အကြွင်းမဲ့မကုန်၊ အဆိပ်ငွေ့လည်း အကြွင်းမဲ့မကုန်။

ထိုအခါ ဖြစ်ပေါ်လာသည့် ခြင်ကောင်တို့မှာ အဆိပ်ကိုမကြောက်သည့် အပြင် စန္ဒဂုတ်ရှင်ဘုရင်ကဲ့သို့ အဆိပ်လည်းပြီးလာကြသည်၊ အဆိပ်ငွေ့ ကောင်းသည့် ရက္ခဗေဒမှ ပေါက်ဖွားလာရသဖြင့် ရှေးရှေး နောင်တော်နောင်တော်ခြင်များနှင့်မတူတော့ဘဲ သူတို့ကိုယ်တိုင် အဆိပ်ရှိသည့် ခြင်တွေဖြစ်လာနိုင်ပါသည်၊ အသွင်အားဖြင့်လည်း ရှေးခြင်များနှင့်မတူ ထူးခြားလာနိုင်ပေသည်။

ယခုခေတ်လူတို့ နေ့စဉ်စားသုံးနေကြသည့် အာဟာရတို့မှာ ပကတိ သဘာဝ အစားအစာများသာမဟုတ်၊ ဓာတုဗေဒပစ္စည်းတို့ဖြင့် စိမ်ထားသည့် ဝိကတိအာဟာရတွေသာ များလာသည်၊ ဥပမာ တခုလောက်ကိုသာ နမူနာပုံစံအဖြစ် ပြဆိုရလျှင် ငရုတ်ရေရိုးရိုးမဟုတ်၊ အက်ဆစ်ထည့်၍ ဖောက်ထားသည့်ငရုတ်ရေများ ဖြစ်နေသည်၊ ဤပစ္စည်း အကြွင်းအကျန်များကို အမှိုက်သရိုက်ပုံသို့ သွန်ပစ်လျှင် ရက္ခဗေဒ ပစ္စည်းတွင် အဆိပ်ငင်ပြီး ရေခေတ်နှင့်ပေါင်းမိသွားသည့်အခါ ဇီဝ, ပါဏ, သတ္တ ဖြစ်မြဲဖြစ်လာရပြန်သည်။

ဓာတုဗေဒပစ္စည်းတို့ဖြင့်စိမ်ထားသည့် အာဟာရများမှာ တမျိုးတည်း မဟုတ် အများအပြားပင် ရှိပေသည်၊ ယခုအခါ ကလေးသူငယ်များ၌ ခြင်ကိုက်၍ရောဂါတမျိုး အဖြစ်များနေသည်ဆိုခြင်းမှာအကြောင်းတမျိုးတည်းကြောင့် မဟုတ်နိုင်ပါ၊ ယခုပြဆိုခဲ့သည်မှာ ဇီဝဗေဒကို အကြွင်းမဲ့ ဖျက်ဆီးနိုင်သည့် မီးခေတ်သတ္တနှင့် မီးခေတ်၌ ဖို မ စုံလာသည့်အခါ ပေါက်ဖွားမှုတမျိုး ဖြစ်ပေါ်လာပုံကို ဖော်ပြခြင်းဖြစ်၏၊ · သစ်သား ထင်း မီးတောက်လောင်၍ သစ်သား၌ မီးကျီးစွဲ၍ ရဲလာသည့်အခါ မီး၏အရှိန်အဝါမှာ ဣန္ဒြေရရ အနှစ်သာရနှင့် အပူသောင်နှာလာသည်ကို တွေ့ရလိမ့်မည်ဖြစ်သတည်း။

### ဝါယောလေခေတ်၌ ဖို-မစုံလျှင် အဘယ်ပုံပေါက်ဖွားမှု ပေါ်ပေါက်ခဲ့ပါသနည်း

စရေ-လေခေတ်ဆိုရာ၌(စ)လေပြေလေညှင်း, လေသင်းခေတ်ဖိုကို အင်္ဂါ ဂြိုဟ် အမှတ်အသားဖြင့် (ရေ) လေပြင်းမုန်တိုင်း, လေဆင်နှာမောင်း အမခေတ်ကို ရာဟုဂြိုဟ်အထိမ်းအမှတ်ဖြင့် ပြဆိုထားသည်။

ပထမ လေပြေ လေညှင်း ပေါ်ပြီးမှ ဒုတိယ မုန်တိုင်းခေတ်ပေါ်လာရသည်၊ မုန်တိုင်းပေါ်ပြီးမှ လေးပြေလေညှင်းပေါ်လာရသည်မဟုတ်၊သက်မဲ့ ရုပ်ခေတ်မှန်သမျှ ဖိုခေတ်ကသာ ပထမစတင်၍ ပေါ်လာရသည်။

မ-ခေတ်ထက် ဖိုခေတ်က ပြင်းထန်းသည်၊ ၎င်းဝါယော လေခေတ်၌ ဖိုခေတ်၊ မ-ခေတ် စုံလာသည့်အခါ သက်ရှိ ဇီဝဗေဒ စသည် မရှိ၊ တည်ငြိမ်၍ ဣန္ဒြေရသောအားအဟုန်အသစ်တခုကို မွေးထုတ်ပေးခဲ့သည်။

ယနေ့ လူ့လောကကို လူ့အကျိုးစီးပွါးကို တကယ်လက်တွေ့ အကျိုးပြုနေသည့် လေမှာ ဖို့မခေတ် စုံလာမှ ပေါ်ပေါက်လာသည့် အားအဟုန်အသစ်ပင် ဖြစ်ပေသည်။

ကမ္ဘာမြေကြီး၏ ဥပစာပတ်ဝန်းကျင်တွင် ဘယ်အတွက် အအေးခေတ် ဝင်နေရပါသနည်း၊ ဗုဒ္ဓဘာသာစာပေအရ ရွှတ်ဆိုနေကြသည့် (ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး) ညစ်ညမ်းပါးအင် ကင်းစင်ပဝင်း ရွှေလမင်းသို့ဟု ဥပမာပြစကားတခု ရှိခဲ့၏၊ ရွှေလမင်းကြီး ကြည်သင်ထွန်းပသည်ကို မြင်တွေ့ကြရသည်မှာ အထက်တွင် ဖော်ပြခဲ့သည့် အညစ်အကြေးနှင့် အတားအဆီးများ ကင်းလွတ်နေရသည့် အချိန်အခါပင် ဖြစ်၏၊ ထိုငါးမျိုးကို တခုစီ စိစစ်သည့်အခါ—

၁။ ဆီးနှင်း—သည် သီတ အအေးခေတ်ကြောင့် စိုထိုင်းရာမှ ပေါ်ပေါက်လာရပေသည်။

၂။ မြူ—ရေမှ မြေအဖြစ်သို့ ကူးပြောင်း လာရသည့် ကမ္ဘာမြေထုကြီးမှ ပေါ်ထွက် လာရသည့် အခိုးအငွေ့၊ တောင်တန်း တောင်ရိုးများမှ ပေါ်ထွက်လာရသည့် အခိုးအငွေ့များပင် ဖြစ်သည်။

၃။ တိမ်—သမုဒ္ဒရာရေအပြင်မှ အခိုးထ၍ ဖြစ်ပေါ်လာသည့် မိုးသား ရေငွေ့တို့ကို ဆိုသည်။

၄။ သူရိန်--ဗေဒင်ကျမ်းအရ ရာဟုဂြိုဟ်၊ ဗုဒ္ဓဘာသာ စာပေ အရ ၎င်းရာဟုဂြိုဟ် အသူရိန်နတ်ဟု တင်စား ခေါ်ဆို၍ သိပ္ပံပညာရှင်တို့ အလိုဖြင့် ရာဟုဂြိုဟ်ကိုပင် ကမ္ဘာမြေထုဟု ကောက်ယူခဲ့သည်၊ နေကြပ်-လကြပ် တွက်ယူရာ၌လည်း ရာဟုဂြိုဟ်ကိုပင် ယူသည်။

၅။ မိုးခိုး— သစ် ဝါး ထင်း မီးတို့ကို ရှို့ရာမှ မီ ခေါင်း၏ အရှိန်ကြောင့် ငှင်သစ်ဝါးတို့၌ ဖွဲ့စည်းထားသည့် ရေခေါင်းတို့ အခိုး ဖြစ်လာရခြင်းကို ဆိုသည်။

ဆီးနှင်း၊မြူ၊တိမ်၊မီးခိုးတို့မှာ သိတအအေးဓာတ်နှင့် ရေခိုး၊မြခိုး သာ ဖြစ်၍ အပူဓာတ်လုံးဝမပါ၊ လကြပ်သည့်အခါ လမင်းမသာနိုင်သကဲ့သို့ ကျန်သောအညစ်အကြေးတို့ ကမ္ဘာမြေထုကို ရစ်ပတ် ဖုံးကွယ်ထားသည့် အချိန်မှာလည်း လမင်း မည်မျှပင် သာနေစေကာမူ (မသာလည်းတ, သာ လည်းတ, ဖိုးရွှေလလို) အလွန်လိုလား နေကြသည်။

ကမ္ဘာသူကမ္ဘာသားတို့ အဖို့မှာလည်း သာယာကြည်လင်ခွင့် မရနိုင် တော့ပေ၊ အထက်တွင် ဖော်ပြထားသည့် အတားအဆီးငါးမျိုးမှာ ကမ္ဘာ သူ ကမ္ဘာသားတို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြည်လင်မှုကို အနှောင့် အယှက်ပေး၍ မလိုလားအပ်သည် မှန်သော်လည်း လူသားတို့အတွက် အကျိုးသက်ရောက်မှုကိုလည်း တဖက်တွင် ကျေးဇူးပြုထားလျက်ပင် ဖြစ် သည်။

ဘာကြောင့်နည်း၊ နေ၏အပူရှိန်သည် ဤကမ္ဘာမြေအပြင်သို့ အရှိန် အဝါ အင်အားရှိသမျှသာ ကျရောက်တွေ့ထိခွင့် နေ့စဉ်နှင့်အမျှသာ ရရှိ နေပါမူ အပူဓာတ်၏ဒဏ်ကို အမြဲခံနေရသည်၊ သက်ရှိသတ္တဝါတို့မှာ ရောဂါဝေဒနာ တိုး၍တိုး၍သာ များပြားလာဘို့ ရှိချေ၏၊ သက်မဲ့ သစ်ပင်,ဝါးပင်တို့မှာလည်း ခြောက်ခန်း၍ ဩဇာဓာတ် နည်းလာဘို့သာ ရှိပေသည်၊ အာဟာရအတွက်လည်း ထိခိုက်လာနိုင်ပေသည်။

ယခုမူ အထက်တွင် ဖော်ပြခဲ့သည့် မြေခရတို့၏ အအေးဓာတ်ကို ခုခံတားဆီးထားမှု, ဟန့်တားမှုများကြောင့် နေ၏ အပူရှိန်ဓာတ်မှာ သက်ရှိသတ္တဝါများနှင့် သက်မဲ့ ရုပ်ဝတ္ထုတို့အတွက် အလေးတော်လေး ဆေးတခွက်ကဲ့သို့ပင် ဖြစ်နေခဲ့၏၊ ဓာတုဗေဒများကို အသုံးပြုသည့်စက်ရုံ များမှ အခိုးအငွေ့,အနံ့မြူများမှ ပေါ်ထွက်လာသည့် အခိုးအငွေ့များ တနေ့ဘခြားများပြား၍ ကမ္ဘာမြေထုကြီးကို ရစ်ပတ်ထားသည့် အအေး ဓာတ်များကို ဝင်ရောက်ဖျက်ဆီးလာသည့်အခါ ဓာတုဗေဒ အပူဓာတ် အခိုးအငွေ့တို့ကြောင့် အအေးဓာတ်ပျက်စီးရမည်သာ ဖြစ်၏၊ ထိုအချိန် တွင် ကမ္ဘာပေါ်ရှိ သက်ရှိ သက်မဲ့တို့အတွင်း မည်မျှ ခက်ကြုံမည်ကို အလွယ်နှင့်ပင် ခန့်မှန်းနိုင်ရာ ရှိပေသည်။

ကမ္ဘာ့မြေကြီးကို အအေးခေတ်, မြေခေတ်,ရေခဲခေတ်တို့ဖြင့် ဝိုင်းပတ်ယှက်သန်း နေသည်ကို သိသာသောက်ပါပြီ၊ ဤဥပစာအတွင်း (ဆိုခဲ့ပြီး ဝိုင်းပတ်နေသည့်နေရာများ)သို့ ဝင်ရောက်လာသည့် မူလဘူတလေမှာ အပူဥတုဝါယော သက်သက်သာဖြစ်သော်လည်း အအေးခေတ်နှင့်ဟပ်မိ၍ သီတဝါယော–လေအေးအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်၊ ထို့ကြောင့် ကမ္ဘာ့မြေထုနှင့် ဥပစာအတွင်း၌ လေပူ, လေအေး နှစ်မျိုးစလုံး ပေါ်ပေါက်နေခဲ့ခြင်းဖြစ်၏။

သင်္ဂမ့်သစ်ပင်, ဝါးပင်စသည်တို့၌ လေပူ, လေအေး ရောထွေး တွေ့ထိနေခဲ့၍ သက်ရှိသတ္တဝါတို့၌လည်း ဤအတိုင်းဖြစ်နေကြ၏။

ဆီးနှင်းနှင့် တိမ်တိုက်တို့မှာ အချို့ဒေသနှင့် အချို့တိုင်းပြည်တို့မှာ အအေးချင်းမတူကြပေ၊ အချို့သော အနောက်တိုင်းတို့တွင် ဆီးနှင်း အလွန်တူထပ်၍ နှင်းမုန်တိုင်းများပင် ကျရောက်၍ သက်ရှိသတ္တဝါတို့လည်း သေကြပျက်စီးကြသည်ဟု အဆိုရှိပါသည်၊ စင်စစ် ဆီးနှင်းမှာအအေးခေတ် ဖြစ်၍ မည်သည့်အခါမှ မုန်တိုင်း မဖြစ်၊ပြင်းစွာ တိုက်ခတ်လာသည့် အပူလေခတ်မှာ အင်အား အလွန်ကောင်းသောကြောင့် ဆီးနှင်းကိုသယ်ဆောင်လာခဲ့ခြင်း ပင်တည်း။

ထိုအချိန်တွင် အပူလေထုမှာ သီတဝါယော–လေအေး အဖြစ်သို့လည်း ပြောင်းသွားခဲ့ရသည်၊ ဆီးနှင်း၏ မနိုင်မနင်းဟန့်တားမှုကိုခံလိုက်ရသဖြင့် အရှိန်အဟုန်လည်း မူလတိုက်ခတ်နှုန်းထက် နှေးကွေးသွားရခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် အပူပိုင်းတိုင်းပြည်ဖြစ်၍ မည်မျှဆီးနှင်း ထူထပ်ခဲ့ဘူးပါသနည်း၊ ၎င်းအကြောင်းနှင့်ပတ်သက်၍ တိကျသော မှတ်တမ်းမှတ်စုကားရှိမည်မထင်၊ သို့ရာတွင် ရှေးရှေးတေးဂီတပညာရှင်တို့ စပ်ဆိုသွားကြသည့် တေးဂီတ တပုဒ်လောက်ကိုထောက်ရှုရန် အောက်ပါ ဂီတတပုဒ်ကို ထုတ်ပြရသော်–

"မြူမှုံတွေဖုံးပါလို့၊ မိုးမိုးလုံးရီ၊ တိမ်ပန်းတိမ်နီ မင်ဘော်ရမ်းပါလို့–ဘယ်ဝယ်မြောက်တောင်၊ ဘယ်ဝယ်လေလေ–ဘယ်ဝယ်မြောက်တောင်၊ ဘယ်ဝယ်မြောက်တောင်– ရောင်ကာရမ်းတယ်၊ အိုဘျာ–လမ်းဘယ်မမြင်"–

ဟုစပ်ဆိုသွားကြပေသည်။

## ထွက်သက်ဝင်သက်လေ

ဥဏှ–သီတရုပ်နှစ်ခုအပေါ် အမှီပြု၍ဖြစ်ပေါ် တည်တံ့နိုင်သည့် စိတ်ခေါ်သည့် နာမ်ဓာတ်မှာလည်း ထိုရုပ်လက္ခဏာနှစ်ခု၏ သဘာဝကို လွှန်ဆန်၍ မရသဖြင့် သက်ရှိသတ္တဝါတိုင်း၌ ရှိသည့် စိတ်ဓာတ်တို့မှာလည်း ပူလောင်သော စိတ်ဓာတ်နှင့် အေးမြသော စိတ်ဓာတ်ဟူ၍ နှစ်မျိုးကွဲပြားလာရပေသည်၊ သဘာဝအနေဖြင့် သီတထက်ဥဏှကအင်အားသာလွန်မှုကြောင့်သတ္တဝါတိုင်း၌ပင် အေးချမ်းမှုစိတ်ဓာတ်ကို ပူလောင်မှု စိတ်ဓာတ်က နေရာတိုင်းတွင် မသိမသာအနိုင်ယူထားခဲ့၏။

နာမ်ဓာတ်မှန်သမျှ ရုပ်ဓာတ်ကိုအမှီမပြုဘဲ ထီးထီးရပ်တည်၍ မရသည်မှာ ထင်ရှားပေသည်၊ သိပ္ပံပညာမှန်သမျှ ဥဏှဓာတ်မှ ဖြစ်ပေါ်လာသည့် တေဇောဓာတ်, ဝါယောဓာတ်တို့၏ အင်အားကိုအသုံးပြုခြင်း, ထိုဓာတ်နှစ်ပါးတို့၏ စွမ်းအားများကို စမ်းသပ်ထုတ်ယူခြင်း အလုပ်မျိုးဖြစ်၏။

သီတဓာတ် တနေ့တခြားအင်အားနည်းသွား၍ ဥဏှဓာတ်တနေ့တခြားအင်အားကြီးမားလာသည့် ဤကမ္ဘာကြီးတွင် အဘယ်သို့လျှင် အေးချမ်းလာနိုင်ပါအံ့နည်း၊ သိပ္ပံပညာဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို အရယူနိုင်မည်ဟု ထင်မြင်နေသူတို့မှာ အဓိစိနှင့်ဘဝဂ်ကို မြင်းမြီးဖြင့် ဝက်သိုးချုပ် ပြုလုပ်လျှင် ဖြစ်လည်း ဖြစ်မြောက်နိုင်သည်၊ ခိုင်လည်း ခိုင်မြဲနိုင်လိမ့်မည်ဟု စိတ်ကူးယဉ်ယဉ်နှင့် ထင်မြင်သူဘယောက်ကဲ့သို့ပင် ဖြစ်နေမည်တကား။

အပူဥဏှဓာတ်သည် လှုပ်ရှားခြင်း, တွန်းကန်ခြင်း သဘာဝသတ္တိထူးရှိ၏၊ အအေးသီတဓာတ်သည် ကြုံ့ခြင်း, ရှုံ့ခြင်း, ဆွဲငင်ခြင်း သဘာဝသတ္တိထူးရှိ၏၊ ဤဓာတ်နှစ်ပါးမှာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြ၏။

လောကဓာတ်ဆရာတို့က လသည် ဆွဲငင်ခြင်း-အာကစုန သတ္တိထူးရှိသောကြောင့် ဒီရေတက်လာရသည်ဟု အယူရှိကြသည်မှာ သဘာဝကျသည်ဟုပင် ဆိုရမည်၊ ယင်းသို့ယူလျှင် ဒီရေကျသွားသည်မှာ နေပူ အပူဥဏှဓာတ်ကြောင့် မဟုတ်ပါလော၊ လောကဓာတ်ဆရာတို့ကဲ့သို့ပင် မြန်မာတို့လည်း ငါးပိအိုး ငန်ပြာရည် တက်လာသည်ကိုမြင်လျှင် ရေထရက် ဖြစ်နေပြီး ငန်ပြာရည် ကျဆင်းသွားသည်ကိုမြင်လျှင် ရေသေရက်ဟု သိထား

ကြသည်၊ ဥတု့သီတ ခေါ်သည့် ဖိုဓာတ်မဓာတ်နှစ်ခု ပေါင်းစပ် သင့်မြတ်မှု ဥတုဇနိယာမကြောင့် မျိုးစေ့ ခေါ်သည့် ဗီဇနိယာမ ပေါ်လာသည်။

ဗီဇမျိုးစေ့မှ အပင်ပေါက်လာရသည်၊ မျိုးစေ့မှ ပေါက်လာရသည့် အပင်မှန်သမျှ ဥဏှ သီတ ပါလာရ၏၊ ဥဏှတေဇောဓာတ်ကြောင့် ဥဏှ ဝါယော ဖြစ်လာရသည်။

သီတတေဇောဓာတ်ကြောင့် သီတဝါယောဓာတ် ပေါ်လာရသည်၊ ဥဏှဝါယောဓာတ်မှာ တွန်းကန်ထုတ်သည့် လေဓာတ်၊ သီတ ဝါယောဓာတ်မှာ ဆွဲငင်တတ်သည့် လေဓာတ်၊ ၎င်းဓာတ် နှစ်ပါး အင်အားပြိုင်မှု အထင်အရှားရှိနေသောကြောင့် မျိုးစေ့မှပေါက်ဖွားလာသည့် သစ်ပင်ဝါးပင်မှန်သမျှထွက်သက် ဝင်သက်ရှိနေကြ၏၊အပင်၌ရှိသည့် ဥဏှဝါယောမှာ အပြင်ဗဟိဒ္ဓ၌ရှိသည့် ဥဏှဝါယောဓာတ်နှင့် သဘောတူချင်းလက်တွဲပေါင်းစပ်သွားကြသည်၊ အပင်၌ ရှိသည့် သီတဝါယောဓာတ်မှာလည်း အပြင်ဗဟိဒ္ဓ၌ရှိသည့် သီတ ဝါယောဓာတ်နှင့် သဘောတူချင်း လက်တွဲပေါင်းစပ်သွားကြသည်။

ထို့အတူ သက်ရှိသတ္တဝါတို့ သန္တာန်၌ ကံ၊စိတ်၊ဥတု၊အာဟာရ ဤအကြောင်းတရားလေးပါးတို့ကြောင့် သစ်ပင်တို့ကဲ့သို့ ဥတုဇတမျိုးတည်း မဟုတ်တော့ဘဲ ဥဏှဝါယောလေးမျိုး၊ သီတဝါယော လေးမျိုးစီ ရှိလာကြတော့၏။

၁။ ကံကြောင့် ဖြစ်သည့် ကမ္မဇဥဏှဝါယော။

၂။ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇဥဏှဝါယော။

၃။ ဥတုကြောင့်ဖြစ်သည့် ဥတုဇဥဏှဝါယော။

၄။ အာဟာရကြောင့်ဖြစ်သည့် အာဟာရဇဥဏှဝါယော။

၎င်းအပူလေဓာတ်လေးမျိုးတို့မှာ အပြင်ဗဟိဒ္ဓတွင်ရှိသည့် ဥတုဇဥဏှဝါယော လေဓာတ်နှင့် သဘောတူချင်းလက်တွဲပေါင်းစပ်၍ ဥဏှဝါယောတို့၏ သဘာဝသတ္တိအတိုင်း လှုပ်ရှားတွန်းကန် နေတော့၏၊ တဖန်—

၁။ ကံကြောင့်ဖြစ်သည့် ကမ္မဇသိတဝါယော။
၂။ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇသိတဝါယော။
၃။ ဥတုကြောင့် ဖြစ်သည့် ဥတုဇသိတဝါယော။
၄။ အာဟာရကြောင့် ဖြစ်သည့် အာဟာရဇသိတဝါယော။

၎င်းအအေးဓာတ် လေးမျိုးမှာလည်း အပြင်ဗဟိဒ္ဓတွင်ရှိသည့် ဥတုဇသိတဝါယော အအေးလေဓာတ်နှင့် သဘောတူချင်း လက်တွဲပေါင်းစပ်၍ သိတဝါယောတို့၏ သဘာဝသတ္တိအတိုင်း စုတ်ယူဆွဲငင်တော့၏။

မှတ်ချက်။ ။ထိုသို့ ဥဏှဝါယော - သိတဝါယော ဓာတ်သဘောတို့ အင်အားချင်းပြိုင်လျက် သူမနိုင် ကိုယ်မနိုင် တွန်းကန်မှု, ဆွဲငင်မှု ရှိနေကြသောကြောင့် သက်ရှိသတ္တဝါတို့၌ ထွက်သက်ဝင်သက် ဖြစ်နေရခြင်းဖြစ်၏။

## ထွက်သက်ဝင်သက်နှင့်ဆေးပညာ

လူတဦးတယောက်၌ ညဥ့်အချိန် နာရီပြည့်အချိန်ပြည့် အိပ်စက်၍ နှစ်နှစ်ခြိုက်ခြိုက်ပျော်ပါမူ ထွက်သက်ဝင်သက်မှာလည်း နေရာမှန် အရောက်ထွက်သည်၊ နေရာမှန်အရောက်ဝင်သည်၊ ထွက်သက်နှင့်ဝင်သက်မှာ အထစ်အငေါ့မရှိ၊ မှန်မှန်ဝင်ထွက်နေသောကြောင့် ဥဏှဓာတ်နှင့် သိတ ဓာတ်မှာလည်း ညီမျှမှန်ကန်နေကြသည်၊ ထို့အတွက် အိပ်ရေးဝသူ၌ ကျန်းမာလေ့ရှိကြသည်။

နေ့အချိန်များတွင် ထွက်သက်ဝင်သက်တို့မှာ နေရာမမှန်၊ လမ်းတဝက်တွင် ခေါက်တုန့်ခေါက်ပြန် ဖြစ်နေတတ်သည်၊ ရဲရင့်ခြင်းသည် ဥဏှဓာတ်၏ သတ္တိဖြစ်၏၊ ထိတ်လန့်ကြောက်ရွံ့ခြင်းသည် သိတဓာတ်၏ သတ္တိဖြစ်သည်၊ တခါတရံအလန့်တကြားဖြစ်ခြင်း, ထိတ်လန့်ကြောက်ရွံ့ခြင်း,အံ့ဩခြင်း,စိုးရိမ်ကြောင့်ကြခြင်းများ ဖြစ်လာသည့်အခါ ပင့်သက်ကို ရှုမိတတ်သည်၊ဥပမာ-မော်တော်ကားကို အမြန် မောင်း၍ ရုတ်တရက်အရှိန်ပြင်းစွာ ကွေ့လိုက်သည့်အခါ ကားချင်းပွတ်သွား ငပ်သွားသောအခါမျိုးတွင် ရင်ကိုမ၍ စက္ကန့်အနည်းငယ်ကြာမှ ဟူးချ၍ ထွက်သက်ကို မှုတ်ထုတ်တတ်ကြသည်၊ သက်ပြင်းချလိုက်တတ်ကြသည်။

ထိုအချိန်တွင် ထွက်သက်, ဝင်သက် တစက္ကန့်, နှစ်စက္ကန့်မျှ ရပ်သွားသည်၊ အသက်အောင့်မိလျက်(အသက်မရှူမိဘဲ)ဖြစ်သွားသည်ကို အလွန်သတိထားမှပင် သိနိုင်ပါသည်၊ ရင်ကိုမရှူ ခေတ္တအသက်အောင့်မိသွားသည်မှာ–သီတ၊ သက်ပြင်းချလိုက်သည်မှာ–ဥဏှ။

ထိုသီတ,ဥဏှတို့ မှန်မှန်ဝင်ထွက်နေစဉ် ဒုန်းပြေးနေသည့် မြင်းကို တအားဇက်ဆုပ်ဆွဲလိုက်သကဲ့သို့ ထွက်သက်, ဝင်သက်မပြောင့်တော့ပေ၊ ထိုအခါ ဥဏှ, သီတဖောက်ပြန်လာသောကြောင့် ရောဂါရောက်တတ်ပေသည်၊ အံ့ဩခြင်း, တွေဝေငေးမောခြင်း, ထိတ်လန့်တုန်လှုပ်ခြင်း များများပါသည်၊ စာအုပ် စာတမ်းပြကွင်းပြကွက် အသံကွဲ, ရင်နှင့် အတင်းစကား ကြားဖန်များလျှင် ထွက်သက်, ဝင်သက်တို့ နေရာမှန်မရောက်။

သီတ, ဥဏှဖောက်ပြန်သောကြောင့် ရောဂါရောက်တတ်ပေသည်၊ ထို့ကြောင့် သမထကမ္မဋ္ဌာန်း ၄၀–တွင် ဤထွက်သက်, ဝင်သက် အလုပ်မှာ ကျန်းမာရေးအတွက်လည်း အထောက်အပံ့ အထောက်အကူ ဖြစ်၏၊ စိတ်၏တည်ကြည်မှု အလုပ်တခုဖြစ်၍ ဝိတက်လည်း မဝင်၊ ကိလေသာကိုလည်း ငြိမ်းအေးစေတတ်သောကြောင့် ဘာသာရေး အတွက်လည်း အထောက်အပံ့ အထောက်အကူဖြစ်၏၊ သမထ ၄၀–တွင် စွယ်စုံရ ဖြစ်သောကြောင့် ရှေးရှေးပြာဟ္မဏတို့လည်း အားထုတ်ခဲ့ကြသည်၊ ဗုဒ္ဓဂေါတမ အလောင်းတော်လည်း ဤအခြေခံအလုပ်ဖြင့်သာ သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူခဲ့၏၊ ဗုဒ္ဓနှင့်ပြာဟ္မဏတို့ ရည်ရွယ်ချက်နှင့် အားထုတ်လုပ်ကိုင်ပုံသာ ခြားနားချက်ရှိကြပါသည်။

မေး။ ။ယင်းသို့ဖြစ်လျှင် သစ်ပင်, ဝါးပင်တို့၌ရှိသော ထွက်သက်ဝင်သက်တို့မှာ သက်ရှိသတ္တဝါ၏ ထွက်သက်, ဝင်သက်ကဲ့သို့ ဘယ်အတွက် မထင်ရှားပါသနည်း။

ဖြေ။ ။သစ်ပင်,ဝါးပင်တို့၌ ဥတုဇ–ဥဏှဝါယောနှင့် သီတဝါယောသာ ရှိသည်၊ သက်ရှိသတ္တဝါတို့မှာ ကံ, စိတ်, အာဟာရ–ဤအကြောင်းသုံးပါး အင်အားသုံးခု သစ်ပင်ဝါးပင်တို့ထက် အား သုံးဆသာနေသောကြောင့် ဖြစ်သည်။

မေး။ ။ဥတုဇဝါယော, သီတဝါယော အား နှစ်မျိုးပြိုင်ဆိုင်ရာ၌ ဘယ်အတွက်တခုကိုတခု အပြတ်အသတ်အနိုင်မရကြပါ သနည်း။

ဖြေ။ ။ဥဏှဓာတ်ရှိသည့်နေသည် သီတဓာတ်ရှိသည့်လထက် အချင်း အားဖြင့် တယူဇနာ, လုံးဝန်းအားဖြင့် ၃-ယူဇနာမျှလောက်သာ အင် အားသာ နေသောကြောင့် အအေးသီတဓာတ်ကို အပူဥဏှဓာတ်က အပြတ်အသတ် အလဲထိုး၍ အနိုင်မရခြင်းပင်ဖြစ်သည်၊ သို့ရာတွင် အပူ ဥဏှဝါယောဓာတ်က အခါခပ်သိမ်း မသိမသာအနိုင်ယူလျက်ပင် ရှိခဲ့၏၊ ရှိုးရိုးသာမန်နေသည့် အချိန်မျိုးတွင် ထွက်သက်အနည်းငယ်ပိုရှည်သည်ကို သတိထားလျှင်သိနိုင်ပါသည်။

သက်ရှိသတ္တဝါတဦး အထူးသဖြင့် သိလွယ်သည့်သာဓကကို ပြရသော်- လူတဦးတယောက် နောက်ဆုံးကမ္မဇရုပ် ချုပ်ငြိမ်းသွားသည့် အခါတွင် ဝင်သက်နှင့် ဝိညာဉ်မချုပ်ဘဲ ထွက်သက်နှင့်ချုပ်သွားရသည်မှာ သီတ ဓာတ်ကို ဥဏှဓာတ်က နောက်ဆုံးနှုတ်ဆက်ရှန်းကန်လျက် အနိုင်ယူပြ သွားခြင်းသာ ဖြစ်၏၊ ဦးစီးချုပ်ကိုင်သည်ကား ဝါယောဓာတ်။

ကံ, စိတ်, ဥတု, အာဟာရ လေးပါးကြောင့် ဖြစ်ပေါ်လာရသည့် ဝါယောဓာတ်လေးမျိုးတို့တွင် စိတ္တဇဝါယောဓာတ်သည် ကျန် ဝါယော ၃-မျိုးကို ချုပ်ကိုင် ထားခဲ့၏၊ သူ့အမိန့်အတိုင်း အများဆုံး လိုက်နာ လုပ်ကိုင်ကြရသည်၊ ထို့ကြောင့် လူတယောက် သွားလိုရာ ခရီးသို့ ရောက် အောင် သွားနိုင်သည်မှာ စိတ္တဇဝါယော ဦးစီးထားသောကြောင့် ဖြစ် သည်၊ ယခုပင် တောင်အရပ်သို့ သွားအံ့ဟု နှလုံးပိုက်၍ တောင်အရပ်ကို သွားရာမှ လိုသည့်နေရာသို့ မရောက်မီ မြောက်ဖက်သို့ ပြန်၍ လျှောက် ပြန်သည်။

တဖန် ချက်ခြင်းပင် အရှေ့သို့ ခြေလှမ်း သွက်သွက် လှမ်းနေပြန်သူ တယောက်မှာ ကံ, ဥတု, အာဟာရမှ ဖြစ်သည့် ဝါယော ၃-မျိုးကို စိတ္တဇဝါယောက တမျိုးမပြီးမီ တမျိုးအမိန့်ပေးနေခြင်းပင် ဖြစ်သည်။

ထိုသူမှာ ကိုယ့်စိတ်ကို ကိုယ်အစိုးမရသူတယောက်(သူရူးတယောက်) ဖြစ်နေရသည်မှာ သတိခေါ်သည့်နာမ် အကြီးအကဲ အုပ်ချုပ်မှု လွတ်ကင်း

နေသောကြောင့်ပင် မဟုတ်ပါလော၊ စိတ်ဓာတ် ပြင်းလာသည့်အခါ ထွက်သက် ဝင်သက်တို့ ပြင်းထန်လာရသည်မှာ စိတ္တဇဝါယော ပြဋ္ဌာန်-နေမှုကြောင့်ပင် ဖြစ်၏။




**ကမ္ဘာမြေထု၏ ဥပစာလေနှင့်လဟာပြင်လေတို့၏ခြားနားချက်**

ကမ္ဘာမြေထု၏ ဥပစာလေမှ အပူလေ, အအေးလေ နှစ်မျိုး ဖြစ်ပေါ်ခဲ့သည်၊ လဟာပြင်လေထုမှာ လေပူသက်သက်မျှသာဖြစ်သည်၊အအေးလေသည် ဆွဲဝင်အားရှိ၍ လေပူမှာ တွန်းကန်အား ရှိနေသောကြောင့် ထွက်သက်ကို မှုတ်ထုတ်၍ ဝင်သက်ကို ရှူသွင်းနိုင်သော်လည်း ကမ္ဘာမြေ၏ ရှုပ်ဝတ္ထုနှင့်ကင်းသော လဟာပြင်တွင်မူကား တွန်းကန် လေအား သက်သက်သာ ရှိနေသဖြင့် ဝင်သက်ကို ရှူ၍ မရနိုင် ဖြစ်နေရပေသည်။

မြေထု၏ ဥပစာနယ်နှင့် ဝေးလေလေ ဝင်သက်ရှူ၍ မရလေလေ ဖြစ်လာပေလိမ့်မည်၊ ထိုအခါ လဟာပြင်၌ လေမရှိဟု ထင်မှတ်တတ်ပေ

သည်၊ လေပူသည် လဟုဓာတ်အပေါ့ဓာတ်ဖြစ်၍ တွန်းကန်ခြင်း, လှုပ်ရှားခြင်း, ပင့်မြှောက်ခြင်း သဘာဝ သတ္တိအတိုင်း ထိုလဟာပြင်သို့ရောက်သွားသည့် သက်ရှိသက်မဲ့ရုပ်ဝတ္ထုတို့မှာ အလေးချိန်ပေါ့၍ နောက်ဆုံးတွင် လဟာပြင် လောကဠ် အောက်သို့ မကျဘဲ ပေါ်လော ပေါ်နေမည်သာ ဖြစ်သည်။

ယင်းသို့ဖြစ်လျှင် ၎င်းလေထု၌ အအေးဓာတ် မရှိ, အပူဓာတ်သာ ရှိသည်ဟု မှတ်ယူရမည်လော၊ ဥတုနိယာမ ချယ်လှယ်နေသည့် စကြာဝဠာ အတွင်း၊ တနည်း–သုံးဆယ့်တဘုံတွင် အအေးနှင့်အပူ အတူတူ'အမြဲမပြတ် ပေါင်းစပ်ရှိနေသင့်သည်၊ ရှိနေရမည် ဖြစ်ပါလျက် ဘယ်အတွက် ကမ္ဘာ မြေထု၏ ဥပစာနှင့် ကင်းနေသည့် ဤလေဟာတွင် အအေးဓာတ်နှင့် ကင်းနေရပါသနည်း၊ ထိုသို့ မဟုတ်ပါ၊ သဘာဝသတ္တိတခု သရုပ်မထင် မပီပြင်လျှင် အရေအတွက်ထဲ မသွင်းခြင်းသာ ဖြစ်သည်၊ ရှိကား ရှိနေသည်ဟုပင် သိထားရပါမည်။

ဩကာသလောက ကမ္ဘာ တည်ဆောက်ပုံကို ပြန်ကြည့်လျှင် အောက်ဆုံး အရင်းခံမှာ ပူမှု,အေးမှု ဥတုနိယာမ သင်္ခတ နယ်တွင် တေဇော အရင်းခံထားခဲ့သည်၊ ၎င်းအထက်တွင် လေထု, ၎င်းအထက်တွင် ရေထု, ၎င်းနောက် မြေကို တွေ့ရမည်၊ သက်ရှိသက်မဲ့ ရုပ်ဝတ္ထုမှန်သမျှ ပူလျှင် ပူ, မပူလျှင်အေး,မအေးလျှင်ပူ အစုံအစုံ တခု ရှိလျှင် တခုလည်း ရှိနေရပေမည်၊ အာယုဗ္ဗေဒ ဆေးပညာတွင်–

သက်ရှိသတ္တဝါတို့၌ လေမျိုး ၁၀-ရှိသည်၊သည်းခြေမျိုး–၄၀၊သလိပ်–၂၀၊၎င်းနှစ်မျိုးစလုံးတို့မှာအာပေါရေဓာတ်များသာဖြစ်၍ပထဝီမြေဓာတ်လက္ခဏာမှာ ၈–မျိုးသာပြထားခဲ့၏၊ လေဓာတ်လက္ခဏာမှာ အများဆုံး, အကျယ်ဆုံး နောက်မြေဓာတ်အထိ တဆင့်ထက်တဆင့် သချာကျဉ်းသွားခဲ့သည်။

လေဓာတ်လက္ခဏာမှာ သက်ရှိ သတ္တဝါ သတ္တလောကသည် ကမ္ဘာမြေထု-ဩကာသလောကကြီးကို အမှီပြုရမှု ဖြစ်ပေါ်နိုင်သည်၊ ရပ်တည်နိုင်သည်၊ သတ္တလောက၏ မှီရာတည်ရာ ဩကာသ လောက၏ ဖြစ်စဉ်အတိုင်း သက်ရှိ သတ္တဝါတို့၌လည်း လေဓာတ်သည် အရာအကျယ်ဆုံး၊

ငင်းနောက် သည်းခြေ၊သလိပ်၊မြေဓာတ်တို့၏ လက္ခဏာများမှာ ဩကာသ လောက၏ ဖြစ်စဉ်အတိုင်း တဆင့်ထက် တဆင့် အရာ ကျဉ်းလာရခြင်း ဖြစ်၏။

ထို့ကြောင့် စကြာဝဠာအနန္တ သုံးဆယ့်တဘုံ အကုန်လုံး အပူသည် အအေးနှင့်မကင်း၊ အအေးသည် အပူနှင့်မကင်း၊ ယနေ့ဩကာသလောက ကမ္ဘာမြေထုကြီး၌ အပူသက်သက်သာ ရှိ၍ အအေးဓာတ်လုံးဝမရှိခဲ့လျှင် ဤကမ္ဘာကြီးပျက်ပြီဟု မှတ်ပါလေ၊ အခြားသောစကြာဝဠာ အနန္တနှင့် ၃၁-ဘုံတွင်လည်း ဤနည်းအတိုင်းပင်။

ဩကာသလောကကို အမှီပြုနေကြရသည့် သက်ရှိသတ္တဝါ သတ္တ လောကကြီးမှာလည်း အပူသက်သက်သာရှိ၍ အအေးလုံးဝမရှိ၊ အအေး သက်သက်သာရှိ၍ အပူလုံးဝမရှိလျှင်ပျက်စီးပြီး သေပြီဟု မှတ်ပါလေ။

ဩကာသလောကတွင် လေသည်တမျိုးထည်းဖြစ်၏၊ အပူသာရှိ၏၊ နောက်မှ အအေးလေ ပေါ်လာရပေသည်၊ လေ၏ အမျိုးအစား များပြားလာရသည်မှာ ကာလ, ဒေသ အတွေ့အထိတို့ကြောင့် လေအချိုး ကွဲလာရခြင်း ဖြစ်သည်၊ သက်ရှိသတ္တဝါတို့၌လည်း ဤနည်းအတိုင်းပင်။

လေသည် တမျိုးတစားထည်းဖြစ်လျက် ဩကာသလောကတွင် ဘယ် အတွက် လေအမျိုးမျိုး ပေါ်ထွက်နေရပါသနည်း၊ ဘယ်ပုံဘယ်နည်း ပေါ်လာပါသနည်း၊လေသည် အပူဓာတ်မျိုး အပေါ့ဓာတ်မျိုးဖြစ်သည်ကို သိးသန့်ကဏ္ဍတခုဖြင့် ဖော်ပြထားခဲ့ပြီးဖြစ်၍ ကြည့်ပါ။

အပူလေဓာတ်သည် ကမ္ဘာမြေဓာတ်၏ ဥပစာအတွင်းသို့ ချဉ်းနင်း ဝင်လာသည့်အခါ အအေးလေအဖြစ်သို့ ပြောင်းလွဲလာခြင်း, ရေဓာတ်နှင့် တွေ့ထိလာသည့်အခါ ဖိအားအဖြစ် ပြောင်းလွဲလာခြင်း, နကိုမူလ သဘာဝမှာ လှုပ်ရှားခြင်း, ပင့်မြှောက်ခြင်း, တွန်းကန်ခြင်း, လေအေး ဖြစ်လာသည့်အခါ ဆွဲငင်ခြင်း, စုတ်ယူခြင်း၊ စုတ်ယူခြင်းဖြစ်လာကြ သော်လည်း ဤအတွေ့အထိနှင့် ကာလ-ဒေသ အခိုက်အတန့်အားလုံးကို ရုပ်သိမ်းလိုက်သည့်အခါ မူလသဘာဝအတိုင်း လှုပ်ရှားခြင်း, တွန်းကန် ခြင်း, ပေါ့ပါးခြင်း, အရှိန်အဟုန်ရှိခြင်းသို့ ရောက်မြဲပြန်ရောက်သွားခဲ့

သည် သဘာဝကို ရာသက်ပန် ပြောင်းလဲ၍ မရ၊ သူ့သဘောကိုသူ ဘယ်အခါမှ မစွန့်၊ ထို့ကြောင့် ရုပ်ဓာတ်၊ နာမ်ဓာတ်မှန်သမျှကို ပါဠိ ဘာသာအားဖြင့် ပရမတ္ထဟု ခေါ်သည်၊ ပါဠိပျက် ဝေါဟာရဖြင့် ပရမတ် ဟု ခေါ်သည်၊ မြန်မာလိုပြန်လျှင် မဖောက်မပြန်သော အနက်သဘောဟု ဆိုလိုရင်းဖြစ်သည်။

လေသည် ဗဟိဒ္ဓအပြင်လေများနှင့် အမြဲမပြတ် ပေါင်းစပ်နေသည့် အခါ ကာလ၊ ဒေသအတွေ့အထိများကြောင့် သဘောသွားတမျိုးစီ ဖြစ် နေရ သော်လည်း အပြင်လေနှင့် လုံးဝကင်းပြတ်သွားသည့်အချိန်တွင် လေပူလေအေးနှစ်မျိုးစလုံးပင်စုပ်ယူခြင်း၊ ဆွဲငင်ပင့်မြှောက်ခြင်း သဘာဝ တခုတည်းကိုသာ ဆောင်ရွက်ကြပေသည်။ (အောက်ပါပုံကို ကြည့်ပါ။)

အပူလေ၏ စုပ်ယူဆွဲငင်ထားပုံ



ဝမ်းပိုက်ပေါ်တွင် တခုခုကို တင်၍ ဖယောင်းတိုင် မီးကို ညှိထွန်း၍ အိုးတလုံးကိုမှောက်၍ အုပ်လိုက်ပါ၊ အိုးအပေါ် တနည်းနည်း ဖိထား လိုက်လျှင် ဖယောင်းတိုင်မီးသည် မီးဓာတ်၌ ရှိပြီးဖြစ်သည့် အငွေ့ကလာပ် ရုပ်အပါအဝင် လေဓာတ်မှာ အပြင်လေနှင့် ပေါင်းစပ်၍ တောက်လောင် ရာမှ ရုတ်တရက် ငြိမ်းသွားရသည်မှာ အပြင် လေနှင့် အဆက်အသွယ် ကင်းသွားသောကြောင့် ဖြစ်ပါသည်၊ တမိနစ်နှစ်မိနစ်ခန့်ကြာလျှင် အိုး အတွင်းသို့ (ဝမ်းပိုက်၏အသားဆိုင်များ အိုးအတွင်းသို့) တဖြည်းဖြည်း မို့မောက်ဝင်ရောက်သွားလိမ့်မည်၊ ကြာကြာ မထားရ၊ ကြာလျှင် အိုးကို ပြန်ခွါ၍ ရမည်မဟုတ်။

လွန်သွားလျှင် အိုးကိုဖောက်၍ လေကိုထုတ်လိုက်ရ၏၊ ဤသို့ဖြစ်သည် ကို ဆေးပညာ ဝေါဟာရဖြင့် တေဇောနှင့်ဝါယော အကျဉ်းကျသည်ဟု

ဆိုပါသည်၊ ဤသည်ကား လေသည် တွန်းကန်ခြင်း, လှုပ်ရှားခြင်း သဘောမှ စုတ်ယူခြင်းသဘောသို့ ပြောင်းသွားရပုံကို ပြဆိုခြင်း ဖြစ်၏။

ဤ၌ အလျဉ်းသင့်နေ၍ ဆေးပညာအရ အနည်းငယ် ဖော်ပြလိုသည်မှာ ဝမ်းချုပ်ခြင်း, ဓာတ်ကျစ်ခြင်း ဖြစ်ရသည်မှာ အပူဓာကို များစွာစားမိ၍လည်း ဖြစ်တတ်သည်၊ဗဟိဒ္ဓအပြင်မှ အအေးဓာတ်ပတ်ဖွဲ့၍ အသားဓာတ်တွင် ရုပ်ကလာပ်တို့၏ အကြားအပေါက်တို့ ပိတ်သွားသည့်အခါ အပုလေဓာတ်သည် အစာဟောင်းအိမ်အတွင်း၌ အကျဉ်း မိသွားသည်။

အပူဓာတ်ကြောင့် ခြောက်ခန်း ကျစ်လစ်နေသည့် အစာဟောင်းများကို အင်နှင့်အားနှင့် စုတ်ယူထားခြင်းကြောင့်လည်း ဝမ်းချုပ်ခြင်း ဖြစ်ရသည်၊ နံနက်စောစော ရေကို အဝသောက်လေ့ရှိသူတို့၌ အစာဟောင်းများ ပျော်၍ ဝမ်းသက် ရသည်မှာ အစာဟောင်းများမှာလည်း ပထဝီ အမာခံရုပ် ဂရုဓာတ် အလေးဓာတ်, ရေမှာလည်း ဂရုဓာတ် အလေးဓာတ်။

ဤသို့ အလေးဓာတ်ချင်း ပေါင်းစပ်သွားသည့်အခါ အလေးဓာတ်တို့၏ သဘာဝအတိုင်း အောက်သို့ လျှောကျရခြင်း ဖြစ်သည်၊ ဝမ်းချုပ်ဓာတ်ချုပ်ခြင်းသည် အစာဟောင်း အမာခံရုပ်ကလာပ် ပထဝီဓာတ်ကြောင့်ပင် ဖြစ်သလော၊ သို့မဟုတ် အစာဟောင်းများ ရေဓာတ်ခန်း၍ ကျစ်လစ်၍ နောက်ထပ် ရေဓာတ်ကို အကူအညီမရ၍ ရေဓာတ်ချင်း မပေါင်းမိ၍ အလေးဓာတ် အားပျော့မှုကြောင့်ပင် ချုပ်ရသလော။

ဓာတ်ချုပ်ခြင်းသည် အစာဟောင်း အဇ္ဈတ္တိက ပထဝီ လွန်၍မဟုတ်၊ ချုပ်ခြင်း, သက်ခြင်းသဘောမှာ သူနှင့်မဆိုင်, အမာခံပထဝီဆိုသည်မှာ မီး, ရေ, လေ-ဤဓာတ်သုံးမျိုးတို့ပြုသမျှ နုနေရသည့် ရုပ်တခုပင် ဖြစ်၏၊ ၎င်းဓာတ်သုံးမျိုးတို့၏ အပြုခံ-အဖျက်ခံ ဖြစ်နေရသည့် ရုပ်ဝတ္ထုတခု မျှသာ ဖြစ်ချေသည်။

ဩကာသလောက ကမ္ဘာမြေထုကြီးကို မီး, ရေ, လေ-ဤသုံးမျိုးတို့က ဖျက်ဆီး၍ ပျက်စီးရသည်၊ ကမ္ဘာမြေထုကြီး ပေါ်ပေါက်လာရန်လည်း ရေဓာတ်က တိုက်ရိုက် တာဝန်ယူမွေးထုတ် ပေးလိုက်သည်ကို မီးနှင့်လေဘို့က မယုတ်မလွန် ကူညီခြင်းမျှသာဖြစ်၏။

ဖြစ်ခြင်းနှင့် ပျက်ခြင်း သရုပ်လက္ခဏာတို့ကို မြေဓာတ်က ဖော်ပြနေခြင်းမျှသာ ဖြစ်၍၊ တရားခံအစစ်မဟုတ်ဟု သိထားရပေမည်။

အောက်ပုံကိုကြည့်ပါ။

လေအေးဓာတ်၏ အထက်သို့ဆွဲငင်အား အပြည့်ဖြစ်လာသည့်

ရဟန်းတော်များသုံးသည့် ရေစစ်ပုံဖြစ်သည်။



ဤပုံကိုမြင်ဘူးကြသူတွေ များပါလိမ့်မည်။

ထိပ်တွင် သေးငယ်သော အပေါက်ကလေး တပေါက်ရှိသည်၊ အောက်ပိုင်း အဝကျယ်ကို ပိတ်ပါးကလေးဖြင့် ကပ်၍ ရေစစ်အောက်နှုတ်ခမ်းကို အပ်ချည်ဖြင့် ဝိုင်းပတ်ချုပ်ထားပါသည်၊ ၎င်းရေစစ်ကို ရေအတွင်းထိပ်ဝအနားသို့ ရောက်အောင်နှစ်လိုက်လျှင် ရေအပြည့်ဝင်လာမည်။

ပြီးလျှင် ထိပ်ဝအပေါက်ကို လက်မဖြင့် ဖိထားပါ၊ အပေါ်သို့ပြန်၍ ဆွဲတင်လိုက်လျှင် ရေစစ်အတွင်းရှိရေများ အောက်သို့ မကျတော့ပေ၊ ထိပ်မှဖိထားသည့်လက်မကို ပြန်ဖွင့်လိုက်မှ ရေများပိတ်ပါးအပြင်သို့ ထွက်ကျလာ၍ ရေစစ်အတွင်းသို့ ရောက်ရှိပြီး လေသည် ရေဓာတ်ကြောင့် အအေးလေ ဖြစ်နေရ၏၊ သီတဝါယောခေါ်သည့် ဤလေအေးမှာ ဆွဲငင်ခြင်း—အာကစုနသဘောရှိ၍ အပြင်လေနှင့် မပြတ်တွေ့ထိနေသည့်အခါ အားကောင်းသည့်ဘက်သို့ဆွဲအားဖြစ်လာသော်လည်း အပြင်လေနှင့်လုံးဝ အဆက်အသွယ်ပြတ်သွားသည့်အခါ အောက်သို့ရင်း, ဘေးသို့ရင်းဆွဲအား မပြတော့ဘဲ အထက်သို့သာ ဆွဲငင်တတ်ပေသည်၊ ထို့ကြောင့် လေဓာတ်ကို အေးသည်ဖြစ်စေ,ပူသည်ဖြစ်စေ ဗဟိဒ္ဓအပြင်လေနှင့် လုံးဝကင်းကွာခဲ့လျှင် ဆွဲငင်အားတခုတည်းသာ ရှိသည်ဟုဆိုခဲ့ခြင်းဖြစ်၏။

ရေပြည့်နေသောရေစစ်ကို အပေါ်သို့ပင့်တင်လိုက်သည့်အခါ အောက်မျက်နှာပြင်ရှိ ပိတ်ပါးကလေးကို အပြင်လေပင့်ထောက်ထား၍ အတွင်းမှ ရေများ လျှောကျခြင်းမရှိဟု သံသယရှိခဲ့လျှင် ရေဝင်နေသည့်ရေစစ်ကို ရေထည်း၌ပင်နှစ်ထား၍ ထိပ်ဝကိုအသာဖွင့်လိုက်သျှင်လည်း ရေများထွက်ကျသွားသည်ကို တွေ့ရပေလိမ့်မည်။

ထို့ကြောင့် အပြင်လေနှင့်ကင်းသည့်အခါ လေအေး၏သတ္တိမှာ တမျိုးပြောင်းလွှဲသွားသည်ကို ထူးခြားစွာတွေ့ရပေလိမ့်မည်၊ ထိုအချိန်တွင် သမုဒ္ဒရာရေ အပြင်ကိုတွေ့၍ အအေးဓာတ်ဝင်သော လေဓာတ်ကဲ့သို့ ဖိအားမျိုးမရှိ ဖြစ်ပေသည်။

## သက်ရှိထွက်လေဝင်လေနှင့်သက်မဲ့ထွက်လေဝင်လေတို့၏ ခြားနားချက်အကြောင်း

သက်ရှိသတ္တဝါတို့၌ ဖြစ်ပေါ်သည့်လေမှာ ကိုယ်ခန္ဓာအတွင်းမှ ကမ္မဇဉတု ဝါယော-ကံကြောင့် ဖြစ်ပေါ်ရသောလေပူ စိတ္တဇဝါယော-စိတ်ကြောင့်ဖြစ်ပေါ်လာရသောလေပူ၊ ဥတုဇဝါယော-ဥတုကြောင့်ဖြစ်ပေါ်လာရသောလေပူ၊ အာဟာရဇဝါယော-အစာအာဟာရကြောင့်ဖြစ်ပေါ်လာရသောလေပူ၊ ထိုလေးမျိုးစလုံးမှာ အပူဓာတ်တွေသာဖြစ်နေသောကြောင့် သက်ရှိသတ္တဝါတို့မှ ထွက်သောလေပူများတွင် ကိုယ်တွင်းမှ အညစ်အကြေးများ ပါလာ ပေလိမ့်မည်။

အထူးသဖြင့် အစာအာဟာရအပုပ်အစပ်မှ ပေါ်ပေါက်လာသည့် လေပူဓာတ်ကြောင့် ထွက်သက်တွင်ပို၍ အညစ်အကြေးပါလာနိုင်ပါသည်၊ လူသတ္တဝါနှင့် သားစိမ်းငါးစိမ်းများကိုသာ အမြဲမပြတ်စားသောက်နေကြသည့် ကျားခြင်္သေ့တို့၏ ထွက်သက်လေပူမှာ ပို၍အညစ်အကြေးပါလာနိုင်ပေသည်။

ဝင်သက်များတွင်လည်း အထက်ပါနည်းအတိုင်း လေးမျိုးစလုံး၏ ဝင်သက်လေအေးမှာ ပတ်ဝန်းကျင်သစ်ပင်ဝါးပင်တို့မှ ပေါ်ပေါက်လာရသည့် ဝင်သက်အအေးလေသာဖြစ်သဖြင့် ထိုသစ်ပင်, ဝါးပင်တို့တွင် လူတို့ကဲ့သို့ ကံ,စိတ်,ဥတု,အာဟာရ အကြောင်းလေးမျိုးမရှိ၊ ဥတုနှင့် အာဟာရသာရှိသည်၊အာဟာရမှာလည်း တိရစ္ဆာန်နှင့် လူတို့ကဲ့သို့ အပုပ်အစပ်

တွေ့မဟုတ်၊ မြေဆီ မြေဩဇာဖြစ်ပြီးမှ လတ်ဆတ်သော ထိုရသဓာတ်ကို စုတ်ယူ၍ ရှင်သန်လာရသော သစ်ပင်ဝါးပင်များသာ ဖြစ်ချေသည်။

ထို့ကြောင့် လူတိရစ္ဆာန်တို့၏ ဝင်သက် လေအေးသည် ထွက်သက် ထက် အညစ်အကြေးနည်းပါးစရာ အကြောင်းရှိပေသည်၊ ယခု သိပ္ပံပညာ ထွန်းကားသော ခေတ်တွင် ဓာတုဗေဒ စက်ရုံများမှ ဓာတ်ခိုး ဓာတ်ငွေ့ အနုမြူဓာတ်များမှ အပူခိုး အပူငွေ့တို့ ရောထွေးပါလာပြီဖြစ်ရကား အခြေ အနေအရ လူ တိရစ္ဆာန်တို့၏ ထွက်သက်၌ဖြစ်စေ ဝင်သက်၌ဖြစ်စေ ပါ လာသည့် ဓလတွင် အညစ်အကြေး ကင်းလာရန် အကြောင်းမရှိနိုင်ဟု ယူဆမိပေသည်။

ထိုအညစ်အကြေးများမှာ ထွက်လေ ဝင်လေနှင့် မဆိုင်၊ အပူအပုပ် နှင့်သာ ဆိုင်သည်၊ ၎င်းတို့သည် ထွက်လေ ဝင်လေတို့အပေါ် လှေကြုံ စီးနေကြသည့် ခရီးသည်များနှင့်သာ တူချေ၏၊ အကျဉ်းချုပ် ဆိုလိုရင်း မှာ သစ်ပင် ဝါးပင်တို့၌ အပုပ်အစပ် အညစ်အကြေးနည်းပါး၍ သက်ရှိ လူ တိရစ္ဆာန်တို့၌သာ အပူအပုပ် များသည်၊ အညစ်အကြေး များသည် ဟူလို။

## ဝါယောလေဓာတ်မဖြစ်ခြင်းနှင့်မရှိခြင်း ခြားနားချက်များ

ထွက်သက်လေနှင့် ဝင်သက်လေ မဖြစ်သောသူနှင့် မရှိသောသူတို့မှာ—

၁။ အမိဝမ်းတွင်း၌ ကိန်းနေသောသူ၊
၂။ သေပြီးသောသူ၊
၃။ နိရောဓသမာပတ် ဝင်စားနေသောသူ၊
၄။ စတုတ္ထဈာန်ဝင်စားနေသောသူ၊
၅။ ရူပဘုံတွင် ရှိနေသော ဗြဟ္မာများ၊
၆။ အရူပဘုံတွင် ဖြစ်နေသော ဗြဟ္မာများ၊
၇။ ရေနစ်နေသောသူများ၊
၈။ မုစ္ဆာကာလ-သေခါနီး တွေဝေမိန်းမောနေသူများ၊

အထက်တွင် ဖော်ပြခဲ့သည့် ပုဂ္ဂိုလ်ရှစ်မျိုးတို့တွင်နံပါတ် (၂) သေပြီး သူ တယောက်၌ ထွက်သက်လေ ဝင်သက်လေသည်လည်း မဖြစ်၊ ၎င်း လေ နှစ်မျိုး ရှိလည်း မရှိပေ။

ကျွန်ုပ်တို့ ခုနစ်မျိုးတို့မှာ ထွက်သက်လေ, ဝင်သက်လေ မဖြစ်သော်လည်း ၎င်းလေ နှစ်မျိုးကား ရှိနေသည်ဟု မှတ်အပ်၏၊ ၎င်းပုဂ္ဂိုလ် ခုနစ်မျိုးတွင်လည်း နိရောဓသမာပတ် ဝင်စားနေသော ပုဂ္ဂိုလ်၌ ထူးခြားချက်မှာ ၎င်းပုဂ္ဂိုလ်တွင် စိတ်, စေတသိက်နှင့် စိတ္တဇရုပ်များ ချုပ်နေသည်ဟု ဆိုသည်။

စင်စစ် စိတ်, စေတသိက်များ မဖြစ်ခြင်းကိုသာ ဆိုခြင်းဖြစ်သည်၊ စိတ်, စေတသိက်တို့ အကြွင်းမဲ့ချုပ်ငြိမ်းသွားခြင်း, မရှိခြင်းကို ဆိုလိုသည် မဟုတ်ပေ၊ မဖြစ်ခြင်းနှင့် မရှိခြင်းမှာ ဝေါဟာရသာ ခြားနေကြသကဲ့သို့ အဓိပ္ပါယ်မှာလည်း ကွာခြားနေခဲ့၏။

မရှိခြင်းမှာ အဓိပ္ပါယ်အလွန်ရှင်းပါသည်၊ မဖြစ်ခြင်းမှာ မရှိ၍မဟုတ်၊ ရှိလျက်နှင့် ၎င်း၌ရှိသည့် ကိုယ်ပိုင်သဘာဝ အစွမ်းသတ္တိကို ပြခွင့်မရ၍ မပီမပြင် မထင် မရှား ရှိနေခြင်းပင်ဖြစ်၏။

ထိုအချိန်တွင် နိရောဓ သမာပတ်ကို ဝင်စားနေသော ပုဂ္ဂိုလ်၌ ကံကြောင့် ဖြစ်သော ကမ္မဇလေ ပူမှု အေးမှု ဤနှစ်ခုကြောင့် ဖြစ်သော ဥတုဇလေ၊ ဤနှစ်မျိုးသာ ရှိလည်းရှိနေသည်၊ ဖြစ်လည်း ဖြစ်နေခဲ့၏၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇလေနှင့် အစာရေစာကြောင့် ဖြစ်သည့် အာဟာရဇလေတို့ လုံးဝမရှိသည့်အတွက် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းလေးပါး လေမပြည့်မစုံ ဖြစ်ခဲ့ရသည်၊ ထို့ကြောင့် နှစ်မျိုးတည်းကြောင့်သာ ဖြစ်ပေါ်နေရသည့် တွန်းကန်လေနှင့် ဆွဲငင်လေမှာ အလွန်အားနည်းလျက် အလွန်သိမ်မွေ့လျက် ရှိနေသောကြောင့် မရှိဟု ထင်မြင်ဘတ်ပေသည်။

ကမ္ဘာမြေထု ဥဒစာနှင့် ကင်းကွာလွတ်မြောက်လျက်ရှိသည့် လေဖိလေပုဓာတ်မှာ တဖက်သတ် အားကောင်းနေသည့်အတွက် ကိုယ်တွေ့မျက်မြင်မှာ ထင်ရှားနေသဖြင့် မိမိတို့ကိုယ်တိုင် ပင့်မြောက်တွန်းကန်မှုကို ခံနေရသော်လည်း ၎င်းကိုလေဟုမထင်။

ဝင်သက်ထွက်သက်ရှူရှိုက်၍ရမှ လေရှိသည်ဟု ယူဆကြသော သိပ္ပံပညာရှင်တို့မှာ ကမ္ဘာမြေထုနှင့် ဝေးလံသော နေရာတွင် လေမရှိဟု ထင်မြင်ယူဆကြဟန် တူပေသည်၊ အအေးလေဓာတ်မမှာ အလွန် အား

နည်း သိမ်မွေ့လွန်းသဖြင့် မပီမပြင် အထင်အရှား အလုပ်မဖြစ် အရာ မရောက်ဘဲ ရှိနေရခြင်းပင်ဖြစ်၏၊ ဖိုဓာတ်၊ မဓာတ်စုံမှ ဂုဏ်မြောက် သည့်အလုပ်ဖြစ်သည်၊ မဓာတ်ဖြစ်သည့် လေအေးတို့ တဘက်သတ် အား ကြီး၍ ဖိုလေတို့အလွန့်အလွန် အားနည်းနေလျှင်လည်း ဤအတိုင်းပင် ဖြစ်၏။

ဤကမ္ဘာနှင့် စကြာဝဠာအသီးသီးတွင်၊ သို့မဟုတ် ၃၁–ဘုံတွင် ပုပ္ပအားမှု ဥတုနိယာမ အမြဲအုပ်စိုးနေသောကြောင့် တွန်းကန်မှု လေနှင့် ဆွဲငင်မှုလေနှစ်ခုမှာ အမြဲရှိနေရသည်ကို သိထားရပေမည်။

သက်ရှိသတ္တဝါတို့တွင် လေလေးမျိုးစုံ၍ သက်မဲ့သစ်ပင်ဝါးပင်တို့တွင် လေနှစ်မျိုးသာရှိ၍ တွန်းလေနှင့် ဆွဲလေမှာ ကွာခြားချက်ထင်ရှား နေ သည်ကို သိရှိထားကြသော်လည်း သက်ရှိသတ္တဝါချင်း အတူကူ တမူ ကွဲပြား၍ ထွက်လေဝင်လေ မထင်ရှားသည့် သတ္တဝါတို့မှာ နတ်၊ သိကြားများပင် ဖြစ်သည်။

မဟောသဓာဇာတ် လှည်းတရား စီရင်ခန်းတွင် ဆင်းရဲသား လှည်း သမားနှစ်ယောက် သူသာ လှည်းပိုင်ရှင်ဖြစ်သည်၊ ငါသာ လှည်းပိုင်ရှင်ဖြစ် သည်ဟု အငြင်းအခုံ ဖြစ်ကြ၍ မဟောသဓာ ပညာရှိ သုခမိန်ထံ အဆုံး အဖြတ်ခံရန် ရောက်ရှိလာကြသည်။

အလောင်းတော်သုခမိန်သည် စိစစ်သော်လည်း ထွက်ချက်များ နှစ်ဖက် စလုံး တူညီနေသဖြင့် ရုတ်တရက် ဆုံးဖြတ်၍ မလွယ်ဘဲ ရှိခဲ့သည်။

ကောင်းပြီ၊ လူဘယောက်လှည်းပေါ်တက်၍ အပြင်းအမြန်စိုင်းစေ၍ သင်တို့နှစ်ဦးလှည်းနောက်မြီးကိုဆွဲပြီး အမှီလိုက်ကြ၊ ပန်းတိုင်သို့ အရောက် လှည်းမြီးကို ဆွဲကိုင်၍ အမှီလိုက်နိုင်သည့်သူသာလျှင် လှည်းပိုင်ရှင် အစစ် ဖြစ်ရမည်ဆိုသဖြင့် နှစ်ဦးစလုံး လှည်းမြီးကို ဆွဲ၍ လိုက်ကြရသည်၊

ပြီးသောအခါ နှစ်ဦးစလုံးကို ခေါ်၍ တယောက်သော သူကို "သင် ကား လှည်းပိုင်ရှင်အစစ်မဟုတ်၊ သင်း၌ ချွေးဒီးဒီးလည်းမကျ၊ မောသန်း ပုံလည်းမရ၊ ထွက်သက် ဝင်သက်လည်း မလိုက်မဖို့၊ မျက်တောင်လည်း မခတ်ဘိတကား၊ စင်စစ် လူသားမဟုတ်၊ နတ်သိကြားပင် မဟုတ်တုံလော" ဟု ဆုံးဖြတ်ချက်ချခဲ့၏။

နတ်သိကြားတို့၌ ထွက်သက် ဝင်သက်လေ ရှိသော်လည်း လူတို့ကဲ့သို့ ပိန်လိုက်၊ ဖောင်းလိုက်နှင့် ထင်ရှားအောင်မဖြစ်၊ ထွက်လေ ဝင်လေမရှိ၍ ကား မဟုတ်၊ သူတို့၌ရှိသည့်လေမှာ အလွန် သိမ်မွေ့သောကြောင့်သာ ဖြစ်လေသည်။

ဘုရားဟော ကျမ်းဂန် ဇာတ်နိပါတ်တော်များအရ သိရှိရသည့် ထူးခြားချက်များမှာ လူတို့ကဲ့သို့ နတ်တို့မှာ ထွက်သက် ဝင်သက် မလိုက်မဖိုမျက်တောင်လည်း မခတ်၊ နိဓိကဏ္ဍကဇာတ်တော်တွင် ဘုရားအလောင်း ပဏ္ဍိတဝါဏိဇ္ဇသည် "ရေရှဲရှဲစိုသော ကိုယ်ဖြင့် ကြာစွယ် ကြာရိုးများကို ထမ်း၍ လေ့လံလေ့ကမ်းသော နေရာတွင် ကြာမျိုး ငါးပါးနှင့် ပြည့်စုံပြီး အေးမြ ကြည်လင်သော ရေကန်ကြီးရှိသည်၊ သင်တို့သည် နွားများကို အပင်ပန်းခံ၍ ရေများကို ဘယ်အတွက် သယ်ဆောင်နေကြသနည်း"ဟု ပြောဟောင်းလာသော်လည်း "ဤနေရာဒေသ ကန္တာရကား အပူပြင်းထန်၍ မြေဇာမြက်များလည်း မပေါက်၊ထိုသူတို့ မျက်တောင့်လည်း နီသည်၊ ဖနောင့်လည်း တိုသည်၊ သူတို့ကိုယ်မှ အရိပ်လည်းမထွက်၊ စင်စစ် လူသား စားကြူးသည့် ဘီလူးတွေသာဖြစ်ရမည်၊ လူသား အစစ် မဟုတ်နိုင်"ဟု ပညာဉာဏ်ဖြင့် ကောန်သိသောကြောင့် လှည်းငါးရာတွင် ရှိသည့် တပည့်တို့ အား "အို–တပည့်တို့...ရေများကို မသွန်ကြနှင့်၊ ချွေတာ သုံးစွဲကြ"ဟု သတိပေးလိုက်ပေသည်။

ဘီလူးသည် အရိပ်မထွက်၊ နတ်သည် မျက်တောင်မခတ်၊ ထွက်သက် ဝင်သက်လည်း မထင်ရှား၊ဤကား လူတို့ထက် ဘီလူးနှင့်နတ်တို့၏ ထူးခြားချက် ဖြစ်၏၊ယခုခေတ် နတ်ဝင်သည်တို့ နတ်အစစ် ပူးသည်, မပူးသည်ကို အဘယ်အထိမ်းအမှတ်များဖြင့် သိရှိကြသည်ကို, စာရေးသူလည်း၊ ကောန် မသိပါ၊ အရပ်သားများ အနေဖြင့်လည်း သိရှိကြလိမ့်မည်ဟု မထင် မိပါ၊ အနည်းငယ်အလျဉ်းသင့်၍ ဖော်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။

### ဖိုဓာတ်, မဓာတ်တို့၏ခြားနားချက်နှင့် ဝါယောဓာတ်၏ စွမ်းအင်အကြောင်း

တိုးတက်ကြီးထွားခြင်းနှင့် ရုပ်များကိုတိုက်ရိုက် မွေးထုတ်ပေးနိုင် သည်မှာ သီတဖြစ်သော မြေဓာတ်နှင့် ရေဓာတ်ကသာဖြစ်၍ ပူလောင်

ခြောက်သွေ့ခြင်း, လောင်ကျွမ်းခြင်း, ပြာကျခြင်း, ဆုတ်ယုတ်ပျက်စီးခြင်းကို ဖြစ်စေနိုင်သည့်ဓာတ်မှာ မီးဓာတ်နှင့် လေဓာတ်သာဖြစ်သည်ကို ဖော်ပြခဲ့ပြီးဖြစ်သည်။

မီးဓာတ်နှင့်လေဓာတ်မှာ မိမိသဘောကို ဆောင်ရွက်ရာ၌ ဥဏှအပူဓာတ်မှာ အအေးမဓာတ်၏ အကူအညီကို လုံးဝမယူဘဲနှင့် လွတ်လွတ်ကျွတ်ကျွတ် ဆောင်ရွက်နိုင်စွမ်း ရှိပေသည်၊ ဥပမာ-အရာဝတ္ထုတခုကို မီးနှင့်ရှို့လျှင် အရာဝတ္ထုလောင်ကျွမ်းပြာကျမှုတွင် အအေး-မဓာတ် ဖြစ်သည့် မြေဓာတ်, ရေဓာတ်တို့က ဘာမျှဝင်ရောက်စွက်ဖက်၍ ကူညီစရာမလိုဘဲ သူ့အလိုအလျောက် ပြီးစီးနိုင်ပေသည်။

အအေးသီတမဓာတ်ဖြစ်သည့် မြေဓာတ် ရေဓာတ်တို့ အရာဝတ္ထုတခုကို တိုးတက်ကြီးထွားလာရန်၊ သို့မဟုတ် ရုပ်အသစ်တခု ပေါ်ပေါက်လာရန် လုပ်ကိုင်ဆောင်ရွက်ရာ၌ အဖိုလေဓာတ်၏ အကူအညီကို မယူဘဲ ၎င်းနှင့်ကင်းကွာ၍ သက်မဲ့ရုပ် ဝတ္ထု၌ဖြစ်စေ, သက်ရှိရုပ် ဝတ္ထု၌ဖြစ်စေ ၎င်းလေဓာတ်အဖိုနှင့် ကင်းကွာ၍ မိမိချည်း ဆောင်ရွက်နိုင်စွမ်း မရှိ၊ ထို့ကြောင့် ဖိုဓာတ်မပါဘဲ အရာရာတွင် မဓာတ်သည် သူ့ချည်းသက်သက် အစွမ်းမပြနိုင်ဟု သိထားရပေမည်။

ဖိုဓာတ်သည် သက်ရှိသက်မဲ့ နှစ်မျိုးစလုံး၌ ပြဋ္ဌာန်းသည့်ဓာတ် ဖြစ်ပေသည်၊ သက်မဲ့ကို ပထမ ပမာပြပါမည်၊ ပိန်ချပ်နေသည့် လေစီပေါင်းတခု၊ သို့မဟုတ် မော်တော်ကားတာယာနှင့် ဘောလုံး ပလာတာများအတွင်းသို့ လေကိုသွင်းယူလိုက်လျှင် ၎င်းအရာများမှာ ကား၍ဖောင်း၍ တိုးတက်ကြီးထွားလာသည်ကို တွေ့ရပေမည်၊ ထိုအခါ လေသည် တိုးတက် ကြီးထွားခြင်းကို ဖြစ်စေနိုင်ပေသည် တကားဟု မှတ်ထင်သွားမည်သာ ဖြစ်သည်၊ စင်စစ် လေသည် တိုးတက်ကြီးထွားခြင်းကို ဖြစ်စေနိုင်သည့် အစွမ်းသတ္တိမရှိ၊ သူနှင့်ဆိုင်သော အလုပ်သည်းမဟုတ်၍ သူ့အရာလည်း မဖြစ်နိုင်၊ သူ၏အစွမ်းဖြင့် ရုပ်တရက်မျက်လှည့် ပြခြင်းကို ယုံစားအောင် လုပ်လျှင်လည်းမမှန်၊ တာရှည်လည်းမခံ၊ တိုးတက်ကြီးထွားခြင်းလည်း မဟုတ်၊ လေကိုဖွင့်ထုတ်လိုက်လျှင် ပိန်ပြီး ချပ်မြဲ ပြန်ချပ်၍ ပိန်ချပ်သွားသည်ကိုသာ တွေ့ရပေလိမ့်မည်။

မခိုင်မြဲသော တိုးတက်ကြီးထွားခြင်းသာ ဖြစ်သည်ကို သိရှိလာပေလိမ့်မည်၊ လေ၏ဒဏ်ကြောင့် ဖောင်းပွကျယ်ပြန့်သည့် နေရာကို ရေဖြစ်စေ, မြေဖြစ်စေ ထည့်သွင်းလိုက်သည့်အခါ ခိုင်မာသော တိုးတက်ကြီးထွားခြင်း အဖြစ်ကို တွေ့ရပေမည်၊ ယင်းသို့ဖြစ်ခဲ့သော် လေသည် ပေါ်ပေါက်များပြားလာသည့် ရေနှင့်မြေတို့ ခြေကုဘ်နေရာ ယူရန်အတွက် သက်သက်အားထုတ် လုပ်ကိုင်ပေးသည့် ဓာတ်တခုသာ ဖြစ်သည်ကို သဘာဝပေါက်သင့်ပေသည်။

## အောက်ပါပုံတို့ကိုကြည့်ပါ



ဤပုံတွင် အရွက်, အပွင့်, အငုံ သုံးမျိုးကို တွေ့ရပေမည်၊ ပန်းပင်၏ ရှင်သန်ကြီး ထွား နေ ရ သည်မှာ နေ့ စဉ် အစာ အာဟာရကို မှီဝဲစားသောက် နေရ၍ပင် ဖြစ်၏၊ ၎င်း၏အစာမှာမြေသြဇာနှင့် ရေသာဖြစ်သည်၊ ရေနှင့် မြေသြဇာရသဓာတ် နှစ်မျိုးစလုံးမှာ သီတပထဝီနှင့် အာပေါဓာတ်ပင် ဖြစ်၏။

၎င်းနှစ်မျိုးမှာ ပန်းပင်အသား တိုးလာ ခြင်း၏ အကြောင်း ရင်း ဖြစ် သည်၊ ၎င်း အမှာခံရုပ် နှစ်မျိုးသည် သူ့အလိုအလျောက် ပန်းပင်၌ ပင်စည် အကိုင်းအခက် အရွက် အပွင့်နှင့် အငုံအထိ,အပွေးနှင့် အခေါက်အထိ ပြန့်နှံ့သွားရသည်မှာ သူ့အစွမ်းသတ္တိကြောင့် မဟုတ်ပေ၊ ပန်းပင်၏ အထက် အရွက်အပွင့်တို့၏ အစွန်းအဖျားအနား သားအထိ သယ်ဆောင်ပေးနေသော ဓာတ်ရှိနေ၍ ဖြစ်ပါသည်၊ သယ်ဆောင်သည့်ဓာတ်မှာ အခြားမဟုတ်၊ လှုပ်ရှားခြင်း, တွန်းကန်ခြင်း, ထောက်ခံပင့်မြှောက်ခြင်းကို စွမ်းဆောင်နိုင်သည့် ဝါယောအဖိုခေါ်သည့် အပူလေဓာတ်ပင် ဖြစ်သည်။

ဂျင်းလေဓာတ်သည် ရေနှင့်မြေဆီ, မြေဩဇာရသဓာတ် အမာခံ ရုပ်ကလေးများကို မှုတ်ထုတ်နိုင်ခြင်း, လှုပ်ရှားပင့်မြောက် နိုင်ခြင်းမှာ သွားလာသယ်ဆောင်နိုင်သည့် လမ်းကြောင်းကလေးများ အက်ကြောင်း ကွဲကြောင်းနှင့်တူသည့် အပွင့် အပေါက်ကလေးများ ရှိမှသာဖြစ်နိုင် ပေသည်။

တခါတရံ အပွင့်အပေါက်ကလေးများ မရှိလျှင် ဥက္ကာဝါယော အပူ လေဓာတ်သည် ထိုပန်းပင်၏ ပင်စည် အခက် အရွက်နှင့် အပွင့် အငုံ တို့တွင် နူးညံ့သည့် ပြောက္ကကလေးများကို လှုပ်ရှား တွန်းကန်၍ သူ့လမ်းကိုသူ ရှာသွားခဲ့သည်၊ ထို့ကြောင့် ပါယောလေဓာတ်သည် ရေနှင့်မြေဆီရသကို ပန်းပင်၏ ထိပ်ဆုံး အစွန်ဆုံးသို့တိုင်အောင် သယ် ဆောင်နိုင်စွမ်း ရှိခဲ့လေသည်၊ ဤနေရာ၌ ပါဠိ ဘာသာဖြင့် သုံးနှုန်း ထားသည့် အာကာသဆိုသည့် ဝေါဟာရကို ပထမ သဘောပေါက်ထား ရန် လိုပေသည်။

အာကာသဆိုသည်မှာ အပေါက်အကြား အကွဲအအက် လေထွက်နိုင် သည့် အခြင်းအရာများကို ဆိုသည်၊ ထိုသို့ လေထွက်နိုင်သည်မှာလည်း ရုပ်ကလာပ်ကလေးများ စုဝေး၍ အစိုင်အခဲတခု ဖြစ်နေသော်လည်း ထို ရုပ်ကလာပ်ကလေးတို့ တခုနှင့်တခု ထိစပ်နေစေကာမူ သူတို့ အချင်းချင်း အစွန်အဖျား နှုတ်ခမ်းပန်းနား နယ်ခြား သတ်မှတ်ချက်ကလေးများကား ရှိနေကြပေသည်။

ဤအကြားကလေးများကား အာကာသပင်ဖြစ်၏၊ ဥပမာ—သစ်သား တို့တွင် မဏ္ဍသြယသားကို ပါးပါးလှပ်လှပ် ဟိုက်ကြယ်သည်ဘက် ဖြတ်ထား ပြီး နေရောင်တွင် ထောင်၍ကြည့်လျှင် သိမ်မွေ့သေးငယ်သည့် အပေါက် ကလေးများကို မြင်ရလိမ့်မည်၊ဆံပင် ခြည်တချောင်းကို စိတ်ရှည်လက်ရှည် ထိုးသွင်းလျှင် ပေါက်ထွက်သွားသည်ကို တွေ့ရမည်၊ သူ့လို အလားတူ သစ်ဝါးများလည်း ရှိပေလိမ့်မည်။

သက်ရှိသတ္တဝါတို့၌ ချွေးထွက်လာသည်မှာ အာကာသရှိ၍ ဖြစ်သည်၊ သစ်ဝါးများတွင်ရင်း, သက်ရှိသတ္တဝါတို့၏ အသားဆိုင်တွင်ရင်း, အာ ကာသ ရှိနေကြသည်၊ သစ်ဝါးနှင့်အသားစိုင်တို့တွင် ရင့်ကျက် တောင့် တင်း ခြောက်သွေ့သည့်နေရာများတွင် အာကာသ ပို၍ ပြတ်သားသည်၊

နုနယ်သည့် အသားပိုင်းတွင် ရေဓာတ်အစိုများ၍ မရင့်ကျက်သေး၍ ဖွဲ့စည်းမှုများသောကြောင့် အာကာသ မပြတ်သားသော်လည်း ရုပ်ကလာပ်ကလေးများကို ပိုင်းခြားထားသည့်၊ အာကာသကား ရှိမြဲ ရှိနေပေသည်။

ရေထဲသို့ ဆီလောင်းထည့်လျှင် အရေဓာတ်ချင်း ထိစပ်နေသော်လည်း ဆီတခြား ရေတခြားဟု သိသာခြားနားနေရသည်မှာ အာကာသ အပိုင်းအခြား၏ စွမ်းအားပင် ဖြစ်ပေသည်၊ ရေထဲသို့ နှမ်းဆီစစ်စစ်ကို လောင်းထည့်၍ မည်မျှပင် ကြာရှည် လေးမြင့်စွာ မွှေနှောက် နေစေကာမူ ဆီတခြား ရေတခြားပင် တွေ့ရပေမည်။

ပန်းပင်၏ထိပ်ဖျား အစွန်အနားအထိ ရေနှင့် မြေဆီကို သယ်ဆောင်လာသည့် လေဓာတ်မှာ လမ်းခရီးအကြား အဆီးအတား အခက်အခဲကြီးကို မတွေ့ရသည်မှာ ပန်းပင်၏ပင်စည် ခက်မတို့၌ အမာဓာတ်ဖြစ်၍ ရင့်ကျက်နေကြပြီဖြစ်သော အပိုင်းတို့၌ အာကာသ ပြတ်သားမှုကြောင့်ပင် ဖြစ်လေသည်၊ ပန်းပင်၏ အစွန်အဖျား အနားသား၊ အရွက်၊ အငုံ၊ အကင်း တို့၏ အစွန်အဖျားအနားသားကလေးများမှာ နူးညံ့၍၊ ယခင်က ဝါယောဓာတ် သယ်ဆောင်၍ ရောက်ရှိနေကြပြီး ဖြစ်သည်၊ ရေဓာတ်နှင့် မြေဆီဓာတ်တို့မှာလည်း အမာခံရုပ်ကလေးများ အဖြစ်သို့ ပြောင်းလဲကာ မျှသာ ရှိသေး၍ နုနယ်ကြ၏။

အစိုဓာတ်ဖြင့် ဖွဲ့စည်းသားမှုကြောင့် ရုပ်ကလာပ် ကလေးများ၏ ပိုင်းခြားမှုအာကာသမှာ မပြတ်သားသော်လည်း ဝါယော လေဓာတ်သည် ထွက်ပေါက်ဘိုကို ရှာမရတိုင်း အားရှိသမျှ လှုပ်ရှား တွန်းကန်သည့်အခါ အစွန်အဖျားရှိ ရုပ်နုကလေး များမှာ ဆွဲတိုင်းရှေ့၊ ကန်တိုင်းပြန့်၊ တွန်းဘိုင်းကား ထွက်လာခဲ့ရ၏။

ထိုအချိန်တွင် လေဓာတ်၏ အရှိန်ကြောင့် စန့်ထွက် ရှည်ထွက် ကားထွက်၍ လာသည်နှင့်အမျှရုပ်ကလာပ်ကလေးတို့မှာလည်း အလွန်သိမ် မွေ့သည့် အကြားအပေါက်ကလေးများ ဖြစ်ပေါ်သည်နှင့် တပြိုင်နက် ဝါယောခဘ်သယ်ဆောင်လာသည့် ရသဓာတ်တို့ ခြေမြန်လက်မြန် နေရာယူလိုက်ကြသဖြင့် စန့်ထွက်သွားသည့် ရုပ်နုကလေးမှာ ပြန်၍ကြုံ့မသွားတော့ပေ၊ခြေကုဘ်ယူထား နေရာယူထားသည့် ရသရည်တို့မှာလည်းတနေ့ထက်တနေ့ရင့်ကျက်၍ အမာခံရုပ်များ ဖြစ်လာကြသည်။

ဝါယောဓာတ်တို့ရှေ၍ စန့်ထွက်,ကားထွက်လာတိုင်း ပြန်၍ကြုံ့မသွားသည်မှာ ထိုကွက်ကြားကလေးများကို ရသဓာတ်ရေတို့က ခြေကုတ်ယူလိုက်ကြ၍ ဖြစ်ပေသည်၊ ၎င်းရသရေတို့သည် အမာခံရုပ်အဖြစ်သို့ ကာလကြာသည်နှင့်အမျှ ပြောင်းလဲလာကြပြန်သည်၊ ဝါယောလေဓာတ်သည် သူ့ကိုထွက်ပေါက်မပေးသည့် အစွန်အဖျား အနားသား ရုပ်နုကလေးများကို အင်အားရှိသမျှ တိုးဝှေ့တွန်းကန်ပြန်သည့်အခါ ရှေးနည်းအတိုင်း စန့်ထွက် ဖောင်းထွက် ကားထွက်လာရပြန်သည်။

ထိုနေရာ၌ အာကာသ ကွက်ကလေးများကို ရသဓာတ်တို့ ဖြည့်ပေးလိုက်ပြန်သည်၊ ထို့ကြောင့် ပန်းပင် ပန်းရွက် အငုံ အကင်း အပွင့်တို့ ကြီးထွားလာရခြင်း ဖြစ်ပေသည်၊ လူတို့၏ကိုယ်ခန္ဓာ ကြီးထွားလာရသည်မှာလည်း ကမ္မဇဝါယော, ဥတုဇဝါယော, အာဟာရဇဝါယောတို့ တွန်းကန်တိုးဝှေ့၍ နေရာယူပေးသည့် ဟာကွက်ကလေးများကို အာဟာရမှ ဖြစ်ပေါ်လာသည့် ရသရည်တို့က ဖြည့်ပေးလိုက်ကြသည်၊ ၎င်းရသရည်တို့မှ သွေးအဖြစ်,အသားအဖြစ်သို့ပြောင်းခဲ့၍ ကြီးထွားလာရခြင်းဖြစ်၏။

ကာယပညာကို လိုက်စား၍ ကိုယ်တွေ့ကြီးထွားလိုသူတို့၌ စိတ်ကြောင့် စိတ္တဇဝါယောလေတစု အားထပ်တိုးလာခဲ့သည်၊ လေလေးမျိုးစုံသည့် ကာယပညာကို လိုက်စားသူတို့ ကြီးထွားမှု လျင်မြန်လာရသည်မှာ စိတ်ကြောင့်ဖြစ်သည်၊ လေအားတခု ပိုလာ၍ဖြစ်လေသည်။

မေး။ ။ဥဏှဝါယော လေဓာတ်တို့ ဘယ်အတွက် နေရာယူပေးနေရပါသနည်း။

**ဖြေ**။ ။ဗီဇနိယာမအတိုင်း မျိုးစေ့မှပေါ်ထွက်လာရသည့်လေဓာတ်မှာသူ့သဘာဝအတိုင်း လှုပ်ရှားတွန်းကန်နေခဲ့သည်၊အာကာသရှိရာမှတိုး ထွက်၍ အဆီးအတားမရှိ လွင်ပြင်အာကာသကွင်းသို့ ထွက်ခွာပြေးသွားတတ်သည့် သတ္တိအတိုင်းပင်ဖြစ်သည်။

သူသည် ဥတုဇဝါယောနှင့် အာဟာရဇဝါယော-ဤနှစ်မျိုး တို့၏ အကူအညီရ၍ အားရှိနေရခြင်းဖြစ်သည်၊ မူလဗီဇဓာတ်ကလည်း အရှိန်အဟုန်ခန်းသည့်အချိန်၊ ဥတုဇဝါယောနှင့် အာဟာရဇဝါယော တို့၏ အကူအညီနှင့်လည်း ကင်းကွာ၍ (ခရမ်းသီးပိန် ထားတုံးဘဝ) အရှိန်

အဟုန်ကျလာသည့်အခါ ထိုအားလည်းမရှိတော့ပြီ၊ ရသရည်ကိုလည်း လိုသလိုမရ ဖြစ်လာသည့် အချိန်မျိုးတွင် တိုးတက်နှုန်းကျသွား၍ အိုမင်း ရင့်ယော်လာရပေသတည်း။

## သစ်ပင်၏အသုံးနှင့်အပွင့်တို့ သဘာဝပွင့်ကြွင်းကြပုံအကြောင်း

ပန်းပင်၌ ရှိသည့်အငုံမှာ ဥတုဝါယောလေပူဓာတ်သည် ယခင်က မိမိပို့ပေးခဲ့သည့် ရသရည်များ ပန်းငုံ၏အစွန်အဖျားသို့ရောက်၍ စုဝေး နေကြစဉ် အစိုဓာတ်နတ္တိ၌ အပေါက်အကြား အပိတ်များနေသဖြင့် မိမိတို့အားမှာ ကျယ်ပြန့်ရုံ, ဖောင်းပွရုံ, စန့်ထွက်ရုံလောက်သာဖြင့် ရသရည်တို့ နေရာယူ၍ ကောင်းရုံမျှလောက်သာ ရှိနေခဲ့သည်။

ပန်းငုံမှာ ကြီးထွားလာရုံမျှသာ ရှိနေခဲ့သည်၊ ဝါယောလေပူမှာမူ ထွက်ပေါက်ကို မရသဖြင့် ပန်းပွင့်ဘဝသို့မရောက် အငုံဘဝဖြင့်သာ ရင့် ကျက်ချိန်ကို ငံ့လင့်နေရရှာသည်၊ ၎င်းပန်းငုံတွင်ရှိသည့် ရသဓာတ်တို့ မာတောင့်၍ အာကာသပေါက်ကျယ်ပြန့်လာသည့်အချိန်တွင် ဝါယော သည် အရှိန်ဖြင့် ထွက်ပေါက်အတင်းတိုးသော်လည်း ညဉ့်အချိန်ဖြစ်နေ၍ ရာသီ၏ရစ်ပတ်ပိတ်ဆီးခြင်းကို ခံနေရပြန်သဖြင့် ပန်းငုံမှာ အငုံဘဝ ဖြင့် သာ တင်းတိမ်နေရပြန်သည်။

ဆိုလိုရင်းမှာ–ပန်းငုံ၏ အဖျားအနားဌ် စိုစွတ်သည့် ဓာတ်နုကလေး များကြောင့် အာကာသမရ၍ မထွက်နိုင်ဘဲရှိသည့်လေသည် ၎င်းတို့ ရင့်ကျက်မာတောင့်၍အာကာသပေါက်ကိုရပြန်ပါသော်လည်းဗဟိဒ္ဓအပြင် ဘက်က ညဉ့်အချိန်အအေးဓာတ် ရစ်ပတ်ဟန့်တားခြင်းကို ခံနေရပြန် သဖြင့် မထွက်နိုင် ဖြစ်နေရသည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။

အရုဏ်ကျင်း၍ အလင်းရောက် နေမင်းရောင်ခြည် ထွန်းတောက်လာ သည်နှင့် တပြိုင်နက် ရစ်ပတ်ထားသည့် အအေးဓာတ်လည်း ပျောက် ပန်းငုံ၌ အပူငွေ့ကြောင့် အာကာသပေါက်လည်း ကျယ်လာပြီ ဖြစ်ရ ကား ပန်းငုံအတွင်း အကျဉ်းဖိခံနေရသည့် ဝါယောဓာတ်မှာ (လက် ခမောင်း တဖြောင်းဖြောင်းခတ်ပြီး မိုးကိုဒူးနှင့် တိုက်ပြမည်, ငါလိုလူ ဇမ္ဗူမှာ ရှိသေးလား) ဆိုသည့် အားမာန်ဖြင့် လွှားပျံ၍ ခုန်ထွက်လိုက်

သည့်အခါ ဝါယောဓာတ်ရှိန်းကန်သည့် အရှိန်ဇော်ကို မခံနိုင်ရကား အငုံဘဝမှ ကားကားစွင့်၍ ပွင့်လာရပေသတည်း။

ပွင့်ခါနီးသည့် ပဒုမ္မာကြာ, နေရောင်ဝါနှင့်တွေ့သလို ဤပစ္စိမဘဝိက အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ် တရားထူးရမည့် ပုဂ္ဂိုလ်များမှာ ပါရမီရင့်ကျက်ပြီးသား ဖြစ်နေပြီ၊ အမှန်တရားကို ငံ့ခမြဲနေဆဲ အမှန်တရားကို တွေ့လိုက်သည့်အခါ ရုတ်ခြည်း တရားထူး ရသွားသော သူများကို "ပွင့်ခါနီးသည့် ပဒုမ္မာကြာ နေရောင်ဝါနှင့် တွေ့သလို"ဟု ပန်းပွင့်နှင့်တင်စား၍ ပြောဆိုသော စကားဖြစ်သည်။

နေ့စဉ် နေရောင်ဝါနှင့် တွေ့နေသည့် ပန်းငုံတို့မှာ မရင့်ကျက်သေး၍ ငုံမြဲ ငုံနေရပေသည်၊ အမှောင်ကို ခွင်း၍ အလင်းရောင် မည်မျှ ပြတ်သား ထင်ရှားနေစေကာမူ ပါရမီ မရင့်ကျက်သေးသူတို့အဖို့ ငုံမြဲငုံနေမည်သာ ဖြစ်သည်၊ တရားပြသည့် ဆရာမကောင်း၍ မဟုတ်၊ ဆရာရှာ၍ မဆုံး ဖြစ်နေရန်လည်း လိုမည်မဟုတ်သည်ကို သိရှိထားရန်သာ ဖြစ်ပါသတည်း။

## ပဋိသန္ဓေခန်း၌ ဝါယောအစွမ်းပြပုံအကြောင်း

ဗုဒ္ဓဘာသာစာပေအရ ပဋိသန္ဓေဖြစ်ပေါ်လာပုံကိုပြရသော်-ပထမအမိ အဖ နှစ်ပါးတို့၏ ပေါင်းစပ်ထားသည့် သုက်ဓာတ် ရေကြည်ကို ကလလ ရေကြည်ဟု ခေါ်သည်၊ ၎င်းမှာ အာပေါဓာတ်ပင် ဖြစ်သည်၊ ၎င်းရေ ဓာတ်ကို ကမ္မဇဝါယောလေသည် အမိဦးရှိသည့် ဥတုဇဝါးယောလေနှင့် အာဟာရဇဝါယောလေတို့၏ အကူအညီဖြင့် ရေကြည်ဓာတ်ကိုမှုတ်လိုက် သဖြင့် အမြှုပ်ဖြစ်လာရသည်မှာ ဒုတိယအဆင့်ပင် ဖြစ်၏။

ဤနေရာ၌ ရေရိုးရိုးကို ပြောင်းတန် ပြွန်တန်တခုဖြင့် မှုတ်လျှင် အမြှုပ် မထ၊ ပထမ ပူစီဖောင်းကလေးများသာ ပေါ်လာလိမ့်မည်၊ ရေသည် အအေးဓာတ်ဖြစ်၏၊ မည်သည့်အခါမှ အမြှုပ်မဖြစ်၊ ရေမြှုပ် ဖြစ်လာရ သည်မှာ လေဓာတ်ခိုအောင်းလာ၍ ဖြစ်ပါသည်၊၎င်းလေဓာတ် ခိုအောင်း လာနိုင်သည်မှာလည်း ရေ၌ ပထမ အပူဓာတ်တခုခုရှိနေပြီး ရောက်နေပြီး သောကြောင့်သာ ဖြစ်ပေသည်။

အပူဓာတ်ခံ ရေ၌ရှိနေမှသာ လေဓာတ် ကြာရှည်အောင်း၍ အမြှုပ် အဖြစ်တည်ရှိနိုင်ပေသည်၊ ရေမြှုပ် ကြာရှည် ခံသော်လည်း ရေပွက်ကား

ကြာရှည်မခံ၊ ပြန်တခုဖြင့်မှုတ်လျှင် ရုတ်တရက် ရေပွက် ထ၍ ချက်ခြင်း ပျက်သွားသည်၊ မိုးရေ မိုးပေါက်ကြောင့် ရေအပြင်မှ ရုတ်ခြည်း ပေါ် လာသည့် ရေပွက်မှာလည်း ဤအတိုင်းပင် ဖြစ်သည်။

"ရွှေအိမ်နန်းနှင့်၊ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံ ရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ရေမျက်နှာ ထက်၊ ခဏတက်သည်၊ ရေပွက်ပမာ၊ တသက်လျှာတည်း"။

ကလလရေကြည်မှာ ရေရိုးရိုးမဟုတ်၊ မိဘ နှစ်ပါးတို့၏ သုက်ဓာတ် အကြည်တွင် ၎င်းတို့မှ ဥတုဇတေဇော, အာဟာရဇတေဇော ပါလာပြီး ဖြစ်သည်၊ရုပ်ဘက်တွင် ဤသို့ အပူဉဏှတေဇော ပါလာရုံမျှသာ မဟုတ် သေးပေ၊ ၁၅၀၀-ကိလေသာ စိတ်ဓာတ်၏ အခိုးအငွေ့မှာလည်း ဥဏှ တေဇောပင် ဖြစ်သည်။

၎င်းဥဏှတေဇောမှာလည်း ကပ်လျက်ပါလာပြီးဖြစ်သည်၊ "ငါးရာ နှစ်ဆယ်ရှစ်သွယ်မေတ္တာ" မှာ အအေး နာမ်ဓာတ်သက်သက်ဖြစ်၍ အပူ ဥဏှကင်း၍ လေပူ၏မှုတ်ခြင်းကို မခံရသဖြင့် အမြှုပ်မဖြစ်၊ စင်စစ်ဤ ကလလရေကြည်သည် ရုပ်ဘက်,နာမ်ဘက် အပူဓာတ် သက်ဝင်နေသည့် အလွန်သိမ်မွေ့နူးညံ့သည့် သွေးဓာတ်တခုမျှသာ ဖြစ်ချေသည်။

ရေသက်သက်ကို ပြွန်ဖြင့်မှုတ်လျှင် ရေပွက်ပူစီဖောင်းမျှသာ ဖြစ်၍ အဖြူရောင်တမျိုးတည်းသာ ဖြစ်နေသော်လည်း ရေတွင် ဆပ်ပြာကိုဖျော် ၍မှုတ်လျှင် ရေပွက်ကဲ့သို့မဟုတ်ဘဲ ဗူးပေါင်းဖြစ်ပြီး လေ၌လွင့်တက်၍ အချိန်ကြာကြာခံသည့်အပြင် ခွက်ထဲ၌ရှိသည့် အမြှုပ်များကို နေရိပ် အဘွင်း၌ကြည့်လျှင် အဖြူရောင်ဟုပင် ထင်ရသော်လည်း အလင်းရောင်ရှိ သည့် နေရာသို့ထုတ်၍ကြည့်လျှင် ရောင်စုံရှက်သန်းနေသည့် အမြှုပ် ဗူးပေါင်.ကလေးများကို တွေ့လာရလိမ့်မည်။

ထိုသို့ဖြစ်ရသည်မှာ ဆပ်ပြာ၌ရှိသည့် အက်ဆစ်အပူဓာတ်၏ သတ္တိပင် ဖြစ်ပေသည်၊ ကလလရေကြည်ကို ကမ္မဇ လေမှုတ်၍ အမြှုပ်ဖြစ်ပြီးမှ သားတစ်အဖြစ်သို့ ကူးပြောင်းလာရသည်မှာ တတိယအဆင့် ပင်ဖြစ်သည်၊ ၎င်းမှတဆင့် အစိုင်အခဲဖြစ်လာရသည်မှာ စတုတ္ထဆင့်, ၎င်းမှ ခက်မငါး ဖြာဖြစ်ရသည်မှာ ပဉ္စမဆင့်, ၎င်းနောက်မှ ဆံပင်, မွေးညှင်း, ခြေသည်း လက်သည်းများ ပေါ်လာရသည်ကို ပြဆိုထားပေသည်။

ဤအကြောင်းကို ရေးသားနေရခြင်းမှာ—

၁။ ဩကာသလောက ကမ္ဘာသစ်တခု ဖြစ်ပေါ်လာစဉ်ကလည်း ပထမမြေဓာတ်မှ အမာခံမြေဓာတ်အဖြစ်သို့ ကူးပြောင်းလာသကဲ့သို့ သတ္တလောက—လူဖြစ်စဉ်မှာလည်း ပထမရေဓာတ်မှ အမာခံမြေဓာတ်ပထဝီဓာတ်အဖြစ်သို့ ကူးပြောင်းလာရသည်ကို ဖော်ပြလိုရျှတကြောင်း၊

၂။ ၎င်းပြင် ပဋိသန္ဓေဖြစ်စဉ်၌ သစ်ပင်, ပန်းပင်တို့ ကဲ့သို့ပင် ရေဓာတ်မြေဓာတ် အမာခံဓာတ်ကို နေရာယူရန် ဝါယောလေဓာတ်က အမြှုပ်ပူပေါင်းဖြစ်ရန် ဖန်တီးပေးရသည်ကို ထင်ရှားစေလိုရျှတကြောင်း၊

၃။ အပူဥတုဓာတ် တေဇော, ဝါယောတို့သည် မိမိသဘောကို ဆောင်ရွက်ရာ၌ မြေဓာတ်, ရေဓာတ်တို့၏ အကူအညီမယူဘဲ လွတ်လွတ်ကျွတ်ကျွတ် ဆောင်ရွက်နိုင်သော်လည်း သီတဖြစ်သော ရေဓာတ်, မြေဓာတ်တို့ ရုပ်ဝတ္ထုတခုကို တိုးပွားစေရာ၌၎င်း, ရုပ်အသစ်တခုကို မွေးထုတ်ပေးရာ၌၎င်း မိမိချည်းသက်သက် စွမ်းဆောင်ရျှမဖြစ်၊ အပိုဓာတ်ဖြစ်သော ဥဏှဝါယော၏ အကူအညီကို နေရာတိုင်းတွင် လိုနေသည် ယူရသည်၊ အပိုဓာတ်ကို လုံးလုံးလျားလျား ကျောခိုင်းသွား၍ မဖြစ်သည်ကို ထင်ရှားစေလိုရျှတကြောင်း၊

ဖော်ပြရခြင်းဖြစ်ပါသတည်း။

လျှောင်နှင့်ဝါယော အဘယ်သဘောဖြင့် သက်ဝင်နေကြပါသနည်း၊ ဩကာသလောကနှင့် သတ္တလောက တည်ဆောက်ရာ၌ ရေဓာတ်အခန်း, မြေဓာတ်အခန်းတို့ကို ပြဆိုပြီး၍လေဓာတ်အခန်းကို ဆက်လက်ဖော်ပြခဲ့ရာ ၎င်းဝါယောအကြောင်းကို အကြွင်းအကျန်မရှိ၊ မိမိဉာဏ်မှီသမျှ နားလည်သဘောပေါက်သမျှ ဖော်ပြရမည်ဆိုလျှင်လည်း "ဂြဟနက္ခတ္တဗေဒ" ကို ရှောင်ကွင်းချန်လှပ်ထား၍ မရတော့ပေ။

၎င်းနှင့်စပ်၍ လျှောင်၏အကြောင်းရင်းကို ရှာကြံလျှင် သဲမှုဆိတ်ထွက်ရန်နှင့်၊ ၂နွား၏ဦးချိုမှ နို့ထွက်လာရန် မသေမချင်း ရှာဖွေကြိုးပမ်း နေသူနှင့် မခြား ဖြစ်သွားနိုင်သည်ကို သတိပြုမိပေသည်၊ လျှောင်ကို သိပ္ပံ

ဖြင့်သာ ရှာကြံ၍ တွေ့နိုင်သည်ဟု ယုံကြည်သူတို့အဖို့ လှုပ်ပြီးလျှင်နှင့် လှုပ်လတ့်တိုတောင်းသည့်အချိန်ကာလ ရှာဖွေတွေ့ရှိနိုင်သော်လည်း ဘယ်အတွက် လျှော်လှုပ်ရသည်၊ လျော်လှုပ်ခြင်း၏ အကြောင်းရင်းကို ကမ္ဘာမြေထုတခုတည်းအပေါ် မူတည်၍ ရှာဖွေနေကာမျှဖြင့် လုံလောက်သည့် အဖြေကို တွေ့ရလိမ့်မည်ဟု မထင်မိခဲ့ပေ၊ ဤလျှော်ကိစ္စမှာ အောက်၌ ရှာဖွေရုံဖြင့် လုံလောက်မည်မဟုတ်၊ အထက်ကိုသာ မော်ကြည့်နေရုံမျှဖြင့်လည်း မပြီး၊ အထက်အောက်ပေါင်းစပ်မှ ရအပ်သည့်အဖြေပင် ဖြစ်သည်ကို သိထားသင့်ပေသည်၊ ဤစကားကို အနည်းငယ်ရှင်းပြလို ပေသည်။

စကြာဝဠာအနန္တ လောကဓာတ်၌ ဖိုဓာတ်မဓာတ်ကို ပိဋကတ်တော် တခုတည်းဖြင့် ရှာဖွေ၍မရ၊ ဗုဒ္ဓပိဋကတ်တော်၌လည်း ဣတ္ထိဘာဝရုပ်, ပုံးဘာဝရုပ်ရှိသည်ကိုသာ ပြဆို၍ အဘယ်ဓာတ်ကိုအဖို့, အမဟု ခွဲခြား၍ မပြခဲ့သောကြောင့်ပင်ဖြစ်သည်၊ ဗုဒ္ဓ၏ပိဋကတ်တော်သည် သံသရာမှ ထွက်ကြောင်း လမ်းကောင်းတခုကိုသာ ဦးတည်ဖော်ပြသည့် စာပေသာ ဖြစ်၍ စကြာဝဠာအနန္တ ၃၁-ဘုံတွင် သဝေထိုးနိုင်သည့် အလုပ်မျိုးကို တိတိကျကျ ညွှန်ပြနေစရာမလိုသောကြောင့်ပင် ဖြစ်၏။

၎င်းညွှန်ပြချက်များကို အပြည့်အဝသိလိုကြလျှင် နီတိဆရာကြီးတို့ စီရင်ခဲ့ကြသည့် ကျမ်းဂန်များ, ကမ္ဘာဦး ဈာန်အဘိညာဉ်ရ ရသေ့သူမြတ်တို့ စီရင်ခဲ့ကြသည့် ကျမ်းဂန်များ, ဂြဟနက္ခတ္တ ကျမ်းများတွင်သာ တွေ့ရှိနိုင်ပေသည်၊ ထို့ကြောင့် ဤကျမ်းအစ၌ ပြဆိုခဲ့ပြီးသည့်- "အန္တော၊ ဂဗ္ဘော၊ စရော၊ ဝံသော" ဓာတ်လေးထွေ၌ ဖိုမခွဲခြားစီရင်ထားခဲ့သည့် အကျဉ်းစကားကလေးကို အကျယ်ဝိတ္ထာရ ဖော်ပြခဲ့သည်မှာ စရော-လေဓာတ်အကြောင်းသို့ပင် ဆိုက်ရောက်ပေပြီ။

စ-မှာ အင်္ဂါဂြိုဟ်-ဖိုဓာတ်၊ လေပြေလေညှင်း၊ ရေမှာ-ရာဟုဂြိုဟ်-မဓာတ်၊ လေဗွေမုန်တိုင်း ဖြစ်ကြောင်းကိုလည်း ပြခဲ့ပြီ၊ တနင်္ဂနွေ, ၂-လာ, ၃-ဂံ၊, ၄-ဟူး, ၅-တေး, သောကြာ, စနေ-ဤဂြိုဟ် ၇-လုံး တို့မှာ အာကာသတွင် လကျ်ာရစ်လှည့်ပတ်၍ ဤကမ္ဘာမြေထုနှင့် ဗေဒင် ကျမ်းဂန်အရရင်း, လက်တွေ့သဘာဝအရရင်း တလမ်းစီခြားနား နေကြ

သော်လည်း ရာဟုဂြိုဟ်ကြီးမှာ လဟာပြင်တွင် လက်ဝဲရစ် လှည့်နေ၍ အခြားဂြိုဟ်တို့နှင့် လက်ဝဲလက်ျာ အသွားအလာလည်း ကွဲပြားနေသည်။

ခြားနားနေသည့်အပြင် အရှေ့တိုင်း နက္ခတ်ဗေဒင်ပညာရှင်တို့ နေကြပ် လကြပ်ကို တွက်ယူရာ၌ တနင်္ဂနွေဂြိုဟ်-နေ, တနင်္လာဂြိုဟ်-လ, ရာဟု ဂြိုဟ်– ဤသုံးခုကို အခြေပြု၍ ပြထားခဲ့ပေသည်၊ အရှေ့တိုင်း ဆရာတို့ ဤသုံးခုကို အခြေပြု၍ တွက်ချက် ကြသည်မှာလည်း သရကျမ်း အရ တွက်ချက်ဖော်ပြခြင်းသာ ဖြစ်၏၊ လက်တွေ့ အဖြေမှာလည်း နာရီ, မိနစ်, စက္ကန့်အထိ မှန်ကန်ကြသည်၊ တဖန် သိပ္ပံဆရာတို့ကလည်း သူတို့ လက်တွေ့ပညာဖြင့် နေ,လ,ကမ္ဘာမြေထု- ဤသုံးခုကို မူတည် တွက်ချက် ကြရာ၌လည်း နာရီ,မိနစ်,စက္ကန့်အထိ မှန်ကန်ခြင်း ရှိ၍ အဖြေထွက်လာ သည့်အခါ တူညီနေကြသည်။

သူတို့နှစ်ဦး နေနှင့်လမှာ ကောက်ယူပုံ တူညီနေကြ၏၊ ကွဲလွဲချက်မှာ သိပ္ပံဆရာတို့က ကမ္ဘာမြေထု, သရကျမ်းဆရာတို့က ရာဟုဂြိုဟ်ဟု အဆိုချင်း ကွဲလွဲစေကာမူ တရားကိုယ်အရမှာ သဘာဝဒြဗ်ဖြင့် ကွဲလွဲမှု မရှိ၍သာ အဖြေတူနေကြခြင်း ဖြစ်သည်ကို သတိပြုသင့်ပေသည်။

ကမ္ဘာမြေနှင့်ရာဟုဂြိုဟ်မှာ ကွဲလွဲမှုမရှိ၊ ရာဟုဂြိုဟ်သည်ပင် ကမ္ဘာမြေ, ကမ္ဘာမြေထုသည်ပင်လျှင် ရာဟုဂြိုဟ်၊ ၎င်းရာဟုဂြိုဟ်ကို ဂြိုဟ်ဗေဒ၌ မှန်တိုင်းဓာတ်ဟု အတိအကျ ဖော်ပြထားပြန်သဖြင့် ကမ္ဘာမြေဓာတ်နှင့် မှန်တိုင်းဓာတ်မှာ ဆက်စပ်မှု အမှန်ရှိနေကြသည်မှာ ယုံမှားစရာ မလိုတော့ ဟု သဘောရပေသည်။

ယင်းသို့ဖြစ်လျှင် မြေလှုပ်ခြင်းသည် လေလှုပ်၍သာ ဖြစ်ပြီး လေလှုပ် တိုင်း ရေလှုပ်၍ မြေလှုပ်ခြင်း ဖြစ်ရပေသည်၊ အပြင်ကလေ, အတွင်းက ရေ၊ ၎င်းနှစ်ခု မငြိမ်သက်မှုကြောင့် မြေလည်းလှုပ်လာရသည်၊၎င်းလေ၏ ဖောက်ပြန်မှုမှာ အအေးသီတတေဇောဓာတ်ကြောင့် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်၊ ၎င်းသီတမှာ လှုပ်ရှားမှုမရှိ၊ တည်ငြိမ်ခြင်း ဂရုဓာတ် လေးလံ ခြင်းဓာတ် ဖြစ်နေသောကြောင့်ပင်တည်း။

အအေး အကြောင်းခံကြောင့် မဟုတ်လျှင် အပူ ဥဏှတေဇော အကြောင်းခံကြောင့် ဥဏှဝါယော-အပူလေ လှုပ်ရှား တွန်းထိုးနိုင်သည်၊ ဝါယောကြောင့် ဖြစ်ရကား ဂြိုဟနက္ခတ္တဗေဒပညာဖြင့် ငလျင်လှုပ်ခြင်း

၏အကြောင်းရင်း တရားခံမှာ ရာဟုဂြိုဟ်သာ ဖြစ်ကြောင်းကို ကျမ်းဂန်အရ ထုတ်ပြရန်သာ ရှိပေတော့သတည်း။

အောက်တွင် ဖော်ပြထားသည့်ကျမ်းမှာ [ယောခမင်းကြီး ရေးသားစီရင်ခဲ့သည့် မဟာသုဇာတကကျမ်းမှ ကူးယူဖော်ပြထားခြင်းဖြစ်သည်၊ ၎င်းမှာလည်း ဇောတိတတ္တ ကျမ်းလာရပ်များ ဖြစ်သည်၊ ရှေးကျမ်းဂန်များအရ ပထမ ဖော်ပြပြီးမှ မိမိ၏အယူအဆနှင့် အတွေ့အကြုံများကိုနားလည်နိုင်လောက်သည့် အသုံးအနှုန်း၊ သဘောပေါက်နိုင်သည့် အကွက် အကွင်း ပုံစံမျိုးဖြင့် ဆက်၍ ဖော်ပြသွားမည် ဖြစ်ပါသတည်း။ (ဤကား အမှာ စကားချပ်)

ဇောတိတတ္တကျမ်း၌လာသော မဟာပထဝီကုမ္ဘစက်ဟူသော လိပ်ရုပ်ပုံသဏ္ဌာန်နေပုံကား မဇ္ဈိမဒေသအရပ်၌ အရှေ့ကိုခေါင်းပြုလျက် အစိတ်ကိုးပါးဖြင့် ဇမ္ဗူဒီပါကျွန်း၏ အလယ်မှစ၍ အရပ်ရှစ်မျက်နှာတို့နှင့် စပ်ဆိုင်လျက်တည်၏။

မဟာပထဝီကုမ္ဘစက်



လိပ်ရုပ်၏ ကိုယ်အလယ်အရပ်မှစ၍ ကြတ္တိကာနက္ခတ်က စပြီးလျှင် လိပ်ခေါင်းကိုတက်၍ လက်ျာရစ်လိပ်၏ လက်နှစ်ဖက်, နံပါးနှစ်ဖက်, ခြေနှစ်ဖက်, ခေါင်း,အမြီး,ကိုယ်-ဤအစိတ်ကိုးပါးတို့၌ အစိတ်တခုလျှင် နက္ခတ်သုံးလုံးစီဝေ၍ထားပြီးလျှင်ထိုနက္ခတ်တို့ကိုပါပဂြိုဟ်ယှဉ်ရာထွင်းရာ ထိုနက္ခတ်တို့နှင့်ဆိုင်သော အရပ်, မြို့, ရွာတို့၌ လယ်ယာကို ကောင်းစွာ မလုပ်ဆောင်ရ-ပျက်စီးအံ့သည်ကို ဟောလေ၊ အဘယ်အကြောင်းကြောင့် ပျက်စီးမည်နည်းဟူမူ—

အတိဝုဋ္ဌိ-အနာဝုဋ္ဌိ၊ သလဘာ-မူသိကာ-ခဂါ။

သစက္ကံ ပရစက္ကဉ္စ၊ သတ္တေတေ သမ္ဘဝန္တိစ။ ။

အတိဝုဋ္ဌိ-မိုးရွာလွန်ခြင်း၊ အနာဝုဋ္ဌိ-မိုးမရွာခြင်း- မိုးခေါင်ခြင်း၊ သလဘာ—ပရစ်နှံအစရှိသော စပါးပြောင်းပဲအစရှိသော အသီးအနှံကို ဖျက်ဆီးတတ်သောပိုးတို့ ပေါများခြင်း၊ မူသိကာ-ကြွက်တို့ပေါများခြင်း၊ ခဂါ-ငှက်တို့ပေါများခြင်း၊ သစက္ကံ၊ မိမိတို့၏မင်းအာဏာဖြင့် နှောင့်ယှက်ခြင်း၊ ပရစက္ကဉ္စ-အခြားသော မင်း၏အာဏာဖြင့် နှောင့်ယှက်ခြင်း၊ တေသတ္တ-ဤခုနစ်ပါးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

ထိုအကြောင်း ခုနစ်ပါးတို့တွင် အကြောင်းတပါး, နှစ်ပါးအစရှိသည် တို့ကြောင့် လယ်ယာအလုပ်အဆောင် ပျက်စီးရအံ့ဟုလိုသည်။

ပါပဂြိုဟ်တို့တွင်လည်း စနေဂြိုဟ်သည် အထူးသဖြင့် မကောင်းကျိုး ကိုပေး၏။

ဤမဟာပထဝီကုမ္ဘစက်၌ နက္ခတ်ကိုဂြိုဟ်ထွင်း၏ဟူသည်ကား-

တတြဝေဒေါတထာ ပုဗ္ဗာပရေ ဘဝေဒါဗေဒေါ ဥတ္တရ-

ဒက္ခိဏေ၊ဤသာနေရက္ခသေဒဝခော၊ ဝေခောအဂ္ဂယျမာရုတေ။

ဟူသော ဇောတိတတ္တကျမ်းလာ ဂါထာနှင့်အညီ လိပ်ရုပ်၏အင်္ဂါ အစိတ်ကိုးပါးတို့တွင် လိပ်၏ကိုယ်၌ရှိသော နက္ခတ်သုံးလုံးသုံးပြန်ကျ— အစိတ်ရှစ်ပါး၌ရှိသော နက္ခတ်တို့တွင် အရှေ့အရပ်က လိပ်ခေါင်း၌တည် သော နက္ခတ်သုံးလုံးတို့ကို ယှဉ်သောဂြိုဟ်သည် လိပ်ခေါင်းနှင့် သမသတ် လိပ်အမြီး၌တည်သော နက္ခတ်သုံးလုံးတို့ကို ထွင်းသည်မည်၏၊ ဤအတူ တောင်နှင့်မြောက်၊အရှေ့မြောက်ထောင့်နှင့်အနောက်တောင်ထောင့်၊အရှေ့ တောင်ထောင့်နှင့်အနောက်မြောက်ထောင့် အရပ်တို့နှင့်စပ်သော နက္ခတ် တို့၌ ထွင်းပုံကိုလည်း သိအပ်၏။

အကြင်စန်းယှဉ်သော တစုံတခုသောနက္ခတ်၌ မြေ၌ဖြစ်သောဘောမကိတ်၊ ကောင်းကင်၌ဖြစ်သောအန္တလိက္ခကိတ်၊ မြေကောင်းကင်အကြား အိမ်ကျောင်းဘုရား သစ်ပင်တောတောင်တို့၌ဖြစ်သော ဒိဗ္ဗကိတ်၊ ဤကိတ်သုံးမျိုးတို့တွင် တမျိုးမျိုးဖြစ်အံ့၊ ထိုနက္ခတ်နှင့်ဆိုင်သော အရပ်ဒေသသည် ပျက်စီးအံ့။

ထိုကိတ်သုံးမျိုး တမျိုးမျိုးဖြစ်သော နက္ခတ်နှင့်တကွ ထိုအရပ်နှင့်ဆိုင်သော နက္ခတ်သုံးလုံးတို့တွင် တလုံးလုံးကို ပါပဂြိုဟ်ယှဉ်မူထင်းမူကြီးစွာသောပျက်စီးခြင်းဖြစ်အံ့၊ ကိတ်–ဟူသည်ကား ယခုအခါ မြန်မာတို့ နိမိတ်ခေါ်သော ဝတ္ထုပင်တည်း။

ကောင်းကင်၌ဖြစ်သော အာကာသ ကိတ်ဟူသည်ကား နေ–လ–ကြုပ်ခြင်း, ဥက္ကာကျခြင်း, တိမ်တံခွန်ထွက်ခြင်း အစရှိသည်တို့ပင်တည်း၊ မြေ့,ကောင်းကင်အကြား၌ ဖြစ်သောကိတ်ဟူသည်ကား ဘုရားစေတီတို့မှ ရောင်ခြည်ထွက်ခြင်း, မျက်ရည်ယိုခြင်း, သစ်ပင်တို့မှရေထွက်ခြင်း၊ အခိုးထွက်ခြင်း, အိမ်ကျောင်းတို့မှ အခိုးအလျှံထွက်ခြင်း အစရှိသည်တို့တည်း။

ကြတ္တိကာ,ရောဟိဏီ,မိဂသီ– ဤနက္ခတ်သုံးလုံးသည် လိပ်၏ကိုယ်၌ ကျသောကြောင့် ဇမ္ဗူဒိပ်ကျွန်း၏အလယ် မဇ္ဈိမဒေသနှင့်စပ်ဆိုင်သော နက္ခတ်မည်၏၊ မဇ္ဈိမဒေသအရပ်ဟူသည်ကား သာသနိကကျမ်းအလို–

၁။ အရှေ့–ဇင်္ဂလနိဂုံးအနီးအင်ကြင်းပင်ကြီး၊
၂။ အရှေ့တောင်အလား သလ္လဝတီမြစ်၊
၃။ တောင်ကိုအလား–သေတကဏ္ဏိကနိဂုံး၊
၄။ အနောက်အလား–ထူဏမည်သောပုဏ္ဏားရွာ၊
၅။ မြောက်ကိုအလား–ဥသိရဒ္ဓဇတောင်၊

ဤနိမိတ်ငါးရပ်အတွင်း၌ပုဏ္ဏားစည်သဏ္ဌာန် အလယ်ကျယ်သောနေရာတွင်အနံယူဇနာတရာ, ကြွင်းသောနေရာတွင် ယူဇနာရှစ်ဆယ်, အလယ်တည့်ဘည့် အလျားယူဇနာသုံးရာ, အဝန်းယူဇနာ ကိုးရာရှိ၏။

အဒြ, ပုနဗ္ဗုသျှ, ဖုသျှ– ဤနက္ခတ်သုံးလုံးတို့သည် လိပ်ခေါင်း၌ ကျ၍ အရှေ့အရပ်နှင့် စပ်ဆိုင်သော နက္ခတ်တို့ ဖြစ်ကုန်၏၊ အရှေ့အရပ်ဟူသည်ကား တာမလိတ္တိအရပ်, လာလတိုင်း, အာသံ, မဏိပူရ အစရှိသော နိုင်ငံတို့မည်ကုန်၏၊ နိုင်ငံတို့တည်း။

အဿလိဿ, မာဃ, ပြုဗ္ဗဖလဂုဏီ– ဤနက္ခတ်သုံးလုံးတို့သည် လိပ်၏ လက်ျာလက်၌ ကျ၍ အရှေ့တောင်ထောင့် အရပ်နှင့် စပ်ဆိုင်သော နက္ခတ်တို့ ဖြစ်ကုန်၏၊ အရှေ့တောင်ထောင့်အရပ်ဟူသည်ကား–ဝင်္ကတိုင်းဟူသော ဗင်္ဂလား, ကာလကတ္တားမြို့, အင်္ဂတိုင်း, ကလိင်္ဂတိုင်း, စေတိယတိုင်း, ရခိုင်, တလိုင်း, မြန်မာ, ရှမ်း, ယိုးဒယား အစရှိသော နိုင်ငံတို့တည်း။

ဥတ္တရဖလဂုဏီ, ဟဿတ, စိတြ–ဤနက္ခတ် သုံးလုံးတို့သည် လိပ်၏ လက်ျာနံပါး၌ကျ၍ ဒက္ခိဏာပထ–ဟူသော ဝိဥ္စတောင်ရိုး၏ တောင်ဘက်အရပ်နှင့်စပ်ဆိုင်သော နက္ခတ် ဖြစ်ကုန်၏၊ ထိုအရပ်၌ မဒရပ်, ဇိနပတ္တံ, နံ့သာနီ-နံ့သာဖြူ စသော နံ့သာမျိုးထွက်သော မလျတော,မလျတောင်ဟု ခေါ်သော အရပ်, ယခုအခါ ပလဝ ခေါ်သော အဝန္တိ တိုင်း, ဥဇ္ဇေနီပြည်, သီဟိုဠ်ကျွန်း အစရှိသော အရပ်တို့ပင်တည်း။

သွာတိ, ဝိသာခါ, အနုရာဓ–ဤနက္ခတ်သုံးလုံးတို့သည် လိပ်၏လက်ျာခြေ၌ ကျ၍ အနောက်တောင်တောင့် အရပ်နှင့်ဆိုင်သော နက္ခတ်တို့ မည်ကုန်၏၊ ယခုအခါ စူရပ်ခေါ်သော သူရယတိုင်း, ယခုအခါဘုံပိုင်ခေါ်သော ကုန်ကနအရပ်, မဟာရထတိုင်း, နမ္မဒါမြစ်ရိုးတလျှောက်မြို့ရွာစု, ပုစအရပ် အစရှိသောအရပ်တို့တည်း။

ဇေဋ္ဌ, မူလ, ပုဗ္ဗာသာဠ်–ဤနက္ခတ်သုံးလုံးတို့သည် လိပ်၏အမြီး၌ကျ၍ ရာဇပုတ္တ ခေါ်သောနိုင်ငံ–ယခုအခါစင်ဒ (ဆင်း) ခေါ်သော သိန္ဓုမြစ် သိန္ဓုနိုင်ငံ,ဤသိန္ဓုမြစ်ကို စင်ဒမြစ်, ဣန္ဒမြစ်ဟူ၍လည်း ယခုအခါ ခေါ်ကြသည်၊ ဤမြစ်ကိုအစွဲပြု၍ သိုးဆောင်းလူမျိုးတို့က မဇ္ဈိမဒေသနှင့် တကွသောဆိုခဲ့ပြီးသောနိုင်ငံတို့ကို အိန္ဒိယနိုင်ငံဟုခေါ်သည်၊ အာရပ်နိုင်ငံ အစရှိသောအနောက်အရပ်တို့နှင့် စပ်ဆိုင်သောနက္ခတ်တို့ဖြစ်၏။

ဥတ္တရာသာဠ်, သရဝဏ်, ဓနသိဒ္ဓိ–ဤနက္ခတ်သုံးလုံးတို့သည် လိပ်၏ လက်ဝဲခြေ၌ကျ၍ ပန်ဂျပ်နိုင်ငံ, တာပီနိုင်ငံ, အီရန်နိုင်ငံ, ကဿမီယ နိုင်ငံ, ဂန္ဓာရနိုင်ငံ, ယခုအခါတူရကီခေါ်သော ရောမနိုင်ငံ အစရှိသော အနောက်တောင်ထောင့်နှင့်စပ်သော နက္ခတ်တို့ဖြစ်ကုန်၏။

သတဘိသျှ, ပုဗ္ဗာဘဒြပိုဒ်–ဥတ္တရာဘဒြပိုဒ်–ဤနက္ခတ်သုံးလုံးတို့သည် လိပ်၏ လက်ဝဲနံပါး၌ ကျ၍ ဟိမဝန္တာတောင်ရိုးအနီး နေပေါလနိုင်ငံ, ဘူတန်နိုင်ငံ, တိဗက်နိုင်ငံ, တရုတ်နိုင်ငံ, ရုရှားနိုင်ငံအစရှိသောမြောက်အရပ်နှင့်စပ်ဆိုင်သောနက္ခတ်တို့ဖြစ်ကုန်၏။

ရေဝတီ, အဿဝဏီ, ဘရဏီ—ဤနက္ခတ် သုံးလုံးတို့သည် လိပ်၏ လက်ဝဲဖက်ဒွာကျ၍ တရုတ်နိုင်ငံ, တရက်နိုင်ငံ အစရှိသော အရှေ့မြောက် ထောင့်အရပ် နိုင်ငံတို့နှင့် စပ်ဆိုင်သော နက္ခတ်တို့ဖြစ်ကြကုန်၏။

ဤသို့ ဆိုခဲ့ပြီးသော မဟာပထဝီ ကုမ္ဘစက်မှာ ကြတ္တိကာ နက္ခတ်က စ၍ ချသကဲ့သို့ အရပ်ဒေသ၏ အမည်, နက္ခတ်နိုင်ငံ၏ အမည်, နက္ခတ် မြို့၏အမည် နက္ခတ်တို့ကို စ၍ ချပြီးလျှင် ဒေသကုမ္ဘစက်,နဂရကုမ္ဘစက် တို့ကို ပြုလုပ်၍ အရပ် ကိုးပါးတို့ကို ဝေပြီးလျှင် ကောင်း, မကောင်း သုဘာ-သုဘတို့ကို ဟောလေ။

ယခုအခါ ရှေးကျမ်းဂန်အရနှင့် ရှေးပညာရှိကြီးများ၏ အယူအဆ ကို ကျမ်းရင်းအတိုင်း အရှိကို အရှိအတိုင်း ဖော်ပြခဲ့ပြီးပြီ ဖြစ်၍ မိမိ၏ အယူအဆနှင့် အတွေ့အကြုံများကို ဖော်ပြပါတော့အံ့။




၁၂-ရာသီ စက်ဝန်းပုံ

အထက်တွင် ဖော်ပြထားသည့် ၁၂-ရာသီစက်နှင့်နှစ်စဉ် တနှစ်တအုပ် ထွက်နေသည့်သံဒိဋ္ဌပြက္ခဒိန်ကို ပထမ လေ့လာထားပါ၊ လေ့လာပုံလေ့လာနည်းမှာအလွန်လွယ်ကူသည့်အပြင် ယခုအခါ မြန်မာနိုင်ငံတွင် ဗေဒင်သုတေသီတို့ အလွန်တိုးတက် များပြားနေကြပေသည်။

အမှာ။ ။အချို့အမျိုးသမီးများပင် လေ့လာလိုက်စားကြ၏၊ သိလည်း သိကြ၏၊ လေ့လာပုံကို ရေးသားနေလျှင် "သဘာဝသိပ္ပံနှင့် ဗုဒ္ဓအဘိဓမ္မာ"အတွက် စာမျက်နှာ နေရာ ကျဉ်းသွားနိုင်သည် လည်းတကြောင်း၊ စက္ကူဖြုန်းရာ ရောက်သွားနိုင်သည်လည်း တကြောင်း၊ လေအကြောင်း, ငလျင်အကြောင်းကို ဖော်လို

လျှင် ဂြဟနက္ခတ္တဗေဒပိုင်းကို ကျောခိုင်း ထား၍ လျောင်လျှပ်ခြင်း၏ အကြောင်းရင်း တရားခံကို အမှန်အတိုင်း မည်သည့်နည်းနှင့်မျှ သိရှိနိုင်မည် မဟုတ်သည်ကို သဘောပေါက်ခဲ့သဖြင့် မလွဲသာမရှောင်သာ ဖော်ပြနေရသည်လည်းတကြောင်းတို့ကြောင့် မရေးသားတော့ပေ။

အကြောင်းအရာ တခုကို တင်ပြလျှင်လည်း လောကကြောင်း, ဓမ္မကြောင်း သောင်းပြောင်းထွေလာ ပြည့်ဝစွာဖြင့် ဒေါင့်စေ့စေ့ ရေးသားဖော်ပြမှသာ နောက်လူတို့ ခြေကုတ် ယူရာ၌ စိတ်ချရသည့် အခြေမျိုးသို့ဆိုက်ရောက်နိုင်ပေသည်၊ ယခု ဖော်ပြမည့် စနစ်သစ်နှင့် အယူအဆမှာ သံဒိဋ္ဌပြက္ခဒိန်ကိုသာ ကြည့်တတ်လျှင် ကျား-မ မဟူ မည်သူမဆို မြေလျောင် အဘယ်နှစ်၌ အဘယ် တိုင်းပြည်များတွင် လှုပ်မည်၊ လေပြင်းမုန်တိုင်း အဘယ်နိုင်ငံနှင့် တိုင်းပြည်များတွင် ဖြစ်လာလိမ့်မည်ကို တနှစ်နှစ်နှစ် အတွင်းမှ နှစ်ပေါင်းများစွာကို လှမ်း၍တင်ကြိုသိနိုင်ပေသည်။

အဘယ်အကြောင်းကြောင့်နည်း၊ အင်္ဂါ, ဗုဒ္ဓဟူး,ကြာသပတေး,သောကြာ, စနေ-ဤပဥ္စတာရဂြိုဟ် ၅-လုံးသာလျှင် နိယတ,ဗျဂ္ဂဇာ,သီဟဇာကျင့်၍တနင်္ဂနွေဂြိုဟ်,တနင်္လာဂြိုဟ်,ရာဟုဂြိုဟ်သုံးလုံးမှာကျင့်ရိုးမဟုတ်။

ရာသီကွက်တခု၌ရှိသည့် ရာဟုဂြိုဟ်ကို ဘယ်နှစ် ဘယ်ရောက်မည်ကို ဂဏန်းသင်္ချာဖြင့် ချမတွက်ဘဲ မိန်းမတွက်နှင့်ပင် သိနိုင်မည်ဖြစ်ပါသည်၊ မြေလျောင်နှင့်လေမုန်တိုင်းတွင် ရာဟုဂြိုဟ်သည် အဓိကဇာတ်ကောင်ပင်ဖြစ်နေသဖြင့် ၁၂-ရာသီစက်ကွင်း တရာသီတကွက်၌ ၁၈-မှန်မှန် အမြဲရပ်တည်သောကြောင့် ရာဟုဂြိုဟ်ကြီး တရာသီတွင် တနှစ် ၆-လ နေသည်ဖြစ်ရာ ရာသီခွင်တပတ် ၁၂-ကွက်စေ့သောအခါ ၁၈-နှစ်ကြာသည်ဟု သိထားရပေမည်။

မည်သည့်ဂြိုဟ်ဖြစ်စေ တရာသီတွင် အံသာ ၃၀-နေသည်၊ ရာဟုဂြိုဟ်ကြီးမှာလည်း တရာသီအံသာ ၃၀-ပင်ကြာသည်၊ ဤတွက်ကိန်းမှာ ရာဟုဂြိုဟ်ကြီး၏ ရာသီနှင့်အံသာ,လိတ္တာကိုသာ ကြည့်ရပေသည်၊ လိတ္တာ ၆၀-ပြည့်လျှင် တအံသာတက်ရသည်၊ အံသာ ၃၀ပြည့်လျှင် တရာသီပြည့်သည်။

## ၁၂-ရာသီကွက်၌ ရာဟုဂြိုဟ်ကြီး၏ အံသာနှင့်လိတ္တာကို ကြည့်ရမည့်စနေအကြောင်း

ဥပမာ-မိန်ရာသီတွင် ရာဟုဂြိုဟ်ကြီး ၁၆-အံသာနှင့် လိတ္တာ ၄၀-မှ မိဿရာသီတွင် ၂၆-အံသာနှင့်လိတ္တာ ၄၀-အတွင်း ရောက်ရှိလာသည့်အချိန်တွင် နက္ခတ် ၁၅-လုံး,၁၆-လုံး,၁၇-လုံးဖြစ်သည့် သွာတိ,ဝိသာခါ အနုရာဓ နက္ခတ် ၃-လုံးကို ရာဟုဂြိုဟ်ကြီးထွင်းပြီဟု သိထားရပါမည်၊ ထိုအချိန်တွင် ကမ္ဘာပေါ်ရှိ တိုင်းပြည်နိုင်ငံနှင့်ဆက်စပ်၍ ကောင်းကျိုး, ဆိုးကျိုးနှင့်ပတ်သက်၍ဖြစ်စေ, လျှင် မုန်တိုင်းနှင့် ပတ်သက်၍ဖြစ်စေ သိလိုပါက လိပ်ပုံကိုပြန်ကြည့်ပါ၊ လိပ်၏လက်ျာဘက်ခြေ၌ ၁၅-လုံး, ၁၆-လုံး, ၁၇-လုံး နက္ခတ်များရှိနေသည်ကို တွေ့ရလိမ့်မည်။

လိပ်၏ကျောပြင် ဗဟိုတည့်တည့်မှာ မဇ္ဈိမဒေသဖြစ်သည်၊ လိပ်၏ညာဘက်ခြေမှာ ၎င်းမဇ္ဈိမဒေသ၏ အနောက်တောင်ထောင့်ဖြစ်၍ မုန်တိုင်းနှင့် လျှင်ဒဏ် မည်သည့် တိုင်းပြည်များ၌ ပေါ်ပေါက်လာနိုင်သည်ကို သိလိုလျှင် ကမ္ဘာကြီးလုံးချင်လည်းလုံးပါစေ၊ သို့မဟုတ် ပြားချင်လည်းပြားပါစေ ကမ္ဘာမြေပုံကို မိမိရှေ့တွင်ဖြန့်ခင်းလိုက်ပါ၊ မဇ္ဈိမဒေသကို ခဲတန်နှင့်ထောက်ပြီးမှ အရှေ့,အနောက်,တောင်,မြောက် အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ ထောင့်ရှစ်ထောင့် သတ်မှတ်ပြီး မဇ္ဈိမဒေသ၏ အနောက်တောင်ထောင့် မျဉ်းကြောင်းတွင်ရှိသည့် တိုင်းပြည်နိုင်ငံများ၌ မုန်တိုင်းနှင့်လျှင်ဒဏ်တခုခု၊ သို့မဟုတ် နှစ်မျိုးစလုံး အမှန်တွေ့တော့မည်ဟု သိထားပါလေ။

သာမန်ပေါ်ပေါ်ပင် တွေ့သွားနိုင်သလော၊ သို့မဟုတ် နစ်နာသွားလောက်အောင်ပင် တွေ့သွားနိုင်သလောဟု တင်ကြိုသိရှိရန် နောက်ပိုင်းတွင် ဖော်ပြသွားပါမည်၊ ယခုမူ ဤတကွက်ကိုသာ မှတ်ထားပါသေဦး။

ကုမ်ရာသီ ၆-အံသာနှင့် လိတ္တာ ၄၀-မှ မိန်ရာသီ ၁၆-အံသာနှင့် လိတ္တာ ၄၀-အတွင်းသို့ ရာဟုဂြိုဟ်ကြီးရောက်ရှိလာသည့် အချိန်တွင် နက္ခတ် ၁၂-လုံး, ၁၃-လုံး, ၁၄-လုံး ဖြစ်သည့် ဥတ္တရာဘရဂုဏီ, ဟဿတ,စိတြနက္ခတ်သုံးလုံးကို ရာဟုဂြိုဟ်ကြီးထွင်းပြီဟု သိထားရပါမည်၊ ၎င်းနက္ခတ် ၃-လုံးမှာ လိပ်၏နံပါးဖြစ်၍ ကမ္ဘာမြေပုံတွင် မဇ္ဈိမဒေသ၏ တောင်စူးစူး တိုင်းပြည်နိုင်ငံတို့နှင့် သက်ဆိုင်၍ မုန်တိုင်းနှင့် လျှင်ဒဏ် တခုခု ကျေန်ပေါ်လာတော့မည်ဟု သိထားပါလေ။

ဓနုရာသီ ၂၆-အံသာ၊ လိတ္တာ ၄၀-မှ ကုမ်ရာသီ ၆-အံသာ၊ လိတ္တာ ၄၀-အတွင်းသို့ ရာဟုဂြိုဟ်ကြီး ရောက်ရှိလာသည့်အချိန်တွင် နက္ခတ် ၉-လုံး, ၁၀-လုံး, ၁၁-လုံးဖြစ်သည့်၊ အဿလိဿ, မာဃ, ပြုပ္ပါ ဘရဂုဏီ နက္ခတ်သုံးလုံးကို ရာဟုဂြိုဟ်ကြီးထွင်းပြီဟု သိထားရပါမည်၊ ဤနက္ခတ်သုံးလုံးမှာ လိပ်၏လက်ျာညာဘက်လက်ဖြစ်၍ ကမ္ဘာမြေပုံတွင် မဇ္ဈိမဒေသ၏ အရှေ့တောင်စူးစူး တိုင်းပြည်နိုင်ငံတို့နှင့် သက်ဆိုင်သော ကြောင့် ၎င်းတိုင်းပြည်တို့၌ မုန်တိုင်းနှင့်လျှပ်ဒဏ် တခုခု ကျေန်ပေါ် တော့မည်ဟု သိထားပါလေ။

ဗြိစ္ဆာရာသီ ၁၆-အံသာ၊ လိတ္တာ ၄၀-မှ ဓနုရာသီ ၂၆-အံသာ၊ လိတ္တာ ၄၀-အတွင်းသို့ ရာဟုဂြိုဟ်ကြီး ရောက်ရှိလာသည့် အချိန်တွင် နက္ခတ် ၆-လုံး, ၇-လုံး, ၈-လုံး ဖြစ်သည့် ဘဒြ, ပုနဗ္ဗုသျှု, ဖုသျှနက္ခတ် သုံးလုံးကို ရာဟုဂြိုဟ်ကြီးထွင်းပြီဟု သိထားရပါမည်၊ နက္ခတ်သုံးလုံးမှာ လိပ်၏ ဦးခေါင်းဖြစ်၍ ကမ္ဘာမြေပုံတွင် မဇ္ဈိမဒေသ၏ အရှေ့စူးစူး တိုင်း ပြည်နိုင်ငံတို့နှင့် သက်ဆိုင်သောကြောင့် ၎င်းတိုင်းပြည်တို့၌ မုန်တိုင်းနှင့် လျှပ်ဒဏ်တခုခု ကျေန်ပေါ်လာတော့မည်ဟု သိထားပါလေ။

တူရာသီ ၆-အံသာ၊ လိတ္တာ ၄၀-မှ ဗြိစ္ဆာရာသီ ၁၆-အံသာ၊ လိတ္တာ ၄၀-အတွင်းသို့ ရာဟုဂြိုဟ်ကြီး ရောက်ရှိလာသည့် အချိန်တွင် နက္ခတ် ၂၇-လုံး, ၁-လုံး, ၂-လုံး ဖြစ်သည့် ရေဝတီ, အဿဝဏီ, ဘရဏီ သုံးလုံးကို ရာဟုဂြိုဟ်ကြီးထွင်းပြီဟု သိထားရပါမည်၊၎င်းနက္ခတ်သုံးလုံးမှာ လိပ်၏လက်ဝဲဘက် ဘယ်လက်တွင်းကျ၍ ကမ္ဘာမြေပုံတွင် မဇ္ဈိမဒေသ၏ အရှေ့မြောက်စူးစူး တိုင်းပြည်နိုင်ငံတို့တွင်မုန်တိုင်းနှင့် လျှပ်တခုခု ကျေန် ပေါ်တော့မည်ဟု သိထားပါလေ။

သိဟ်ရာသီ ၂၆-အံသာ၊ လိတ္တာ ၄၀-မှ တူရာသီ ၆-အံသာ၊ လိတ္တာ ၄၀-အတွင်းသို့ ရာဟုဂြိုဟ်ကြီး ရောက်ရှိလာသည့် အချိန်တွင် နက္ခတ် ၂၄-လုံး, ၂၅-လုံး, ၂၆-လုံးဖြစ်သည့် သတဘိသျှ, ပြုဗ္ဗဘဒြပုဒ်, ဥတ္တရ ဘဒြပုဒ် နက္ခတ် ၃-လုံးကို ရာဟုဂြိုဟ်ကြီးထွင်းပြီဟု သိထားရပါမည်၊ ၎င်းနက္ခတ် သုံးလုံးမှာ လိပ်၏ ကဲဝဲဘက် နံပါးတွင်ကျ၍ ကမ္ဘာမြေပုံ တွင် မဇ္ဈိမဒေသ၏ မြောက်စူးစူး တိုင်းပြည်နိုင်ငံတို့တွင် မုန်တိုင်းနှင့် လျှပ်ဒဏ် ကျေန်ပေါ်လာတော့မည်ဟု သိထားပါလေ။

ကရကဋ်ရာသီ ၁၆-အံသာ၊လိတ္တာ ၄၀-မှ သိဟ်ရာသီ ၂၆-အံသာ လိတ္တာ ၄၀-အတွင်းသို့ ရာဟုဂြိုဟ်ကြီး ရောက်ရှိလာသည့် အချိန်တွင် နက္ခတ် ၂၁-လုံး, ၂၂-လုံး,၂၃-လုံးဖြစ်သည့်၊ဥတ္တရာသာဠ်, သရဝဏ်, ဓနသိဋ္ဌ နက္ခတ်သုံးလုံးကို ရာဟုဂြိုဟ်ကြီးထွင်းပြီးဟု သိထားရပါသည်၊ ၎င်းနက္ခတ် သုံးလုံးမှာ လိပ်၏လက်ဝဲဘက် ဘယ်ခြေ၌ကျရောက်၍ ကမ္ဘာ မြေပုံတွင် အနောက်မြောက်စူးစူးကျသည့် တိုင်းပြည်နိုင်ငံတို့တွင် မုန်တိုင်း နှင့်ငလျင်ဒဏ် ကေန်ပေါ်လာတော့မည်ဟု သိထားပါလေ။

မေထုန်ရာသီ ၆-အံသာနှင့်လိတ္တာ ၄၀-မှ ကရကဋ်ရာသီ ၁၆-အံ သာနှင့်လိတ္တာ ၄၀-အတွင်းသို့ ရာဟုဂြိုဟ်ကြီး ရောက်ရှိလာသည့်အချိန် တွင်နက္ခတ် ၁၈-လုံး, ၁၉-လုံး, ၂၀-လုံးဖြစ်သည့် ဇေဋ္ဌ, မူလ, ပုဗ္ဗာသာဠ် နက္ခတ် သုံးလုံးကို ရာဟုဂြိုဟ်ကြီးထွင်းပြီးဟု သိထားပါလေ၊ ၎င်းနက္ခတ် သုံးလုံးမှာ လိပ်၏ အမြီးတွင်ကျ၍ ကမ္ဘာမြေပုံတွင် မဇ္ဈိမဒေသ၏ အနောက်စူးစူး တိုင်းပြည်နိုင်ငံတို့တွင် မုန်တိုင်းနှင့်ငလျင်ဒဏ် ကေန်ပေါ် တော့မည်ဟု သိထားပါလေ။

မိဿရာသီ၌ ၂၆-အံသာနှင့်လိတ္တာ ၄၀-မှ မေထုန်ရာသီ ၆-အံသာ နှင့်လိတ္တာ ၄၀-အတွင်းသို့ ရာဟုဂြိုဟ်ကြီး ရောက်ရှိလာသည့်အချိန်တွင် နက္ခတ် ၃-လုံး, ၄-လုံး, ၅-လုံးဖြစ်သည့် ကြတ္တိကာ, ရောဟဏီ, မိဂသီ ၃-လုံးကို ရာဟုဂြိုဟ်ကြီး ယှဉ်လည်းယှဉ်ပြီး ထွင်းလည်းထွင်းပြီဟုသိထား ရမည်၊ နက္ခတ် ၃-လုံးသည်လိပ်၏ ကျောက်ကုန်း၌ကျ၍ မဇ္ဈိမဒေသနှင့် ဆိုင်သော တိုင်းပြည်နိုင်ငံများတွင် မုန်တိုင်းနှင့်ငလျင်ဒဏ် ကေန်ပေါ် လာတော့မည်ဟု သိထားပါလေ။

**မှတ်ချက်။** ။ယခုပြဆိုခဲ့သည်မှာ ၁၂-ရာသီစက်၌ ရာဟုဂြိုဟ်သွား သက်သက်ကိုသာ ပြဆိုခဲ့ခြင်းဖြစ်၏၊ ငလျင်,မုန်တိုင်းနှင့် စပ်ဆိုင်သည်မှာလည်း ဤရာဟုဂြိုဟ်သာ ဖြစ်ပေသည်၊ ဤကျမ်း၌ ဝါယောဓာတ်နှင့် ပတ်သက်နေ၍သာ အကြောင်းအားလျော်စွာဖော်ပြရခြင်းဖြစ်ရာ ဂြဟနက္ခတ္တ ဗေဒခန်းကို ထိုထက်အကျယ်ပြရန်မသင့်ချေ။

ငလျင်လှုပ်ခြင်း, မုန်တိုင်းကျခြင်း၏ အကြောင်းရင်း သဘာဝမှာ ရာဟုဂြိုဟ်သာဖြစ်သည်ဟု သဘောပေါက်

လောက်ရုံမျှသာ ရေးသားရပေသည်၊ ထို့ထက်အကျယ် သိလိုလျှင်လေ့လာလိုက်စားလိုသူများအတွက် ဤတကွက်ကိုမူကား ပါရမီဖြစ်သဘောထား၍ သင်ကြားပြသပေးရန် မိမိစိတ်ကို ဆုံးဖြတ်ထားပြီးဖြစ်ပေသည်။

ရာဟုဂြိုဟ်ကြီး ထွင်းတိုင်း ငလျင်၊ သို့မဟုတ် မုန်တိုင်း၊ သို့မဟုတ် နှစ်မျိုးစလုံး ကျရောက်နိုင်ပါသည်၊ ရာဟုဂြိုဟ်ကြီး ထွင်းတိုင်း ဆလွန်နစ်နာ ပျက်စီးသည့် အဖြစ်မျိုးကား မရောက်နိုင်။

ရာဟုဂြိုဟ်ကြီး ထွင်းသည့် အချိန်တွင် ရောက်ရှိနေသည့် ကောဇာသက္ကရာဇ်ကို ၇–ခု စားပြီး မဟာဘုတ် ပြုလုပ်၍ ဗုဒ္ဓဟူးဂြိုဟ် မရဏဖြစ်နေသည့် နှစ်နှင့် ကြုံနေပါမူ အမှန်ပျက်စီးနစ်နာတော့မည်ကို တင်ကြို သိထားထိုက်ပါသည်။

မရဏ မကြုံပါမူ ရာဟုဂြိုဟ်ကြီး ထွင်းသော တိုင်းပြည် နိုင်ငံတို့၌ မုန်တိုင်းနှင့်ငလျင်ကား အမှန်ဖြစ်ပေါ်လာမည်၊ တကယ်တမ်း မထိခိုက်နိုင်၊ သမံကာရှန်ကာသာဖြစ်မည်ဟု သိထားပါလေ။

ဥာမာ–ယခုလောလောဆယ်တွင် ရာဟုဂြိုဟ်ကြီး တူရာသီတွင် ရှိနေသောကြောင့် မဇ္ဈိမဒေသ အရှေ့မြောက်စူးစူး တိုင်းပြည် နိုင်ငံများနှင့် ၎င်းအရှေ့မြောက်မျဉ်းကြောင်းတွင် အလွန် နီးကပ်သည့် တိုင်းပြည်များတွင် ကေန် ဖြစ်လာမည့် အပြင် ယခုနှစ် ၁၃၃၈–ခုတွင် ကောဇာမဟာဘုတ်၌ဗုဒ္ဓဟူးမရဏဖြစ်သည့်နှစ်နှင့်ကြုံနေသောကြောင့်ကေန်ဆိုးဝါးတော့မည်ကို ကိန်းသေ သိထားနိုင်ပါသည်၊ ရာဟုဂြိုဟ်ကြီးသည် ရာသီစက်ဝန်း တပတ်လျှင် ၁၈–နှစ်ကြာသောအခါတိုင်း၊ သို့မဟုတ်နှစ် ၁၇–နှစ်, ၁၈–နှစ် ကြာသောအခါတိုင်း ဤအရှေ့မြောက် တိုင်းပြည်တို့ မုန်တိုင်း, ငလျင်ဒဏ် ကြုံရမည်သာဖြစ်ပေသည်၊ သို့ရာတွင် ကောဇာမဟာဘုတ်တွင် ဗုဒ္ဓဟူး မရဏနှင့် ကြုံကြိုက်ရန်ကား လွယ်မည်မဟုတ်။

ဤဂြဟနက္ခတ္တဗေဒသည် သဘာဝတရားပင် ဖြစ်၏၊ နတ်နှင့်သိကြားတို့ဖန်ဆင်းထားအပ်သည်ကားမဟုတ်၊ ရာဟုဂြိုဟ်ကြီးထွင်းနေသည့်နှစ်ပိုင်းတွင် ဘယ်နှစ်,ဘယ်လတွင် ပေါ်ပေါက်လာနိုင်သည် ဟူသော အသေးစိတ်ကလေးများကို ဖော်ပြနေလျှင် ကျယ်ဝန်းသွားမည် ဖြစ်၍ သဘာဝ သိပ္ပံနှင့် ဗုဒ္ဓအဘိဓမ္မာ နေရာ ကျဉ်းသွားမည်ကိုလည်း စိုးရ၏၊ ဤကား ဂြဟနက္ခတ္တဗေဒဆိုင်ရာ မုန်တိုင်း,ငလျင်အကြောင်းကို ပြဆိုခြင်းဖြစ်၏။

မေး။ ။ငလျင်သည် ရာဟုဂြိုဟ်ကြီး တခုတည်းကြောင့်ပင် ဖြစ်သလော။

ဖြေ။ ။ဥတုနိယာမ သဘာဝကြောင့်လည်း ဖြစ်တတ်သေး၏၊ သို့ရာတွင် ဂြဟနက္ခတ္တဗေဒနှင့်ဆိုင်သည့်ငလျင်လောက် ကြီးကျယ်ဆိုးဝါး ခြင်းမဖြစ်နိုင်ပေ။

မေး။ ။ဥတုနိယာမကြောင့် အဘယ်သို့ ငလျင် ဖြစ်ပေါ်လာပါ သနည်း။

ဖြေ။ ။အပူဥဏှတေဇောဓာတ်နှင့်ဥဏှဝါယောလေဓာတ်တို့ လောကဓာတ်တခုလုံး ပြောက်ပြားနေချိန်တွင် ဆောင်းရာသီ ဆောင်းဥတုဘခုခု သို့ ကူးပြောင်းလာသောအခါ၊ သို့မဟုတ် မိုးရာသီ မိုးဥတုသို့ ရောက်၍ မိုးရေ မိုးပေါက် ရွာချလိုက်သည့် အခါတွင် အအေးဓာတ် အသွန် အားကြီးလာတော့၏၊ ထိုအအေးဓာတ်သည် ကမ္ဘာလောကဓာတ်အတွင်း တွင် အင်အားကြီးမားစွာ ခိုအောင်းနေပြီး ဖြစ်သည့် ဥဏှဓာတ်နှင့် ရုပ် ဓာတ်ချင်း မျိုးတူ နေသောကြောင့် အညမည သဘာဝကား ဖြစ်ကြပါ ၏၊ အပူနှင့်အအေးမှာ ပြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် ဖြစ်နေသဖြင့် သဟဇာတ မဖြစ်။

သို့အတွက် အတွင်းတွင် ရှိနှင့်ပြီးဖြစ်သည့် ဥဏှဓာတ်က လက်မခံသော ကြောင့် အတွင်းသို့ မဝင်နိုင်ဘဲ ထိုအအေးဓာတ်မှာ ကမ္ဘာလောကဓာတ် ကို ဖွဲ့စည်း ရစ်ပတ်သွားတော့သည်၊ ထိုအချိန်တွင် ဥဏှတေဇော, ဥဏှ ဝါယောဓာတ်မှာ အတွင်း၌ အကျဉ်းအမိခံလိုက်ရပေပြီ၊နောက်ထပ်မိုး ကြီး ရွာချပြီးသည့်အချိန်၊ သို့မဟုတ် အအေးဓာတ် ပြောက်ပြားလာ သည့်အချိန်တွင် အကျဉ်း အမိခံနေရသည့် ဥဏှတေဇော, ဥဏှဝါယော ဓာတ်တို့ အင်အားရှိသမျှ ရုန်းကန်ကြတော့၏၊ ထိုအခါ မြေလျှင် လှုပ် ရှားမှု များပြားလာတတ်ပေသည်။

သို့ရာတွင် မကြာမကြာ မနာသာ လျှင်မျိုးကား ဂြဟနက္ခတ္တဗေဒ ဗုဒ္ဓဟူး, ရာဟု, မရဏမျိုး ကြုံမှသာ ဖြစ်လာနိုင်သည်ဟု သိထားရန်နှင့် ရာသီဥတုကြောင့် ပေါ်ပေါက်လာသည့် ငလျင်မျိုးကား အပျော့တမ်း ငလျင်တွေသာဖြစ်၏။

မှတ်ချက်။ ။ဤလျှောင်အကြောင်း, မုန်တိုင်းအကြောင်းနှင့် ပတ်သက်၍ နက္ခတ်နှင့် ဂြိုဟ်သွားများကို လေ့လာလိုသူများရှိလျှင် ပါရမီဖြစ်သဘောထား၍ သင်ကြား ပြသပေးရန် မိမိစိတ်ကို ဆုံးဖြတ်ပြီ ဖြစ်သည်ဟု ဆိုရာ၌ စာရေးသူ၏ရည်ရွယ်ချက် ရှိပါသည်၊ ဤအလုပ်သည် လူတဦးတယောက်နှင့် တိုင်းပြည်တပြည်နှင့်သာ သက်ဆိုင်သည်မဟုတ်၊ တကမ္ဘာလုံးအတွက် လူသားတို့၏အကျိုးစီးပွါး သေရေး ရှင်ရေးများနှင့် သက်ဆိုင်နေခဲ့၏။

ကေန် ဖြစ်ပေါ်လာမည်ကို နှစ်ပေါင်းအတော်ကြာကပင် နှစ်နှင့် လနှင့်ချီ၍ တင်ကြိုသိထားရခြင်းဖြင့် တကမ္ဘာလုံးရှိ တိုင်းပြည်နှင့်လူသားတို့အတွက် အသွန်အကျိုးရှိနိုင်သည့်အပြင် တင်ကြို ပြင်ဆင်မှုများ လုပ်နိုင်ခြင်း, စိတ်တိုင်းကျ အချိန်ရခြင်း, ကာကွယ်နည်းကို တင်ကြို၍ တီထွင် ကြံဆနိုင်ခြင်း စသော အကျိုး တရားများကို မြှော်ကိုးမိသောကြောင့် ဖြစ်ပါကြောင်း။

မေး။ ။လူမျိုးအသီးသီး ပေါ်လာရသည်မှာ ကံတရား ကြောင့် ပင်လော။

ဖြေ။ ။သက်ရှိ သတ္တဝါလူ, တိရစ္ဆာန်တို့ဖြစ်ပေါ်လာရသည်မှာ ကံတရားအရင်းခံကြောင့်ပင် ဖြစ်၏၊ လူမျိုးအသီးသီးပေါ်ထွက်လာရသည်မှာ ကံ,စိတ်,ဥတု,အာဟာရ–ဤအကြောင်းလေးပါးတွင် ဥတုနှင့် အာဟာရ အရင်းခံနှစ်ခု ပြောင်းလဲမှုကြောင့်သာ ဖြစ်ပေါ်ခဲ့ရပေသည်၊ ဥတု, ပူမှု,အေးမှု, အာဟာရ–အစာအာဟာရနှင့်ဆေးဝါးများကြောင့်ရုပ်ဆင်းသဏ္ဌာန်များ ခြားနားမှုရှိလာရပေသည်၊ ဆေးဝါးသည် အာဟာရ၌ အကျုံးဝင်၏၊ လူသည် ပြဟ္မာမှ ဆင်းသက်လာခဲ့သည်ဟုဆိုဆို, ဘုရားသခင် ဖန်ဆင်း၍ပေါ်လာရသည်ဟုပင်ပြောပြော, မျောက်မှတဆင့် ကူးပြောင်းလာရသည်ဟုပင် ယုံကြည်နေနေ အဖြေမှာ တခုတည်းပင်ဖြစ်၏။

ယင်းအဖြေမှာ–အခြားမဟုတ်၊ ကမ္ဘာဘည်ဦး ပကတူးအစမှ ဆင်းသက်လာခါစ အခါတွင် အဆင်းအသွင်မှာ တမျိုးတည်းသာ ဖြစ်သည်ဟူသော အချက်မှာ ငြင်းကွက်ပေါ်စရာ မလိုပေ၊ မလိုသောကြောင့်

ဖြစ်သည်၊ ဤသို့တူညီရာမှ ဥတုနှင့် အာဟာရက မည်သို့ဝင်ရောက် ချယ်လှယ်လာခဲ့ကြပါသနည်း။

ဥတုကြောင့်ခြားနားလာရပုံအကြောင်း

မေး။ ။ပထမဥတုသည် မည်သို့ဝင်ရောက် ချယ်လှယ်ခဲ့သနည်း။

ဖြေ။ ။ကမ္ဘာပေါ်ရှိ နေသွား လမ်းကြောင်းနှင့် အနီးကပ်ဆုံး တိုင်းပြည်နိုင်ငံရှိ လူသားတို့မှာအသားညိုသည်၊ မဲသည်၊ အပူဓာတ်များသည်၊ လေဓာတ်အကူအညီများသည်၊ အိုလွယ်သည်၊ မောပန်း လွယ်သည်၊ အရပ်ပုသည်၊ အပူဓာတ် လေဓာတ်တို့၏ လဟုသဘာဝအတိုင်း စိတ်မြန်သည်၊ ဆတ်သည်၊ လောကဓံကို သည်းခံမှုနည်းသည်၊ မြန်မြန် လုပ်ချင်သည်၊ မြန်မြန်ပြီးချင်သည်၊ လုပ်သလိုမဖြစ်လျှင် ဖြစ်သလို လုပ်လိုက်ချင်သည်၊ စိတ်ပျက်လွယ်သည်၊ အရိပ်လာမှာ နေပူက စောင့် နေမည့် အလုပ်မျိုးကို ကြာသည်ခံနေသည်၊ ဘယ်နည်းနှင့်လုပ်လုပ် ယနေ့ အလုပ်ဖြစ်–နက်ဖြန်ငွေပေါ်အောင် လုပ်နိုင်သူကို သူရဲကောင်းဟု ထင် မြင်တတ်သည်၊ ဤသဘောများမှာ အပူဥတုနှင့် ဝါယောတို့၏ ယေဘုယျ သတ္တိများပင် ဖြစ်ပါသတည်း။

ကမ္ဘာပေါ်ရှိ နေသွားလမ်းကြောင်းနှင့်ဝေး၍ အအေးများသော တိုင်းပြည်ရှိ လူမျိုးတို့သည် အသားဖြူသည်၊ အိုခဲသည်၊ အမောအပန်း ခံနိုင်သည်၊ အရပ်အမောင်း သန်မာထွားကြိုင်းသည်၊ ဂရုသဘာဝအတိုင်း စိတ်ရှည်သည်၊ လောကဓံကို သည်းခံမှုများသည်၊ ဇွဲရှိသည်၊ ခေါင်း အေးအေးထားပြီး စဉ်းစဉ်းစားစား အလုပ်လုပ်တတ်သည်။

လုပ်သလိုမဖြစ်လျှင် ဖြစ်သလိုမလုပ်၊ မဖြစ်ဖြစ်အောင်လုပ်လေ့ရှိသည်၊ အရိပ်လာမှာ နေပူကစောင့်တတ်သည်၊ စိတ်မပျက်တတ်၊ အလုပ်တခုကို မြန်မြန်ပြီးခြင်းထက် နှစ်ရှည်သမျှ ကြာကြာခိုင်ချင်သည်၊ ဖြစ်နိုင်လျှင် သားစဉ်မြေးဆက် ဆင်းသက်တီတွင် သမိုင်းဝင်လောက် ပြောင်မြောက် လိုကြသည်၊ ဤကား သူတို့၌ရှိသည့် ယေဘုယျ သတ္တိများပင် ဖြစ်ပါ သတည်း။

အာဟာရကြောင့် ခြားနားလာရပုံအကြောင်း

အစာ–အာဟာရမှ သွေးဖြစ်လာရသည်၊ သွေးကြောင့် အရောင် အဆင်း ထူးခြားလာရသည်၊ ထိုအာဟာရ, သွေးများကို ရက္ခဗေဒမှ

ရရှိခဲ့ကြသည်၊ တပြည်ထည်းသားချင်း ဖြစ်စေကာမူ ဥတုနှင့် အာဟာရ ခြားနား ခြင်းကြောင့် အသွေးအရောင်ချင်း ခြားနား လာကြသည်၊ ညီအစ်ကို, ညီအစ်မအရင်း ဖြစ်စေကာမူ ငယ်စဉ်က တဦးက အပူပိုင်း ဒေသ, တဦးက အအေးများသောဒေသသို့ ရောက်ရှိသွား၍ အရွယ် ရောက်လာသည့်အခါ အသွင်နှင့် အဆင်းမှာရင်း, အရပ်နှင့်အမောင်း, အပိန်နှင့်အဝတို့မှာရင်း မသိမသာ ကွဲပြားနေတတ် ပေသည်။

ခဏခေတ္တ သွားရောက်လည်ပတ်သူတို့ပင် အပူဝင်လျှင် အပူဒဏ်ကိုခံ ရလျှင် အသားညိုသွားသည်ဟု ထင်မြင်တတ်ပေသည်၊ ထိုအကြောင်းနှင့် ပတ်သက်၍ "ရွှေမန်းသူတို့မဖြူ—ညိုချော" ဟု သဘောသက်ရောက်သည့် စကားလုံး ၊ ၊ကလေးများကို သုံးနှုန်းမိသဖြင့် နိုင်ငံကျော်နန်းတော်ရှေ့ တေးဂီတရှင်က မခံချင်စိတ်ကလေးနှင့်ပင် ပြန်၍ရေးရော့သလား မပြော တတ်ပါ။

"ကြုံကြုံဖန်ဖန် ရန်ကုန်သူရယ်- ဘုရားဖူးလာတဲ့ရန်ကုန်သူရယ်—
မန္တလေးသွားလို့ အသားမဲပြန်သတဲ့ကွယ်"—ဟုစပ်ဆိုခဲ့လေသည်။

ဤမျှနှင့် ကျေနပ်သေးပုံမရ၊ နောက်တပိုဒ်ထပ်ဆင့်၍ ခနဲ့ထားပုံမှာ စိတ်ဝင်စားစရာကောင်းလှအောင် ပြောင်မြောက်လှပေသည်။

"အင်းယားရေ တစည် လောက်တော့ လိုချင်ပါတယ်။
(၂—ကျော့)"ရွှေမန်းသူတွေ ရေခေါ်ချိုးလျှင် တမျိုးနော်လှ
သနော်—မိုးပေါ်ကျသူ"-
ဟု—စပ်ဆိုထားပြန်သည်။

ဥတုသည် အသွင်အပြင်ကို ပြုပြင်နိုင်သည်မှာ ငြင်းစရာလိုမည်မထင် ပါ၊ ငယ်စဉ်အခါက တောင်တွင်းအကျော် ခင်ကြီးဖျော်ရေးသား သည့် ပုဒ်စစ်ကျမ်းတွင် သင်ကြားခဲ့ဘူးသည်မှာ-မဇ္ဈေ ပါဠလိပုတ္တကေဟိ အဘိရူပတရာ။ ။မဇ္ဈေ—မဇ္ဈေဇ်တိုင်းသူတို့သည်၊ ပါဠလိပုတ္တကေဟိ— ပါဋလိပုတ်ပြည်သူတို့ထက်၊ အဘိရူပတရာ—အလွန်အဆင်းလှကုန်၏။

မဇ္ဈေဇ်တိုင်းသူတို့ အဆင်းလှခြင်းမှာ ပါဠလိပုတ်ပြည်သူတို့ထက် အစာ အာဟာရစသော အကြောင်းများ လွန်မြောက်ကောင်းမွန်၍ ဖြစ်ရသည် ဟု ထုတ်နုတ်၍ယူရသောကြောင့် နိဒ္ဒိဋ္ဌဝိသယအပါဒါန်မည်၏ဟု ဖော်ပြ

ထားခဲ့၏၊အစာအာဟာရ,ရာသီဥတုကြောင်းလို့ ပိုလှကြောင်းကိုအပါဒါနိကာရကပိုင်းတွင် ပါရှိပေသည်။

မှတ်ချက်။ ။မဒုရာဇ်ပြည်ကို အချို့ပညာရှိတို့က မဒရပ်မြို့ကို ကောက်ယူကြသည်၊ အိန္ဒိယပြည်တွင် ယခုအခါ မဒုရာဇ်ပြည်ကို ရှာဖွေတွေ့မည်မဟုတ်၊ ဒါထက်ပါဆရာတို့၏ အယူအဆ အသင့်ယုတ္တိရှိသည်ဟုပင် နှလုံးသွင်းမိသည်၊ အကြောင်းမူကား မဒရပ်သူကလေးများ အလှအချောများသည်ဟု ဆိုကြသည်။

ဆရာဝန်များကလည်း နှလုံးရောဂါ, အဆုတ်ရောဂါရှိသူတို့ မဒရပ်ပင်လယ်ကမ်းခြေ လေကိုရှူရှိုက်ခြင်းဖြင့် ရောဂါ ပျောက်ကင်းနိုင်သည်,သက်သာနိုင်သည်ဟု တိုက်တွန်းကြသောကြောင့်တကြောင်း၊ သေက္ခ၊ တောင်ဆရာတော် ဦးတိလောကရေးသားသည့် သောဋ္ဌသကမ္ဘာမြေပုံကျမ်းတွင် မဒ္ဒရာဇ်မင်းကြီး၏သမီးတော် ပပဝတီမှာ အဲဒီ မဒ္ဒရပ်သူကလေးပင် ဖြစ်သည်ဟု ဖော်ပြထားသည်လည်း တကြောင်းကြောင့်မှင်ဖြစ်သည်။

ဟုတ်မည်,မဟုတ်မည်ကိုအပထား၍ဤလိုရှာရှာဖွေဖွေကြံရည်ဖန်ရည်တိုးတက်အောင်နောက်လူတွေအတွက်လမ်းစဖော်၍ လှူဆော်ပေးခဲ့သည်ကိုပင် အပြစ်မမြင်ဘဲတဘက်က ကျေးဇူးတင်ဘို့ ကောင်း သည် ဟု ထင်မိပေ၏၊ အကြောင်းမူကား စာပေသည် စာပေ၌သာ အိပ်မောကျ၍ သဘာဝအဆင့်သို့ပင် မရောက်နိုင်သော လူမျိုးတို့ကား အဘယ်သောအခါမှ တိုးတက်နိုင်မည် မဟုတ်သည်ကို သတိမူသင့်ပေသည်။

## လူ၏အသွေးအရောင်များအကြောင်း

လူတို့၏ အသွေးအရောင်မှာ အကျဉ်းအားဖြင့် အဖြူနှင့်အမဲ နှစ်မျိုးတည်းသာ ရှိလေသည်၊ သို့ရာတွင် ဗုဒ္ဓဘာသာစာပေများ၌ အနီရောင်နှင့် အဝါရောင်, ရွှေရောင်, ညိုရောင်–ဤလေးမျိုးလောက်ကိုသာ တွေ့ရပေ

သည်၊ အရှင်မဟာကစ္စည်းမထေရ်မှာ ရွှေရောင်အဆင်းရှိ၍ ဥပ္ပလဝဏ်ထေရီမမှာ ကြာညိုရောင် အဆင်းရှိသည်ဟု ပါရှိ၏။

နန္ဒမင်းသားသည် ဇနပဒကလျာဏီ၏ အာရုံကြောင့် သာသနာတော်၌ မပျော်ပိုက်သဖြင့် လူထွက်လိုသည့်စိတ် ပြင်းပြနေသည့်အခါ ဗုဒ္ဓဘုရားရှင်သည် တာဝတိံသာသို့ခေါ်၍ လူတို့နှင့်မနှိုင်းယှဉ်သာအောင် လှပသည့် နတ်သမီးများကို ပြသခန်း၌ ထိုနတ်သမီးကလေးတို့၏ အရောင်အသွေးမှာ ခိုခြေအဆင်းရှိသည်ဟု ဆို၏၊ ခိုခြေမျှားမှာ နီကျင့်ကျင့်ဖျော့တော့သော အရောင်နှင့် ဝါကျင့်ကျင့် နုဖတ်ဖျော့တော့၍ နေသည်ကို တွေ့ရသည်၊ အသားဝါနှင့် အသားနီကလေးများရှိသည့် နတ်သမီးကလေးများပင် ဖြစ်သည်။

မြန်မာရှေး တေးဂီတဆရာကြီးများ စပ်ဆိုခဲ့သည့် "ဖြူပြာမူရာ၊သူဇာနေလိုင်ုတ်ကဲ့ ရွှေကိုယ်ထင်မိမှား"ဆိုသော သီချင်းကြီး၌ အဖြူ-အပြာ-အဝါ-သုံးမျိုးသာ ပါလာခဲ့၏၊ ဦးပုညရေးစပ်ထားခဲ့သော ဗေဒါတေးတပ်တွင်—

"သည်ကျမ်း၏ အဆိုမှာ၊ ဖြူအဝါ-ညိုပြာနက် ကယ်တို့၊
ဆဲ့နှစ်ထက် ဂေါရီကညာ၊ ကျောမည်နှစ်ခါ။ ကိန္နရကျမ်း
အလာမှာ၊ စိဥ္စမာ သာဘူးကွဲ့လေး" ဟုသီကုံးခဲ့၏။

အားလုံးကိုခြုံကြည့်လျှင် အဖြူ၊ အပြာ၊ အဝါ၊ အညို၊ အနီ၊ အမဲ-အရောင်ခြောက်မျိုး ရှိသွားလေသည်၊ ၎င်းအားလုံးကို အကျဉ်းချုံးလိုက်လျှင် အဖြူနှင့်အမဲထည်းသို့သာ အကျုံးဝင်သွားခဲ့သည်၊ ၎င်းခြောက်မျိုးစလုံးကို ဥတုနှင့် အာဟာရနှစ်မျိုးတို့က ရှိရင်းစွဲအရောင်အဆင်း၏ အတိုးအဆုတ်ကို ချုပ်ကိုင်ထားပေသည်။

## သက်ရှိသတ္တဝါတိုင်း၌ရှိအပ်သည့် သဘာဝနှစ်မျိုးအကြောင်း

သက်ရှိလူ၊ တိရစ္ဆာန်နှစ်မျိုးစလုံးတို့၌ သကတ်၊ ဒြဗ်၊ လိင်၊ သင်္ချာ၊ ကာရက-ဤသဘာဝ ငါးမျိုးစီ ရှိရမြဲဖြစ်၏၊ သကတ် ဆိုသည်မှာ တပါးသည်တပါးနှင့် တူသောအခြင်းအရာကိုဆိုသည်၊ လူလူချင်း တူနေသည်၊ တိရစ္ဆာန်ချင်းတူနေကြသည်ကို ဆိုလိုရင်းဖြစ်သည်၊ ဒြဗ်-ဆိုသည်မှာ ခန္ဓာပဥ္စကအစိုင်အခဲကိုဆို၏၊ လိင်ဆိုသည်မှာ ဣတ္ထိလိင်၊ ပုလိင်ကိုဆို၏။

သင်္ချာဆိုသည်မှာ တခုနှစ်ခုစသော အရေအတွက်ကိုဆို၏၊ ကာခကဆို သည်မှာ ကြိယာကို အမြဲငဲ့နေသည့် ကြိယာကို အလိုရှိနေသည့် စကား တလုံးသဒ္ဒါကိုဆိုပါသည်။

ဥတုနှင့်အာဟာရသည် ထိုငါးမျိုးတို့တွင် သကာတ်နှင့်ဒြဗ်ကို အမြဲစွက် ဖက်နေခဲ့၏၊ အမြဲချယ်လှယ်ချုပ်ကိုင်ထားခဲ့သည်၊ သကာတ်နှင့် ဒြဗ်သည် ဥတုနှင့် အာဟာရကို ဘယ်အခါမှ ကျော်လွန်၍မရ၊ ၎င်းနှစ်မျိုး၏ ဩဇာကို အမြဲနားခံနေရ ရှာလေသည်။

ဥပမာ- ဘင်္ဂလားကျွဲနှင့် မြန်မာကျွဲနှစ်ကောင်ကို မည်သူမဆို မြင် လျှင်ကျွဲဟုသိကြ၏၊ သို့ရာတွင် သကာတ်နှင့်ဒြဗ်နှစ်မျိုးမှာ တမူထူးခြားနေ သည်ကို တွေ့ရပေသည်၊ လူလူချင်းလည်း ဤနည်းအတိုင်းပင် ဖြစ်နေခဲ့ သည်၊ သစ်ပင်ပန်းပင်သစ်သီးတို့မှာလည်း ၎င်းတို့တိုင်းပြည်၌ရှိသည့် ဥတု နှင့်အစာအာဟာရဖြစ်သည့် ရေမြေတို့မှာ မြန်မာပြည်နှင့် ကွာခြားနေ၍ ပင်ဖြစ်သည်၊ ဘင်္ဂလားသရက်မျိုးကိုယူ၍ မြန်မာပြည်၌စိုက်ကြည့်လျှင် လက်တွေ့ပို၍ သိသွားနိုင်ပါသည်။

ဤနှစ်ခုမှာ ဥတုနှင့်အာဟာရ အိမ်နီးချင်း နိုင်ငံဖြစ်၍ မသိသာလှ သော်လည်း အနောက်ဥရောပနှင့် အာဖရိကစသော တိုင်းပြည်တို့နှင့်မူ ကား လူတိရစ္ဆာန်နှင့် သစ်သီးဝလံတို့ မျိုးတူချင်း ယူစိုက်သော်လည်း မတူကွဲပြားခြားနားနေသည်ကို သိသိသာသာ တွေ့လာရပေမည်။

ယခုလက်ရှိ နေထိုင်လျက်ရှိသည့်ကမ္ဘာနှင့် အနန္တစကြာဝဠာတွင်ရှိ သည့် သက်မဲ့ရုပ်ဝတ္ထုများကို ဥတုနှင့်ရေမြေအာဟာရတို့ကသာ ချယ်လှယ် နိုင်သည်၊ သက်ရှိလူ၊ တိရစ္ဆာန်တို့အပေါ်တွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ- ဤလေးမျိုး ချုပ်ကိုင်ထားခဲ့သည်၊ ထိုလေးမျိုးတွင် အသက်ရှည်ခြင်း၊ အသွေး အရောင် တောက်ပြောင်ခြင်း၊ ကျန်းမာခြင်း၊ သန်မာထွား ကြိုင်းခြင်းများကိုမူစိတ်၊ဥတု၊အာဟာရ- ဤသုံးမျိုးတို့က တာဝန်ယူထား ကြသည်။

ထိုသုံးမျိုးတို့တွင်လည်း ဥတုနှင့်အာဟာရမှာ အရေးပါသော အခန်း က တာဝန်ယူနေကြရပေသည်၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးပါးတွင် ဋ္ဌေဝိ-မှုကံသည် ၁-မတ်လောက်သာ အားရှိနေသောကြောင့် ကျန်သုံး ပါး၏အားကို အထူးပင်လေးစားထိုက်၏။

## နှစ်ရှည်လများ ကာလရှည်လျားလာသည့်အခါ ဥတုနှင့်အာဟာရသတ္တိများ ထင်ရှားလာပုံအကြောင်း

လူမျိုးတမျိုးသည် မိမိတို့၏ မိခင်ရင်းတိုင်းပြည်မှ ရေမြေခြားသည့် တိုင်းတပါးပါးသို့ ရောက်ရှိသွားသည့်အခါ လူမျိုးတမျိုးနှင့် မရောစပ်ဘဲ ထီးထီးရပ်တည်၍ နေသောကာမူ ထိုလူမျိုးတို့ အမြှင် မပြတ်ဘဲ အနှစ်ထောင်နှင့်သောင်းနှင့်ချီ၍ ကြာမြင့်လာသည့်အခါ ဥတုနှင့်အာဟာရတို့၏အစွမ်းကြောင့် သကာဘ်နှင့်ဒြပ်-ရင်းနှစ်မျိုးမှာ မိခင်ရင်းတိုင်းပြည်မှာကဲ့သို့ ထပ်တူထပ်မျှ မဟုတ်တော့ဘဲ ဒြပ်နှင့်အသွင်တို့မှာ တရွေ့ရွေ့ ခြားနားလာရမြဲသာ ဖြစ်၏၊ ထိုသို့ဖြစ်ရသည်မှာ သွေးဟောင်းမှ သွေးသစ် လောင်းလာသောကြောင့်ပင် ဖြစ်၏။

အကြောင်းရင်းကား သစ်သီးဝလံချင်း မျိုးတူစေကာမူ ရာသီဥတုနှင့် ရေမြေတို့ ကွာခြားလာသည်နှင့်အမျှ သစ်သီးဝလံတို့မှာလည်း အနှစ်ထောင်နှင့် သောင်းနှင့် ကြာလာသည့်အခါ တရွေ့ရွေ့ ပြောင်းလဲလာမှုကြောင့် ရင်းရက္ခဗေဒရသရည်တို့မှ ပေါ်လာရသည့် သွေးသစ်တို့မှာလည်း ခြားနားလာရသောကြောင့်ပင် ဖြစ်သည်။

အနှစ်သန်းနှင့်ချီ၍ ကြာလာပါမူ ထိုလူမျိုးတို့မှာ အဘယ်ဆိုဘွယ်ရာ ရှိပါမည်နည်း၊ လူမျိုးချင်း မြန်မြန် ရောစပ်မိပါမူ ပြောင်းလဲမှုလည်း လျင်မြန်သွားမည်သာ ဖြစ်သည်၊ လူလည်း ထို့အတူ သစ်ပင်လည်း ဤနည်းအတိုင်း တိရစ္ဆာန်တို့မှာလည်း ဤသဘာဝအဲ့တိုင်းပင် ဖြစ်မည်ကား သေချာလှ၏။

ယခုပင် မျိုးတူ အမည်တူသည့် ဘယဆေးပင်များမှာ အရသာနှင့် သတ္တိ တချိုးစီရှိနေခဲ့သည်၊ မူလအရသာ လုံးဝ မပျောက်သော်လည်း ခြားနားချက်ကလေးတွေ ရှိနေကြသည်၊ လူတိုင်း သိရှိ ခန့်မှန်းနိုင်သည့် သာဓကတခုကို ပြရလျှင် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်မျှသာ ရှိသေးသည့် အကြောင်းအရာ တခုကား ဗုဒ္ဓဘုရား သက်တော်ထင်ရှားရှိ တော်မူစဉ် သာကီဝင်တို့ ဝိဋ္ဋူပရန်ခံဘားကြောင့် ကုန်းကြောင်းခရီးဖြင့် ပြေးလာကြပြီး အထက်အညာ တကောင်းတွင် အခြေစိုက်ကြကြောင်းကို ရာဇဝင်အရ သိခဲ့ရ၏။

သို့ရာတွင် ဤမျှကာလ အတွင်းမှာပင် သာကီဝင်စစ်စစ် သကတ်နှင့် ဒြပ်ကို မမြင်နိုင် မတွေ့နိုင်ကြတော့သည် မဟုတ်တုံလော၊ ကမ္ဘာဦး အစ လူသားတို့၌ သကတ်နှင့်ဒြပ်ဖြစ်စဉ်မှာ အသွင် မခြားနိုင်သော်လည်း ရေမြေခြား၍ ဝေးလံသောဒေသများ, တိုင်းပြည်များသို့ ရောက်ရှိနှင့်သော ဘိုးဘွားဘိဘင်နှင့် အစဉ်အဆက်တို့ မပျက် မကွက် ပေါက်ဖွားလာကြသည့် အချိန်အခါတွင်မူကား ထိုလူသားတစုတို့၏ သကတ်နှင့်ဒြပ်ကို—

၁။ ပထမ—ဥတုနှင့်အာဟာရတို့က ဘောင်ခပ်လိုက်လေသည်။
၂။ ဒုတိယ—ထိုရေမြေပေါ်၌ အနှစ်ထောင်နှင့်သောင်းနှင့် အစဉ်အဆက် ကြာမြင့်လာသည်နှင့်အမျှ အဖြစ်အပျက် ထုံးတမ်းစဉ်လာတို့က တမျိုးသတ်မှတ်၍ ဘောင်ခပ်လိုက်ပြန်သည်။
၃။ တတိယ—လူလူချင်း စီးပွါးရေး, အိမ်ထောင်ရေး, လူမှုရေး, ယုံကြည်ကိုးကွယ်သည့် ဘာသာအယူဝါဒတို့က တမျိုး သတ်မှတ်၍ ဘောင်ခပ်လိုက်ပြန်သည်။

ဤဘောင်သုံးရပ်ရစ်ပတ်စည်းတားမိသွားသည့်အချိန်တွင် လူမျိုးတမျိုး၏ အသွင်ကို ဆောင်လာကြပြီး လူမျိုးတမျိုး အသွင်ဖြင့် ရပ်တည်နိုင်ကြပြီး အခြား ရေမြေ၌ တည်ရှိနေကြသည့် လူအသိုက်အဝန်းတို့ကလည်း အသိအမှတ်ပြုလာကြပြီ။

သို့ရာတွင် ခိုင်မာသောလူမျိုးတမျိုး, ပီပြင်သောလူမျိုးတမျိုး အဖြစ်သို့ကား ရောက်ပြီဟု မခေါ်နိုင်သေးပါ၊ အကြင်မျှလောက်သော ကာလပတ်လုံး လူမျိုးတမျိုးဟု ခေါ်တွင်နေသော လူအသိုက်အအုံတခု၌ စာပေမပေါ်ပေါက်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ပီပြင်သည့် လူမျိုးဟု မခေါ်နိုင်သေးပေ။

အကြင်အခါ ကိုယ်ပိုင်စာပေ ပေါ်ပေါက်လာပြီ၊ ထိုအခါရောက်မှ လူမျိုးပီပြင်လာနိုင်ပေသည်၊ ခိုင်မာလာနိုင် ပေသည်၊ လူမျိုးတမျိုး၏ ယဉ်ကျေးမှုမှန်သမျှကို အခြေအမြစ်နှင့် ခိုင်ခံ့အောင် ပြုလုပ်နိုင်သည်မှာ စာပေပင်ဖြစ်သည်၊ ကိုယ်ပိုင်စာပေပေါ်ပေါက်လာမှသာ ခိုင်မာသော လူမျိုးတမျိုးအဖြစ်သို့ ရောက်နိုင်ပေသည်၊ ကိုယ်ပိုင်စာပေသည် လူမျိုးတမျိုးအတွက် ခိုင်ခံ့သော စည်းဝိုင်း သံမဏိတံတိုင်းကြီးပင် ဖြစ်ပေသတည်း။

## စိတ်-ဥတု-အာဟာရတို့နှင့် ကံတရားတို့၏ ဘီလူးစည်းလူ့စည်း ခွဲခြားခန်းကို ပြဆိုခြင်းအကြောင်း

ဆုတောင်းပါရမီကြောင့် လှပခြင်း၊ အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ ခွန်အားဗလပြည့်စုံခြင်းမျိုးကား အတိတ်ဘဝပါရမီ သမ္ဘာရတို့ကြောင့် ပေါ်ပေါက်လာရခြင်း မျိုးဖြစ်၍ ယခုပစ္စုပ္ပန်ဘဝ၌ လုပ်ယူ၍မရသော ကိစ္စများဟု သိထားရပါမည်၊ စိတ်၊ ဥတု၊ အာဟာရတို့ကြောင့် ဖြစ်ပေါ်လာရသည့် အကျိုးတရားများမှာမူ ပြုပြင်၍ရသော ကိစ္စများ ဖြစ်ပေသည်။

မည်သည့်ကိစ္စတွင်မဆို စိတ်-ဥတု-အာဟာရနှင့်ရင်း၊ လောကဓာတ်ပညာဖြင့်ငင်း အစွမ်းကောင်းသည်ဟု ထင်နေခဲ့လျှင် သိပ္ပံပညာရှင်တို့ လူ့ဆံပင်တချောင်းဖြစ်ရန်နှင့် မူလလူမျိုး၏ သုက်ဓာတ်လုံးဝ ပေါ်ဘဲ လူတယောက်ဖြစ်ပေါ်လာအောင် စွမ်းဆောင်ကြည့်လျှင် ဘိသွားစရာအကြောင်း ရှိလာပေလိမ့်မည်၊ ၎င်းသုက်ဓာတ်မှာ လုပ်ယူ၍မရ၊ ကံကြောင့် ဖြစ်ပေါ်လာရသည့် ကမ္မဇရုပ်များပင် ဖြစ်သောကြောင့်တည်း၊ သို့ရာတွင် ဥတုနှင့်အာဟာရသည် ကံတရားကို ဘီလူးစည်း၊ လူ့စည်း ခွဲခြား၍ ကြပ်မတ်ထားခဲ့၏။

ဥပမာ-မြန်မာအမျိုးသား၊ အမျိုးသမီးများသည် အတိတ်ဘဝက ဆုတောင်းပါရမီ ကံတရားကြောင့် လှလိုလျှင် ပါရမီအဟုန်ရှိသမျှ အစွမ်းကုန်လှခြင်းကို ဥတုနှင့်အာဟာရက ဘာမျှတားမြစ်ချက်မရှိ၊ ကံတရားကို တားမြစ်နိုင်သည့် စွမ်းအားလည်း မရှိ၊ သို့ရာတွင် မြန်မာအမျိုးသား၊ အမျိုးသမီးတယောက်သည် ဤရာသီနှင့် ဤမြေ ဤရေပေါ်တွင် မြန်မာလိုသာလှပါ၊ တရုတ်၊ ကုလား ဥရောပတိုင်းသားတိုင်းသူတို့ အသွင်အဆင် အသွေးအရောင်မျိုးဖြင့် ထပ်တူထင်ရှား လှပခြင်းကိုမူကား ပြတ်ပြတ်သားသားပင် တားမြစ်ထားလိုက်၏။

ထို့အတူ တရုတ်၊ ကုလား၊ ဥရောပတိုက်သားတို့ကလည်း မြန်မာနှင့် အသွေးအရောင် အဆင်အသွင် ထပ်တူ ထပ်မျှ လှပလိုခြင်းကိုလည်း ဥတုနှင့်အာဟာရတို့က ပြတ်ပြတ်သားသားပင် တားမြစ်ခဲ့ပြန်သည်၊ မိမိတို့၏ တိုင်းပြည်နိုင်ငံ၊ ရာသီရေမြေအလိုက် ကံတရား ရှိသမျှ လှပခြင်းကိုမူ ကြည်ကြည်ဖြူဖြူပင် ခွင့်ပြုထားခဲ့၏၊ ဤမျှ ပြလျှင် စိတ်၊ဥတု၊အာဟာရနှင့် ကံတရားတို့၏ ဘီလူးစည်း၊ လူ့စည်းကို ရိပ်မိလောက်ပါပြီ။

ပြဆိုခဲ့ပြီးသည့် ဘောင်သုံးရပ် သံမဏိတံတိုင်းကြီးများကြောင့် လူမျိုးတမျိုး ခွဲခြားဖြစ်ပေါ်လာမှုတွင် သက်ဆိုင်ရာ ရေမြေဥတုနှင့် အာဟာရမှာ ပထမ အရေးကြီးဆုံး အခြေခံပင်ဖြစ်၏။

ဥတုနှင့်အာဟာရသည် ဤမျှသာ မဟုတ်သေး၊ လေးသခ်ျနှင့်ကမ္ဘာတသိန်း, ရှစ်သင်္ချေနှင့် ကမ္ဘာသိန်း, တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ကာလကြာသည်အထိ သူမတူအောင် ပါရမီ ဖြည့်ခဲ့ကြသည့် ဘုရားရှင်တို့သော်မှသည်း သခ်တနယ်အကွင်း မလွတ်နိုင်သေးသမျှ ဥတုနှင့်အာဟာရအမိန့်ကို နာခံနေရပေသည်။

ဥပမာ—တရာဘန်းတွင် ပွင့်သည့် ဘုရားရှင်သည် အနှစ်တသောင်းတန်းမှာ ပွင့်သည့် ဘုရားရှင် ကဲ့သို့ သက်တော်ရှည်ချင်၍ မဖြစ်၊ ဥတုနှင့်အာဟာရတို့က ကန့်ကွက်တားမြစ်ထားသည်၊ လက်ရှိ ၁၀၀-တန်းတွင် ဖြစ်ပေါ်နေသည့် မြေဆီဩဇာနှင့်ရေ—၎င်းတို့ကို အမှီပြုပြီးမှ ဖြစ်ပေါ်လာရသည့် အသီးအနှံ အာဟာရတို့၏ တန်ခိုးအာနိသင် အတိုင်းအတာသည် အနှစ်တသောင်းတန်းတွင် ဖြစ်ပေါ်နေသည့် ရေမြေနှင့် အသီးအနှံ အာဟာရ၏ တန်ခိုး အာနိသင်နှင့် ကွာခြား နေကြသောကြောင့် ၎င်းတို့ကို အမှီပြုကြီးထွားတည်တံ့နေရသည့် ရုပ်ခန္ဓာတို့၏ ခိုင်ခံ့မှုမှာလည်း မတူ ကွဲပြား၍ခြားနားနေကြရပေသည်။

ဥတုနိယာမကြောင့် အာဟာရ ဖြစ်ပေါ်လာရ၏၊ ဥတုသည်တန်ခိုးကြီးမားပေစွ၊ ဩဇာ စူးရှပေစွ၊ သဘာဝဆန်းကြယ်ပေစွ။

ဓဿနိကဓဗဒ—စိန္တာမယ ဉာဏ်ဖြင့် အပြန် ရာထောင်မက နှိုက်၍ရှာသော်လည်း မမှီနိုင်အောင် နက်နဲပေစွ၊ ဥတုနိယာမ အခြေခံကို မှန်ကန်အောင် ကိုင်တွယ်ဘတ်ပါမူ ပယ်ပယ်နယ်နယ်မိမိရရ လေ့လာနိုင်ပါမူ သုံးဆယ့်တဘုံကို သိမ့်သိမ့်တုန်အောင် ကိုင်လှုပ်နိုင်၏၊ အနန္တစကြာဝဠာကိုလည်း တုန်ခါသွားနိုင်စေ၏တကား။

## သက်မဲ့ဥတုနှင့် ခေတ်လေးပါးတို့ တာဝန်နှင့်ဝတ္တရားကို ဆောင်ရွက်နေကြပုံအကြောင်း

သက်မဲ့ ဖြစ်သည့် ဥတုသည် သတ္တလောက အတွက် မပျက်မကွက်တာဝန်ကိုထမ်းဆောင်နေကြပုံမှာ သက်ရှိ လူနှင့်တိရစ္ဆာန်တို့အားအပူကိုလည်း မပြတ်ပေးနေသည်၊ မီးကိုလည်း အမြဲရနေကြသည်။

နေ၏အလင်းရောင်သည် နေ့အတွက်တာဝန်ယူ၍ လ၏အလင်းရောင်သည် ညဉ့်အတွက်တာဝန်ယူ၍ ထွန်းလင်းပေးနေသည်၊ မီးနှင့်အလင်းရောင်၊ ရေနှင့်လေအတွက် လူနှင့်တိရစ္ဆာန်ဘို့အဖို့ အခဲ့ပေးနေကြသည် မဟုတ်၊ ထမင်းအသက်ခုနစ်ရက်၊ ရေအသက်ဘနက် မသောက်ရလျှင် ဒုက္ခရောက်နိုင်သည်။

အေးမြကြည်လင်သည့်ရေကို သဘာဝကအခမဲ့ပေးနေ၍ ါလျှက် ရေ၌ အညစ်အကြေး အဆိပ်အတောက် ဖြစ်အောင်ပြုလုပ်၍ သက်ရှိသတ္တဝါတို့ဘေးဖြစ်သာကြသည်မှာ ရေ၏အပြစ်မဟုတ်။

ကမ္ဘာ့မြေဓာတ်သည် အနာဂတ်ဘေးကို မြော်တွေး၍ စိုက်ကြပျိုးကြသောသူတို့အား အပင်အရွက်အသီးအနှံ အပွင့်တို့ကို ဖြစ်စေပါပေးသဖြင့် အချို့သောအပင်တို့မှ အာဟာရကို မပြတ်ရကြသည်၊ အချို့သော အပင်တို့မှချည်မျှင်ကိုရ၍ အဝတ်အထည်အတွက် ပြည့်စုံကြသည်၊ အချို့သောသစ်ပင်တို့မှ ဆေးဝါးကိုရ၍ ရောဂါဘယအတွက် အထောက်အကူရကြသည်၊ အချို့သောသစ်ပင်တို့မှ အိမ်ရာအဆောက်အဦးအတွက် ကျေးဇူးများကြသည်၊ စိုက်ပျိုးရေးမှ အာဟာရပိုလျှံကြသောကြောင့် မွေးမြူရေးကို လုပ်ကိုင်နိုင်ကြသဖြင့် ဟင်းလျာအတွက် ပို၍ဖွယ်ဖွယ်ရာရာပင် ဖြစ်သာကြရပြန်ပါသည်။

သို့ရာတွင် ကမ္ဘာသူ ကမ္ဘာသား တဦးပေါ်တဦး၊ သို့မဟုတ် တပြည်ပေါ်တပြည် စိုးမိုးပိုရေးအတွက် အနှောင့်အရှက်များကြောင့် လူသားတို့မစိုက်ပျိုးနိုင်ကြ၍ ကမ္ဘာမြေက သူ့ဝတ္တရားကို ဆောင်ရွက်ခွင့်မရ၊ လူတိရစ္ဆာန်တို့ အသက်ရှင်ရေးအတွက် အားကိုးရာအစစ်ဖြစ်သည့် အရေးပါသောအလုပ်ကို ပေါ့ပေါ့ဘန်တန်သဘောထားမှု ခေတ်နောက်ကျသော အလုပ် အဆင့်အတန်းနိမ့်သောအလုပ်ဟု သဘောထားလျက် အားထားရာအစစ် အားကိုးရာအစစ် မဖြစ်နိုင်သည့် ပေါ်ပင်ဖြတ်လမ်း စီးပွားရေးမျိုးကိုသာ အားကိုးတကြီး လုပ်ကိုင်ကြသည့်အခါ—

မြေကမ္ဘာသည် အမြင်တိုသော ထိုလူသားတို့၏ အသိဉာဏ်အမှန်ရောက်လာသည့်အချိန်အထိ ဆိုင်းငံ့နေရ၍ ကမ္ဘာ့မြေ၏ ဝတ္တရားများ ပျက်ပြားလာခဲ့ရသော် မြေ၏အပြစ်မဟုတ်၊ ဆန်ရေစပါး အသီးအနှံများ ရှားပါးလာသည့်အခါ ပေါ်ပင်စီးပွားရေးနှင့် ငွေကြေးတို့က ဘာမျှ

မတတ်နိုင်၊ ဝေတ်မှဘ်ခြင်း ဒုဗ္ဘိက္ခန္တရကပ်ဝင်မိလျှင် သဘ်ဖြတ်သုယက်ခြင်း ခေါ်သည့် သတ္တန္တရကပ်နှင့် ရောဂန္တရကပ်တို့မှာ ကွင်းဆက်ဖြစ်၍ တား ဆီး၍ရနိုင်တော့မည်မဟုတ်။

ကပ်သုံးပါးတွင် ဒုဗ္ဘိက္ခန္တရကပ်သည် အဆိုးဝါးဆုံးဖြစ်၏၊ သတ္တန္တရ ကပ်နှင့် ရောဂန္တရကပ်တို့ဝင်ရောက်လာသည့်အခါ ဒုစာရေစာ ပေါများ ပြည့်စုံနေပါမူ ထိုကပ်နှစ်မျိုးတို့ ထင်တိုင်းမနိုပ်စက်နိုင်၊ ဤဆိုးကျိုးကြီး များ ပေါ်ပေါက်လာသော်လည်း ကမ္ဘာမြေ၏အပြစ်မဟုတ်၊ သူသည် သူ့စွမ်းအားနှင့် သူ့ဝတ္တရားကို ဦးလည်မသုံ ဦးဆွေးဆံမြွေ သတ္တဝါလောက အတွက် ဆောင်ရွက်ရန်အသင့်ပင် ဖြစ်နေရှာသည်။

ဤမျှသာမဟုတ်သေး၊ ကမ္ဘာမြေသည် သူ့အပေါ် နေ့စဉ်နှင့်အမျှ အညစ်အကြေးတွေ စွန့်ပစ်ကြသည်ကိုလည်း သည်းခံနိုင်စွမ်းရှိသည်၊ မြေ အတွင်း ပြင်းထန်စွာ ဖောက်ခွဲ၍ ဒဏ်ရာဒဏ်ချက်ရှိလာသည် ကိုလည်း မသိသလို လုပ်နေခဲ့သည်၊ ဥပေက္ခာ ပြုခဲ့သည်၊ ဤမျှသာမဟုတ်သေး၊ ဗောဓိသတ္တ ဘုရားလောင်းတော်များနှင့် သူတော်စင်အစစ်တို့ အလွန် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ တွေ့ကြုံလာ၍ အားကိုးရာမရ ဖြစ်လာသည့် အခါ သစ္စာဆို၍ သိကြားစေသက်သေညွှန်းလျက် ရေကိုသွန်းလောင်းပြီး "ဝသုန္ဒြေ၊ ဤမြေပုံသု၊ တည်သာပြု၍၊ သက်သေအမှု တည်စေသော်"ဟု တိုင်တည်ပြန်လျှင်လည်း သူသည် အမှန်တရားကို အလွန်မြတ်နိုးလျက် သက်သေအဖြစ် ပြင်းထန်စွာတုန်ခါ ပြပြန်သည်၊ ကမ္ဘာမြေသည် သတ္တ လောကအတွက် ဆက်လက်၍ တာဝန်ယူလျက်ပင် ဖြစ်သည်၊ သူ၌အပြစ် ကင်းပါသည်၊ တာဝန်ပေးမည့် အသိဉာဏ်ဝင်လာသည့် သူများကိုသာ စောင့်မြော်နေရှာပေသတည်း။

လေသည် သက်ရှိသတ္တဝါတို့ ထွက်သက်နှင့်ဝင်သက်ကို မပျက်မကွက် ဆက်လက်မှန်ကန်စွာ ရှုရှိုက်နေရန် သူ၌တာဝန်မပျက်၊ လေပြေ, လေ ညှင်း, လေသင်း, လေအေးကလေးများကို အမြဲတစေ အခမဲ့ထုတ်ပေး နေရှာသည်၊ ထိုသို့အခမဲ့ရနေသည်ကိုပင် တန်ဘိုးရှိသည်ဟု မထင်မြင် တတ်ကြသဖြင့် မိမိတို့၏အလိုရမက် တခုဘည်းကိုသာ ငဲ့ကွက်ကြသဖြင့် သန့်ရှင်းသောလေ၌ အဆိပ်ဓာတ်ငွေ့များ ပါလာ၍ လေထု အညစ် အကြေးများလာရသည်၊အနာရောဂါရလာသည်မှာ လေ၏အပြစ်မဟုတ်၊

လေဥ္စိုးစဥ်းမျှအပြစ်မရှိ၊ လေသည် သတ္တလောက–လူတိရစ္ဆာန်တို့အတွက် မည်မျှအရေးကြီးပါသနည်း၊ ထမင်းအသက် ၇-နှစ်, ရေအသက် တမနက်, လေအသက် တချက်တည်းပင် ဖြစ်သည်။

ထမင်းနှင့်ရေကို ဝလွင်အောင် စားသောက်နေရစေကာမူ ထွက်သက်နှင့် ဝင်သက်လေတို့ကို တချက်ထည်းပိတ်လိုက်သောအခါ တချက်ထည်းနှင့် အချိန်တိုတောင်းစွာ ရုတ်ခြည်းပင် သေသွားနိုင်ပေသည်၊ သက်ရှိသတ္တဝါတို့ အလင်းရောင်အတွက် နေနှင့်လတို့က နေ့ညဥ့်တာဝန်ယူထားကြသည်။

ရေသည် သောက်ရန်, ချိုးရန်အတွက် တာဝန်ယူထားသည်၊ မြေသည် အစာအာဟာရ, ဆေးဝါး, အဝတ်အထည်, နေရာအဆောက်အဦးအတွက် ကပ်သုံးပါးမကျရောက်ရန်အတွက် ကျယ်ပြန့်စွာ တာဝန်ယူထားသည်။

လေသည် ထွက်သက်, ဝင်သက် မှန်မှန်ရှူရှိုက်နိုင်ရန် တာဝန်ယူထားသည်၊ လူတို့အသက်ရှင်၍ ရှိုးရိုးတည်တံ့နေနိုင်ရန် သူတို့၏တာဝန်ဖြင့်ပင် လုံလောက်သည်။

စိတ်သွားသမျှ ဆန်းကြယ်လှသည့် လူတို့၏ဆန္ဒပြည့်ဝရန် နေနှင့်လ, မြေ, ရေ, လေတို့က ဘာမျှတတ်နိုင်ကြမည် မဟုတ်ပါတကား။

## ဗီဇနိယာမအကြောင်းပြဆိုခြင်း

ယခုအပါ ဥတုနိယာမနှင့်ဆိုင်သော အကြောင်းကိုပြဆိုပြီး၍ ဥတုနိယာမမှတဆင့်ပေါ်ပေါက်လာရသည့် ဗီဇနိယာမအကြောင်းကား ဗီဇ–သန္တေမျိုးစေ့၊ နိယာမ–ထိုမျိုးစေ့မှ သဘာဝအစဉ်အလာအားဖြင့် မြဲခြင်းကို ဆိုခြင်းပင်ဖြစ်၏။

ဥပမာ-အချိုမျိုးစေ့မှ အချိုပင်ပေါက်, အချိုသီးသီးခြင်း၊ အချဉ်မျိုးစေ့မှ အချဉ်ပင်ပေါက်၍ အချဉ်သီးနှင့် အချဉ်အရသာ ပေါ်ထွက်လာမှုမြဲခြင်း စသော သဘောသွားမျိုးကို ဆိုလိုရင်းဖြစ်၏။

ရုပ်ဝတ္ထုသက်သက်တွင် ခိုင်မြဲစိတ်ချရသည့် သဘောကဲ့သို့ ရုပ်,နာမ်နှစ်ရပ် ပေါင်းစပ်မှုကြောင့် ပေါ်ပေါက်လာရသည့် သက်ရှိသတ္တဝါတို့၏ ဖြစ်စဉ်တို့မှာ မတူကွဲပြား ခြားနားလျက်ရှိကြ၏။

ထိုနှစ်မျိုးတွင် ရုပ်ခေတ်သက်သက်မှ ပေါ်ထွက်လာရသည့်ဇီဝနိယာမကို ဦးစွာဖော်ပြပါအံ့၊ ကမ္ဘာဦးပေါ်စ နူးညံ့သည့် မြေသြဇာအဖြစ်သို့ နေ၏ရောင်ခြည်အမျိုးမျိုး အစဉ်မပြတ် တွေ့ထိနေခဲ့ရ၏။

ထိုနေ၏ရောင်ခြည်ကွင် သချၤာအရေအတွက် များပြားသည်နှင့်အမျှ ရောင်ခြည်တခု့တခု၏ သတ္တိထူးများမှာလည်း ကွာခြားနေကြမည်သာဖြစ်၏၊ လတွင်ဝ ရောင်ခြည်တထောင် ရှိသည်ဟုမဆို၊ သို့ရာတွင် ကမ္ဘာမြေပြင်သို့ အစဉ်မပြတ် နေရောင်ခြည်တွေ့ထိသကဲ့သို့ လ၏အရောင်မှာလည်း တနေ့တွက်တာတွင် အလှည့်ကျအစဉ်မပြတ်ဘဲတွေ့ထိနေခဲ့၏။

ထိုနေလတို့၏ ဥဏှ, သီတ-ဖို့မသဘာဝတို့ တဦး၏အမှိုန်အငွေ့မကုန်မီ တဦး၏အရှိန်အငွေ့ အတွေ့ခေတ်ရောက်လာခဲ့သည်၊ သန့်ရှင်းနေသည်၊ သြဇာခေတ်မြေအပြင်တွင် အမြဲပေါင်းစပ်လျက်ရှိခဲ့သည်၊ ထိုဖိုခေတ်, မခေတ်တို့ ပေါင်းစပ်သင့်မြတ်လျှင်လည်း တိုးပွားမှုသဘာဝတခုမှာ တဆက်ထည်း ပေါ်လာရမြဲဖြစ်၏။

ပေါ်ဦးစမြေအပြင်မှာ တဖြည်းဖြည်း ကျယ်ပြန့်မို့ မောက်လာခဲ့သလောက် မြေခေတ်၏ရင့်ကျက်ပုံ့ ခိုင်မာပုံတို့မှာလည်း တပြင်လုံးအညီအမျှ ရှိနေကြမည်မဟုတ်၊ ရင့်ကျက်ပုံအနုအရင့် ခြားနားချက်တွေ ရှိနေရပေမည်၊ ယင်းသို့ဖြစ်လျှင်-

၁။ ဥဏှ,သီတ-ဖို့မသဘာဝ၊

၂။ ရင့်ကျက်ပုံ-အနုအရင့် အဆင့်ဆင့်ခြားနားနေကြသည့် အမာခံရုပ်မြေခေတ်။

၃။ အထူးထူးအပြားပြား သတ္တိချင်း အကျိုးသွား တခုနှင့်တခု မတူအောင် ကွဲပြားချက်ရှိသည့် နေ၏ရောင်ခြည်ခေတ်။

ဤသုံးရပ် ပေါင်းစပ်မိကြသည့်အခါတွင် ဗီဇအမျိုးမျိုး သန္ဓေယူလာကြ၏၊ မြေခေတ်၏ရင့်ကျက်ပုံ အနုအရင့်အဆင့်ဆင့် ခြားနားသည်နှင့်အမျှ နေမင်း၏ ရောင်ခြည်သဘာဝမှာလည်း များပြားနေကြ၏။

ထို့ကြောင့် ဗီဇခေတ်များလည်း တမျိုးတည်း မဖြစ်နိုင်တော့ပေ၊ ဗီဇခေတ်ပေါင်း မြောက်မြားစွာပင် ပေါ်ထွက် လာရတော့၏၊ နေ၏ရောင်ခြည်အနုအရင့် အမျိုးအစား များပြားခဲ့သလောက် အခံရုပ်ခေတ် အပေါ် ကျရောက်လာခဲ့သည့်အခါ လက်ခံပါသလော၊ ထိုသို့မဟုတ်

ထိုသို့ ကျရောက်ထိခိုက်တိုင်း လက်ခံပါမှု ဗီဇဓာတ် တမျိုးတည်းတွင် တန်ခိုးပေါင်း မြောက်မြားစွာ စုဝေးနေကြမည်သာတည်း။

ဥပမာ-သက်မဲ့သစ်ပင်တခု, သက်ရှိသတ္တဝါတခု, သက်မဲ့ဓာတ်သတ္တုတခုတွင် ဆေးဖြစ်စေနိုင်သည့် ရောင်ခြည်ဓာတ်, ဘေးဖြစ်စေနိုင်သည့် ရောင်ခြည်ဓာတ်, ပိုးဖြစ်စေနိုင်သည့် ရောင်ခြည်ဓာတ် စသည်ဖြင့် အရာမက စုဝေးနေကြမည်သာဖြစ်၏။

ယင်းသို့ဖြစ်လျှင် လက်ခံသည့် သဘာဝနှင့် လက်မခံသည့် သဘာဝကို စစ်တမ်းထုတ်ရပေမည်။ မည်သည့်ရုပ်ဝတ္ထုမဆို ရုပ်ရုပ်ချင်း ပေါင်းစပ်၍ရသည်, လက်ခံသည်မှာ အညမညနှင့် သဟဇာတ နှစ်မျိုးစလုံး တူမျှပါမှ လက်ခံနိုးရှိကြ၏၊ ပေါင်းစပ်၍ရကြ၏၊ သမဘာဂဖြစ်ကြ၏၊ ထို့ကြောင့် အထက်ဖော်ပြပါ အခြင်းအရာအားလုံးကို သဘောပေါက်ရန်အတွက် ဤကဏ္ဍ၌ အညမည, သဟဇာတ သဘာဝနှစ်မျိုး၏ အဓိပ္ပါယ်ကို ခြားညှပ်၍ ဖော်ပြပါအံ့။

## အညံမညနှင့် သဟဇာတ သဘာဝနှစ်မျိုး

ပထဝီ, အာပေါ, တေဇော, ဝါယော-မြေ, ရေ, မီး, လေ၊ ဤလေးထွေမှာ ရုပ်ဓာတ်တွေသာဖြစ်၏၊ ဘုတ်ကြီးလေးမျိုးလည်း ခေါ်၏၊ ၎င်းလေးမျိုးစလုံး ရုပ်ရုပ်ချင်း မျိုးတူကြသောကြောင့် အညမညဖြစ်ကြ၏။

မြေနှင့်ရေမှာ မိတ်ဆွေဖြစ်၍ ပေါင်းစပ်ရ၏၊ ဓာတ်ချင်း ဝင်ဆန့်ကြ၏၊ အပေးအယူသဘာဝချင်းလည်း မဆန့်ကျင်ကြသဖြင့် သဟဇာတ-သဟဇာတ်လည်း ဖြစ်ကြ၏၊ အညမည, သဟဇာတနှစ်မျိုးရသည်။

မီးနှင့်လေမှာလည်း မိတ်ဆွေဖြစ်ကြသောကြောင့် သဘာဝချင်း မဆန့်ကျင် ဝင်ဆန့်သဖြင့် သဟဇာတလည်း ဖြစ်၏၊ ရုပ်ဓာတ်ချင်းမျိုးတူသောကြောင့် အညမညလည်းဖြစ်၏၊ ၎င်းဓာတ်နှစ်မျိုးမှာလည်း အညမည, သဟဇာတ နှစ်မျိုးစုံရ၏။

မြေနှင့်လေ, မီးနှင့်ရေ၊ ဤနှစ်မျိုးတွဲမှာမူကား ရုပ်ရုပ်ချင်းအမျိုးတူ၍ အညမညကားမှန်၏၊ ရန်ဘက်ဖြစ်နေကြသဖြင့် သဘာဝချင်း ဆန့်ကျင်မဝင်ဆန့်ကြ၍ သဟဇာတမဖြစ်ပေ၊ ဤကားဘုတ်ကြီးလေးပါး အညမည, သဟဇာတဖြစ်ကြပါသတည်း။

မြေနှင့်မိုး, ရေနှင့်လေ- ဤအတွဲနှစ်ခုမှာ ရုပ်ရုပ်ချင်း မျိုးတူသဖြင့် အညမည ဖြစ်ကြသော်လည်း ထိုနှစ်တွဲမှာ တခုနှင့်တခု မိတ်ဆွေလည်း မဟုတ်,ရန်သူလည်း မဟုတ်ကြ၍ ဥဒါသိန်ဟုမှတ်ရမည်၊ဥဒါသိန် ဆိုသည်မှာ ဥပေက္ခာသဘောမျိုးပင်ဖြစ်၏။

လူ့လောကတွင် တမိဝမ်းတွင်း အတူ ဆင်းခဲ့ကြသည့် ညီအစ်ကို မောင်နှစ်မတို့မှာ မျိုးတူ၍ အညမညခေါ်၏၊ စိတ်သဘောထား ကွဲပြားမှု ရှိလာကြသည့်အခါ သဟဇာတ-သဟဇာတ် မဖြစ်ကြတော့ပြီ။

မဂဟာသဓဇာတ်တော်တွင် ခွေးနှင့်ဆိတ်တို့မှာ မျိုးမတူကြ၍ အညမည မဖြစ်၊ ခွေးတို့မည်သည် ဆိတ်ကိုမြင်လျှင် ကိုက်ချင်သည်၊ ရန်သူဖြစ်ကြသည်၊ သို့ရာတွင် ထိုဇာတ်တော်၌ သူတို့နှစ်ဦး အပေးအယူမျှနေကြသဖြင့် သဟဇာတ ဖြစ်နေကြ၏၊ ခွေးသည် ဆင်တင်းကုပ်မှ မြက်ကို ခိုး၍ ဆိတ်အားပေး၏၊ ဆိတ်ကလည်း စားဖိုသည် အိမ်မှ ဟင်းလျာကို ခိုး၍ ခွေးအားပေး၏၊ သူတို့နှစ်ဦး အူမြူးကာ ပြည်တော်သာနေကြ၏၊ ဤကား သဟဇာတသာဖြစ်၍ အညမည မဖြစ်သော သာဓကတည်း။

ဤအညမည,သဟဇာတ သဘာဝနှစ်မျိုးမှာလည်း အလွန်ပင် ကျယ်ဝန်း၏၊ နိုင်ငံရေး, စီးပွါးရေး, အိမ်ထောင်ရေး, အချစ်ရေး, ပေါင်းသင်းဆက်ဆံရေး အစရှိသည်ဖြင့် အလွန် များပြားလှ၏၊ စုံစုံလင်လင် ဖော်ပြပါလျှင် ကျမ်းတစောင် ဖြစ်သွားနိုင်၏၊ သို့ရာတွင် ဤနေရာ၌ နေရောင်ခြည်နှင့် မြေဓာတ်တို့ ရိုက်ခတ်ထိတွေ့ရာ၌ အညမည, သဟဇာတ သဘာဝကို ရုပ်ဒိလောက်ရုံ အထောက်အပံ့ ဖြစ်ရုံလောက်သာ ဖော်ပြလိုက်ပါသည်၊ နေ၏ရောင်ခြည်တိုင်းတွင် ပဥ္စဘုတ်သဘာဝ ရှိနေကြသကဲ့သို့ မြေအပြင်တွင်လည်း အနုမြူ, ပရမာနုမြူ, ပရမတ္ထ ရုပ်ကလာပ်တိုင်းတွင်လည်း ပဥ္စဘုတ်သဘာဝရှိနေကြသည်။

မြေပြင်ရုပ်ကလာပ်တခုသို့ နေရောင်ခြည်ရုပ်ကလာပ် တွေ့ထိတိုင်း လက်ခံခြင်း, သက်ဝင်ခြင်းမရှိ၊ အခံရုပ်ဓာတ်, အခိုက်ရုပ်ဓာတ်တို့ အပေးအယူ မျှ၍ အညမည,သဟဇာတ နှစ်မျိုးစုံဘူညီကြမှသာ ဓာတ်တမျိုးနှင့်ဓာတ်တမျိုး ဝင်ဆန့်ရိုး ထုံးစံ ရှိပေသည်၊ ထိုသို့ မဟုတ်ပါမူကား တွေ့ထိခြင်းသည်တွေ့ထိခြင်းမျှသာဖြစ်၏၊ ဝင်ဆန့်သွားသည့်အချိန်တွင် ဗီဇဓာတ်ဖြစ်ပေါ်မြဲ သန္ဓေယူမြဲပင် ဖြစ်၏၊ အဘယ့်ကြောင့်နည်း-အခံဓာတ်, အခိုက်ဓာတ်တို့တွင် ဥဏှ,သီတ-ဖို့,မ သဘာဝ ပါရှိနေကြ၍ ဖြစ်သည်။

အောက်ပါ အခြေခံ အင်္ဂါရပ်များကြောင့် အလုပ်ဖြစ်ကြ၏။

၁။ အခံရုပ် ပဋ္ဌာဘုတ်၊ အခိုက်ရုပ် ပဋ္ဌာဘုတ်တို့ ဆုံစည်းမိခြင်း၊

၂။ အညမည၊ သဟဇာတ သဘာဝနှစ်မျိုးညီညွတ်ခြင်း၊

၃။ ဥတု၊သိဘ-ဖိုဓာတ်၊မဓာတ် တွေ့ထိခြင်း၊

၄။ နေရောင်ခြည် ဓာတ်သတ္တိ ဗီဇဖြစ်ပေါ်ခြင်း။

အထက်ပါအင်္ဂါလေးမျိုးတွင် နံပါတ်(၁)ကြောင့် အခံဓာတ်၊အခိုက်ဓာတ်ဆုံစည်းကြသည်၊ နံပါတ်(၂)ကြောင့် ဝင်ဆန့်လက်ခံသွားသည်၊ နံပါတ်(၃)ကြောင့် ဖိုဓာတ်၊ မဓာတ်တွေ့ထိခွင့်ရ၍ သင့်မြက်သွားကြသည်၊ နံပါတ်(၄)ကြောင့် နေရောင်ခြည် ဓာတ်တမျိုးမျိုး ကိန်းအောင်း၍ ဗီဇဓာတ်ဖြစ်ပေါ်လာရသည်။

ထိုဖြစ်ပေါ်လာသည့် ဗီဇဓာတ်မှာ အကျဉ်းအားဖြင့် နှစ်မျိုးနှစ်စားရှိပေသည်၊ တမျိုးမှာ သစ်ပင်ဝါးပင်စသော ဗီဇတမျိုးနှင့် တမျိုးမှာ ဓာတ်သတ္တု၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားစသောအမျိုးအစားပင်ဖြစ်သည်၊ ထိုနှစ်မျိုးစလုံး အထူးထူးအပြားပြား တန်ခိုးသတ္တိများ ခြားနားနေရသည်မှာ နေ၏ရောင်ခြည်ဓာတ်သတ္တိများမှာ တခုနှင့်တခု မတူကြသောကြောင့်ဖြစ်၏၊ ထို့ကြောင့် တောတိုင်းစန္ဒကူးနံ့သာမရှိ၊ တောင်တိုင်း၌လည်း ကျောက်သံပတ္တမြားမရှိ။ မြေတိုင်းလည်း ရွှေ၊ငွေမထွက်၊ အနုမြူတိုင်းလည်း ပြင်းထန်စူးရှသော ဥတုတေဇော၊ ဥတုဝါယောမပါဖြစ်နေကြသည်မဟုတ်ပါလော။

သို့ရာတွင် ဗီဇဓာတ်အခြင်းအရာ လက္ခဏာများ၊ တန်ခိုးသတ္တိများ မည်မျှပင်ကွဲပြား၍ ခြားနားနေစေကာမူ ရုပ်ဓာတ်မှန်သမျှ ပဋ္ဌာဘုတ်ကိုသာ ဦးခိုက်ကြရ၏၊ ပဋ္ဌာဘုတ်ဖြင့်သာ တည်ဆောက်ထားကြသည်ဟု မှတ်ပါလေ၊ အလွန်စူးယှပြင်းထန်၍ ကြောက်မက်ဖွယ်ကောင်းသည့် ဥတုတေဇော၊ ဝါယောဓာတ်တို့ ကိန်းအောင်းနေသည့်အနုမြူမှ နေရောင်ခြည်သတ္တိမှ တဆင့်ခံပေါ်ပေါက်ရ၏။

ထိုနေရောင်ခြည်မှာလည်း နေမင်းသာလျှင် အရင်းမူလဖြစ်၏၊ ထိုသို့ဖြစ်ပါလျက် "အိုးကမပူ စလောင်းကပူရသလား"ဆိုသည့်စကားပုံကဲ့သို့ နေ၏အပူဥတုဓာတ်မှာ သက်ရှိသတ္တဝါတို့အတွက် ရက်စက်ကြမ်းကြုတ်သည့်အရာဝတ္ထုတခုမဖြစ်ပါဘဲလျက်တဆင့်ခံအနုမြူဓာတ်၏ ဥတုတေဇော

ဥက္ကာ ဝါယောတို့ လက်ဝါးစောင်း ထက်နေရသည်မှာ ဘယ်အတွက် ကြောင့်ပါနည်း။

မီးခြစ်ဆံများတွင်ရှိသည့် ယမ်းကလေးမှာ အိုးအိမ်နှင့် မြို့ရွာကိုပါ လောင်ကျွမ်းပြာကျစေနိုင်သည့် သတ္တိကိန်းအောင်းလျက် ရှိသည်မှန်သော်လည်း သူ့ကို ခြစ်ကြည့်ကလိကြည့်မှ ထိုသတ္တိရှိသည်ကို သိနိုင်၏၊ မထိမကလိလျှင် မည်သို့မျှမဖြစ်၊ ဖားဂုံညင်းကို ဒုတ်နှင့်ဆွမှ ကုန်းထကြီးထွားလာ၏။ မြွေဟောက်ကို ဒုတ်နှင့်ဆွပါမှ ပါးပျဉ်းထလာ၏၊ မဆွလျှင်မည်သို့မျှမဖြစ်။

အလွန်ပြင်းထန်စူးရှသော ဥက္ကာတေဇော, ဝါယောတို့ ကိန်းအောင်းနေကြသည့် ရုပ်ဝတ္ထုများကို လှန်လှောမွှေနှောက် အနုမြူရောက်အောင် သိပ္ပံဆရာတို့ ကလိနေဆွနေကြသောကြောင့် ကြောက်မက်ဖွယ်ပြင်းထန်သည့် ဥက္ကာတေဇော, ဝါယောတို့ ပေါ်လာရခြင်းဖြစ်၏၊ ယနေ့သိပ္ပံဆရာတို့ လက်ငြိမ်ငြိမ်နေလိုက်လျှင် ဥက္ကာတေဇောဝါရောဓာတ်တို့မှာလည်း ဣန္ဒြေရရ ငြိမ်ကျသွားမည်သာ ဖြစ်သည်၊ ထိုမြေအပြင်မှ ဗီဇဓာတ်သည် အကျဉ်းအားဖြင့် ဓာတုဘေဒသဘာဝ တမျိုး, ရုက္ခဘေဒသဘာဝတမျိုး ပေါ်ပေါက်လာခဲ့ပေသည်၊ ဓာတုဘေဒ ဗီဇနိယာမ အမျိုးအစားများကို ဂမ္ဘာမြေအခန်းတွင်ပြခဲ့ပြီ။

ရုက္ခဘေဒဗီဇနိယာမကား သတ္တလောကအတွက် ကွင်းဆက်တွေ့ရှိနေရသည်မှာ ရုက္ခဘေဒမှ ဇီဝဘေဒ, ပါဏဘေဒ, သတ္တဘေဒနှင့် အထွတ်ဆုံးအမြတ်ဆုံးဟု ခေါ်ရသည့် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြသည့် ဗုဒ္ဓဘုရားရှင်များ ဖြစ်ကြပေသည်၊ ရုက္ခဘေဒမှ ဇီဝဘေဒ ဖြစ်လာရသည်ဟု ဆိုခြင်းမှာ သက်ပင်မှအသက် ဖြစ်ပေါ်လာရသည်ကို ဆိုသည်။

ဇီဝဘေဒသည် အသက်ရှိကာမျှ အသက်ဝင်ကာမျှ အဆင့်တွင်သာရှိသေး၏၊ ထွက်သက်, ဝင်သက် မထင်ရှားသေးပေ၊ ထွက်သက်, ဝင်သက် ထင်ရှားဖြစ်ပေါ်လာသည့် ဇီဝများကို ပါဏဘေဒဟု ခေါ်သည်၊ ၎င်းပါဏအဆင့်ရှိသည့် ဇီဝများကို သတ္တ–သတ္တဝါဟုမခေါ်သေး၊ အာရုံကိုယူတတ်, အာရုံ၌တပ်နှစ်သက်တတ်, ငြိကပ်တတ်သော အဆင့်သို့ ရောက်မှ သတ္တ–သတ္တဝါဟုခေါ်သည်၊ ၎င်းသတ္တအဆင့်ရှိသည့် ဇီဝများကို ဝေနေယျဟုမခေါ်သေးပေ၊ ဤဘဝတွင် ကျွတ်ထိုက်သော သတ္တဝါများကိုသာ ဝေနေယျဟု ခေါ်ပါသည်။


ရုက္ခဗေဒ
စိန်·ဆေး·ဒါန်း·ကန့်·ဒုတ္တာ စသော ဓါတုဗေဒများ ဖြစ်ပေါ်လာရသည်။
ပေါ်လာရသည့် အလွန်ကျယ်ဝန်း နက်ရှိုင်းသည့် ရုက္ခဗေဒ
ဗီဇနိယာမ အဆင့်
သတ္တဗေဒ
စိတ္တနိယာမ
ကမ္မနိယာမ ဓမ္မနိယာမ အသင်္ခတနယ်
နာမ် ရုပ ၆·မျိုး
ဒဿနိကဗေဒ
၆၂·ပါးသော မိစ္ဆာဒိဋ္ဌိဝါဒများ ပေါ်ထွက်လာရပါသည်။
ကမ္ဘာမြေထု
အပူဥဏှ ကြောင့် မြေမှ ရေပူတွင်း ချော်တွင်း မီးတောင် စသော အရာများဖြစ် ပေါ်လာကြ၏
အပူဥဏှ
အအေးသီတ
အအေးသီတကြောင့် မြေမှ ကျောက်ထု ကျောက်တောင်·သံ·သံလိုက်·ခဲ·ဘော်·ပြဒါး·မဟူရာ·မြ စသော ဘူမိဗေဒများ·ဖြစ်ပေါ်လာရသည်။
ဥတုနိယာမ·အဆင့် အရင်းခံ ပင်မ

ဗီဇမျိုးစေ့ သန္ဓေဖြစ်ပေါ်လာရသည်မှာ ဥတုနိယာမတွင်ရှိသည့် အပူ ဥဏှ အ◌ိုခာတ်နှင့် အမ သီတ အအေးဓာတ်တို့ ကမ္ဘာ မြေထုပေါ်တွင် သင့်မြက်ကြရာမှ ရသည့် သန္ဓေဗီဇဖြစ်၏၊ ထိုဗီဇမှာ နှစ်မျိုး ပေါ်ထွက် လာသည်၊ (၁) ဓာတုဗေဒမျိုး (၂) ရက္ခဗေဒမျိုး—ဤနှစ်မျိုး ဖြစ်၏။

ရက္ခဗေဒမျိုးမှာ သက်ရှိသတ္တဝါတို့ကဲ့သို့ ထွက်သက်ဝင်သက် ရှိသည်၊ တွန်းကန်လေနှင့် ဆွဲငင်လေကို ဆိုသည်၊ အာဟာရဖြည့်တင်းသည်၊ အစာ ချက်သည်၊ ရေသောက်သည်၊အိပ်သည်။

သက်ရှိသတ္တဝါတို့တွင် ဇာတိစပြီး ဇရာ,ဗျာဓိ,မရဏနှင့် အဆုံးသတ် သကဲ့သို့ ရက္ခဗေဒတွင်လည်း ဤဖြစ်စဉ်မျိုးရှိသည့် သက်ရှိ သတ္တဝါတို့ သေဆုံးပြီးသည့်အခါ ပုပ်သည်၊ ၎င်းနောက် ပိုးလောက် သတ္တဝါများ ဖြစ်ပေါ်လာသည်၊ မသေမီ ဝမ်းတွင်း၌ သန်ကောင်, ဦးခေါင်း၌ သန်း, ခန္ဓာကိုယ်ချေးမှ သန်း, အနာပေါက်၍ ပိုးလောက်ကျခြင်းမျိုး ရှိသကဲ့သို့ ရက္ခဗေဒတွင်လည်း သေပြီး သစ်ပုပ်ဘဝဖြင့် သက်ရှိ ပိုးကောင် အသစ် များ မွေးထုတ်ကြသည်။

မသေမီ စိမ်းလန်းစိုပြေ ရှင်သန်နေစဉ် သက်ရှိပိုးများကို ဖြစ်ပေါ် စေခဲ့၏၊ ထိုဖြစ်စဉ်များကို လူတို့ မကြာခဏ တွေ့မြင်နေရ၍ မဖော်ပြ တော့ပေ၊ တွေ့ကြုံခဲ့၍ ကိုယ်တိုင် မြင်တွေ့ရသည်မှာ သက်ရင်းပင်၏ အရွက်တခုတွင် နှံကောင်သတ္တဝါ ဖြစ်ခါစ အသက်ဝင်နေသည်ကို တွေ့ ခဲ့ရသည်၊ဦးခေါင်းလှုပ်နေပြီး မျက်လုံးမြင်ပြီး နှုတ်ခမ်းမွေးလှုပ်နေသည်။

သို့ရာတွင် ခန္ဓာကိုယ်နောက်ပိုင်းမှာ သက်ရင်းရွက်အတိုင်းသာ ရှိနေ သေးသည်၊ ခန္ဓာကိုယ်ပုံသဏ္ဌာန်မျှသာ ပုံကြမ်း လောင်းထားသကဲ့သို့ သက်ရင်းရွက်ပေါ်တွင် ထင်နေသည်၊ နောက် နှစ်ရက်,သုံးရက်ခန့်ကြာ လျှင် လှုပ်လှုပ်ကျွတ်ကျွတ် သတ္တဝါတခု ဖြစ်တော့မည်ဟု နားလည် လိုက်သည်၊သင်ရိုးမှ အသက်ဝင်ပြီး တပိုင်းမှာ သင်ရိုး အတိုင်းပင် မြေ စိမ်း ဖြစ်ခါစ သတ္တဝါများကို မြင်ဘူးသူတွေ ရှိသည်၊ ထို့ကြောင့် နံပါတ်(၁) ရက္ခဗေဒမှ ဇီဝဗေဒ, ပါဏဗေဒ, သတ္တဗေဒ ဖြစ်ပေါ်လာ ရသည်ဟု ဖော်ပြခဲ့ခြင်းဖြစ်သည်။

[၎င်းသတ္တဗေဒမှ ဤကမ္ဘာတွင်၎င်း, ၃၁–ဘုံတွင်၎င်း သူ မတူအောင် ထူးခြားသည့် မတူနိုင်အောင်ထူးခြားသည့် ဝရဇိန်

ဉာဏ်သွား လူသားအစစ်ကိုဗုဒ္ဓဟု ခေါ်ပါသည်၊ ယင်းသို့ ဖြစ်လျှင် "လူကို ရုက္ခဗေဒက မွေးထုတ်ခဲ့ပါသလား" ဟူသော အမေးမှာ အလိုလို ဝင်လာပါသည်၊ သက်ရှိသတ္တဝါ ဖြစ်ပေါ်လာရသည့် အကြောင်းရင်းမှာ ရုပ်မဟုတ်၊ ကုသိုလ်ကံ၊ အကုသိုလ်ကံ နာမ် တရားသာ ဖြစ်သည်၊ ထိုနာမ်အကြောင်းရင်းမှာ ရုပ်ဝတ္ထုအစုကို အမှီမပြုရဘဲ ရုပ်လုံးဖော်နိုင်စွမ်း မရှိပါ။]

ဗီဇနိယာမမှ ပေါ်ပေါက်လာသည့် (၂) ဓာတုဗေဒမှာ ရုပ်လုံး ဖော်နိုင်စွမ်းမရှိ၊ (၃) ရုက္ခဗေဒကသာ ရုပ်လုံးဖော်စွမ်းနိုင်သည့် သဘာဝ သတ္တိရှိ၍၊ ဘာ့ကြောင့်နည်း–ရုက္ခဗေဒသည် သတ္တလောကနှင့် သဘာဝ ဖြစ်စဉ်မှာ ထပ်တူထပ်မျှ ဖြစ်နေသည်ကို ဖော်ပြခဲ့ပါပြီ။

ဓာတုဗေဒမှာ သတ္တလောကနှင့် ဖြစ်စဉ်ချင်းလုံးဝတူပါ၊ ဥပမာ– ရုက္ခဗေဒနှင့် သတ္တလောကတို့မှာ ပုပ်သိုးခြင်းရှိသည်၊ ပုပ်သည့်အချိန်၊ မပုပ်သည့်အချိန် နှစ်မျိုးစလုံးမှာ သက်ရှိပိုးသတ္တဝါများကို ဖြစ်ပေါ် လာစေနိုင်သော်လည်း စိန်၊ ဆေးခန်း၊ ကန့်စသော ဓာတုဗေဒရုပ်ဝတ္ထု တို့မှာ ပုပ်ခြင်း သိုးခြင်း၊ ခြတက်ခြင်းလည်းမရှိ၊ သက်ရှိသတ္တဝါများ ကိုလည်း ဖြစ်ပေါ်စေနိုင်သည့် အစွမ်းသတ္တိမရှိ၊ သဘာဝချင်း အလွန် ကွာခြားပါသည်၊ ထို့ကြောင့် သတ္တဗေဒသည် ရုက္ခဗေဒမှသာ ပေါ် ပေါက်လာရပေသည်၊ သတ္တဗေဒတွင်လည်း မနုဿဗေဒမှာ ရုက္ခဗေဒ တမျိုးတည်းကသာ လူ့အသွင်အပြင် အဆင်များကို တိုက်ရိုက်ပေါ် ပေါက်စေနိုင်ပါသည်။

မနုဿဗေဒမှတပါး အခြားဇီဝဗေဒ၊ ပါဏဗေဒ၊ သတ္တဗေဒများကိုမူ ရုက္ခဗေဒနှင့် ဇလဗေဒ နှစ်မျိုးစလုံးကပင် ဖြစ်ပေါ်စေနိုင်ပေသည်၊ ဘုရားဟောနိပါတ်တော်များတွင် စိဥ္စမာဏသည် မန်ကျည်းပင်မှ ပေါက် ဖွား၍ အမ္ဗပါလိကာ ပြည့်တန်ဆာမသည် သရက်ပင်မှ ပေါက်ဖွား ခဲ့သည်ဟု ဆိုသည်။

ပုဂံဇာဝင်တွင်လည်း ဝေဠုဝတီမိဖုရားမှာ ဝါးအတွင်းမှ ရခဲ့သည်ဟု ဆိုသည်၊ လမုပင်မှ ပေါက်ဖွား၍ မယ်လမုဖြစ်သည်ဆိုသော သမိုင်းနှင့် ရာဇဝင်နိပါတ်တော်တို့မှာ ဒဏ္ဍာရီမဟုတ်။

ရုက္ခဗေဒတွင် ဇီဝဗေဒကို ဖြစ်ပေါ်စေနိုင်သည့် အစွမ်းသတ္တိရှိနေသည်မှာ အမှန်ပင်ဖြစ်၏၊ ဇီဝဗေဒကို တကယ်ရှာဖွေတော့မည် ဆိုပါလျှင် ရုက္ခဗေဒနှင့် ဇလဗေဒ ဤနှစ်မျိုး၌သာ တွေ့နိုင်ပေမည်၊ မနုဿဗေဒမှာမူ ရုက္ခဗေဒ၌သာ ရှိနိုင်သည်။

မန်လည်ဆရာတော်အမေး— မင်းကွန်းဆရာတော်အဖြေ သတပဒိကပုစ္ဆာ ဝိသဇ္ဇနာကျမ်းတွင် ပါရှိသည်မှာ—

**မန်လည်ဆရာတော်မေးပုစ္ဆာ**

"ရွှေသူယောင်၊ မတူအောင် လူလိုလှတယ်လို့၊ ဆိုကြစကား။ ။မြတ်ဘုန်းကြွယ်၊ ပင်စောက်အနွယ်နှင့်၊ သူယောင်မယ် ရှုမငြီးငယ်တို့၊ သီးပွင့်လေလား"။

အဓိပ္ပါယ်မှာ သူယောင်မယ်ဟူသည် လူအသွင်အပြင်နှင့် တဆင်တည်း လူလိုလည်းလှသည်ဟု ဆိုကြပါသည်၊ ၎င်းမှာ အသီးလား၊ အပွင့်လား၊ ပင်စောက်သား၊ သို့မဟုတ် နွယ်လား–ဖြေကြားပါဟု မေးလိုက်ခြင်းပဖြစ်သည်။

**မင်းကွန်းဆရာတော်အဖြေ**

"ရွှေသူယောင်၊ မတူအောင် လူလိုလှတယ်လို့၊ဆိုကြစကား သူယောင်မယ်၊ အလှသူကြွယ်လို့၊ ကမလာနွယ်ခေါင် အညွန့်မှာ၊မျိုးကွန့်ဟန်လွန်စွာတင့်တယ်၊ ပန်းပွင့်မှတ်သား"။

အဓိပါယ်မှာ သူယောင်သည် အသီးမဟုတ်၊ အပွင့်၊ပင်စောက်မဟုတ်၊ ကမလာနွယ်မှ ဖြစ်ပေါ်လာခြင်းဟု ဖြေဆိုလိုက်ပေသည်။

**မှတ်ချက်။** ။ဤမင်းကွန်းဆရာတော်ကြီးမှာ သက္ကရာဇ် ၁၂၄၀-ခုနှစ်၊ ကဆုန်လတွင် ပျံလွန်တော်မူသွားသည့် ပထမမင်းကွန်း ဆရာတော်ကြီး ဖြစ်သည်၊ အထက်ပါ သက္ကရာဇ်မှာ သီပေါမင်းနန်းကျပြီး နောက်တနှစ်ဖြစ်သည်။

ဤနေရာ၌ ရုက္ခ ဗေဒမှ ပေါ်ထွက်လာကြသည့် စိဥ္စမာဏ, အမ္ဗပါလိက ဝေဠုဝတီ, မယ်လမုတို့မှာ ရုက္ခဗေဒအမျိုးအစားချင်း မတူစေကာမူ ပေါ်ထွက်လာခဲ့ကြသည်၊ ပေါ်ထွက်လာခဲ့ကြသည့် မနုဿဗေဒတို့မှာ အသက်ပါလာကြသည်၊ အသက်ရှိကြသည်။

ကမလာနွယ်မှ ပေါ်ထွက်လာသည့် မန်ုဿဘဝဒမှာမူကား လူ့အသွင် သဏ္ဍာန်ကား ဟုတ်၏၊ အသက်မရှိ၊ ရုက္ခဗေဒတွင်လည်း ပင်စောက်နှင့်နွယ် ပင်တို့ ဖြစ်စဉ်ချင်းမတူသည်ကို တွေ့ရသည်၊ ထိုရုက္ခဗေဒတို့မှ ပေါ်ထွက် လာရသည့် မနုဿဗေဒတို့မှာလည်း အဖိုသတ္တဝါ တဦးတယောက်မျှမပါ၊ အမတွေသာ ဖြစ်နေရသည့်မှာလည်း ထူးခြားချက်တရပ်ပင် ဖြစ်နေသည့် မှာ စဉ်းစားစရာ အချက်တခုပင်ဖြစ်ပါသတည်း။

ယင်းသို့ဖြစ်လျှင် "လူသည် ရုက္ခဗေဒမှသာ စတင်ပေါ်ပေါက်လာပါ သလား" ဟူသောအမေးမှာ အလိုလိုဝင်လာရတော့မည်၊ "လူမှာအာဘ ပြဟ္မာက"ဟုမြန်မာစကားစဉ် ရှိခဲ့သည်မှာ ဗုဒ္ဓဘာသာ စာပေအရဖြစ် သည်၊ ရုတ်တရက်သော် သတ္တဗေဒသည် ရုက္ခဗေဒမှ ပေါ်လာရသည် ဆိုသောအချက်နှင့် ဆန့်ကျင်သကဲ့သို့ ထင်ရ၏၊ စင်စစ်မဆန့်ကျင်ပါ၊ လူ့ဘဝကိုအရင်းတည်ပြီးမှ နတ်ဘဝ၊ပြဟ္မာဘဝ အမြတ်အစွန်း ပေါ် လာရသည်၊ နတ်ဘဝ၊ပြဟ္မာဘဝကို ပထမအရင်းတည်ပြီးမှ လူ့ဘဝ အမြတ်အစွန်း ပေါ်ထွက်လာရခြင်း မဟုတ်သည်ကို သတိပြုလျှင် သဘောပေါက်သွားနိုင်စရာ ရှိပါသည်။

## သတ္တလောကတွင်မနုဿဗေဒသည်အထူးခြားဆုံးသော သတ္တဝါတမျိုးဖြစ်သည်ကိုပြဆိုခြင်းအကြောင်း

ဇီဝဖြစ်တိုင်း ပါဏ-သတ္တ မဖြစ်နိုင်သော်လည်း ပါဏဗေဒ၊သတ္တဗေဒ တို့တွင် ဇီဝဖြစ်နေသည်၊ဇီဝရှိနေကြသည်၊ ဇီဝသည် ရုပ်ဇီဝတမျိုး၊နာမ် ဇီဝတမျိုး နှစ်မျိုးရှိသည်တွင် နာမ်ဇီဝမှန်သမျှ ရုပ်ဇီဝကိုသာ အမှီပြုနေ ကြရသဖြင့် သက်ရှိသတ္တဝါတမျိုး ဖြစ်ပေါ်လာမည်ဖြစ်လျှင် ပထမ-ရုပ် ဇီဝိတတည်ရှိပြီး ဖြစ်နေရသည်၊ယင်းဇီဝိတရုပ်သည် ကံ၊စိတ်၊ဥတု၊အာဟာရ အကြောင်းတရားလေးပါးတွင် ကံကြောင့်သာ ဖြစ်ပေါ်လာရမြဲဖြစ်၏၊ ယင်းဇီဝိတရုပ်သည် တကိုယ်လုံး ပျံ့နှံ့၍ တည်နေပေသည်။

လူ့၊တိရစ္ဆာန် သတ္တဗေဒနှစ်မျိုးတို့ ပေါ်ပေါက်လာကြရာ၌ လူလူ ချင်း၊တိရစ္ဆာန် တိရစ္ဆာန်ချင်း ဆက်ဆံ သင့်မြတ်ကြ၍ ပေါ်ပေါက်လာ သည့် သတ္တဝါတို့မှာ သုက်ခေတ်ခေါ်သည့် အဖိုသွေး၊အမသွေးတို့ ပေါင်း

စပ်မိကြမှသာ ပေါ်ပေါက်လာကြရ၏၊ ၎င်းဓာတ်နှင့်ကင်း၍ သိပ္ပံပညာဖြင့် မည်မျှပင် ကြိုးစားစေကာမူ သတ္တဗေဒဖြစ်ပေါ်လာရိုး မရှိနိုင်၊ ရုက္ခဗေဒမှ စတင်ပေါ်လာရသည့် သတ္တဗေဒမျိုးကား သက်ရှိလူ တိရစ္ဆာန်တို့မှ တဆင့်ရရှိသည့် သုက်ဓာတ်၊ သွေးဓာတ်နှင့်ကင်း၍ ပေါ်ပေါက်လာနိုင်သည့် စွမ်းအင်သတ္တိမျိုး ရှိကြပေသည်။

ဖိုမတို့၏ သွေးကြောင့် ဖြစ်လာရသည့် သတ္တဝါတို့တွင် လူသည် တိရစ္ဆာန်တို့ကို အားချင်းပြိုင်ရာ၌ အမြဲတမ်းအနိုင်ရရှိခဲ့ကြသည်မှာ မနုဿဗေဒ၏ ထူးခြားချက်တရပ်ပင်ဖြစ်ပါသည်၊ ဥပမာ–လူနှင့်တိရစ္ဆာန်တွင် အကျုံးဝင်နေသည့် ဝိဇ္ဇာနှင့်နဂါးမ သင့်မြတ်ကြရာ၌ မွေးဖွားသည့်အခါ နဂါးဘက်သို့မပါဘဲ နဂါးမကအရ၌ လူသားယောကျ်ားပေါက်ဖွားလာသည်၊ ဘီလူးမနှင့်လူ သာယာမှုယူ၍ သင့်မြတ်ကြသည့်အခါ ဘီလူးဘက်သို့မပါ၊ ပဒုကုသလယောကျ်ားလူသားကလေးကို မွေးဖွားခဲ့သည်။

ခြင်္သေ့နှင့် လူမိန်းမ ဆက်ဆံမိကြ၍ သီဟဗာဟုကိုမွေးဖွားခဲ့သည်၊ မျက်မမြင်စူဠသမ္ဘဝ၊ မဟာသမ္ဘဝညီနောင်ကို မျက်စိနှစ်ကွင်း အလင်းရောက်အောင် ကုသပေးခဲ့သည့် စန္ဒမုက္ခီဘီလူးမနှင့် မင်းသားတို့ ဆက်ဆံမိကြ၍ ပိဿနိုးမင်းသမီးကို မွေးဖွားခဲ့သည်။

ဇာတ်နိပါတ် ရာဇဝင်တို့တွင် တွေ့ဘူးသမျှ တိရစ္ဆာန်တို့၏သွေးဓာတ်ကို လူသားတို့၏သွေးက အမြဲတမ်းလွှမ်းမိုးထားသည်ကို တွေ့ရသည်၊ မြန်မာရာဇဝင်တွင် အိမ်ရှေ့မင်းသားကြီး ခေပဒုတသည် ဝက်ကြီးရန်ကို နှိမ်နင်း၍ အပြီး နေပြည်တော်သို့ပြန်တော့ဘဲ တောတွင်း၌ပုဏ်ရသေ့လုပ်၍ တရားအားထုတ်နေသည့်အခါ ကျောက်ခွက်တွင် အမြဲ ကျင်ငယ်ရေစွန့်ခဲ့သည်ကို သမင်မကလေး လာရောက်သောက်လေ့ရှိသည်၊ တနေ့တွင် သုက်ဓာတ်ပါရှိသည့် ကျင်ငယ်ရေကို သောက်မိသည့် သမင်မကလေးမှာ သန္ဓေရှိ၍ ဗေဒါရီကိုမွေးဖွားခဲ့သည်။

ဤနေရာ၌ အနောက်တိုင်း ဆေးပညာရှင်တို့၏ အမြင်နှင့် ဗုဒ္ဓအဘိဓမ္မာအမြင်၊ အရှေ့တိုင်း အာယုဗ္ဗေဒဆေးကျမ်းတို့၏ အမြင်ကို အနည်းငယ်ညှပ်၍ ရှင်းပြလိုပါသေးသည်။

၁။ ဗုဒ္ဓအဘိဓမ္မာတွင် ဣတ္ထိဘာဝ, ပုံဘာဝ ခေါ်သည့် ဘော, ကာယ ပသာဒရုပ်, သွေး, ဇီဝိတရုပ်, သည်းခြေ,သုက်—ဤ ခြောက်မျိုးမှာ တကိုယ်လုံး ပျံ့နှံ့၍ တည်သည်ဟု ဆိုထား ပါသည်။

၂။ ဆေးကျမ်းများတွင်လည်း ရသရည်မှ သွေးဖြစ်သည်၊ သွေးမှ သည်းခြေဖြစ်သည်၊ သုက်ဖြစ်သည်ဟု ဆိုထားပါသည်။

သွေးသည် တကိုယ်လုံးကို လည်ပတ်ပျံ့နှံ့နိုင်လျှင် သွေးမှ ဖြစ်သည့် သည်းခြေနှင့် သုက်ဓာတ်တို့မှာလည်း အနေးနှင့် အမြန် တကိုယ်လုံးကို တဖြည်းဖြည်း စိမ့်ဝင်ပျံ့နှံ့ရမည်သာဖြစ်၍ ဗုဒ္ဓအဘိဓမ္မာနှင့် ဆေးကျမ်း အမြင်မှာ တထပ်တည်း ဖြစ်နေပေသည်၊ သို့ရာတွင်—

၃။ အချို့သော အနောက်တိုင်းနည်းဖြင့် လက်တွေ့ ဆင်ခြင်ကြ သည့် ဆေးပညာရှင်တို့ကမူ မျိုချလိုက်သည့် အစာအာဟာရ, အရာဝတ္ထု ဟူသမျှ အစာအိမ် အတွင်းသို့သာ ရောက်၍ သားအိမ်အတွင်းသို့ မရောက်နိုင်သဖြင့် ဤသန္ဓေ တည်သည့် ကိစ္စမှာ ဖြစ်နိုင်စရာ အကြောင်းကိစ္စ မရှိဟု အဆိုပြုသူများ ကိုလည်း တွေ့ဘူးပါသည်။

သို့ရာတွင် ဆေးကျမ်းအရ အချို အချဉ် အစပ် အခါး အဖန်၊ ဤ အရသာများ ပျံ့နှံ့နိုင်သည့် ရက်အပိုင်းအခြားကို ကန့်သတ်၍ ဖော်ပြ ထားသော်လည်း အငန် ရသာဓာတ်ကမူ ရက်အကန့်အသတ်မရှိ ကိုယ် ခန္ဓာအစိတ်အပိုင်းများသို့ အခိုက်အခါသင့်မှသာ ပျံ့နှံ့နိုင်ပေသည်။

ဗုဒ္ဓဘာသာစာပေနှင့် ရာဇဝင် သမိုင်းများတွင် သိပ္ပံသဘာဝ သဲလွန်စ ကလေးများ ပါရှိသည်ကို သာပြု၍ ကြည့်ရှုတီထွင် ရှာဖွေကြိုးစားကြပါ မူ ယခုခေတ် မေထုန်မှီသားစပ်ပညာရပ်များကို မြန်မာတို့ အစောကြီးက ပင် ကျွမ်းကျင်နေကြပြီး ဖြစ်သည်ဟု ပြောတော့မိပါသတည်း။

## လူလူချင်း, တိရစ္ဆာန် တိရစ္ဆာန်ချင်း အားပြိုင်၍ အနိုင်ယူကြပုံအကြောင်း

လူလူချင်း သင့်မြတ်ရာ၌ရင်း, တိရစ္ဆာန်ချင်း သင့်မြတ်ကြရာ၌ရင်း လူနှင့် တိရစ္ဆာန်တို့ကဲ့သို့ ခြားနားမှု မရှိ အင်အားများရာသို့ လိုက်၍ ယောကျ်ားကလေးများ ဖြစ်ခြင်း, မိန်းကလေးများ ဖြစ်ခြင်း, အထီး

ကလေးဖွားမြင်ခြင်း၊ အမကလေး ဖွားမြင်ခြင်းများ ဖြစ်ပေါ်လာကြသည်၊ လူနှင့်တိရစ္ဆာန်တို့သင့်မြတ်ကြရာ၌ လူ့ဖက်သို့ပါ၍ လူသားကလေးကိုသာ ဖွားမြင်ခဲ့သော်လည်း ဖွားမြင်ရာ၌ အဖို့အမ ပေါ်လာရသည်မှာ စိတ်ဓာတ်အားပေါ်သာ မူတည်ခဲ့ပေသည်။

ဤနေရာ၌ ယောကျ်ားကလေး လိုချင်စိတ်ပြင်း၍၊ မိန်းကလေး လိုချင်စိတ်ပြင်း၍ ယောကျ်ား၊ မိန်းမ မွေးလာရသည်ဟု ဆိုခြင်းမဟုတ်၊ သာယာမှု တခုတည်း ပြင်းထန်သည့်ဘက်သို့ ဆွဲဆောင်သွားခြင်းဖြစ်သည်ဟု ဆိုလိုပါသည်။

## လူနှင့်ရုက္ခဗေဒတို့ တူမျှပုံအကြောင်း

ကမ္ဘာမြေမှ ဗီဇနိယာမ ဖြစ်ပေါ်လာရပုံကို ဖော်ပြခဲ့ပြီ၊ ပြန်၍လေ့လာပါ၊ မြေမှရုက္ခဗေဒ ပေါ်လာသည့်အခါမှာလည်း သက်မဲ့ ဥတုနိယာမ ဖိုဓာတ်၊ မဓာတ်တို့ ပေါင်းစပ်မှုမှ ဖိုဓာတ်အားကောင်းလျှင် ရုက္ခဗေဒအဖိုပင်ပေါက်၍ မ-ဓာတ်အား ကောင်းလျှင် ရုက္ခဗေဒ အမပင် ပေါက်လာခဲ့ရသည်။

အပူဓာတ်မြောက်မြားလျှင် အပူပင်၊ အအေးဓာတ် မြောက်မြားလျှင် အအေးပင် ဖြစ်လာခဲ့သည်၊ ထို့ကြောင့် ပထဝီမြေဓာတ်သည် ဥတုနိယာမ အဆင့်တွင် အအေးသီတသက်သက်သာ ဖြစ်နေခဲ့သည်၊ မည်သည့်အခါမှ အပူဥဏှမဖြစ်၊ ၎င်းမှတဆင့်တက်၍ ဗီဇနိယာမပိုင်းသို့ ရောက်လာသည့်အခါ ရုက္ခဗေဒ ပေါ်လာသည့် အခါ အပူ အအေး အားပြိုင်၍ ဥဏှပထဝီပင်၊ သီတပထဝီပင်ဟု နှစ်မျိုးပေါ်လာပေသည်။

ဝါယောဓာတ်မှာလည်း ဥတုနိယာမအဆင့်တွင် ဥဏှဝါယောသက်သက်သာ ဖြစ်ခဲ့လေသည်။ အပူသက်သက်ဟု ဆိုလိုသည်၊ ဗီဇနိယာမ အဆင့်သို့ ရောက်လာသည့်အချိန်မှ ဥဏှဝါယောပင်၊ သီတဝါယောပင်ဟု ကွဲပြားလာခဲ့ခြင်းဖြစ်၏။

ဤနေရာ၌ ဆေးပညာအကြောင်းကို ဖော်ပြနေရန်မလို၊ "ရုက္ခဗေဒမှ ဇီဝဗေဒ၊ ပါဏဗေဒ၊ သတ္တဗေဒ၊ မနုဿဗေဒတို့ ဖြစ်ပေါ်လာရာ၌ သုက်ဓာတ်မျိုးစေ့မပါဘဲလျက် ဘယ်အတွက်အသက်ဝင်၍ ဇီဝဗေဒ ဖြစ်လာရသနည်း" ဟူသော အချက်ကို ဖော်ပြလို၍ ဖြစ်ပါသည်။

မေး။ ။ဇီဝဟူသည်မှာ အဘယ်အရာကို ခေါ်ပါသနည်း။

ဖြေ။ ။ဇီဝဆိုသည်မှာ ရုပ်ဇီဝိတ, နာမ်ဇီဝိတ နှစ်မျိုးကို ဆိုပါသည်၊ နာမ်ဇီဝိတသည် ရုပ်ဇီဝိတကို အမှီပြုရမှ ဖြစ်ပေါ်နိုင်သည်၊ ရုပ်ဇီဝိတသည် နာမ်ဇီဝိတနှင့် ကင်း၍လည်း ဖြစ်ပေါ်နိုင်သည်၊ ၎င်းဇီဝိတကိုပင် ဇီဝဟုခေါ်ဆိုခြင်းဖြစ်၏၊ မြန်မာလိုပြန်လျှင် အသက်ဟုခေါ်သည်၊ ရုပ်ဇီဝသည် ရုပ်သက်, နာမ်ဇီဝသည် နာမ်သက်ပင်ဖြစ်၏။

မေး။ ။၎င်း ဇီဝခေါ်သည့်အသက်သည် အဘယ်အရာမှ ဖြစ်ပေါ်ထွက်လာနိုင်သနည်း။

ဖြေ။ ။ဇီဝဖြစ်ပေါ်နိုင်သည့် ပထမအခြေခံဒြပ်မှာ ရုက္ခနှင့် ဇလသာ ဖြစ်သည်၊ သစ်ပင်နှင့်ရေမှသာ ဖြစ်ပေါ်လာခဲ့ရ၏၊ ဤကမ္ဘာတွင်ဖြစ်စေ, အနန္တစကြာဝဠာနှင့် ဂြိုဟ်နက္ခတ်တို့၌ ဖြစ်စေ သက်ရှိသတ္တဝါရှိ-မရှိကိုသိလိုလျှင် သက်ရှိသတ္တဝါတို့ အမြဲမပြတ်စားနိုင် သောက်နိုင်သည့် အစာနှင့်ရေကိုသာ အကဲခပ်ရပါသည်။

၎င်းတို့မှာ အခြားမဟုတ်၊ ရုက္ခနှင့်ဇလနှစ်မျိုးသာ ဖြစ်ပေသည်၊ ရုက္ခဗေဒမှသာ အစာဖြစ်နိုင်သည်၊ ဓာတုဗေဒ, ဘူမိဗေဒပစ္စည်းများမှာ မည်သည့်အခါမှသက်ရှိသတ္တဝါတို့၏အစာမဟုတ်၊ ရုက္ခဗေဒရှိလျှင်ဇလဗေဒသည်လည်း ရှိရပါသည်၊ ထို့အတူဇလဗေဒရှိလျှင်လည်း ရုက္ခဗေဒရှိရပါသည်၊ တခုမရှိလျှင် တခုလည်းမရှိနိုင်ဟု မှတ်ပါလေ။

မေး။ ။၎င်းတို့နှစ်မျိုး ပြည့်စုံလျှင် ဇီဝ, ပါဏ, သတ္တ, မနုဿ အဘယ်မှရောက်ရှိလာကြပါသနည်း။

ဖြေ။ ။ဘယ်အရပ်ဘယ်ဒေသမှ ဖိတ်ခေါ်၍ရောက်ရှိလာကြသည်မဟုတ်၊ ၎င်းရုပ်ဒြပ်နှစ်ခုမှသာ ပေါ်ထွက်လာခဲ့ကြခြင်းဖြစ်သည်၊ ဆိုလိုရင်းမှာ- အစာမှအသက်ဖြစ်လာရသည်၊ အသက်တည်ရာ ရုပ်ဒြပ်သည်ပင် အစာပြန်ဖြစ်လာခဲ့ရပြန်သည်။

ဇီဝ,ပါဏ,သတ္တတို့မှာ ရုက္ခဗေဒနှင့် ဖြစ်စဉ်ဘဝထပ်ထည်း တူနေရသည်မှာ ရုက္ခ,ဇလတို့ပင် ဇီဝ,ပါဏ,သတ္တ၊ ၎င်းတို့ပင် ရုက္ခနှင့်ဇလဖြစ်စဉ်တူနေကြပြန်၍ "အစာလည်းဆေး၊ ဆေးလည်းအစာ"၊ ဆေးနှင့်အစာသည် ရုက္ခနှင့်ဇလ၊ ဇလနှင့်ရုက္ခမှာလည်း ပါဏ-သတ္တတို့ပင် ဖြစ်နေကြရသည်။

၎င်းတို့အားလုံးသည် တခုနှင့်တခု အပြန်အလှန် အညမည,သဟဇာ တနှစ်မျိုးစလုံး ဝင်ဆန့်နေကြ၏၊ ဓာတုဗေဒ, ဘူမိဗေဒ ရုပ်ဒြပ်တို့မှာ အထက်တွင်ဖော်ပြခဲ့သည့် အမျိုးစုအားလုံးနှင့် အညမညသာဖြစ်၍ သဟဇာတမဖြစ်၊ ထို့ကြောင့် သက်ရှိသတ္တဝါတို့နှင့် အသင့်ဆုံးဆေးနှင့် အစာမှာ ရုက္ခဗေဒနှင့် ၎င်းမှဖြစ်ပေါ်လာသည့် ပါဏ,သတ္တတို့သာ ဖြစ်၏။

သက်ရှိသတ္တဝါတို့နှင့် အညမညသာဖြစ်၍ သဟဇာတမဖြစ်သည့် ဖြစ်စဉ်ဒြပ်စဉ်မမှန်သည့် ဓာတုဗေဒ, ဘူမိဗေဒပစ္စည်းမျိုးနှင့် ပေါင်းစပ်ထားသည့် ဆေးနှင့်အစာတို့မှာ မည်မျှပင်အစွမ်းထက်၍ အပျောက်မြန်စေကာမူ မျက်မှောက်ဘဝတခု၏ အနာဂတ်မှာပင် ရောဂါဆန်းများ တမျိုးပြီးတမျိုး တိုးပွားလာတော့မည်ကို ကြိုတင်သိထားသင့်ပေသည်၊ ထို့ကြောင့်-

ဆေးကိုမသိလျှင်လည်း သစ်ပင်ကိုမေး။
ဘေးကိုမသိလျှင်လည်း သစ်ပင်ကိုမေး။

ဆေးပညာအစသည် ရုက္ခဗေဒကသာဖြစ်သလို ဆေးပညာ၏အဆုံးမှာလည်း ရုက္ခဗေဒသာဖြစ်၏၊ ဗုဒ္ဓဘုရား သက်တော်ထင်ရှားရှိစဉ် ရာဇဂြိုဟ်ပြည်သား ဆရာဇီဝကသည် တက္ကသိုလ်၌ပညာသင်ပြီး မိမိတိုင်းပြည်သို့ ပြန်ရန် ဒိသာပါမောက္ခဆရာကြီးထံ ခွင့်ပန်သည့်အခါဆေးဘက်မဝင်သည့် သစ်ပင်ကို အရှာခိုင်းသည်၊ဆေးဘက်မဝင်သည့်သစ်ပင်ကို ရှာဖွေမရသည့် အထိ ရုက္ခဗေဒကိုကျွမ်းကျင်သိမှ နေရင်းတိုင်းပြည်သို့ ပြန်ခွင့်ပြုလိုက်သည်။

မှတ်ချက်။ ။ဤရုက္ခဗေဒကိုဖော်ပြနေရသည်မှာ ဇီဝကိုသိပ္ပံသဘာဝကျကျ ရှာလိုလျှင် ဆေးပညာကို ကျောခိုင်း ထား၍ ရမည်မဟုတ်သည်ကိုသဘောပေါက်ထားမိ၍ဖြစ်ပါသည်။

**ဇီဝသည်ဂရုလော၊ လဟုလော၊ ဘယ်အရာနည်း**

ဇီဝဟူသည် ဂရုဓာတ်မဟုတ်၊ လဟုဓာတ်သာဖြစ်၏၊ ဂရုသည် အလေးဓာတ်, လဟုသည် အပေါ့ဓာတ်၊ ဂရုသည် မလှုပ်မရှက်ငြိမ်သက်၍ လဟုမှာလှုပ်ရှားလျင်မြန်သော သဘောရှိသည်၊ ထို့ကြောင့် အသက်ဝင်မှန်သမျှ ရွေ့လျားခြင်း, လှုပ်ရှားခြင်းနှင့်, လျင်မြန်ခြင်းသဘောကို ဆောင်တတ်သောကြောင့် ရေ, မြေ, လေ, မီး-ဓာတ်ကြီးလေးပါးတွင် ပထဝီ, အာပေါခေါ်သည့် မြေဓာတ်, ရေဓာတ်မဟုတ်ဟု ပြတ်သားစွာ

သိထားရပါမည်၊ ယင်းသို့ဖြစ်လျှင် အသက်သည် မီးဓာတ်၊ လေဓာတ် တို့နှင့်သာ သက်ဆိုင်လာ၏၊ အသက်သည် မီးဓာတ်လော-မဟုတ်ပါ၊ လေဓာတ်တခုတည်းနှင့်သာ သက်ဆိုင်သည်။

ဇီဝဗေဒဖြစ်ပေါ်နိုင်သည့် အခြေခံမှာ ဇလနှင့်ရက္ခ ဖြစ်သော်လည်း အခြေခံသာဖြစ်၏၊ ၎င်းတို့နှစ်မျိုးမှာ ဇီဝမဟုတ်၊ ဥဏှတေဇော၊ သီတ တေဇောနှစ်မျိုးတို့ အုပ်စိုးခြင်းလက်အောက်၌ စနစ်တကျ တုန့်ကန်ခြင်း၊ ဆွဲငင်ခြင်း နှစ်မျိုးဖြင့် လှုပ်ရှားနေသည့် လေနှင့်သာ သက်ဆိုင်ပါသည်။

လေ ပြေ၊ လေညှင်း လေသင်း လေအေးသည်လည်း အသက် မဟုတ်၊ ဥဏှသီတ အပေးအယူမျှ၍ ပေါ်ပေါက်လာရသည့် ရုက္ခဗေဒတွင် ရှိသည့် ထွက်လေနှင့်ဝင်လေကို စိတ်တရား၊ ကံတရားမပါသောကြောင့် ရုပ်သက်ဟုခေါ်သည်၊ သက်ရှိသတ္တဝါတို့၌ ဖြစ်ပေါ်နေသည့် လေကို ကံနှင့်စိတ် ဦးစီးလာသောကြောင့် နာမ်သက်ဟုခေါ်သည်။

သက်ရှိသက်မဲ့ နှစ်မျိုးစလုံးတွင်ရှိသည့် ထွက်လေကိုထွက်သက်ဟု ခေါ်သည်၊ဝင်လေကိုဝင်သက်ဟုခေါ်ပါသည်၊၎င်းလေနှစ်မျိုးစလုံးကိုပင် ပါဠိဘာသာအားဖြင့် အာယုဟု ခေါ်ပါသည်၊ အာယုပေါ်လာရသည် မှာ ဥသ္မာတေဇော ရှိနေပြီးမှဖြစ်ပေါ်လာရ၏၊ အာယုရှိနေသောကြောင့် ဥသ္မာ-တေဇော ပေါ်လာရသည်မဟုတ်၊ ဥသ္မာမရှိလျှင် အာယုလုံးလုံး ပေါ်နိုင်စွမ်းမရှိဟု သိထားရမည်။

မေး။ ။ထိုသို့ဖြစ်ခဲ့သော် ဥသ္မာတေဇောသည် အဘယ်အရာနည်း၊ ၎င်းတေဇော ဘယ်အတွက် ဖြစ်ပေါ်လာရသနည်း၊ ဤတေဇောသည် သက်ရှိသတ္တဝါတို့၌သာ ရှိသလော၊ သို့တည်းမဟုတ် သက်ရှိ သက်မဲ့နှစ်မျိုးစလုံး၌ပင် ရှိနိုင် သလော။

ဖြေ။ ။ဥသ္မာတေဇောဆိုသည်မှာ ပါစကဝမ်းမီး ပါစကတေဇော မှ တဆင့် ညှိညှိသက်သက် နွေးနွေးထွေးထွေး သက်ရှိသတ္တဝါတို့အတွက် အသက်ရှင်ရေး၊ ကျန်းမာရေး ဆေးတခွက်ဟုပင် ခေါ်လောက်သည့် ပါစကတေဇော၏ အကျိုးဆက် ငြင်သာသည့် ကိုယ်ငွေ့ကလေးကိုပင် ခေါ်ပါသည်။

၎င်းပါစကဝမ်းမီး၏အရှိန်ကြောင့် အာပေါဖြစ်သည့် သည်းခြေအိတ် မှာလည်း ပူနွေးနေရသည်၊ အောက်မှမီးအရှိန်ကြောင့် ရေနွေးအိုးအငွေ့

တက်နေရသကဲ့သို့ပင် ဖြစ်သည်၊ စင်စစ် သည်းခြေမှာအရည်သာဖြစ်သော်လည်း ပါစကဝမ်မီးကြောင့် အခိုးထွက်နေရသည်၊ သည်းခြေအငွေ့ တလူလူဖြစ်နေရသည်၊ သည်းခြေအခိုး မိုးသို့ပျံတက်သည်ဟူ၍လည်း ဆိုကြသည်၊ သည်းခြေမှာ အာပေါဓာတ် ရေဓာတ်ပင်ဖြစ်သော်လည်း ပါစကဝမ်းမီးကြောင့် အငွေ့ပူ ပူနေရခြင်းဖြစ်သည်၊ ဗိဇကအပူစစ်စစ်မဟုတ်၊ ဤနေရာ၌ဤမျှသာသိထားပါဦး။

မေး။ ။ထွက်သက် ဝင်သက်သည် ဥတုကြောင့်ဖြစ်၍ ပါစကတေဇောဝမ်းမီးကြောင့် ဥတုဖြစ်ရလျှင်ပါစကတေဇောမှာအဘယ်နည်း။

ဖြေ။ ။အပူကြောင့် သက်သက်ကြေကျက်ခြင်းနှင့် အအေးကြောင့်သက်သက်ကြေကျက်ခြင်းနှစ်မျိုးပေါင်းစပ်၍ ဖြစ်ပေါ်လာရသည့် ကြေကျက်ခြင်းနှစ်မျိုးကို ပါစကတေဇောခေါ်သည်၊ ထိုပါစကတေဇောသည် သက်ရှိသတ္တဝါတို့၌ ဥဏှ,သီတ ဥတုနှစ်မျိုးနှင့် အတိတ်ကံဘာရားကြောင့် ဖြစ်ပေါ်လာခဲ့ရသည်။

ရုက္ခဗေဒ သက်မဲ့တို့၌ရှိသည့် ပါစကတေဇောမှာ အတိတ်ကံဘာရားမပါ၊ ဥဏှ,သီတ ဥတုနိယာမကြောင့်သာ ဖြစ်ပေါ်လာခဲ့ရသည်၊ သက်မဲ့ ရုက္ခဗေဒတို့ မြေဆီမြေသြဇာနှင့် ရေကိုစုတ်ယူစားသောက်သမျှ အာဟာရတို့ကို သစ်ပင်၌ရှိသည့် ပါစကတို့က တွင်တွင်ချက်ပေးနေသောကြောင့် သစ်ပင်တို့မသေဘဲ ကြီးထွားလာရခြင်းဖြစ်သည်။

သစ်ပင်ဝါးပင်တို့၌ ပါစကရှိ၍ ဥတုအခိုးအငွေ့လည်း ရှိနေသည်၊ ဥတုရှိနေ၍ သစ်ပင်တို့၌ အာယုခေါ်သည့် ထွက်လေရှပ်သက်,ဝင်လေရှပ်သက် ရှိနေနိုင်သည်၊ သစ်ပင်တို့၌ ဥတုရှိသည်, အာယုရှိသည်, ဝိညာဉ်မရှိ၊ သက်ရှိသတ္တဝါတို့၌ ဥတုလည်းရှိသည်၊အာယုလည်းရှိသည်၊ ဝိညာဉ်လည်းရှိနေသည်၊ အာယု,ဥတု,ဝိညာဉ် ဤသုံးမျိုး လုံးဝကင်းပြတ်သွားသော သက်ရှိသတ္တဝါတို့ကို သေသည်ဟု ဗုဒ္ဓအဘိဓမ္မာတွင်ပြသည်။

သက်မဲ့ရုက္ခဗေဒသစ်ပင် စသောအရာတို့၌ ဥတုနှင့်အာယု နှစ်မျိုးမရှိလျှင် သေသည်ဟုမှတ်ရပါမည်၊ သစ်ပင်ဝါးပင်တို့၌ဖြစ်စေ, သက်ရှိသတ္တဝါတို့၌ဖြစ်စေ ကြီးထွားရှင်သန်နေကြရာ၌ ကြီးထွားခြင်းမှာ ပထဝီ

အာပေါ-ခေါ်သည့် မြေဓာတ်ရေဓာတ်တို့ကြောင့် ဖြစ်ရသည်၊ ရှင်သန်နေသည်မှာ ဥသ္မာတေဇောနှင့် အာယုခေါ်သည့် ထွက်လေဝင်လေတို့ကြောင့် ဖြစ်ရသည်။

ပါစကကြောင့်ဥသ္မာ ဖြစ်၍ ဥသ္မာကြောင့် အာယုဖြစ်ပေါ်လာသော်လည်း ပါစကနှင့်ဥသ္မာမှာ အသက်မဟုတ်၊ အာယုဟုခေါ်သည်းသာလျှင် အသက်ဖြစ်၏၊ အသက်ပျောက်လျှင် အသိဉာဏ်ဝိညာဉ်လည်း အလိုလိုပျောက်ပြီ၊ အသက်ရှိပြီး သတ္တဝါတို့မှ ပေါ်ပေါက်လာကြသည့် သတ္တဝါတို့၌အာယု, ဥသ္မာ, ဝိညာဉ်-ဤသုံးမျိုး စုံလင်စွာ ပေါ်ပေါက်လာကြသည်မှာ အဆန်းမဟုတ်သော်လည်း ရုက္ခဗေဒတို့မှ ဖြစ်ပေါ်လာကြသည့်ဇီဝဗေဒ, ပါဏဗေဒ, သတ္တဗေဒနှင့် မနုဿဗေဒတို့မှာ ဘယ်အတွက်အသက်ဝင်နေကြရသနည်း၊ သက်ရှိ သတ္တဝါတို့မှဘဆင့် သွေးဓာတ်မျိုးစေ့ကိုလည်း မရကြ၊ သစ်ပင်တို့၌ ရှိနေသည့် ဖိုဓာတ် မဓာတ်တို့မှာလည်း သက်မဲ့အရာများသာ ဖြစ်ကြ၍လျက် အသက်ဝိညာဉ် ဝင်လာရသည်မှာ ထူးခြားချက် တရပ်ပင်ဖြစ်နေခဲ့သည်။

မေး။ ။ရုက္ခဗေဒမှ ဝိညာဉ်စိတ် ဖြစ်ပေါ်လာနိုင်ပါသလား၊ သို့တည်းမဟုတ်ရုက္ခဗေဒသည်ဝိညာဉ်စိတ်ကိုဖိတ်ခေါ်နိုင်ပါသလား၊ ဖြစ်ပေါ်နိုင်သည် ဖြစ်စေ, ဖိတ်ခေါ်နိုင်သည် ဖြစ်စေ ရုက္ခဗေဒ၌ မည်သို့သော စွမ်းရည်များ ရှိပါသနည်း။

ဖြေ။ ။ရုက္ခဗေဒသည် သက်ရှိသတ္တဝါတို့ကဲ့သို့ပင် ပါစကရှိသည်၊ နာမ်သက်အာယုမရှိသော်လည်း ရုပ်သက် အာယုရှိသည်၊ ဇာတိ ဖြစ်စဉ်, ဇရာဖြစ်စဉ်, ဗျာဓိဖြစ်စဉ်, မရဏဖြစ်စဉ်ချင်းလည်း တူကြသည်၊ အစာရေစာ စားသုံးခြင်း, အညစ်အကြေး စွန့်ခြင်း, အိပ်ခြင်း လက္ခဏာများလည်း ရှိကြသည်။

သက်ရှိ သတ္တဝါတို့၌အစာအာဟာရ ရသရည်မှ တဆင့် သွေးအဖြစ်, သည်းခြေအဖြစ်သို့ အထင်အရှား ကူးပြောင်း သွားခဲ့ကြသကဲ့သို့ သစ်ပင်တို့၌ ဖြစ်ပေါ်လာသည့် အာဟာရ ရသရည်တို့မှာ အထင်အရှား သွေးအဖြစ်, သည်းခြေအဖြစ်သို့ ပြောင်းလဲမှုမရှိသော်သည်း သစ်ပင်တို့၌ ရသရည်သည် သွေးသဘာဝ,သည်းခြေသဘာဝ ရှိနေကြသည်၊ ထိုရသရည်ကို

သစ်ပင်တို့၌ ရှိနေပြီးဖြစ်သည့် ပါစကာတေဇောချက်ပြီးမှ ဝါယော လေ ဓာတ်အား အထက်သို့ ပို့ပေးနိုင်သည်ကို ထောက်၍ သိနိုင်သည်။

ဆိုလိုရင်းမှာ—သက်ရှိ သတ္တဝါတို့၌ သွေး၊ သည်းခြေ၊ လေ ရှိသကဲ့သို့ သက်မဲ့ သစ်ပင်တို့၌လည်း သွေး၊ သည်းခြေ၊ လေ သုံးမျိုး ရှိနေကြသည်ဟု ဆိုလိုရင်းဖြစ်၏၊ သက်ရှိသတ္တဝါတို့၌ အထက်တွင် ဖော်ပြခဲ့သည့် ဓာတ်တို့ (သမ) ဖြစ်နေကြသည့်အချိန်တွင် အာယုနှင့်ဥတုတို့ကြောင့် ထင်ရှားလာ ရသည့် ဝိညာဉ်မှာ တည်ငြိမ်စွာ ရပ်တည်နိုင်သည်၊ နှစ်ရှည်လများ တည် တံ့နိုင်သည်။

(ဝိသမ) ဖြစ်လာကြသည့်အခါ ရုပ်ဓာတ်ကိုသာ အမြဲအမှီပြုနေကြရ သည့် ဝိညာဉ်နာမ်ဓာတ်မှာ ဂဏှာမငြိမ် ဣန္ဒြေမရ ဖြစ်လာသည်၊ ထို အခါ ထွက်လေဝင်လေအပေါ် ဦးစီးကြီးကိုင်ထားသည့် စိတ္တဇဝါယော လေမှာလည်း ဖောက်ပြန်၍ ထွက်လေ ဝင်လေ မမှန်ခြင်း၊ အရူးအရိုက် ပိတ်ဆို့ခြင်းများ ဖြစ်လာသည်၊ ဤအခြေအနေမျိုးကို "မကျန်းမမာ ဖြစ်သည်" ဟု ခေါ်ပါသည်။

ဤနေရာ၌ ဝိညာဉ်သည် အသက်မဟုတ်၊ ထွက်သက် ဝင်သက်လေ သာ အသက်ဖြစ်သည်ကို ခွဲခြား၍သိရှိထားရန် လိုပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် အခြေခံဓာတ်တို့ အလွန်အမင်း ဖောက်ပြန် လာသည့်အချိန်တွင် ဝိညာဉ်နှင့် ထွက်လေဝင်လေတို့မှာလည်း ဂယောက် ဂယက် ဖြစ်လာကြသည်ကို လူမမာအသဲအသန် ဖြစ်လာသည်ဟု ခေါ် ပါသည်။

သွေး၊ သည်းခြေ၊ လေတို့ (အတိ-ဝိသမ) ဖြစ်လာကြသည့်အခါ ပါစက ပထမပျက်စီးလာကြသည်၊ ၎င်းနောက် သူနှင့်ကွင်းဆက်တကြောတည်း တသဘောတည်း ဖြစ်သည့် ဥတုပျက်လာသည်၊ ၎င်းနောက် သည်းခြေ ပျက်လာသည်၊ ထိုအချိန်တွင် အာယုမှာ အလွန်မငြိမ်သက်သောကြောင့် အမောဖောက်လာခဲ့သည်။

ဝိညာဉ်မှာလည်း ထောက်တည်ရာမရ နေရာသစ်တခုကို မရှာလျှင် မဖြစ်တော့သည့်အတိုင်း မျောက်သစ်ကိုင်းလွတ်မခံနိုင်၍ တွေ့သည့်နေရာ သစ်သို့ တဖြစ်လဲလိုက်သည်ကို သေသည်ဟု ခေါ်ပါသည်။

အသက်မပျောက်မီကပင် ဝိညာဉ်သည် နေရာသစ်ကို လက်ကမ်း၍ ဖမ်းမိဖမ်းရ ဖမ်းယူဆွဲကိုင်ထားပြီး ဖြစ်နေသည်၊ တနေရာမှတနေရာသို့ ရွှေ့ရသည့် ဂဒေါ်ဂမျော ပြောင်းရွှေ့ရသည့် သူတယောက်ကို ဆွေရင်း မျိုးချာနှင့် ခင်မင်သည့် မိတ်ဆွေရင်းတို့က ဝိုင်းဝန်းခမ်းမြန်း နှုတ်ဆက် ကြသည်ကိုပင် သတိမထား မကြားနိုင်သကဲ့သို့ ထိုဝိညာဉ်မှာလည်း ဆွေမျိုးဉာတိတို့ ဝိုင်းအုံကြည့်ရှုနေသည်ကိုလည်း သူမသိ၊ "မေးမထူး ခေါ်မကြား ဖြစ်သွားခဲ့သည်ကို မျှောနေသည်ဟု ဆိုကြခြင်းဖြစ်ပါပေ သတည်း။

မေး။ ။အဘယ်ရုပ်၊ အဘယ်ဓာတ်ကြောင့် ဝိညာဉ်ဖြစ်ပေါ်လာရ သနည်း၊ ဝိညာဉ် ရပ်တည်နေနိုင်သည်မှာ ဘယ်အခြေခံ ကြောင့် ဖြစ်ပါသနည်း။

ဖြေ။ ။ဝိညာဉ်ဖြစ်ပေါ်လာရသည်မှာ အခြေခံသွေးဓာတ်မှ ပေါ် ထွက်လာသည့် သည်းခြေကြောင့် ပေါ်ပေါက်လာရသည်၊ ဝိညာဉ်ရပ် တည် နေနိုင်သည်မှာ ပါစကအခြေခံဓာတ်မှ ပေါ်ထွက်ရသည့် ဥသ္မာနှင့် အာယုကြောင့်ပင် ဖြစ်သည်။

အာယုချုပ်ငြိမ်းလျှင် ဝိညာဉ်စိတ်လည်း ချုပ်ငြိမ်းရသည်၊ ပါစက တေဇော,ဥသ္မာတေဇော, သည်းခြေ-ဤသုံးမျိုးတွင် တမျိုးမျိုးချုပ်လျှင် ကျန်နှစ်မျိုးမှာလည်း တပြိုင်တည်းမရှေးမနှောင်း ချုပ်ငြိမ်းကြရသဖြင့် အရင်းလဲလျှင် [ ] အဖျားထင်း ဖြစ်သကဲ့သို့တည်း၊ သက်ရှိသတ္တဝါတို့၌ သွေးနှင့်သည်းခြေ အထင်အရှားရှိနေသကဲ့သို့ သက်မဲ့ရုက္ခဗေဒ သစ်ပင် ဝါးပင်တို့၌သွေးနှင့် သည်းခြေ ပေါ်ပေါ်လွင်လွင်မရှိသော်သည်း သွေး သဘာဝ,သည်းခြေသဘာဝကား ရှိနေကြ၏။

သွေး,သည်းခြေ,လေ, သလိပ်မှ အစ ၃၂–ကောဋ္ဌာသနှင့် ဥတုဇရုပ်, အာဟာရဇရုပ် မှန်သမျှတွင် ဝိညာဉ်စိတ်ကို ဖိတ်ခေါ်နိုင်သည့်စွမ်းရည်, ဝိညာဉ်စိတ်ဖြစ်ပေါ်စေနိုင်သည့် စွမ်းရည်ရှိသည့် ရုပ်မှာ သည်းခြေဓာတ် တခုတည်းသာ ရှိပေသည်။

သိလိုလျှင် အာယုဗ္ဗေဒဆေးပညာကို စေ့စေ့စပ်စပ် နက်နက်နဲနဲ လေ့လာရန်သာရှိပါသည်၊ ပညာကို ပွားများစေနိုင်သည်မှာ သည်းခြေ, ဉာဏ်ပညာကိုဖြစ်ပေါ်စေနိုင်သည်မှာ သည်းခြေ,အသိဉာဏ်ပညာမှာ ရုပ်မ

ဟု နာမ်ဓာတ်သာဖြစ်သတည်၊ စိတ်ဓာတ်သာဖြစ်သည်၊ သက်ရှိသတ္တဝါတို့နှင့် ရုက္ခဗေဒတို့မှာ ဖြစ်စဉ် ဒြပ်ချင်း တူညီကြ၍ သွေးနှင့်သည်းခြေတို့တွင် သက်ရှိပြီးသတ္တဝါတို့လောက် မပီပြင်ကြခြင်းမျှသာ ရှိသည်။

ထို့ကြောင့် သွေးနှင့်သည်းခြေဓာတ် ရှိနေကြသည့် ရုက္ခဗေဒတို့၌လည်း အသိဉာဏ်ဓာတ် နာမ်ဓာတ်တို့ သဘာဝအတိုင်း ပေါ်ပေါက်နိုင်၍ ရုက္ခဗေဒမှ ဇီဝဗေဒ, ပါဏဗေဒ, သတ္တဗေဒနှင့် မနုဿဗေဒတို့ ပေါ်ပေါက်လာရခြင်းဖြစ်၏၊ ဓာတုဗေဒပစ္စည်းနှင့် ဘူမိဗေဒပစ္စည်းတို့မှာ ပြဆိုခဲ့ပြီးသည့် ဖြစ်စဉ်မျိုး လုံးဝမရှိသဖြင့် ၎င်းတို့၌ ဇီဝဗေဒစသည်တို့ ဖြစ်ပေါ်မလာခဲ့သည်မှာ ထင်ရှားလောက်ပါပြီ။

ဤအကြောင်း အရာများကို စေ့စေ့စပ်စပ် နှိုက်နှိုက်ချွတ်ချွတ် လေ့လာဖော်ပြခဲ့ခြင်းမှာ အကြောင်း ရှိပါသည်၊ စာပေသည် စာပေ၌သာ အိပ်မောကျပြီး စာပေမှတဆင့် သဘာဝပန်းခိုင်ကို လှမ်းကိုင်နိုင်စွမ်းမရှိခဲ့လျှင် တိုးတက်သောလူမျိုးတမျိုး မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ဟု အခိုင်အမာ ယုံကြည်ထားပြီး ဖြစ်သောကြောင့် နှောင်းလူတို့ လုပ်ရည်ကိုင်ရည် ကြံရည်ဖန်ရည်တိုးတက်လာစေရန်သဘာဝကိုမြေလှန်၍ ဇီဝဗေဒကို ခြေရာခံထားချက်မျှသာဖြစ်သည်ဟု သဘော ပေါက်ထားစေချင်သည့် အကြောင်းပင်ဖြစ်ပါသတည်း။

## ဇီဝဗေဒစသည့်အပျိုးမျိုးတွင် မိုးထိုးအောင်ထူးချွန်သော မနုဿဗေဒအကြောင်းကိုပြဆိုခြင်း

ပါဠိဘာသာဖြင့်—မနုဿ၊ မြန်မာလို—လူ၊ မနုဿပုဒ်ကို သဒ္ဒါဆရာတို့ ဝိဂ္ဂြိုဟ်ပြုကြသည်၊ မနုနော အပစ္စံ—မနုဿော။ မနုနော—မနုအမည်ရှိသော မဟာသမ္မတမင်း၏၊ အပစ္စံ—သားတည်း၊ မနုဿော—မနုအမည်ရှိ မဟာသမ္မတမင်း၏သား၊ စင်စစ် လူသားအဆက်ဆက်တို့သည် မနုအမည်ရှိသော မဟာသမ္မတမင်း၏ သားများမဟုတ်၊မနုသမ္မတမင်း၏ အဆုံးအမ ဩဝါဒအတိုင်း လိုက်နာကျင့်ကြံကြ၍ သားအရာ၌ တည်သောကြောင့် သာ ဖြစ်သည်။

ဥပမာ—ရဟန်းတော်များ ဗုဒ္ဓ၏ပညတ်တော်အတိုင်း လိုက်နာကျင့်သုံးကြ၍ ဘုရားသားတော်ဟု ခေါ်သကဲ့သို့ကည်း၊ သဒ္ဒါဆရာတို့ မနုဿ

ပုဒ်ကို အကြောင်းဗျူပွတ်ရှာ၍ ဝိဂြိုဟ်ပြုထားကြခြင်းသာ ဖြစ်သည်၊ လယ်တီဆရာတော်ဘုရား ပါဠိဘာသာဖြင့် ရေးသားစီရင်သည့် ပရမတ္ထဒီပနီကျမ်းတွင် မနုဿပုဒ်ကို အောက်ပါအတိုင်း ဝိဂြိုဟ်ပြုထားခဲ့သည်၊ ဝိဂြိုဟ်မှာ "ဥဿိတော မနော ဧတေသန္တိ မနုဿာ" ဧတေသံ-ထိုသတ္တဝါတို့အား၊ ဥဿိတော-စိုက်ထူစွင့်စွင့် အထက်သို့မြင့်သော၊ မနော-စိတ်နှလုံးသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ တေ-ထိုပုဂ္ဂိုလ် သတ္တဝါတို့သည်၊ မနုဿာ—မနုဿမည်ကုန်၏။

ဤဝိဂြိုဟ်မှာ အသင့်ယုတ္တိရှိပါသည်၊ အဓိပ္ပါယ်မှာ အထက်သို့စွင့်စွင့် တလူလူမြင့်မားသော စိတ်ရှိကြသောကြောင့် မနုဿခေါ်သည်ဟု ဆိုလိုရင်းဖြစ်သည်၊ထိုသတ္တဝါတို့၏ စိတ်ဓာတ်မှာ အထက်အထက်သို့သာ အားယူ၍ တလွန့်လွန့်တလူလူ ဖြစ်ဒနေသောကြောင့် မြန်မာလို—လူဟုခေါ်ဆိုထားခြင်း ဖြစ်၏။

မှန်၏၊ လူသည် သာယာမှုအတွက်လည်း သက်ရှိသတ္တဝါများထဲတွင် အထက်သို့အရောက်ဆုံးအမြင့်ဆုံးဖြစ်နေကြသည်၊ တန်ခိုးအာဏာအတွက်လည်း ဤနည်းအတိုင်းပင်၊ ဘဝလွတ်မြောက်ကြောင်းတွင်လည်း အစွန့်စားဆုံး,အနစ်နာခံရတွင်လည်း စွမ်းအားအမြင့်ဆုံး၊ အလွန်ကျယ်ပြန့်၍ အလွန်ဆန်းပြားသည့် ယုတ်မာမှုကိုပြုရာ၌လည်း စံချိန်အမြင့်ဆုံး ဖြစ်နေခဲ့သည်။

သေရိဝဇာတ်တွင် ဒေဝဒတ်အလောင်း ရွှဲကုန်သည် အရောင်းထွက်ချိန်တွင် အထည်ကြီးပျက် မြေး,အဖွားနှစ်ဦးတို့က ကြေးညှော်အညစ်အကြေးတို့ဖြင့် လိမ်းကျံနေသည့် အဖိုးတသိန်းတန် ရွှေခွက်ကြီးကို ပဝက်မျှအဖိုးမတန်အောင် ပြောဆိုပြီး ဈေးချိုချိုနှင့် အလကားလိုလို အချောင်မျှရအောင် လိမ်လည်ရှိုညစ်ခဲ့ဘူး၏။

ဒေဝဒတ်ဘဝရောက်ပြန်တော့လည်း ဘုရားသစ်တဆူလို ဂယာသီသတော၌ တဂိုဏ်းထောင်ပြီး မင်းမူနေစဉ် ဘုရားရှင်အား ပေဘာတောင်စောင်းမှ ကျောက်မောင်းနှင့်လှိမ့်ချ၍ ခြေမတော်၌သွေးစိမ်းတည်အောင်ပြုခဲ့၏၊ သံဃာတော်ကိုလည်း ဂိုဏ်းခွဲခဲ့၏။

နောက်ဆုံးတွင် လေးသင်္ချေနှင့်ကမ္ဘာတသိန်း အနစ်နာခံ ကိုယ်ကျိုးစွန့်ပြီး လမ်းစဉ်အတိုင်း ပါရမီဖြည့်နေလျှင် ဘုရားဖြစ်နောက်ကျသွား

မည်ကိုစိုး၍ ဖြတ်လမ်းလိုက်ခဲ့ပုံမှာ တဆယ့်ခြောက်နှစ် အရွယ်သာရှိသေးသည့် အဇာတသတ်မင်းသားကလေးအား ဖြားယောင်းပြီး—

"သင်လည်း သင့်အဖေကိုသတ်၍ ရှင်ဘုရင်သစ် တကာသစ်လုပ်လော့၊ ငါလည်း ဘုရားဟောင်း အရှင်ဂေါတမကို သတ်၍ ဘုရားသစ် ဆရာသစ် လုပ်တော့မည်"—

ဟု အဝိစိကို လက်တဆုံ နှိုက်၍ ကမ်းကုန်အောင် မိုက်ခဲ့သည်၊ သူ၏ စိတ်မနောမှာအမိုက်ဆုံးစံချိန်၊အမြင့်ဆုံးစံချိန်ဖြင့် ထိပ်ဆုံးသို့သာ တလူလူ လူယျက် အမိုက်မှောင်တံခွန်စိုက်၍တိမ်တိုက်အတွင်းသို့ အရောက် လူခဲ့၏၊ လူ လူ သူ—လူပုံချိုးကား ဖြတ်လမ်းသမားအချောင်သမားဘဝ လူမျိုးဖြင့် လူနဲ့ခြင်းပင်ဖြစ်သည်။

သာယာမှုအတွက် မြင့်မားရာ၌ တိရစ္ဆာန်တို့သည် အလိုသုံးမျိုးသာသိ၍ တိရစ္ဆာန်ဟုခေါ်ဆိုထားသည်၊ အလိုသုံးမျိုးမှာ– စားလိုသည်၊ အိပ်လိုသည်၊ မေထုန်မှီဝဲလိုသည်၊ ဤသုံးမျိုးပြည့်စုံလျှင် သူတို့ဘဝအတွက် လုံလောက်ပြီ၊ တောသုံးတောင်ကိုအစိုးရသည့် ကေသရာဇာခြင်္သေ့မင်းသည် ထို့ထက်သာသည့် လူချမ်းသာ၊နတ်ချမ်းသာကို သူမတောင့်တ။

လူသည် လူ့စည်းစိမ်၊နတ်စည်းစိမ်ကိုလည်း မှန်းသည်၊ လက်ရှိနယ်ပယ်အကျယ်အဝန်း၊ တန်ခိုးအာဏာနှင့်၊ စည်းစိမ်ချမ်းသာဖြင့် မကျေနပ်နိုင်၊ ဘဝလွတ်မြောက်ရေးတွင်လည်း ပကတိသာဝကဆုဖြင့် မတင်းတိမ်နိုင်၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပစ္စေကဗုဒ္ဓါ၊ သမ္မာသမ္ဗောဓိအဖြစ်တိုင်အောင် အဆက်သို့အားယူ၍ တလူလူဘက်ချင်သောကြောင့် သူမတူအောင်စွန့်စားသည်၊ ကိုယ်ကျိုးစွန့်သည်၊ အနစ်နာခံသည်၊ မနောကံအလုပ်၊ ဝစီကံအလုပ်၊ ကာယကံအလုပ်ဖြင့် တကုဘ်ကုဘ်ကြိုးစား၍ ပါရမီဖြည့်ခဲ့သည်၊ ကံသုံးပါးစလုံး အလုပ်မလုပ်ဘဲ ဘာသိအကျိုးကိုမှ မရနိုင်သည်ကို တခြားသတ္တဝါတို့ထက် အသိဉာဏ်ပိုသည်၊ ထိုကံသုံးမျိုးဖြင့်သာ လက်တွေ့ဘဝ၌လည်း အကျိုးပေါ်လာနိုင်သကဲ့သို့ တမလွန်ဘဝတွင်သည်း ဤနည်းနှင်နှင်ဖြစ်သည်ကို သဘောပေါက်ထားခဲ့ကြသည်။

၁။ ဗောဓိသတ္တ-ဘုရားလောင်းတို့သည် ကမ္ဘာ့အရေးအတွက်အားဖြင့် အသင်္ချေဂဏန်းအထိပင်ပန်းခံခဲ့ကြပေသည်၊ ဂင်္ဂါဝါဠု

သဲစုမက ပွင့်တော်မူကြသည့် ဘုရားရှင်တို့တွင် ခြေမွေးမိးမလောင်၊ လက်မွေးမီးမလောင်၊ အချောင်ဘုရားတဆူမျှ မပွင့်ခဲ့ကြပါတကား၊ တန်ခိုးဘဲ ဖြစ်ဖြစ်၊ အကျိုး ဘဲဖြစ်ဖြစ် အကြောင်းတရားနှင့် ကင်းသောတန်ခိုးမျိုးအကျိုးမျိုးဟူသည် မရှိ။

၂။ "အလုပ်မလုပ်ဘဲ အကျိုးတရား ရောက်လာသည်" ဟူသော အချက်ကိုလည်း အဘယ်ဗုဒ္ဓမှ လက်မခံခဲ့၊ "ကိုယ်ပြုကိုယ်စံ–ကိုယ်လုပ်ကိုယ်ခံ" မျက်မှောက် လောက တရားရုံးများတွင် တရားခံ အစားထိုး၍ မရသကဲ့သို့ တမလွန် သံသရာရုံးတွင်လည်း တရားခံကို အစားထိုး၍မရ၊ သဘာဝကလည်း လက်မခံ။

၃။ ဗုဒ္ဓအဆက်ဆက်မှာ ရှေးကလည်းလက်မခံ၊ ယခုလည်းလက်မခံ၊ နောင်လည်း လက်ခံ၍မရ၊ သဘာဝက ပယ်ချမည်သာ ဖြစ်၏၊ "ကိုယ်လုပ်ကိုယ်ရ" ဌင်းသည်ပင် ဗုဒ္ဓအဆက်ဆက်တို့၏ ဝါဒဖြစ်ပေသည်။

၄။ ဗုဒ္ဓသည် ဇီဝ, ပါဏ, သတ္တ, ဝေနေယျ, မနုဿဗေဒတို့တွင် ကံသုံးပါး အလုပ်သဘော အားကြောင့် လူတွင်ထင်ရှား၍ ဘုရား အဖြစ်သို့ ရောက်ခဲ့ရ၏၊ ဗုဒ္ဓဘုရားရှင် တို့သည် အထက်သို့သာ စိတ်အားယူ၍ တလူလူ ဖြစ်နေကြသည့် လူသား၊ အပေါင်းတို့တွင် စိုက်ထူစွင့်စွင့် မြင့်သထက် မြင့်လျက် ဘဝလွတ်မြောက်၊ လောကမှ လွတ်မြောက်၊ ထွက်ပေါက်ကို ယူ၍ တလူလူ ဖြစ်ခဲ့သတည်း။

**မေး။** ။သတ္တဗေဒ အမျိုးမျိုးတွင် မနုဿဗေဒသည် အဘယ်သဘာဝကြောင့် ထူးခြားနေခဲ့ရပါသနည်း။

**ဖြေ။** ။ပဋိသန္ဓေစိတ် အကြောင်းခံသည့် ကံတရား၏ထူးခြားချက်ကြောင့် မနုဿဗေဒသည် သတ္တဗေဒထဲတွင် ထူးခြားမှု ရှိနေရပေသည်၊ အဟိတ်တိရစ္ဆာန်တို့၌ အဟိတ်စိတ်ဖြင့်သာ သန္ဓေ ယူ၍ မနုဿဗေဒတို့မှာ မဟာကုသိုလ်မှတဆင့် ပေါ်လာရသည့် မဟာဝိပါက် စိတ်ဖြင့် သန္ဓေယူခဲ့ကြရ၍ဖြစ်သည်။

ဥက္ကာမှာတွင်ရှင်း, ၃၁-ဘုံတွင်ရှင်း သက်ရှိ, သက်မဲ့ဟု နှစ်မျိုးသာ ရှိသည်၊ ဓာတ်အားဖြင့် သခ်တဓာတ်, အသခ်တဓာတ်ဟူ၍ နှစ်မျိုးရှိရာ သခ်တဓာတ်နယ်တွင်း ဥတုနိယာမ ချယ်လှယ်မှုကြောင့် ပူမှု, အေးမှု ရုပ် နှစ်ခု ရှိခဲ့၏၊ ထို ပူမှု, အေးမှု ရုပ်နှစ်ခုကို အမှီပြု၍ ဖြစ်ပေါ်လာခဲ့သည့် နာမ်ဓာတ် စိတ်ဓာတ်မှာလည်း အေးမှု ရုပ်ဝတ္ထု၏ အစွမ်းကြောင့် အေးမြ ကြည်လင်ဖြူစင်သည့် နာမ်ဓာတ်စိတ်ဓာတ် ဖြစ်ပေါ်လာရ၏၊ ပူမှု ရုပ်ဝတ္ထု အစွမ်းကြောင့် ပူလောင်ညစ်နွမ်းသည့် နာမ်ဓာတ်စိတ်ဓာတ် ဖြစ်လာရ၏၊ နာမ်ဓာတ် စိတ်ဓာတ်သည် ရုပ်ဓာတ်နှင့်ကင်း၍ ထီးထီး ရပ်တည်နိုင်စွမ်း မရှိသည်ကိုကား ရှေးဦးစွာ သိထားပါ။

သက်မဲ့ အရာဝတ္ထုတို့၌ ရုပ်တမျိုးတည်းသာ ရှိခဲ့သော်လည်း သက်ရှိ သတ္တဝါတို့၌ ရုပ်နာမ် နှစ်မျိုးစလုံး တည်ရှိခဲ့ကြသည်၊ ရုပ်သည် တည်ရာ ဌာန အမှီခံဓာတ်ဖြစ်၍ နာမ်သည်ဤအမှီဓာတ်သက်သက် ဖြစ်၏၊ နာမ် မှုန်သမျှ ရုပ်ကိုသာ အမှီပြုကြရ၍ သက်ရှိသတ္တဝါဟု ခေါ်သော သတ္တ လောကမှန်သမျှ ရုပ်နှင့်လည်း ကင်း၍မရ ဘာသာရေးအရ အရူပ ပြဟ္မာတို့၌ပင် အလှန်သိမ်မွေ့သည့် သီတ,ဥဏှ ရှိနေကြ၏၊ နာမ်သည် ရုပ်ကိုအမှီပြုရသဖြင့်ရုပ်ပူလျှင်နာမ်လည်း ပူလာရမြဲ ဖြစ်၏၊ထို့အတူ ရုပ် အေးလျှင်လည်း နာမ်အေးလာရမြဲဖြစ်သည်၊ ရုပ်ပူမှာ ဥတုကြောင့်ဖြစ်၍ ရုပ်အေးမှာ သီတကြောင့်ဖြစ်သည်။

လုံးလုံးလျားလျား နာမ်ဓာတ်နှင့် ကင်းကွာနေသည့် အရာဝတ္ထုကြီး ကို ဩကာသလောကဟု ခေါ်သည်၊ ထိုသတ္တလောကနှင့် ဩကာသ လောက နှစ်မျိုးစလုံးကို ဥပါဒ်-ဌီ-ဘင် အစဉ်မပြတ် ဖြစ်တတ်ပျက်တတ် သည်ကို အစွဲပြု၍ မမြဲသဖြင့် သင်္ခါရ လောကဟု ခေါ်သည်၊ သင်္ခါရ လောကမှာ အသီးအခြား မရှိ၊ ထိုသတ္တလောကနှင့် ဩကာသလောက နှစ်ခု အပြစ်နှင့်အပျက် အခိုက်အတန့်ကိုပင် သင်္ခါရလောကဟု အမည် တပ်လိုက်ခြင်းဖြစ်၏။

မေး။ ။သဘာဝအားဖြင့် တည်ရာမှီရာ ဩကာသရှိပြီးမှသာ သတ္တ လောက ဖြစ်ပေါ်လာနိုင်သည် ဖြစ်သောကြောင့် ဘယ် အတွက် ဗုဒ္ဓတရားတော်တွင် ဩကာသလောကကို အဦး

အစ မပြတ် သတ္တလောက, သင်္ခါရလောက, ဩကာသ
လောကဟု သဘာဝအစဉ်ကို ကမောက်ကမဖြစ်အောင်
ဖော်ပြခဲ့သနည်း။

ဖြေ။ ။အနိစ္စသဘောကို ဗုဒ္ဓဟောကြားတော်မူသည့်အခါ ဤဩကာသခေါ်သည့် ကမ္ဘာမြေကို လက်ညှိုးညွှန်ပြနေ၍ အနိစ္စထင်မြင်နိုင်ရန် ခဲယဉ်းသဖြင့် အနိစ္စတရား ထင်မြင်နိုင်သည့် သတ္တဝါခေါ် သတ္တလောကကို ရှေ့တန်းတင်၍ ဒေသနက္ကမဟောစဉ်ဖြင့် ပြတော်မူခဲ့၏၊ ပဝတ္တိက္ကမ သဘာဝဖြစ်စဉ်မဟုတ်။

နာမ်သည်၊ ဝါ-စိတ်သည် ရုပ်ကိုအမှီပြုမှသာ တည်တံ့ နိုင်သဖြင့် ဥတုဓာတ်ရုပ်ကိုအမှီပြု၍ ဖြစ်ပေါ်လာသည့် နာမ်ဓာတ် စိတ်ဓာတ်မှာ ပုလောင်သော နာမ်ဓာတ်, ညစ်နွမ်းသောနာမ်ဓာတ်အဖြစ် ထင်ရှားလာခဲ့၏၊ ၎င်းပုဥတုဓာတ်၏ သတ္တိမှာ အရှိန်အဟုန်ရှိသည်, ပေါ့ပါးသည်, လျင်မြန်သည်ဖြစ်၍ ပါဠိဘာသာဖြင့် လဟုဟူ၍ ခေါ်သည်။

အရှိန်အဟုန်ရှိ၍ ပေါ့ပါးလျင်မြန်သဖြင့် သူ၏ လှုပ်ရှားမှုမှန်သမျှ အချိန်တိုနှင့် ပြီးသည်ဖြစ်၍ ပါဠိဘာသာဖြင့် ရဿဟုခေါ်၏၊ အပူတေဇောဓာတ်၏ မိတ်ဖက်မှာ လေဓာတ်ဖြစ်၍ တေဇောဓာတ်ဖြစ်လျှင် ဝါယောဓာတ်လည်း ဖြစ်လာရတော့၏။

ပူမှုကြောင့် ကောက်ခြင်း, ကွေးခြင်း, တွန့်လိမ်ခြင်း သဘာဝ ပေါ်လာရ၏၊ လည်းနှင့်သွားလာရာမှ မီးရထားပေါ်လာ၍ နွေးကွေး လေ.လံရာမှ လျင်မြန်ခြင်း-လဟုသဘာဝ ပေါ်လာရ၏၊ အချိန်တိုနှင့် ကိစ္စပြီးသဖြင့် ရဿသဘာဝ ပေါ်လာရ၏၊ လူတို့အနေဖြင့် ထိုလဟု-ရဿကို ပို၍နှစ်သက်သဘောကျလာကြ၏၊ မီးရထားမှ လေယာဉ်-ဂျက်, ၎င်းမှ ဒုံးပျံအထိ လျင်မြန်သည်တို့ကို လိုလားနှစ်သက်၍ တီထွင်ဖန်တီးလာကြ၏။

လက်ရှိသတ္တဝါတို့ သန္တာန်၌ ဥတုဓာတ် တနေ့တခြား ကိန်းအောင်းလာ၍ လဟုနှင့် ရဿကို အလွန်လိုလားနှစ်သက်လာကြ၏၊ ခေါ်ရာပြောရာ ရေးသားရာနှင့် လှုပ်ရှားမှုမှန်သမျှ အတိုရဿကိုသာ နှစ်သက်သုံးစွဲလာကြသည်၊ ရှည်ရှည်ခေါ်ရပြောရ ရေးရသွားလာလှုပ်ရှား ရသည်ကို မနှစ်မြို့နိုင်, စိတ်မရှည်နိုင်, သည်းမခံနိုင်ဖြစ်လာကြရ၏။

ရုပ်ပူလာသောကြောင့် နာမ်ပူလာကြပြီး ဥဏှုဓာတ်လွှမ်းမိုးများပြားလာကြ၍ သို့ခကျွက် "ဖဆပလ–ပမညတ" စသည်ဖြင့် အတိုကောက်ရေးသတို့ ခေတ်စားပြီး အခေကာင်းထင်နှစ်ခြိုက်လာကြ၏၊ ခေါ်ရာပြောရာ၌ပင် ပဟေဠိဆန် အတိုကောက်သုံးလာသည်၊ ပထမကျော်ကိုပင် "ပီ·ကေ" ဟုခေါ်လာ ရေးလာကြသည်။

တဖန် အပူဥဏှုတို့၏ သဘာဝဓာတ် လိုက်လာ၍ ရေးသားရာ၌ စာကောင်းစာဖြောင့်ကို မနှစ်သက်ကြတော့ဘဲ ရှုတ်တရက်ဖတ်၍ပင် မသဲကွဲနိုင်သည့် စာလိမ်စာတွန့် စာကောက်များကိုသာ နှစ်သက်လာကြ၏၊ ရေးသားလာကြ၏၊ ရုပ်ပူ၍နာမ်ပူလာရ၏၊ နာမ်ပူလာသဖြင့် ထိုနာမ်ကြောင့်ဖြစ်သည့် နာမဇ, စိတ္တဇရုပ်များ ပူလာရ၏၊ ရုပ်နှစ်ခု, နာမ်တခု ပေါင်းသုံးခုစလုံး ဥဏှုဓာတ်တွေသာ ဖြစ်နေတော့၏၊ လူတိရစ္ဆာန်မရွေး သက်ရှိသတ္တဝါတို့တွင် အပူဥဏှုရုပ်နှစ်ခု, အပူနာမ်တခု များပြား၍ ဥဏှုဓာတ်ကြီးစိုးလာသည့်အခါ ကမ္ဘာလောကဓာတ်တခုလုံး သိမ်းကျုံး၍ ပူလာတော့သည်။

လူတို့၏လှုပ်ရှားမှုဟူသရွေ့ လဟုနှင့်ရယ တနေ့တခြား သုံးစွဲသူများပြားလာပါမူ ဤကမ္ဘာသည် မည်သည့်နည်းနှင့်မျှ အေးချမ်းသာနိုင်တော့မည်မဟုတ်၊ အဘယ်ကြောင့်နည်း၊ အရေးကြီးဆုံး သိပ္ပံပညာမှာ အပူဥဏှုတေဇော, ဝါယောဓာတ်တို့၏ အစွမ်းသတ္တိများကိုသာ တနေ့တခြား တနေ့ထက်တနေ့ ပိုမို၍ရှာကြံခြင်း, ထုတ်ယူခြင်း အလုပ်များကိုသာ ဦးစားပေးလုပ်ကိုင်လာသောကြောင့်ဖြစ်၏။

ဥဏှုဓာတ် ကြီးလာလျှင် သီတဓာတ်များ အားနည်းလာရမြဲဖြစ်၏၊ ပေါ့ပါးလျှင်မြန်ခြင်း- လဟုနှင့်ရယကို သုံးစွဲလာသည်နှင့်အမျှ လေးကန်နှေးကွေးခြင်း သဘောရှိသည့် ဂရုဒိဿဟုဆိုအပ်သည့်–

၁။ အချိန်ကြာမှုပြီးခြင်း, အချိန်ယူလုပ်ကိုင်ခြင်း၊
၂။ ခေါင်း အေးအေးထား၍ စဉ်းစဉ်းစားစားပြောဆိုခြင်း,ခေါ်ဝေါ်ခြင်း, ရေးသားခြင်း,လှုပ်ရှားခြင်း၊
၃။ ဖြောင့်တန်းညီညာသည့် အရေးအသားမျိုးကို ကြာသည်ဟု ထင်မြင်လာခြင်း၊

၄။ စိတ်ရှည်ရသည့်အလုပ်မျိုးကို သည်းမခံနိုင်ခြင်း, မချုပ်တည်းနိုင်ခြင်း, ထိုအလုပ်မျိုးကို ရှိန်ရှာလာခြင်း၊
၅။ စကားနှင့်သဘောင်ရင်း အေးဆေး စွာဆွေးနွေးရမည့် ပြဿနာမျိုးကို ရှည်သည် ကြာသည်ဟု သဘောထား၍ လက်ရုံးအားကိုးလုပ်ကိုင်မှုဖြင့် မြန်ဆန်မှုကိုလိုသွားခြင်း၊
၆။ မဖြစ်လျှင်ဖြစ်သလို ဖြစ်နိုင်သည့်စနစ်တခုဖြင့် မှန်ကန်မှုကို ကျော်ခိုင်းပြီး အမြန်ပြီးလိုခြင်း—

စသည့်သဘောထားမှုနှင့် လုပ်ရှားမှုများ ခေတ်စားလာတတ်၏၊ အတိုချုပ်ဖော်ပြရသော် ဥတုခေတ်များ ကြီးစိုးလွှမ်းမိုးလာလျှင် လဟုနှင့်ရဿကို နှစ်သက်လာကြ၍ စိတ်ရှည်မှု, သည်းခံမှု နည်းလာသည်၊ အမှားများလာမည်၊ မဲနက်လာမည်၊ စိတ်ညစ်တေးလာမည်။

သီတခေတ် များပြားကြီးစိုးလွှမ်းမိုးလာလျှင် ဂရုနှင့်ဒီဃကို နှစ်သက်လာကြ၍ ကိုယ်အေးစိတ်အေးဖြစ်, စိတ်ရှည်ရှည်ထားနိုင်ပြီး သည်းခံစိတ်ရှိလာကြ၏၊ အမှန်များလာမည့် စိတ်ဖြူဖွေးစင်ကြယ်လာမည်။

## ဥတု သီတခေါက်နှစ်ပျိုးနှင့် ဝမ္မကြောင်း

သစ်ပင်, ဝါးပင်တို့၏ အသီးဟူသမျှတို့၌ မရင့်ကျက် သေးသည့်အချိန်တွင် မိမိတို့၏ မူလအရသာနှင့် အကျိုးသွားတို့ကို ထင်ရှားအောင်မပြနိုင်သေးပေ၊ ရင့်ကျက်လာသည့် အခါမျိုး ရောက်မှ သာ မူလအရသာနှင့် အကျိုးသွားများကို ထင်ရှားစွာပြနိုင်ခဲ့၏၊ ဥပမာ—သံပုရာသီးသည် ချဉ်၏၊ သရက်သီးသည် ချို၏၊ သန္တာသည်၍ အပွင့်ဖြစ်သည်နှင့် ထိုအရသာ များကို ဆောင်နိုင်ကြသည်မဟုတ်သေး။

အတောင့်ကြီး အသီးမှာလာသည့် အချိန်ရောက်မှ အရသာနှင့် အကျိုးသွား ထင်ရှားလာကြရသည်၊ ထို့အတူ ဥတု, သီတခေါ်သည့် ဥတုဇ—နိယာမရုပ်ဝတ္ထုကို အမှီပြုမှ ဖြစ်ပေါ်လာရသည့် နာမ်ခေတ်ခေါ် စိတ်ခေတ်မှာလည်း ဥပ္ပါဒက္ခဏ—ဖြစ်ပေါ်စတွင် စေတသိက်တရားတို့ မဖြစ်ပေါ်မီအခိုက် အပူနာမ်ခေတ်, အအေးနာမ်ခေတ် မခွဲခြားအပ်သေး၊ ခွဲခြား၍မရသေး၊ ပြိုးပြိုးပြက်ပြက် တလက်လက် ရှိနေကြစဉ် နောက်မှ ပေါ်လာသည့် အာဂန္တုက စေတသိက်တရား တို့ကြောင့် ညစ်နွမ်းပူလောင်

သည့်စိတ်၊ အေးမြကြည်လင် ဖြူစင်သည့်စိတ်ဟူ၍ ခြားခြားနားနား ပေါ်ထွက်သွားရ၏။

ထိုနာမ်ဓာတ်နှစ်မျိုးနှင့် အခံဓာတ်ရုပ် နှစ်မျိုးတို့၏ အခြင်းအရာ လက္ခဏာနှင့် အကြောင်းအကျိုးသဘာဝတို့ကို ဗုဒ္ဓမပေါ်မီ နှစ်ပေါင်း များစွာကကြံဆသူ၊ တွေးတောသူတွေ ရှိခဲ့ကြပြီး ရေးသားဟောပြော သူတွေလည်း ရှိခဲ့ကြ၏၊ ၎င်းအတွေးသမား၊ အရေးသမား၊ အပြော သမားတို့ကြောင့် ဝါဒအမျိုးမျိုး ပေါ်ပေါက်ခဲ့၏၊ ထိုဝါဒအမျိုးမျိုး ကို သက်ခံယုံကြည်သော ပုဂ္ဂိုလ်တို့ကြောင့် အဖွဲ့အစည်း အမျိုးမျိုး၊ ဂိုဏ်းဂဏအမျိုးမျိုး ပေါ်ပေါက်လာခဲ့ကြ၏၊ ထိုအယူဝါဒတို့မှာ ၆၂- မျိုးပင် ရှိခဲ့ဘူး၏။

ဗုဒ္ဓပွင့်ပေါ်လာသည့်အခါ ထို ၆၂-မျိုးသော ဝါဒအယူအဆများ၏ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိဟု ညွှန်ကြားခဲ့၏၊ မိစ္ဆာ-မှားယွင်း ဖောက်ပြန် မမှန်ကန်ဘဲ၊ ဒိဋ္ဌိ-သိမြင်ခြင်း။

## ဥတုနိယာမ

ဥတုဆိုသည်မှာ ဥဏှဓာတ်၊ သီတဓာတ်နှစ်ခု ပေါင်းစပ်ထားသည်ကို ဆိုသည်၊ နိယာမမှာ မြဲခြင်းကိုဆိုသည်၊ ဥဏှ၊ သီတဓာတ် အမြဲမပြတ် ဖြစ်နေသည်ကို ဥတုနိယာမဟုခေါ်သည်၊ ထိုဥတုနိယာမ၏ အကျယ် အဝန်းမှာ ၃၁-ဘုံဖြစ်သည်၊ နေ-လ နှစ်ပါး၏ ပူမှု၊ အေးမှုနှစ်ခု တွေ့ထိ နေရသည်၊ ဤကမ္ဘာတွင်ရှိသည့် ဥတုဇမှာ ကြမ်းတမ်းသော ဥတုဇ ဖြစ်၍ နေ-လ နှစ်ပါး၏ ပူမှု၊အေးမှု နှစ်ခုမှ ကင်းကွာနေသည့် ဘုံဌာန တို့၌ ရှိသည့် ဥဏှ၊ သီတဓာတ်တို့မှာ သိမ်မွေ့နူးညံ့၏။

၃၁-ဘုံတွင် ဥဏှ၊သီတ ရှိနေသဖြင့် ၎င်း ၃၁-ဘုံကို ပါဠိဘာသာဖြင့် သခ်တနယ်ဟု ခေါ်၏၊ မြန်မာလို ဆိုသော် ပူမှု၊ အေးမှု ဤနှစ်ခုတို့၏ ပြုပြင်စီရင်ခြင်းကို ခံနေရသည့်နယ်ဟု ဆိုလိုရင်းဖြစ်သည်။

နိယာမမြဲပုံမှာ အဖြစ်အပျက်မကင်းသေးသဖြင့် အားလုံး ရုပ်ဝတ္ထုနှင့် နာမ်ဓာတ်မှန်သမျှ ဖြစ်လျှင် ကေန် ပျက်ရမည်ဖြစ်၍ အနိစ္စဟု သခ်ဘ နယ်ဘခွင်လုံးကို သိမ်းကျုံး ပြဆိုထားတော်မူခဲ့သည်။

သခ်တနယ်တခုလုံးတွင် ဥဏှ,သီတ ရှိနေသဖြင့် ဖိုဓာတ်, မဓာတ်လည်း ရှိနေရ၏၊ နာမ်ပူ နာမ်အေး, စိတ်ပူ စိတ်အေးလည်း ရှိနေရ၏၊ စိတ်ပူ စိတ်အေး ဖြစ်ပေါ်မှုကြောင့် စိတ္တဇ ဥဏှရုပ်, စိတ္တဇ သီတရုပ် ဖြစ်ပေါ်နေရ၏၊ ဥဏှဓာတ်,သီတဓာတ် နှစ်ရပ် ပေါင်းစပ်လျက် ရှိသော ဥတုဇ နိယာမကြီးသည် တက်ကပ် ဆုတ်ကပ်တို့ နှစ်ရပ်ကိုလည်း ဖြစ်ပေါ်စေနိုင်၏၊ဘုရားပွင့်ရာအချိန်ကာလခေတ်ကိုလည်း ဖြစ်စေခဲ့၏။

ဖိုဓာတ်, မဓာတ် ရှိနေသောကြောင့် ပေါက်ဖွားမှုလည်း ရှိနေရ၏၊ သက်မဲ့ ပေါက်ဖွားမှုနှင့် သက်ရှိ ပေါက်ဖွားမှု နှစ်မျိုးစလုံးကို ဆိုသည်၊ သစ်ပင်,ဝါးပင်တို့နှင့် သက်ရှိသတ္တဝါတို့ကို ဆိုလိုပါသည်။

အပူနှင့်အအေး, ဖိုမဓာတ်တို့သည် ဤကမ္ဘာနှင့် ၃၁-ဘုံတွင် အစဉ်မပြတ် အမြဲရပ်တည်နေခဲ့၏၊ အရာလည်း ကျယ်ဝန်းနက်ရှိုင်းပြီး သဘောသဘာဝ သိမ်မွေ့လှပြီး လောကဓာတ်တခုလုံးကို ချယ်လှယ်နိုင်ပြီး တန်ခိုးလည်းကြီး၏။

ဥဏှအပူဖိုဓာတ်နှင့် အမအအေးသီတဓာတ်တို့ ၃၁-ဘုံလောကဓာတ်ကြီးတွင် မပြတ်သောအစဉ်ဖြင့် တည်ရှိနေခဲ့လျှင် ပူအေး, ဖိုမဓာတ်တို့၏ သဘာဝသတ္တိအတိုင်း ပေါက်ဖွားမှုကား မပြတ်သောအစဉ်ဖြင့် ရှိနေရမည်သာတည်း။

ဥတုနိယာမစသော နိယာမငါးပါးရှိနေသည်ကို ဗုဒ္ဓညွှန်ပြပြီး ဖြစ်သဖြင့် အပူနှင့်အအေး, အဖိုနှင့်အမ ပေါက်ဖွားမှုလည်း မပြတ်သော အစဉ်ဖြင့် တည်ရှိနေသည်ဟူသော အဓိပ္ပါယ်မှာ တိုက်ရိုက်မပြောဘဲ အလိုလိုပြီးနေပြီဖြစ်၏။

ထို့ကြောင့် ရှေးရှေးက ဂင်္ဂါဝါဠု သဲစုမက ဘုရားရှင်ပေါင်း မည်မျှပင် ပွင့်တော်မူပြီး မည်မျှပင် ကယ်တင်နေစေကာမူ ပေါက်ဖွားမှုလည်း မကုန်, သတ္တဝါတွေလည်း မကုန်နိုင် ဆိုသည့် အဓိပ္ပါယ်မှာလည်း ထင်ရှားနေပြီ ဖြစ်ပါသတည်း။

နေ-လတို့၏ ပူမှုအေးမှုနှစ်ခုတို့ တိုက်ရိုက်တွေ့ထိနေရသည့် ဤကမ္ဘာမြေပြင်တွင် ရှိနေသည့် ဥတုဇမှာ ကြမ်းတမ်းသဖြင့် ကြမ်းတမ်းသော ကိုယ်ဝန်ဆောင်မှုဖြင့် ပေါက်ဖွားကြရ၏။

ကြွင်းသောဘုံဌာနတို့၌ရှိသည့် ဥတုဇ ဥဖျ သီတ, ဖိုမခါတ်တို့မှာ သိမ်မွေ့နူးညံ့သောကြောင့် သိမ်မွေ့သော အတွေ့အထိကြောင့် သိမ်မွေ့စွာပင် ပေါက်ဖွားလာခဲ့ကြ၏၊ ထို့ကြောင့် နတ်ပြဟ္မာတို့၌ ကိုယ်ဝန်တည်၍ ဖွားမြင်မှုမရှိ၊ အိပ်သောယောကျ်ား နိုးသောလားကဲ့သို့ ဘွားကနဲ ပေါ်ပေါက်၍ စုတေသည့်အခါလည်း မီးတောက်တခု ငြိမ်းသွားသကဲ့သို့ ရှိသဖြင့် ဥတုဇရုပ်မကြွင်းတော့ပြီ။

## တက်ကပ်နှင့်ဆုတ်ကပ်

မဟာဘုတ်လေးပါးတွင် ပထဝီနှင့် အာပေါဓာတ်မှာ မိတ်ဖက်လည်းဖြစ်, သီတဓာတ်ဦးစီး၍ ဒီဃကြိုက်, ဂရုကြိုက်များဖြစ်ကြသည်။

ဤဓာတ်နှစ်မျိုး တိုးတက်ကြီးပွားလာသည့်အချိန်, စိုးမိုးလာသည့်အချိန်တွင် အေးချမ်းခြင်း, ဖြောင့်မတ်ခြင်း, စိတ်ရှည်ခြင်း, ရိုးသားခြင်း, ဖြူစင်ခြင်း,သည်းခံခြင်း, အလိုရမ္မက်နည်းခြင်း, ပူပန်မှုနည်းခြင်း စသောဂုဏ်များ တိုးပွားလာတတ်၏။

တေဇောနှင့်ဝါယောဓာတ်မှာ မိတ်ဖက်လည်းဖြစ်, ဥဏှဓာတ်ဦးစီး၍ ရဿကြိုက်, လဟုကြိုက်များ ဖြစ်ကြသည်၊ ဤဓာတ်နှစ်မျိုး တိုးတက်ကြီးပွား စိုးမိုးလာချိန်တွင် ပထဝီ, အာပေါဓာတ်တို့ အင်အားနည်းမြဲဖြစ်၍ ပူပန်မှုများခြင်း, ညစ်နွမ်းခြင်း, မရိုးသားခြင်း, စိတ်တိုခြင်းစသည့် ဝါယော, တေဇောဂုဏ်များ ဖြစ်သည့် လဟု, ရဿတို့ကို လူတို့နှစ်သက်မြတ်နိုးလာကြ၏၊ တေဇော, ဝါယောဓာတ်တို့၏ အစွမ်းသတ္တိများကို တိုး၍တိုး၍ ကြိုးစားထုတ်ဖော်လာကြတော့၏။

ထိုသက်မဲ့ရုပ်ဝတ္ထုများနှင့် သက်ရှိလူသတ္တဝါတို့သန္တာန်ရှိသည့် စိတ်ကြောင့်ဖြစ်သော စိတ္တဇ ပထဝီရုပ်, စိတ္တဇ အာပေါရုပ်, စိတ္တဇ တေဇောရုပ်, စိတ္တဇ ဝါယောရုပ်လေးခု ရှိသည်တွင် စိတ္တဇ ပထဝီနှင့် အာပေါရုပ်တို့မှာ ထိုအပြင်အပကြံဆတီထွင်ထားသည့် သက်မဲ့တေဇော, ဝါယောဓာတ်တို့နှင့် မိတ်ဖက်မဟုတ်၊ ရန်ဖက်ဖြစ်နေကြ၍ ငြိမ်ငြိမ်ဆိမ်ဆိမ် ဣန္ဒြေရရ ရှိနေကြသော်လည်း စိတ္တဇတေဇောနှင့် ဝါယောဓာတ် တို့မှာ သဘောတူ ရုပ်ချင်းဖြစ်၍ အညမည ဖြစ်သွားကြတော့၏။

မီးမီးချင်း, လေလေချင်း ခေတ်ချင်းပေါင်းကူး အထူးလှုပ်ရှားကြသည့်အချိန်တွင် သက်ရှိသတ္တဝါတို့၏ ခန္ဓာအိမ်၌ မီးသတ္တိ, လေသတ္တိ အတိုင်း နိုင်ငံရေး, စီးပွားရေး, ပညာရေး, အချစ်ရေး, အိမ်ထောင်ရေး အစစအားလုံး သွေးဆူသွေးပူလာကြတော့သည်၊ ကျကား တေဇော သတ္တိသာ ရှိသေးသည်၊ ဝါယောသတ္တိဖြင့် မြန်မြန်လုပ်ချင်း မြန်မြန် ဖြစ်ချင်လာကြ၏။

လူတိုင်း၏သန္တာန်၌ ဖြစ်ပေါ်လာသည့် တေဇော, ဝါယောရုပ်မှာ စိတ်ခေတ်နာမ်ခေတ်မှ ပေါက်ဖွားဖြစ်ပေါ်၍ သိပ္ပံဟုမခေါ်ကြသော်သည်း တီထွင်ကြဆ၍ ပေါ်လာရသော အပြင်ရုပ်ဝတ္ထုတို့မှရအပ်သည့် တေဇော, ဝါယောရုပ်တို့ကိုမူကား သိပ္ပံပညာများဟု ခေါ်ဝေါ်သမုတ်ကြတော့၏။

သိပ္ပံပညာတွင် တေဇောနှင့်ဝါယောခေတ်တို့မှာ အဓိကဇာတ်ကောင် များပင်ဖြစ်၏၊ ရုပ်ဝတ္ထုတို့၌ရှိသည့် တေ-ဝါရုပ်တို့မှာ ဥတုဇရုပ်မှဖြစ်လာ၏၊ သက်ရှိသတ္တဝါတို့၌ရှိသည့် စိတ္တဇတေဇောရုပ်, ဝါယောရုပ်တို့ကို အပြင်ဗဟိဒ္ဓ ဥတုဇတေဇော, ဝါယောရုပ်တို့က လှုံ့ဆော်ပေးလိုက်သည့် အချိန်တွင် သက်ရှိသတ္တဝါတို့ကို အလိုရမ္မက်အတိုင်း စီးပွားရေး,သွေးဆူ သွေးပူချင်လာကြတော့၏၊ သက်ရှိလူသတ္တဝါတို့ နာမ်ခေတ်စိတ်ခေတ် ဆန်းကြယ်သည်နှင့်အမျှ ရုပ်ဝတ္ထုတို့ ဆန်းကြယ်ဖြစ်ပေါ်လာကြကုန်၏။

ထိုဆန်းကြယ်တပ်မက် နှစ်သက်သာယာစရာကောင်းသည့် ရုပ်ဝတ္ထုမျိုးပေါင်း မြောက်မြားစွာပေါ်လာသည်ကို သိပ္ပံပညာ ထွန်းကားလာသည်ဟုခေါ်သည်၊ဘာသာရေးစကားနှင့်ပြောလျှင်ဝတ္ထုကာမတွေ များလာသည်ဟုဆိုသည်၊ ထိုသာယာစရာ ကောင်းသည့် ရုပ်ဝတ္ထုတိုင်းကို သာယာတပ်မက် နှစ်သက်စိတ် ဖြစ်ပေါ်လာသည်ကို ကိလေသာကာမ တွေ များပြားလာသည်ဟု ခေါ်ပါသည်။

ဆန်းဆန်းပေါ်သလောက် တခုမကျန်လိုချင်ခံစားချင်လာသည်၊လူခန္ဓာကား ခြေ-လက်နှစ်ဖက်နှင့် ခါတိုင်းဝင်နေကျဝင်ငွေသာရှိ၍ မလုံလောက်တော့သဖြင့် အချိန်ပို အလုပ်ဘာမျိုး ထပ်လုပ်ပြီး ကြိုးစား ကြသော်လည်း မပြည့်စုံမှုကြောင့် ဒုစရိုက်ဖြင့် ငွေရှာလာကြတော့၏။

တရားသည့်မတရားသည် ပဓာနမထားတော့ပြီ၊မင်း၏ဥပဒေကိုလည်း အပြစ်ဖြစ်မည်ကိုသိလျက် ချိုးဖောက်လာကြသည်၊ ဗုဒ္ဓစည်းမျဉ်းကိုလည်း ပစ္စုပ္ပန်တမလွန်အတွက် အခက်ကြီးခက်မည်သိလျက် ချိုးဖောက်လာကြ၏၊ဗဟုသုတအကြားအမြင်မှာ ရှေးလူတွေထက် အဖက်ဖတ်က တိုးတက်လာသည်ကားမှန်၏၊ သစ္စာနှင့်သမာဓိ စာရိတ္တရှိမှုကား ရှေးလူတွေနှင့် ကွာခြားခဲ့၏။

ဟောတတ်၍ဟောနေကြ၏၊ပြောတတ်ရေးတတ်၍ ပြော–ရေးနေကြ၏၊ ဗဟုသုတခေတ်သာဖြစ်၏၊ စာရိတ္တခေတ် မဟုတ်တော့ပြီ။

## နာမ်ဓာတ်နှစ်မျိုး ပေါ်လာပုံ

သန္တက နယ်အတွင်း ဥတုဇ နိယာမများ ချယ်လှယ်မှုကြောင့် ပူမှု အေးမှု ရုပ်နှစ်ခု ရှိလာခဲ့၏၊ ထိုရုပ်နှစ်ခုကို အမှီပြု၍ ဖြစ်ပေါ်လာခဲ့သည့် နာမ်ဓာတ် စိတ်ဓာတ်မှာလည်း ပူမှု ရုပ်ဝတ္ထု၏ အစွမ်းကြောင့် ပူလောင် ညစ်နွမ်းသည့် နာမ်ဓာတ်ဖြစ်လာရ၏၊အေးမှု ရုပ်ဝတ္ထု၏အစွမ်းကြောင့် အေးမြကြည်လင် ဖြူစင်သည့် နာမ်ဓာတ်ဖြစ်ပေါ်လာရ၏။

ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကို ရသည့်အချိန်ကစ၍ ထိုဉာဏ်တော်ဖြင့် သဘာ၀နှစ်ခုတို့၏ အခြင်းအရာ လက္ခဏာနှင့်တကွ ညစ်နွမ်း ပူလောင်သော အပူဉာဏ်နာမ်ဓာတ်၏ သတ္တိတန်ခိုး၊ အေးမြဖြူစင်သော အအေးသီတနာမ်ဓာတ်၏ သတ္တိ တန်ခိုးတို့ကို အတွေးအခေါ် ကြံစည်ချက်မျိုးဖြင့် မဟုတ်တော့ဘဲ ကြည်လင်သောမှန်ပြင်တွင် ပြတ်ပြတ်သားသား အရိပ်ထင်လာသည့်နည်းတူဗုဒ္ဓ၏နှလုံးသား အကြည်ဓာတ် ဉာဏ်တော်မြတ်တွင် ပြတ်သားစွာ ထင်တော်မူခဲ့၏၊ ထိုနာမ်ဓာတ် နှစ်မျိုးတို့၏ အစွမ်းသတ္တိများကို အကြွင်းမရှိ သိမြင်ခဲ့၏၊ သိတော်မူသည့် အတိုင်း ညွှန်ပြတော်မူခဲ့၏။

ညွှန်ပြတော်မူဟန်ကား–

၁။ ကုသလာဓမ္မာ၊

၂။ အကုသလာဓမ္မာ–

ဟူသော သဘာ၀အားဖြင့် ထင်ရှားရှိသော တရားနှစ်ပါးပင်တည်း။

အနက်မြန်မာပြန်ကား–

၁။ ကုသလာ–အပြစ်မရှိ ကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာ ရှိကုန်သော၊ ဓမ္မာ–သတ္တလည်း မဟုတ်၊ ဇီဝလည်း မဟုတ်ကုန်သော သဘာဝဓမ္မတို့သည်၊ သံဝိဇ္ဇန္တိ–ပရမတ္ထ အားဖြင့် အထင်အရှားရှိကုန်၏။

၂။ အကုသလာ–အပြစ်နှင့်တကွ မကောင်းကျိုးကို ပေးခြင်း လက္ခဏာ ရှိကုန်သော၊ ဓမ္မာ–သတ္တလည်းမဟုတ်၊ ဇီဝလည်း မဟုတ်ကုန်သော သဘာဝဓမ္မတို့သည်၊ သံဝိဇ္ဇန္တိ–ပရမတ္ထအားဖြင့် အထင်အရှား ရှိကုန်၏။

အေးမြကြည်လင် ဖြူစင်သည့် သိတ နာမ်ခေါတ်သည် ဖြစ်ပေါ်လာသောအခါ အပြစ်မရှိ၊ ကောင်းကျိုးကိုသာ ပေးသည့်လက္ခဏာ ရှိသည်၊ သို့ရာတွင် ထိုသိတ နာမ်ခေါတ်သည် သတ္တဝါလည်း မဟုတ်၊ သက်ရှိ လက္ခဏာဇီဝလည်းမဟုတ်၊ မည်သူ၏ ဩဇာအမိန့်အာဏာကြောင့်လည်း မဟုတ်၊ ဓမ္မနိယာမအားဖြင့် အလိုလိုဖြစ်ပေါ်လာသည့် သဘာဝတခုပင် ဖြစ်၏ဟူလို။

၎င်းကိုပါဠိလို "ကုသလာဓမ္မာ"ဟု ခေါ်၏၊ ကုသလာဓမ္မာကို ဤသို့ ပြလျှင် ၎င်း၏ ဆန့်ကျင်ဘက်ဖြစ်သည့် အကုသလာဓမ္မာ၏ သဘာဝတို့ ပြောင်းပြန်အားဖြင့် အဓိပ္ပါယ်သိလောက်ပြီ၊ အပူဥတုရုပ်ခံကြောင့် အပူစိတ် အကုသိုလ်စိတ်ဖြစ်လျှင် အအေးသိတရုပ်ခံကြောင့် အအေးကုသိုလ် စိတ် ဖြစ်လာရ၏။

**မေး။** ။သက်ရှိသတ္တဝါ တဦးတယောက်၌ အပူနာမ်ခေါတ် ညစ်နွမ်းသော အကုသိုလ်စိတ်နှင့် အအေးနာမ်ခေါတ် ဖြူစင်အေးမြသည့် ကုသိုလ်စိတ် အဘယ်အရာက အဖြစ်များသနည်း။

**ဖြေ။** ။သိတထက် ဥဏှက အားသာနေသောကြောင့် အပူနာမ်ခေါတ် အကုသိုလ်စိတ် အဖြစ်များရမည်သာတည်း။ (ဤကား သဘာဝ) "ပါပသ္မိံ ရမတိ မနော"ဟု ဗုဒ္ဓမိန့်ဆို၏၊ မြန်မာလိုဆိုသော် မကောင်းမှု၌သာ စိတ်သည် မွေ့လျော်တတ်၏။ (ဤကားသာဓက)။

## စိတ်နှင့် စေတသိက်တို့ ပေါ်လာရပုံအကြောင်း

စိတ်, စေတသိက်တရားတို့သည် နာမ်ဓာတ်ဖြစ်၍ မည်သည့် အချိန်တွင်မဆို ရုပ်ကိုအမှီပြုပြီးမှ ဖြစ်ပေါ်လာရပုံ, သက်ရှိသတ္တဝါတို့၌ စိတ်ဝိညာဉ်အဆက်ဆက် ပေါ်ထွက်လာပုံတို့မှာ အဆန်းမဟုတ်သော်လည်း ရုက္ခဗေဒတို့၌ စိတ်ဝိညာဉ်ပေါ်လာရပုံများကို ဗီဇနိယာမ အခန်းတွင် ပြခဲ့ပြီးဖြစ်၏၊ ထိုတွင် ဥတုနိယာမမှာ-ပထမ၊ ဗီဇနိယာမမှာ-ဒုတိယ၊ စိတ္တနိယာမမှာ-တတိယမြောက်ဖြစ်၏။

မေး။ ။သတ္တဗေဒ ပထမပေါ်မလာဘဲ စိတ္တနိယာမဖြစ်ပေါ်ရိုးမရှိ၊ ယင်းသို့ဖြစ်လျှင် စိတ္တနိယာမတွင် ဖြစ်ပေါ်စ စိတ်သည် ကုသိုလ်စိတ်လော၊ သို့မဟုတ် အကုသိုလ် စိတ်လော။

ဖြေ။ ။ဥပ္ပါဒက္ခဏ—ဖြစ်ပေါ်လာစ စိတ်သည် ပြိုးပြိုး ပြက်ပြက် ညှိသက်စင်ကြယ်၍ တောက်ပြောင်နေသည်ဟု ဗုဒ္ဓအဘိဓမ္မာတွင် ဆို၏၊ နောက်မှဖြစ်ပေါ်လာသည့် စေတသိက်တရားတို့ကြောင့် ညစ်နွမ်းသွားရသည်ဟု ဆိုသည်၊ ဥပမာ—စိတ်သည်ရေနှင့်တူ၍ စေတသိက်တရားတို့မှာ အနီ, အဝါ, အစိမ်း, အညို, အမဲ, အဖြူစသော ဆေးမှုန့်များ ရောစပ်မှုကြောင့် အရောင်အမျိုးမျိုး ပေါ်ထွက်လာရသည်နှင့် တူသည်ဟု ဆိုထားသည်၊ ဤဥပမာမှာ မြင်လွယ်ထင်လွယ်အောင် ဆောင်ထားသည့် ဥပမာသာ ဖြစ်သည်။

စိတ်သည် ပထမဖြစ်ပေါ်စ ပြိုးပြောင်တောက်ပ နေသည်ကိုသာ ဆိုထားသည်၊ဖြူဖွေးကြည်လင်သော စိတ်အဆင့်သို့ မရောက်သေး၊ စေတသိက်နှင့်ယှဉ်တွဲ၍ အာရုံကိုယူဆောင်လာသည်။ အတူတူ၊ ဖြစ်အတူချုပ်အတူ၊ ၎င်းတို့နှစ်မျိုးစလုံး၏တည်ရာချင်းလည်းတူနေကြသည်။

မေး။ ။စိတ်သည်ဖြစ်ပေါ်စမှာ တောက်ပြောင်နေသော်လည်း၊ ဖြူဖွေးနေသည်မဟုတ်၊ အဖြူရောင်မဟုတ်၊ ယင်းသို့ဖြစ်လျှင် အဖြူရောင် ဖြစ်လာသည့်အခါ ညစ်နွမ်းသည်ဟုဆိုမည်လော၊ စင်ကြယ်ကောင်းမြတ်သည့် သောဘဏစေတသိက်များ ယှဉ်လာသည့်အခါ ၎င်းစိတ်ကို အဖြူဟုပင်ပြောမည်လော၊ သို့မဟုတ် ညစ်နွမ်းသွားသည်ဟူ၍ပင်ပြောမည်လော။

ဖြေ။ ။ဖြူသည်ဟုဆိုလျှင်ငင်းအဖြူကိုပင် ညစ်နွမ်းသည်ဟုခေါ်ရပါသည်၊ အခြားဘယ်အရောင်ပေါ်ပေါ် ညစ်နွမ်းသည်ဟုပင် ခေါ်ရပါမည်၊ ဤနေရာ၌ မူလတောက်ပြောင်မှုမှ ပြောင်းလဲခြင်း, ချွတ်ယွင်းခြင်း ကိုပင် ညစ်နွမ်းသည်ဟု မှတ်ယူရပေမည်၊မှန်၏—ကုသိုလ်စိတ်ပင်ဖြစ်ဖြစ်,အကုသိုလ်စိတ်ပင်ဖြစ်ဖြစ် ညစ်နွမ်းသည့်ဘာဝေါတရား ရှိနေ၍သာ "အာသဝေါ" မကုန်သေးဘဲ ဖြစ်နေကြသည်။

တကယ်ညစ်နွမ်းမှုကင်းသည့်စိတ်ဓာတ်ရှိပြီးဖြစ်သော ဘုရား,ရဟန္တာ အရှင်သူမြတ်တို့၌ကုသိုလ်,အကုသိုလ်စိတ်မရှိ,ကြိယာစိတ်သာဖြစ်နေရသည် မဟုတ်ပါလော၊ အာရုံအသစ်ကြောင့် စေတသိက် အသစ်အသစ်များ မဖြစ်သေးဘဲရှိနေသည်၊ဖြစ်ပေါ်စ ပြိုးပြက်နေသည့်စိတ်, တောက်ပြောင်နေသည့်စိတ်မှာ ဘဝင်စိတ်ဖြစ်သည်၊ထိုဘဝင်စိတ်၌ ကုသိုလ်စိတ်,အကုသိုလ်စိတ်မရှိသေး၊အာရုံကြောင့် နောက်မှပေါ်လာသည့် စေတသိက်တရားတို့ကြောင့် သောဘဏစိတ်, အသောဘဏစိတ်, ကုသိုလ်စိတ်, အကုသိုလ်စိတ် စသည်ဖြစ်ပေါ်လာရ၏။

မေး။ ။စိတ်ဖြစ်ပေါ်ပြီးသည့်အခါ စေတသိက် အဘယ်မှ ရောက်ရှိလာခဲ့ပါသနည်း။

ဖြေ။ ။တခြားမှ ယှဉ်ကပ်လာရောက်သည်မဟုတ်၊စေတသိက်ပေါ်လာရသည်မှာ အာရုံကြောင့် ဘဝင်စိတ်အတွင်းမှပင် ပေါ်လာရသည်။

မေး။ ။ဘဝင်စိတ်တွင်ရောင်စုံနှင့်တူသည့် အမျိုးအမည်ပြားသော စေတသိက် တရားတို့ ဘယ်အတွက် ပေါ်လာရသနည်း၊ အဘယ်သဘာဝ တရား၏သတ္တိပေနည်း။

ဖြေ။ ။ဘဝင်စိတ်၏ မှီရာ, တည်ရာဖြစ်သည့်, ရုပ်တွေတွင် ငိုသည့် ဥတု သီတ, အပူဓာတ် အအေးဓာတ်ကြောင့်ဖြစ်ပေါ်လာရသည်၊အပူရုပ်ခံကြောင့် အပူနာမ်–အပူစိတ် ဖြစ်ပေါ်လာရသည်၊ အပူ စေတသိက် အမျိုးမျိုး ဖြစ်ပေါ်လာရသည်၊ ညစ်နွမ်းသည်, မှောင်သည်၊ အအေးရုပ်ခံကြောင့် အအေးနာမ်-အအေးစိတ် ဖြစ်ပေါ်လာရသည်၊ အအေးစေတသိက်အမျိုးမျိုး ပေါ်လာရအည်၊ဖြူစင်သည်, အလင်းရောင်ရှိသည်။

ဘဝင်စိတ်သည်အတိတ်ကာလက အတိတ်ဘဝကဆွဲကိုင်ခဲ့သည့် အာရုံဟောင်းကိုဆုပ်ကိုင်ထားသည်အာရုံဟောင်းမှပစ္စုပ္ပန်အာရုံသစ်ကိုပြောင်း၍

အဟောင်းကို ခေတ္တလွှတ်ပြီး အသစ်ကို ဆွဲကိုင်မိသည့်ခဏတွင် သုံးသပ်မိသည့် အာရုံကို မှန်ကန်စွာ မြင်တတ်၍ ယောနိသော မနသိကာရဖြစ်လျှင်၊ ဝါ-လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ကိုယ်ကျင့်ဆည်းကပ်ရေး၊ ဘဝကျွတ်လွှတ်ရေး စသည်တို့၌ သင့်လျော်အောင် နှလုံးသွင်းတတ်လျှင်၊ ဝါ-အထက်တွင် ဖော်ပြခဲ့သည့် အကြောင်းတွေကို နေရာဌာန၊ ကာလ၊ ဒေသ၊ ထုံးတမ်းဓလေ့ အလိုက် အဆင်ပြေအောင် နှလုံးသွင်းတတ်လျှင် ဖြူစင် တောက်ပြောင် အရောင်ရှိသောစိတ် ပေါ်လာရသည်၊ ၎င်းကိုပင် ကုသိုလ်စိတ် ဖြစ်ပေါ်လာသည်ဟု ခေါ်ပါသည်။

ထိုအခါ ဘဝင်စိတ်မှာ ကုသိုလ်စိတ် ပေါ်သည်ဟု ခေါ်ပါသည်၊ အာရုံသစ်ကိစ္စ ပြီးဆုံးသွားသည့်အခါ အတိတ် ဘဝက ဆွဲကိုင်လာသည့် အာရုံဟောင်းကို ပြန်၍အာရုံပြုသည့်အချိန်ကို ဘဝင်စိတ် ပြန်ကျသည်ဟု ခေါ်ပါသည်။

ထို့အတူ အာရုံသစ်ကိုယူရာ၌ အယောနိသောမနသိကာရ ဖြစ်နေလျှင် သင့်တင့်အောင်နှလုံးမသွင်းတတ်လျှင်၊ ဝါ-နေရာ ဌာနတိုင်း အဆင်ပြေအောင် မမြင်တတ် မကြည့်တတ်လျှင် ညစ်နွမ်းသောစိတ်၊ မည်းညိုသောစိတ်၊ အလင်းရောင်ကင်းသောစိတ်ပေါ်လာရသည်၊ ၎င်းကိုပင် အကုသိုလ်စိတ် ပေါ်လာသည်ဟု ခေါ်ပါသည်၊ ထိုအခါ ဘဝင်စိတ်မှ အကုသိုလ်စိတ်ပြောင်းပြီဟု ခေါ်ပါသည်။

အာရုံသစ် ပေါ်တိုင်း မှန်ကန်စွာ နှလုံးသွင်းတတ်သူ ယောနိသော မနသိကာရ ရှိသူတို့၌ ကုသိုလ်စိတ်ဖြစ်၍ အယောနိသောမနသိကာရ ရှိသူတို့ အကုသိုလ်စိတ်ဖြစ်ကြ၏၊ ရူပါရုံတခု ပေါ်လာသည့်အခါ သုဘသညာ အမှတ်ဖြင့် ဤအာရုံကလေးကို မူရာသဏ္ဌာန် ဟန်ပန်ပြောင်းပျော့ အလွန်ကြော့သည်ဟု စိတ်ဆော့တိုင်း ကြံမှားမိလျှင် ပူလောင်စိတ် ညစ်နွမ်းစိတ် အလင်းရောင် ကင်းသောစိတ် ပေါ်လာပြီး နှလုံးသွင်း မှန်လျှင် အပြန်အားဖြင့်သိပါလေ။

ဘဝင်စိတ်မှ ကုသိုလ်စိတ်၊ အကုသိုလ်စိတ် ဖြစ်လာရသည်မှာ ပထမ ဘဝင်စိတ်ကို ပစ္စုပ္ပန်အာရုံရိုက်ခတ်လာ၍ အာရုံကိုကြံတတ်သိတတ်သည့် နာမ်သဘာဝတခု ပေါ်လာရ၏၊ ၎င်းကိုပင် စိတ်ဟုခေါ်သည်။

၎င်းစိတ်နှင့်အတူတကွ တပြိုင်ထည်း ပေါ်လာရသည့် စေတသိက်တို့မှာ ယောနိသောမနသိကာရကြောင့် တင့်တယ် ကောင်းမြတ်သော စေတသိက်များ ဖြစ်ပေါ်လာကြသလို၊ အယောနိသောမနသိ ကာရကြောင့်လည်း ယုတ်ညံ့သည့် စေတသိက်တွေ ပေါ်လာရသည်။

မေး။ ။ဘဝင်စိတ်သည် ယခုမျက်မှောက်ဘဝ၌ တွေ့ကြုံခဲ့ရသည့် အတိတ်အာရုံ, လေးလောဆယ်ကြုံတွေ့နေရသည့် ပစ္စုပ္ပန်အာရုံ, မကြုံရမတွေ့ရသေးဘဲလျက် သူပြော လူပြောကြောင့် စိတ်ကူးယဉ်နေရသည့် အနာဂတ်အာရုံ တခုခုနှင့် လုံးဝကင်းသွားသည့်အချိန်တွင် ၎င်းဘဝင်စိတ်သည် အဘယ်အရာကို အာရုံပြုနေပါသနည်း။

ဖြေ။ ။ဤဘဝသို့မရောက်မီ သေခါနီး မရဏာသန္နအချိန်က ဖမ်းယူထားခဲ့သည်၊ ယခုဘဝအတိတ်မဟုတ်၊ လွန်ခဲ့သည့်ဘဝက အတိတ်အာရုံ၌သာ ကျက်စားနေခဲ့သည်၊ ထိုအချိန်တွင် ဘဝင်ကျနေသည်ဟု ခေါ်ပါ၏၊ အိပ်ပျော်နေသည့် အချိန်တွင်ဖြစ်စေ, နိုးနေသည့်အချိန်တွင်ဖြစ်စေ ပစ္စုပ္ပန်အာရုံတခုခုကို ပြုနေမြဲပင်ဖြစ်သည်၊ ဘဝင်စိတ်သည် ကာလသုံးပါးအာရုံနှင့် ကင်းနေသောအခါဟုဆိုသော်လည်း စာအရသာ ပြောဆိုခြင်း ဖြစ်ပါသည်။

အမှန်မှာ တခုမဟုတ် တခုနှင့် တွေ့ကြုံ၍ အာရုံပြုနေမြဲပင် ဖြစ်ပါသည်၊ ထိုကာလသုံးပါး အာရုံနှင့် လုံးဝကင်းလွတ်သွားသည့်အခါ တမိနစ်ကင်းလွတ်နေလျှင် တမိနစ်ဘာမှမသိ၊ လုံးဝမသိ၊ သတိမရ၊ တုံးဖြစ်နေပြီဟု သိထားရပါမည်၊ တနာရီ, တနေ့, လ, နှစ်သည် ကင်းလွတ်နေလျှင်တည်း ဤအတိုင်းပင် ဖြစ်နေသည်၊ သေသည်မဟုတ်သေး။

ထိုအခါဘဝင်စိတ်သည် အတိတ်ဘဝကအာရုံ၌သာ ကျက်စားနေမြဲဖြစ်သည်၊ ထိုအချိန်မျိုး ရောက်လာသည့်အခါ ဆေးပညာ အခေါ် အဘိညာဉ်ဆိုက်နေပြီ၊ သေဘက်သို့ နီးသွားပြီ၊ဘာသာရေးအခေါ် ဘဝင်ဆိုက်နေပြီ၊ သို့မဟုတ်မရဏာသန္နဇော ဆိုက်နေပြီဟု ခေါ်ပါသည်။

မှတ်ချက်။ ။ဤနေရာ၌ အဘိညာဉ်ဆိုသည့် ဝေါဟာရမှာ ဘာမှ မသိတုံးဖြစ် နေသည်ကိုလည်း ခေါ်သည်၊ လူသာမန်တို့ မသိနိုင်, ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်များတွင် အထူးသိခြင်းမျိုးကိုလည်း အဘိညာဉ်ဟု ခေါ်ပါသည်။

ရှင်မဟာကဿပထေရ်မြတ် နိရောဓ သမာပတ်မှထ၍ ရာဇဂြိုဟ်ပြည် လူမွဲတန်း ဆွမ်းခံကြွတော်မူသောအခါ ပထမ-နတ်သမီးငါးရာတို့ ဆွမ်းလောင်းရန် တောင်းပန်သည့်အခါ လက်မခံ၊ ဒုတိယ-သိကြားလင်မယား ဆင်းရဲသားလူအိုယောင်ဆောင်၍ လောင်းလှူသည့်အခါ လက်ခံမိပြီးမှ နတ်ဩဇာအနံ့ အသက်များကို သံသယဝင်ပြီး အဘိညာဉ်ဖြင့်ဆင်ခြင်ကြည့်တော့မှ သိကြားလင်မယားမှန်း သိသွားတော်မူခဲ့သည်။

အရှင်မြတ်တွင်ရရှိထားသည့် အဘိညာဉ်မှာ ဘာမှမသိတုံးဖြစ်နေသည့် အဘိညာဉ်မျိုးမဟုတ်၊ ထိုသို့ဖြစ်ရသည်မှာ အဘိညာဏ-ပုဒ်၌ "အ" သည် ဓာတွတ္ထဗာဓကသည်းဖြစ်, ဓာတွတ္ထဝိသေသကလည်း ဖြစ်သောကြောင့် ပင်တည်း။

အရောင်တလက်လက် ပြောင်လက်တောက်ပနေသည့် ကြေးမုံပြင်သည် အညစ်အကြေး များများကင်းဝေးရန် အရာတခုခုဖြင့် ပွတ်တိုက်ထား၍ သာဖြစ်၏၊ အလွန်ကြည်လင်သည့် ကြေးမုံပြင်သည် အရိပ်ထင်၏၊ မှန်နှင့် မခြားထင်ရှား၏၊ ပွတ်တိုက်ခြင်းမရှိဘဲထား၍ အချိန်ကြာမြင့်လာသည်နှင့် အမျှ တဖြည်းဖြည်းမှေးမှိန်လာသည်၊ အခိုးသမ်းဝင်လာသည်၊ မည်းညစ်လာသည်၊ ထင်နေကျအရိပ်မှာလည်း မပြတ်မသားဖြစ်လာရသည်၊ တိုက်နိုင်ပွတ်နိုင်မှ အမြဲပြောင်လက်နေခဲ့သည်။

၍အကြည်ဓာတ်အလင်းရောင်မှာ မခိုင်မြဲသည့်အလင်းရောင်, စိတ်မချရသည့်အလင်းရောင်သာ ဖြစ်ခဲ့၏၊ ထိုသို့ဖြစ်ရသည်မှာ ကြေးတွင်အခိုးရှိနေ၍ဖြစ်သည်၊ အခိုးမငြိမ်းသရွေ့ စိတ်ချရသည့် အလင်းရောင် အကြည်ဓာတ်ကိုမည်သည့်နည်းနှင့်မျှ မရနိုင်ပေ၊ အခိုးကင်းသည့် ကြေးမုံပြင်သည် ထာဝစဉ်ကြည်လင်မှုရှိနေရမည်။

မူလဘဝင်စိတ်သည် ပြိုးပြက်တောက်ပြောင်နေ၏၊ အဖြူကြောင့်မဟုတ်၊ အာရုံကြောင့် စိတ်မှာပေါ်ပေါက်လာရသည့် စေတသိက်တို့မှာလည်း ယောနိသော မနသိကာရကြောင့် ဖြူစင် ကြည်လင်သည့် ကုသိုလ်စိတ် အဖြစ်သို့ ရောက်ခဲ့ရ၏၊ ထိုဖြူစင်ကြည်လင်သည့် သဘာဝမှာရင်း၏တည်ရာ ရုပ်ဝတ္ထု၌ရှိသည့် အပူဥတုတေဇော၏ အခိုးကြောင့် မကြာမီပင် ပြန်၍ညှိုးသွားရသည်၊ ညစ်နွမ်းသွားရသည်။

ယောနိသောမနသိကာရကြောင့် သည်းခံမှုသဘာဝပေါ်လာရသည်၊ ထိုအချိန်တွင် အဆင်ပြေအောင် ကြည့်တတ်မြင်တတ်သည့် မနသိကာရ

နှင့်ခန္တီ ဤစိတ်ခဏတ်နစ်ခု အင်အားကြီးလာမှုကြောင့်ရင်းစိတ်ခဏတ်အားမှ ဖြစ်ပေါ်လာသည့် စိတ္တဇရုပ်များမှာ စိတ်ခဏတ်ကိုလိုက်၍ အေးမြကြည် လင်သောသဘော ရှိကြသည်၊ ထိုရုပ်များမှာ စိတ်ကမွေးထုတ်ပေးခဲ့သည့် ရုပ်များသာဖြစ်သည်၊ ရုပ်မှရုပ်ချင်းမွေးထုတ်ခဲ့သည့်ရုပ်များမဟုတ်ကြ။

ထို့ကြောင့် ကိလေသာကာမဂုဏ်အာရုံတို့နှင့် ဖြောင့်ဖြောင့်ကြီး ဆန့် ကျင်ဖက်ဖြစ်သည့် သမထ အာရုံတို့ဖြင့် ထုံနေသည့်ပုဂ္ဂိုလ်, ယောနိ သောမနသိကာရနှင့် သည်းခံခြင်း ခန္တီသဘာဝတို့ဖြင့် အမြဲထုံနေသည့် ပုဂ္ဂိုလ်တို့၏ အေးမြကြည်လင် ဖြူစင်သည့် စိတ္တဇရုပ်တို့မှာ အခိုးထွက် လာသည်၊ တန်ခိုးထွက်လာသည်။

စိတ်, စေတသိက်တို့၏ မူလတည်ရာရုပ်ဌာန်ရှိသည့် အပူဥတုတေဇော အခိုးကို ပခုံးချင်းယှဉ်လာသည်၊ အင်အားချင်း ပြိုင်လာသည်၊ သူက အခိုးသာ၍ လွှမ်းမိုးသွားသည့်အခါ အေးမြကြည်လင်ဖြူစင်သော စိတ် စေတသိက် အဖြစ်ဖြင့် တာရှည်စွာ တည်တံ့ နေခဲ့သည်၊ ဤအခြေမျိုးကို သမထဖြစ်နေသည်, ကိလေသာငြိမ်းနေသည်, သမာဓိရနေသည်၊ ပူပင် သောက ငြိမ်းနေသည်ဟုခေါ်ဆိုကြသည်၊ ကိလေသာ အာရုံများငြိမ်းနေ သည်၊ ပူပင်သောကငြိမ်းနေကြပြီမဟုတ်သေး၊ ဤဖြစ်ရပ်များမှာ မိမိတို့က လုပ်ယူ၍အားထုတ်ယူနိုင်၍ ပေါ်လာရခြင်းပင်ဖြစ်၏၊ မူလစိတ်,စေတသိက် ၏ တည်ရာ ရုပ်ဝတ္ထုမှာမူ ပဋိသန္ဓေကပင် ပါလာသည်။

ရင်းရုပ်ဝတ္ထုတွင် ရှိနေသည့် အပူဥတုတေဇောမှာ လုံ့လမထူ ဉာဏ် မကူရဘဲ အမြဲရှိနေသည်၊ မပြတ်အခိုးထွက်နေသည်၊ အခိုးသမ်းနေသည်၊ အစားမှား သောက်မှားကို စောင့်နေသော ရောဂါဟောင်း တခုကဲ့သို့ပင် ရှိနေသည်၊ အားထုတ်မှုအရှိန် ညံ့သွားသည့်အခါ၌ မူလအပူရှိန် ပြန် တက်လာပြန်သဖြင့် အားထုတ်မှုကြောင့် ပေါ်ပေါက်လာရသည့် အေးမြ ဖြူစင်သည့် စိတ္တဇရုပ်အခိုးတို့ ပျက်ပြယ်လာကြသည်၊ ထို့အတူ ကြေးမုံ ပြင်ကို ပွတ်တိုက်နိုင်လျှင် ကြည်လင်၍ ဂရုမစိုက်လျှင် မည်းညစ်သော အသွင် ပြန်ဝင်သကဲ့သို့ သမထဖြင့်အရောင်တင်လျှင်လည်း ထာဝရဖြူစင် ကြည်လင်မှုကို မရနိုင်ပေ။

တဖန်ကြေးမုံပြင်ကို နှစ်ပေါင်းများစွာ ပွတ်တိုက်ခဲ့သော် ကြေးမုံ ပြင်ကား တဖြည်းဖြည်းစားပြီး ကုန်သွားစေကာမူ အခိုးကင်းပြီး ကုန်

သွားခြင်းမျိုးမဟုတ်၊ အခိုးနှင့်တကွ ကုန်သွားခြင်းသာ ဖြစ်သကဲ့သို့ သမထဖြင့် လုပ်ယူသော်လည်း ဘဝပေါင်းများစွာ ကုန်ဆုံးနိုင် သော်လည်း စိတ်, စေတသိက်တို့၏ တည်ရာဖြစ်သည့် မူလဘူတ ဥတုဇ, အာဟာရဇ, ကမ္မဇရုပ်တို့၌ ရှိသည့် အပူဉာဏ်တေဇောကား ငြိမ်းသွားမည် မဟုတ်။

ထာဝရသဘာဝအပူဖြစ်၍ ပူမြဲပူ သမ်းမြဲသမ်း နေမည်သာဖြစ်၏၊ ဘဝင်စိတ်သည် ပြိုးပြက်တောက်ပ၏၊ ကုသိုလ်စိတ်သည် ဖြူစင်ကြည်လင်၏၊ ဘဝင်စိတ်သည် ကုသိုလ်စိတ်မဟုတ်သလို ကုသိုလ်စိတ် သည်လည်း ဘဝင်စိတ်မဟုတ်။

ဘဝင်စိတ်သည် မျက်မှောက်ဘဝ ကာလသုံးပါး အာရုံနှင့် လုံးဝ ကင်းနေသော်လည်း ကုသိုလ်စိတ်သည်၎င်း,အကုသိုလ်စိတ်သည်၎င်း မျက်မှောက်ဘဝ ကာလသုံးပါးအာရုံအမျိုးမျိုးတို့ကို ဆွဲကိုင်ထားမြဲဖြစ်သည်။

## စိတ်နှင့် နာမ်တို့ခြားနားပုံကို ဖော်ပြခြင်းအကြောင်း

ဘဝင်စိတ်မှ အာရုံကြောင့် ပေါ်ပေါက်လာရသည့် စိတ်မှာအာရုံကို ကြံတတ်သော သဘောကြောင့် စိတ်ဟုခေါ်သည်၊ ၎င်းစိတ်သည် ရုပ်အာရုံတခုခုသို့လည်း တခုမဟုတ်တခု ညွတ်နေတတ်သည်၊ နာမ်အာရုံတခုခုသို့လည်း တမျိုးမဟုတ်တမျိုး ညွှတ်တတ်သည်၊ တခြားနာမ်အာရုံတခုကိုလည်း မိမိသို့ညွတ်စေတတ်သည်၊ ရုပ်အာရုံတခုကိုလည်း မိမိသို့ ညွှတ်စေတတ်သည်၊ ထို့ကြောင့် သဒ္ဒါဆရာဝိဂြိုဟ်ဆရာတို့က အောက်ပါအတိုင်း ဝိဂ္ဂဟပြုခဲ့ကြသည်။

ဝိဂြိုဟ်။ ။အတ္ထေ နမတီတိ နာမံ။ ။အတ္တနိစတ္တေနာမေတီတိ နာမံ။ မြန်မာပြန်သော်။ အတ္တေ– အနက် သဘောတို့သို့၊ နမတိ– ညွတ်တတ်၏၊ ဣတိတသ္မာ–ထို့ကြောင့်၊ နာမံ–နာမ်မည်၏။

အတ္တနိ–မိမိသို့လည်း၊ အတ္ထေ–အနက်သဘောတို့ကို၊ နာမေတိ–ညွတ်စေတတ်၏၊ ဣတိတသ္မာ–ထို့ကြောင့်၊ နာမံ–နာမ်မည်၏။

သက်ရှိသတ္တဝါတဦး တယောက်၏စိတ်သည် အမှတ်မထင် တဦး တယောက်နှလုံးအိမ်သို့ ရောက်သွားသည်၊ ညွတ်သွားသည်။

ထိုလူလည်း သူ၏ စိတ်ဘဝင်အလျဉ်တွင် ရုတ်တရက်မြင်လိုက်ထင်လိုက်သည်မှာ အခြားသော သက်ရှိသတ္တဝါ တို့၏ စိတ်မှာလည်း အမှတ်မထင် လင်းချင်းရာလင်းပါးရာမှ တဦးကိုတဦး ရိုက်ခတ်သျက် ညွတ်တတ်ကြ၏၊ မိမိတို့ထံသို့လည်း ညွတ်စေတတ်၏၊ထို့ကြောင့် စိတ်ကိုနာမဟုခေါ်သည်၊ နာမ်ဟုခေါ်သည်၊ ညွတ်တတ်သော သတ္တိ, ညွတ်စေတတ်သောသတ္တိထူးများ ရှိကြသည်။

[သက်ရှိသတ္တဝါ သတ္တလောကကြီး တခုလုံး မြင်ဘူးတွေ့ဘူး သူတို့ အမှတ်မထင် မြင်လာပေါ်လာကြသည်မှာ စိတ်၏အညွှတ်စား သတ္တိ ပထမဆင့်ပင်ဖြစ်သည်။]

မိမိသိကျွမ်းသည်ဖြစ်စေ,မသိသည်ဖြစ်စေ,ရန်သူပင်ဖြစ်စေ မည်သို့မျှသဘောမထားစေကာမူ ထင်တတ်မြင်တတ်ကြသည်၊ သူတဦးတယောက်သည် မိမိ၌ သံချေးတက်နေသည့် ဓားကိုခုတ်လျှင် ပြုတ်မှန်းသိ၍ တနေ့ထက်တနေ့ ထက်အောင်သွေးလာသည့်အခါ တချိန်ထက်တချိန် ထက်မြက်သာသကဲ့သို့ ညွတ်တတ်, ညွတ်စေတတ်သည့်စိတ်ဓာတ်ကို လေ့ကျင့်ရေးဖြင့်သွေးလာသည့်အခါ အစွမ်းထက်လာသည်၊ အရေးပါ အရာရောက်လာသည်၊ စနစ်တကျသွေးတတ်သူတို့မှာ ပို၍သတ္တိထူးရှိလာကြသဖြင့် လူဘယောက်ကိုစူးစိုက်၍ စိတ်ဖြင့်လိုရာကို အမိန့်ပေးသည်၊ ပေးသည့်အတိုင်းအောင်မြင်လာသည်၊ ငွေဒင်္ဂါးတပြားကို ညို့၍ဆွဲဆောင်နိုင်သည်။

[ဤသို့သက်ရှိနှင့်သက်မဲ့ပစ္စည်းတို့ကို စနစ်ကျသည့် လေ့ကျင့်ရေးဖြင့် ဆွဲဆောင် လာနိုင်သည့်အဆင့်မှာ စိတ်၏ အလတ်စားသတ္တိ ဒုတိယအဆင့်ပင်ဖြစ်သည်။

မေတ္တာစိတ်မဟုတ်သေး၊မေတ္တာစိတ်ထား၍ ပွားများမှုကြောင့် ပေါ်ပေါက်လာရသည့်အကျိုးမှာမူ စိတ်၏အမြင့်စားအမြတ်စား သတ္တိ တတိယဆင့်ပင်ဖြစ်၏၊သမာဓိဖြစ်လာပြီ။]

ထိုသမာဓိမှာ နှစ်မျိုး နှစ်စား ရှိပြန်သည်၊ ထိုနှစ်မျိုးမှာ ပါဠိဘာသာဖြင့် ဥပစာသမာဓိ, အပ္ပနာ သမာဓိ ဖြစ်သည်၊ အပ္ပနာသမာဓိ ဆိုသည်မှာ ဈာန်အဘိညာဉ် အဆင့်သို့ ရောက်သွား ခြင်းကိုဆိုသည်၊ ၎င်းမှာ လောကုတ္တရာသမာဓိမဟုတ်၊ သမထမှဆက်လာသည့် လောကီသမာဓိများသာဖြစ်၍ ခိုင်မြဲခြင်းမရှိ၊ စိတ်မချရသေးသည့်သမာဓိဖြစ်သည်။

ကြေးမုံပြင်ကို မှန်ရောင်ထအောင် ပွတ်တိုက်သည့်အခါ မိမိအသွင်နှင့် ပတ်ဝန်းကျင် အသွင်တို့ပြတ်သားစွာ ထင်နိုင်သော်လည်း ကြေးမုံပြင်မှာ အခိုးမငြိမ်းသေး၍ပြန်ပြီးညစ်နွမ်းလာရသကဲ့သို့ လောကီ သမာဓိမှာ လည်း ဤနည်းအတိုင်းပင်ဖြစ်၏။

စိတ်, စေတသိက်တို့တည်ရာ ရုပ်ဝတ္ထု၌ရှိသည့် အပူဥတုတေဇော အခိုး အငွေ့တို့ သမထသမာဓိစိတ်၏ ပြင်းထန်မှုမှ ပေါ်ပေါက်လာရသည့် စိတ္တဇရုပ် အအေးသီတတေဇော်တို့လွှမ်းမိုးနေခိုက်၌ အားမတန်၍ မာန်လျှော့ ငုပ်လျှိုးနေရသည့် ဥတုတေဇောအပူခိုးကို "အနုသယကိလေသာ" ဟုခေါ် ပါသည်။

အနုသယဆိုသည့်ပါဠိမှာ အခိုးတကယ်မငြိမ်းသေးဘဲ ငြိမ်ငြိမ်ကလေး ကိန်းနေသည်ကို ခေါ်ပါသည်၊ ကိလေသာဆိုသည်မှာ ညစ်နွမ်းသည်ကို ခေါ်ပါသည်၊ ဖြူစင်ကောင်းမြတ်သော စိတ်,စေတသိက်တရားတို့ကို ၎င်း တို့၏မှီရာရုပ်မှ ဥတုတေဇောအပူခိုးတို့ အခိုးဟပ်၍ညစ်နွမ်းသွားရခြင်း ပင် ဖြစ်သည်။

ဗုဒ္ဓအဘိဓမ္မာဆိုသည်မှာ မိုးပေါ်ကျမဟုတ်၊ဗုဒ္ဓ၏အမိန့်အာဏာကြောင့် ပေါ်လာရသည်မဟုတ်၊ ဗုဒ္ဓဖန်ဆင်းထားခြင်းလည်း မဟုတ်၊ သဘာဝ တရား သဘာဝအဘိဓမ္မာပင် ဖြစ်သည်၊ သဘာဝတရားတို့၏ အကျိုး နှင့်အပြစ်ကို အတွေးအခေါ်ဖြင့်မဟုတ်ဘဲ မှန်ပြင်တွင်အကြည်ဓာတ်ထင်၍ ပြတ်သားစွာမြင်နိုင်, ဆုံးဖြတ်နိုင်သည့်အသိကို "သဗ္ဗညုတဉာဏ်" ဟု ခေါ်ပါသည်၊ ၎င်းဉာဏ်ကိုပင် ဘုရားဟုခေါ်ဆိုထားပါသည်၊ထိုသို့ တန် ဘိုးမှတ်၍ ဆုံးဖြတ်လိုက်သည့် ရုပ်နှင့်နာမ် သဘာဝ–ဟူသမျှ ဗုဒ္ဓအဘိ ဓမ္မာဖြစ်လာရ၏၊ ဗုဒ္ဓအဘိဓမ္မာတခြား, သဘာဝအဘိဓမ္မာတခြားမဟုတ်၊ ရုပ်သဘာဝနှင့်စပ်သော ဗုဒ္ဓ၏အဆုံးအဖြတ်မှန်သမျှ သိပ္ပံဖြစ်လာရ၏။

ဗုဒ္ဓအဘိဓမ္မာတခြား, သဘာဝအဘိဓမ္မာတခြား,သိပ္ပံတခြား မဟုတ်၊ သဘာဝတရားတို့တွင် လူချမ်းသာ, နတ်ချမ်းသာ, ဗျာန်ချမ်းသာ, မဂ် ချမ်းသာ, ဖိုလ်ချမ်းသာနှင့်တကွ ၎င်းအကျိုးတို့နှင့် ဆန့်ကျင်ဘက်ကျ သည့် ဆိုးကျိုးများကိုသာ ညွှန်ပြသွား၍ ၎င်းတို့၏ ကောင်းကျိုး, ဆိုး ကျိုးနှင့် မပတ်သက်သော ရုပ်ဝတ္ထုတို့၏ ဟန်ခိုးသတ္တိများကို ချန်လှပ် ထားခဲ့သည့် သဘာဝများကို သိပ္ပံဆရာတို့ အလုပ်ဖြစ်နေကြသည်။

သံသရာမှ လွတ်မြောက်ရေးနှင့် မစပ်သည့် ရုပ်ဓာတ်တို့၏ သတ္တိထူးများကို ဖော်ထုတ်နေလျှင်လည်း "ပါဒမာကွကြီး–သိပ္ပံပါရဂူကြီး" ဟူ၍သာ ခေါ်ဆိုရပေမည်၊ ဗုဒ္ဓ၏အမည်မှာ လောကသုံးပါးမှ လွတ်ကြောင်း တရားကိုသာ သိတော်မူ၊ မြင်တော်မူသည့်အတိုင်း ညွှန်ပြတော်မူသည့် အလုပ်နှင့် သက်ဆိုင်ခဲ့သည်ဟု သဘောပေါက်ရန်လိုပါသည်။

ဘော် ဘင် နာ သံ ဂျွတ်နှင့် ဒန် သွပ်ကို သေလျှင် အခိုးငြိမ်း၏၊ ကြေးမုံပြင်၌ မကြာခဏ အခိုးသမ်း၍ ညစ်နွမ်းရသည်မှာ ကြေးဓာတ်၌ရှိသည့် အခိုးကို အပြီးသတ်ငြိမ်းအောင် မသတ်နိုင်သေး၍သာဖြစ်သည်၊ ထွက်ရပ်ပေါက်ဆရာတို့ အခိုးသတ်ပြီးသည့်အခါ ကြေး၌ အရောင်အဝါ အမြဲတောက်လောင်လာ၏၊ မည်လည့်အခါမှ မညစ်နွမ်းနိုင်တော့ပြီ။

ထိုအချိန်တွင် အကြည်ဓာတ် အမြဲပြတ် ရှိနေသောကြောင့် မိမိ အသွင်နှင့် ပတ်ဝန်းကျင်အသွင်တို့ အချိန်မရွေး သင့်မနေခဲ့သည့် စိတ်ချရသော အကြည်ဓာတ်ဖြစ်သည်၊ အခိုးမငြိမ်းသေးသည့်ကြေးမုံပြင်မှာမူမပြတ် ပွတ်နိုင်တိုက်နိုင်၍ သာအကြည်ဓာတ်ပေါ်နေရခြင်း ဖြစ်သည်၊ စိတ်ချရသော အကြည်မျိုး, ခိုင်မြဲသောအကြည်မျိုး မဟုတ်၊ ထိုအကြည်မျိုးကို အိတ်သွန်ဖာမှောက် အားကိုးမိလျှင် အကျိုးနည်းတတ်သည်။

သမထမှပေါ် ပေါက်လာရသည့်အကြည်မှာ ကိလေသာအခိုးမငြိမ်းသေးသဖြင့် မကြာမကြာ အားနည်းညစ်နွမ်းလာတတ်သည့် အမြင်နှင့် အကြားတို့မှာလည်း မခိုင်မြဲသဖြင့် အလွဲလွဲအမှားမှား ဖောက်ပြန်သွားတတ်သည်၊ ဝိပဿနာဉာဏ်နှင့် အခိုးဓာတ် အပြီးသတ် ငြိမ်းသွားသောကြောင့် ပေါ်ပေါက်လာရသည့် အကြည်ဓာတ်မှာမူ ခိုင်မြဲသည်, ပြတ်သားသည်, စိတ်ချရသည်၊ မည်သည့်အချိန်မှ မဖောက်ပြန်၊ ထိုအဖြစ်မျိုးကို ရရှိသူတို့မှာ ကိလေသာ အာသဝေါ ကုန်ခန်းသည့် ဘုရား,ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာ အရှင်သူမြတ်တို့သာ ဖြစ်သည်။

တကယ်ကိုယ်ပိုင်သဘာဝ အကြည်ဓာတ်ရှိသူတို့မှာ ထိုအကြည်ဓာတ်ကို အသုံးမပြုကြသည့်ပြင် သူသိမြင်သွားမည်ကိုပင် မလိုလား, သိအောင်လည်းမပြု, ထင်ပေါ်ကျော်ကြားအောင်ပြု၍ ရသောလာဘ်လာဘများကိုလည်း သံတွေခဲပမာ သဘောထားသည့်ပြင် သုံးလည်းမသုံးဆောင်ကြ၊

သမထလုံ့လဝီရိယကြောင့် ပေါ်ပေါက်လာကြသည့် အကြည်ဓာတ်တို့မှာ အနုသယ ကိလေသာအခိုးမကင်း, သန့်ရှင်းမှု ခိုင်မြဲမှု မရှိသောကြောင့် ထိုအမြင်နှင့် အကြားတို့မှာ ဖောက်ပြန်မှုရှိနေ၍ ၎င်းကို အသုံးချသည့် အခါ တခါတခါ လွဲမှားနေတတ် ပေသည်။

တခါတရံ ဘုရားရဟန္တာတမျှ မှတ်ထင်ယုံစားမိ၍ နိုင်ငံရေးအရ အငိုက်မိသွားသူရော, စီးပွားရေးအရ အလွန်နစ်နာသွားသူတွေကို စား မြုံ့ပြန်ကြည့်လျှင် သိလာမြင်လာနိုင်ပေသည်၊ ခိုင်မြဲသောအကြည်ဓာတ် ရှိသူဟူမှာ လူသိမခံ, လူတောမတိုး၊ မကင်းနိုင်၍ နေထိုင်ရသော်လည်း ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်သာ နေလေ့ရှိကြသည်။

သူတို့ကား ဂုဏ်ပကာသနနှင့် ထင်ပေါ်မှုကို ဂရုမပြုကြ၊ အမှန်မှာ မဖောက်မပြန် အခိုင်အမာသိသူတို့ကမူ မပြော၊ ပြောသူတို့ကလည်း မခိုင် မာ ဖြစ်နေရသည်မှာ အခိုးကင်းသော အကြည်ဓာတ်နှင့် အခိုး မကင်း သော အကြည်ဓာတ်တို့၏ ခြားနားမှုကြောင့်ပင် ဖြစ်ရပေသတည်း။

မေး။ ။ကုသိုလ်, အကုသိုလ်သဘာဝတို့ အဘယ်အချိန်မှာ ပေါ် လာခဲ့ကြသနည်း။

ဖြေ။ ။ကံ,စိတ်,ဥတု,အာဟာရ ဤအကြောင်း တရားလေးပါးတို့ ပြုပြင်စီရင်ခြင်းကို ခံနေကြရသည့် သင်္ခတနယ်တွင် ဩကာသလောက, သတ္တလောက, သင်္ခါရလောက သုံးမျိုးစလုံး ရှိနေသည်၊ အသင်္ခတနယ် တွင် ထိုသုံးမျိုးစလုံးမရှိ၊ သင်္ခတနယ်ရှိ သတ္တလောက -သက်ရှိသတ္တဝါ မှန်သမျှတို့၌ လူမရွေး, နတ်မရွေး, ဗြဟ္မာမရွေး, ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်မရွေး အားလုံးသောသတ္တဝါတို့၌ ကုသိုလ်စိတ်,အကုသိုလ်စိတ် ကုသိုလ်ကံ အကုသိုလ်ကံ အစုံအစုံရှိနေကြသည်ကို ဗုဒ္ဓ အဘိဓမ္မာတွင် ဗုဒ္ဓညွှန်ပြခဲ့ပြီးဖြစ်၏။

မေး။ ။သဘာဝသိပ္ပံဖြင့်ကြည့်လျှင်လည်းသတ္တလောကတခုလုံး ထို နှစ်မျိုးစလုံးရှိနေသည်ကို တွေ့ရ၏၊ အဘယ်ကြောင့်နည်း။

ဖြေ။ ။သင်္ခတနယ်တွင် မူလဘူတပထမအခြေခံမှာ ပူမှု,အေးမှု ဥတုနိယာမကသာ အမှင်းခံဖြစ်နေသောကြောင့် ဖြစ်သည်၊ ရုပ်ကိုအမှီပြု ရမှ ဖြစ်ပေါ်လာရရိုးရှိသည့် နာမ်ဓာတ်စိတ်ဓာတ်တို့မှာ ရုပ်ပူ၍နာမ် လည်းပူရသည်၊ ရုပ်အေး၍နာမ်လည်းအေးရသည်။

ရုပ်ပူနာမ်ပူကြောင့် ပူလောင်သည့်စိတ်, ညစ်နွမ်းသည့်စိတ်, မှောက်မှားသောစိတ်, အပြစ်နှင့်တကွဖြစ်သောစိတ်, မကောင်းကျိုးကိုပေးသောစိတ်တို့ ပေါ်ပေါက်လာရသကဲ့သို့ ရုပ်အေးနာမ်အေးကြောင့် အေးမြကြည်လင်သည့်စိတ်, မဖောက်မပြန်မှန်ကန်သည့်စိတ်, အပြစ်ကင်းသောစိတ်, ကောင်းသောအကျိုး ကို ပေးသောစိတ်တို့ ပေါ်ပေါက်လာရသည်။

ထိုကုသိုလ်စိတ်,အကုသိုလ်စိတ်တို့မှာ ပါဠိဘာသာဖြင့် ဓမ္မအမည်ကိုရကြသည်၊ ဓမ္မ၏အဓိပ္ပါယ်မှာ ထိုကုသိုလ်စိတ်သည်ရင်း, အကုသိုလ်စိတ်သည်ရင်း၊ ထိုနှစ်မျိုးစလုံးမှာ သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ် ဟုဆိုသည်၊ သတ္တဝါလည်းမဟုတ်, အသက်လည်းမဟုတ်၊ သဘာဝတရားတွေသာဖြစ်သည်ဟု ဖော်ပြထားပြီးဖြစ်သည်။

သခ်ာတနယ်တွင် အပူရှိလျှင် အအေးလည်းရှိရသည်၊ တခုရှိလျှင် တခုလည်းရှိရသည်၊ မရှိလျှင်လည်း နှစ်မျိုးစလုံးမရှိရ၊ ကုသိုလ်စိတ်ရှိလျှင် အကုသိုလ်စိတ်လည်း ရှိရသည်၊ မရှိလျှင်လည်း နှစ်မျိုးစလုံးမရှိရ၊ အပူခေတ်ဆုံးလျှင် အအေးခေတ်ကိုအလှည့်ပေးရမြဲဖြစ်သည်၊ အအေးခေတ်ဆုံးလျှင်လည်း အပူခေတ်ကို အလှည့်ပေးရမြဲဖြစ်သည်၊ အပူခေတ်၏အဆုံးသည် အအေး၊ အအေးခေတ်၏အဆုံးသည် အပူ။

ထို့အတူ ကုသိုလ်၏အရှိန်အဝါကုန်ဆုံးလျှင် အကုသိုလ်အရှိန်အဝါရောက်လာမြဲဖြစ်သည်၊ အကုသိုလ်အရှိန်အဝါကုန်ဆုံးလျှင်လည်း ကုသိုလ်အရှိန်အဝါ အလှည့်ရောက်လာမြဲဖြစ်သည်၊ သဘာဝ တရားတွေသာဖြစ်၏။

ထို့ကြောင့် ငရဲရောက်နေသူတယောက် ဘယ်တော့မှ မလွတ်နိုင်သည့်ငရဲတခုကို လိုချင်ပါသည်ဆိုသော်လည်း ဆုတောင်း၍လည်း မရ၊ ဘယ်တော့မှ မလွတ်နိုင်သည့် ငရဲမျိုးရောက်အောင် အကြီးလေးဆုံး အကုသိုလ်ကံကြီးကို ပြုသော်လည်း ဘယ်တော့မှမလွတ်သော ငရဲမျိုးမရှိ၊ အကုသိုလ်အရှိန်ကုန်သည့်အခါ ကုသိုလ်အရှိန်အဝါ အလှည့်ရောက်ရမြဲဖြစ်သည်ကို သဘာဝက ကျေကျေချမ်းချမ်းကြီး လက်ခံခဲ့၏။

အရှင်ဒေဝဒတ်သည် သံဃာကိုဂိုဏ်းခွဲသောကြောင့် သံဃဘေဒကကံကြီး ထိုက်ခဲ့သည်၊ ဘုရားကို သွေးစိမ်းတည်အောင်ပြုခဲ့၏၊ အထွတ်

အဘိပ်ဆုံး ပုဂ္ဂိုလ်ကို အကြီးလေးဆုံး အပြစ်ဖြင့် ကျူးလွန်ခဲ့သည်၊ နောက်ဆုံး ပရိသဘ်ပျက်၍ သွေးစိမ်းပွက်ပွက်အန်၍ မကျန်းမမာဖြစ်လာသည့်အခါ ဘုရားရှင်အား ဝန်ချတောင်းပန်သည်။

တပည့်များက ထမ်းစင်ဖြင့် သယ်ဆောင်လာကြသည်၊ မိုက်မဲမှု၏ အဆုံးတွင် ထိဘ်သန့်မှု သံဝေဂ ပေါ်လာရမြဲဖြစ်သလို သံဝေဂစိတ်၏ အဆုံးတွင်လည်း အရိယာနယ် မရောက်သေးသူတို့ မိုက်မဲမှုပြန်ဝင်လာတတ်သည်မှာ သည်း သဘာဝပင်ဖြစ်၏။

စာပေနှင့်မျက်မြင် နှစ်မျိုးစလုံးယှဉ်ကြည့်လျှင် အလွယ်နှင့်ပင် သိနိုင်လောက်ပါသည်၊ ရှင်ဒေဝဒတ်သည် ဘုရားရှင်ထံ ရောက်ခါနီးတွင် ကြမ္မာငင်လာသည်မှာ ကန်တွင် ရေစင်ရေအေးကလေး ချိုးပြီးမှ ဘုရားရှင်အား ဖူးမျှော်ဝင်တော့မည်ဟု ထမ်းစင်ပေါ်မှ မြေနှစ်ဖက်ခြေသို့ ချလိုက်သည့်အခါ မြေမျိုသွားရှာသည်၊ ဤနေရာ၌ ရှင်ဒေဝဒတ် ကျရောက်သည့် မဟာအဝီစိငရဲမှာ ဘယ်တော့မှမလွတ်သော ငရဲမဟုတ်၊ အကုသိုလ်၏ အဆုံးတွင် ကုသိုလ်အလှည့်ဝင်မြဲဖြစ်သည်၊ သံသာနယ်တွင် သဘာဝဖြစ်စဉ်ကို မြင်တော်မူသည့် ဘုရားရှင်သည်—

"ဣတော ကပ္ပသတ သဟဿာမိတော အဋ္ဌိဿသေရနာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတိ"—

ဟုဗျာဒိတ် ထားတော်မူသည်။

[1] ဣတော-ဤဘဒ္ဒကပ်ကမ္ဘာမှ၊ ကပ္ပသတ သဟဿာနိ ကမ္ဘာ-ကမ္ဘာတသိန်း လွန်မြောက်သောအခါ၌၊ အဋ္ဌိဿရေနာမ— အဋ္ဌိဿရ အမည်ရှိသော၊ ပစ္စေကဗုဒ္ဓေါ-ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်၊ ဘဝိဿတိ-ဖြစ်လတ္တံ၊ ပစ္စေကဗုဒ္ဓါဆိုကို ပန်လိုလျှင် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်မှ ဖြစ်နိုင်သည်၊ ကမ္ဘာတသိန်း လွန်မြောက်သောအခါ အဋ္ဌိဿရမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လာလိမ့်မည်ဟု ဗျာဒိတ်ထားသဖြင့် နှစ်သင်္ချေပါရမီဖြည့်ပြီး ပါရမီရှင်တဦးဖြစ်နေသည်မှာ ထင်ရှားပေါ်လွင်နေခဲ့၏။

ကုသိုလ်ထွန်းပြောင် အလင်းရောင်ဘဝ၏ အဆုံးတွင် အမိုက်မှောင်ဘဝကို ရောက်ခဲ့ပြန်သည်၊ အမိုက်မှောင်၏အဆုံးတွင် အလင်းရောင် အလှည့် ရောက်ဦးမည်ကား ဧကန်မျှလှ၏။

သင်္ခတနယ်တွင် အကြိမ်အလှည့်ဖြင့် လည်နေရသည်သာ ဖြစ်သည်၊ နည်းသည့်အချိန်မှ ပြန်မကျနိုင်သည့် ဘုံဘဝ မျိုးကိုပေးနိုင်သည့် ကုသိုလ်မျိုးကား မဂ်ကုသိုလ်, ဖိုလ်ကုသိုလ်မှတပါး သင်္ခတနယ်တွင်မရှိ၊ ကုသိုလ်၏အဆုံး အကုသိုလ်၊ အကုသိုလ်၏အဆုံး ကုသိုလ် အကြိမ်အလှည့်ဖြင့်သာ ရေတွက်၍ မရနိုင်သည့် ဘဝမျိုး, ကမ္ဘာမျိုးဖြင့်သာ အချိန်ကုန်ရသည်၊ ယခုမျက်မှောက်ဘဝနှင့် တလွန်ဘဝဟူသမျှတို့၌ ခိုင်မြဲသော စီးပွါးရေး, ခိုင်မြဲသည့်တန်ခိုးအာဏာ, ခိုင်မြဲသည့် အပေါ်စီးဘဝတို့၏အဆုံးတွင် ပျက်ပြားသော စီးပွါးရေး, ဆုတ်ယုတ်သည့် တန်ခိုးအာဏာ, အလွန်အောက်ကျနောက်ကျ နင်းပြားဘဝမျိုးကို အလှည့်ပေးရသည်သာ ဖြစ်၏။

အကျိုးသာသင်၍ အဖြစ်မဝင်၊ အဖြစ်သာသင်၍ အကျိုးမဝင်၊ ဤဖြစ်ရဉ်မျိုး သင်္ခတနယ်တွင် ရှိနေသည်ကို သတ္တဝါတို့က လုံးဝလက်မခံ၊ ခါးခါးသီးသီး ငြင်းဆန်ကြ၏၊ ခေါင်းကိုတွင်တွင် ခါပြနေကြ၏၊ ဤအဖြစ်မျိုးကား သင်္ခတနယ်တွင် သံသရာလည်သည်ဟုခေါ်၏၊ ပျော်တခါပျင်းတလှည့် ငိုတလှည့်ရယ်တခါ ချမ်းသာဆင်းရဲ တူစုံတွဲနေကြ၏။

နှလုံးသားချိမြိန် စည်းစိမ်ရှိရာမှ အသဲကွဲရပြန်၏၊ အနိုင်ရနေကြရာမှ အရှုံးနှင့်ဆုံရသဖြင့် နှလုံးသား ဆွေးမြေ့ကြရပြန်၏၊ ဤအဖြစ်မျိုးမှ ကင်းလွတ်ရာနယ်ကို အသင်္ခတနယ်ဟုခေါ်၏၊ ထိုအသင်္ခတနယ်၌ ဥတုနိယာမမရှိ၊ ပူမှုအေးမှုမရှိ၊ ရုပ်ပူရုပ်အေးမရှိ၍ နာမ်ပူနာမ်အေးလည်းမရှိ၊ စိတ်ပူစိတ်အေးလည်းမရှိ၍ ကုသိုလ်,အကုသိုလ်သည်းမရှိ၊ ထိုကုသိုလ်-အကုသိုလ်တို့၏ အကျိုးဆက်သည်းမရှိလေ၊ အာသဝေါကုန်ခန်းပြီးသော ပုဂ္ဂိုလ်တို့၌ ကုသိုလ်စိတ်,အကုသိုလ်စိတ်မရှိ၊ ကြိယာစိတ်သာရှိတော့၏။

အသင်္ခတနယ်၌ ကုသိုလ်,အကုသိုလ်ကိုစွန့်ပြီးဖြစ်သည်၊အကြိမ်အလှည့်ကုန်ပြီ၊ ဝဋ်ကြွေးရှိနေသေးလျှင် အသင်္ခတနယ်ဆောက်လျှင် ဘာမှမတတ်နိုင်သည့်အတွက် ပရိနိဗ္ဗာန်မပြုမီ ကြွေးဟောင်းမြီဟောင်းများ အတိတ်သွန်ဖာမှောက် ရှိသလောက် အကုန်ဆပ်လိုက်ကြရ၏။

ကြွေးဟောင်းများ အလွန် ပေါများနေလျှင်လည်း ဆပ်သချနှင့်သာ အပြီးသတ် ကျေနပ်လိုက်ရ၏၊ ဘုရား, ရဟန္တာတို့ပင်တင်ခဲ့သမျှ ဝဋ်ကြွေးကို အသင်္ခတနယ်စပ်တွင် အပြီးသတ် ပေးဆပ်ခဲ့ရသည် မဟုတ်တုံလော။

ခန္ဓာ,အာယတန,ဓာတ်တို့မပြတ်ဖြစ်ပေါ်နေသည်ကို သံသရာဟု ခေါ်သည်၊ ဘဝတခုပြီးတခု မပြတ်ဖြစ်ပေါ်နေသည်ကို သံသရာ ဟု ခေါ်သည်၊ မိမိက ဖိစီးနှိပ်စက်ထားခြင်း, အရှိန်အဝါ အသိုင်းအဝန်း အင်အားဖြင့် မတရားအနိုင်ယူထားခြင်း, သားရေးသမီးရေး အိမ်ထောင်ရေးများတွင် လင်ကမယားကို, မယားက လင်ကို အပေါ်စီးရနေသဖြင့် နှုတ်ဖြင့်လည်း ဖိစီး အနိုင်ယူထားခြင်း, ကိုယ်ထိ လက်ရောက်ဖြင့်လည်း စည်းမဲ့ကမ်းမဲ့ ဖိစီးအနိုင်ယူထားခြင်း, သူတပါး မခံချိနိုင်အောင် စောင်းမြောင်းနှိပ်စက်နိုင်စွမ်းရှိ၍ နှိပ်စက်ခဲ့ခြင်း,သို့မဟုတ် သတ်ဖြတ်ခဲ့ခြင်း,စီးပွါးရေးဖြင့် တရားမဲ့အနိုင်ယူခဲ့ခြင်း စသော ကြွေးဟောင်းမြီဟောင်း ဟူသမျှကို အတုံ့ရှိလျှင် အလှည့်ရှိရသည်။

တခါတရံ တမလွန်ဘဝအဆက်ဆက်ပင် မစောင့်ဆိုင်းနိုင်၊ မျက်မှောက်ဘဝ နောက်ပိုင်းတွင် ကြွေးဟောင်းရှိနေလျှင် ရှောင်လွှဲ၍မရ၊ ဆပ်မိအောင်ပင် ပြန်ဆပ်ရ၏၊ အတုံ့သာရှိ၍ အလှည့်မရှိ၊ အလှည့်သာရှိ၍ အတုံ့အပြန်မရှိ၊ တမျိုးတစားသည်းရှိသည့် အဖြစ်မျိုးကို သဘာဝလက်မခံ၊ သခ်ဘနယ်တွင် အစုံအစုံရှိရမြဲဖြစ်သည်၊ ရှောင်တိမ်း၍ မရသော ကြွေးဟောင်းပင်တည်း၊ လောကရုံးတွင် ကြွေးဟောင်းကို ရှောင်နိုင်သော်လည်း သံသရာတရားရုံးတွင် မုချအပြစ်ပေးခံရမည်သာ ဖြစ်၏၊ ထို့ကြောင့်“ဝဋ်မှာအမြဲ၊ ငရဲမှာအပ”ဟု မြန်မာစကားပုံတွင် အဆိုရှိလေသည်။

သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ။ ။သံသာရဝဋ္ဋဒုက္ခတော-သံသရာတည်းဟူသော ဝဋ်ဆင်းရဲ အပေါင်းမှ၊ မောစနတ္ထာယ-ကင်းလွတ်ထွက်မြောက်ပါရခြင်း အကျိုးငှာ၊ ဤစကားရပ်၌ သံသရာနှင့် ဝဋ်ဆင်းရဲမှာ တမျိုးစီဖြစ်သည်ကို သိသားရပါမည်၊ သံသရာနှင့် ဝဋ်ဆင်းရဲမှ ထိတ်လန့်ကြောက်ရွံ့၍ လွတ်မြောက်ရာ အသခ်တနယ်ကို မြော်မှန်းပြီး မြည်းတမ်းသောစကားဖြစ်၏။

## ကမ္မနိယာမအကြောင်း

သတ္တဘေဒရှိ၍ စိတ္တနိယာမပေါ်လာရသည်၊ စိတ္တနိယာမရှိ၍ ကမ္မ-နိယာမ ပေါ်လာရသည်၊ 'စိတ်သည် အာရုံကိုကြံကာမျှ သိကာမျှသာ ရှိသည်၊ ကံသည် ကြံစည်ရာ သိရာမှ အာရုံနှင့်ပတ်သက်၍ အချက်ကျကျ

စိတ်နှင့်ဆိုင်ရာကို ရုပ်လုံး ဖော်လိုက်သည့်အခါ မနောကံ ဖြစ်လာရသည်၊ ထိုမှတဆင့် ရင့်ကျက်၍ နှုတ်မှ ပေါ်ထွက်လာသည့်အခါ ဝစီကံဖြစ်လာရသည်၊ကိုယ်လက် လှုပ်ရှား၍ပြုလုပ်လာသည့်အခါ ကာယကံဖြစ်လာရသည်၊ မနောကံ,ဝစီကံ,ကာယကံမှာ သဘာဝဖြစ်စဉ်ဟု သိထားရပါမည်။

ကာယကံ, ဝစီကံ, မနောကံမှာ ဒေသနက္ကမအစဉ်ပင် ဖြစ်ပါသည်၊ မနောကံမပါဘဲ ကိုယ်လက်လှုပ်ရှား၍ပေါ်ပေါက်လာရသည့် ကိစ္စများကို မနောကံမရှိ စေတနာမရှိသော အလုပ်မျိုးကို ကံဟုပင်ခေါ်ပါသည်၊ (ကမ္မပထ-မခေါ်နိုင်) မနောကံစေတနာနှင့် တကွ မြင်လာသည့်အလုပ်မျိုးမှာ ကမ္မပထမြောက်၍ မျက်မှောက်တွင်လည်း ခရီးရောက်၏၊ တမလွန်ဘဝတွင်လည်း ဗီဇနိယာမအကျိုးဆက် အသစ်တခု ပေါ်ပေါက်လာရမြဲ ဖြစ်သည်။

ဤနေရာ၌ ဗီဇဆိုသည်မှာ ရုပ်မှရုပ်သစ်တခု ဖြစ်ပေါ်လာရခြင်းမျိုး မဟုတ်၊ နာမ်မှရုပ်သစ်တခု ဖြစ်ပေါ်စေနိုင်သည့် မျိုးစေ့ကို ဆိုသည်။

စိတ်နှင့်ကံမှာ နာမ်တရား အတူတူပင်ဖြစ်သော်လည်း သိကာမျှ ကြံကာမျှသည်စိတ်၊ ရုပ်ပေါ်လာသည့်အထိ တဆင့်တက်၍ ရင့်ကျက်လှုပ်ရှားလာမှုကို ကံဟုခေါ်သည်၊ ကံနှင့်ကမ္မပထတို့၏ ခြားနားချက်မှာ မနောကံ,ဝစီကံ,ကာယကံသုံးမျိုးတွင် တမျိုးမျိုးဖြင့် သရုပ်ပေါ်အောင် လှုပ်ရှားရာ၌ ထိပါးမှုဒဏ်ရာဒဏ်ချက်မှာ ကောင်းကျိုးဆိုးကျိုး တမျိုးမျိုး သက်ရောက်နိုင်ခဲ့လျှင် တရားဝင်သွားသည်၊ ဥပမာ— လူတဦးတယောက်သည် လူတဦးတယောက်အား မတော်တဆ ထိခိုက်မိသည့်အခါ မပြောပလောက်သည့် ထိခိုက်မှုမျိုးဖြစ်နေလျှင် တရားမဝင်၍ စွဲချက်မတင်နိုင်သည့် အခြေမျိုးကို ဘာသာရေးတွင် အထူးသဖြင့် ဗုဒ္ဓအဘိဓမ္မာတွင် ကံသာဖြစ်၍ ကမ္မပထမဖြစ်၊ ကမ္မပထမမြောက်၊ အပြစ်တခုမရောက်နိုင်။

၎င်းမှာ စေတနာမပါသော ကံတရားမျိုးကို ဆိုခြင်းဖြစ်သည်၊ ကောင်းသောအလုပ်မျိုး၌လည်း ကမ္မပထမြောက်သည်, မမြောက်သည်မှာ လောကရုံး၌ စွဲချက်တင်လောက်သည့် အပြစ်မျိုး အလုပ်မျိုးကို ဆက်၍ စီရင်ချေး အပြစ်ပေးသကဲ့သို့ ဗုဒ္ဓအဘိဓမ္မာတွင်လည်း စေတနာပါ၍ပြုသော လှုပ်ရှားမှုဟူသမျှတို့ကို ကမ္မပထမြောက်သည်ဟု မှတ်ယူရပါမည်။

မကောင်းမှု၌ ကမ္မပထမြောက်လျှင် တရားဝင်သည်၊ အပြစ်ရသည်၊ ကောင်းမှုဟူသမျှ၌ တရားဝင်၍ ကမ္မပထမြောက်လျှင် အကျိုးအမြတ်ပေါ်လာရမြဲဖြစ်သည်၊ စိတ်ဖြစ်ပေါ်တိုင်း စေတနာစေတသိက် အမြဲပါသည်၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-လုံးအမြဲယှဉ်သည်။

ထိုစေတသိက် ၇-လုံး၏သရုပ်မှာ အောက်ပါအတိုင်းဖြစ်၏။

(၁) ဖဿော-အာရုံ၏အရသာကိုတွေ့ထိခြင်း၊
(၂) ဝေဒနာ-အာရုံ၏အရသာကိုခံစားတတ်ခြင်း၊
(၃) သညာ-အာရုံ၏သဘောကိုမှတ်တတ်ခြင်း၊
(၄) စေတနာ-စေ့ဆော်ခြင်း၊
(၅) ဧကဂ္ဂတာ-အာရုံကိုယူရာ၌တည်ငြိမ်ခြင်း၊
(၆) ဇီဝိတိန္ဒြိယံ-အာရုံကြောင့်ပေါ်ပေါက်လာသည့်နာမ်တရားတို့ကို ရှင်သန်စေခြင်း၊
(၇) မနသိကာရ-နှလုံးသွင်းတတ်ခြင်း၊

ဤခုနစ်လုံးတွင် မနော, ဝစီ, ကာယ သုံးဌာနတို့၌ စေ့ဆော်ခြင်း ဦးဆောင်မှုကြောင့်ကံမြောက်ခဲ့ရခြင်းဖြစ်သည်၊စေတနာမှန်၍ ကံတရားဖြစ်လာသည်ဟု ဆိုလိုရင်းဖြစ်၏၊ ဤကား နာမ်တရား၌စေတနာ၏ ပြဋ္ဌာန်းပုံကို ဖော်ပြခြင်းဖြစ်သတည်း။

## ရုပ်သဘာဝဗီဇအကြောင်းကိုဖော်ပြခြင်း

ရင့်ကျက်အောင်မြင်သည့် စပါးစေ့ကို မြေ၌ချ၍စိုက်ပျိုးလျှင် ပထမစပါးစေ့မှ အညွန့်အညှောက်ဖြင့်အပင်အဖြစ်သို့ ရောက်ရှိလာသည်၊ရင်း အပင်သည်စပါးစေ့မဟုတ်၊ စပါးစေ့သည်လည်း အပင်မဟုတ်။

စပါးစေ့ကိုအခွံချွတ်၍ ဆန်ကိုထမင်း ချက်နိုင်သည်၊ အပင်ကိုထိုသို့လုပ်၍မရ၊ အပင်မှအနှံထွက်ပြီး နုနယ်သည့်စပါးစေ့အသွင်ကို မြင်ရသည်၊ နို့ရည်တည်လာခဲ့သည်၊ ဤအဆင့်သို့ တိုင်ရောက်လာသော်လည်း မူလစပါးစေ့ကဲ့သို့ ဆန်မဖြစ်၊ ထမင်းအဖြစ်သို့လည်း ပြောင်းလဲ၍မရ၊ မြေ၌ချ၍ စိုက်ပျိုးသော်လည်း အပင်မပေါက်၊ အနှံမှမှည့်ရင့်လာသည့် အသီးဖြစ်လာသည့်အချိန်တွင် မူလစိုက်ပျိုးခဲ့သည့် စပါးစေ့နှင့်အားလုံးထပ်

တူထပ်မျှ ဖြစ်လာရလေသည်၊ မျိုးစေ့ဆိုသည်မှာ အရင့်မှန်လာသည့် အသီးမျိုးကိုဆိုခြင်းဖြစ်သည်၊ မျိုးစေ့မမှန်လျှင် အပင်သန်လိမ့်မည်မဟုတ် အပင်မသန်လျှင်လည်း အောင်မြင်သည့်အသီး ဖြစ်ရန်ခဲယဉ်း၏။

ဤနေရာ၌ မူလစပါးစေ့သည်ပထမ၊ အပင်သည်–ဒုတိယ၊ အနှံမှ နို့ရည်တည်လာသည့် နုနယ်သည့်စပါးစေ့အသွင်မှာ–တတိယ၊ မှည့်ရင့်လာသည့်စပါးစေ့မှာ– စတုတ္ထဖြစ်ပါသည်၊ ဖြစ်သော်လည်း ပထမဆင့်နှင့် လုံးဝတူညီမှု ရရှိသွားပြီး နို့ရည်တည်ကာမျှ စပါးစေ့သည် အပင်ကို ဖြစ်ပေါ်စေနိုင်သည့် အစွမ်းသတ္တိ ရှိနေသော်လည်း မှည့်ရင့်မှုမရှိသဖြင့် လက်တွေ့အပင်တခု ပေါ်ပေါက်မလာနိုင်၊ ၎င်း၌ရှိသည့်သတ္တိကို ထုတ်မပြနိုင်၊ သတ္တိရှိ–မရှိသိလိုလျှင် ဗျတ္တိချပ်ကိုထောက်၍သာ သိနိုင်ပေသည်၊ လက်တွေ့အပင်တခုသည် ဗျတ္တိပင်ဖြစ်၏။

၎င်းဗျတ္တိကိုမြင်သဖြင့် နို့ရည်တည်နေသည့် စပါးစေ့အတွင်း၌ အပင်တို့ ဖြစ်စေနိုင်သည့် သတ္တိရှိနေ၍သာ ဖြစ်သည်ကို ကောင်းစွာ သိနိုင်ပေသည်၊ အသက်တွင် ဖော်ပြခဲ့သော စတုတ္ထ အဆင့်မှာ အောင်မြင်သော မျိုးစေ့အဆင့်ဖြစ်သည်၊ ဤနေရာ၌ ဤမျှပင် မှတ်ထားပါဦး။

မေး။ ။စေတနာ စေတသိက်ကို အဘယ့်ကြောင့် ကံဟု ခေါ်ပါသနည်း။

ဖြေ။ ။စိတ်တခုခုပင် ဖြစ်ပေါ်လာတိုင်း သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇–လုံး အမြဲယှဉ်သည်၊ အခြား စေတသိက်တို့ ထိုက်သည် အားလျော်စွာ ယှဉ်ကြ၏၊ စေတနာ စေတသိက်သည် မိမိနှင့် အတူတကွ ယှဉ်ဖော်ယှဉ်ဘက်ဖြစ်သည့် စေတသိက် တရားတို့ကို အမြဲမပြတ် စေ့ဆော်သည်၊ စည်းရုံးသည်၊ ထိုအလုပ်မျိုးကို သူတပါးတည်းသာ လုပ်ဆောင်နိုင်ခဲ့သည်၊ အာရုံတခုကြောင့် စိတ်ဖြစ်ပေါ်လာသည့်အခါ အမြဲ ယှဉ်သည့် စေတသိက် ၇–လုံးတွင်–

၁။ ပထမ ဖဿစေတသိက်သည် အာရုံကို တွေ့ထိလိုက်သည်။

၂။ ဝေဒနာ စေတသိက်က အာရုံ၏ အရသာကိုမြည်းကြည့်လိုက်သည်၊ ထိုအခါ ကောင်းမှန်း, ဆိုးမှန်းကို သိသွား၍ သုခ, ဒုက္ခ ပေါ်လာရသည်၊ ထိုအချိန်မှာ ကုသိုလ်စိတ်, အကုသိုလ်စိတ် မသဲကွဲသေး၊ အရသာကို သိရုံမျှသာ ရှိသေးသည်။

၃။ သညာစေတသိက်သည် ထိုအခြင်းအရာကို မှတ်တမ်းတင်လိုက်သည်။

၄။ စေတနာစေတသိက်သည် စိတ်နှင့် ယှဉ်လာသည့် စေတသိက်အားလုံးကို စည်းရုံးစေ့ဆော်ပေးခဲ့သည်။

၅။ ဧကဂ္ဂတာ စေတသိက်သည် စိတ်နှင့်တကွ ဖြစ်ပေါ်လာသည့် စေတသိက် တရားတို့ကို တည်ငြိမ်စေသည်။

၆။ ဇီဝိတိန္ဒြေ စေတသိက်သည် စိတ်နှင့်တကွ ဖြစ်ပေါ်လာသည့် စေတသိက်တရားကို အမြဲရှင်သန်နေရန် တာဝန်ယူ ဆောင်ရွက်ပေးနေသည်။

၇။ မနသိကာရစေတသိက်သည် အာရုံ၏ အရသာကို ခံစားပြီး နှစ်လိုမှုသုခနှင့် မနှစ်လိုမှုဒုက္ခ၊ ဤနှစ်ဝကြောင့် ကောင်းသည့်ဖက်၊ ဆိုးသည့်ဖက် တဖက်ဖက်သို့ ပေါက်ထွက်ရန် မနသိကာရ စေတသိက်၏ အမိန့်ကို စောင့်ဆိုင်းနေသည့် အခါ ယောနိသောမနသိကာရ-လက်ျာလမ်းဖက်သို့ မီးစိမ်းပြလိုက်သည့်အခါ ကုသိုလ်စိတ်ဖြစ်ပေါ်လာရသည်၊ အယောနိသောမနသိကာရ- လက်ဝဲဘက် မီးနီပြလိုက်သည့်အခါ အကုသိုလ်စိတ်ဖြစ်ပေါ်လာရသည်။

မနသိကာရ စေတသိက်သည် လက်ဝဲလမ်း, လက်ျာလမ်း တလမ်းလမ်းသို့ တန်းတန်းမတ်မတ်ရောက်ရှိနိုင်ရန် ပဲ့ကိုင်ပေးသည့် တက်မကြီးနှင့်တူသည်၊ သူ့အလုပ်မှာ ဤမျှသာ၊ ဝေဒနာကလည်း အာရုံ၏အရသာကို မြည်းပြီးလျှင် သူ့ကိစ္စ ပြီးပြီ၊ သညာကလည်း မှတ်တမ်းတင်ရုံသာ သူတတ်နိုင်သည်၊ အခြား စေတသိက် တို့မှာလည်း အသီးသီး သူတို့နှင့်ဆိုင်သည့် အလုပ်ပြီးလျှင် အိပ်မောကျကြသည်၊တက်ကြွမှုလုံးဝမရှိ။

စည်းလုံးနိုးကြားမှုမရှိ၊ အာရုံကြောင့်ဖြစ်ပေါ်လာသည့် စိတ်, စေတသိက်တရားတို့ တစုတဝေးတည်း အားယူလှုံ့ဆော်၍ သရုပ်ဖော်နိုင်စွမ်းမရှိသဖြင့် အလုပ်မဖြစ်၊ အလုပ်မဖြစ်သောကြောင့် ကံမပေါ်၊ မနောကံသည်း ဖြစ်မလာ၊ ဝစီကံလည်း ဖြစ်မလာ၊ ကာယကံလည်းဖြစ်မလာ၊ စိတ်,စေတသိက်တို့ကို စည်းရုံးလှုံ့ဆော်သူ ပေါ်မလာ၍ အချိန်အခါ

လည်းမရှိ၊ စေတနာစေတသိက်၏ စေ့ဆော်မှုကြောင့် စိတ်,စေတသိက်တို့ နိုးနိုးကြားကြားဖြင့် အင်အားရှိလာကြသည်၊တောင့်တင်းလာကြသည်။

အစွမ်းထက်လာကြသည်၊ အရာရောက်လာကြသည်၊ စိတ်, စေတသိက်တို့မှာ အမာခံရုပ်များ မဟုတ်သော်လည်း စုပေါင်းမိ၍ သိပ်သည်းကျစ်လစ်လာသည့်အခါ အားဖြစ်လာသည်၊ ဥပမာ-ပျော့ပျောင်းသည့် ချည်မျှင်ကလေးတခုမှာ အင်အား အလွန်သိမ်မွေ့ နူးညံ့နေသောကြောင့် ဘယ်အရာကိုထိုးထိုး အရာမရောက် အပေါက်မဖြစ်၊ သို့ရာတွင် ချည်မျှင်အမြောက်အမြားကို စုစည်း၍၊ သို့မဟုတ် ကျစ်၍အသုံးပြုလျှင် အရာထင်သွားနိုင်သည်၊ ချိုင့်သွားနိုင်သည်၊ ပွန်းပဲ့သွားနိုင်သည်၊ ၎င်းမှာ စုစည်းမှုတခုကြောင့် ပေါ်ပေါက်လာရသည့် အားပင်ဖြစ်သည်။

စေတနာ စေတသိက်၏ စေ့ဆော်စည်းရုံးမှုကြောင့်စိတ်နှင့် စေတသိက်တရားတို့ အားဖြစ်လာကြသည်၊ စူးရှလာကြသည်၊ မာကြောလာကြသည်၊ အာရုံကိုကြံစည်ကာမျှ အဆင့်သာရှိသေးသည့် စိတ်ရာထုံးချက်တို့ကို သရုပ်ပေါ်အောင် ထွင်းဖောက်၍ အလုပ်ပေါ်ပေါက်လာရသည်မှာ စေတနာ စေတသိက်၏ အစွမ်းကြောင့် ဖြစ်၍ ၎င်းစေတနာကို ပါဠိဘာသာဖြင့် ကံမ္မဟု ခေါ်သည်၊ ပါဠိပျက်ဝေါဟာရဖြင့် ကံဟုခေါ်သည်။

မှတ်ချက်။ ။မ-အက္ခရာဖြင့် အသတ်ပြုထားသည်မှာ ၎င်း "မ" သည် သေးသေးတင် နိဂ္ဂဟိတ်မှ ဝဂ်အက္ခရာ ၂၅-လုံးအဆုံးဖြစ်ကြသည့် "င-ဉ-ဏ-န-မ"အဖြစ်သို့ ပြောင်းလဲ နိုင်သည်၊ မပြောင်းလဲဘဲ သေးသေးတင်-နိဂ္ဂဟိတ် အတိုင်းလည်း ထားနိုင်သောကြောင့် "ကံ"ဟူ၍၎င်း, "ကမ်"ဟူ၍၎င်း နှစ်မျိုးစလုံးပင် ရှိသင့်၏၊ ရှိနိုင်၏၊ သို့ရာတွင် "ကံ"ဟုပင် အစဉ်အလာအားဖြင့် သုံးလာခဲ့ကြသည်၊ ကံသည် မြန်မာလို-အလုပ်၊ အလုပ်သည် ပါဠိလို ကမ္မ-ကံ၊ ၎င်းအလုပ်နှင့် ကံပေါ်လာရသည်မှာ စေ့ဆော်စည်းရုံးမှုအားကြောင့် ပေါ်ပေါက်လာရကား စည်းရုံးစေ့ဆော်နိုင်သည့် စေတနာစေတသိက်ကို "ကံ"ဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။

## ကုသိုလ်စိတ်နှင့်အကုသိုလ်စိတ်ဟိတ်နှစ်မျိုးပေါ်လာစေနိုင်သည့် မနသိကာရစေတသိက်၏အစွမ်း

ယောနိသော မနသိကာရဆိုသည်မှာ သင့်လျော်လျောက်ပတ်စွာနှလုံးသွင်းတတ်ခြင်းကို ဆိုပါသည်၊ နားလည်သဘောပေါက် အောင်ဆိုသော် ဘာသာရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အိမ်ထောင်ရေး၊လူမှုရေး စသည်တို့၌ အဆင်ပြေအောင်ကြည့်တတ်မြင်တတ်နှလုံးသွင်းတတ်၍ ယောနိသောမနသိကာရ ရှိသူတယောက်ဖြစ်လျှင် မဖြစ်သေးသည့် ကုသိုလ်တရားတို့လည်း ဖြစ်ပေါ်လာကြသည်၊ ဖြစ်ပေါ်လာသောကုသိုလ်တရားတို့လည်းတိုးပွားလာကြသည်။

ထို့အတူ မသင့်တော်မလျောက်ပတ်သော နှလုံးသွင်းတတ်ခြင်းကို အယောနိသောမနသိကာရခေါ်ပါသည်၊ ဝါ-အစစအရာရာ အဆင်ပြေအောင် မကြည့်တတ်မမြင်တတ်၊ နှလုံးမသွင်းတတ်ခြင်းမျိုးကို ဆိုပါသည်၊ အယောနိသောမနသိကာရ ရှိသူတယောက်ဖြစ်လျှင် မဖြစ်သေးသည့် အကုသိုလ် တရားတို့သည် ပေါ်လာကြသည်၊ ပေါ်ပြီးသော အကုသိုလ်တရားတို့လည်း ပွားများလာတတ်လေသည်။

ကုသိုလ်စိတ်၊အကုသိုလ်စိတ် ဖြစ်လာရသည့်အကြောင်းမှာ ယောနိသောမနသိကာရနှင့် အယောနိသောမနသိကာရ—၎င်းနှစ်ခုအပေါ်တွင် တည်နေပေသည်၊ နှလုံးသွင်းကောင်းမှုနှင့် နှလုံးသွင်းမကောင်းမှုသာ လိုရင်းဖြစ်ခဲ့၏၊ ထို့ကြောင့် (စိတ်သာရှင်စေဝ ဘုရားဟော-စိတ်ထားတတ်လျှင်မြတ်၏) ဟုဗုဒ္ဓဘာသာမြန်မာတို့၌ စကားစဉ်ရှိခဲ့ပေသတည်း၊ ကိုးကွယ်မှုတွင် ခြောက်ပြစ်ကင်းသဲလဲစင် ဖြစ်ရန်မလွယ်၊ အပြစ်ကိုမြင်လျှင် အကျိုးနှင့်ထေ၍ ပြေအောင်မြင်တတ်ကြည့်တတ်လျှင် ယောနိသောမနသိကာရဝင်၍ ဖြူစင်သည့်ကုသိုလ်စိတ်များ ပေါ်နိုင်သည်။

သံဃာတပါးကို ဒေါင့်စေ့အောင်ကြည့်၍ ဝေဖန်နေလျှင် အပြစ်တွေသာတွေ့လာတတ်သည်၊ အကောင်းထက် အဆိုးဖက်သို့သာ မြင်သွားတတ်သည်၊ ကုသိုလ်ဖြစ်ရန်ခဲယဉ်းသွားပြီ၊ အခြားအလှူခံပုဂ္ဂိုလ်များကိုသော်ရင်း၊ သီလရှင်ကိုသော်ရင်း၊ဖိုးသူတော်ကိုသော်ရင်း ဒေါင့်စေ့အောင် ဝေဖန်လွန်းလျှင် ဆန်တဇွန်းလောင်းလှူဖြစ်တော့မည်မထင်။

ကိုးကွယ်ရမည့်ပုဂ္ဂိုလ်ကိုလည်း ရှာ၍တွေ့တော့မည်မဟုတ်၊ မိမိအမြင်တွင် အယောနိသောမနသိကာရသာလျှဉ်နေသောကြောင့် ခလုတ်ကန်သင်းတွေ့ဟုသာ ထင်နေပေသည်၊ ပြေအောင်ကြည့်တတ်လျှင် အပြစ်စင်၍ အကျိုးထင်လာနိုင်သည်၊ ခါးပြအတိုက်ခံရသူတယောက်၌ ယောနိသောမနသိကာရဝင်လျှင် ပစ္စည်းသာယူ၍ လူကိုသတ်မသွားသည်ကိုပင် ကျေးဇူးတင်နေသည်၊ တကယ်သတ်သွားလျှင်လည်း ဘာမျှတတ်နိုင်မည်မဟုတ်။

ကိုယ်ပိုင်မော်တော်ကားကြီးနှင့် ထည်ထည်ဝါဝါ သွားလာနေကြသူတို့ကို မြင်လျှင် မိမိ၌မရှိသည်ကို စိတ်ထိခိုက်ခြင်းမဖြစ်၊ မိမိ၌ ကိုယ်လက်အင်္ဂါ အပြည့်အစုံပါလာ၍သာ ယခုလိုကျန်းကျန်းမာမာနှင့် သွားလာနိုင် သေးသည်၊ မသန်စွမ်းသူတွေနှင့် စာလျှင် များစွာကုသိုလ်ကောင်းသေးသည်ဟု မြင်လာသည်။

လူမှုရေး, ပေါင်းသင်းဆက်ဆံရေးတွင်လည်း ယောနိသောမနသိကာရသာဝင်၍ အဆင်မပြေနိုင်သည့် အချက်တွေကိုသာ ကြည့်နေတတ်လျှင် ပေါင်းသင်းရမည့်သူ တယောက်ကိုမျှ ရှာတွေ့တော့မည်မဟုတ်။

အိမ်ထောင်ရေးတွင်လည်း အမျိုးသားတယောက်သည် အမျိုးသမီးများအပေါ် ရုပ်ဆင်းအင်္ဂါ, အမျိုးအနွယ်, အကျင့်စာရိတ္တ, စရိုက်, ဆက်ဆံရေး, ပစ္စည်းဥစ္စာ, ဓလေ့ထုံးတမ်း, ကိုးကွယ်မှု တခုမကျန် ဝေဖန်လွန်းနေလျှင် ဤဘဝတွင် အိမ်ထောင်ရှင်တဦး ဖြစ်လာနိုင်ရန် မလွယ်နိုင်တော့သကဲ့သို့ အမျိုးသမီးတဦးမှာလည်း အမျိုးသားများအပေါ် ဤအမြင်မျိုးသာ မြင်နေမည်ဆိုလျှင်လည်း ယခုဘဝ၌ အိမ်ထောင်ရှင်တဦး ဖြစ်လာနိုင်တော့မည်မဟုတ်၊ အယောနိသောမနသိကာရသဘာဝကို အမြဲနှလုံးသွင်းမိနေသောကြောင့်သာ ဖြစ်သည်။

ယောနိသောမနသိကာရနှင့် အယောနိသောမနသိကာရမှာ ကုသိုလ်ရေး, အကုသိုလ်ရေးသာ မဟုတ်၊ အလွန်ကျယ်ဝန်းသည့် လောကမြေပြင်ထဲမှာ ပျံ့နှံ့စိမ့်ဝင်နေသည်ကို တွေ့ရ၏၊ ၎င်းနှစ်မျိုးစလုံးမှာ မနသိကာရစေတသိက်မှ ဖြစ်ပေါ်ခဲ့ရသည်၊ ဤအကြောင်းကို စကားစပ်လျှဉ်း၍သာ ဖော်ပြခြင်းဖြစ်၏၊ လိုရင်းမဟုတ်သေး၊ ကမ္မနိယာမအကြောင်းကိုသာ ဆက်လက်၍ ဖော်ပြသွားပါအံ့။

## ရုပ်မျိုးစေ့နှင့် နာမ်မျိုးစေ့အကြောင်းကို ဖော်ပြခြင်း

ရုပ်မျိုးစေ့တွင် ပထမစိုက်ပျိုးသည့် စပါးစေ့မှအပင်ပေါက်၍ အနှံထွက်ပြီး နို့ရည်ဘည်သာသော စပါးစေ့သဏ္ဍာန် ပေါ်ပေါက်သာသည့်အထိ မျိုးစေ့မဟုတ်သေး၊ အဘယ့်ကြောင့်နည်း၊ ၎င်းကို အပင်တခုဖြစ်ပေါ်ရန် မြေ၌ချ၍ စိုက်ပျိုး၍လည်းမဖြစ်၊ ပျက်စီးသွားဘို့သာရှိသည်။

ထမင်းအဖြစ်ချက်ရန်လည်း မဖြစ်သေး၍ မူလမျိုးစေ့နှင့် ထပ်တူထပ်မျှ မဟုတ်သောကြောင့်ပင် ဖြစ်၏၊ မှည့်ရင့်လာသည့်အခါ မျိုးစေ့ဖြစ်လာပြီး တို့အတူနာမ်ပိုင်းတွင်လည်း အာရုံကြောင့် စိတ်ဖြစ်ပေါ်လာသည်၊ကုသိုလ်စိတ်၊အကုသိုလ်စိတ်မဟုတ်သေး၍ မနောကံလည်းမမြောက်၊ ကမ္မပထ အဆင့်သို့လည်း မရောက်၊ ဝစီကံ၊ ကာယကံ မမြောက်သေး၍ ကံမျိုးစေ့မဖြစ်၊မျိုးစေ့မဟုတ်၍ ရုပ်သစ်တခု၊ ဘဝသစ်တခုကို ဖြစ်ပေါ်စေနိုင်သည့်စွမ်းအားမရှိ။

အာရုံကြောင့် ပေါ်လာသည့်စိတ်သည် ယှဉ်ဘော်ယှဉ်ဘက် စေတသိက်တို့နှင့်တကွ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ စေတသိက်တို့ ပေါ်လာသည် အထိ ကုသိုလ်စိတ်၊ အကုသိုလ်စိတ် မကွဲပြားသေး၍ မနောကံအဆင့်အထိ မရောက်၊ နို့ရည်တည်လာသည့် စပါးစေ့အသွင်ကဲ့သို့ပင် ဖြစ်နေခဲ့သည်။

အာရုံကြောင့် စိတ်ဖြစ်ပေါ်တိုင်း အမြဲယှဉ်နေသည့် စေတနာစေတသိက်သည် အစေ့မရှက်သေးသည့် သရက်စေ့ကဲ့သို့ မရင့်ကျက်သေးရကား ကံသည် စေတနာ စေတသိက်ပင် ဖြစ်သည်ဟု ဆိုသော်လည်း မနသိကာရစေတသိက်၏ အဆုံးအဖြတ်ကို ပြတ်ပြတ်သားသား မရသေးသဖြင့် ၎င်းစေတသိက်သည် ကံအဖြစ်မထင်ရှားသေးဘဲ ရှိနေရသည်ဟု သိထားရပါမည်၊ မှည့်ရင့်လာသည့်စပါးစေ့သည် ရုပ်မျိုးစေ့အဖြစ် ရောက်လာရသကဲ့သို့ ကုသိုလ်စိတ်၊အကုသိုလ်စိတ် ထင်ရှားလာ၍ အစေ့ရှက်လာသည့် စေတနာစေတသိက်သည်လည်း နာမ်မျိုးစေ့အဖြစ် ရောက်လာရပေသတည်း။

## ရုပ်မှရုပ်သစ်ဖြစ်၍နာမ်မှရုပ်သစ်ဖြစ်ပေါ်လာပုံကို ဖော်ပြခြင်းအကြောင်း

ရုပ်ရုပ်ချင်းရိုက်ခတ်မိလျှင် ရုပ်သစ်တခုပေါ်လာရသည်၊ ဥပမာ— ကျောက်နှင့်သံထိခိုက်၍ မီးဖြစ်သာရခြင်းမျိုးကို ဆိုသည်၊ နာမ်မှ နာမ် ခေတ်, စိတ်ခေတ် ပေါ်လာရသည်မှာ ထင်ရှားသော်လည်း နာမ်မှရုပ် အသစ်တခု ဖြစ်ပေါ်လာရသည်မှာ စိတ္တဇရုပ်များကိုထောက်လျှင် သဘောပေါက်လောက်စရာရှိပါသည်။

နာမ်ခေါက်စိတ်ခေတ်သည် ကံအဆင့်ရောက်ပြီးမှ ဘမလွန်ကာဝအတွက် ရုပ်သစ်ဘခု,ဘဝသစ်ကခု,ကမ္မဇရုပ် ပေါ်ပေါက်သာရပုံမှာ ဗုဒ္ဓအဘိဓမ္မာ တွင်သာရှိ၍ သဘာဝ,သာဓက,အာဂမယုတ္တိတို့ဖြင့် ပေါ်လွင်အောင် ဖော်ပြထားသည့် အချက်အလက်မျိုးကား ရှားပါးနေပေသေးသည်ဟု ဆိုရပါမည်။

## ကုသိုလ်ကံ-အကုသိုလ်ကံအကြောင်းအကျိုးတရား ပေါ်ပေါက်လာပုံကိုပြဆိုခန်း

ရုပ်ပိုင်းတွင်ပထမ စပါး မျိုးစေ့မှ ဒုတိယ အပင်ပေါက်သောအဆင့် နှင့်တတိယ အသီးသီးသော အဆင့်ဟူ၍ အကြမ်းအားဖြင့် သုံးဆင့်သာရှိ သည်၊ ထိုသို့သုံးဆင့်တွင် ဒုတိယအဆင့်မှာ အပင်သာဖြစ်၍ အသီးအပွင့် ကိုမမြင်ရ၊ မစားရသေး၊ တတိယအဆင့် အသီးအပွင့်ကို သုံးစွဲစား သောက်လိုသော် ချက်ခြင်းမရ, အချိန် အခါကို စောင့်ရပါသည်၊ ထို့ကြောင့် မြန်မာ့စကားပုံတွင် "သီချိန်တန်သီး၍ ပွင့်ချိန်တန်လျှင် ပွင့်သည်" ဟုဘိုစမှတ်ပြုကြသည်၊ ၎င်းအပင်နှင့် အသီး နှစ်မျိုးစလုံးမှာ စပါးမျိုးစေ့မှ ထွက်ပေါ်လာကြသည့် အကျိုးဆက်တွေသာ ဖြစ်သည်။

အာရုံကြောင့် ပေါ်ပေါက်လာကြသည့်စိတ်, ၎င်းစိတ်နှင့်ယှဉ်သော စေတသိက်တို့စုံလင်၍ (ယထာရဟာစုံလင်၍) ကုသိုလ်စိတ်, အကုသိုလ်စိတ် မနောကံ,ဝစီကံ, ကာယကံနာမ်ပိုင်းဆိုင်ရာမျိုးစေ့ဖြစ်လာရသည်၊ ထိုနာမ် မျိုးစေ့သည်,စပါးစေ့မှပေါ်ထွက်လာသည့် ရုပ်မျိုးစေ့ကဲ့သို့ တမျိုးတစား တည်း အကျိုးတရားဖြစ်လာသည်မဟုတ်၊ ရုပ်မျိုးစေ့မှ အကျိုးတရား နှစ်မျိုး ဖြစ်လာသကဲ့သို့နာမ်မျိုးစေ့မှလည်း ဒုတိယဆင့်တွင် ထိုပဋိသန္ဓေ

ကမ္မဇရုပ်အသစ်ကို ဖြစ်ပေါ်စေခဲ့ပြီး တတိယအဆင့်တွင်မှ မျက်မှောက် ပစ္စုပ္ပန် အကျိုးစီးပွားများကို ရရှိခံစားကြရသည်။

ဥပမာ— ကုသိုလ်ကံအကြောင်းတရားကြောင့် လူ့ဘဝကို ရကြသည်၊ လူဖြစ်လာသည်၊ အချို့ကုသိုလ်ကံ အကြောင်းတရားများမှာ အားနည်း သေးသိမ် မှေးမှိန်သဖြင့် ဆင်းရဲသောဘဝသစ်တခုကို ဒုတိယအဆင့် ရောက်ရှိကြပြီးမှ လူသားမြောက်၍ တတိယဆင့်ရောက်လာသည့်အခါမှ မိမိတို့ငွမ်းအားအလျောက် အသီးအပွင့် အကျိုးတရားများဖြစ်ပေါ်လာရ သည်၊ ကုသိုလ်ကံအကြောင်းတရားတို့ ရင့်သန်ကြီးမားပါမူကြွယ်ဝချမ်း သာသော ဘဝကိုရကြသည်။

လူသားမြောက်လာသည့်အခါ သာမန်စွမ်းအားဖြင့်သာ မမြော်မှန်း သော အပွင့်အသီး အကျိုးပေးကြီးများနှင့် ကြုံကြိုက်သည်၊ အချို့ ပုဂ္ဂိုလ်တို့မှာ "သူဌေးသားသူဌေးဖြစ်၊ မင်းသားမင်းဖြစ်"နှင့်"ဆင်းရဲသား မင်းဖြစ်" မျိုးနှင့်လည်း ကြုံတွေ့ကြရ၏၊ သစ်ပင်ဖြစ်ပြီးမှ အသီးအပွင့် တို့ကို စောင့်ရသကဲ့သို့ ကုသိုလ်, အကုသိုလ်မျိုးစေ့ကြောင့် ရုပ်အသစ်ဖြစ် ပြီးသော်သည်း အသီးအပွင့်နှင့်တူသည့် ပစ္စုပ္ပန် အကျိုးပေးတခုကိုလည်း အချိန်အခါစောင့်ရပေသည်၊ ကောင်းကျိုးဆိုးကျိုး နှစ်မျိုးစလုံး အချိန် အခါရောက်မှ ပေါ်လာရသည်။

ထို့ကြောင့် ရှေးပညာရှိတို့က "ယောကျ်ားတို့ဘုန်း အဆုံးမရှိ၊ ယောကျ်ားတို့ဘုန်း ချိန်ဆုံခါသင့် ပန်းနွယ် ပွင့်၏" ဆိုစမှတ်ပြုခဲ့ကြ၏။ စပါးစေ့မှာအဆင့်သုံးဆင့်စလုံး ရုပ်ပိုင်းတွေသာဖြစ်သော်လည်း နာမ်မျိုး စေ့တွင် နောက်ဆုံး အသီးအပွင့်ပိုင်းမှာ နာမ်သာဖြစ်သည်၊ ရုပ်မဟုတ်၊ ဤကား ရုပ်မျိုးစေ့နာမ်မျိုးစေ့ နှစ်မျိုးတို့ အကြောင်းအကျိုး ထူးခြား ချက်ပင် ဖြစ်ပါသတည်း။

## စိတ်မှ ရုပ်ဖြစ်ပေါ်လာပုံနှင့် ကံမှရုပ်သစ်ဖြစ်ပေါ်လာပုံကို ပြဆိုခြင်းအကြောင်း

စိတ်မှ ဖြစ်ပေါ်လာသည့် ရုပ်သစ်တခုကို စိတ္တဇရုပ်ခေါ်၍ ကံမှဖြစ် ပေါ်လာသည့် ရုပ်သစ် တခုကို ကမ္မဇရုပ်ဟု ခေါ်သည်၊ မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ စိတ်ကြောင့်ဖြစ်ပေါ်လာသည့် စိတ္တဇရုပ် ဟူသမျှ သာမန်

စိတ္တဇရုပ်သည်၎င်း, စိတ်မှု ကံအဆင့် ရောက်၍ ကမ္မပထ မြောက်သော ရုပ်ဟူသမျှသည်၎င်း, ရုပ်သစ်များကို ဖြစ်ပေါ်စေနိုင်သည့် အစွမ်းသတ္တိ ရှိကြသည်ချည်းသာ ဖြစ်၏။

တမလွန်ဘဝအတွက်ကူး၍ သာမန်စိတ္တဇရုပ်သည် ရုပ်သစ်တခုကို ဖြစ်ပေါ်စေနိုင်စွမ်း မရှိသော်လည်း ကမ္မပထမြောက်သောစိတ်သည် အခြားမဲ့ ဘဝအတွက် ရုပ်သစ်ဘဝသစ်တခုကို ဖြစ်ပေါ်စေနိုင်သော အစွမ်းသတ္တိ ရှိပေသည်။

ပဋိစ္စသမုပ္ပါဒ်တွင် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်၊ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်သည်၊ ဝိညာဉ်ကြောင့် နာမ်သည်၎င်း,ရုပ်သည်၎င်း ဖြစ်ပေါ်လာရသည်ဟုဆို၏၊ဗုဒ္ဓအဘိဓမ္မာတွင် ကမ္မပထမြောက်၍ မျိုးအဖြစ် ရှင်ကျက်ရောက်ရှိနေသည့်ကံသည် ပဋိသန္ဓေ၏ ဥပါဒ်က စ၍ ကံလျှင် ဖြစ်ကြောင်းရှိသော ရုပ်တို့ကို ခဏတိုင်း ခဏတိုင်း ကောင်းစွာ ဖြစ်စေသည်ဟု ဆို၏။

မေး။ ။လက်တွေ့ ဘယ်လိုဖြစ်ပေါ် ဘယ်ပုံဖြစ်ပေါ် စေခဲ့ပါသနည်း၊ ကံကြောင့်ဖြစ်ပေါ်လာသည့် ကမ္မဇ ရုပ်သည် သူ့ချည်းထီးထီး ဖြစ်ပေါ်လာပါ သလော၊ ကမ္မဇရုပ်သက်သက်ကို သီးခြား ခွဲထုတ်၍ ပြတ်ပြတ်သားသား ထင်ရှားအောင် ဖော်ပြနိုင်ပါသလား၊ သို့တည်းမဟုတ် ၎င်းကမ္မဇရုပ်သည် အခြားရုပ်တခုကို အမှီပြုပြီးမှ ပေါ်ပေါက်လာရပါသလား၊ အမှီပြုလျှင်လည်း အဘယ်သို့ အမှီပြုပါသနည်း၊ မပြုလျှင်လည်း အဘယ်သို့ဖြစ်ပေါ်လာခဲ့ပါသနည်း။

ဖြေ။ ။ဥပမာ–သစ်သားတခုကိုကိုင်၍ လူအများကိုမေးလျှင် သစ်တုံး, သစ်သားဟူ၍သာ ဖြေဆိုလိမ့်မည်၊ ၎င်းကို မင်းသားရုပ်, မင်းသမီးရုပ် ထုလုပ်ပြီးသည့်အခါ မည်သူမျှသစ်သားဟုမခေါ်၊ ၎င်း မင်းသားရုပ်, မင်းသမီးရုပ်အသွင်သည် သစ်သားပေါ်၌သာ ထင်နေ၍ သစ်သားနှင့်ကင်းပြီး ဤအသွင်နှစ်ခုကို သီးခြားခွဲထုတ်၍ ပြသနိုင်စွမ်း မရှိ။

ရုပ်သွင်များသည် သစ်သားနှင့်ကင်း၍ မရနိုင်သော်လည်း ၎င်းရုပ်သွင်များကို ဖျက်ဆီးလိုက်သည့်အခါ သစ်သားသည် ရုပ်သွင်များနှင့်ကင်း၍ ဖြစ်နိုင်သည်ကို တွေ့ရလိမ့်မည်၊ သစ်သား၌ ရုပ်သွင်ထင်နေရသည်မှာ ထုလုပ်သူရှိ၍သာ ဖြစ်သည်၊ ထုလုပ်သူကား ပန်းပုဆရာပင် ဖြစ်သည်၊ ကံကြောင့်ဖြစ်သော ကမ္မဇ ရုပ်သွင်ကို တဏှာယောကျ်ား လက်သမား ပန်းပုဆရာ ထုလုပ်၍ ရုပ်သွင်အမျိုးမျိုးတို့ ဥတုဇရုပ်အပေါ်တွင် ထင်နေကြရ၏။

ကမ္မဇရုပ်သွင်သည် ဥတုဇရုပ်ကို အမှီပြုရမှ ဖြစ်ပေါ်လာရသည်၊ ဥတုဇရုပ်နှင့်ကင်း၍မရ၊ ထိုဥတုဇရုပ်ကား အပြင်အပတွင်ရှိသည့် တောတောင်ရေမြေတို့မှ ပေါ်ထွက်လာသည့် ဥတုမဟုတ်၊ အဖိုအမဖြစ်သည့် မိဘနှစ်ပါးတို့၏ သုက်ဓာတ်သွေးဓာတ်ကို အမှီပြု၍ဖြစ်သခဲ့၏။

**မေး။** ။နာမ်ဓာတ်စိတ်ဓာတ်မှ ရုပ်သစ်တခုကို လက်တွေ့ဘယ်ပုံ ကူးပြောင်းဖြစ်ပေါ်စေပါသနည်း။

**ဖြေ။** ။လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ အာရုံတခုကိုစွဲလမ်းတတ်မက် နှစ်သက်မိလျှင် ထိုစွဲလမ်းခြင်းခံရသည့်အာရုံမှာ ရုပ်သာဖြစ်သည်၊ နာမ်မဟုတ်၊ စွဲလမ်းသည့်စိတ်မှာလည်း ရုပ်မဟုတ် နာမ်သာဖြစ်သည်၊ နာမ်ဓာတ်သည် ပတ်ဝန်းကျင် သဘာဝအာရုံများဖြစ်သည့် ရုပ်တခုခုကိုရင်း၊ နာမ်ဓာတ် စိတ်ဓာတ်တခုခုကိုရင်း ညွတ်လည်းညွတ်တတ်သည်၊ ရောက်တတ်သော သတ္တိရှိသည်။

ပတ်ဝန်းကျင်ရှိ ရုပ်သဘာဝအာရုံတခုခုကိုသော်ရင်း၊ နာမ်ဓာတ်စိတ်ဓာတ်တခုခုကိုသော်ရင်း မိမိထံသို့အရောက် ဆွဲငင်ညွတ်စေတတ်သော သတ္တိထူးများရှိနေသောကြောင့် မိမိ၏စိတ်အလိုရမ္မက် နှစ်သက်စွဲလမ်းခြင်း၊ မိမိအလိုအတိုင်း ဖြစ်ပေါ်လိုစိတ် ပြင်းထန်လာသည့်အခါ အပြင်အပရှိ နာမ်အာရုံတခုသည် မိမိထံသို့ညွတ်ပျောင်း ဦးတည် ရောက်ရှိလာသည်။

ထိုသို့နာမ်–နာမ်ချင်း ကူးလူးဆက်ဆံမှုကို သိပ္ပံနည်းကျကျ ဓာတ်ပုံရိုက်ထား၍မရ။

အပြင်အပရှိ ရုပ်အာရုံတခုကို မိမိထံသို့ ညွတ်စေရာ၌ ထိုရောက်ရှိလာသည့် ရုပ်အာရုံသည် တည်ခိုစရာ ရုပ်အသစ်တခု မရှိသေးလျှင် ရောက်

လာသည့်ရုပ်ကိုယခုအချိန်အထိ ဗုဒ္ဓအဘိဓမ္မာဆရာတို့ကလည်း ထင်ရှား သည့်သာဓကကို ထုတ်မပြနိုင်၊ သိပ္ပံဆရာတို့ကလည်း မစွမ်းဆောင်နိုင် သေး၊ ရောက်ရှိလာသည့် ရုပ်အာရုံတခုသည် တည်းခိုစရာ ရုပ်သစ်တခုကို ရရှိလာသည့်အခါ ထင်ရှားသောသာဓက ပေါ်လာရသည်။

ရုပ်အာရုံတခုသည် နာမ်ဓာတ်တခု၏ ဆွဲဆောင်မှုကြောင့် ရောက်ရှိ လာသည့်အခါ ထိုနာမ်ဓာတ်၏ တည်ရာ ကိုယ်ခန္ဓာရုပ်ဒြပ်ကြီးတခု အထင် အရှားရှိနေပါလျက် ဘယ်အတွက် နုနယ်သည့်ရုပ်သစ်တခုကို စောင့်ဆိုင်း ပြီး ရှာကြံနေရသနည်း၊ ထိုသို့မဟုတ်ပါ၊ ရောက်လာသည့် ရုပ်အာရုံသည် တည်းခိုစရာ ရုပ်သစ်၊ ရုပ်ဟောင်းမရွေး ပြေးဝင်ပူးကပ် ဓာတ်ချင်းဆက် စပ်မြဲသာဖြစ်သည်။

သို့ရာတွင် ရုပ်ကြမ်းတွင်အရာမထင်၊ နူးညံ့သည့် ရုပ်သစ်တခုတွင်သာ အရာထင်ပြီး မျက်မြင်တွေ့ရှိချက်မျှသာဖြစ်သည်ကို သတိမူသင့်ပေသည်၊ ယခုပြဆိုမည့်သာဓကမှာ သိပ္ပံဆရာတို့ စမ်းသပ်တွေ့ရှိ ထားကြသည့် အနောက်တိုင်းသာဓကမဟုတ်၊ အထက်မြန်မာပြည်တွင်သင်းကွပ်ပြီး ဆုံးမ ပြီးသောနွားများကို (နွားထီးများကို) နဘီးဟုအတိုခေါ်ကြသည်။ ဆုံးမ— သင်းကွပ်ပြီးနွားတို့မှာ ဖိုမဆက်ဆံမှုကို မပြုနိုင်သည့်ပြင် လူ့လောကတွင် လူညွန့်တုံးသကဲ့သို့ နွားညွန့်တုံး၍ ဆိတ်သုဉ်းသွားရသော နွားမျိုးပင် ဖြစ်သည်။

ထိုနဘီးများသည် နေ့စဉ် နွားမကလေးများနှင့် ရောနှော၍ အစာရေ စာပေါသော စားကျက်များတွင် သွားလာကျက်စားလျက်နေကြ၏၊ စိတ်အာရုံချင်းမှာ ရင်းနှီးရင့်ကျက်နေကြသည်၊ ဒါမြင်များ၍အကြင်များ နေကြသည်၊ သို့ရာတွင် လက်တွေ့ဖိုမဆက်ဆံမှုမှာ စိတ်အာရုံတခုမှလွဲ၍ အကဲရောက်နိုင်သည့် အခြေမျိုးကား မဖြစ်နိုင်တော့ပေ၊ နဘီး၏နာမ်ဓာတ် သည် နွားမလေး၏ ရူပါရုံသို့ညွတ်၏၊ ရောက်၏၊ မိမိ၏အလိုရမ္မက် နိုင်ငံသို့လည်း ထိုရူပါရုံကိုညွတ်စေခဲ့သည်၊ ရောက်စေခဲ့သည်၊ ရောက် လည်းရောက်သည်၊ ရောက်ကြောင်းထင်ရှားအောင်မပြနိုင်။

နွားမကလေး၏ နာမ်ဓာတ်သည်လည်း နေ့စဉ်နီးစပ် နီးကပ်ရင်းနှီး ရသည့် နဘီး၏ နာမ်ဓာတ်သို့လည်း ညွတ်၏၊ နဘီး၏ရုပ်ဆင်းသဏ္ဌာန်သို့ လည်း ညွတ်၏၊ ထိုရုပ်ဆင်းသဏ္ဌာန်ကြန်အင်ဖြစ်သည့် ရူပါရုံကိုလည်း

မိမိအလိုရမ္မက်နိုင်ငံသို့လည်း ညွတ်စေခဲ့၏၊ ညွတ်လည်းညွတ်၏၊ ရောက်လည်းရောက်လာ၏၊ ထိုနွားမကလေးသည် အခြားသောနွားသိုးတကောင်ကောင်နှင့် ကိလေသာအမိုက်မှောင်မရှောင်သာ၍ညားမိကြသည့်အခါမွေးဖွားလာသည့် သားကလေးမှာ အဖဖြစ်သူ နွားသိုး၏ အရောင်အသွေးမဟုတ်ဘဲ နဘီ၏အရောင်အသွေးဖြစ်နေခဲ့၏။

"မဆီ ဘိုင် လက်ပံသား ဓားနှင့်ချိုင်၊ ခုတ်ရာတခြား ရှရာတခြား၊ လက်သည်ကတဦး တရားခံကတယောက်" ဆိုစလောက် ဖြစ်ခဲ့သည်၊ သဘာဝအဘိဓမ္မာ ဆိုသည်မှာ တမျိုးစီမဟုတ် အတူတူပင်ဖြစ်သည်၊ ထိုသဘာဝအဘိဓမ္မာ— ဗုဒ္ဓအဘိဓမ္မာသည် ရုပ်သဘာဝ, နာမ်သဘာဝ နှစ်မျိုးစလုံးနှင့် သက်ဆိုင်သည်၊ သိပ္ပံပညာသည် ရုပ်သဘာဝတမျိုးတည်းနှင့်သာသက်ဆိုင်သည်၊နဘီး၏ရုပ‌ါရုံ သည်-ရုပ်၊နွားမကလေး၏ အာရမ္မဏိကဆွဲငင်ညွတ်ပျောင်းစေသည့် နာမ်ဓာတ်သည် ရုပ်မဟုတ်၊ သို့ရာတွင် သူဆွဲငင်လာသည့် အာရုံရုပ်ဓာတ်မှာ သူ၌အသစ်ဖြစ်ပေါ်လာသည့် သိမ်မွေ့နူးညံ့သည့်ရုပ်သစ်တွင် အရာထင်ပြီးသား ဖြစ်နေသည်၊ထို့ကြောင့်—

၁။ နာမ်သည်ရုပ်ကိုဖြစ်ပေါ်စေနိုင်၏၊ အသွင်သစ်ဘဝသစ်တခုကိုလည်း ဖြစ်ပေါ် စေနိုင်၏ ဟု-ဆိုခဲ့သော ဗုဒ္ဓအဘိဓမ္မာတွင် စာအရဖြစ်၍ ၎င်းကို အာဂမယုတ္တိဟုခေါ်သည်။
၂။ လက်တွေ့ပြသောအရာဝတ္ထုကို သာဓကယုတ္တိဟုခေါ်သည်။
၃။ ဘယ်အတွက်ကြောင့် ဖြစ်ရသည်, ဘယ်အကြောင်းကြောင့် ဖြစ်ရသည် အစရှိသည်ဖြင့်ယထာဘူတကျအောင် ဝေဖန်ပိုင်းခြားခြင်းမျိုးကို သဘာဝယုတ္တိဟုခေါ်သည်။

ရောက်ရှိလာသည့် အာရုံဓာတ်သည် မည်သည့်အခါတွင်မဆို အာရုံပြုသည့်နာမ်ဓာတ်နှင့် အညမညမဟုတ်သော်လည်း သဟဇာတဖြစ်နေကြ၍ ကပ်မြဲထင်မြဲပင်ဖြစ်သည်၊ ဗုဒ္ဓအဘိဓမ္မာအရ တနေ့တွင်သိပ္ပံဆရာတို့ လက်တွေ့ပြနိုင်မည်လား မပြောနိုင်။

ယခုပြဆိုခဲ့သည်တို့မှာ ကံကြောင့်ရုပ်အသစ်တခု ဖြစ်ပေါ်လာပုံနှင့် ဖြစ်ပေါ်လာပုံ အခြင်းအရာလက္ခဏာများ အကြောင်းဖြစ်သည်၊ လူဖြစ်စေ, တိရစ္ဆာန်ဖြစ်စေ သက်ရှိသတ္တဝါမှန်သမျှ နာမ်ဓာတ်နှင့်အာရုံတို့ ဆန်စုန်ကူးလူး ကွန့်မြူးကျက်စားကြရာ၌ ဆန်းဆန်းကြယ်ကြယ် ဖြစ်နေ

ကြရပေသည်၊ ထူးခြားချက်မှာ သာမန်စိတ်မှ ပေါ်ပေါက်လာရသည့် စိတ္တဇရုပ်တို့မှာ မျက်မှောက်ဘဝတွင်သာ အစွမ်းပြပြီးနောက် ချုပ်ပျောက်ကြရသည်၊ ဘဝသစ်အရောက် ခရီးမပေါက်နိုင်ကြ။

မေး။ ။စိတ်မှ ကံအဆင့်ရောက်၍ ၎င်းကံမှ ပေါ်ပေါက်လာကြသည့် ကမ္မဇရုပ်တို့မှာ ဘဝသစ်အထိထိုးဖောက်ပြီး ဘယ်အတွက်ခရီးရောက်နိုင်ကြသနည်း။

ဖြေ။ ။စိတ်မှဖြစ်ပေါ်လာသည့် စိတ္တဇရုပ်တို့မှာ အားပျော့၍ ကမ္မဇရုပ်တို့မှာ အားအရှိန်ပြင်းသောကြောင့်ဖြစ်သည်၊ ထိုသို့ဖြစ်ရသည်မှာလည်း စိတ်နှင့်ကံမှာ နာမ်ဓာတ်ချင်းတူသော်လည်း စိတ်ထက်ကံအဆင့်ရင့်ကျက်ပုံကို နောက်ကပြဆိုခဲ့ပြီးဖြစ်၍ သဘောပေါက်လောက်ပြီဖြစ်ပါသတည်း။

## ရုပ်ဗီဇနှင့်နာမ်ဗီဇတို့အကျိုးဆက်ပေါ်ထွက်ပုံ မတူသည်ကိုပြဆိုခြင်း

ရုပ်ပိုင်းတွင် သစ်စေ့တခုကိုစိုက်လျှင် အပင်ပေါက်ပြီး အသီးသီးလာသည့်အခါ မူလသစ်စေ့၏ အသွေးအရောင်နှင့်၎င်း, လုံးရုပ်သဏ္ဌာန်နှင့်၎င်း, ရသဓာတ်နှင့်၎င်း တဖြတ်ထည်း ပြန်တူနေခဲ့သည်၊ ယခုလည်းတူသည်၊ နောင်လည်းကမ္ဘာအဆက်ဆက် ဘယ်အခါမှ ပုံစံမပျက်ဘဲ ဆက်လက်နေမြဲနေမည်သာဖြစ်၏။

ဤအဖြစ်မျိုးကား ခိုင်မြဲ၏၊ စိတ်ချရ၏၊ ငရုတ်သီးသည် ပူ၏စပ်၏၊ ရှောက်သီးသံပုရာသီးတို့သည် ချဉ်ကြ၏၊ သရက်,ပိန္နဲတို့လည်း ချိုကြ၏၊ အတိတ်ကမ္ဘာ အဆက်ဆက်ကလည်း ဤအတိုင်းပင်၊ တမာပင်စိုက်လျှင် တမာပင်ဖြစ်မည်၊ သက်ရှိသတ္တဝါတို့တွင် ပထမတိရစ္ဆာန်ကိုကြည့်လျှင် တိရစ္ဆာန်မှမွေးလျှင် တိရစ္ဆာန်ကလေးပင် ပေါ်လာမည်ဖြစ်သော်လည်း အသွေးအရောင်ချင်းကား တကောင်နှင့်တကောင် မတူကြ၊ စိတ်ချင်းလည်းမတူကြ၊ အလှအပချင်းလည်း မတူကြ။

အချို့ ကျေးမွေးနိုင်သူများ လက်တွင်းသို့ ရောက်သွားကြသည်၊ အချို့မှာ အလွန်ဆင်းရဲသူများ လက်တွင်းသို့ ရောက်သွားကြသည်၊

အချို့မှာအသက်ရှည်ကြသည်၊ အချို့မှာ အသက်တိုကြသည်၊ အချို့မှာ ရိုးရိုးပင်သေဆုံးကြသည်။ အချို့မှာ သူတပါး ပယောဂကြောင့် သေဆုံးကြရသည်၊ လူသတ္တဝါတို့၌လည်း ဤအတိုင်းပင်၊ တဦးနှင့်တဦး မတူ တမူစီခြားနားနေကြ၏။

အမိ၊ အဖတို့ သူတော်ကောင်းတွေ ဖြစ်ကြသော်လည်း မွေးဖွားလာသည့် သားသမီးတို့မှာ သစ်သီးဝါးသီးတို့၏ အစဉ်အလာကဲ့သို့မဟုတ်၊ အမိအဖတို့ကဲ့သို့ လိမ္မာသူတွေရှိသလို တူးတူးခါးခါး မိုက်သူတွေပါ လာသည်၊ အမိအဖတို့ တံငါမုဆိုးဖြစ်သော်လည်း သားသမီးတို့ တံငါ မုဆိုးဖြစ်သူတွေလည်းဖြစ်ကြသည်၊ ရဟန္တာဖြစ်သူတွေလည်း ပါလာကြသည်။

ထိုသို့ဖြစ်ရသည်မှာ တမာပင်စိုက် တမာသီးသီး၊ သရက်ပင်စိုက် သရက်သီးသီးသည့် ရုပ်ဗီဇကဲ့သို့မဟုတ်၊ကုသိုလ်ကံ၊အကုသိုလ်ကံ—နာမ်ဗီဇ တို့ကြောင့် ဖြစ်ရ၏၊စေတနာကံ နာမ်ဗီဇသည် မြေအပြင်၌ သစ်ပင်ဝါး ပင်အမျိုးမျိုးပေါက်ရောက်လာစေရန် ရုပ်ဗီဇများ ပေါ်ပေါက်လာရ သကဲ့သို့ လူ့ခန္ဓာ၊နတ်ခန္ဓာ၊တိရစ္ဆာန်ခန္ဓာ အစရှိသည့် ဗီဇအမျိုးမျိုးကို ပေါ်ပေါက်စေနိုင်သည့် အစွမ်းသတ္တိရှိ၏။

သစ်စေ့သည် မည်မျှမျိုးကောင်းစေကာမူ မိုးရာတည်ရာ မြေမျက်နှာ တွင် အဆီသြဇာတို့ရှိမှ အပင်သန်နိုင်သည် ကြီးထွားနိုင်သည်၊ ၎င်းမြေ မျိုးကို ပါဠိဘာသာအားဖြင့် "ခေတ္တ"ဟုခေါ်သည်၊ ခေတ္တသဒ္ဒါသည် မြေရိုးရိုးမဟုတ် စိုက်ပျိုးရာလယ်မြေကို ခေါ်သည်၊ . နာမ်ပိုင်းတွင် စေတနာကံမျိုးစေ့ မည်မျှပင်ကောင်းစေကာမူ မျိုးစေ့ချရာ စိုက်ပျိုးရာ ဖြစ်သည့် အလူခံတကျိပ်လေးတို့၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်၊ မြေဩဇီမြေလွှာမြေသြဇာ အခံကောင်းမှ မျိုးကောင်းသလောက် အပင် သန်နိုင်သည်။

သံဃာတော်ဂုဏ်ကိုးပါးတွင် "ပုညခေတ္တံ အနုတ္တရံ"ဟူ၍ ဖော်ပြထား ခဲ့၏၊ သံဃာတော်တို့၏ သိက္ခာပုဒ်ဂုဏ်တော်မှာ လယ်-ယာ မြေကောင်း နှင့်တူ၍ ခေတ္တသဒ္ဒါနှင့် သုံးစွဲခဲ့သည်။

ဤနေရာတွင် ခေတ္တသဒ္ဒါ၏အကြောင်းကို အနည်းငယ်ဖော်ပြရသော် ခေတ္တသဒ္ဒါသည် ခေတ်တခေတ်ကိုလည်း ဟော၏၊ ရာသီသခင်ဂြိုဟ်ကို

လည်း ဆို၏၊ ဇာတာတွင် စန်းတည်သောအိမ်ရှင် ဂြိုဟ်ကိုလည်း ဟော၏၊ ဗေဒင်ကျမ်းများတွင် မူလစန်းဂြိုဟ်ကို စန်းတည်သော အိမ်သခင်ဂြိုဟ်မြင်လျှင် မင်းဖြစ်အံ့ဟု ပြကြသည်။

စန်းနှင့်ခေတ်သည် လူနှင့်အရိပ်ပမာ ထက်ချပ်ပါလာသော ကြောင့် စန်းထလျှင်လည်း ခေတ်ကောင်းမြဲဖြစ်၏၊ ခေတ်ကောင်းလျှင်လည်းစန်းထပြီဟုမှတ်ပါလေ၊ ၂-လာဂြိုဟ်သည် စန်းပင်ဖြစ်၏၊ ထို့ကြောင့် ၂-လာဂြိုဟ်သို့ ရောက်သည့်အခါကို အကြေအညာမှ စလေဆရာက စပ်ဆိုထားပုံမှာ "သွေ့မပျက်ပ-ငွေစကြာလို၊ ရွှေမျက်နှာလန်းပါလိမ့်လေး"ဟူသတည်း။

## စိတ္တဇရုပ်နှင့် ကမ္မဇရုပ်တို့၏ ခြားနားချက်ကို ဖော်ပြခြင်းအကြောင်း

စိတ်နှင့်ကံနှစ်မျိုးစလုံး နာမ်ဓာတ်သာ ဖြစ်သော်လည်း စိတ်ကြောင့်ပေါ်လာရသည့် ရုပ်နှင့် ကံကြောင့်ပေါ်လာရသည့် ရုပ်နှစ်မျိုးတို့မှာ ခိုင်မြဲပုံချင်းမတူကြ၊ စိတ္တဇရုပ်သည် တခဏတာမျှသာ တည်တံ့နိုင်၏။

သာမန်ယောဂီပုဂ္ဂိုလ်မျိုးကို မဆိုထားဘိ၊ ဈာန်အဘိညာဉ်ရဓယာဂီနှင့် ပစ္စေကဗုဒ္ဓါ, ရဟန္တာပုဂ္ဂိုလ်တို့၏တန်ခိုး, နောက်ဆုံး ဗုဒ္ဓဘုရားရှင်၏ တန်ခိုးများမှာ စိတ္တဇရုပ်တွေသာဖြစ်သည်၊ ထိုစိတ္တဇရုပ်များမှာကြာကြာမခံ၊ ဘုရားရှင်သည် ရေမီးအစုံစုံသော တန်ခိုး ပြာဋိဟာကိုပြတော်မူခဲ့သော်လည်း အစိုင်လိုက်အခဲလိုက် မကျန်ရစ်ခဲ့၍ ယနေ့ပြစရာမရှိ၊ ရောင်ခြည်တော်ခြောက်သွယ် လွှတ်ခဲ့သော်လည်း ထိုရောင်ခြည်တော်များ ယနေ့အထိ မတည်တံ့သည်မှာ စိတ္တဇရုပ်တွေသာ ဖြစ်သောကြောင့်ပင်တည်း။

ထိုစိတ္တဇရုပ်များသည် ကမ္မဇရုပ်အဖြစ်သို့မကူးပြောင်းသရွေ့ ကြာရှည်မခိုင်မြဲနိုင်၊ သက်ရှိသတ္တဝါတို့၌ ကမ္မဇရုပ်ဖြစ်ပေါ်ပြီးလျှင် သေသည့်အထိ ခိုင်မြဲကြသည်၊ပြဆိုခဲ့ပြီးသည့် နွားသာဓကမှာ ရှိပြီးသား အရောင်အသွေးတို့ သေသည်အထိ ခိုင်မြဲသွားကြသည်၊ပြောင်းလဲမှုမရှိ။

နဘိ၏ ရှုပါရုံကို စုံမက်နှစ်သက်သော နွားမကလေး၏ နာမ်ဓာတ်သည် ထိုအာရုံကို မိမိသို့ညွတ်စေရာ၌ ရှုပါရုံအဆင်းသည် နာမ်ဓာတ်နောက်သို့ ကောက်ကောက်ပါအောင် လိုက်လာခဲ့ခြင်း မဟုတ်၊ ရုပ်သည်

နာမ်ခေတ်နောက်သို့သာ လိုက်ပါလာခဲ့လျှင် နဘီး၌ရှိသည့် မူလအသွေး အရောင်မှာ လုံးဝ ပျောက်ကွယ်သွားရမည်၊ သို့မဟုတ် အရောင်လျော့ သွားရမည်၊ နွားမကလေး၏ဆန္ဒ နာမ်ခေတ်မှ တောင့်တမှုအရ နဘီး၏ ရုပ်ပါရုံအသွေးအဆင်း ပုံတူ ဖြစ်ပေါ်လာရခြင်းသာ ဖြစ်သည်။

ဤနာမ်ခေတ် စိတ်ခေတ်မှ ပေါ်လာရသည့် ရုပ်အရောင်အသွေးသည် ဆိုးဆေးသဘွယ် နွားသိုး၏ သုက်ခေတ် သွေးခေတ်၊ နွားမကလေး၏ သုက်ခေတ် သွေးခေတ်သို့ ချဉ်းကပ် ပေါင်းစပ်မိသွားခြင်းသာ ဖြစ်၏။

ဤသဘာဝ ဟုတ် မဟုတ်၊ သိပ္ပံဆရာတို့၏ လက်တွေ့အလုပ်ဖြစ်သည်၊ ဆိုလိုရင်းမှာ သားငယ်၏ သွေးကို ဖောက်၍ လေ့လာလျှင် အမိသွေး၊ အဖသွေး အမှန်ဖြစ်ပေါ်နိုင်သည်ဟု ပြောလိုရင်းဖြစ်သည်။

အသွေးအရောင်ကို ပုံမှား ရိုက်နိုင်သော်လည်း သွေးကို ပုံမှားရိုက်၍ မရ၊ ဘာကြောင့်နည်း၊ သွေးသည်ရုပ်မှပေါ်ပေါက်လာရသည့် အမာခံ ရုပ် သစ်တခုဖြစ်၍ အသွေးအရောင်သည် နွားမကလေး စိတ်ဆော စိတ်ကစား ၍ နာမ်တဘားမှ ပေါ်လာရသည့် ရုပ်ပျော့ ရုပ်သစ်တခု ဖြစ်နေသော ကြောင့်ပင်တည်း။

ယင်းသို့ ဖြစ်လျှင် မူလ အမိအဖတို့၏ သွေးခေတ်၌ အသွေးအရောင် ပါပြီး မဟုတ်လော၊ မှန်၏၊ ဤသွေးခေတ်၌ ပါရှိပြီးအရောင်အဆင်းကို နွားမကလေး၏ ပြင်းပြလွန်းသည့် ဆန္ဒခေတ်နှင့် ၎င်းမှ ပေါ်ထွက်လာ သည့် ရုပ်ခေတ်တို့က အပြတ်အသတ် အနိုင်ယူလိုက်ခြင်းသာဖြစ်၏။

တိရစ္ဆာန်ဖြစ်စေ၊ လူဖြစ်စေ ဆန္ဒခေတ်ပြင်းလွန်းလျှင် ဆန္ဒနောက်သို့ ပါတတ်သည်၊ ဆန္ဒစေတသိက်သည် ရုပ်မဟုတ်၊ နာမ်သာဖြစ်သည်၊ ၎င်း ဆန္ဒစိတ်ပြင်းထန်လွန်းလျှင် တန်ခိုးထွက်လာသည်၊ ဆန္ဒ–အလို၊ ဣဒ္ဓိပါဒ်– တန်ခိုး၊ ၎င်းပုဒ် နှစ်မျိုး ပေါင်းစပ် လိုက်သည်၊ ဆန္ဒိဒ္ဓိပါဒ–ဆန္ဒိဒ္ဓိပါဒ် ဖြစ်လာရသည်၊ထို့ကြောင့် လက်သည် အစစ်ကို ရှာလိုလျှင် လက်တွေ့ သွေး၌သာ ရှာသင့်၏၊ အရောင်အဆင်း၌ ရှာ၍ ရမည် မဟုတ်၊ သွေးနှင့် အရောင်အဆင်း နှစ်မျိုးစလုံး သက်သေခံနေလျှင် တရားခံအစစ်မှာ ပြေး ၍ မလွတ်တော့ပြီ။

[ယခုလောက် ဖော်ပြလျှင်စိတ်ကြောင့် ရုပ်သစ်ဖြစ်လာပုံ၊ ကံ ကြောင့် ရုပ်သစ်ဖြစ်လာပုံ၊ ကံကြောင့်ဘဝသစ်တခုကူး၍ ထူးထူး

ခြားခြား တည်ဆောက်လာနိုင်ပုံများမှာ သိသာထင်ရှားလောက် ပေပြီ။]

ဤစကြာဝဠာတွင်ရှင်း, တပါးသော စကြာဝဠာတွင်ရှင်း သက်ရှိ သတ္တဝါတို့ ဖြစ်ပေါ်မှုမှန်သမျှ အတိတ်မှပြုခဲ့သည့် ကံတရားကြောင့်သာ ဖြစ်ရပေ၏၊ ထို့ကြောင့် ရုပ်မျိုးစေ့ဘွင် အစဉ်အလာ ခိုင်မြဲနေ သော်လည်း နာမ်မျိုးစေ့ဘွင် ထိုကဲ့သို့မဟုတ်၊ လူပ်ရှားကြံစည် လုပ်ကိုင်မှု စိတ်ဓာတ်အလွန် ဆန်းကြယ်ခဲ့သည်နှင့်အမျှ စိတ်မှဘဆင့် ကူးလာသည့် အလုပ်အကိုင်များ, ကံဘရားများ ဆန်းကြယ်လာကြသည်။

ကံဆန်းကြယ်သလောက်၊ ဝါ-အလုပ်ဆန်းကြယ်သလောက် ဖြစ်ရာ ဘဝနှင့် အသွင်အသင် အကျိုးတရားများ ဆန်းကြယ်လာရသည်၊ ဘဝ ဆန်းကြယ်မှုကြောင့် လောကအကျိုးတရားများလည်း ဆန်းကြယ်လာ ကြသည်၊ လူဘန်းစားမတူကြသည်ကို ဆိုလိုရင်းဖြစ်၏။

ဓမ္မအကျိုးဘက်တွင်လည်း ကျွတ်ထိုက်သော သတ္တဝါ, မကျွတ်ထိုက် သောသတ္တဝါ, လူတန်းစားမတူ ဖြစ်လာကြသည်၊ ဂင်္ဂါဂြို သဲစု မက ပွင့်တော်မူကြသည့် ဘုရားရှင်တို့ပင် သတ္တဝါအားလုံး ကုန်စင် အောင် ကျွတ်တန်းဝင်အောင် မတတ်နိုင်၊ ဘုရားရှင်နှင့် သာသနာကို သက်ဝင်ယုံကြည်မှု မရှိသည့် ပုဂ္ဂိုလ်များကို ထားဘိဦး၊ ဘုရားရှင် ကိုယ်တော် ရှေ့မှောက်တွင် မကြာမကြာ နာယူနေသည့် ပုဂ္ဂိုလ်များပင် ကျွတ်တန်းမဝင်နိုင်၊ အောက်ထစ် သောဘာပန်ကလေးမျှပင် မဖြစ်သူ တွေကား ဘုရားလက်ထက်၌ပင် များပြားလှတော့၏။

အရင့်မမှန်သည့် သစ်သီးကို မည်မျှပင် သပ်ရိုက်၍ အုပ်နေသော်လည်း မှည့်လာလိမ့်မည်မဟုတ်၊ ဘုရားရှင်ကိုယ်တိုင် ဟောနေ၍ နောက်ထပ်ဆရာ ရှာစရာလည်း မလို၊ စာအုပ်စာတမ်းတွေ ရှာဖတ်နေစရာလည်း မလို၊ ဘုရားရှင်ကိုယ်တော်တိုင် ကမ္မဋ္ဌာနာစရိယ ဖြစ်နေ၍ အပြကောင်းသော ဆရာနှင့် မတွေ့သေး၍သာတရားထူးမရ ဖြစ်နေသေးသည်ဟု ဆိုရန်လည်း ခက်လှ၏၊ လိုချင်မှုဆန္ဒ, အားထုတ်မှုပြင်းပြလျှင် ဤဘဝကျွတ်ထိုက်သူ ဖြစ်လျှင်လည်း တရားထူးရဘို့သာ ရှိ၏၊ မရသေးလျှင်လည်း ပါရမီခံ ရင့်ကျက်နိုင်၏။

ရုပ်မျိုးစေ့ချုပ်ဆုံးပုံနှင့် နာမ်မျိုးစေ့ချုပ်ဆုံးပုံအကြောင်း

ပြဆိုခဲ့ပြီ သည့် စပါးမျိုးစေ့ဥပမာ၌ အပင်ပေါက်သည်မှာ စပါးစေ့၌ အပင်အညှောက်ကို ပေါ်ပေါက်စေနိုင်သည့် အဆီအစေးဓာတ် ရှိနေ၍ဖြစ်သည်၊ အစေးဓာတ်ကုန်ခန်းသွားလျှင် အပင်မပေါက်နိုင်တော့ပြီ၊ ရှိပြီးအစေးဓာတ်သည် စပါးနှံထွက်၍ နို့ရည်တည်သည့် အချိန်၌ သတ္တိသာရှိနေသည်၊ အပင်ဖြစ်ခွင့်မရ၊ ရင့်ကျက်၍ မျိုးစေ့အဆင့်ရောက်မှ အပင်ပေါက်ခွင့်ရသည်။

မေး။ ။ဘယ်အတွက် စပါးစေ့သည် အပင်ပေါက်ခွင့်, အသီးသီးခွင့်ကို ရရှိပါသနည်း။

ဖြေ။ ။(၁) မျိုးစေ့အဆင့်ရောက်ခြင်း (၂) မြေဓာတ်ကို အမှီပြုရခြင်း၊ ဤအကြောင်း နှစ်ခုပြည့်စုံမှ ပေါက်ခွင့်, သီးခွင့်ရသည်၊ တခုခုချတ်ယွင်းသွားလျှင် ပေါက်ခွင့်လုံးဝ ဆိတ်သုဉ်း၍ ၎င်းစပါးတစေ့အတွက် အဆုံးစွန်ချုပ်ဆုံးသွားရခြင်း ဖြစ်၏။

နာမ်မျိုးစေ့တွင်လည်း အာသဝတဏှာအဆီအစေးရှိနေသေး၍ ဘဝသစ်အပင်အညှောက် ပေါက်ရောက်နိုင်သည့်သတ္တိရှိနေခဲ့သည်၊ သတ္တိသာရှိသည့် စေတနာစေဘသိက်,ကံ အဆင့်မရောက်၊ ကံမမြောက်သေးလျှင် ဘဝသစ်အညှောက်အပင်ပေါက်ခွင့်မရသေးပေ။

စေတနာမျိုးစေ့ အပင်ပေါက်၍ ဘဝသစ်ဘခုသို့ အရောက်ပို့နိုင်သည်မှာ—

၁။ အာသဝ-အဆီအစေးရှိနေခြင်း၊

၂။ နိဗ္ဗာန်နှင့်ပညတ် အာရုံသက်သက်မှတပါး လောကီအာရုံကိုသာ အမှီပြုနေရခြင်း၊

ဤအကြောင်းနှစ်ခု ပြည့်စုံမှုရမှသာ ဘဝအသစ်ကို အဆက်မပြတ် ပေါ်ပေါက်ပေးနေနိုင်ပေသည်၊ အကြောင်းနှစ်မျိုး တခုခုချတ်ယွင်းသွားလျှင် ဘဝအသစ်အသစ် နောင်တဖန်မဖြစ်တော့ပြီ၊ပုဂ္ဂိုလ်ဘဦးတယောက်အတွက် ဘဝဆိတ်သုဉ်း၍ အဆုံးစွန်ချုပ်ဆုံးသွားပြီဟု သိထားရပါမည်။

နိဗ္ဗာန်နှင့်ပညတ်မှတပါး လောကီအာရုံအားလုံးကို ပါဠိဘာသာဖြင့် ဩလာကဟု ခေါ်ပါသည်၊ ၎င်းလောကီအာရုံအားလုံးမှလွန်မြောက်ခြင်းကို

ပါဠိဘာသာဖြင့် ဥတ္တရဟုရင်း, ဥတ္တရ–ဟုရင်း ခေါ်ပါသည်၊ လောက ပုဒ်နှင့်ဥတ္တရ ပုဒ်နှစ်ခုကိုပေါင်း၍ သန္ဓိစပ်လိုက်သည့်အခါ ပါဠိဘာသာ ဖြင့် လောကုတ္တရာဟုခေါ်၍ မြန်မာလို"လောကမှလွန်မြောက်ခြင်း"ဟု ခေါ်ဆိုပါသည်။

ဥပမာ–လောကနှင့်ဆိုင်သည့် ဝတ္တရားများကို ပျူပျူငှာငှာပြုစုခြင်း၊ ကျေပွန်ခြင်းတို့ လောကနှင့်ဝတ်နှစ်ခုပေါင်း၍ ပါဠိပျက်ဝေါဟာရဖြင့် လောကွတ်ဟု ခေါ်သကဲ့သို့ပင်တည်း။

## ဓမ္မနိယာမအကြောင်းကိုပြဆိုခြင်း

သဘာဝသည် ဓမ္မနှင့်အဓမ္မ နှစ်မျိုးစလုံးကို ပေါက်ဖွားပေးနိုင်သော သတ္တိထူးရှိပေသည်၊ ဓမ္မသည်ရင်း,အဓမ္မသည်ရင်း သဘာဝကိုကုန်စင် အောင် မငုံနိုင်သော်လည်း သဘာဝသည် ထိုနှစ်မျိုးစလုံးကိုငုံနိုင်သည်၊ ထိုသို့ဖြစ်ရသည့်မှာ ဓမ္မနှင့်အဓမ္မ နှစ်မျိုးစလုံးသည် သဘာဝမှ ပေါ်ထွက် လာရသောကြောင့်ဖြစ်၏၊ ဓမ္မနှင့်နိယာမတွဲလျှင် ဓမ္မနိယာမဖြစ်လာရ သည်၊ အဓမ္မနှင့်နိယာမတွဲလျှင် အဓမ္မနိယာမဖြစ်လာရသည်။

ဓမ္မနိယာမဖြစ်ပုံကို ဥပမာတခုပြရလျှင် သောတာပတ္တိမဂ်ဓမ္မ,ဖိုလ်ဓမ္မ သည် ဓမ္မဖြစ်၏၊ ဥပါဒ်–ဌီ–ဘင်မကင်းဘဲလျက် ဖြစ်စဉ်မြဲနေသည်မှာ နိ ယာမဖြစ်သည်၊ ရင်းနိယာမသည် နိစ္စမဟုတ် အနိစ္စသာဖြစ်၏၊ အတ္တ မဟုတ် အနတ္တသာဖြစ်၏၊ အစဉ်အားဖြင့်မြဲပုံမှာ သောတာပတ္တိမဂ်ဖြစ် ပြီးလျှင် ဖိုလ်မဖြစ်အောင် တားမြစ်၍မရ ဖြစ်မိအောင်ဖြစ်သည်၊ သောတာ ပတ္တိအဆင့် ရောက်ပြီးလျှင်လည်း ရင်းမှတဆင့် အောက်သို့ ပြန်လျောခြင်း မရှိ၊ သကဒါဂါမိ, အနာဂါမိနှင့် အရဟတ္တဖိုလ်သို့တိုင် အစဉ်အတိုင်း အနေးအမြန် ရောက်ရမည်ဖြစ်၏။

ဓမ္မနိယာမသည် ကောင်းသော သဘာဝ ဟူသမျှတို့၌ ဖြစ်စဉ်အား ဖြင့် မြင်နေကြမည်သာ ဖြစ်သည်၊ ဓမ္မနိယာမမှ ကင်းလွတ်ရာသည်၊ အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်ပင်ဖြစ်သည်၊ နိဗ္ဗာနဓာတ်သည် နိယာမ မဟုတ်၊ နိယာမမှ လွတ်ကင်းနေသည်၊ အနိစ္စ မဟုတ် နိစ္စ ဖြစ်နေသည် အနတ္တမဟုတ် အတ္တ ဖြစ်နေသည်။


စိန်·ဆေး·ဒါန်း·ကန့်·ဒုတ္ထာ စသော ဓါတုဗေဒ များ ဖြစ်ပေါ်လာရသည်။
ရုက္ခဗေဒ
ပေါ်လာရသည် အလွန်ကျယ်ဝန်း နက်ရှိုင်းသည့် ရုက္ခဗေဒ
ဗီဇနိယာမ အဆင့်
သတ္တဗေဒ
စိတ္တနိယာမ
ကမ္မနိယာမ ဓမ္မနိယာမ အသင်္ခတနယ်
သဗ္ဗညုတဉာဏ ရှင်း အသိမှာ အတွေးအခေါ် ကြောင့် ပေါ်လာ ရသည် မဟုတ်။
ဒဿနိကဗေဒ
၆၂-ပါးသော မိစ္ဆာဒိဋ္ဌိဂိုဏ်းများ ပေါ်ထွက်လာရပါသည်။
ကမ္ဘာ့မြေထု
အပူဥတု ကြောင့် မြေမှ ရေပူတွင်း ရော်တွင်း မီးတောင် စသော အရာများဖြစ် ပေါ်လာကြ၏
အအေးသီတကြောင့် မြေမှ ကျောက်ထု ကျောက်တောင်·သံ·သံလိုက်·ခဲ·ဘော်·ပြဒါး·ပတ္တမြား·မြ စသော ဘူမိဗေဒများဖြစ်ပေါ်လာရသည်။
ရေ လေ
ထု ထု
အပူဥတု
အအေးသီတ
ဥတုနိယာမ-အဆင့် အရင်းခံ ပင်မ
သင်္ခတ နယ်

ဤနေရာ၌ အနတ္တသဒ္ဒါသည် အစိုးမရခြင်း အနက်သဘော မဟုတ်၊ စာမျင်းအရ အစိုးရခြင်းသဘောကို ဆောင်နေသည်၊ကိုယ်မဟုတ် ဟူသော အနက်သဘောကို ဆောင်နေခဲ့သည်၊ အသင်္ခတနယ်အကြောင်းကို ပြဆိုသော အခန်း ရောက်လျှင် သဘောပေါက် နိုင်စေရာအကြောင်းရှိပါသည်။

ဓမ္မနိယာမသည်ရင်း, အဓမ္မနိယာမသည်ရင်း သက်ရှိ သတ္တဝါတို့နှင့် သာသက်ဆိုင်သည်၊ သက်ရှိသတ္တဝါတို့၌သာ ပံ့နှံ့ နိုင်သည်၊ သဘာဝသည် သက်ရှိ,သက်မဲ့ နှစ်မျိုးစလုံးတို့နှင့်သက်ဆိုင်သည်၊ဤကား သဘာဝနှင့် ဓမ္မနိယာမတို့၏ ခြားနားချက်ပင်ဖြစ်ပါသတည်း။

လက်ဝဲဖက်ပုံကိုကြည့်ပါ၊ရုက္ခဗေဒကြောင့် ဆေးပညာပေါ်လာရသည်၊ ရုပ်–ရသခြောက်မျိုးပေါ်လာရသည်၊ ဇီဝဗေဒ, ပါဏဗေဒ, သတ္တဗေဒ ပေါ်လာရသည်၊ ဂင်္ဂါဝါဠု သံစုမက ဘုရားရှင်များ ပွင့်ပေါ်လာရသည်၊ သတ္တဗေဒပေါ်ပြီးမှ စိတ္တနိယာမ ဖြစ်လာရသည်၊ စိတ္တနိယာမမှ နာမ်ရသ–ကိုးမျိုးဖိလိုဆိုဖီ– လောဂျင်– တက္ကဗေဒ– ဒဿနိကဗေဒ၊ ၆၂– ပါးသောမိစ္ဆာဒိဋ္ဌိများ ပေါ်ထွက်လာရသည်၊ သဗ္ဗညုတဉာဏ ဖြစ်ပေါ်လာရသည်။

စိတ္တနိယာမပေါ်ပြီးမှ ကမ္မနိယာမပေါ်လာရသည်၊ ကမ္မနိယာမပေါ်ပြီးမှ ဓမ္မနိယာမပေါ်လာရသည်၊ ဓမ္မနိယာမသည် နိယာမတရား ၅–မျိုးတွင် နောက်ဆုံးနိယာမလည်းဖြစ်သည်၊ သင်္ခတနယ်နိမိတ်၏ အဆုံးလည်းဖြစ်သည်၊သင်္ခတ နယ်လွန်လျှင်အသင်္ခတနယ်ရောက်ပြီ။

အသင်္ခတ၌ နိယာမမရှိ၊ စိတ္တနိယာမ,ကမ္မနိယာမ, ဓမ္မနိယာမ–ဤသုံးမျိုးသည် သတ္တဗေဒကြောင့် ပေါ်လာရသည်၊ ၎င်းသတ္တ, ပါဏ,ဇီဝတို့မှာလည်း ရုက္ခဗေဒကြောင့် ပေါ်လာရသည်၊ ယင်းသို့ဖြစ်လျှင် ရုက္ခဗေဒသည် အဘယ်နိယာမကြောင့် ပေါ်လာရသနည်း၊ ဗီဇနိယာမကြောင့် ပေါ်လာရပါသည်၊ ၎င်းဗီဇနိယာမသည်လည်း အဘယ်နိယာမကြောင့်ပေါ်လာရပါသနည်း–ဥတုနိယာမကြောင့် ပေါ်လာရပါသည်။

**မှတ်ချက်။** ။ဤနိယာမ ၅–မျိုးသည် ဗုဒ္ဓ၏တန်ခိုးအာဏာကြောင့် ပေါ်လာရသည်မဟုတ်၊ မူလကပင် သဘာဝအားဖြင့် တည်ရှိနေပြီးဖြစ်သည်။

သဘာဝကို တန်ခိုးကြီးသည့်ဗုဒ္ဓနှင့် ဘုရားအသီးသီးတို့က မွေးထုတ်ခဲ့သည်မဟုတ်၊ ဂင်္ဂါသဲလုံး ပုံနှုန်းတမျှ ပွင့်တော်မူခဲ့ကြသည့် ဗုဒ္ဓအဆက်ဆက်တို့ သဘာဝမှသာ ပေါ်ထွက်လာခဲ့ကြရ၏ သဘာဝသည်လူမဟုတ်, နတ်မဟုတ်,သတ္တဝါမဟုတ်,အသက်မဟုတ်၊ သူ့သဘောအတိုင်းသူဖြစ်နေသည့် ဓာတ်သက်သက်သာဖြစ်ပေသည်။ (သဘာဝအဓိပ္ပါယ်)

ဗုဒ္ဓဘုရားနှင့် သက်ရှိသက်မဲ့အားလုံး သဘာဝ၏အမိန့်ကိုသာ နာခံကြရသည်၊ လွန်ဆန်၍မရ၊ သဘာဝသည် ဖြစ်စဉ်အတိုင်း တခုပြီးတခု အမိန့်ပေးနိုင်သည့် တန်ခိုးအာဏာရှိနေရသည်မှာ နိယာမ ၅-မျိုးတို့၏ သွေးထိုးမှုကြောင့်ပင် ဖြစ်ရပေသည်၊ထို့ကြောင့် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်များနှင့် သူတော်စင်အများတို့သည်နိယာမတို့အုပ်စိုး၍ သွေးထိုးပေးနေသည့် သင်္ခတသဘာဝနယ်မှနိယာမ ၅–မျိုးအုပ်စိုးမှုမရှိ၊ ချယ်လှယ်မှုမရှိ၊ နိယာမတို့သြဇာအရှိန်အဝါ လုံးဝမရှိသည့် အသင်္ခတ–သဘာဝနယ်သို့ အလွတ်ချန်းထွက်ခဲ့ကြပြီး, ရုန်းထွက်ကြဆဲ, ထွက်ကြလတ္တံ့။

အမှန်မှာ သင်္ခတဆိုသည်မှာလည်း သဘာဝပင်ဖြစ်၏၊ အသင်္ခတဆိုသည်မှာလည်း သဘာဝပင်ဖြစ်၏၊ သဘာဝသည် သင်္ခတ, အသင်္ခတ နှစ်မျိုးစလုံးကို ပျံ့နှံ့စိမ့်ဝင်နေ၏၊ သဘာဝ၏နယ်ကျယ်ဝန်း၏။

သို့ရာတွင် ထိုကျယ်ဝန်းသည့် သဘာဝနယ်၌ တခြမ်းမှာ နိယာမတို့လွှမ်းမိုးအနိုင်ကျင့်ထား၍ တခြမ်းမှာ လွတ်ကင်းငြိမ်သက်၍ မြိန်ရှက်မွန်မြတ်နေသည်ကို တစွန်းတစ တွေ့ထိဘူးသည့် အရိယာတို့ သင်္ခတနယ်ကို ခင်တွယ်စိတ် လျော့ပါးလာကြသည်ကိုရင်း, ထိုအသင်္ခတအာရုံကို အသုံးစုံတွေ့ထိသွားပြီး ဖြစ်ကြသည့် အရိယာပုဂ္ဂိုလ်အရှင်မြတ်တို့ သင်္ခတနယ်ကို လုံးဝပယ်သွားကြသည်ကိုရင်း ထောက်လျှင် အသင်္ခတသဘာဝနယ်သည် မည်မျှနှစ်သက်ဖွယ်အတိ ဖြစ်နေသည်ကို ခန့်မှန်းနိုင်ပေသည်။

ဥတုနိယာမအုပ်စိုးထားသည့် သင်္ခတနယ်တွင် သဘာဝဖြစ်စဉ်မှာ ဥတု, အာဟာရ,စိတ်, ကံဖြစ်၍၊ ၎င်းမှာ သဘာဝ ပဝတ္တိက္ကမဖြစ်သည်၊ ဒေသနက္ကမ အားဖြင့် ကံ, စိတ်, ဥတု, အာဟာရဖြစ်သည်။

အသင်္ခတနယ်တွင် ဥတုလည်းမရှိ၊ အာဟာရလည်းမရှိ၊ စိတ်လည်းမရှိ၊ ကံလည်းမရှိ၊ ဥတုမရှိလျှင် ပူမှုအေးမှုမတော့ရှိပြီ၊ ဖိုဓာတ်မဓာတ် မရှိတော့ပြီ၊ ဖိုဓာတ်မဓာတ်မှုမရှိလျှင် သန္ဓေမျိုးစေ့ ဗီဇနိယာမ အဘယ်မှာရှိနိုင်ပါအံ့နည်း၊ ပေါက်ဖွားမှုဇာတိမရှိလျှင် ဇရာလည်းမဖြစ်၊ ဇရာမဖြစ်လျှင်ဗျာဓိလည်းမဖြစ်၊ ၎င်းအကျိုးဆက်မရဏလည်းမရှိ။

ဗီဇနိယာမမဖြစ်လျှင် သက်မဲ့ရုပ်ဝတ္ထုနှင့် သက်ရှိသတ္တဝါများမရှိနိုင်၊ သက်ရှိ သတ္တဝါမရှိလျှင် စိတ္တနိယာမ, ကမ္မနိယာမ, ဓမ္မနိယာမများ အဘယ်သို့ဖြစ်ပေါ်နိုင်တော့အံ့နည်း၊ ဥတုနိယာမမရှိ၊ ပူမှုနှင့်အေးမှုမရှိလျှင် အသင်္ခတနယ်တွင် အလေးနှင့်အပေါ့နှစ်မျိုး, အနေးနှင့်အမြန်နှစ်မျိုး, အမြင့်နှင့်အနိမ့်နှစ်မျိုး အရှည်နှင့်အတိုနှစ်မျိုးလည်း မရှိတော့ပြီ၊ အပူ, အအေးဥတုမရှိ၍ အဖြူနှင့်အမဲလည်း မရှိနိုင်၊ တနည်း–အဖြူနှင့်ရောင်စုံဓာတ်လည်းမပေါ်ပေါက်နိုင်၊ ဥတုနိယာမမရှိ၍ ဗီဇနိယာမမဖြစ်လျှင် ရုပ်က္ခန္ဓ အဘယ်မှာ ပေါ်လာတော့မည်နည်း။

ရုပ်က္ခန္ဓမရှိလျှင် ဗီဇ, ပါဏ, သတ္တဘေဒနှင့် ဝေနေယျလည်းမရှိ၊ ဂေါ်ဝင္ဂြဲ သဲစုမက ပွင့်တော်မူကြသည့် ဘုရားရှင်တို့လည်းမရှိ၊ ရုပ်က္ခန္ဓ မရှိ၍ ရုပ်ရသ–ခြောက်ပါးလည်း မရှိ၊ သတ္တဘေဒမဖြစ်၍ နာမ်ရသကိုးပါးလည်း မဖြစ်နိုင်တော့ပြီ၊ သတ္တဘေဒနှင့် နာမ်ရသကိုးပါးမရှိလျှင် စိတ်နှင့်စေတသိက်တို့လည်း မရှိသောကြောင့် အသင်္ခတနယ်တွင် သုခဝေဒနာလည်းမရှိ၊ ဒုက္ခဝေဒနာလည်းမရှိ၊ စိတ်မရှိသောကြောင့် လျစ်လျူရှုအပ်သည့် ဥပေက္ခာစိတ်, ဥပေက္ခာဝေဒနာလည်း မရှိနိုင်တော့ပြီ၊ ဝေဒနာမရှိလျှင် တဏှာလည်းမရှိ၊ တဏှာမရှိလျှင် စွဲလမ်းသည့်ဥပါဒါန်လည်းမရှိ၊ ဥပါဒါန်မရှိလျှင် ဘဝမရှိ၊ အသင်္ခတနယ်တွင် ဘယ်အသွင်ဘယ်ဘဝမျိုးကိုမှ ရှာ၍ရနိုင်မည်မဟုတ်။

[အသင်္ခတနယ်၌ ငြိမ်သက်ခြင်း, ငြိမ်းခြင်းသဘာဝကား ရှိနိုင်၏၊ ဝေဒနာစေတသိက်မရှိ၍ မဖြစ်၍ ငြိမ်းချမ်းခြင်းသုခကား မဖြစ်နိုင်၊ ဥဏှသီတ ဥတုနိယာမမရှိ၍ ငြိမ်းအေးခြင်းလည်း မဖြစ်နိုင်။]

အသင်္ခတနယ်တွင် သတ္တဗေဒနှင့် စိတ္တနိယာမ မဖြစ်သောကြောင့် ကုသလံကုသလံဇဟံ- ကုသိုလ် အကုသိုလ်လည်း မဖြစ်ပြီ၊ ဝိပါတ်စိတ်နှင့် ကြိယာစိတ်ဆိုသည်မှာ ကုသိုလ်အကုသိုလ်စိတ်တို့မှ ပြောင်းလဲ ဖြစ်ပေါ် လာရ၍ ၎င်းတို့မဖြစ်လျှင် ဝိပါက်စိတ်နှင့်ကြိယာစိတ် အဘယ်မျှရှိနိုင်တော့ မည်နည်း၊ ဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်တို့ ပရိနိဗ္ဗာန်မပြုမီ ဥတုနိယာမ- သင်္ခတနယ်တွင် ခန္ဓာဝန်ကို မသွန်နိုင်မချနိုင်သေး၍ ရုပ်နာမ် နှစ်မျိုးရှိနေသဖြင့် ကြိယာစိတ်ဖြစ်နေခဲ့သည်။

အသင်္ခတ နယ်သည် ဝေးဝေးလံလံ တမြေခြား တရေခြား မဟုတ်၊ သင်္ခတနယ်နှင့် တစပ်ထည်း ဖြစ်နေခဲ့၏၊ "အာသဝေါ ကုန်ခန်းပြီးသော ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာအရှင်မြတ်တို့၏ စုတိစိတ်၏ အခြားမဲ့၌ပင် ဖြစ် နေ၍ "နိဗ္ဗာနဓာတု သန္တိကေ"အဆိုရှိပေသည်၊ အသင်္ခတ ခေါ်သည့် နိဗ္ဗာန်သည် အတွင်းတွင်ရှိသည်၊ အနီးတွင်ရှိသည်၊ ကြမ်းတမ်းခြင်း, နူးညံ့ ခြင်း နှစ်မျိုးတွင် ကြမ်းတမ်းသော သဘာဝမဟုတ်၍ နူးညံ့သည့် သဘာဝ ဖြစ်သည်ဟု စာရင်းအရ ဖော်ပြထားခြင်းဖြစ်သည်၊ လက်ကျန်မရှိ။

အယုတ်, အမြတ် တရားနှစ်ပါးတွင် အယုတ်တရား မဟုတ်၍အမြတ် တရား စာရင်းဝင် ဖြစ်သွားသည်၊ သုခ,ဒုက္ခ နှစ်မျိုးတွင် ဒုက္ခ သဘာဝ မဟုတ်၍ သုခ သဘာဝ စာရင်းဝင် ဖြစ်သွားခဲ့သည်၊ သုခ စာရင်းသာ ရှိ၍ လက်ကျန် မရှိ။

မေး။ ။ယင်းသို့ဖြစ်လျှင် အသင်္ခတနယ်သည် ဘာမှ မရှိသည့်နယ်, လက်ကျန်ကုန်နေသည့်နယ် ဖြစ်နေပါလျက် ဘယ်အတွက် ဗုဒ္ဓဘုရားရှင် အဆက်ဆက်တို့ မရေမတွက်နိုင်အောင် ပွင့် ခဲ့သမျှ အသင်္ခတ ရှိသည်ကို ဘယ်အတွက် ညွှန်ပြခဲ့ကြပါ သနည်း။

ဖြေ။ ။ပရမတ္ထသဘာဝအားဖြင့် မုချဆတ်ဆတ် မပြတ် တည်ရှိ နေသောကြောင့် ရှိသည်ဟု ညွှန်ပြခဲ့ခြင်း ဖြစ်၏။

အောက်ပါပုံကို ကြည့်ပါ။




အထက်ပါ အကွက်တွင် အရှိသဘာဝသည် တဖက်တွင် ဘာမျှမရှိသည့် သဘာဝတခုကြောင့် ပေါ်လွင်နေရခြင်း ဖြစ်သည်၊ သူ့ကိုဖျက်ဆီးပစ်၍မရ၊ ပါဠိဘာသာဖြင့် ပရမတ္ထအားဖြင့် ထင်ရှားရှိနေသည်၊ မြန်မာလို မဖောက်မပြန် ထင်ရှားရှိနေသည်၊ မည်သူမျှ ဖောက်ပြန် ပျက်စီးအောင် လုပ်၍မရ၊ တို့အတူ မရှိဟူသော သဘာဝသည်လည်း အရှိသဘာဝ အထင်အရှား ပေါ်လွင်နေ၍ဖြစ်သည်။

မေး။ ။မရှိသည် အရှိသဘာဝနှင့် ကင်း၍မဖြစ်နိုင်၊ ဖြစ်၍ မရသကဲ့သို့ အရှိသည်လည်း မရှိသဘာဝကြောင့် ပေါ်လွင်နေရသည်၊ မရှိနှင့်ကင်း၍ မဖြစ်နိုင်၊ ဖြစ်၍မရ၊ သခ်တနယ်တွင်ရင်း, အသခ်တနယ်တွင်ရင်း ရှိနှင့်မရှိ၊ ဤနှစ်ခုမှာ တွဲနေကြပါလျက် ဘယ်အတွက် သခ်တနယ်၌ ဖြစ်ပေါ်နေသည့် မရှိ သဘာဝကို အသခ်တခေတ် မြတ်သောနိဗ္ဗာန် စာရင်းသို့မသွင်းခဲ့ပါသနည်း။

ဖြေ။ ။သခ်တနယ်၌ ရှိအစစ်,မရှိအစစ်ကို ရှာ၍မတွေ့၊ အသခ်တနယ်၌သာ ရှိအစစ်,မရှိအစစ်ကို ရှာ၍တွေ့နိုင်သောကြောင့် ဖြစ်ပါသည်။

ရှင်းပါဦးအံ့- သခ်တနယ်တွင် မရှိဟူသောဝေါဟာရ, မရှိဟူသော သဘာဝမှာ ခေတ္တခဏအခိုက်အတန့်ကိုစွဲ၍ ပေါ်ပေါက်လာရသည့် ဝိပရိ

ဗောဓမဝေ ါဟာရမျိုးဖြစ်သည်၊မိမိဥ္ဗတခုခုမရှိ၍မရှိပ’ သုံးစွဲလိုက်ခြင်းမှာခဏ တခု၊ကာလတခုအတွက် မှန်နေမည် ဖြစ်သော်လည်း ခဏဘခု၊ ကာလတခု လွန်မြောက်သွားသည့်အခါ ရှိလာသည်၊ မိမိဥ္ဗမရှိသည့် အခါတွင်လည်း သခ်ဘနယ်တခုလုံးတွင် မရှိသည်မဟုတ်၊ ထိုမရှိမှာ တနေရာရာတွင် ရှိနေ သည်၊ထို့ကြောင့် မရှိအစစ်ကို သခ်တနယ်တွင်ရှာ၍မရ အသခ်ဘနယ်တွင် သာ ရှိပါသည်။

ထို့အတူ အရှိအစစ်ကို သခ်တနယ်တွင် ရှာ၍မရ၊ ဘယ်အတွက် မရပါသနည်း-မိမိဥ္ဗရှိနေသည့်အရှိသည် ခိုင်မြဲသောအရာ၊ တည်တံ့သော အရာတွေ မဟုတ်သောကြောင့်ပင်ဖြစ်သည်၊ သခ်တနယ်တွင် မည်သည့် အခါမှ မရှိအစစ်ကိုလည်းရှာမရ၊ အရှိအစစ်ကိုလည်း ရှာ၍တွေ့နိုင်လိမ့် မည်မဟုတ်ဟု သိထားသင့်ပေသည်။

အသခ်တနယ်တွင် အရှိအစစ်ကိုလည်း အမြဲတွေ့နိုင်သည်၊ မရှိအစစ် ကိုလည်း အမြဲတွေ့နိုင်သည်၊ မရှိအစစ်ကို အသခ်ဘနယ်တွင် ဘယ်အချိန် ရှာရှာ အမြဲတွေ့မည်၊ ဘာမျှမရှိ၊ တကယ်မရှိ။(နိယာမငါးမျိုးမှ ပေါ် ထွက်လာသည့် အကျိုးဆက်များ ရှာမရသည်ကို ဆိုလိုရင်းဖြစ်သည်။)

အသခ်တနယ်တွင် အရှိအစစ်၊ မဖောက်ပြန်သောအရှိ၊ ပါဠိလို ပရ မတ္ထအရှိကိုရှာလျှင်အမြဲတွေ့နေရမည်သာဖြစ်သည်၊ ဟုတ်မဟုတ် အထက် တွင်ဖော်ပြခဲ့ပြီးသည့် အတွက်နှင့်ပိုင်းတွင် ပြောင်းချောက္ခက်သပ်ပိုင်းကို ထောက်၍ ဤဒေရိယာအပိုင်းတွင် မရှိအစစ်ကိုတွေ့နိုင်ပါသလားဟု မေး လျှင် တွေ့နိုင်ပါသည်၊တခါဘရံမဟုဘ်အမြဲတွေ့နိုင်ပါသည်၊ ခိုင်မြဲပါသည်၊ စိတ်ချရပါသည်၊ ဘယ်အချိန်မှာဘဲဖြစ်ဖြစ် မယုံလျှင်ရှာနိုင်ပါသည်၊ ထို သို့ဆိုသော် ဤအကွက်၌ အရှိသဘာဝကိုကော ရှာလျှင်တွေ့နိုင်ပါသ လား-တွေ့နိုင်ပါသည်၊ မဖောက်မပြန်ပရမတ္ထအားဖြင့် အထင်အရှားရှိနေ သည်။

အချိန်မရွေးရှိနေသည်၊အမြဲရှိနေသည်၊ ဤအရှိသည် နိယာမအကျိုး ဆက်များကို ခြေရာခံ၍ လက်ကျန်တွေ့နိုင်သေး၍ ရှိသည်ဟုဆိုခြင်း မဟုတ်၊ တဇက်တွင် ရှိဟုရေးထားသည်မှာ သခ်တနယ်၌ ကြံ၊စိတ်၊ဥတု၊ အာဟာရ အကြောင်းလေးပါးရှိသည့် နိယာမငါးမျိုးရှိနေသည်ကို သိ

စေလို၍ဖြစ်သည်၊ဤအကွက်၌ ဤအကြောင်းအကျိုးများ ပေါ်လွင်နေရသည်မှာ တဖက်တွင် ကွက်လပ်ထင်နေ၍ဖြစ်၏၊ ဤမရှိကွက်လပ်ပေါ်လွင်နေရသည်မှာ တဖက်တွင်အရှိကွက်လပ်ကြောင့်ပင် ဖြစ်၏။

ရှင်းဘို့နှစ်မျိုးမှာ တမျိုးရှိနေလျှင် တမျိုးလည်း အလိုလိုပေါ်ပြီး ဖြစ်နေရသည်၊ တခုဘည်းသာရှိရမည်ဟု အဘယ်တန်ခိုးရှင်ကမှ အမိန့်ပေး၍မရ၊ သဘာဝသည် မည်သူ့အာဏာကိုမှ မနာခံ၊ မည်သူ့အခိုင်းအစေကိုမျှ မခံ၊ အဖြူသာရှိ၍ အမဲမရှိရဟု တားမြစ်၍ မဖြစ်၊ အရှိသဘာဝပေါ်ပေါက်နေလျှင် မရှိသဘာဝလည်း ပေါ်လွင်ပြီး ဖြစ်နေရပေသည်၊ သို့ရာတွင် အလွန်ကျယ်ဝန်းနက်ရှိုင်းသည့် သဘာဝနယ်ကြီးတွင် တခြမ်းသည် သခ်တနယ်၊ တခြမ်းသည် အသခ်တနယ်၊ နှစ်မျိုးစလုံး သဘာဝနယ်တွေသာ ဖြစ်သည်။

သခ်တနယ်၌လည်း ရှိ-မရှိနှစ်မျိုး ပေါ်နေသည်၊ ထိုနှစ်မျိုးစလုံး ဖောက်ပြန်သောအရှိနှင့် ဖောက်ပြန်သောမရှိ ဖြစ်နေကြပေသည်၊ အကယ်၍ စစ်ဆေးကြည့်သည့်အခါ မှတ်ကျောက်အတင်မခံနိုင်၊ ငရဲမီးအစားမခံနိုင်၊ အရောင်ပြောင်နေသော်လည်း အနှေးနှင့်အမြန် အခိုးသမ်း၍ အစမ်းမခံနိုင်သည့် ရွှေအတုနှင့် တူနေသည့် အရှိနှင့် မရှိမျိုး ဖြစ်နေ၏။

အသခ်တနယ်တွင် ပေါ်နေသည့် အရှိနှင့်မရှိ သဘာဝနှစ်မျိုးမှာ မဖောက်ပြန်သောကြောင့် အချိန်မရွေး အစမ်းခံနိုင်သည်၊ စိတ်ချရသည်ဖြစ်၍ အသခ်တနယ်ရှိနိဗ္ဗာန်အာရုံကို တစွန်းတစကလေး တွေ့လိုက်မြင်လိုက်ကြရသည့် အရိယာအယော်ဘားကလေးများပင် နောက်ကြောင်းလောကီအာရုံများကို ခပ်ခွာခွာလုပ်လာကြသည်၊ အင်တင်တင် ဖြစ်လာကြသည်၊ တွေ့မြင်လိုက်သည့် နိဗ္ဗာန်အာရုံကိုသာ ဦးလည်မသုံ တဆင့်ပြီး တဆင့်တိုး၍ မြတ်နိုးလာကြပေသတည်း။

မေး။ ။သခ်တနယ်၌အရှိတရား ဖြစ်ပေါ်နေသည်ဟု ဆိုသည်မှာ ဟုတ်ပါသလား။

ဖြေ။ ။ဟုတ်ပါသည်၊ သို့ရာတွင် ထိုအရှိမှာ ဖောက်ပြန်နေ၍ မမှန်ပါ၊မရှိကို အရှိလုပ်နေခြင်းသာ ဖြစ်ပါသည်။

မေး။ ။သခ်ိတနယ်တွင် မရှိတရား ဖြစ်ပေါ်နေသည်ဟု ဆိုသည်မှာ ဟုတ်ပါသလား။

ဖြေ။ ။ဟုတ်ပါသည်၊ သို့ရာတွင် ထိုမရှိမှာ ပေါက်ပြန်နေ၍ မမှန်ပါ၊ အရှိကို မရှိလုပ်နေခြင်းသာ ဖြစ်သည်။

မေး။ ။အသခ်ိတနယ်တွင် မရှိတရား ဖြစ်ပေါ်နေသည်ဟု ဆိုသည်မှာ ဟုတ်ပါသလား။

ဖြေ။ ။ဟုတ်ပါသည်၊ မပေါက်ပြန်၍ မှန်လည်းမှန်ပါသည်။

မေး။ ။အသခ်ိတနယ်တွင် အရှိတရား ဖြစ်ပေါ်နေသည်ဟု ဆိုသည်မှာ ဟုတ်ပါသလား။

ဖြေ။ ။ဟုတ်ပါသည်၊ မပေါက်ပြန်၍ မှန်လည်းမှန်ပါသည်၊မရှိအစစ်၊ရှိအစစ်သည် အသခ်ိတနယ်တွင် ရှိနိုင်ပါသည်၊ အသခ်ိတဓာတ်မြတ်သောနိဗ္ဗာန်အာရုံသည် အမြဲတမ်း တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ သိမ်မွေ့စွာရပ်တည်လျက်ပင် ရှိနေပါသည်၊ ကေန်ရှိနေပါသည်၊ အမှန်ရှိနေပါသည်။

## နိဗ္ဗာန်ကိုနဂိုဝလေ့နှင့်အလိုမပြည့်၍ ငြီးငွေ့သူများအကြောင်း

ဗုဒ္ဓသည် လူချမ်းသာ၊နတ်ချမ်းသာ၊နိဗ္ဗာန်ချမ်းသာ သုံးမျိုးရှိကြောင်းကိုအကျဉ်းအားဖြင့် ညွှန်ပြတော်မူခဲ့၏၊ အားလုံးတို့ကို သုခသဒ္ဒါနှင့်သာဟောတော်မူခဲ့ခြင်း ဖြစ်၏။

ထိုသုံးမျိုးတို့ ချမ်းသာပုံချင်း မတူကြသော်လည်း သုခသည် သုခသာဖြစ်၏၊ ဒုက္ခမဟုတ်၊ အသက်ရှိသည့် အပါယ်လေးဘုံသားတို့၌လည်း မျက်မြင်အထင်ရှားဆုံး တိရစ္ဆာန်တို့၌လည်း ဝေဒနာစေတသိက်ရှိနေ၍ သုခနှင့်ဒုက္ခ ပေါ်မြပင်ဖြစ်သော်လည်း သုခစာရင်းထဲမသွင်းခဲ့၊ ဖြစ်ရာဘဝပျော်နေကြသည်၊ မျက်မှောက်လူသားတို့သည် လက်တွေ့သုခကိုသာမင်ကြ၏။

မတွေ့ဘူးသေးသည့် ချမ်းသာဘခုကို စိတ်မဝင်စားကြ၊ မခုံမင်ကြ၊ နိဗ္ဗာန်သည် ဘာမျှလက်ကျန်မရှိသဖြင့် မလိုချင်၊မရောက်ချင်၊ မျက်မှောက်မပြုချင်၊ မျက်မြင်လက်တွေ့ခံစားနေရသည့် ချမ်းသာမျိုးဆိုလျှင် အလွန်မြတ်နိုးကြသည်၊ ခွဲခွာရမည်ကိုလည်း အလွန် စိုးရိမ်ကြ ပူပန်ကြသည်၊ မြန်မာတေးဂီတရှင်တို့ ရေးစပ်ထားခဲ့သည်မှာ—

"နှစ်ယောက်ထဲ ဆိုရင် မောင်ရယ်-ဝေရက်တောင်ထိမ်ဂယ်
နေချင်ရင် ယခုသွား၊ ရေရှားတဲ့ သဲကန္တာရ—ဆဟာရ မရှောင်
တယ်၊ နေမမြင်ရေအစဉ်ခဲ၊ မြောက်ဝင်ရိုးစွန်းကိုဘဲ ခေါ်ခေါ်-
တူစုံပျော်မယ်၊သဲသဲမဲမဲ ဇွဲနဲ့ နှစ်ယောက်ထဲနေချင်တယ်"-

ဟုမြို့မငြိမ်းရေးသားခဲ့သည်၊ ထို့ပြင် ကဝေကဗျာစလေဆရာကလည်း ဤသို့ရေးခဲ့ပြန်သေးသည်။

"သံသရာဝဋ်ထဲက၊ မလွတ်ဘဲနေနေ၊ ဇွတ်စွဲလို့ တပေပေ
ငယ်၊ ရှေ့ပစေခင်ရဲ့၊ နိဗ္ဗာန်မြို့ အမြိုက်ခွင်ကို၊ မလိုက်ချင်
ရှန်းကန်လို့ဖဲ့၊ နှစ်ယောက်ထဲ စံပါမယ်၊ ကံနှစ်ဖြာနယ်လှဲ့၊
သံသရာအကျယ်ချဲ့ပါလို့၊ တလယ်လယ်မောင်မယ်၊ ဂင်္ဂါဝါ
ဆူဆူဆုံးစေတော့၊ တူတူပုန်း-ပုန်းလို့သာကွယ်။ ။တေဘုမ္မဝဋ်
နန်းလယ်မှာ၊ ကျွတ်စမ်းမယ်-စာမလိပ်ချင်ဘူး၊ အဝါဇိစ် မှိုင်း
မှောင့်ညစ်တေ-ရှိင်းကောင့်ဖြစ်စေ၊ နောက်ချန်လို့အပိုနေမယ်၊
နှစ်ကိုယ်ရေ ပျော်စမ်းချင်လို့လေး"—

ဟု လူနတ်ချမ်းသာကလေးကိုပင် မလွတ်နိုင်ပုံ အမြိုက် နိဗ္ဗာန်သို့ အတင်းဆွဲခေါ်တောင်မှ မလိုက်ချင်ကြောင်း ရေးဖွဲ့ခဲ့ပေသည်။

ဗုဒ္ဓဘာသာတို့အနေဖြင့် နိဗ္ဗာန်ကိုဆုတောင်းနေကြသည်မှာ အများအားဖြင့် မိရိုးဖလာအရသာ ဖြစ်နေကြ၏၊ အပြစ်တင်၍မဖြစ်၊ မတွေ့ဘူး မထိဘူး မခံစားဘူးသေးသည့် အာရုံတခုကို မယ်မယ်ရရ မပြနိုင်သေး၍ ဖြစ်သည်၊ ပြနိုင်ရန်လည်း နိဗ္ဗာန်သည် အလုံး အပြား လေးဒေါင့် အဝိုင်း ဒုဒယ် စသည်တို့တွင် တခုမျှမဟုတ်၍၊ငင်းနိဗ္ဗာန်ကို မျက်မှောက်ပြုပြီး အရိယာတို့ကလည်း "တခါရောက်က တခေါက်မပြန်၊ ပြည်နိဗ္ဗာန်" ဆိုသည့် အတိုင်းပင် ဖြစ်၏၊ မိရိုးဖလာအရ, စာအချဖြင့် လွမ်းမနေချင်ကြသည့် ပုဂ္ဂိုလ်တို့၏နားတွင် နိဗ္ဗာန်စကားသည် အလွန်ခါးနေကြဟန်တူပေသည်။

**မေး။** ။ပရမတ္ထတရားလေးပါးတွင် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ကို ပြထား၏၊ စိတ်နှင့်စေတသိက်သည် နာမ်တရား, ရုပ်သည် ရုပ်တရားဖြစ်၍ နိဗ္ဗာန်သည် ရုပ်လည်းမဟုတ်, နာမ်လည်းမဟုတ်၊ ရုပ်-နာမ်နှင့် လုံးဝမပတ်သက်၊

ဘာမှသံသယဖြစ်စရာ, လင်းပါးစရာမရှိ၊ သို့ဖြစ်ဘိမူ အရိယာတို့ အမြဲအာရုံပြုနေသည့် နိဗ္ဗာန်ဟူသည် အဘယ် အာရုံမျိုးပေနည်း၊ ထိုအာရုံသည်အဘယ်သတ္တိမျိုးရှိနေ ပါသနည်း၊ ထိုအာရုံကိုတစ္စန်းတစတွေ့ထိပါသည့်၊ အရိ ယာအရှင်မြတ်ကြီးများ မဂ္ဂသစ္စာဖြင့်မလွတ်တမ်း မပြတ် ပွါးများနေကြပါသနည်း၊ ဤမေးခွန်း သုံးမျိုးတို့တွင် နိဗ္ဗာန်၏အာရုံဆိုသည်မှာ ဘယ်လိုအာရုံမျိုးကို ခေါ်ပါ သနည်း။

ဖြေ။ ။နိဗ္ဗာန်ဟူသည် သခ်တနယ်မှ နိယာမလက်ကျန်ဘာမျှမရှိ၊ ရုပ်လည်းမဟုတ်, နာမ်လည်းမဟုတ်သည့် အာရုံတခုပင်ဖြစ်၏၊ သီးခြား ဖြစ်၏၊ သခ်တနယ်တွင် လုပ်နိုင်သလောက် လုပ်အားအလျောက် တခု နှင့်တခုမတူမျှ ကြီးထွားနေကြသည် အကျိုးကြီးနေကြသည်။

အသင်္ခတနယ်တွင် ဘာမျှမရှိ၍ တဦး၏နိဗ္ဗာန်နှင့် တဦး၏နိဗ္ဗာန်မှာ တန်းတူဖြစ်နေသည်၊ ဥပမာ– ပကတိသာဝက, မဟာသာဝက, အဂ္ဂသာ ဝက, ပစ္စေကဗုဒ္ဓါနှင့်သဗ္ဗညုဘိက, ဝီရိယာဓိက, ပညာဓိကဘုရားရှင်တို့ တဦးနှင့်တဦး ပါရမီဖြည့်ရပုံ, ကာလကြာမြင့်ပုံ, ပင်ပန်းဆင်းရဲပုံ, ဇွဲ နဘဲကြီးပုံတို့ အဆင့်ဆင့်ကွာခြားကြပါလျက် နိဗ္ဗာန်ရောက်သည့်အခါ အတူတူဖြစ်နေရသည်မှာ အသင်္ခတနယ်၌ နိယာမလက်ကျန် ဘာမှမရှိ တာချင်း တူနေ၍ပင် မဟုတ်ပါလော။

ဘာမျှမဟုတ်, ဘာမျှမရှိသည့် နိဗ္ဗာန်၏အာရုံမှာ ထူးခြားသောအာရုံ တခု ဖြစ်သည့်ပြင် အာရမ္မဏာဓိပတိ ဘွဲ့ထူးရှိသည့် အာရုံတခုဖြစ်နေ သည်ဟု ဗုဒ္ဓဘာသာစာပေတွင် ဆိုထားသည်မှာ မရှိသည့်အရာကို ဘွဲ့ထူး တပ်ထားသည်မှာ ယုံတမ်းစကားတခုပင်လော–ထိုသို့မဟုတ်ပါ၊ရုပ်မဟုတ်, နာမ်မဟုတ်,ရုပ်နာမ်နှစ်မျိုးစလုံးမှ လွတ်နေသည့်အာရုံတခုသည် ရှိ၏။

ပုထုဇဉ်တို့မမြင်နိုင်သည့်အာရုံ, မြင်၍မဖြစ်သည့်အာရုံ၌ ရှိသည့်သတ္တိ ထူးကို အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်ဝယ် ထယ်ထယ်ဝါဝါ သိက္ခာရှိရှိ ကြည့်၍မြင်နေရသောကြောင့် ပုထုဇဉ်တို့ကြည့်၍ မမြင်သည့်နိဗ္ဗာန်၌ သတ္တိထူးရှိနေ၍သာ ဖြစ်သည်ကို ကောင်းစွာ သိရှိနိုင်သောကြောင့် ဖြစ်ပါသတည်း။

## နိဗ္ဗာန်အာရုံသတ္တိထူးကိုပေ^{}ပြခြင်းအကြောင်း

ပုထုဇဉ်တို့၌ ယနေ့မခွဲနိုင်အောင် စွဲလမ်းငြိကပ်နေသည့်အာရုံသည်နက်ဖြန်၊ သို့မဟုတ် တချိန်ချိန်တွင် စက်ဆုပ်စရာကောင်းသည့်အာရုံ, ရန်သူဖြစ်သောအာရုံဟုထင်၍ သတ်ချင်, ဖြတ်ချင်, တိမ်းရှောင်ချင်သည့်သဘောများ ပေါ်ထွက်လာကြသည်။

ထိုအာရုံမှာ တသမတ်တည်းခိုင်မြဲအောင် ဆွဲဆောင်နိုင်စွမ်းမရှိ၊ မျက်မြင်ကြည့်လျှင် အများကြီးသိနိုင်သည်၊တွေ့နိုင်သည်။

တဖန် အလ္လာကပ္ပမင်းသည် ထိပ်တန်းကျသည့် ထီးနန်းစည်းစိမ်နှင့်အချောအလှ မိဖုရား, မောင်းမများကိုစွန့်ခွာ၍ ဟိမဝန္တာသို့ ချဉ်းကပ်ရသော့မြတ်ပြုလုပ်ပြီးမှ ကောသမ္ဗီဘုရင်၏ ကြင်ယာမိဖုရား သားသန္ဓေရှိနေသည့်ကေသနီကို ငှက်ဆင်ချီသွား၍ သင်ခဏ်းကျောင်းနားမှာ ချထားခဲ့သည်ကို ကြင်နာဆပ္ပား လည်းကျိုးဝင်ထမ်းသော ယောကျ်ားကဲ့သို့ဖြစ်ရသည်မှာ ထူးခြားပြောင်းလဲမှုကြီး တခုပင်ဖြစ်၏။

သူ၏သံဝေဂ, နိဗ္ဗိန္ဒအာရုံမှာ မခိုင်မြဲ, တသမတ်တည်း ဆွဲဆောင်နိုင်စွမ်းမရှိသည်ကို သိနိုင်သည်၊ ဇာတ်နိပါတ်ရာဇဝင်တွင် အသင်အချားအများကြီးရှိပါသည်၊ထို့ကြောင့် "အတွေ့တိုရှောင်၊ ဟော့–အကောင်ဟန်မလုပ်နှင့်၊ရသော့တောင်ဈာန်ပြုတ်သည်"ဟု အဆိုရှိပေသည်။

လောကီသခ်တနယ်တွင်ရှိသည့် အာရမ္မဏာဓိပတိ အာရုံထက် လောကုတ္တရာ အာရမ္မဏာဓိပတိ အာရုံက အဆွဲအားရှိသည်၊ ခိုင်မြဲသည်၊ စိတ်ချရသည်၊ လူတယောက်ကို လူအများက ဝိုင်းဆွဲကြသည်၊ မိမိတို့ဘက်သို့ ပါအောင် ကြိုးစား ပမ်းစား ဆွဲကြသည်၊ ထိုသူသည် လက်တဖက်တည်းဖြင့်အရာဝတ္ထုတခုကို ဆွဲကိုင်ထားလျှင်(ဆွဲကိုင်ထားခဲ့သော်) မည်သည့် နည်းနှင့်မျှ ခံနိုင်ရည် ရှိမည် မဟုတ်သော်လည်း ပုထုဇဉ်တယောက်သည် သောတာပန်အဆင့်တခုမျှသာရောက်၍ နိဗ္ဗာန် အာရုံကိုတစွန်းတစ ဆွဲကိုင်မိ,အာရုံပြုမိလျှင် အလွန် ခိုင်မြဲ စိတ်ချရသောကြောင့်လောကီ အာရုံ အပေါင်းတို့ အလုံးစုံ လက်မြောက်၍ တခုတည်းသောနိဗ္ဗာန်အာရုံနောက်သို့ ကောက်ကောက်ပါသွားရပေသည်။

ထို့ကြောင့် သောတာပန်အဆင့်သို့ ရောက်ပြီးသော သူသည် မည်သည့်အခါမှ နောက်သို့ပြန်မသွား၊ တဆင့်ပြီးတဆင့် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအထိ အဆင့်ဆင့် နီးသွားရသည်မှာ မျက်မြင်မှာ ဘာမှမရှိသည့် နိဗ္ဗာန်အာရုံ၏ သတ္တိပင် ဖြစ်ပါသတည်း။

ဘာမှမရှိသည့်အာရုံ၊ မမြင်ရသည့်အာရုံ၊ အခုကောင်အထည် ရှာမတွေ့သည့်အာရုံ အကောင်အထည်ထင်ရှားရှိသည့် လောကီအာရုံတို့နှင့် ယှဉ်ပြိုင်မိတိုင်း အနိုင်ရနေသည်မှာ အသခံတနယ်၌ အရှိအစစ်-မရှိအစစ်အမှန် ဖြစ်ပေါ်နေ၍ ဖြစ်၏၊ နိဗ္ဗာန်သည်ပရမတ္ထအားဖြင့် အဟုတ်ရှိ၏၊ အမှန်ရှိ၏။

**နိဗ္ဗာန်အာရုံသည် ဘယ်အတွက် ဆွဲအားပြင်းထန်၍ အားကောင်း မောင်းသန် ဖြစ်နေရပါသနည်း**

**မေး။** ။နိဗ္ဗာန်အာရုံသည် အရိယာနွယ်ဝင်တို့သာ မြင်နိုင်၍ ပုထုဇဉ်တို့မမြင်၊ အကောင်အထည်ရှိသည်မထင်၊ သို့ငင်လျက် အဆွဲခာတ် သတ္တိထူး ရှိပုံကို ဖော်ပြခဲ့ပါပြီ၊ ဤသတ္တိထူးသည် နိဗ္ဗာန်၌ ဘယ်အတွက် ရှိနေရပါသနည်း၊ မည်သူကြောင့် ရှိနေရပါသနည်း၊ ဤနေရာ၌ သဘာဝ တရားအရ မည်သူကို ဆိုမည်နည်း၊ တဆင့်တက်၍ မေးအပ်၏။

**ဖြေ။** ။မေးသင့်၍ မေးထိုက်၏၊ ဥပမာ—အိမ်ကြီးရှင် တဦးသည် နေ့စဉ် နေ့တိုင်း မိမိအသိုင်းအဝိုင်းများနှင့် သက်ရှိသတ္တဝါ တမျိုးမျိုးကို ဖြစ်စေ၊ လူကိုဖြစ်စေ မိမိတို့၌ရှိနေသော အာဟာရ အမြဲမပြတ် ကျွေးမွေးနိုင်သည့် အာဟာရများကို ကျွေးမွေးနေသောကြောင့် အမြဲ ချဉ်းကပ်၍ အမြဲ စားသောက်နေကြ၏၊ မပြတ်စားသောက်နေကြ၏၊ ချစ်ခင်နေကြ၏၊ တရစ်ငဲငဲ မခွဲချင်အောင်ရှိနေကြ၏၊ ကျွေးမွေးသူအသိုင်းအဝိုင်းတို့ကလည်း ကျေသပ် စိတ်သပ်ဖြင့် မပြတ်ချော့မြှူယုယနေကြ၏၊ ထိုအိမ်ကြီးကား ထင်ရှား၍ အသွားအလာလည်း လွယ်ကူလှ၏။

ငင်းနှင့်တစပ်တည်း တည်ရှိနေသည့် အိမ်ကြီးတအိမ်မှာမူ ကာရံထားသည့် စည်းရိုးများကြောင့် ရုတ်တရက်မမြင်ရ၊ သို့သော် ထိုအိမ်၌ တဦးတည်းသော သူတယောက်သာရှိ၏၊ နေထိုင်သူလည်း မိမိမပြတ်သုံးဆောင်နေသည့် အာဟာရများကို မြင်တွေ့သည်၊ သက်ရှိသတ္တဝါတို့ကို ကျွေးမွေးနေ၏၊ သူကျွေးမွေးသည့် အာဟာရတို့မှာ စားရခဲ၏။

အရသာအပြည့်အဝရှိ၏၊ ပထမအိမ်မှ ကျွေးမွေးသည့်အာဟာရတို့နှင့် ဘာမျှမဆိုင်၊ သာလွန်နေခဲ့၏၊ ထိုလူနှင့်သက်ရှိသတ္တဝါ တဦးဟာယောက်သည် ကောင်းနိုးရာရာ အစာအာဟာရများကိုရှာရင်း တနေရာတွင် ဒုတိယအိမ်မှ ရရှိသည့်အာဟာရကို မြည်းကြည့်မိခဲ့သည်။

နောက်တနေ့လည်း ထိုအိမ်သို့ပင် ချဉ်းကပ်မိပြန်သည်၊ အရသာမှာ အပြက်အသတ်ကွာခြားနေသဖြင့် ပထမအိမ်မှ ရာနကျဖြစ်သည့် အာဟာရကို မခံမင်တော့ဘဲ ဒုတိယအိမ်သို့သာ အမြဲချဉ်းကပ်၍ မပြတ်စားသောက် သုံးဆောင်နေတော့၏။

ပထမအိမ်မှ ချော့မော့ခေါ်သော်လည်း မပျော်တော့ပေ၊ ဒုတိယအိမ်ဂေဟာသို့သာ သွားလာနေသည်မှာ နှစ်သက်မှုကွာခြား၍ တာမရ ဖြစ်နေခြင်းပင်တည်း။

နှစ်သက်ခြင်း ပီတိစေတသိက်သည် သက်ရှိသတ္တဝါတိုင်း၌ ရှိ၏၊ အကောင်းဆုံးအာဟာရကို ခံစားရမည့်နေရာမျိုးကိုသာ မြတ်နိုးမြဲဖြစ်သည်၊ ထို့ထက်ကောင်းသည့် အာဟာရရှိသေးလျှင် ထပ်မံရှာကြံ၍ ပြောင်းလဲခံစားကြဦးမည်သာ ဖြစ်၏၊ အကောင်းဆုံးအမြိန်ရှက်ဆုံး၊ ထိုထက်ကောင်းသည့်အာဟာရ မရှိသည့်အဆုံးတွင် စွဲမြဲသွားမည်သာဖြစ်သည်၊ ဤကားသက်ရှိသတ္တဝါတို့၌ ရှိသည့်ပီတိစေတသိက်၏ သဘာဝပင်တည်း။

ပီတိစေတသိက်၏အလိုကျ ပေးစွမ်းနိုင်သည့်အာရုံသည် ရုပ်နာမ်တို့မှ ပေါ်ထွက်လာသည့် လောကီ အာရုံမဟုတ်၊ ရုပ်နာမ်မှ လွတ်မြောက်အသခ်တနယ်သို့ရောက်နေသည်၊ ကိုယ်ပျောက်မမွာရုံဟုခေါ်သည့် နိဗ္ဗာန်အာရုံပင်ဖြစ်၏။

သက်ရှိသတ္တဝါတို့၌ ရှိပြီးယှဉ်ပြီးဖြစ်သည့် ပီတိကိုလောကီအာရုံအများစုနှင့် တခုတည်းသောနိဗ္ဗာန်အာရုံ, ကိုယ်ပျောက်အာရုံတို့ ဆုံမိတိုင်း အားပြိုင်လွန်ဆွဲတိုင်းအနိုင်ရလိုက်သည်မှာ ဘာမျှရှာမရသည့် နိဗ္ဗာန်အာရမ္မဏာမိပတိသည် လောကီအာရုံထက် ဆွဲအားရှိနေ၍ဖြစ်သည်။

လောကီအာရုံ၏ အရသာနှင့် နိဗ္ဗာန်အာရုံ၏ အရသာမှာ ကွာချင်သလောက်ကွာနေကြ၍ ဖြစ်သည်၊ နိဗ္ဗာန်၌ အဆွဲဓာတ်ကောင်းနေသည်မှာ

မတုနိုင်သည့် အာဟာရကြောင့်ဖြစ်သည်၊ သောတာပန်မှ ရဟန္တာအထိ ရှိနေယှဉ်နေသည့် ပီတိကိုအကြေနပ်ကြီးကြေနပ်အောင် စွမ်းဆောင် တင်းတိမ် မြိန်ယှက်စေနိုင်ပေ၏၊ ထို့ကြောင့် သောတာပန်အရိယာနယ် အတွင်း ဆင်းမိသည့် ပီတိသည်[?]လောကီပီတိအသွင်ပျောက်၍ လော ကုတ္တရာပီတိအသွင်ရောက်လျှင် တသေးတမွှေးဖြစ်သွားပြီး ညံ့သည့် အာဟာရအရသာကို မလိုလားတော့ပြီဖြစ်သဖြင့် အရိယာနယ်ရောက်ပြီး သူတိုင်း လေးကိုနယ်က ပြန်ဆွယ်၍မရ၊ မြှူ၍မရ ချော့၍မရ ဖြစ်သွား ရပေသည်။

နေ့စဉ်စားသောက်နေသည့် အာဟာရမှာ ရုပ်အာဟာရဖြစ်၍ ပီတိ စေတသိက်မှာ နာမ်အာဟာရဖြစ်၏၊ ပီတိသည် အာရုံကြောင့် အာဟာရ ဖြစ်လာရ၏၊ အရိယာပုဂ္ဂိုလ်တို့၌ ရှိသည့်ပီတိသည် နိဗ္ဗာန်အာရုံကြောင့် အင်အားအကောင်းဆုံး ပီတိအာဟာရအဖြစ်သို့ ပြောင်းလဲလာသည်၊ သောတာပန်၌ ရှိသည့်ပီတိသည် ပုထုဇဉ်တို့၌ ရှိသည့်ပီတိထက် ရုပ်ကို စောင့်နိုင်သည်၊ အနာဂါမ်၌ ရှိသောပီတိသည် သောတာပန်တို့၏ပီတိထက် အားကောင်းသည့်သာဓကကိုပြရလျှင် ဗိမ္ဗိသာရမင်းကြီးသည် သားတော် အဇာတသတ်မင်း၏ အမိန့်ကြောင့် ထောင်သွင်းအကျဉ်း ခံနေရစဉ် ဝေဒေဟိမိဖုရားကြီးဝင်၍ ပွဲတော်အုပ်ဖြင့် ကျွေးမွေးနေသောကြောင့် အသက်ရှင်နေသည်ကို သိသဖြင့် "မယ်တော်ဝင်လျှင် ပွဲတော်အုပ်မသွင်းရ" အမိန့်ထုတ်သဖြင့် ဆံထုံးထဲတွင် စားစရာများဝှက်ပြီး ယူဆောင်ကျွေး မွေးသည်တွင် အကြောင်းစုံကြားသိရ၍ ဆံပင်ဖားလျားချပြီး ဝင်စေ သည်။

မိဖုရားကြီးသည် ခြေနင်းထဲတွင်ပွဲတော်စာကို ဝှက်၍ဝင်သည်၊ မဝရေ စာ ဖိနပ်စာအနည်းငယ်ကို ၇-ရက်လောက်စားရပြန်၍ နတ်ရွာမလားသေး ကြောင်းကို သိသွားသည့်အခါ "မယ်တော်ဝင်လျှင် ခြေနင်းမစီးရ" ဟုအမိန့်ထုတ်ပြန်သည်၊ ထိုအခါမိဖုရားသည် မိမိကိုယ်ကိုနံ့သာရေတို့ဖြင့် စင်ကြယ်စွာချိုး၍ တကိုယ်လုံး စတုမဓုများလိမ်းပြီး အကျဉ်းထောင် အတွင်းဝင်၍ မင်းကြီးအား လျှာဖြင့်လျက်စေ၏။

မင်းကြီးသည် မိဖုရားကြီးကိုယ်တွင် လိမ်းထားသည့်စတုမဓု အနည်း ငယ်ကိုသာလျက်၍ အသက်ရှင်နေသည်ကို သားတော်အဇာတသတ်မင်း

သိသွားသည့်အခါ "မယ်တော်ကိုလုံးဝမဝင်စေရ"ဟု အမိန့်ထုတ်လိုက်သည့်အခါ မိဖုရားကြီးသည် အကျဉ်းထောင်တခါးဝမှ ငိုယိုပြီးလျှောက်ထားသည်မှာ—

"အို–အရှင်မင်းမြတ်.... ကျွန်တော်မသည် ဤသားကိုသန္ဓေရှိစဉ်က အရှင်မင်းကြီး၏ညာလက်မောင်းသွေးကို သောက်လိုသည့် ဆန္ဒပြင်းပြမှုကို အကြောင်းပြု၍ ဤသားသည် အဖကိုသတ်မည့်သား ကေန်ဖြစ်ကြောင်းကို ပုဏ္ဏားတော်တို့၏ အဟောချက်ထွက်လာခဲ့သည်ကို အရှင်မင်းကြီးသည် မဖြစ်ပေါ်လာသေးသည့်သား အပေါ် ချစ်ဇောဝင်ပြီး လျစ်လျူရှုခဲ့ပါ၏။

ကျွန်တော်မ ဥယျာဉ်တော်တိတ်တဆိတ်ထွက်ပြီး လက်သယ်တော်များနှင့် ဖျက်သည်ကိုလည်း အရှင်မင်းမြတ်ပင် အာဏာထားပြီး တားမြစ်တော်မူခဲ့၏၊ အရှင်မင်းကြီး၏ရန်သူကိုအရှင်မင်းကြီးပင် ချစ်ခင်လှစွာ ယုယပိုက်ထွေး မွေးမြူခဲ့သည် မဟုတ်ပါလား၊ ယခုတော့ အရှင်မင်းမြတ်၏ သားတော်ကြီးက "ယနေ့မှစ၍ အရှင်မင်းကြီးထံ မသွားလာရ"ဟု အမိန့်ထုတ်ထားပြီဖြစ်ပါ၍ လှလှကြီးဒုက္ခ တွေ့နေရပါပြီဘုရား။

အရှင်မင်းမြတ်ရဲ့ မျက်နှာတော်ကို နောက်တခါ ထပ်မံဖူးခွင့်မြင်ခွင့် ရတော့မည်မဟုတ်ပါ၊ ယခုဘုရားနှမတော်ဖူးတွေ့ရခြင်းသည်နောက်ဆုံးဖူးတွေ့ရခြင်းသာ ဖြစ်ပါသည်၊ ကျေးဇူးရှင်ကြီးအား ယခုရှိခိုးကန်တော့ ရခြင်းကား ကျွန်တော်မ၏ နောက်ဆုံးဖူးမျှော်ကန်တော့ခြင်း ဖြစ်ပါသည်"—

ဟုအကျဉ်းထောင်တံခါးဝမှ ဆံပင်ဖားလျားဖြင့် ဦးချငိုယို၍ပြန်သွားရှာသည်။

ထိုအချိန်မှစ၍ ပွဲတော်စာအာဟာရ လုံးဝပြတ်သွားရှာပြီ၊ အကျဉ်းထောင်အတွင်းတွင် စင်္ကြံလျှောက်ခြင်းဖြင့် ဣရိယာပုထ်ကိုမျှတနေခဲ့၍ မိမိရရှိပြီး သောတာပတ္တိဖလသမာပတ်ကို သုံးသပ်မှုမှ ပေါ်ထွက်လာသည့် လောကုတ္တရာပီတိ၏ အစွမ်းသတ္တိကြောင့် ၇–ရက်မြောက်သည့်အခါ ခမည်းတော်နတ်ရွာမလားသေးဘူးလားဟု မေးသည့်အခါ မှန်လှပါ၊ ခမည်းတော်မင်းကြီးသည် ရှေးကထက်ပင် ရွှင်လန်းစိုပြေ အသက်ရှည်လျက်ရှိနေပါသည်ဟု လျှောက်၍—

"စကြဲ မလျှောက်နိုင်ရန် ခြေဖ၀ါးကို ခဲနှင့်ခွဲပြီး ဆားနှင့်
နယ်ပြီး ရှာမိ.ကျိ ရဲရဲမှာဘင်ဗေ"—

ဟုအမိန့်တော်နှင့်အညီ ပြုလုပ်ခြင်းခံရသောကြောင့် နတ်ရွာသွားခဲ့ရ ပေသည်။

ရုပ်အာဟာရကို မမှီ၀ဲရသော်လည်း သောတာပန်တို့၌ရှိသည့် လောကုတ္တရာပီတိသည် နိဗ္ဗာန်အာရုံကြောင့် တောင့်တင်းခိုင်မာသည့် ပီတိအာဟာရရှိနေသည့် သောတာပန်ထက် အနာဂါမ်ပီတိက ပို၍သာလွန်၏။

ဃဋိကာရအိုးထိန်းသည်မှာ အနာဂါမ်ဖြစ်၏၊ ကဿပဘုရားရှင်က သူ့အတွက်ပါချန် ဆွမ်းဘုဉ်းပေးသွားသည်ကို ကြည့်ပြီး ပီတိဖြင့်အာဟာရကို လုံး၀မစားဘဲ ၁၅-ရက်လောက်နေခဲ့သည်မှာလည်း နိဗ္ဗာန်အာရုံကြောင့် ပီတိအစွမ်းထက်နေခြင်း ဖြစ်၏၊ အနာဂါမ်၌ရှိသည့် ပီတိထက် ရဟန္တာအရှင်မြတ်တို့၌ ရှိသည့် ပီတိသည်ပို၍ အစွမ်းထက်၏။

ခန္ဓာငါးပါး အကြွင်းရှိနေသေးသည့် ရဟန္တာ အရှင်မြတ်တို့ နိဗ္ဗာန်အာရုံကို မြင်နေသည်မှာ သဉပါဒိသေသ နိဗ္ဗာန် အဆင့်သာ ရှိသေး၍ အရိယာတို့၏ ပီတိအကြောင်းနှင့် နိဗ္ဗာန်၏ အာရမ္မဏာဓိပတိ အဆွဲဓာတ်ရှိပုံသဘောကို ထင်ရှားစွာ ပြနိုင်သော်လည်း ရုပ်ခန္ဓာကိုယ်လည်း၊ အဆုံးစွန် အကြွင်းမဲ့ ဖဲခွါ၍ ချုပ်ငြိမ်းသွားသည့် အချိန်တွင် ထိုအသခ်ဘ အနုပါဒိသေသ နိဗ္ဗာန်၌ မည်သို့ မည်ပုံ မြင်သွားသည်ကို စာရေးသူဉာဏ်ဖြင့် ထောက်လှမ်းနိုင်စွမ်းမရှိတော့ပါ။

သဉပါဒိသေသ နိဗ္ဗာန် အဆင့်ထက်မြင့်၍သာ ဘုရား,ရဟန္တာအရှင်တို့ လက်ရှိဘ၀ကို မခင်မင်ဘဲ စွန့်ခဲ့ခြင်းသာ ဖြစ်ဘန်ရာ၏ဟု တွေးတောမိပါသတည်း။

အကြောင်းကား ဤသို့တည်း၊ မိထွေးတော် ဂေါတမီသည် မိမိနှင့်တကွ ထေရီမ ၅၀၀-တို့ ပရိနိဗ္ဗာန်ပြုရန် ဘုရားရှင်ထံ ခွင့်ပန် လျှောက်ထားရန် သွားကြသည့်အခါ အရှင်အာနန္ဒာနှင့်တကွ သောတာပန်, သကဒါဂါမ် အဆင့်မျှသာ ရှိကြသေးသည့်ပုဂ္ဂိုလ်များ စိုးရိမ်ပူဆွေး ငိုကြွေးကြသည့်အခါ မိထွေးတော်ဂေါတမီထေရီမက ပြန်ပြောသည်မှာ "ဤပွဲသည် ငိုရမည့်ပွဲမဟုတ်၊ ရွှင်လန်း ၀မ်းမြောက်ရမည့် ပွဲသာဖြစ်သည်"ဟု ပြန်၍ မိန့်ဆိုတော်မူခဲ့သည်။

## နိဂုံးနှင့်တိုက်တွန်းချက်

ဤသဘာဝကြီး၌ ဥတုနိယာမ, ဗီဇနိယာမ, စိတ္တနိယာမ, ကမ္မနိယာမ, ဓမ္မနိယာမ-ဟူသော နိယာမ ငါးမျိုးတို့၏ သဘော အဓိပ္ပါယ်ဟူ့ကို အများနားလည်နိုင်လောက်အောင် သိသာအောင် အသင့်အတင့် ဝေဖန်စိတ်ဖြာ ပြဆိုခဲ့ရာတွင် နိယာမ တရားတို့မှ ထွက်မြောက် ကျွတ်လွတ်ရာ အသင်္ခတ ခေါ် နိဗ္ဗာန်၏ သဘောတရားများကိုပါ ထည့်သွင်းခဲ့ပါသည်။

သင်္ခတ, အသင်္ခတ ဤနှစ်မျိုးလုံးပင် သဘာဝ၌ပါဝင်ကြသည်၊ သဘာဝသည် သတ္တ, ဇီဝ, ပုဂ္ဂလ စသည် ဘာမှမဟုတ်၊ မောက်သက်သက်သာ ဖြစ်သည်၊ တန်ခိုးအာနုဘော်ကြီးသည်၊ သက်ရှိ သက်မဲ့ အားလုံးတို့ပင် ၎င်း၏ အမိန့်ကို နာခံကြရ လိုက်နာကြရသည်၊ လွန်ဆန်၍မရ။

သဘာဝကြီး ဤမျှတန်ခိုးကြီးနေသည်မှာလည်း ဌာနဆိုင်ရာ တာဝန်ခံလူကြီး နိယာမငါးဦးတို့၏ ခွဲဝေအုပ်စိုး သွေးထိုးလုပ်ကိုင်မှုကြောင့်ပင် ဖြစ်ပေသည်၊ သဘာဝသည် ဖြစ်စဉ်အတိုင်း ကခုပြီးတခု အမိန့်ပေးနိုင်သည့်တန်ခိုးရှင်ကြီး အာဏာရှင်ကြီး ဖြစ်နေရသည်မှာ အလုပ်အမှုဆောင်လူကြီး၊ နိယာမငါးမျိုးတို့၏ စွမ်းရည်လုပ်အားကြောင့် ဖြစ်သည်။

ဘုရား, ရဟန္တာ အရှင်သူမြတ်တို့မှာကား နိယာမငါးမျိုးတို့ ချယ်လှယ်မှုအုပ်စိုးရာ သင်္ခတနယ်မှ နိယာမငါးမျိုးတို့၏ ဩဇာအာဏာ အရှိန်အဝါ လုံးဝလွတ်ကင်းနေသည့် အသင်္ခတသဘာဝနယ်သို့ အလွတ်ရုန်းထွက်ခြင်းဖြစ်သောကြောင့် နိယာမငါးမျိုးတို့မှ လွတ်မြောက်ကင်းလွတ်ရာ သဘာဝနယ်ကြီးကို အသင်္ခတနယ်ဟုခေါ်သည်။

သဘာဝဆိုသည်မှာ အကျဉ်းချုပ်အားဖြင့် နာမ်, ရုပ်နှင့် နိဗ္ဗာန်ပင် ဖြစ်၏၊ ၎င်းသုံးမျိုးကို ကြောင်းကျိုးနှစ်တန် မှန်-မမှန်ဝေဖန်၍ ရသည်ကိုပင် သဘာဝကျသည်ဟု ဆိုခြင်းပင်ဖြစ်သည်။

အကြောင်းရှိလျှင် အကျိုးရှိရမည်ဖြစ်သကဲ့သို့ အကျိုးပေါ်နေလျှင်လည်း မည်သည့်နည်းနှင့်မျှ အကြောင်းကင်း၍မရ၊ သဘာဝနှင့်သဘာဝအတွင်းရှိ တရားအားလုံးကို ကျိုး, ကြောင်းဆက်သွယ်မှုနှင့် ရှာဖွေမှ အမှန်တရားကို သိမြင်မည်ဖြစ်သည်။

ဤကျိုးကြောင်းရှာဖွေသောအလုပ်မှာ ယခုမှပေါ်လာသော အလုပ်မဟုတ်၊ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀-ကျော်လောက်ကပင် ရှင်သာရိ

ပုတ္တရာအလောင်း ဥပတိဿက ရှင်အဿဇိမထေရ်ဆွမ်းခံဝင်လာသည့်အခါ မထေရ်၏အမူအရာ သိမ်မွေ့ ငြိမ်သက်နူးညံ့တည်ကြည်သည်ကို မြင်သောအခါ ဤပုဂ္ဂိုလ်မှာတရားထူးရှိရမည်,အမှန်တရားရှိရမည်ဟု ယုံကြည်သဖြင့် နောက်ယောင်ခံလိုက်သွားတော့၏၊ ရှင်အဿဇိမထေရ် ဆွမ်းဘုဉ်းပေးသည့်အခါ ဝတ်ကြီးဝတ်ငယ်ပြု၍ သင့်လျော်သည့်နေရာ၌ ထိုင်နေ၏။

ရှင်အဿဇိက သာရိပုတ္တရာအလောင်းအား "ငါ့ရှင်....ဘာများအလိုရှိပါသနည်း"ဟုမေး၏၊ "အရှင်ဘုရားသိသောတရားများကို သိပါရစေ" ဟု ပြန်လျှောက်၏၊ ဤတွင်အဿဇိမထေရ်က—

ယေဓမ္မာ ဟေတုပဘဝါ၊ တေသံ ဟေတုံ တထာဂတော။

အစရှိသော စကားတော်ကို ပြန်၍ အမိန့်ရှိ၏၊ မြန်မာလိုပြန်လျှင် အကြင်တရားတို့သည် အကြောင်းသာလျှင် အစရှိကုန်၏၊ ထိုအကြောင်းကို ဆရာဘုရား ဟောကြားခဲ့၏ ဟူလို။

ထိုစကားကို ကြားလိုက်ရသော အရှင်သာရိပုတ္တရာအလောင်းတော်မှာ အတော်ပီတိ ဖြစ်သွားရှာသည်၊ ဘယ်တရားဖြစ်ဖြစ် အကြောင်းမကင်း၊ အကြောင်းသာလျှင် အစရှိသည် ဆိုပါကလား၊ အကျိုးတရား မှန်သမျှ အကြောင်းကင်း၍မရ။

သေခြင်းအကြောင်းတရားရှိလျှင် အသေ လွတ်ကင်းသည့် အကြောင်းတရားဆိုသည်မှာ အမှန်ရှိရပေမည်ဟု ထိုးထွင်းသိရှိသွားပြီး အကြောင်းမှန် အကျိုးမှန် ပေါ်လာခြင်း,ဉာဏ်၌ထင်လာခြင်းကိုပင် "ဓမ္မစက္ခုံ ဥဒပါဒိ-တရားမှန်မြင်ပြီ၊ယထာဘူတဉာဏ်ဖြစ်ပြီ၊ သဘာဝကို မှန်ကန်စွာသိမြင်ပြီ" ဟု ဆိုခြင်းဖြစ်သည်။

သဘာဝအမှန်ကို နောက်ခံ ထား၍ ဣဒ္ဓိပ္ပါဒ် လေးပါးဖြင့် ကြိုးစားလျှင် လိုချင်သည့်အကျိုး ပြီးသွားသည်မှာလည်း လက်တွေ့ အမြောက်အမြားပင် ရှိနေခဲ့၏၊ထိုဣဒ္ဓိပ္ပါဒ်လေးပါးမှာ အောက်ပါအတိုင်းပင်။

၁။ ဆန္ဒိဒ္ဓိပါဒ်—မိမိ လုပ်ကိုင်လိုသည့် အလုပ်တခုအပေါ်တွင် ပြင်းထန်သောဆန္ဒ ဖြစ်ပေါ်နေခြင်း-တန်ခိုး၊

၂။ ဝီရိယိဒ္ဓိပါဒ်—ပြင်းထန်သော လုံ့လ ဝီရိယ ဖြစ်ပေါ်နေခြင်း-တန်ခိုး၊

၃။ စိတ္တိဒ္ဓိပါဒ်—ပြင်းထန်သော စိတ်၏-တန်ခိုး၊

၄။ ဝီမံသိဒ္ဓိပါဒ်—ပြင်းထန်စွာ စူးစမ်းရှာဖွေခြင်း၏-တန်ခိုး။

ဤလေးပါးကို ဆိုပါသည်၊ ဗုဒ္ဓ အလောင်းတော်သည် တောထွက်ပြီးနောက် အာဠာရ, ဥဒကရသေ့တို့ထံ ချဉ်းကပ် လေ့လာ၍ သဗ္ဗညုတဉာဏ်တော် ရရန် နည်းလမ်း မမြင်သဖြင့် အထက်တွင် ဖော်ပြခဲ့သည့် ဣဒ္ဓိပါဒ်လေးပါးဖြင့် ကိုယ်တိုင် ကြိုးစားမှုကြောင့် ရတော်မူခဲ့၏။

ယနေ့ လကမ္ဘာသို့အရောက် ပို့ပေးနိုင်သည့် ဒုံးပျံနှင့် အတတ်ပညာ နည်းနာနိသျှတို့ကို အဘယ် အရာမှ ရခဲ့ပါသနည်း၊ ဘယ်ကျမ်း ဘယ်စာပေကမှ ရခဲ့သည်မဟုတ်၊ သဘာဝကို ကျောထောက် နောက်ခံထား၍ ဣဒ္ဓိပါဒ်လေးပါးဖြင့် ကြိုးစားကြသောကြောင့် ဖြစ်ပေါ်လာရ၏။

ကံ၊ စိတ်၊ ဥတု၊ အာဟာရ—ဤလေးမျိုးတွင် ဥတုနှင့်အာဟာရကို စနစ်တကျပြုပြင်လျှင် အသုံးချတတ်လျှင် တိုးတတ်လာ၏၊ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာတိုင်းပြည်တို့တွင် မြန်မာပြည်သည် ထိပ်တန်းက ပြေးနေသည်ဟု ဆို၏။

အနောက်တိုင်းပြည်တို့၌ ဗုဒ္ဓဘာသာကို လက်ခံယုံကြည်ကြသူများ နည်းပါးသေး၏၊ ဗုဒ္ဓဘာသာစာပေ ပျံ့နှံ့မှုလည်း နည်းပါးသေး၏။

သို့ပင်ဖြစ်ငြားသော်လည်း ဗုဒ္ဓဘာသာမဟုတ်သည့် အနောက်တိုင်းသားတို့၏ ကြံရည်ဖန်ရည် လုပ်ရည်ကိုင်ရည်တို့မှာ အထက်တွင်ဖော်ပြခဲ့သည့် သဘာဝနှင့် ဣဒ္ဓိပါဒ်လေးမျိုး ပြည့်စုံနေကြ၏။

လောကီရေးဘက်တွင် ဗုဒ္ဓဟောခဲ့သည့် သဘာဝကျ—မကျ ရှာဖွေစိစဉ်မှုတွင်ရင်း၊ ဣဒ္ဓိပါဒ်လေးပါးနှင့် ပြည့်စုံမှုတွင်ရင်း အံဝင်ဂွင်ကျဖြစ်နေကြ၏။

ထို့ကြောင့် ပညာလိုလား အမျိုးသားများသည် ဖော်ပြခဲ့သည့် သဘာဝနှင့် ဣဒ္ဓိပါဒ်လေးမျိုးတို့ပါ ပြည့်စုံလိုလောက်ပြီး အားထုတ်ကြိုးစား လုပ်ကိုင်ကြရန် တိုက်တွန်းရပေသတည်း။

ပြီး၏။

၁၃၃၈၊ တန်ဆောင်မုန်းလဆန်း ၇—ရက်၊
ကြာသပတေးနေ့။
၂၈—၁၀—၇၆။